alphabooks

မြောက်ကိုရီးယားမှ လွတ်မြောက်အောင်ကြိုးစားခဲ့သူတစ်ဦး၏ ဖြစ်ရပ်မှန်အတွေ့အကြုံ

အမှောင်ထုထဲက မြစ်တစ်စင်း

မိုးရှင်း (I.M.T)

Masaji Ishikawa

A RIVER IN DARKNESS

A New York Times Bestseller
Amazon Charts Most Read & Most Sold Book

WHISPER OF WORDS

မြောက်ကိုရီးယားမှ လွတ်မြောက်အောင်ကြိုးစားခဲ့သူတစ်ဦး၏ ဖြစ်ရပ်မှန်အတွေ့အကြုံ

အမှောင်ထုထဲက မြစ်တစ်စင်း

မိုးရှင်း(I.M.T)

Masaji Ishikawa

A RIVER IN DARKNESS

Copyright© 2000 by Masaji Ishikawa

ဘာသာပြန်မူပိုင်ခွင့်© Alpha Books

ဤစာအုပ်အား Amazon Publishing (www.apub.com) ဖြင့် စာချုပ်ချုပ်ဆို၍ ထုတ်ဝေထားသည်။

မှတ်ချက် - ဤစာအုပ်အား ဂျပန်နိုင်ငံတွင် ထုတ်ဝေစဉ်အခါက မူရင်းစာရေးသူ အီရှီကာဝါသည် မြောက်ကိုရီးယားတွင်ကျန်ရစ်ခဲ့သော သူ့မိသားစုနှင့်မိတ်ဆွေများ အန္တရာယ်မကျရောက်စေရန် အလို့ငှာ စာအုပ်အတွင်းမှအမည်များကို ပြောင်းလဲထားခဲ့ပြီး အခြား အသေးစိတ်အချက်အလက် များကိုလည်း ချန်လှပ်ခဲ့သည်။ ထို့အပြင် ကလောင်အမည်ကိုလည်း Miyazaki Shunsuke ဟု အသုံးပြုခဲ့သည်။ ထိုအချက်များမှလွဲ၍ ဤစာအုပ်တွင်ပါဝင်သော အကြောင်းအရာအားလုံးသည် စာရေးသူ မှတ်မိသမျှရေးထားခြင်း သို့မဟုတ် အခြားလူများ၏ ပြန်လည်ပြောပြချက်များကို ကိုးကား၍ ရေးထားခြင်း ဖြစ်သည်။

ဘာသာပြန်သူ၏အမှာစကား

A River in Darkness ဆိုတဲ့ ဒီစာအုပ်ကို ကျွန်တော် ၂၀၁၉ ခုနှစ်မှာ စဖတ်ဖြစ်ခဲ့တယ်။ အမှန်တော့ မြောက်ကိုရီးယားအကြောင်း စိတ်ဝင်စား လို့လည်း မဟုတ်ပါဘူး။ Amazon မှာ လူဖတ်အများဆုံးနဲ့ အရောင်းရဆုံး စာအုပ်ဖြစ်ပြီး New York Times Bestseller လည်း ဖြစ်နေတယ်ဆိုတော့ စိတ်ဝင်စားပြီး ဖတ်ကြည့်ခဲ့မိတယ်။ ဒီစာအုပ်က ၂၀၀၀ ပြည့်နှစ်မှာ ဂျပန် ဘာသာနဲ့ အရင်ဆုံး ထွက်ရှိခဲ့တာဖြစ်ပြီး Risa Kobayashi နဲ့ Martin Brown တို့က ၂၀၁၇ ခုနှစ်မှာ အင်္ဂလိပ်ဘာသာအဖြစ် ဘာသာပြန်ဆိုခဲ့တယ်။ အဲဒီအင်္ဂလိပ်မူကို Amazon Crossing (Amazon Publishing ရဲ့အခွဲတစ်ခု) က ၂၀၁၈ ခုနှစ် မှာ စတင်ထုတ်ဝေခဲ့တယ်။ ကျွန်တော် အခုဘာသာပြန်ထား တာကတော့ Risa Kobayashi နဲ့ Martin Brown တို့ ဘာသာပြန်ထားတဲ့ အင်္ဂလိပ်မူ ဖြစ်ပါတယ်။

ဒီစာအုပ်ဟာ မာဆာဂျိအီရှိကာဝါ (Masaji Ishikawa) လို့အမည်ရတဲ့ လူတစ်ဦးရဲ့ ဖြစ်ရပ်မှန် အကြောင်း ရေးထားတဲ့စာအုပ်ပါ။ ဒီစာအုပ်ဖတ်ရင်း စာဖတ်သူတို့ ပျော်စရာတွေ တွေ့ရလိမ့်မယ်လို့ ကျွန်တော်တော့ မထင်ဘူး။ ဒါပေမဲ့ သေချာတာတော့ မာဆာဂျိရဲ့ ရင်နင့်စရာ ဘဝထဲ ခဏလောက် ရောက်သွားလိမ့်မယ်။ မြောက်ကိုရီးယားနိုင်ငံဟာ ဘယ်လို နိုင်ငံမျိုးလဲဆိုတာ သိခွင့်ရမယ်။ မြောက်ကိုရီးယားက လူတွေရဲ့ ဘဝကို စာနာ နားလည်ခွင့် ရမယ်။ စာအုပ်ဆုံးသွားတဲ့အခါ ဒီစာအုပ်ဟာ ဖြစ်ရပ်မှန် မဟုတ်ရင် အရမ်းကောင်းမှာပဲ ဆိုပြီး တွေးချင်လည်း တွေးနိုင်တယ်။ မာဆာဂျိလိုလူတွေ ဘယ်လောက်များများ ရှိနေမလဲဆိုပြီးလည်း တွေးမိကောင်း တွေးနိုင်တယ်။

ကျွန်တော်ကတော့ ဒီစာအုပ်ကို ဘာသာပြန်ရခြင်း အကြောင်းရင်း နှစ်ခု ရှိပါတယ်။ ပထမတစ်ခုက မာဆာဂျိရဲ့ ဘဝအကြောင်း ဖတ်ပြီးရင် မိမိဘဝကို ပိုပြီး တန်ဖိုးထားတတ်လာမယ်လို့ ကျွန်တော်ထင်လို့ပါ။ ဒါ့အပြင် ကြင်နာမှု၊ ကူညီမှု၊ ဖေးမမှုတွေရဲ့ အလှတရားကိုလည်း ပိုပြီး တန်ဖိုးထားတတ် လာလိမ့်မယ်လို့ ကျွန်တော် ယူဆမိတယ်။ ကိုယ်တတ်နိုင်သလောက် ကူညီ ပေးတာလေးက အခြား လူတစ်ယောက်အတွက် ဘယ်လောက် တန်ဖိုးရှိလဲ ဆိုတာကို ပိုသတိထားမိလာမယ်လို့ ကျွန်တော်ထင်တယ်။

နောက်ထပ် အကြောင်းရင်းတစ်ခုက အာဏာရှင်တွေရဲ့ အုပ်ချုပ်ပုံ အကြောင်း စာဖတ်သူတွေကို သိစေချင်တာပါ။ အာဏာရှင်တွေဟာ ပြည်သူ တွေကို ဘယ်လိုမျိုး ဖိနှိပ်ချုပ်ချယ်တယ်၊ သူတို့ရဲ့အာဏာ တည်မြဲဖို့အတွက် ပြည်သူတွေကို ဘယ်လို အယုံသွင်းတယ်၊ ဘယ်လို မှိုင်းတိုက်တယ် စတာ တွေကို ဒီစာအုပ်ထဲမှာ

မြင်ရမှာပါ။ နိုင်ငံတစ်နိုင်ငံရဲ့ ဖွံ့ ဖြိုးတိုးတက်ခြင်းဟာ အဲဒီနိုင်ငံကို အုပ်ချုပ်နေတဲ့စနစ်နဲ့ အများကြီးဆိုင်တယ်ဆိုတာကို လူငယ်တွေ သိစေချင်တယ်။ စနစ်ယန္တရားတစ်ခု မကောင်းရင် နိုင်ငံဟာ ဆင်းရဲမွဲတေ သလို ပြည်သူတွေကြားထဲမှာလည်း မငြိမ်းချမ်းအောင် ရုန်းကန်ရင်း စိတ်ဝမ်းကွဲမှုတွေ အများကြီး ဖြစ်ပေါ်တတ်တယ်ဆိုတာကို မာဆာဂျီရဲ့ စာအုပ်ဖတ်ရင်း ကျွန်တော် တွေးမိတယ်။ လူတွေဟာ အကြောက်တရားနဲ့ ရှင်သန်ရတာ ကြာတဲ့အခါ စနစ်အပေါ် အပြစ်မြင်ဖို့ လုံးဝ မေ့လျော့သွား တတ်ကြတယ်။ ဝါဒမှိုင်းတွေ ဖုံးလွှမ်းသွားတဲ့အခါ အမှန်ကို မမြင်နိုင်ကြ တော့ဘူး။ တစ်နေ့တစ်နေ့ ဆက်လက်အသက်ရှင်ဖို့ ရုန်းကန်ကြရင်းနဲ့ပဲ ဘဝနေဝင်ချိန်ကို ရောက်သွားကြတယ်။

မာဆာဂျီရဲ့စာအုပ်ဟာ တစ်နည်းအားဖြင့် သမိုင်းတစ်ခုပါပဲ။ သမိုင်း ဆိုတာ သင်ခန်းစာယူစရာလို့ ကျွန်တော်ကတော့ ခံယူထားတယ်။ မာဆာဂျီရဲ့ ဘဝထဲဝင်ကြည့်ရင်း မာဆာဂျီ ကျင်လည်ခဲ့ရတဲ့ နိုင်ငံရေးစနစ်ယန္တရားကြီး ကိုလည်း သတိထားမိစေချင်တယ်။ ဒါ့အပြင် ကြင်နာမှု၊ ကူညီမှု၊ ဖေးမမှုတွေရဲ့ အလှတရားကိုလည်း ခံစားစေချင်တယ်။ ဒါကတော့ ကျွန်တော့်ရဲ့ ပုဂ္ဂလိက ခံစားချက်တွေသာဖြစ်ပြီး စာဖတ်သူဟာလည်း ဒီစာအုပ်ကို ဖတ်ပြီးရင် ကျွန်တော်နဲ့ မတူညီတဲ့ ခံစားမှုတွေ ရသွားနိုင်ပါတယ်။ လွတ်လွတ်လပ်လပ် ဖတ်ပြီး လွတ်လွတ်လပ်လပ်သာ ခံစားကြပါ။ မာဆာဂျီရဲ့ ဘဝထဲ ခဏလောက် အလည်သွားကြတာပေါ့။

မိုးရှင်း (I.M.T)

မူရင်းစာရေးသူအကြောင်း

ဆာဂျီအီရှီကာဝါကို ၁၉၄၇ ခုနှစ်တွင် ဖွားမြင်ခဲ့သည်။ မာဆာဂျီ၏ ဖခင်မှာ မှာ ဂျပန်တွင် နေထိုင်သော ကိုရီးယားလူမျိုးဖြစ်ပြီး မာဆာဂျီ၏ မိခင်မှာ ဂျပန်လူမျိုးဖြစ်သည်။ မာဆာဂျီ အသက်(၁၃)နှစ်အရွယ်၊ ၁၉၆၀ ပြည့်နှစ်တွင် မိသားစုနှင့်အတူ မြောက်ကိုရီးယားသို့ ပြောင်းရွှေ့ခဲ့သည်။ ၁၉၉၆ ခုနှစ်တွင် မာဆာဂျီသည် ကမ္ဘာမြေပေါ်တွင် တည်ရှိသော ငရဲနှင့်တူသည့် မြောက်ကိုရီးယားနိုင်ငံမှ ထွက်ပြေးလွတ်မြောက်ခဲ့သည်။


CHINA
3. CHANGBAI MOUNTAINS
4. SHENYANG
2. HYESAN
YALU RIVER
1. HAMJU COUNTY
TRAIN STATION
5. DALIAN
CITY
NORTH KOREA
SOUTH KOREA
JAPAN
6. TOKYO
(1) ဟမ်ဂျူးဘူတာမှ ဟီဆန်မြို့သို့ ရထားစီး (၁၉၉၆ခုနှစ်၊ စက်တင်ဘာလ)
(2) ယာလူးမြစ်ကို ဖြတ်ကူးဖို့ ကြိုးစားခြင်း
(3) ချန်းပိုင်တောင်တန်းများပေါ်မှ ကားဖြင့် မိုင် (၂၅၀) သွားခဲ့သည်။
(4) ဂျပန်ကောင်စစ်ဝန်၏စီစဉ်ပေးမှုဖြင့် ရှန်ယန်းမှာ ပုန်းကွယ်နေခဲ့သည်။
(5) တလျန်မြို့သို့ ကားသုံးစီးဖြင့် ထွက်ခွာခဲ့သည်။
(6) သီးသန့်စီစဉ်ထားသော လေယာဉ်ဖြင့် တိုကျိုသို့ပြန်ခဲ့သည်။
(၁၉၉၆ခုနှစ်၊ အောက်တိုဘာလ(၁၅)ရက်)

စကားချီး

အဲဒီညနဲ့ ပတ်သက်ပြီး ကျွန်တော် ဘာတွေ မှတ်မိနေသေးလဲ။ကျွန်တော် မြောက်ကိုရီးယားက ထွက်ပြေးခဲ့တဲ့ညပေါ့။ ကျွန်တော် မမှတ်မိတာတွေ အများကြီးပါပဲ။ ကျွန်တော့်စိတ်ထဲကနေ အပြီးအပိုင် ဖျက်ပစ်လိုက် တဲ့ အတိတ်တွေပေါ့။ ဒါပေမဲ့ ကျွန်တော် မှတ်မိတာတွေတော့ ခင်ဗျားကို ပြောပြပါမယ်။

အဲဒီညက မိုးဖွဲဖွဲ ရွာနေခဲ့တယ်။ ဒါပေမဲ့ မကြာခင်မှာပဲ တဖွဲဖွဲကျနေတဲ့ မိုးဟာ ရုတ်တရက် သဲကြီးမဲကြီး ရွာလာခဲ့တယ်။ အငြိုးတကြီး ရွာနေတဲ့ မိုးကြောင့် ကျွန်တော့် ခန္ဓာကိုယ်တစ်ခုလုံး ရွှဲရွှဲစိုနေခဲ့တယ်။ ကျွန်တော် ချုံပင်တစ်ပင်ရဲ့ အောက်မှာ သတိရတစ်ချက် မရတစ်ချက် ဖြစ်နေခဲ့ပြီး ဘယ်အချိန်ရှိနေပြီမှန်းတောင် မသိတော့ဘူး။ လူကလည်း မလှုပ်နိုင်လောက် အောင် ပင်ပန်းနေပြီ။

ခြေထောက်တွေ ရွှံ့နွံထဲမှာနစ်နေပေမဲ့ ကျွန်တော် ချုံပင်အောက်ကနေ မရရအောင် လေးဖက်တွားပြီး ထွက်လာခဲ့တယ်။ ချုံပင်အကိုင်းအခက်တွေ ကြားထဲကတစ်ဆင့် ယာလူးမြစ်ကြီးကို မျက်ဝါးထင်ထင် မြင်နေရပြီ။ ဒါပေမဲ့ မြစ်ရဲ့ပုံသဏ္ဌာန်က ကျွန်တော် မမှတ်မိနိုင်လောက်အောင် ပြောင်းလဲနေပြီ။ ဒီနေ့ မနက်ကမှ ကလေးတွေ ယာလူးမြစ်ထဲ ခုန်ချပြီး ကစားနေတာ ကျွန်တော် တွေ့ခဲ့သေးတယ်။ အဲဒီတုန်းက ယာလူးမြစ်က စမ်းချောင်းသာသာ အရွယ်အစားပဲရှိတယ်။ ဒါပေမဲ့ အခုတော့ မိုးကြီးထားတာကြောင့် ဖြတ်ကူးလို့ မရလောက်အောင် ရေစီးပြင်းနေပြီ။

ကိုက်(၃၀)လောက်ကျယ်တဲ့ မြစ်ကိုသာ ဖြတ်နိုင်ရင် မြူတွေ အုံ့ဆိုင်း နေတဲ့ တရုတ်ပြည်ကို ရောက်ပြီ။ ကိုက်(၃၀)ဆိုတာ ကျွန်တော့်အတွက်တော့ သေခြင်းတရားနဲ့ ရှင်သန်ခြင်းကြားက အကွာအဝေးပါပဲ။ ဒီနေရာကို ကျွန်တော့်ထက် အရင်ရောက်ပြီး အမှောင်ထဲကနေ တရုတ်ပြည်ဘက် လှမ်းကြည့်ခဲ့တဲ့ မြောက်ကိုရီးယားနိုင်ငံသားတွေ ရှိခဲ့ဖူးမယ်ဆိုတာ ကျွန်တော် သိနေတယ်။ သူတို့တွေလည်း သူတို့ ချန်ထားခဲ့ရတဲ့ လူတွေ တွေအကြောင်း တွေးနေမှာ အသေအချာပဲ။ သူတို့ထားခဲ့ရတဲ့ လူတွေဟာလည်း မြောက်ကိုရီးယားမှာ ကျွန်တော်ထားခဲ့ရတဲ့ ကျွန်တော်ချစ်ရတဲ့သူတွေလိုပဲ ဝေ်ပြတ်နေကြတာပါ။ ဒီတော့ ဒီနိုင်ငံက ထွက်ပြေးတာအပြင် သူတို့ တခြား ဘာများ လုပ်နိုင်သေးလို့လဲ။ ရေစီးကြမ်းနေတဲ့ မြစ်ရေပြင်ကို ကြည့်ရင်း ဘယ်နှယောက်လောက်များ အောင်အောင်မြင်မြင် ထွက်ပြေး လွတ်မြောက်နိုင်ခဲ့လဲဆိုတာ ကျွန်တော် တွေးနေမိတယ်။

ထွက်မပြေးဘဲ နေရင်ရော ဘာထူးမှာတဲ့လဲ။ မြောက်ကိုရီးယားမှာ ဆက်နေရင် ကျွန်တော် ဝေ်ပြီးသေမှာ အသေအချာပဲ။ အဖြေက အဲဒီလောက်အထိ ရိုးရှင်းတယ်။ အခုလို လွတ်မြောက်ဖို့ ကြိုးစားရင် အနည်းဆုံးတော့ ကျွန်တော့် အတွက် အခွင့်အရေး ရှိနိုင်သေးတယ်။ အဲဒီအခွင့်အရေးကိုရရင် ကျွန်တော့်မိသားစုကို ကယ်တင်နိုင်မယ် သို့မဟုတ် တစ်နည်းနည်းနဲ့တော့ ကူညီနိုင်မယ်လေ။ ကျွန်တော့်ရဲ့ သားသမီးတွေဟာ ကျွန်တော် ဒီလောကကြီးမှာ ဆက်ပြီး ရှင်သန်နေရခြင်း အကြောင်းရင်းပါပဲ။ ကျွန်တော် သေသွားရင် ကျွန်တော်ဟာ သူတို့အတွက် ဘာမှ အသုံးဝင်မှာ မဟုတ်တော့ဘူး။ ဒါပေမဲ့ ဘာပဲပြောပြော ကျွန်တော် အခု လုပ်တော့မဲ့ အရာနဲ့ ပတ်သက်ပြီး ကိုယ့်ကိုယ်ကိုယ် မယုံကြည်နိုင် ဖြစ်နေရဆဲပါပဲ။ တရုတ်-မြောက်ကိုရီးယား နယ်စပ်ကို ဖြတ်ပြီး ကျွန်တော့် မွေးရပ်မြေကို ပြန်ဖို့ ဆုံးဖြတ်ချက်ချခဲ့တာ ဘယ်နှရက်တောင် ရှိခဲ့ပြီလဲ။ ကျွန်တော် သေချာ ပြန်စဉ်းစားနေမိတယ်။

လေးရက်...။ ဒါပေမဲ့ ဒီလေးရက်ဟာ ဘဝတစ်ခုလုံးစာလောက် ကြာနေသလိုပဲ။ လွန်ခဲ့တဲ့ လေးရက်က ကျွန်တော် အိမ်ကနေ ထွက်လာ ခဲ့တယ်။ ကျွန်တော့်မိန်းမနဲ့ သားသမီးတွေရဲ့ မျက်နှာကို ကြည့်ရင်း ဒါဟာ နောက်ဆုံးအကြိမ် သူတို့ကို ကြည့်ခွင့်ရခြင်း ဖြစ်သွားနိုင်တယ် ဆိုတာကို လည်း စဉ်းစားနေခဲ့မိတယ်။ ဒါပေမဲ့ ကျွန်တော် ဒီလို တွေးနေလို့ မရဘူး။ သူတို့ကို ကူညီဖို့ အခွင့်အရေး ရချင်တယ်ဆိုရင် ကျွန်တော့်မှာ အားအင် လေးတွေ ကျန်နေတုန်း ဒီနိုင်ငံကနေ ထွက်ခွာဖို့ လိုတယ်။ ဘယ်လောက်ပဲ အန္တရာယ်ရှိရှိပေါ့။ အသက်နဲ့ရင်းပြီး ကြိုးစားဆိုလည်း ကြိုးစားရမှာပဲ။

အဲဒီအချိန်ကတည်းက အခုထိ ကျွန်တော် ဘာစားခဲ့ပြီးပြီလဲ။ အစေ့အဆန်တွေ မရှိတော့တဲ့ ပြောင်းဖူးခွံ အနည်းငယ်ရယ်၊ ပန်းသီးအူတိုင်ရယ်၊ သူများ လွှင့်ပစ်ထားတဲ့ အမှိုက်ပုံတွေထဲက စားကြွင်းစားကျန် အနည်းငယ်ရယ်ပဲ စားရသေးတယ်။

မြစ်ကမ်းတစ်လျှောက် ကိုက်(၅၀) အကွာအဝေးတိုင်းမှာ အစောင့် တစ်ယောက်စီ ရှိနေတယ်။ ကျွန်တော် အမောလွန်ပြီး သေရင်သေပါစေ သို့မဟုတ် မြစ်ကို ဖြတ်ကူးရင်း ရေနစ်ပြီး သေရင်သေပါစေ ဒါပေမဲ့ အစောင့်တွေ ဖမ်းမိတာတော့ လုံးဝမခံနိုင်ဘူး။ အဲဒါ တစ်ခုတော့ ကျွန်တော် လုံးဝ အဖြစ်မခံနိုင်ပါဘူး။ ကျွန်တော့်စိတ်ကို ရဲဆေးတင်ရင်း မြစ်ထဲကို ခုန်ချ လိုက်တယ်။

ကျွန်တော့်မိသားစုကို ကျွန်တော် နောက်ဆုံးပြောခဲ့တဲ့ စကားတွေက နားထဲမှာ ပဲ့တင်သံ ထပ်လာတယ်။

'ငါ ဂျပန်ကို ပြန်ရောက်အောင် ကြိုးစားနိုင်ခဲ့ရင် ဘာပဲဖြစ်ဖြစ်

မင်းတို့အားလုံးကိုလည်း တစ်နည်းနည်းနဲ့ ဂျပန်ကို ရအောင်ပြန်ခေါ်မယ်…”

အခန်း(၁)

လူဖြစ်လာဖို့ဆိုတာ ခင်ဗျားကိုယ်တိုင် ရွေးချယ်လို့ရတဲ့ အရာ မဟုတ်ဘူးဗျ။ သူ့ဘာသာသူ ဖြစ်လာတာ။ တချို့လူတွေက ခင်ဗျားရဲ့ မွေးဖွားခြင်းဟာ ခင်ဗျားရဲ့ ကံတရားပဲလို့ ပြောတတ်ကြတယ်။ ကျွန်တော် အဲဒါကို အပြည့်အဝ လက်ခံတယ်။ ကျွန်တော်က ဒီအကြောင်း အသိဆုံးလူလေ။ ဘာလို့လဲဆိုတော့ ကျွန်တော်ဟာ လူ့ဘဝမှာ တစ်ကြိမ်ပဲ မွေးဖွားခဲ့သူ မဟုတ်ဘဲ ငါးကြိမ်တိတိ မွေးဖွားခံခဲ့ရသူကိုး။ အဲဒီ ငါးကြိမ်လုံးမှာ ကျွန်တော် တူညီတဲ့ သင်ခန်းစာတစ်ခုကိုပဲ ရခဲ့တယ်။ ဘဝမှာ တစ်ခါတလေ အဲဒီ ကံတရားဆိုတဲ့ အရာကြီးကို လည်မျိုကနေ အမိအရ ဆွဲကိုင်ပြီး လည်ပင်းညှစ်ရတဲ့ အခိုက်အတန့်တွေ ရှိတယ်ဆိုတာ ကျွန်တော် သိလိုက်ရတယ်။

ကျွန်တော့်ရဲ့ ဂျပန်နာမည်က မာဆာဂျီ အီရီကာဝါ။ ကျွန်တော့်ရဲ့ ကိုရီးယား နာမည်ကတော့ ဒိုချန်ဆွန်။ ကျွန်တော့်ကို တိုကျို မြို့ရဲ့ တောင်ဘက်မှာရှိတဲ့ ကာဝါဆာကီမြို့က မီဇိုနိုကူချီမှာ (ပထမဆုံးအကြိမ်) မွေးဖွားခဲ့ပါတယ်။ ကိုရီးယားဖခင်နဲ့ ဂျပန်မိခင်တို့ရဲ့ မတူညီတဲ့ ကမ္ဘာနှစ်ခု ကြားမှာ လူလာဖြစ်ရတာ ကျွန်တော့် အတွက်တော့ ကံဆိုးခြင်းပါပဲ။ မီဇိုနိုကူချီဟာ ခပ်ပြေပြေ တောင်ကုန်းလေးတွေ အများအပြား ရှိတဲ့နေရာ ဖြစ်ပြီး ယခုအချိန် မှာတော့ မြို့ပြရဲ့မွန်းကျပ်မှု အောက်က ရုန်းထွက်ချင်နေတဲ့ တိုကျိုနဲ့ ယိုကိုဟားမားကလူတွေ အများအပြား လာရောက်လည်ပတ်တဲ့ နေရာလေးတစ်ခု ဖြစ်နေပါပြီ။ ဒါပေမဲ့ လွန်ခဲ့တဲ့ နှစ်(၆၀)ခန့် ကျွန်တော် ကလေး ဘဝတုန်းက မီဇိုနိုကူချီမှာ လယ်တော အနည်းငယ်ရယ်၊ အဲဒီလယ်တောတွေကြားမှာ စီးဆင်းနေတဲ့ တာမာမြစ်က သွယ်ယူထားတဲ့ ဆည်မြောင်း အနည်းငယ်ရယ်ပဲ ရှိတယ်။

အဲဒီတုန်းက ဆည်မြောင်းတွေကို စိုက်ပျိုးရေးအတွက်ပဲ သုံးကြတာ မဟုတ်ဘူး။ အိမ်မှုကိစ္စတွေဖြစ်တဲ့ အဝတ်လျှော်တာ၊ ပန်းကန်ဆေးတာတွေ အတွက်လည်း ဆည်မြောင်းထဲက ရေကိုပဲသုံးကြတယ်။ ကျွန်တော်ငယ်ငယ်က နွေရာသီဆိုရင် အဲဒီဆည်မြောင်းတွေထဲမှာ အမြဲ အချိန်ဖြုန်းလေ့ရှိတယ်။ တစ်ခါတလေ အဝတ်လျှော်ဇလုံ အကြီးကြီးတစ်ခုပေါ်မှာ ပက်လက်လှန်ပြီး တစ်နေ့ခင်းလုံး ရေထဲမျှောနေတတ်တယ်။ နေရောင်အောက်မှာ ရေထဲမျှော ရင်း ကောင်းကင်ကြီးပေါ်ကတိမ်တွေ ရွေ့လျားနေတာကို ကြည့်လေ့ရှိတယ်။ ကလေးတစ်ယောက်ရဲ့ မျက်လုံးထဲမှာတော့ ဖြည်းဖြည်းချင်း ရွေ့လျားနေတဲ့ တိမ်တွေကြောင့် ကောင်းကင်ကြီးဟာ ပင်လယ်ပြင်ကြီးတစ်ခု အလားပါပဲ။ အဲဒီတိမ်တွေပေါ်ကို တက်စီးပြီး မျှောလိုက်သွားရင် ဘာတွေဆက်ဖြစ်မလဲ သိချင်ခဲ့မိတယ်။ ပင်လယ်ပြင်ကြီးကို ဖြတ်ပြီး ကျွန်တော် မသိတဲ့ သို့မဟုတ် တစ်ခါမှ

မကြားဖူးတဲ့ နိုင်ငံတစ်ခုကိုများ ရောက်သွားလေမလားလို့ တွေးခဲ့ဖူးတယ်။ ကျွန်တော့်ဘဝရဲ့ အနာဂတ်မှာ ကြုံတွေ့လာနိုင်တဲ့ အခွင့်အလမ်းတွေ အကြောင်းလည်း တွေးခဲ့ဖူးတယ်။ ကျွန်တော်က ကျွန်တော့် မိသားစုလို ဆင်းရဲတဲ့သူတွေကို ချမ်းသာလာအောင် ကူညီချင်ခဲ့တယ်။ ဒါမှ သူတို့ဘဝကို သူတို့ ပျော်ရွှင်စွာ ဖြတ်သန်းနိုင်မှာလေ။ ကမ္ဘာကြီးကိုလည်း ငြိမ်းချမ်းစေချင်ခဲ့တယ်။ ငါ တစ်နေ့ ဂျပန်နိုင်ငံရဲ့ဝန်ကြီးချုပ် ဖြစ်လာရမယ်လို့လည်း စိတ်ကူး အိပ်မက်ရှိခဲ့ဖူးတယ်။ ကျွန်တော် လောကကြီးအကြောင်း ဘာမှမသိခဲ့ပုံများ နော်...။

မနက်ခင်း နှင်းရေစက်လေးတွေ ရှိနေသေးချိန်မှာ အနီးနားမှာရှိတဲ့ တောင်ကုန်းတစ်ခုပေါ်တက်ပြီး ပိုးတောင်မာလေးတွေကို ကျွန်တော် လိုက်ဖမ်း လေ့ရှိတယ်။ ပွဲတော်တွေရှိတဲ့အချိန်ဆို ခြသေ့်အကနဲ့ လှည့်လည်တဲ့ ဘုရားပွဲ နောက်ကို လိုက်လေ့ရှိတယ်။ ကျွန်တော့်ငယ်ဘဝဟာ ပျော်ရွှင်စရာ ကောင်းခဲ့တာတော့အမှန်ပဲ။ ကျွန်တော့်မိသားစုက ဆင်းရဲခဲ့ပေမဲ့ မီဇိုနိုကူချီမှာ နေခဲ့ရတဲ့ ငယ်ဘဝဟာ ကျွန်တော့်ဘဝရဲ့ အပျော်ဆုံး အချိန်တွေပါပဲ။ အခုချိန်ထိမွေးရပ်မြေအကြောင်း တွေးတိုင်း ကျွန်တော် မျက်ရည်ဝဲလာတတ်တယ်။

အပြစ်ကင်းစင်ပြီး မျှော်လင့်ချက်တွေ တစ်ပုံကြီးရှိခဲ့တဲ့ အဲဒီ ငယ်ဘဝလေးကို ပြန်သွားရဖို့ဆိုရင် ကျွန်တော် ဘာမဆို ပေးနိုင်ပါတယ်။

မီဇိုနိုကူချီရဲ့ အစွန်ဘက်မှာတော့ ရွာတစ်ရွာရှိခဲ့ဖူးပြီး အဲဒီ ရွာလေးမှာ ကိုရီးယားလူမျိုး (၂၀၀)ဝန်းကျင်လောက် နေထိုင်ခဲ့ကြတယ်။ အဲဒီရွာမှာ နေထိုင်တဲ့ ကိုရီးယားလူမျိုးတွေဟာ အနီးနားမှာရှိတဲ့ လက်နက်ခဲယမ်း စက်ရုံတွေမှာ အလုပ်လုပ်ဖို့ ကိုရီးယားနိုင်ငံကနေ ခေါ်လာခဲ့တဲ့ လူတွေဆိုတာ ကျွန်တော် အသက်ကြီးလာမှ သိခဲ့ရတယ်။ ကျွန်တော့်အဖေ ဒိုဆမ်ဒဲလ်က သူတို့ထဲက တစ်ယောက်ပေါ့။ အဖေ့ကို ဘွန်ချွန်ရီ ရွာလေးက လယ်တော တစ်ခုမှာ ဖွားမြင်ခဲ့တယ်။ အခုတော့ တောင်ကိုရီးယားနိုင်ငံဘက်က ပိုင်နက် တစ်ခုပေါ့။ သူ့ကို ဂျပန်စစ်တပ်က အသက်(၁၄)နှစ်အရွယ်မှာ ချောဆွဲခဲ့ပြီး မီဇိုနိုကူချီကို ခေါ်လာခဲ့တယ်။

ဒါပေမဲ့ မူလတန်း မတက်ခင်အထိ ကျွန်တော့်မှာ အဖေရှိမှန်းတောင် မသိခဲ့ပါဘူး။ သူနဲ့ပတ်သက်တဲ့ ငယ်ဘဝ မှတ်ဉာဏ်မျိုးလည်း ကျွန်တော့်မှာ ရှိမနေဘူး။ ကျွန်တော့်မှာ အဖေရှိမှန်း စသိတဲ့ အချိန်ကတော့ အမေ ကျွန်တော့်ကို ထူးထူးဆန်းဆန်း နေရာတစ်ခုဆီ ခေါ်သွားခဲ့တဲ့နေ့ ဖြစ်ပါတယ်။ အဲဒီနေရာဟာ ထောင်တစ်ခုမှန်း နောက်မှ ကျွန်တော် သဘောပေါက်ခဲ့ရတယ်။ အဲဒီနေ့က ကျွန်တော် လုံးဝ မမှတ်မိတဲ့ အမျိုးသားကြီးတစ်ယောက်ကို တွေ့ခဲ့ရတယ်။ အဲဒီနေ့ကျမှ ကျွန်တော့်အဖေ ဘယ်သူဆိုတာကို အမေက ပြောပြခဲ့တာပါ။ နောက်တော့ ထောင်ထဲမှာ ပြတင်းပေါက် သေးသေးလေး ကတစ်ဆင့် တွေ့ခဲ့ရတဲ့

အဲဒီလူကြီးဟာ ကျွန်တော်တို့အိမ်ကို ရောက်လာခဲ့တယ်။ အဖေဟာ ပတ်ဝန်းကျင်မှာ လူမိုက်တစ်ယောက် အဖြစ် နာမည်ကြီးတာကြောင့် ကျွန်တော်တို့ အမျိုးတွေက အဖေ့ကို အမြင်မကြည်ဘဲ ခပ်ရှောင်ရှောင် နေကြတယ်။

အဖေဟာ အိမ်ကပ်လေ့ရှိသူ မဟုတ်ပါဘူး။ အိမ်ကပ်ပြီဟေ့ ဆိုရင်လည်း အနံ့ ပြင်းပြင်း အရက်တွေပဲ သောက်နေတာများတယ်။ သူက ဆာကေး နှစ်လီတာလောက်ကို ခဏလေးနဲ့ သောက်နိုင်သူပါ။

အဲဒီထက် ဆိုးတာက သူမူးသည်ဖြစ်စေ၊ မမူးသည်ဖြစ်စေ အိမ်မှာရှိနေတဲ့အချိန်တိုင်း အမေ့ကို ရိုက်လေ့ရှိတာပါပဲ။ အဲဒီလိုအချိန်မျိုးဆို ကျွန်တော့်ညီမလေးတွေက အရမ်း ကြောက်နေလေ့ရှိပြီး ထောင့်တစ်ခုခုမှာ သွားပုန်းနေတတ်ကြတယ်။ အမေ့ကို ရိုက်နေတာ ရပ်အောင် ကျွန်တော် အဖေ့ခြေထောက်ကို ဖက်ပြီး ဆွဲလေ့ရှိတယ်။ ဒါပေမဲ့ အဖေက အမြဲတမ်း ကျွန်တော့်ကို ဆောင့်ကန်ထုတ် လိုက်တာချည်းပါပဲ။ အမေကတော့ အဖေရိုက်တိုင်း နာတာကို အံကြိတ်ခံပြီး အသံမထွက်အောင်နေလေ့ရှိတယ်။ အမေ အဲဒီလိုအရိုက်ခံရတိုင်း ကျွန်တော် ကူညီရာမဲ့သလို ခံစားရပြီး ကြောက်နေတတ်တယ်။ ဒါပေမဲ့ ကျွန်တော် အမေ့အတွက် ဘာမှ မလုပ်ပေးနိုင်ခဲ့ပါဘူး။ အချိန်တွေ ကြာလာတာနဲ့အမျှ အဖေနဲ့ ထိပ်တိုက်မတွေ့အောင်ဘဲ ကြိုးစားပြီး နေတော့တယ်။ သူကလည်း ကျွန်တော့်ကို အဖက်လုပ်လေ့မရှိတော့ သူနဲ့ ထိပ်တိုက်မတွေ့အောင် နေရတာ အရမ်းတော့ မခက်ပါဘူး။ ဒါပေမဲ့ တစ်နေ့ကျရင် သူ့ကို ကလဲ့စားချေမယ် လို့တော့ ကျွန်တော် တစ်ကြိမ်မက တွေးခဲ့ဖူးတယ်။

ကျွန်တော့်အမေနာမည်က မီယိုကိုအီရီကာဝါ။ သူ့ကို ၁၉၂၅ ခုနှစ်မှာ ဖွားမြင်ခဲ့တယ်။ အမေ့ရဲ့ မိဘတွေက ဟိုးအရင်ကတည်းက ရှိခဲ့တဲ့ ဈေးတန်း လမ်း တစ်ခုမှာ ကြက်သားဆိုင် ဖွင့်ထားကြသူတွေပါ။ ကျွန်တော့် အဘွားရဲ့ နာမည်က ဟတ်ဆု ဖြစ်ပြီး သူ့အလုပ်က ညစ်ညစ်ပတ်ပတ်နဲ့ ခက်ခက်ခဲခဲ ပါပဲ။ အဲဒီခေတ်တုန်းက ကြက်သားတွေဟာ ဒီခေတ် ကြက်သားတွေလို သပ်သပ် ရပ်ရပ် ထုပ်ပိုးထားတာ မဟုတ်ပါဘူး။ ကြက်လှောင်အိမ်တွေကလည်း ဆိုင်ရှေ့မှာ ဖရိုဖရဲနဲ့ ဖြစ်သလို စီထားတာပါ။ ဈေးဝယ်သူတစ်ယောက် ဆိုင်ရှေ့ ရောက်လာပြီဆိုရင် အဘွားက ဆူဆူညံညံ အော်နေတဲ့ ကြက်တစ်ကောင်ကို လှောင်အိမ်ထဲက ထုတ်ကာ ဝယ်သူရှေ့တင် သတ်ပြီး ရောင်းလေ့ရှိတယ်။

အဘွားမှာ ပန်းနာရင်ကျပ်ရောဂါ ရှိတယ်။ အဲဒါကြောင့် တစ်ခါတလေ ရုတ်တရက် ချောင်း အကြာကြီး ဆိုးတာမျိုး ဖြစ်တတ်တယ်။ ကျွန်တော် ကျောင်းက ပြန်လာတာမျိုး၊ ကစားရာက ပြန်လာတာမျိုး မြင်လို့ကတော့ အဘွားက သူ့ကျောကိုပုတ်ပြပြီး “ မာဘိုရေ အဖွားကျောကုန်းကို နည်းနည်း လောက်

ပွတ်ပေးပါဦးကွယ်"လို့ ပြောလေ့ရှိတယ်။ ကျွန်တော်က သူ့ကျောကုန်း သေးသေးလေးကို ညင်ညင်သာသာပွတ်ပြီး နှိပ်ပေးရတယ်။ အဲဒီလိုအချိန်မျိုး ဆို အဘွားက "မင်းက ကြင်နာတတ်တဲ့ကောင်လေးပဲ၊ မင်းအဖေနဲ့ မတူစေနဲ့နော်။ မင်းအမေက မင်းအဖေကိုယူမိတဲ့ အမှားမျိုး ဘာလို့လုပ်ခဲ့မှန်း အဘွား အခုထိ နားမလည်နိုင်သေးပါဘူးကွယ်'' လို့ ပြောလေ့ရှိတယ်။

'အမှား' ဆိုတဲ့ စကားလုံးကို အဘွား ဘာလို့သုံးမှန်း ကျွန်တော် နားလည်ပါတယ်။ အဘွားတို့ အီရီကာဝါမျိုးနွယ်မိသားစုက သူတို့နေထိုင်တဲ့ နေရာတစ်ဝိုက်မှာ အရင်ကတည်းက လူအများလေးစားခံရတဲ့ မိသားစုပါ။ မီဇိုနိုကူချီဒေသမှာ အီရီကာဝါမျိုးနွယ်ကနေ ခွဲထွက်သွားတဲ့ မျိုးနွယ်တွေ အများကြီး ရှိပါတယ်။ အီရီကာဝါမျိုးနွယ်တွေနဲ့ ဒေသခံတွေဟာ အမြဲတမ်း စည်းစည်းလုံးလုံး ဖွဲ့နွဲ့နေထိုင်ခဲ့ကြတာ ဖြစ်ပါတယ်။ ကျွန်တော့်အဘိုး ဖြစ်သူ ရှူကီချီကတော့ ကျွန်တော့်ကို မမွေးခင်ကတည်းက ဆုံးသွားတယ်လို့ သိရပါတယ်။ ဒါပေမဲ့ အဘိုးဟာ လူကောင်းတစ်ယောက်ဖြစ်ပြီး သူ့မိသားစုနဲ့ သူ့ပတ်ဝန်းကျင်က လူတွေကို ဂရုတစိုက် စောင့်ရှောက်တတ်သူ ဖြစ်ကြောင်း လူတွေ မကြာခဏ ပြောလေ့ရှိတယ်။ သူက အမေ့ကို မိန်းကလေး အထက်တန်းကျောင်းထားခဲ့ပြီး အပ်ချုပ်ခြင်းအတတ်ပညာကို သင်ကြားစေခဲ့တယ်။ သူတို့မိသားစုက ချမ်းသာတယ်ဆိုတဲ့ အဆင့်မဟုတ်ပေမဲ့ သူ့ရဲ့ ကလေးတွေကိုတော့ ပညာရေးမှာ မျက်နှာမငယ်ရအောင် အကောင်းဆုံး ကြိုးစားပေးခဲ့တယ်။

ကျွန်တော့်အမေက စိတ်ဓာတ်မာကျောတဲ့ အမျိုးသမီးတစ်ယောက်ပါ။ အမေ့မျက်နှာက ဘဲဥပုံမျက်နှာပေါက်မျိုး ဖြစ်ပေမဲ့ သူ့ဟာနဲ့သူ လှနေပါတယ်။ အဖေကတော့ မာကျောစူးရှတဲ့ မျက်ဝန်း၊ တောင့်တင်း ခိုင်မာတဲ့ ခန္ဓာကိုယ်နဲ့ ကြွက်သားတွေ အပြည့်ရှိတဲ့ ပခုံးတစ်စုံကို ပိုင်ဆိုင်ထားသူပါ။ အမေက အဖေ့ကို ဘယ်နေရာကြည့်ပြီး ကြိုက်ခဲ့လဲဆိုတာတော့ ကျွန်တော်လည်း မသိပါဘူး။ အဖေ့ရဲ့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုနဲ့ ကြမ်းကြမ်းရမ်းရမ်း ပုံစံကို သဘောကျခဲ့တာလည်း ဖြစ်နိုင်တယ်။ အဖေနဲ့ အမေ စပြီး အတူတူ နေကြတော့ ပတ်ဝန်းကျင်က တော်တော်လေး အံ့အားသင့်ခဲ့ကြတယ်။ ပတ်ဝန်းကျင်က လူတွေဟာ အဖေနဲ့ အမေရဲ့ နောက်ကွယ်မှာ 'လှယမင်းနဲ့ လူကြမ်းကြီး' လို့ ခေါ်လေ့ရှိကြပြီး အဖေ့လို ဆိုးဆိုးရွားရွားလူတစ်ယောက်ကို အမေ ဘာလို့ လက်ထပ်ခဲ့လဲဆိုတာ နားမလည်နိုင်ဖြစ်ခဲ့ကြတယ်။

''ကိုရီးယားလူမျိုးတွေက အရိုင်းအစိုင်းတွေ" လို့ တစ်ခါတုန်းက အဘွား ကျွန်တော့်ကို ပြောပြခဲ့ဖူးတယ်။ အဘွားကို ကျွန်တော် ချစ်ပါတယ်။ ဒါပေမဲ့ အဘွားပြောတာကိုတော့ လက်မခံချင်ခဲ့ဘူး။ ကိုယ့်ကိုယ်ကိုယ် ဂျပန် တစ်ယောက်လို့ ခံယူထားခဲ့ပေမဲ့ ကျွန်တော်က ဂျပန်-ကိုရီးယား ကပြား

တစ်ယောက်ဆိုတာ အဘွားလည်း သိနေတာပဲလေ။ အမေ့ရဲ့ အစ်ကိုကြီးတွေ ဖြစ်တဲ့ ရှီယိုနဲ့ တက်ဆူကီချီတို့ကလည်း အဘွားပြောသလိုမျိုး တစ်ခါတစ်ရံ ပြောလေ့ရှိတယ်။ သူတို့ ညီအစ်ကိုတွေဟာ မန်ချူးရီးယား ပြည်နယ်မှာ ဂျပန်စစ်တပ်အတွက် စစ်မှုမထမ်းမနေရ ဥပဒေကြောင့် စစ်မှုထမ်းခဲ့ရဖူးသူတွေပါ။ ကိုရီးယားလူမျိုးတွေဟာ ဆင်းရဲကြပြီး ဂေါ်ရီလာမျောက်ဝံတွေလို စုတ်စုတ်ပြတ်ပြတ် နေတတ်ကြောင်း သူတို့က အမြဲ ပြောပြလေ့ရှိတယ်။ အဖေ့ရှေ့မှာတော့ သူတို့ အဲဒါမျိုး မပြောရဲကြပါဘူး။ ဒါပေမဲ့ အဖေမရှိတဲ့ အခါမျိုးဆိုရင်တော့ ရှီယိုက “မီယိုကို သူနဲ့ အမြန်ဆုံး ကွာရှင်းမှ ဖြစ်လိမ့်မယ်။ ကိုရီးယားတွေက တကယ့် အပုပ်အသိုးကောင်တွေ” လို့ ပြောလေ့ရှိတယ်။ သူတို့ အဲဒီလိုပြောတိုင်း ကျွန်တော် နေရထိုင်ရ နည်းနည်းခက်လေ့ရှိပေမဲ့ သူတို့ပြောတာတွေကလည်း မှန်နေခဲ့ပါတယ်။ အဖေ အမေ့ကို ရိုက်တိုင်း ‘ကိုရီးယားတွေက အရိုင်းအစိုင်းတွေ' ဆိုတဲ့ စကားဟာ ပိုမှန်လာသလိုပါပဲ။ အဖေ့ကို သဘောမကျတဲ့စိတ်က ကျွန်တော့် စိတ်ထဲမှာ ကိန်းအောင်းနေခဲ့တယ်။ သူ အမေ့ကို နေ့တိုင်း နှိပ်စက်နေတာ၊ ကျွန်တော့် ညီမလေးတွေကို နေ့တိုင်းကြောက်လန့်အောင် လုပ်နေတာတွေကို ကြည့်ရင်း ကိုရီးယားလူမျိုးတွေကို အဘွား ကြည့်မရဖြစ်နေတာ ကျွန်တော် မအံ့ဩတော့ပါဘူး။

အဖေက ကိုရီးယားလူမျိုး နောက်လိုက် အယောက်(၃၀)လောက်နဲ့ ကျွန်တော်တို့ ပတ်ဝန်းကျင်မှာ မြောက်ကြွမြောက်ကြွ သွားလာလေ့ရှိတယ်။ အဖေက ကိုရီးယားလူမျိုးစု အသိုင်းအဝိုင်းမှာ နာမည်ကြီးသူတွေထဲက တစ်ယောက်ဖြစ်ပြီး သူ့ကို အာရုံနောက်အောင် လုပ်တဲ့ ဘယ်ဂျပန်လူမျိုးနဲ့ မဆို ရန်ထဖြစ်ဖို့ ဝန်မလေးသူပါ။ အဲဒီဂျပန်လူမျိုးက ဘယ်လိုလူစားမျိုးလဲ ဆိုတာ သူဂရုမစိုက်ပါဘူး။ အထူးရဲနဲ့လည်း ချတာပါပဲ။ စစ်ဘက်က ရဲတွေနဲ့လည်း ချတာပါပဲ။ ဘာလာလာ ဒေါင်းသူ တစ်ယောက်ပါ။ ကိုရီးယားလူမျိုး တွေက အဖေ့ကို အားကိုးတတ်ကြပြီး ဂျပန်လူမျိုးတွေကတော့ အဖေ့ကို ဖိန့်ဖိန့်တုန်အောင် ကြောက်လေ့ရှိတယ်။

အဖေက အရာရာတိုင်းကို သူ့နည်းသူ့ဟန်နဲ့ပဲ လုပ်လေ့ရှိတယ်။ ဒုတိယကမ္ဘာစစ်ကြီးပြီးတော့ အဖေက လမ်းဘေးမှာ သူ့အပေါင်းအဖော် နောက်လိုက်တွေနဲ့အတူ မှောင်ခိုကုန်အရောင်းဆိုင် ဖွင့်ခဲ့တယ်။ အဖေက သူ အလုပ်လုပ်ခဲ့ဖူးတဲ့ လက်နက် ခဲယမ်းစက်ရုံက ထုတ်တဲ့ စည်သွတ်ဘူးတွေ အပြင် သကြား၊ ဂျုံ၊ ဘီစကစ်၊ အဝတ်အထည်နဲ့ အမေရိကန် စစ်သားတွေ ဆီက တရားမဝင်ရရှိတဲ့ ပစ္စည်းတွေလည်း ရောင်းပါတယ်။ တစ်ခါတုန်းကဆိုရင် သူရောင်းနေတဲ့ ကုန်ပစ္စည်းတွေနဲ့ ပတ်သက်ပြီး အဖေနဲ့ သူ့အပေါင်း အပါတွေဟာ အမေရိကန်စစ်သားတွေနဲ့တောင် အကြီးအကျယ် ရန်ဖြစ်ခဲ့ဖူး ပါတယ်။ အဖေဟာ သူ့ပတ်ဝန်းကျင်မှာ နာမည်ကြီးတာလည်း အဆန်းတော့ မဟုတ်ပါဘူး။

တကယ်တော့ အဖေ့ဘဝမှာ ရွေးချယ်စရာ သိပ်များများစားစားတော့ မရှိခဲ့ပါဘူး။ ဒုတိယ ကမ္ဘာစစ်မှာ ဂျပန် စစ်ရှုံးခဲ့ပြီးနောက် ကိုရီးယားလူမျိုး (၂.၄)သန်းလောက်ဟာ ဂျပန်မှာ သောင်တင်ကျန်ရစ်ခဲ့တယ်။ အဲဒီ ကိုရီးယား လူမျိုး (၂.၄)သန်းဟာ စစ်နိုင်တဲ့ ဘက်နဲ့လည်း မသက်ဆိုင်ခဲ့သလို စစ်ရှုံးတဲ့ ဘက်နဲ့လည်း မသက်ဆိုင်ခဲ့ပါဘူး။ စစ်ကြီးပြီးသွားလို့ ကိုရီးယားလူမျိုးတွေကို ဂျပန်တွေက လွတ်လပ်ခွင့် ပေးလိုက်ချိန်မှာ သူတို့ဘယ်ကို သွားလို့ သွားရမှန်း မသိခဲ့ပါဘူး။ တစ်နည်းအားဖြင့် သူတို့ကို 'လမ်းပေါ်မှာနေကြတော့' ဆိုပြီး လွှတ်ပေးလိုက်သလိုပါပဲ။ မျှော်လင့်ချက်ကင်းမဲ့ပြီး ဆင်းရဲမွဲတေနေတဲ့အပြင် အသက်မွေးဝမ်းကျောင်းအတွက် လုပ်စရာကိုင်စရာလည်း မရှိတဲ့ ကိုရီးယား လူမျိုးတွေဟာ ဂျပန်စစ်တပ်အတွက် စားနပ်ရိက္ခာတွေ သယ်ဆောင်လာတဲ့ ထရပ်ကားတွေကို တိုက်ခိုက်ခဲ့ကြပြီး စစ်ဖိနပ်တွေကို မှောင်ခိုဈေးထဲမှာ ပြန်ရောင်းခဲ့ကြတယ်။ အရင်တုန်းက ကြမ်းကြမ်းတမ်းတမ်း ရိုင်းရိုင်းစိုင်းစိုင်း မနေခဲ့ဖူးသူတွေတောင် အဲဒီအချိန်မှာတော့ ရွေးချယ်စရာမရှိဘဲ တရားဥပဒေ ကို ချိုးဖောက်သူတွေ ဖြစ်လာခဲ့ကြရတယ်။

ဒါပေမဲ့ ထူးဆန်းစွာပဲ ဒီလို တရားမဝင် လုပ်ကိုင်တာတွေကြောင့် သူတို့ ဘဝတွေဟာ ပိုပြီး လွတ်လပ်လာခဲ့တယ်။ စစ်ဖြစ်နေစဉ်တုန်းက သူတို့မှာ ရွေးချယ်စရာ နှစ်ခုပဲ ရှိခဲ့တယ်။ သူတို့ရဲ့ ရန်သူစစ်တပ်ထဲမှာ စစ်သားအဖြစ် စစ်မှုထမ်းရင်ထမ်း၊ မဟုတ်ရင် စစ်ဘက်ဆိုင်ရာ လုပ်ငန်းတွေမှာ အလုပ်လုပ်ရတဲ့ အရပ်သား အလုပ်သမားအဖြစ် ကျွန်ပြုခံခဲ့ရတယ်။ စစ်သားလုပ်မယ်ဆိုရင်တော့ ရှေ့တန်းမှာ ကျည်ဆန်တွေကို ကာကွယ်ဖို့ လူသားတံတိုင်း အဖြစ် အသုံးပြုခံရမှာပါ။ အရပ်သား အလုပ်သမား ဆိုရင်တော့ ကျောက်မီးသွေးတွင်းတွေ သို့မဟုတ် လက်နက်စက်ရုံတွေမှာ ခါးကျိုး မတတ် အလုပ်လုပ်ရမှာ ဖြစ်ပြီး တစ်ခါတလေ အသက်ဆုံးရှုံးတဲ့အထိ အလုပ်လုပ်ကြရပါတယ်။ ဒါကြောင့် စစ်လွန်ကာလမှာ ဥပဒေကိုချိုးဖောက်ပြီး နေကြရတာဟာ သူတို့အတွက် လွတ်လပ်ခြင်း တစ်မျိုးလို ဖြစ်လာခဲ့တယ်။

နောက်ပိုင်းမှာ အဖေဟာ ဂျပန်မှာရှိတဲ့ ကိုရီးယားအထွေထွေအသင်း ထဲကို ဝင်ခဲ့တယ်။ အဲဒီအသင်းကို 'ဂျပန်ရောက် ကိုရီးယားလူမျိုး သမဂ္ဂ'လို့ နောက်ပိုင်းမှာ ပြောင်းလဲ ခေါ်ဝေါ်ခဲ့ကြတယ်။ ကိုရီးယားလူမျိုးတွေအတွက် ဖွဲ့စည်းထားတဲ့ ဒီသမဂ္ဂဟာ ဂျပန်လူမျိုးတွေနဲ့ ကိုရီးယားလူမျိုးတွေကြား ဆက်ဆံရေး ပိုမိုတိုးတက်လာဖို့နဲ့ ကိုရီးယားလူမျိုးတွေအတွက် တည်ငြိမ်တဲ့ ဘဝတစ်ခု ဖန်တီးပေးနိုင်အောင် ကူညီပေးတဲ့ အဖွဲ့အစည်း ဖြစ်ပါတယ်။ ဒါပေမဲ့ တကယ်တမ်းမှာ ပြောသလောက်တော့ မလွယ်ခဲ့ပါဘူး။ ဒုတိယ ကမ္ဘာစစ် မတိုင်ခင်ကတည်းက ဂျပန်မှာ အမြဲနေထိုင်ခွင့်ရထားတဲ့ ကိုရီးယား လူမျိုးတွေဟာ ကွန်မြူနစ်ပါတီကို သဘောကျခဲ့ကြသူတွေ ဖြစ်ပါတယ်။ ကွန်မြူနစ်

ပေါ်လစီတွေဟာ နယ်ချဲ့ဝါဒကို ဆန့်ကျင်နေခဲ့ပြီး ကွန်မြူနစ်ပါတီ ကလည်း အမြဲတမ်း နေထိုင်ခွင့်ရ ကိုရီးယားလူမျိုးတွေရဲ့ အခွင့်အရေးအတွက် စည်းရုံးလှုံ့ဆော်နေခဲ့တဲ့ အချိန် ဖြစ်ပါတယ်။ 'ဂျပန်ရောက်ကိုရီးယားလူမျိုး သမဂ္ဂ' တည်ထောင်ပြီးသိပ်မကြာခင်မှာပဲ နာမည်ကျော် ကွန်မြူနစ်ဝါဒီတစ်ဦး ဖြစ်တဲ့ ကင်ချွန်ဟေး ထောင်ကလွတ်လာခဲ့တယ်။ သူနဲ့အတူ အခြားကွန်မြူနစ် ပါတီဝင်အများစုလည်း လွတ်မြောက်လာခဲ့တယ်။ ဒီလူတွေဟာ ထောင်ထဲမှာလည်း ကွန်မြူနစ်ဝါဒအပေါ် ယုံကြည်မှုကို စွန့်လွှတ်ဖို့ ငြင်းဆန်ခဲ့ကြသူတွေ ဖြစ်ပါတယ်။ သူတို့ လွတ်မြောက်လာပြီးနောက် 'ဂျပန်ရောက်ကိုရီးယားလူမျိုး သမဂ္ဂ'အပေါ် သူတို့ရဲ့လွှမ်းမိုးမှုက ကြီးမားလာခဲ့တယ်။ သမဂ္ဂ ကိုယ်တိုင်ကလည်း တဖြည်းဖြည်းနဲ့ လက်ဝဲဝါဒီဘက်ကို ယိမ်းယိုင်လာခဲ့တယ်။ ဒါပေမဲ့ အဖေ့ရဲ့ အပြုအမူတွေအပေါ်လွှမ်းမိုးနေတဲ့အခြေခံအယူဆဟာ ဆိုရှယ်လစ် ဝါဒနဲ့ ဘာမှမသက်ဆိုင်ပါဘူး။ သူ့အတွက် အရေးကြီးဆုံးက အမျိုးသားရေး ဝါဒသာ ဖြစ်ပါတယ်။

ကျွန်တော့်အမြင်တော့ ဆိုရှယ်လစ်လှုပ်ရှားမှုပဲဖြစ်ဖြစ်၊ အမျိုးသားရေး လှုပ်ရှားမှုပဲ ဖြစ်ဖြစ်၊ မှောင်ခိုဈေးမှာ အကြီးအကျယ်ရန်ဖြစ်ကြတာပဲဖြစ်ဖြစ် အများကြီး ကွာခြားမှု မရှိပါဘူး။ ဒီလူတွေအားလုံးမှာ တူညီနေတဲ့အရာ အနည်းငယ် ရှိတတ်ပါတယ်။ သူတို့ အားလုံးဟာ ဂျပန်နိုင်ငံမှာ ကိုယ်ပိုင် အတိတ်တွေအသီးသီးရှိကြပြီး ပင်ပန်းဆင်းရဲစွာ ဘဝကိုဖြတ်သန်းခဲ့ရသူတွေ ဖြစ်ပါတယ်။ သူတို့ဟာ သူတို့ရဲ့ တည်ရှိမှုကို အများ လေးစားလာအောင်၊ သတိထားမိလာအောင် လုပ်ချင်နေကြတာသာ ဖြစ်ပါတယ်။ ဒါကြောင့် သူတို့က ဩဇာအာဏာ တစ်မျိုးမျိုးများ ရလာမလားဆိုပြီး ဖြစ်သလို တိုက်ပွဲဝင် နေကြတာပါ။

သမဂ္ဂထဲမှာတော့ အဖေ့ကို 'ကျားကြီး' လို့ လူသိများလာခဲ့တယ်။ အဖေ့မှာ သစ္စာခံနောက်လိုက် ဖိုက်တာတွေနဲ့ ဖွဲ့စည်းထားတဲ့ တပ်ဖွဲ့ရှိလာခဲ့တယ်။ တကယ်တမ်းတော့ သူတို့အဖွဲ့ဟာ ဆိုင်အဟောင်းတစ်ခုရှေ့မှာ သံပုံးထဲမီးဖိုပြီး အရက်ထိုင်သောက်နေကြတဲ့ ပျင်းတိပျင်းရွဲ အဖွဲ့တစ်ခုထက် မပိုပါဘူး။ မှောင်ခိုဈေးထဲက ပြဿနာတွေအကြောင်း ဆွေးနွေးနေတာလား၊ သူတို့ကို လိုအပ်လာမဲ့အချိန်ကို စောင့်နေကြတာလားတော့ ကျွန်တော်လည်း မသိပါဘူး။ ဒါပေမဲ့ တစ်ခုခုဖြစ်လို့ သူတို့သွားဖို့ လိုလာပြီ ဆိုရင်တော့ အခင်းဖြစ်တဲ့ နေရာကို သုတ်တီးသုတ်ပျာ သွားလေ့ရှိကြတယ်။

နောက်ဆုံးမှာတော့ အဖေ့အတွက် အရာရာအားလုံးဟာ ပြိုလဲပျက်စီး လာခဲ့တယ်။ ကိုရီးယား အထွေထွေအသင်းဟာလည်း သောင်းကျန်းသူအဖွဲ့ အဖြစ် သတ်မှတ်ခံခဲ့ရပြီး ၁၉၄၉ ခုနှစ်မှာ အဖွဲ့ကိုဖျက်သိမ်းဖို့ ဂျပန်အစိုးရက

အမိန့်ပေးခဲ့တယ်။ 'ဂျပန်ရောက် ကိုရီးယားလူမျိုး သမဂ္ဂ'က ကိုရီးယား အထွေထွေအသင်းနေရာကို ဝင်ရောက်တာဝန်ယူခဲ့ပေမဲ့ အခြေအနေတွေက အရင်နဲ့မတူတော့ပါဘူး။ အဲဒီအချိန်မှာ တရားဥပဒေ ပြန်လည်စိုးမိုးလာပြီး အဖေ့လို ပညာမတတ်ဘဲ ထင်ရာစိုင်းတတ်တဲ့ လူပေလူတေတစ်ယောက်ကို လူ့အဖွဲ့အစည်းက မလိုအပ်တော့ပါဘူး။ အသစ်ပြန်လည် ပြင်ဆင်လိုက်တဲ့ သမဂ္ဂမှာ လိုအပ်တာက ကျွမ်းကျင်မှုရှိတဲ့ အုပ်ချုပ်ရေးဝန်ထမ်းတွေ ဖြစ်ပြီး အဖေ့လို စာတောင် မဖတ်တတ်တဲ့သူအတွက် နေရာမရှိတော့ပါဘူး။ ဒီလို ပစ်ပယ်ခံခဲ့ရတာကြောင့်များ 'မြောက်ကိုရီးယားမှာ သာယာလှပတဲ့ဘဝတစ်ခု ပိုင်ဆိုင်နိုင်မယ်'ဆိုတဲ့ ကတိစကားတွေကို အဖေ စပြီး ယုံလာခဲ့သလားဆိုတာ ကျွန်တော် အခုချိန်ထိ တွေးမိနေဆဲပါပဲ။

※

အခုရက်ပိုင်းအတွင်း ကျွန်တော် အတိတ်က အကြောင်းအရာတွေကို ပိုပြီး သတိရနေမိတယ်။ တစ်ခါတလေ အဲဒီအကြောင်းအရာတွေ ကျွန်တော့် ခေါင်းထဲ ရောက်မလာရင် ကောင်းမှာပဲလို့ တွေးမိတယ်။

ကျွန်တော့်မှာ ညီမသုံးယောက် ရှိခဲ့တယ်။ အီကို၊ ဟီဖူမီနဲ့ မာဆာကို တို့ပါ။ ဒါပေမဲ့ ဂျပန်မှာ ကျွန်တော်တို့ အတူတူနေရတာ မရှိသလောက်ပါပဲ။ ကျွန်တော်တို့မိသားစုက ဆင်းရဲတော့ ကျွန်တော်တို့ မောင်နှမတွေအားလုံး အမျိုးတွေဆီမှာ တစ်ကွဲတစ်ပြား နေရတယ်။ အမျိုးတွေဆီမှာ အသီးသီး ခွဲနေတာကြောင့် အဖေနဲ့ အမေအတွက် ဝန်ထုပ်ဝန်ပိုး နည်းနည်း လျော့သွားတာပေါ့။ ဒါပေမဲ့ ကျွန်တော် မူလတန်းကျောင်းပြီးခါနီးမှာ အဲဒီအခြေအနေက ပြောင်းလဲသွားတယ်။ ကျွန်တော်တို့အားလုံး တိုကျိုက နာကာနိုကို အတူတူ ပြောင်းရွှေ့ နေထိုင်ခဲ့ကြတယ်။ အဖေက ဆောက်လုပ်ရေး နယ်ပယ်ထဲမှာ အလုပ်တစ်ခု ရဖို့ ကြိုးစားတော့မယ်လို့ ပြောတယ်။ ကျွန်တော်တို့ အဲဒီ တုန်းက ကသုတ်ကရက် ပြောင်းရွှေ့ခဲ့ရတာကိုတော့ မှတ်မိနေသေးတယ်။ ဘေးပတ်ဝန်းကျင်က လူတွေကိုတောင် နှုတ်ဆက်ဖို့ အချိန်မရခဲ့ပါဘူး။ ကျွန်တော်တို့ချစ်တဲ့ အဘွားနဲ့လည်း ခွဲခွာခဲ့ရတယ်။

အစပိုင်းမှာတော့ ကျွန်တော် သိခဲ့တဲ့ အရာအားလုံးကို စွန့်ခွာပြီး တစ်ခါမှ မမြင်ဖူးတဲ့ နေရာသစ်တစ်ခုကို ပြောင်းရွှေ့ဖို့ စိုးရိမ်နေမိခဲ့ပေမဲ့ ကျွန်တော်တို့ရဲ့ ဘဝအသစ်လေးအတွက် ပျော်ရွှင်နေမိခဲ့တယ်။ ကျွန်တော်တို့ တကယ့်မိသားစုတစ်ခုလို စပြီး နေထိုင်ခွင့်ရခဲ့တယ်။ မနက်ပိုင်းမှာ အားလုံး အတူတူ အိပ်ရာထကြပြီး ညပိုင်းမှာ အတူတူ အိပ်ရာဝင်ကြတယ်။ ညစာလည်း အတူတူစားကြပြီး မိသားစုလိုက် အတူတူလုပ်ရတဲ့ အရာလေးတွေလည်း ရှိလာခဲ့တယ်။ ဒီလိုအသေးအဖွဲလေးတွေဟာ ကျွန်တော့်အတွက်တော့

အဖိုးမဖြတ်နိုင်တဲ့ အရာလေးတွေပါ။ ဒီလို အသေးအဖွဲလေးတွေကြောင့်ပဲ ကျွန်တော်တို့မိသားစု ပိုစည်းလုံးလာပြီး ချစ်ချစ်ခင်ခင်ရှိလာခဲ့တယ်။ ဒါပေမဲ့ ပျော်စရာတွေ စမယ် မကြံသေးဘူး စိတ်ဆင်းရဲစရာတွေ ရောက်လာခဲ့ ပြန်တယ်။ အဖေ့ရဲ့ ရမ်းရမ်းကားကား အပြုအမူတွေဟာ သိပ်မကြာခင်မှာပဲ ပြန်ရောက်လာခဲ့တယ်။ အရင်ကထက်တောင် ပိုဆိုးလာခဲ့တယ်။

ကျွန်တော်တို့ နေရာသစ်ကိုရောက်ပြီး ရက်သတ္တပတ် အနည်းငယ် အကြာမှာ အဖေ အရက်တွေ ပြန်သောက်လာတယ်။ အပြင်ကနေ အိမ်ကို ပြန်ရောက်တာနဲ့ အရက် သောက်တော့တာပဲ။ မျက်နှာကြီး နီမြန်းလာတဲ့ အထိ ဆက်တိုက်သောက်တယ်။ အဲဒီလို ဖြစ်လာပြီဆိုရင် ကျွန်တော်နဲ့ ညီမလေးတွေကို အမေက ကပ်ရပ်အခန်းထဲ ပို့ထားလေ့ရှိတယ်။ အဲဒီလို အချိန်မျိုးဆို ကျွန်တော်တို့ မောင်နှမတွေ အကူအညီမဲ့စွာနဲ့ နေ့တိုင်း ကြားနေကျ အော်ဟစ်သံတွေကို တိတ်တိတ်လေး နားထောင်ရပါတော့တယ်။ အမေ့ကို အော်ငေါက်နေတဲ့ အဖေ့ရဲ့ ကြောက်စရာကောင်းတဲ့အသံ၊ အမေ့ကို ရိုက်နေတဲ့အသံ၊ အမေငိုနေတာကိုရပ်တန့်အောင်လုပ်ဖို့ကြိုးစားနေတဲ့အသံ၊ ဒီအသံတွေဟာ ကျွန်တော်တို့ ညတိုင်းလိုလို ကြားနေခဲ့ရတဲ့ အသံတွေပါပဲ။ အဖေ အမေ့ကို ဘာတွေ ပြောဆို လုပ်နေလဲတော့ ကျွန်တော် သေချာ နားမလည်ပါဘူး။ ဒါပေမဲ့ ဘာတွေပဲ ပြောဆို လုပ်နေသည်ဖြစ်စေ အမေ ကတော့ တစ်ခါမှ ငြင်းဆို ပုန်ကန်တာမျိုး မရှိခဲ့ဘူး။ အမေက ငိုပဲ ငိုနေခဲ့တာ ပါ။ သူတို့ရန်ဖြစ်နေတဲ့ အခန်းထဲကို အတင်းဝင်ပြီး အဖေ့ကိုဆွဲဖို့ ကျွန်တော် အကြိမ်ကြိမ် ကြိုးစားခဲ့ဖူးတယ်။ အဖေ့ခြေထောက်ကိုတောင် တစ်ခါကိုက်ခဲ့ ဖူးတယ်။ ဒါပေမဲ့ အဖေက ကျွန်တော့်ကို အမြဲ ဆောင့်ကန်ထုတ်လေ့ရှိတယ်။ ကျွန်တော် လဲကျသွားတဲ့ အခါတိုင်း အမေက ကျွန်တော့်အပေါ် မှောက်ထား ပြီး ကာကွယ်ထားတတ်တယ်။ နောက်ဆုံးမှာတော့ အဖေဟာ အမေ့ကို ရန်ရှာရတာ ငြီးငွေ့သွားရင်အပြင်ကိုထွက်သွားတတ်တယ်။ အဲဒီအချိန်ကျရင်တော့ အမေရယ်၊ ညီမလေး တွေရယ်၊ ကျွန်တော်ရယ် အတူတူဖက်ထားကြပြီး ကြမ်းပြင်ပေါ်မှာ တိတ်တိတ်လေး ထိုင်ငိုကြပါတော့တယ်။

တစ်ညတော့ ကျွန်တော်တို့အိမ်နီးချင်းတစ်ယောက်က အမေ အော်ငို နေတာကို ကြားလို့ အိမ်ကို ရောက်လာပြီး ရန်ဖြစ်တာကို ဝင်ဆွဲခဲ့ပါတယ်။ အဖေက အစမှာတော့ ရုတ်တရက် အငိုက်မိသလို ဖြစ်ခဲ့ပေမဲ့ သိပ်မကြာခင်မှာပဲ လာဆွဲတဲ့သူကို ကုပ်ကကိုင်ပြီး နံရံနဲ့ဆောင့်ပစ်ကာ အသေအကြေ ရိုက်ပါတော့တယ်။ အဲဒီဖြစ်ရပ် ဖြစ်ပြီးနောက်ပိုင်း ကျွန်တော်တို့ အိမ်ကို ဘယ်အိမ်နီးချင်းမှ မလာတော့ပါဘူး။

အဲဒီနောက်ပိုင်း ပိုပိုပြီး ဆိုးလာတယ်။ အဖေက အိမ်ကို ညဥ့်နက်မှ ပြန်ရောက်လာလေ့ရှိပြီး အိမ်ပြန်ရောက်တာနဲ့ အမေ့ကိုနှိုးပြီး ရိုက်ပါတော့တယ်။

ညတိုင်းလိုလို အဖေ့ရဲ့ သရဲသဘက်စီးသလိုဖြစ်နေတဲ့ မျက်နှာကြီးကို မြင်တိုင်း ကျွန်တော် အရမ်းကြောက်မိတယ်။ မိစ္ဆာသရဲတစ်ကောင်ရဲ့ မျက်နှာ ကို ကြည့်နေရသလိုပဲ။ အဲဒီ မျက်နှာကြီးကို မြင်ယောင်ပြီး အိပ်လို့လည်း မရခဲ့ပါဘူး။ အိပ်ပျော်ခဲ့ရင်တောင် အဲဒီမျက်နှာကြီးပါတဲ့ အိပ်မက်ဆိုးတွေပဲ မက်လေ့ရှိတယ်။

တစ်ညတော့ အဆိုးတကာ့အဆိုးဆုံး ဖြစ်ရပ်တစ်ခု ဖြစ်လာခဲ့တယ်။ ဆောင်းဦးရာသီ တစ်ခုမှာပေါ့။ ကျွန်တော့်အသက်က (၁၂)နှစ်၊ (၁၃)နှစ် လောက်ပဲ ရှိသေးတယ်။ ထုံးစံအတိုင်း အဖေဟာ မူးရူးပြီး အိမ်ကို ပြန်ရောက် လာခဲ့တယ်။ ဒီတစ်ကြိမ်တော့ အဖေ ဘာစကားမှ မပြောပါဘူး။ မီးဖိုချောင်ထဲ တန်းဝင်သွားပြီး ဓားတစ်ချောင်းနဲ့ ပြန်ထွက်လာတယ်။ အဲဒီ ဓားနဲ့ အမေ့လည်ပင်းကို ထောက်ပြီး အိမ်အပြင်ကို ခေါ်သွားတယ်။ ကျွန်တော် သူတို့နောက်ကို လိုက်မှဖြစ်မယ်ဆိုတာ သိလိုက်တယ်။

အဖေဟာ အမေ့ကို တွင်းချိုင့်အနက်ကြီးတွေရှိတဲ့ တောင်ကုန်းတစ်ခု ဆီ ခေါ်ဆောင်သွားခဲ့တယ်။ ကျွန်တော်ကတော့ သူတို့နောက်ကို ချုံကွယ် ကြားကနေ တိတ်တိတ်လေး လိုက်သွားခဲ့တယ်။ ဆောက်လုပ်ရေးလုပ်ငန်းတွေရဲ့ သဲနဲ့ မြေကြီး တူးဖော်မှုတွေကြောင့် အဲဒီနေရာ တစ်ဝိုက်မှာ ချိုင့်အကြီးကြီးတွေ ရှိနေတာပါ။ အဖေက အမေ့ကို တွင်းနက်နက်တစ်ခုရဲ့ နှုတ်ခမ်းစပ်နားအထိ ခေါ်သွားတာ ကျွန်တော် မြင်နေရတယ်။ အမှောင်ထဲမှာ တစ်ချက်တစ်ချက် လက်ခနဲဖြစ်သွားတဲ့ ဓားရောင်ကို ကြည့်ရင်း ကျွန်တော် ကြောက်လွန်းလို့ တုန်နေမိတယ်။ အဖေက အမေ့ကို အော်ဟစ်နေပြီး ရုတ်တရက် ဆောင့်တွန်းချလိုက်တယ်။ အမေက အသံကုန်အော်ငိုနေပြီး ချောက်ထဲကို နောက်ပြန်ကျသွားခဲ့တယ်။ အဖေကတော့ အဲဒီနေရာမှာပဲ ခဏရပ်ပြီး ချောက်ထဲကို ငုံ့ကြည့်နေတယ်။ ခဏအကြာမှာတော့ အဖေဟာ အိမ်ဘက်ကို လှည့်ပြန်သွားပါတော့တယ်။

အဖေပြန်သွားတာနဲ့ အမေ ပြုတ်ကျသွားတဲ့ တောင်ကုန်းအစပ်ကို ကျွန်တော် အားကုန် ပြေးသွားလိုက်တယ်။ ချောက် ဘယ်လောက် မြင့်လဲ ဆိုတာ ကျွန်တော် သဲသဲကွဲကွဲ မမြင်ရပါဘူး။ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် ကျွန်တော် ခုန်ချလိုက်တယ်။ ကံကောင်းချင်တော့ အောက်ကမြေကြီးက ပျော့နေပြီး ကျွန်တော် နာတောင်မနာခဲ့ပါဘူး။ အမေကတော့ ပျက်စီးနေတဲ့ အရုပ်လေး တစ်ခုလို အပုံလိုက်လေး လဲနေတယ်။ အမေ့ရဲ့အင်္ကျီမှာလည်း သွေးတွေရွှဲနေတယ်။ ကျွန်တော် အမေ့ကို ဆွဲထူပြီး ပွေ့ဖက်ထားရင်း “အမေမသေရဘူး.. ကျွန်တော့် မျက်စိအောက်မှာ အမေ မသေရဘူး..အမေ ထွက်မသွားရဘူး"လို့ အော်ဟစ်နေခဲ့မိတယ်။ နောက်ဆုံးတော့ အမေ သတိပြန်ရလာခဲ့တယ်။ ကျွန်တော် အမေ့ကို ဖက်ထားဆဲပါပဲ။ အမေက“မာဆာဘို..အမေ အိမ်ကနေ ထွက်သွားမှ ဖြစ်တော့မယ်။ အမေ မထွက်သွားရင် မင်းအဖေ အမေ့ကို သတ်လိမ့်မယ်။ သား

စိတ်ခါတ်မာဖို့ လိုတယ်နော်” လို့ ကျွန်တော့်ကို တိုးတိုးလေး ပြောနေခဲ့တယ်။ ကျွန်တော် အမေ့ကိုဖက်ထားရင်း အကူအညီမဲ့၊ မျှော်လင့်ချက်မဲ့ နေခဲ့တယ်။ အမေဟာ ကျွန်တော့်အတွက်တော့ အရာရာပါပဲ။ ကျွန်တော့်ဘဝထဲက တစ်ဦးတည်းသော ကြင်နာတတ်သူဟာ အမေပါပဲ။ ဒါပေမဲ့ အမေ့မှာ ရွေးချယ်စရာမရှိဘူးဆိုတာကိုလည်း ကျွန်တော် နားလည်နေ ခဲ့တယ်။

လမ်းကောင်းကောင်း မလျှောက်နိုင်တော့ဘဲ ပျော့ခွေနေတဲ့ အမေ့ကို ကျွန်တော် အမှောင်ထဲမှာ တွဲခေါ်လာခဲ့တယ်။ ရထားလမ်းဘေးက ဆေးရုံ အရောက်မှာတော့ ဆေးရုံတံခါးကို တွန်းဖွင့်ပြီး အထဲက ဆရာဝန်ကို နှိုးလိုက်တယ်။ ဆရာဝန်ကလည်း သဘောကောင်းသူဖြစ်ပြီး အမေ့ဒဏ်ရာတွေကို ချက်ချင်း ကုသပေးတယ်။ ကံကောင်းစွာနဲ့ပဲ အမေ့ဒဏ်ရာတွေက တစ်ချက်မှ ချုပ်ဖို့ မလိုခဲ့ဘူး။

အဲဒီနောက် ရထားဘူတာဘေးက ခုံတန်းလေးပေါ်မှာ အစောဆုံး လာမဲ့ ရထားကို စောင့်ရင်း အမေနဲ့ ကျွန်တော် တိတ်တိတ်လေး ထိုင်နေမိတယ်။ ရုတ်တရက် အမေက ကျွန်တော့်ကို စကားစပြောလာတယ်။

“သား စိတ်မပူနဲ့နော်၊ အမေ အလုပ်ကြိုးစားပြီး ပိုက်ဆံစုမယ်၊ ပြီးရင် သားနဲ့ သားညီမလေးတွေ အတွက် အမေ အိမ်ပြန်လာခဲ့မယ်၊ အဲဒီအချိန်ထိအမေ့ကို စောင့်နေပေးနော်''

အမေ့စကားသံမှာ ငိုသံတွေ ရောယှက်နေခဲ့တယ်။ အမေ့မျက်နှာ ဒီလောက်ချောင်ကျပြီး ဖျော့တော့နေတာ အရင်က တစ်ခါမှ မမြင်ဖူးခဲ့ဘူး။ အမေဟာ မျှော်လင့်ချက်တွေ၊ ခံစားချက်တွေ ပျောက်ဆုံးသွားတဲ့ လူတစ်ယောက်ပုံ ပေါက်နေခဲ့တယ်။ ကျွန်တော် အမေ့အတွက် စိတ်ခါတ် မာကျောတဲ့ သားတစ်ယောက် ဖြစ်ချင်ခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်တော့်ရှေ့မှာ ဒဏ်ရာတွေ၊ အညိုအမည်းတွေနဲ့ ပြည့်နှက်နေတဲ့အမေ့ကိုမြင်တော့ ကျွန်တော် စိတ်မထိန်းနိုင်တော့ပါဘူး။ အမေ့ကို ဘာမှ ကူညီမပေးနိုင်တာ တွေးမိလေ ဝမ်းနည်းလေပဲ။ နောက်ဆုံးတော့ မျှော်လင့်ချက်မဲ့စွာနဲ့ ကျွန်တော် ငိုကြွေးခဲ့မိပါတော့တယ်။ ဒီလောက်ဆိုးရွားတဲ့ ဒုက္ခတွေကို အမေ ဘာလို့ခံစားနေရတာလဲ။ အဖေက အမေ့ကို ဘာလို့ အရမ်းမုန်းရတာလဲ။ အမေဟာနူးညံ့သိမ်မွေ့တဲ့ အမျိုးသမီးတစ်ယောက်ပါ။ ကျွန်တော် ဘယ်လိုမှ ဆက်စပ်စဉ်းစားလို့ မရဘူး။

ရထားတစ်စီး ဘူတာကို ဆိုက်ရောက်လာချိန်မှာတော့ အမေက မတ်တတ်ရပ်ပြီး ကျွန်တော့်ကို ခဏပွေ့ဖက်ပါတယ်။ အဲဒီနောက် အမေ ထွက်သွားပါတော့တယ်။ ရထားလက်မှတ်စစ်တဲ့ နေရာနား အရောက်မှာ အမေ

တစ်ချက်လှည့်ကြည့်ပြီး လက်ပြဲ့ယမ်းပြခဲ့တယ်။ ကျွန်တော်လည်း လေးတိလေးတွဲနဲ့ အိမ်ကို ပြန်သွားခဲ့တယ်။ ကျွန်တော် ကျောက်ရုပ်တစ်ရုပ်လို ဖြစ်နေခဲ့ပြီး စိတ်တွေကလည်း ထုံထိုင်းကာ အထီးကျန်နေခဲ့တယ်။

အဖေကတော့ ဘာမှ မဖြစ်ခဲ့သလို ပုံမှန်ပါပဲ။ အဲဒီထက်ပိုဆိုးတာက အမေထွက်သွားပြီး သိပ်မကြာခင်မှာ အဖေ့ရဲ့ မယားငယ် အိမ်ပေါ်ကို ရောက်လာတာပါပဲ။ အဲဒီ အမျိုးသမီးနာမည်က ကာနီဟာရာ။ ပြီးတော့ သူက ကျွန်တော့် အဖေလိုပဲ ကိုရီးယားလူမျိုး။ အဲဒီအမျိုးသမီးက ယုတ်မာ ကောက်ကျစ်ပြီး တော်တော်လည်း ရက်စက်တတ်သူပါ။ အထူးသဖြင့် ကျွန်တော့် ညီမလေးတွေအပေါ်မှာ ရက်စက်ယုတ်မာလှေ့ရှိပါတယ်။ အဖေ ကတော့ အဲဒီအမျိုးသမီးကို တစ်ကြိမ်တောင် မရိုက်ဖူးပါဘူး။ အံ့အားသင့်စရာ ကောင်းလောက်အောင်ပဲ သူတို့နှစ်ယောက်ဟာ အမြဲတမ်း အပေးအယူ မျှပြီး တည့်နေခဲ့ကြတယ်။ အမြဲ ရယ်မောနေပြီး အပြုံးပန်းတွေလည်းဝေလို့၊ သူတို့ အပြုအမူတွေကို ကြည့်ပြီး ကျွန်တော် တော်တော်လေး ရွံမိတယ်။ ကျွန်တော်ကတော့ အမေပြောသလို စိတ်ခံတတ်မာအောင်နေပေမဲ့ ညီမလေး တွေကတော့ အမေ့ကို သေမလောက် သတိရနေကြပြီး ညတိုင်း ငိုယိုနေခဲ့ကြတယ်။ ညီမလေးတွေ ငိုတဲ့အခါတိုင်း ကာနီဟာရာက ရိုက်နှက်ပြီး ဆူပူ အော်ဟစ်လှေ့ရှိတယ်။ ကာနီဟာရာက အဲဒီလိုလုပ်လေ ညီမလေးတွေ ကလည်း အမေ့ကို ပိုသတိရကြလေပါပဲ။

အမေထွက်သွားပြီးနောက်ပိုင်း ကျွန်တော်ကျောင်းကို မသွားတော့ဘဲ နေ့တိုင်း အမေ့ကို တိုကျိုမှာ သွားရှာပါတော့တယ်။ မနက်တိုင်း ရထားစီးပြီး တိုကျိုမြို့ကို သွားတယ်။ ပြီးရင် မြို့ထဲက လမ်းတွေမှာ နာရီပေါင်းများစွာ မရပ်မနား လမ်းလျှောက်ပြီး အမေ့ကို ရှာတယ်။ အဲဒီလို ရှာခဲ့တာဟာ အနည်းဆုံး တစ်နှစ်လောက်တော့ ကြာခဲ့တယ်။ အရှုံးမပေးဖို့ ဆုံးဖြတ်ထားခဲ့ပြီး စားသောက်ဆိုင်တိုင်းမှာ အမေ့ကို ရှာဖွေခဲ့တယ်။ နောက်ဆုံးမှာတော့ ကျွန်တော် ပင်ပင်ပန်းပန်း ရှာဖွေခဲ့ရကျိုး နပ်ခဲ့ပါတယ်။ နေ့လယ်ခင်းတစ်ခုမှာ ကျွန်တော် လမ်းလျှောက်လာရင်း အမေ့ကို စားသောက်ဆိုင် တစ်ခုရဲ့ ပြတင်းပေါက်ကတစ်ဆင့် ဖျတ်ခနဲ လှမ်းမြင်လိုက်ရတယ်။ စားပွဲခုံတွေကို သုတ်နေတဲ့ အမေ့ကိုကြည့်ရင်း ကျွန်တော် ခဏ ကြက်သေသေနေမိတယ်။ အဲဒီမြင်ကွင်းကို ကြည့်ရင်း ကျွန်တော် ငိုကြွေးနေမိတယ်။ ဆိုင်ရှင်အတွက်တော့ ကျွန်တော့်ပုံက သံသယဖြစ်စရာ ကောင်းနေမှာ အသေအချာပါပဲ။ ဒါပေမဲ့ ဆိုင်ရှင်က ကျွန်တော့်ကို ဆိုင်ထဲ လက်ယပ်ခေါ်ခဲ့တယ်။ ဆိုင်ထဲ ရောက်ရောက်ချင်း အမေ့ဆီကို ပြေးသွားပြီး တင်းတင်းကျပ်ကျပ် ဖက်ထားလိုက်တယ်။

ဆိုင်ရှင်က သဘောကောင်းပုံရပြီး ကျွန်တော့်ကို စားစရာတစ်ခု ပေးတယ်။

အဲဒီနောက် ရုတ်တရက် ကျွန်တော့်ပါးစပ်က စကားတွေ ကရားရေလွှတ် ထွက်လာတယ်။ မရပ်မနားကို တောက်လျှောက် ပြောပစ်လိုက်တယ်။ အမေ့ကို အဖေ့ရဲ့မယားငယ်မ ကာနီဟာရာ အကြောင်းလည်း ပြောပြလိုက်တယ်။ အဲဒီအမျိုးသမီး ကျွန်တော်တို့နဲ့ ဘယ်လို အတူတူနေ နေကြောင်း၊ ညီမလေးတွေကို ဘယ်လို ဆက်ဆံကြောင်း၊ ညီမလေးတွေ အမေ့ကို ဘယ်လောက်လွမ်းနေကြောင်း စသဖြင့်မနားတမ်းပြောနေမိတယ်။

အမေက နူးနူးညံ့ညံ့ ပြုံးရင်း "နည်းနည်းလောက် ထပ်ပြီး သည်းခံပေးပါဦး သားရယ်" လို့ ပြန်ပြောတယ်။ အဲဒီနောက် အမေက သူ့ရဲ့လည်ဆွဲနဲ့ လက်စွပ် ကို ချွတ်ပြီး ကျွန်တော့်ကို ပေးတယ်။

"သားတို့ အခက်အခဲ ရှိတဲ့အခါ ဒီဟာတွေကို အပေါင်ဆိုင်မှာ သွားပေါင်လိုက်နော်။ ဒါပေမဲ့မင်းအဖေကိုအမေ့အကြောင်း လုံးဝမပြောပြနဲ့။ သား အမေ့ကို တွေ့ခဲ့တာလည်း ပြန်မပြောပြနဲ့။ အမေ ဘယ်မှာရှိနေလဲ ဆိုတာလည်း မပြောပြနဲ့" လို့ အမေက ကျွန်တော့်ကို မှာတယ်။

ကျွန်တော် အမေ့ကို ပြန်ရှာတွေ့ခဲ့ပြီဖြစ်လို့ ကျောင်းပြန်တက်ခဲ့ပါတယ်။ ကျောင်းဆင်းချိန် ညနေတိုင်းမှာတော့ အမေ့ကို သွားတွေ့လေ့ရှိတယ်။ တစ်ခါတလေ ကျောင်းပိတ်ရက်တွေမှာ ညီမလေးတွေကိုပါခေါ်ပြီး အမေ့ဆီ သွားကြတယ်။ ဆိုင်ရှင်က ကျွန်တော်တို့အပေါ် တော်တော်လေး ကြင်နာပါတယ်။ ကျွန်တော်တို့ မိသားစုအကြောင်း သိနေပုံပါပဲ။ ကာနီဟာရာနဲ့ ပတ်သက်ရင်တော့ သူ ဘယ်လောက်ရိုက်ရိုက် ကျွန်တော် ခံနိုင်နေပါပြီ။ ဘာလို့လဲဆိုတော့ အမေ တစ်နေ့ကျရင် အိမ်ပြန်လာပြီး ကျွန်တော်တို့ကို ကယ်တင်လိမ့်မယ်လို့ ကျွန်တော် အမှန်တကယ် ယုံကြည်ထားခဲ့လို့ပါပဲ။

အခုအချိန်ကျမှ အတိတ်ကို ပြန်စဉ်းစားကြည့်တော့ အဲဒီတုန်းက အဖေ ခံစားနေရတာကို ကျွန်တော် နည်းနည်းလေး နားလည်သလိုလိုတော့ ရှိလာတယ်။ ဒါပေမဲ့ သူလုပ်ခဲ့တာတွေအတွက်တော့ သူ့ကို ခွင့်မလွှတ်နိုင် ပါဘူး။

သူ့အတွက် အရာရာ အဆင်ပြေခဲ့တဲ့ အချိန်တွေတုန်းက သူ့မှာ နောက်လိုက် အပေါင်းအပါတွေ အယောက် (၂၀)၊ (၃၀) လောက် အမြဲ ရှိခဲ့တယ်။ အဲဒီတုန်းက သူက ဆရာကြီးပေါ့။ မှောင်ခို ဈေးကွက်ထဲမှာ လူတစ်ယောက် ဘယ်မှာမွေးတယ်၊ ဘယ်လိုမျိုးရိုးက ဆင်းသက်လာတယ် ဆိုတာတွေက လုံးဝ အရေးမကြီးဘူး။ စစ်သားဟောင်းပဲဖြစ်ဖြစ်၊ အထက် တန်းလွှာပဲဖြစ်ဖြစ်၊ ဂျပန်ပဲဖြစ်ဖြစ်၊ ကိုရီးယားပဲဖြစ်ဖြစ် အဲဒါတွေက အရေးမကြီးဘူး။ အရေးပါတဲ့ တစ်ခုတည်းသောအရာက လူတစ်ယောက်ရဲ့ ကာယခွန်အားပါပဲ။ အဖေဟာ ကြမ်းကြမ်းရမ်းရမ်းနဲ့ ဘယ်လိုနေထိုင်ရမလဲ ဆိုတာကို သိသူပါ။ ဒါပေမဲ့

နောက်ပိုင်းမှာ စစ်ပွဲကြီး ပြီးဆုံးသွားတဲ့အခါ အဖေ့ရဲ့ ကာယခွန်အားက တန်ဖိုး မရှိတော့ပါဘူး။ အဲဒီ အချိန်မှာ ဘယ်နိုင်ငံ သားလဲ၊ ဘယ်လိုမိသားစု မျိုးရိုးက ဆင်းသက်လာလဲ ဆိုတာက ရုတ်တရက် အရေးအကြီးဆုံးအရာ ဖြစ်လာတယ်။ ဒီလို ရုတ်တရက်ပြောင်းလဲသွားချိန်မှာ အဖေဟာ တန်ဖိုးမရှိတဲ့ လူတစ်ယောက် အလိုလိုဖြစ်သွားခဲ့တယ်။ အဖေ့မှာ မိသားစု မျိုးရိုးလည်း မရှိခဲ့ဘူး။ အကျိုးဆက် အနေနဲ့ အလုပ်တစ်ခု ရဖို့ တော်တော်လေး ခက်ခဲတယ်။ ကိုရီးယားအထွေထွေအသင်းကို တရားမဝင် အဖွဲ့အစည်းအဖြစ် သတ်မှတ်လိုက်ချိန်မှာ အဖေ့ရဲ့ အခန်းကဏ္ဍကလည်း အလိုလို ပျောက်ဆုံးသွားခဲ့တယ်။ အဖေ့ရဲ့ အပေါင်းအပါဟောင်း အချို့က 'ဂျပန်ရောက် ကိုရီးယားလူမျိုး သမဂ္ဂ'မှာ ရာထူးတွေတက်သွားချိန် အဖေကတော့ ရာထူးတိုးဖို့ အလားအလာ မရှိဘဲ အောက်ခြေမှာပဲ ရှန်းကန်နေခဲ့ရတယ်။ အဲဒီမကျေနပ်ချက်တွေကို အဖေက အမေ့ပေါ် ပုံချခဲ့ပုံပါပဲ။ အမေ့ရဲ့ မိသားစုဟာ အိမ်ခြံမြေအပိုင်ရှိသူတွေ ဖြစ်သလို အမေကိုယ်တိုင်ကလည်း အထိုက်အလျောက် ပညာတတ်ထားသူ ဖြစ်ပါတယ်။ ဒါတွေက အဖေ မက်မောခဲ့တဲ့ အရာတွေဖြစ်ပြီး တစ်ခါမှ ပိုင်ဆိုင်ခွင့်မရခဲ့တဲ့ အရာတွေလည်း ဖြစ်နေပါတယ်။ ဒါကြောင့် အမေဟာ အဖေ လောကကြီးပေါ် မကျေနပ် သမျှ အရာအားလုံးကို ပုံချဖို့ နေရာတစ်ခု ဖြစ်လာခဲ့တာပါ။ ပထမတော့ အဖေ ကာနီဟာရာကို ဘာလို့ မရိုက်လဲဆိုတာ ကျွန်တော် စဉ်းစားခဲ့ပါ သေးတယ်။ ကျွန်တော် ထင်တာတော့ ကာနီဟာရာဟာ ကိုရီးယားလူမျိုး တစ်ယောက် ဖြစ်နေပြီး သူ့ရဲ့တည်ရှိခြင်းဟာ အဖေ့ဘဝမှာ မရရှိခဲ့တဲ့ အရာတွေကို သတိပေးသလို ဖြစ်မနေခဲ့လို့ပါပဲ။

※

ဒီအဖြစ်အပျက်တွေကနေ ကျွန်တော် သင်ခန်းစာရလိုက်တာတစ်ခုက အဖေ့လိုလူတချို့ဟာ သူတို့ရဲ့ ကာယခွန်အားကို ထုတ်ပြချင်သူတွေ ဖြစ်ပြီး တချို့လူတွေကတော့ အခြား အကြောင်းပြချက် တစ်ခုခုကြောင့် ကြမ်းတမ်း ကြသူတွေ ဖြစ်တယ်ဆိုတာပါပဲ။

ကျွန်တော် မူလတန်းနောက်ဆုံးနှစ် ရောက်တဲ့အချိန်မှာ အဖေက ကျွန်တော့်ကို ကိုရီးယားကျောင်းပို့ဖို့ ဆုံးဖြတ်ခဲ့တယ်။ ကျွန်တော် ကိုရီးယား စကားလည်း မပြောတတ်ခဲ့ပါဘူး။ ကိုရီးယားကျောင်းကို မသွားချင်ခဲ့ပေမဲ့ အဖေ့ကို ကြောက်လွန်းလို့ မငြင်းရဲခဲ့ဘူး။ ဒါကြောင့် သူ့ဆန္ဒအတိုင်း ကိုရီးယားကျောင်း တက်ခဲ့ရတယ်။

※

ကျောင်းမှာရှိတဲ့ ကျွန်တော်တို့ ကျောင်းသားအများစုဟာ ဆင်းရဲတဲ့

မိသားစုမှာ မွေးဖွားခဲ့သူတွေ ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ဆင်းရဲခြင်းဟာ လူမျိုးရေးခွဲခြားမှုကနေ မြစ်ဖျားခံလာခဲ့တာ ဖြစ်ပေမဲ့ ကျောင်းသားအများစု ကတော့ သူတို့ရဲ့ မကျေနပ်ချက်တွေကို မကြာခဏ ထုတ်ဖော်နေလေ့မရှိပါဘူး။ သူတို့က သူတို့ဘဝတွေကို ရှင်သန်အောင်သာ ရုန်းကန်နေကြရတာပါ။ ဒါပေမဲ့ စော်ကားမှုတိုင်းကိုတော့ အမြဲတမ်း ငြိမ်ခံနေကြတာ မဟုတ်ပါဘူး။ ကျွန်တော့် အတန်းဖော် အချို့ဆို ကျောင်းကနေ အိမ်ကို ပြန်တဲ့လမ်းမှာ ကစားရင်း ဂျပန်လူမျိုးတွေနဲ့ မကြာခဏ ရန်ဖြစ်လေ့ရှိတယ်။ အချိန်ကြာလာ တာနဲ့အမျှ ကလေးတိုင်းဟာ လူမျိုးရေး ခွဲခြားခံရမှုတွေကို အကြမ်းဖက်ခြင်းနဲ့ပဲ တုံ့ပြန်ကြပါတော့တယ်။ တုံ့ပြန်နည်းကတော့ ရှင်းပါတယ်။ တစ်စုံ တစ်ယောက်က ကိုယ့်ကို လာရိုက်မယ်ဆိုရင် ကိုယ်က သူရိုက်တာထက် နှစ်ဆပြင်းအောင် ပြန်ဆော်ပါတယ်။

ကျွန်တော့်အတန်းဖော်တွေ အဲဒီလို ပြောင်းလဲသွားတာကို ကြည့်ရင်း ကျွန်တော်ကိုယ်တိုင် ဘာလုပ်သင့်လဲဆိုတာ ဝေခွဲရ ခက်လာတယ်။ သူတို့နဲ့ ကျောင်းအတူတူ တက်တဲ့အချိန် ကြာလာတာနဲ့အမျှ သူတို့နဲ့ ကျွန်တော့် ကြားက ရင်းနှီးမှုလည်း ပိုတိုးလာတယ်လို့ ခံစားလာရတယ်။ ကျွန်တော့် အဘိုးအဘွားတွေနဲ့ အမျိုးတွေပြောခဲ့တာတွေဟာ အမှားတွေဖြစ်ကြောင်း သဘောပေါက်လာတယ်။ ကိုရီးယား လူမျိုးတွေဟာ သူတို့ပြောခဲ့သလို မကောင်းဆိုးဝါးပုံစံတွေ မဟုတ်ပါဘူး။ ကြမ်းကြမ်းတမ်းတမ်း ရှိတာတော့ မှန်ပေမဲ့ သူတို့လည်း မကြမ်းလို့မှ မရပဲကိုး။ ဒါပေမဲ့ သူတို့က နွေးထွေးပြီး ကြင်နာတတ်ကြပါတယ်။ ကိုရီးယားကျောင်းသား အများစုနဲ့ သိပ်မနီးစပ် ပေမဲ့ ကန်ထယ်ဆွန်းဆိုတဲ့ ကောင်လေးနဲ့တော့ စကားပြောဖြစ်လာတယ်။ ကျောင်းသားအများစုရဲ့ ဆံပင်တွေက တိုတိုတုတ်တုတ်တွေ ဖြစ်ပေမဲ့ ကန်ထယ်ဆွန်းရဲ့ ဆံပင်ကတော့ ကျောင်းစည်းကမ်းနဲ့ ဆန့်ကျင်နေပြီး ဖိုသီဖတ်သီ ဖြစ်နေပါတယ်။ သူ့ဆံပင်က ခြသေ့်လည်ဆံမွေးနဲ့ တူနေလို့ သူ့ရဲ့ နာမည်ပြောင်က 'ခြသေ့်' ဖြစ်လာခဲ့တယ်။

ကျွန်တော့်မိသားစုအကြောင်း ခြသေ့် သိသွားပြီးတဲ့နောက်မှာတော့ ကျွန်တော့်ကို သူ့အိမ်လိုက်ခဲ့ဖို့ ဖိတ်ခဲ့တယ်။ သကြားလုံးစက်ရုံ အနီးမှာ ရှိတဲ့ ကိုရီးယား ရပ်ကွက်တစ်ခုကို ဖြတ်ပြီး ကျွန်တော်တို့ လမ်းလျှောက်သွားခဲ့တယ်။ သကြားလုံးနံ့ မွှေးမွှေးလေးကလည်း လေထုထဲမှာ မွှေးပျံ့နေတယ်။ သူ့အိမ်ကိုရောက်သွားတဲ့အချိန်မှာတော့ သူ့အမေက ကျွန်တော့်ကို ဗိုက်ဆာ နေလားလို့ မေးတယ်။ ခဏအကြာမှာတော့ သူ့အမေက မီးဖိုချောင်ထဲ ဝင်သွားခဲ့ပြီး ထမင်း၊ ကိုရီးယား အသီးအရွက်ချဉ်နဲ့ အခြားဟင်းလျာတွေကို သယ်ကာ ပြန်ထွက်လာတယ်။ တစ်ခဏအတွင်း စားပွဲပေါ်မှာ ဟင်းလျာတွေ ပြည့်နှက်သွားတယ်။

ကျွန်တော် အားရပါးရစားပြီး ထမင်းနင်မတတ် ဖြစ်နေတာတောင် သူ့အမေက "များများစားနော်.." လို့ တတွတ်တွတ် ပြောနေသေးတယ်။ ခြသေ့်နဲ့ သူ့အမေက ကျွန်တော်စားနေတာကိုကြည့်ပြီး ပြုံးနေတာ သတိထား မိလိုက်တယ်။ ကျွန်တော့်ဘဝမှာ အမေ့ဆီက အချစ်မေတ္တာကို ခံစားဖူးသလို ညီမလေးတွေကိုလည်း ကျွန်တော် အရမ်းချစ်ပါတယ်။ ဒါပေမဲ့ ဒီတစ်ကြိမ် ဟာ ကိုယ်နဲ့ အမျိုးမတော်တဲ့ လူတွေဆီက မေတ္တာတရားကို ပထမဆုံး ခံစားဖူးခြင်းပါပဲ။ သူတို့သားအမိရဲ့ နွေးထွေးမှုနဲ့ စာနာတတ်မှုက မျက်ကွယ် ပြုလို့မရအောင် ထင်ရှားလွှန်းနေခဲ့တယ်။ အမှန်အတိုင်းပြောရရင် ကျွန်တော် တော်တော်လေး အံ့သြနေခဲ့တာပါ။ အံ့သြလွန်းလို့ ထမင်းမျိုချရတာတောင် ခက်နေခဲ့တယ်။ အဲဒီအချိန်ကစပြီး ခြသေ့်ရဲ့အိမ်ဟာ ကျွန်တော့်အတွက် စိတ်သက်သာရာအရဆုံး နေရာတစ်ခု ဖြစ်လာပါတော့တယ်။ နောက်ပိုင်းမှာ ကျွန်တော့်ဘဝက အနိမ့်အမြင့်၊ အတက်အကျတွေ များခဲ့ပေမဲ့ သူတို့မိသားစုရဲ့ ကြင်နာမှုကို ဘယ်တော့မှ မမေ့နိုင်ခဲ့ပါဘူး။

ခြသေ့်နဲ့ သူငယ်ချင်းဖြစ်လာပြီးနောက်ပိုင်း အခြား အတန်းဖော်တွေနဲ့ စကားပြောရတာလည်း ပိုအဆင်ပြေလာခဲ့တယ်။ ဒါပေမဲ့ ကျွန်တော် သင်ယူနေရတဲ့ သင်ခန်းစာတော်တော်များများဟာ ကိုရီးယားလိုတွေ ဖြစ်တာကြောင့် အများစုကို လုံးဝ နားမလည်ပါဘူး။ သင်္ချာနဲ့ သိပ္ပံဘာသာရပ်ကိုတော့ အတိုင်းအတာတစ်ခုအထိ နားလည်ပါတယ်။ ကျန်တဲ့ဘာသာတွေကိုတော့ တစ်လုံးမှ နားမလည်တာပါ။ ကျွန်တော့်လိုပဲ ကိုရီးယားစကား လုံးဝမပြော တတ်တဲ့ ကျောင်းသားတွေလည်း ရှိပါတယ်။ ဒါပေမဲ့ တစ်ခုတော့ရှိတယ်။ အချို့ဆရာတွေက ကျောင်းစည်းကမ်းကို လျှော့ပေါ့ပြီး တစ်ခါတလေ ဂျပန်လို ရှင်းပြတတ်တယ်။

ကင်အီဆွန်းဟာ ကိုရီးယားနိုင်ငံကို ကိုလိုနီတွေရဲ့လက်အောက်ကနေ လွတ်မြောက်အောင် ကြိုးပမ်းခဲ့တဲ့ ဘုရင်ဖြစ်ကြောင်း ကျွန်တော်တို့ သင်ယူ ခဲ့ရတယ်။ ကင်အီဆွန်းဟာ အမေရိကန်နယ်ချဲ့တွေနဲ့ နယ်ချဲ့လက်ပါးစေ တောင်ကိုရီးယားတွေကို တိုက်ပွဲဆင်နွှဲပြီး အနိုင်ရခဲ့သူ ဖြစ်ကြောင်းလည်း သင်ယူခဲ့ရတယ်။ ကင်အီဆွန်းဟာ ပြိုင်ဘက်ကင်းတဲ့ သံမဏိဗိုလ်ချုပ်ကြီး ဖြစ်ကြောင်း ကျွန်တော်တို့ ခေါင်းထဲကို စနစ်တကျ ရိုက်သွင်းခံခဲ့ရတယ်။ ကျွန်တော့်ဆရာတွေကလည်း တကယ်သစ်စ နိုင်ငံလေးတစ်ခုရဲ့ ခေါင်းဆောင် နေရာကို ယူထားတဲ့ ကင်အီဆွန်းနဲ့ ပတ်သက်ပြီး ဂုဏ်ယူနေကြတာကို ကျွန်တော် သတိထားမိခဲ့တယ်။

အဲဒီကာလအတွင်းမှာ ဂျပန်ဟာ စီးပွားရေးကျဆင်းမှုနဲ့ ရင်ဆိုင်ခဲ့ရတယ်။ ကုမ္ပဏီအများစု ဒေဝါလီခံခဲ့ကြရပြီး အလုပ်လက်မဲ့နှုန်းဟာလည်း ရုတ်တရက် ထိုးတက်လာခဲ့တယ်။ ကိုရီးယားလူမျိုးတွေကတော့ လူတန်းစား အားလုံးရဲ့

အောက်ခြေမှာ ဒီဒုက္ခကို အခံစားရဆုံးပေါ့။ ကိုရီးယားမိသားစုတွေ အတွက် အစကတည်းက ခက်ခဲနေတဲ့ အခြေအနေတွေဟာ အဲဒီအချိန် မှာတော့ အဆိုးရွားဆုံးကို ရောက်ရှိသွားခဲ့တယ်။ တစ်ချိန်တည်းမှာပဲ မြောက်ကိုရီးယား ခေါင်းဆောင် ကင်အီဆွန်းက သူ့အနေနဲ့ မြောက်ကိုရီးယားမှာ ဆိုရှယ်လစ် နိဗ္ဗာန်ဘုံကို တည်ဆောက်နေကြောင်း ထုတ်ဖော် ကြေညာလာခဲ့တယ်။ အဲဒီလှုပ်ရှားမှုကို 'ချော်လီမာလှုပ်ရှားမှု' လို့ ခေါ်ဝေါ် ခဲ့ကြတယ်။ ကျွန်တော်တို့ရဲ့ ဆရာတွေကလည်း ကျွန်တော်တို့လိုပဲ ဆင်းရဲစွာ နေထိုင်နေခဲ့ရသူတွေ ဖြစ်တာကြောင့် မြောက်ကိုရီးယားဟာ သူတို့ကို ဒီအခြေအနေဆိုးထဲက ကယ်ထုတ်နိုင်မဲ့နေရာ ဖြစ်တယ်လို့ ထင်မြင်ခဲ့ကြတယ်။ မြောက်ကိုရီးယားအကြောင်း ဝါဒဖြန့်သူတွေကလည်း မြောက်ကိုရီးယားကို 'ပျော်ရွှင်မှုတွေရှိတဲ့ အောင်မြေ'၊ 'ကမ္ဘာမြေပေါ်က နိဗ္ဗာန်ဘုံ'၊ 'နွားနို့ နဲ့ ပျားရည်တွေ ပေါများတဲ့ အရပ်ဒေသ' စသဖြင့် တင်စား ခေါ်ဝေါ်ခဲ့ကြတယ်။ ကျွန်တော့် ဆရာတွေကလည်း ဒီစကားတွေကို ယုံကြည်လာခဲ့ပြီး အဲဒီမှုသားတွေကို ကျွန်တော်တို့ဆီ လက်ဆင့်ကမ်းပါတော့တယ်။ ဆရာတွေ ပြောတာကို တကယ်တော့ ကျွန်တော် သိပ်အာရုံမရပါဘူး။ ပင်လယ်ကြီးရဲ့ တစ်ဖက်ခြမ်းမှာ 'ကမ္ဘာမြေပေါ်က နိဗ္ဗာန်ဘုံ' ဆိုတာကြီး ရှိတယ်ဆိုတာကို သူတို့ပြောလို့ သိရပေမဲ့ ကျွန်တော့်အတွက်ကတော့ လက်ရှိ အခြေအနေ ကသာ အရေးအကြီးဆုံးဖြစ်နေခဲ့တယ်။ ကျွန်တော့်ဘဝကို လက်ရှိအချိန်မှာ ဘယ်လိုတိုးတက်အောင် လုပ်ရမလဲဆိုတာပဲ စိတ်ဝင်စားတယ်။ အဲဒီ အချိန် တုန်းက လမ်းပေါ်ထွက်ပြီး ဆန္ဒပြသူတွေလည်း အများကြီးရှိခဲ့တယ်။ ကျွန်တော့်မိသားစုကတော့ မသေရုံတစ်မည် ရုန်းကန်နေရပြီး အမြဲတမ်း သောကတွေနဲ့သာ နေထိုင်နေခဲ့ကြရတယ်။ ဒါ့အပြင် ကာနီဟာရီကလည်း ကျွန်တော်တို့နဲ့ အတူတူနေထိုင်နေဆဲပါပဲ။ ကျွန်တော်နဲ့ ညီမလေးတွေလည်း အပတ်တိုင်း ကျောင်းပိတ်ရက်မှာ အမေ့ဆီသွားပြီး ခိုးတွေ့နေရဆဲပါ။ ကျွန်တော့်ဘဝထဲမှာ နေ့စဉ် ဖြစ်ပျက်နေတဲ့ အရာတွေကြောင့် မြောက်ကိုရီးယားရဲ့ နိဗ္ဗာန်ဘုံဆိုတာကြီးကို ဂရုမစိုက်နိုင်ခဲ့ပါဘူး။

အမေ အိမ်ကထွက်သွားပြီး တစ်နှစ်ခန့် အကြာလောက်မှာ မထင်မှတ် ထားတဲ့ အဖြစ်အပျက်တစ်ခု ဖြစ်လာခဲ့တယ်။ တစ်နေ့ ကျွန်တော် အိမ်ကို ပြန်ရောက်ချိန် အိမ်ရှေ့တံခါးနားမှာ ရှူးဖိနပ်တွေ တန်းစီချွတ်ထားတာကို ထူးထူးဆန်းဆန်း တွေ့လိုက်ရတယ်။ အိမ်ထဲကို လှမ်းကြည့်လိုက်တော့ ကျွန်တော်ပိုပြီးအံ့ဩသွားတယ်။ အဖေ့ကို လူအချို့က အော်ဟစ်ကြိမ်းမောင်းနေပြီး ထူးဆန်းတာက အဲဒီလူတွေကို အဖေက အသေအကြေဆော်ပလော်တီးထားတာ မတွေ့ရတာပါပဲ။ အဖေ ဆော်ပလော်မတီးရဲဘူး ဆိုကတည်းက အဖြေတစ်ခုပဲ ရှိပါတယ်။ ဒီလူတွေဟာ သမဂ္ဂက အကောင်ကြီးတွေပဲ ဖြစ်ပါ လိမ့်မယ်။ ကျွန်တော် အခန်းထဲကို မသိမသာ ဝင်သွားပြီး သူတို့ ပြောနေတာတွေကို ခိုးနားထောင်

နေလိုက်တယ်။ အဲဒီလူတွေထဲက တစ်ယောက်က “မင်းကို ငါ ပြောပြမယ်။ မင်းမိန်းမနဲ့ ပတ်သက်တဲ့ကိစ္စကို မဖြေရှင်းနိုင်ရင် ငါတို့ မင်းနဲ့ အဆက်အသွယ်ဖြတ်မယ်'' လို့ ပြောပြီး နောက်တစ်ယောက်ကလည်း “မင်းမဖြေရှင်းရင် ဒီကိစ္စကို ငါတို့ သမဂ္ဂထဲမှာ ဆွေးနွေးရလိမ့်မယ်။ အဲဒီအခါကျရင် မင်းလည်း အကြီးအကျယ် ဒုက္ခရောက်လိမ့်မယ်’ လို့ ပြောနေတယ်။ သူတို့အားလုံး တစ်ယောက်ပြီး တစ်ယောက် အဖေ့ကို အော်ဟစ် ကြိမ်းမောင်းနေကြတယ်။ တစ်ခါတစ်ခါ သူတို့ထိုင်နေတဲ့ ဖျာကို လက်သီးနဲ့ ထုပြီး လေသံမာမာနဲ့ အဖေ့ကို ဆုံးမနေကြတယ်။ အဖေ လုပ်ခဲ့တဲ့ အရာတွေနဲ့ ရွှံစရာကောင်းတဲ့ လုပ်ရပ်တွေကို ပြန်စဉ်းစားဖို့ ဖိအားပေးနေကြတယ်။ တစ်နာရီဝန်းကျင်လောက် အဖေ့ကို အော်ငေါက်အပြီးမှာတော့ သူတို့ ကျေနပ်သွားပုံရပြီး အိမ်ကနေ ပြန်ထွက်သွားခဲ့တယ်။ အဲဒီနောက်မှာတော့ အဖေနဲ့ ကာနီဟာရာတို့လည်း အိမ်ကနေထွက်သွားကြတယ်။ ဒါပေမဲ့ သူတို့ ဘယ်ကိုသွားကြမှန်းတော့ ကျွန်တော်လည်း မသိပါဘူး။ အဲဒီနေ့ညမှာတော့ အဖေတစ်ယောက်တည်း အိမ်ကို ပြန်လာခဲ့တယ်။ အဲဒီအချိန်ကစပြီး နောက်ပိုင်းမှာ ကာနီဟာရာကို တစ်ခါမှ မတွေ့ရတော့ပါဘူး။

ရက်အနည်းငယ်ကြာအပြီးမှာတော့ သမဂ္ဂကလူအချို့နဲ့အတူ အမေ ကျွန်တော်တို့ အိမ်တံခါးဝကို ရောက်လာတယ်။ ရုတ်တရက် ပြောင်းလဲ သွားတဲ့ အဖြစ်အပျက်တွေကို ကျွန်တော်ဖြင့် မယုံနိုင်လောက်အောင်ပါပဲ။ ကျွန်တော် အမေ့ကို အံ့ဩမှင်တက်စွာနဲ့ပဲ ကြည့်နေမိခဲ့တယ်။ သမဂ္ဂက လူတွေထဲက တစ်ယောက်က အမေ့ရှေ့မှာ ရိုရိုသေသေ ထိုင်ချလိုက်ပြီး “ခင်ဗျား ယောကျ်ားက အခုအချိန်ကစပြီး ရမ်းရမ်းကားကား မလုပ်တော့ဘဲ အပြုအမူတွေကို ပြင်ပါတော့မယ်လို့ ကတိပေးထားတယ်။ ခင်ဗျား သူနဲ့ အိမ်ထောင်ရေးကို အစက ပြန်စချင်လား။ ဒါဟာ ခင်ဗျားတစ်ယောက်တည်း အတွက် မဟုတ်ပါဘူး။ ခင်ဗျားကလေးတွေအတွက်လည်း စဉ်းစားပါ"လို့ အမေ့ကို ပြောလာတယ်။ အမေက အံ့အားသင့်နေပြီး ပြောစရာစကား မရှိတဲ့ပုံ ဖြစ်နေခဲ့တယ်။ ဒါပေမဲ့ နောက်ဆုံးမှာတော့ အိမ်ကိုပြန်လာဖို့ အမေ သဘောတူလိုက်တယ်။ ညီမလေးတွေကတော့ အမေပြန်လာလို့ ပျော်နေကြ ပေမဲ့ ကျွန်တော်ကတော့ စိုးရိမ်နေမိတယ်။ အဖေ အမေ့ကို ပြန်ရိုက်မဲ့ အကြောင်းပဲ တွေးနေမိတယ်။ ဘယ်တော့ ပြန်ရိုက်မလဲဆိုတာပဲ မသိသေးတာလေ။ ဒီလိုနဲ့ တစ်ရက်တာ ကုန်ဆုံးသွားခဲ့တယ်။ အဖေ အမေ့ကို မရိုက် သေးပါဘူး။ တစ်ပတ်တာ ကုန်ဆုံးသွားချိန်မှာလည်း မရိုက်ပါဘူး။ အဖေဟာ အမေ့ကိုနောက်ပိုင်းမှာ တစ်ကြိမ်မှ မရိုက်တော့ပါဘူး။ သမဂ္ဂက လွှတ်ထားတဲ့ လူတွေကလည်း ကျွန်တော်တို့ အိမ်ကို မကြာခဏလာလည်ပြီး အခြေအနေ ကို စောင့်ကြည့်နေကြတယ်။

အခြေအနေတွေပြောင်းလဲလာတာဟာ ဒီမှာတင် ရပ်တန့်မသွားပါ ဘူး။ သမဂ္ဂကလူတွေက အဖေအလုပ်မရှိတာနဲ့ပတ်သက်ပြီး မကြာခဏ အဖေ့ကို လာဆူပါတယ်။ တစ်ခါတလေ အိမ်ကိုရောက်လာပြီး အတောမသတ်အောင် ဆူလေ့ရှိတယ်။ “မင်းကိုယ်မင်း ကြည့်ဦး၊ မင်းမှာ အလုပ် မရှိဘူး၊ ပြီးတော့ တစ်နေ့တစ်နေ့ မင်းဘာလုပ်လဲ၊ အချိန်ပြည့် မူးရူးနေပြီး မင်းမိန်းမကို စိတ်ဆင်းရဲအောင် လုပ်တယ်။ ဒါပေမဲ့ အဲဒီကို သွားမယ်ဆိုရင် မင်းလုပ်လို့ရမဲ့ အလုပ်တွေ ပေါမှပေါ။ မင်းကလေးတွေကိုလည်း တက္ကသိုလ် ထားနိုင်လိမ့်မယ်”

‘အဲဒီကို’ဆိုတာ ဘယ်နေရာကို ပြောနေမှန်းတော့ ကျွန်တော်လည်း မသိပါဘူး။ ဒါပေမဲ့ သူတို့က ‘အဲဒီကို” ပြန်သွားဖို့ပဲ အထပ်ထပ် အခါခါ ပြောနေတယ်။ တစ်ခါတလေ သူတို့ အဖေ့ကို ညဥ့်နက်တဲ့အထိ ဖျောင်းဖျ နေတတ်တယ်။ ကျွန်တော့်အခန်းနဲ့ သူတို့စကားပြောနေတဲ့ အခန်းကြားက နံရံက ပါးပါးလေးမို့ သူတို့ပြောသမျှ စကားလုံးတိုင်းကို အတိုင်းသား ကြားနေ ရတယ်။ သူတို့ ဆွေးနွေးနေတဲ့အရာဟာ ကျွန်တော့်ဘဝကို လုံးဝ ပြောင်းလဲ သွားစေမဲ့အရာပါ။ သူတို့ပြောနေတဲ့ အကြောင်းအရာကို စဉ်းစားတိုင်း ကျွန်တော် ကြောက်ဒူးတုန်နေမိတယ်။ နောက်တော့ ကျောင်းမှာလည်း ဒီအကြောင်းပဲ လူတွေ ပြောလာကြပါတော့တယ်။ “မြောက်ကိုရီးယားက မင်းတို့နိုင်ငံ၊ မြောက်ကိုရီးယားက ကမ္ဘာမြေပေါ်က နိဗ္ဗာန်ဘုံ၊ အခုအချိန်က အခွင့်အရေးကောင်းပဲ၊ အိမ်ကို ပြန်ကြပါ" စတာတွေပဲ ကြားလာရတယ်။ ဒါပေမဲ့ မြောက်ကိုရီးယားက ကျွန်တော့်နိုင်ငံမှမဟုတ်တာ။ မြောက်ကိုရီးယား နဲ့ ကျွန်တော် ဘာမှမသက်ဆိုင်ဘူးလေ။ ဘာလို့ သူတို့က အဖေ့ကို ပြန်သွားဖို့ တွန်းအားပေးနေကြတာလဲ။

ကျွန်တော် အမှတ်မမှားဘူးဆိုရင် ၁၉၅၈ ခုနှစ် စက်တင်ဘာလ (၈)ရက်နေ့မှာ ကျွန်တော်တို့ ကင်အီဆွန်းရဲ့မိန့်ခွန်းကို ကျောင်းမှာ နားထောင် ခဲ့ရတယ်။ ကင်အီဆွန်းရဲ့ မိန့်ခွန်းထဲမှာ “ဂျပန်နိုင်ငံမှာ ရှိနေတဲ့ ကျုပ်တို့ရဲ့ နိုင်ငံသားတွေဟာ လူ့အခွင့်အရေးမရရှိဘဲ နေထိုင်နေကြရတယ်။ လူမျိုးရေး ခွဲခြားခံနေကြရတယ်။ အဲဒီလိုနှိမ့်ချ ဆက်ဆံခံနေရတာကြောင့် သူတို့တွေဟာ ဆင်းရဲတွင်း နက်နေကြရတယ်။ သူတို့တွေဟာ သူတို့ရဲ့ အမိမြေကို ပြန်လာ ချင်နေကြပြီး ကျုပ်တို့ကလည်း သူတို့ကို ပြန်လည် ကြိုဆိုချင်ပါတယ်။ ကျုပ်တို့ ပြည်သူ့သမ္မတနိုင်ငံအစိုးရက ဂျပန်ရောက်နေတဲ့ ကျုပ်တို့နိုင်ငံသား တွေ အမိမြေကို ပြန်လာတဲ့အခါ ဘဝသစ်တစ်ခု တည်ထောင်နိုင်အောင် သေချာစီစဉ်ပေးပါမယ်။ သူတို့ရဲ့ ဘဝနေထိုင်မှုအတွက် အခြေအနေကောင်း တစ်ခု ဖန်တီးပေးမယ်ဆိုတာ ကျုပ်တို့အာမခံပါတယ်" ဆိုတဲ့ စကားမျိုးတွေ ပါဝင်ပါတယ်။

“မြောက်ကိုရီးယားကို ပြန်လာကြ" ဆိုတဲ့ စကားစုကို ကျွန်တော်

နားမလည်ခဲ့ပါဘူး။ တကယ်ဆို အဖေက ကိုရီးယားနိုင်ငံ တောင်ပိုင်းမှာ မွေးဖွားခဲ့သူပါ။ အဖေ့ကို မွေးတုန်းက မြောက်ကိုရီးယားဆိုတဲ့ နိုင်ငံ မပေါ်သေးပါဘူး။ အဖေက သူ့ဘဝမှာ တစ်ခါမှ မသိခဲ့တဲ့ နေရာတစ်ခုကို ဘာလို့ ပြန်ရမှာတုံး။

ကင်အီဆွန်းရဲ့ မိန့်ခွန်းအပြီးမှာတော့ ကိုရီးယားအထွေထွေအသင်းက လူသားချင်းစာနာမှုဆိုတဲ့ ခေါင်းစဉ်တပ်ပြီး နေရပ်ပြန်ပို့တဲ့ လှုပ်ရှားမှုကြီး စတင်ခဲ့ပါတော့တယ်။ နောက်တစ်နှစ်ဖြစ်တဲ့ ၁၉၅၉ ခုနှစ်မှာတော့ ဂျပန်ကြက်ခြေနီအဖွဲ့အစည်းနဲ့ ကိုရီးယားကြက်ခြေနီအဖွဲ့အစည်းတို့ဟာ “နေရပ်ပြန်ရေးသဘောတူညီမှု ကို ကာလကတ္တားမြို့မှာ လျှို့ဝှက်ဆွေးနွေးခဲ့ကြတယ်။ အဲဒီဆွေးနွေးမှုကြီး ပြီးလို့ သိပ်မကြာခင်မှာပဲ ဂျပန်နိုင်ငံ နီဂါတာ ဆိပ်ကမ်းကနေ မြောက်ကိုရီးယားပြည်တော်ပြန်တွေကို သင်္ဘောတစ်စင်းစာ ပြန်ပို့ပေးခဲ့တယ်။ အဲဒီလိုပြန်ပို့ပြီးနောက်ပိုင်း ‘ဂျပန်ရောက်ကိုရီးယားလူမျိုး သမဂ္ဂ'ကလူတွေဟာ မကြာခဏဆိုသလိုကျွန်တော်တို့အိမ်ကို ရောက်လာပြီး မြောက်ကိုရီးယားကို ပြန်ဖို့ ဆွဲဆောင်ပါတော့တယ်။ သူတို့ဟာ အစုလိုက် အပြုံလိုက် နေရပ်ပြန်တဲ့ ကိစ္စကို တော်တော်လေး သဘောကျနေခဲ့ပုံပါပဲ။

နေရပ်ပြန်တဲ့ ဒီအလိမ်အညာ ဝါဒဖြန့်မှုကို နိုင်ငံတကာ ကြက်ခြေနီကော်မတီက သိခဲ့ပါသလား။ အမေရိကန်နိုင်ငံကရော သိခဲ့ပါသလား။ ကုလသမဂ္ဂကရော သိခဲ့ပါသလား။ သိပ်သိခဲ့ကြတာပေါ့။ ဒီကိစ္စကို သူတို့ သိခဲ့ပေမဲ့ ဘာလုပ်ပေးခဲ့ကြသလဲဆိုတော့ ဘာမှမလုပ်ပေးခဲ့ကြပါဘူး။

နေရပ်ပြန်တဲ့ လှုပ်ရှားမှုကြီး စတင်ခဲ့တဲ့ အစောပိုင်း ကာလတွေမှာ လူပေါင်း(၇၀၀၀၀)လောက် ဂျပန်ကို စွန့်ခွာပြီး ပင်လယ်တစ်ဖက်ခြမ်းက မြောက်ကိုရီးယားကို သွားခဲ့ကြတယ်။ ဒီပြောင်းရွှေ့မှုကြီးဟာ ကြားထဲမှာ သုံးနှစ်လောက် ခဏ ရပ်တန့်ခဲ့တာကို ထည့်မတွက်ရင် ၁၉၈၄ ခုနှစ်အထိဖြစ်ပွားနေခဲ့တာ ဖြစ်ပါတယ်။ အဲဒီအချိန် အတောအတွင်း ကိုရီးယားလူမျိုး တစ်သိန်းနဲ့ ဂျပန်လူမျိုးဇနီးသည်နှစ်ထောင်လောက် ပင်လယ်တစ်ဖက်ခြမ်း က မြောက်ကိုရီးယားကိုပြောင်းရွှေ့ခဲ့ကြတယ်။ ဒါဟာ တကယ်ကိုကြီးမားတဲ့ အစုလိုက်အပြုံလိုက် ပြောင်းရွှေ့မှုကြီး ဖြစ်ပါတယ်။ တကယ်တော့ ဒါဟာ သမိုင်းမှာ အရင်းရှင်နိုင်ငံတစ်ခုကနေ ဆိုရှယ်လစ်နိုင်ငံတစ်ခုကို လူအမြောက် အမြား ပြောင်းရွှေ့တဲ့ ပထမဆုံးနဲ့ တစ်ခုတည်းသော ဖြစ်ရပ်လည်း ဖြစ်ပါတယ်။

ဂျပန်အစိုးရကလည်း ဒီနေရပ်ပြန် ပြောင်းရွှေ့မှုကြီးကို အားပေးအားမြှောက်လုပ်ခဲ့ပါတယ်။ လူသားချင်းစာနာမှုဆိုတဲ့ ခေါင်းစဉ်အောက်ကနေပေါ့။ ဒါပေမဲ့ ကျွန်တော့်အမြင်တော့ သူတို့လုပ်ခဲ့တဲ့လုပ်ရပ်ဟာ မသတီစရာ

အကောင်းဆုံး၊ အတ္တအကြီးဆုံး လုပ်ရပ်တစ်ခုသာဖြစ်ပြီး အဲဒီအခွင့်အရေးကို သူတို့ အမိအရ ဆုပ်ကိုင်ခဲ့တာ ဖြစ်ပါတယ်။ ဂျပန်အင်ပါယာ ကြီးမားခဲ့တဲ့ အချိန်တုန်းက ဂျပန်တွေဟာ ကိုရီးယားလူမျိုး ထောင်ပေါင်းများစွာကို ကျွန်အလုပ်သမားတွေအဖြစ် သိမ်းပိုက်ပြီး ဂျပန်ပြည်ကို ခေါ်ဆောင်သွားခဲ့ ကြတယ်။ နောက်ပိုင်းမှာတော့ အမြောက်စာ အကျွေးခံဖို့ သီးသန့်သုံးတဲ့ စစ်သားတွေအဖြစ် ဆက်လက်အသုံးပြုကြတယ်။ အခုတော့ ဂျပန်အစိုးရက စစ်လွန်ကာလမှာ ဆင်းရဲမွဲတေပြီး လူမျိုးရေး ခွဲခြား ဆက်ဆံခံနေရတဲ့ ကိုရီးယားလူမျိုးတွေနဲ့ သူတို့ရဲ့ မိသားစုတွေ ဆူပူအုံကြွလာမှာကို စိုးရိမ်လာခဲ့ ပြီလေ။ သူတို့ကို ကိုရီးယားပြန်ပို့လိုက်ရင် ဒီပြဿနာကို အလိုအလျောက် ဖြေရှင်းပြီးသား ဖြစ်ရောပေါ့။ အကြောင်းရင်းကတော့ ဒီထက် မပိုပါဘူး။

မြောက်ကိုရီးယားအစိုးရဘက်က ကြည့်ရင်လည်း ကိုရီးယားစစ်ပွဲကြီး အပြီးမှာ သူတို့နိုင်ငံ ပြန်လည်ထူထောင်ဖို့ လုပ်သားပေါင်းများစွာ လိုနေခဲ့ တယ်လေ။ ဒီလို အနေထားမျိုးမှာ အလုပ်သမားတွေ အစုလိုက် အပြုံလိုက် ရောက်လာတာထက် ခွင်ကျတာ ဘယ်မှာရှိလိမ့်မလဲ။ ကင်အီဆွန်းက သူ ခေါင်းဆောင်နေတဲ့ ကိုရီးယား ဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံဟာ တောင်ကိုရီးယားထက် ပိုတိုးတက်တဲ့နိုင်ငံ ဖြစ်ကြောင်း သက်သေပြချင် နေခဲ့တာပါ။ ကိုရီးယားတွေ ထောင်ပေါင်းများစွာ ပြန်လာပြီး သူ့အတွက် အသုံးတော်ခံမယ် ဆိုတဲ့အချက်က ကင်အီဆွန်းရဲ့ ကြမ်းတမ်းရက်စက်တဲ့ အိမ်မက်တွေကို မီးလောင်ရာလေပင့် လုပ်ပေးလိုက်သလိုပါပဲ။

ဒီတော့ အစုလိုက်အပြုံလိုက်ပြည်တော်ပြန်တဲ့ကိစ္စဟာ အစိုးရနှစ်ဖက် လုံးအတွက် သတင်းကောင်း ဖြစ်နေခဲ့ပါတယ်။ ဒီကိစ္စကြီးမှာ ပါဝင်နေတဲ့ တကယ့် လူသားတွေက လွဲလို့ ကျန်တဲ့ လူတိုင်းအတွက် အကျိုးရှိတဲ့ အခြေအနေတစ်ခု ဖြစ်နေခဲ့တယ်။ ဝါဒဖြန့်သူတွေကလည်း ကလေးကလား ကြွေညာချက်တွေနဲ့ အင်တိုက်အားတိုက် ဝါဒဖြန့်ခဲ့တယ်။ ''မြောက်ကိုရီး ယားမှာ ပညာသင်ရင်း၊ အလုပ်လုပ်ရင်း၊ ဘဝကို ပျော်ပျော်ပါးပါး ဖြတ်သန်း လိုက်ပါ''၊ "မြောက်ကိုရီးယားဟာ ကမ္ဘာမြေပေါ်က နိဗ္ဗာန်ဘုံတစ်ခုပါ" စသဖြင့် စုံလို့ပါပဲ။ ဒီဝါဒဖြန့်မှုကြီးအတွက် သမဂ္ဂနဲ့ မီဒီယာတွေမှာလည်း အပြစ်ရှိခဲ့ပါတယ်။ သမဂ္ဂက လူတွေဟာ လှည့်စားခံခဲ့ရပြီး ထင်ယောင် ထင်မှား ဖြစ်နေခဲ့ကြတာ ဖြစ်ပါတယ်။ မီဒီယာတွေကလည်း အံ့သြဖွယ် ကောင်းလောက်အောင် အဲဒီ အလိမ်အညာတွေကို ယုံပြီး လူထုကြားထဲ ဖြန့်ခဲ့ပါတယ်။ သူတို့က ဂျပန်တွေရဲ့ ကိုလိုနီနယ်ချဲ့အတိတ်နဲ့ ပတ်သက်ပြီး အပြစ်ရှိသလို ခံစားနေရတာတော့ မှန်ပါတယ်။ ဒါပေမဲ့ အဲဒီအပြစ်ရှိသလို ဖြစ်နေတဲ့ခံစားချက်ကြောင့် သူတို့ရဲ့ ဆုံးဖြတ်ချက်တွေ ပိုမှန်ကန်လာခဲ့တာတော့ မဟုတ်ပါဘူး။ အဲဒီ စိတ်ခံစားချက်ကပဲ သူတို့ရဲ့ တွေးခေါ်နိုင်စွမ်းနဲ့ စဉ်းစားချင့်ချိန်နိုင်စွမ်းကို ဝေဝါးစေခဲ့တာ ဖြစ်ပါတယ်။ ကျွန်တော်

ဆိုလိုတာ က အဲဒီအချိန်တုန်းက (၂၀)ရာစုရဲ့ တစ်ဝက်ကိုရောက်နေပြီလေ။ သူတို့က ကျွန်တော်တို့ကို စာနာတယ်၊ သနားတယ်လို့ ပြောတယ်။ ပြီးတော့ "ကွန်မြူနစ်စနစ်နဲ့ နိဗ္ဗာန်ဘုံဆီ သွားမယ်" ဆိုတာကို ယုံနေသေးတယ်ပေါ့။ ဒီလို သတင်းအမှားတွေကို ဝါဒဖြန့်ခဲ့သူတွေထဲက တစ်ယောက်ယောက်များ သူတို့ရဲ့ လုပ်ရပ်တွေကြောင့် လူတွေ ဒုက္ခ အကြီးအကျယ် ရောက်ခဲ့ကြပြီး စိတ်ဆင်းရဲကိုယ်ဆင်းရဲဘဝတွေ ဖြတ်သန်းခဲ့ရတယ်ဆိုတာ နောက်ပိုင်းမှာ သဘောပေါက်သွားလား ကျွန်တော် သိချင်မိတယ်။

ဒါပေမဲ့လည်း လူတွေ မြောက်ကိုရီးယားကို ပြောင်းရွှေ့ ကြတာဟာ နိဗ္ဗာန်ဘုံဆိုတဲ့ ဝါဒဖြန့်မှုကြီးကို ယုံလို့ မဟုတ်ဘူးလို့ ကျွန်တော်ကတော့ ထင်တယ်။ အဲဒီအချိန်တုန်းက နေရပ်ပြန်ခဲ့ကြတဲ့ ကိုရီးယားအများစုအတွက် ရိုးရိုးရှင်းရှင်းနဲ့ ဆွဲဆောင်မှုရှိတဲ့ ကတိစကားကတော့ “ခင်ဗျားတို့ အမိမြေကို ပြန်လာရင် အစိုးရက ခင်ဗျားတို့အတွက် တည်ငြိမ်တဲ့ဘဝတစ်ခု တည်ဆောက် ပေးမှာဖြစ်ပြီး ခင်ဗျားတို့ရဲ့ ကလေးတွေလည်း အဆင့်မြင့် ပညာရေးစနစ်နဲ့ ပညာသင်ယူစေရမယ်လို့ ကတိပြုပါတယ်" ဆိုတဲ့ စကားပါ။ အလုပ်လက်မဲ့ ဖြစ်နေကြတဲ့၊ လုပ်ခလစာအနိမ့်ခံနေရတဲ့၊ ရသမျှအလုပ်ကို ရှာဖွေလုပ်ကိုင် စားသောက်နေရတဲ့ ကိုရီးယားလူမျိုးပေါင်း များစွာအတွက် ‘တည်ငြိမ်တဲ့ဘဝ ရပြီး သားသမီးတွေလည်း ပညာကောင်းကောင်း သင်ရမယ်' ဆိုတဲ့ ကတိစကား ဟာ ‘နိဗ္ဗာန်ဘုံ' ဆိုတဲ့စကားထက် အများကြီး ပိုဆွဲဆောင်မှု ရှိခဲ့ပါတယ်။

※

၁၉၅၉ ခုနှစ်၊ ညနေခင်းတစ်ခုမှာ ကျွန်တော် ကျောင်းကနေ အိမ်ကို ပြန်ရောက်လာချိန် အဖေက “ငါတို့ ငါ့အမိမြေကို ပြန်ကြမယ်"လို့ ကြေညာခဲ့ပါတယ်။ “မဖြစ်နိုင်ဘူး၊ ကျွန်တော်မသွားချင်ဘူး"လို့ ကျွန်တော် ခေါင်းခါပြီး ဒေါသတကြီး ပြန်ပြောလိုက်တယ်။ ကျွန်တော့်ရဲ့ နှလုံးခုန်သံတွေကလည်း မြန်နေပြီး အမေနဲ့ ညီမလေးတွေကို အကူအညီရမလားလို့ လှည့်ကြည့်လိုက် မိတယ်။ ညီမလေးတွေက ကျွန်တော်တို့ ပြောနေတဲ့ အကြောင်းအရာကို သဘောပေါက်နိုင်တဲ့ အရွယ် မဟုတ်သေးပါဘူး။ ဒါကြောင့် သူတို့က အဖေ ပြောနေတာကိုပဲ မျက်လုံးလေး ကလယ်ကလယ်နဲ့ ကြည့်နေကြတယ်။ “ငါတို့ ဒီမှာနေတော့ရော ဘာစားစရာရှိလို့လဲ။ ဘာဆိုဘာမှကို စားစရာမရှိဘူး။ ဒါပေမဲ့ ငါတို့ အဲဒီကိုသွားရင် ငါတို့မှာ တည်ငြိမ်တဲ့ဘဝတစ်ခု ရလာလိမ့် မယ်။ ငါတို့ ဒီမှာ တစ်ခါမှမရဖူးတဲ့ ဘဝမျိုး ရလိမ့်မယ်ကွ” လို့ အဖေက ဆက်ပြောနေတယ်။ အမေက တုန်ရီနေတဲ့အသံနဲ့ “ဒါပေမဲ့ ကျွန်မ ကိုရီးယား စကားမှ မပြောတတ်တာရှင်။ ကျွန်မ အဲဒီမှာ ဘယ်လိုလုပ်နေလို့ရမှာလဲ'' လို့ ဝင်ပြောတယ်။ အမေ တော်တော်လေးကြောက်နေပုံပါပဲ။ အမေ အဖေ့စကားကို ဆန့်ကျင်ပါစေလို့

ကျွန်တော် မျှော်လင့်နေမိခဲ့တယ်။ ဒါပေမဲ့ တစ်ချိန်တည်း မှာပဲ အမေဟာ သူမသွားဘူးလို့ ယတိပြတ် မငြင်းရဲတာကိုလည်း ကျွန်တော် သတိထားမိခဲ့တယ်။

အဖေပြောတဲ့ကိစ္စကို အဘွားကို ပြောပြလိုက်ချိန်မှာတော့ အဘွားက ဒေါသူပုန်ထပါတော့တယ်။ အဘွားက ယမ်းပုံမီးကျသလိုဖြစ်ပြီး“တော်တော် ဆိုးရွားတဲ့အကြံပဲ။ နင်တို့ အတည်ပြောနေတာမှ ဟုတ်ရဲ့လား။ ကိုရီးယားတွေ က နင့်ယောက်ျားလိုပဲ အရိုင်းအစိုင်းတွေ၊ ဒါ့အပြင် နင်နဲ့ နင့်ကလေးတွေက ဂျပန်တွေလေ။ မြောက်ကိုရီးယားက လူတွေက နင်တို့ကို မုန်းတီးပြီး အနိုင်ကျင့်ကြလိမ့်မယ်။ ဒီကိစ္စကို ဆက်လုပ်ရင် ဆိုးဆိုးရွားရွားဖြစ်လိမ့်မယ် ဆိုတာ ငါ သိနေတယ်နော်” လို့ ဒေါသတကြီး တုံ့ပြန်ခဲ့တယ်။ အဘွား အဲဒီလောက် ဒေါသထွက်တာ ကျွန်တော့်တစ်သက် တစ်ခါမှ မကြုံခဲ့ဖူးဘူး။

ကျွန်တော်တို့သားအမိ အိမ်ပြန်ရောက်တော့ သမဂ္ဂက ကပ်ပါးကောင် အချို့ အိမ်မှာ ရစ်သီရစ်သီ လာလုပ်နေကြပြန်တယ်။ သူတို့က အမေ့ကို နေ့တိုင်းလာတွေ့ပြီး တရားချကြတယ်။ တဖြည်းဖြည်းနဲ့ အမေ မငြင်းနိုင် အောင် လာစည်းရုံးကြတယ်။ “နင် အဲဒီကိုသွားရင် နင့်ဘဝမှာ စကားများ ရန်ဖြစ်ရတာတွေလည်း ရှိတော့မှာမဟုတ်ဘူး။နင့်ကလေးတွေလည်း အခမဲ့ ကျောင်းတက်နိုင်လိမ့်မယ်။ နောက်သုံးနှစ်လောက်ကြာရင် နင် ဂျပန်ကို ပြန်လာလည်လို့ရပြီလေ’” ဆိုတဲ့ စကားမျိုးတွေသုံးပြီး အမေ့ကို အယုံသွင်းခဲ့ ကြတယ်။ အလိမ်အညာ အယုတ်တမာကောင်တွေ။ သူတို့ကို ကျွန်တော် တော်တော် မုန်းမိတယ်။

နောက်ဆုံးတော့ သူတို့ အနိုင်ရသွားခဲ့တယ်လေ။ အယုတ်တမာတွေ အနိုင်ရသွားခဲ့တယ်။ အမေက အဖေနဲ့အတူ မြောက်ကိုရီးယားကို သွားဖို့ သဘောတူလိုက်တယ်။ ကျွန်တော်ဖြင့် အံ့သြလို့မဆုံးဘူး။ တော်တော်လည်း စိတ်ပျက်လက်ပျက် ဖြစ်မိတယ်။ အမေ ဘာတွေများ တွေးနေပါလိမ့်။ ဘယ်လို အကြောင်းကြောင့်များ အဖေနဲ့ လိုက်သွားဖို့ ဆုံးဖြတ်ရတာလဲ အမေရယ်။ အချစ်ကြောင့်လား...။

ဒီလောက် သူ့ကို နှိပ်စက်ခဲ့ပြီးတာတောင် ချစ်နေသေးခဲ့တာလား...။ လိုက်သွားဖို့ တာဝန်ရှိတယ်လို့ အမေယူဆခဲ့လို့များလား...။ ဒါမှမဟုတ် ပိုကောင်းမွန်တဲ့ဘဝတစ်ခုရမယ်ဆိုတဲ့ ကတိကို အမေ တကယ်ယုံခဲ့တာလား...။ ဒီအဖြေကို ကျွန်တော် ဘယ်တော့မှ သိနိုင်တော့မှာ မဟုတ်ပါဘူး။

ကျွန်တော်တို့ ထွက်ခွာရမဲ့ရက်ကို ၁၉၆၀ ခုနှစ် ဇန်နဝါရီလထဲမှာ သူတို့ စီစဉ်ပေးခဲ့ကြတယ်။ ထွက်ခွာရမဲ့နေ့ ရောက်တဲ့အခါမှာတော့ အဖေ ရယ်၊ အမေရယ်၊ ညီမလေးတွေရယ်၊ ကျွန်တော်ရယ် ကျွန်တော်တို့အိမ်လေး ကို နောက်ဆုံးအကြိမ်

စွန့်ခွာခဲ့ကြပြီး လူတွေ ပြည့်ကျပ်ညပ်နေတဲ့ ရှင်နာဂါဝါ ဘူတာကို သွားခဲ့ကြတယ်။ မမျှော်လင့်သင့်ဘူးဆိုတာ သိနေပေမဲ့ လူအုပ်ကြီး ထဲမှာ အဘွား သို့မဟုတ် ဦးလေးတွေ သို့မဟုတ် အမျိုးတွေများ တွေ့မလား ဆိုပြီး တစ်ချက် ကြည့်မိသေးတယ်။ ဒါပေမဲ့ သူတို့ရဲ့ အရိပ်အယောင် တစ်စက်တောင် မတွေ့ရပါဘူး။ အဘွားက အမေ့ကို အပြီးသတ် စွန့်လွှတ် လိုက်ပြီဖြစ်ပြီး အမေနဲ့ ဘယ်တော့မှ စကားမပြောတော့ဘူးလို့ ကြေညာခဲ့ ပြီးသားပါ။ ဒါပေမဲ့ ဘယ်လိုပဲဖြစ်ဖြစ် အမျိုးထဲက တစ်ယောက်ယောက် လာနှုတ်ဆက်မယ်လို့ ကျွန်တော် မျှော်လင့်နေမိခဲ့တယ်။ လေမှုတ်တူရိယာ သံစုံတီးဝိုင်း တစ်ခုက ဟန်ပါပါချီတက်ရင်း တီးမှုတ်နေတဲ့ အသံတွေကို လူအုပ်ကြီးရဲ့ အပေါ်ဘက်မှာရှိတဲ့ စပီကာတစ်ခုကနေ နားကွဲမတတ် ကြားနေရတယ်။ နေရာတိုင်းမှာ လူတွေကလည်း အောင်ပွဲခံတဲ့ အသံတွေ အော်ဟစ်နေကြတယ်။

ကျွန်တော့်သူငယ်ချင်း ခြသေ့်က လူအုပ်ကြားထဲအတင်းတိုးဝင်လာပြီး ကျွန်တော့်ပခုံးကို လှမ်းဆွဲလိုက်တယ်။ သူ့မျက်နှာမှာလည်း မျက်ရည်တွေနဲ့။

“မင်း တကယ်သွားတော့မှာလား"

“ငါ မင်းဆီကို စာရေးပါ့မယ်ကွ။ ပြီးရင် တစ်နေ့ ငါပြန်လာခဲ့မယ်လို့ ကတိပေးပါတယ်"

ကျွန်တော် အဲဒါပဲ ပြောနိုင်လိုက်တယ်။ ရင်ထဲမှာ ဆို့နင့်နေတယ်။ ရထားပေါ်တက်တဲ့အချိန် ကျွန်တော့်ရင်ထဲမှာ ခံစားချက်မျိုးစုံနဲ့ ဗလောင်ဆူနေတယ်။ ထိုင်ခုံပေါ်ထိုင်ပြီး သူ့ကို ပြန်လှည့်ကြည့်ချိန်မှာ သူ့မျက်နှာက တော်တော်ကို ဖျော့တော့နေတယ်။ သူ့ကို ဘယ်တော့မှ ပြန်တွေ့တော့မှာ မဟုတ်ဘူးလို့ ကျွန်တော် ရုတ်တရက် သတိရမိလိုက်တယ်။

ရထား စထွက်တဲ့ အချိန်မှာ အဘက်ဘက်က ပျော်ရွှင်မြူးထူးနေတဲ့ အောင်ပွဲခံသံတွေ စီစီလောင်လောင် ထွက်လာတယ်။ ရုတ်တရက်ဆိုသလို ရထားပေါ်မှာပါလာတဲ့ လူကြီးတော်တော်များများ ဟာ ချုံးပွဲချငိုကြပါတော့တယ်။ ဘာလို့ငိုကြတာလဲ ကျွန်တော် သိချင်မိတယ်။ အမိမြေကို ပြန်ကြရတော့မှာ မဟုတ်လား၊ ဘာလို့ငိုနေကြတာလဲ။ ရှေ့မှာ ဆက်ဖြစ်လာတော့မဲ့ အဆိုးရွားဆုံးအရာတွေအတွက် နိမိတ်ပြခဲ့ကြပုံပါပဲ…။

※※※

အခန်း(၂)

ရထားပေါ်ကဆင်းပြီးနောက် ကျွန်တော်တို့ကို ပရမ်းပတာနဲ့ လူတွေ ကျပ်ညပ်နေတဲ့ ဂျပန်ကြက်ခြေနီ ဌာနချုပ်ဆီ ခေါ်ဆောင်သွားပါတယ်။ အဲဒီမှာ သုံးညလောက် တည်းခဲ့ရတယ်။ အဲဒီနောက် ကျွန်တော်တို့ တစ်ခါမှ မနေဖူးတဲ့ နိုင်ငံဆီကို "နေရပ်ပြန်ပို့ရေး" အတွက် ပြီးစလွယ် အတည်ပြုပေး ကြပါတယ်။ အချို့ ဂျပန်လူမျိုးတွေကတော့ ကိုရီးယား စာရွက်စာတမ်းတွေ ရလာတဲ့အခါ သူတို့ရဲ့ ဂျပန် ပတ်စ်ပို့စ်ကို လွှင့်ပစ်ကြတယ်။ ဒါပေမဲ့ အမေက တော့ သူ့ပတ်စ်ပို့စ်ကို သိမ်းထားခဲ့တယ်။ သူတို့ ထုတ်ပေးတဲ့ စာရွက်စာတမ်း တွေထဲမှာ “မြောက်ကိုရီးယားမှာ အခြေချပြီးပြီဆိုတာနဲ့ ဂျပန်နိုင်ငံကို ဂျပန် နိုင်ငံ အာဏာပိုင်တွေက တရားဝင်ထုတ်ပေးတဲ့ ခွင့်ပြုချက်မပါဘဲ ပြန်ခွင့်မရှိပါ” ဆိုတဲ့ ဝါကျတစ်ကြောင်း ပါဝင်ပါတယ်။ ကျွန်တော်က မွေးကတည်းက ဂျပန်အဖြစ် မွေးလာတာကြောင့် တစ်နေ့ ကျွန်တော် ဂျပန်ကို ပြန်လာရင် ပြဿနာရှိမှာ မဟုတ်ဘူးလို့ ကိုယ့်ကိုယ်ကိုယ် နှစ်သိမ့်လိုက်တယ်။ ဒါပေမဲ့ အဆင့်ဆင့် တင်းကျပ်စွာ ချုပ်ကိုင်ထားတဲ့ အုပ်ချုပ်ရေးစနစ်အောက်က အဆင့်အမျိုးမျိုးကို လိုက်လုပ်ရင်း ကျွန်တော် စိတ်တွေ အကြီးအကျယ် ပူပန်နေမိတယ်။

နောက်ဆုံးမှာတော့ ကျွန်တော်တို့ကို သင်္ဘောဆိပ်ကမ်းဆီ ဘတ်စ်ကား နဲ့ ခေါ်ဆောင်သွားပါတယ်။ အဲဒီနောက် အိုဟောင်းနေတဲ့ ‘ကူရီရီယွန်’ အမည်ရ ဆိုဗီယက် ခရီးသည်တင်သင်္ဘောကြီးပေါ်ကို ခက်ခက်ခဲခဲ ကုပ်တွယ် ဖက်တက်ခဲ့ရတယ်။ ကြက်ခြေနီ ဝန်ထမ်းတွေကလည်း များပြားလှတဲ့ လူတွေရဲ့ စာရွက်စာတမ်းကို သေချာမစစ်ဆေးတော့ဘဲ လူတွေ သင်္ဘောပေါ် အိပ်ပဲ့အိပ်ပဲ့တက်နေတာကို ဒီအတိုင်း ထိုင်ကြည့်နေပါတော့တယ်။ ကျွန်တော်တို့အားလုံး သင်္ဘောပေါ်ရောက်ပြီး မကြာခင်မှာ သင်္ဘောကြီး စတင် ထွက်ခွာ လာခဲ့တယ်။ ပြန်လမ်းမရှိတဲ့ ခရီးတစ်ခုကို စခဲ့ကြပြီပေါ့။ နီဂါတာ ဆိပ်ကမ်းက ထွက်လာချိန်မှာ ကျွန်တော် ဂျပန်နိုင်ငံဘက်ကို မျှော်လင့်ချက် မဲ့စွာ လွမ်းလွမ်းဆွေးဆွေး ကြည့်မိတယ်။ အဲဒီနောက် သင်္ဘောဦးပိုင်းကို လေးတိလေးကန် လာလာရိုက်နေတဲ့ လှိုင်းလုံးတွေကို အဓိပ္ပာယ်မဲ့စွာ ငေးကြည့်နေမိတယ်။ ဂျပန်ပင်လယ်ပြင်ရဲ့ လေအေးတွေကို တီရှပ်တစ်ထည်ပဲ ဝတ်ပြီး အန်တုနေတဲ့ ဆိုဗီယက် သင်္ဘောသားတွေ ကိုတော့ ကုန်းပတ်ပေါ် ရောက်ရောက်လာတဲ့ ရေမှုန်ရေမွှားတွေက စိုရွှဲအောင် ကြိုးစားနေလေရဲ့။

ကျွန်တော် သင်္ဘောပေါ်ကို စပ်စပ်စုစု လိုက်ကြည့်မိတယ်။ အံ့သြစရာ ကောင်းတာက အချို့ ခရီးသည်တွေဟာ ခရီးဆောင်အိတ်တောင် မပါဘဲ

သင်္ဘောပေါ်လိုက်လာကြတာပါပဲ။ သူတို့ဘာတွေများ တွေးနေခဲ့တာပါလိမ့်။ 'ဂျပန်ရောက် ကိုရီးယားလူမျိုး သမဂ္ဂ'က ထုတ်ပြန်ခဲ့တဲ့ ရှုးကြောင်ကြောင် ကြေညာချက်တစ်ခုကိုတောင် သတိရမိသွားတယ်။ "မြောက်ကိုရီးယားကို သွားရင် ခင်ဗျားတို့ လိုအပ်တာတွေအားလုံး ရလိမ့်မယ်''တဲ့။ ဒီစကားကို ခရီးသည်အချို့ မျက်လုံးမှိတ်ယုံလိုက်ကြပုံပါပဲ။ ပင်လယ်ထဲမှာ နှစ်ရက်ကြာ ခဲ့ပြီးနောက် ကျွန်တော် အိပ်စင်ပေါ်မှာ အိပ်နေတုန်း တစ်စုံတစ်ယောက်က မြောက်ကိုရီးယားဆိပ်ကမ်း ချွန်ဂျင်းကို ရောက်တော့မယ်လို့ အော်နေတာ ကြားလိုက်ရတယ်။ ကျွန်တော်တို့ အားလုံး သင်္ဘောကုန်းပတ်ပေါ်ကို အသည်းအသန် ပြေးတက်သွားကြတယ်။ ခပ်လှမ်းလှမ်းမှာ တောင်ကြီးတစ်လုံး ကိုတော့ လှမ်းမြင်နေရတယ်။ တောင်ကြီးကလည်း ဟာလာဟင်းလင်းကြီးနဲ့ ကြည့်ရတာ မသက်မသာဖြစ်စရာကောင်းတဲ့ တောင်ကတုံးကြီးပါ။ သစ်ပင်နဲ့ တူတာ တစ်ပင်တောင် မတွေ့မိပါဘူး။ သင်္ဘောပေါ်က လူတွေထဲက တစ်ယောက်က "ခေါင်းဆောင်ကြီးကင်အီဆွန်း အောင်မြင်ပါစေ" ဆိုပြီး ထအော်တယ်။ အခြား ခရီးသည်အချို့ကလည်း အတူတူ လိုက်ပြီး အော်ဟစ် နေတယ်။ ဒါပေမဲ့ အချို့ ခရီးသည်တွေဆီက အသံတစ်မျိုး ထွက်လာတယ်။ အဲဒီအသံကတော့ ညည်းညူအော်ဟစ်နေတဲ့ အသံမျိုးဖြစ်ပြီး တဖြည်းဖြည်းနဲ့ ပိုကျယ်လာပြီး ကြောက်စရာတောင်ကောင်းလာပါတယ်။ ကျွန်တော့်ဘေးက အသက်ကြီးကြီး လူကြီးတစ်ယောက်က သင်္ဘောလက်ရန်းကိုကိုင်ရင်း "ဒါ... ဒါ...ငါ မျှော်မှန်းထားတာမျိုးမှ မဟုတ်တာ" လို့ အသံတိမ်လေးနဲ့ ပြောနေတယ်။ သူ့ပုံစံက ကြက်သေ သေသလိုဖြစ်နေပြီး သူ့လက်ဆစ်တွေက သူ့မျက်နှာလိုပဲ ဖြူဖပ်ဖြူရော် ဖြစ်လာတယ်။ ကျွန်တော်ကတော့ ကျွန်တော့် ညီမလေး အီကို့နားကို တိုးကပ်လိုက်တယ်။ နွေးနွေးထွေးထွေး နေချင်တာ လည်းပါသလို သက်သောင့်သက်သာ ခံစားချင်လို့လည်းပါတယ်။ ဒါပေမဲ့ တောင်ကတုံးကြီးကို ကြည့်မိလေလေ ကျွန်တော်တို့ကို ဘယ်လို အနာဂတ် မျိုးများ စောင့်ဆိုင်းနေမလဲလို့ တွေးမိလေလေပါပဲ။

ကျွန်တော်တို့ ဆိပ်ကမ်းကို ကပ်လာတဲ့အချိန်မှာတော့ သံချေးတက် နေတဲ့ သင်္ဘောတွေအများကြီး ကမ်းနားတစ်ဝိုက်မှာ ကျောက်ချထားတာကို သတိထားမိလိုက်တယ်။ ဆိပ်ကမ်းမှာ ကုန်တင်ဖို့ စောင့်နေတာလည်း မဖြစ်နိုင်ဘူး။ ဘာလို့လဲဆိုတော့ ဆိပ်ကမ်းကြီးက ခြောက်ကပ်နေပြီး ကုန်ပစ္စည်းနဲ့ တူတာလည်း တစ်ခုမှ မတွေ့လို့ပါပဲ။ ဆိပ်ကမ်းမှာ အလုပ်သမားလည်း တစ်ယောက်မှ မရှိပါဘူး။ တောင်ကတုံးကြီးတွေက ဒီဆိပ်ကမ်းကို ပိုပြီး တိတ်ဆိတ် ချောက်ချားဖွယ် ကောင်းအောင် ကူညီပေးနေသလိုပါပဲ။

သံစုံတီးဝိုင်းတစ်ခုကတော့ သင်္ဘောဆိပ်ပေါ်မှာ တီးမှုတ်နေကြတယ်။ သူတို့ဆီက ထွက်လာတဲ့ အသံကလည်း အနိမ့်အမြင့် သိပ်မရှိဘဲ ကျောချမ်း

စရာတောင် ကောင်းနေပါသေးတယ်။ မြောက်ကိုရီးယားကို ရောက်လာခဲ့ ပြီပေါ့။ နိဂါတာတုန်းက တီးဝိုင်းတီးတဲ့ အသံတွေက မြူးမြူးကြွကြွနဲ့ ရှူးကြောင်ကြောင် ဟိတ်ဟန်လုပ်တဲ့ အသံမျိုးတွေပါ။ ဒီက တီးဝိုင်း တီးတဲ့ အသံတွေကတော့ ဝမ်းနည်းဖွယ်တောင် ကောင်းနေပါသေးတယ်။ သင်္ဘော က ဆိပ်ကမ်းကို ကပ်လာတာကြောင့် တီးဝိုင်းမှာ တီးနေကြသူအားလုံးဟာ ကျောင်းသူလေးတွေ ဖြစ်ကြောင်း တွေ့လိုက်ရတယ်။ ဆောင်းတွင်းအလယ် ကာလကြီးမှာတောင် သူတို့က မြောက်ကိုရီးယားနိုင်ငံကိုယ်စားပြုဝတ်စုံမှာ ပါဝင်တဲ့ အပေါ်ထည် တစ်ထည်အပြင် ဘာမှ အများကြီး ထပ်မဝတ်ထား ပါဘူး။ အေးစက်စက် လေတစ်ချက် ဝှေ့သွားတာကြောင့် ကျွန်တော့် အမြင် အာရုံ နည်းနည်း ဝေဝါးသွားတယ်။ နောက်တစ်ကြိမ်သေချာပြန်ကြည့်တော့ သူတို့ရဲ့ မျက်နှာတွေနဲ့ ဟန်ဆောင်အပြုံးတွေကို အတိုင်းသား မြင်နေရပါပြီ။ သူတို့ကို ခင်ဗျားတို့လည်း တီဗွီထဲမှာ တွေ့ဖူးမှာပေါ့။ ကြည့်ရတာ ကိုးရိုး ကားရားနိုင်တဲ့ကျောင်းသူအုပ်စုတွေပေါ့။ 'ချစ်လှစွာသော ခေါင်းဆောင်ကြီး' ရဲ့ မွေးနေ့ သို့မဟုတ် အခြား အထိမ်းအမှတ် နေ့ကြီး အခါကြီးတွေဆို စက်ရုပ်တွေကို လမ်းပေါ်ထုတ်လိုက်သလို ထွက်လာတဲ့ ကျောင်းသူတွေပေါ့။ ဦးနှောက်ကို မှိုင်းတိုက်ခံထားရတဲ့လူတွေရဲ့ အသက်မပါတဲ့ အပြုံးမျိုး သူတို့ ပြုံးလေ့ရှိကြတယ်။ အဲဒီတုန်းကတော့ သူတို့အကြောင်း ကျွန်တော် အခု နားလည်သလောက် သေချာနားမလည်ခဲ့ပါဘူး။ ဒါတောင် သူတို့ အပိုတွေ လုပ်နေမှန်း ကျွန်တော် ရိပ်မိခဲ့တယ်။

သင်္ဘောကြီး ကမ်းကပ်ပြီးချိန်မှာတော့ ကျွန်တော်တို့သင်္ဘောပေါ်က ဆင်းတာကို ကူညီဖို့ မြောက်ကိုရီးယားလူမျိုးအချို့ ရောက်လာကြတယ်။ သူတို့ရဲ့ အဝတ်အစား၊ ရှူးဖိနပ်အပါအဝင် ဘယ်နေရာကိုပဲ ကြည့်ကြည့် ဒီနိဗ္ဗာန်မှာနေထိုင်သူတွေဟာ ကျွန်တော်တို့ ဂျပန်မှာ ဆင်းရဲတယ်ဆိုတာထက် ပိုဆင်းရဲကြောင်း သိသာလွန်းနေတယ်။ ကျွန်တော်တို့ သင်္ဘောလှေကားက ဆင်းချိန်မှာ ကျွန်တော်လက်ခံရရှိထားတဲ့ စာရွက်စာတမ်းတွေထဲက စာရွက် တစ်ရွက်အကြောင်း စဉ်းစားနေမိတယ်။ အဲဒီစာရွက်က ဂျပန်ကို ပြန်ချင်ရင် သုံးရမဲ့ လျှောက်လွှာမျိုးပါ။ အဲဒီထဲမှာ “ဘယ်လို အခြေအနေမျိုးမှာဖြစ်ဖြစ် သင် ဂျပန်ကို ပြန်ချင်ပါက (မြောက်ကိုရီးယားကို ဝင်ခါနီးအခြေအနေ ဖြစ်နေရင်တောင်မှ) အနီးနားမှာရှိတဲ့ ကြက်ခြေနီဝန်ထမ်းကို အမြန်ဆုံး အကြောင်းကြားပါ" ဆိုတဲ့ စာသားမျိုး ပါဝင်ပါတယ်။ ဘေးပတ်ဝန်းကျင်မှာ ကြက်ခြေနီဝန်ထမ်း တစ်ဦးတလေများ တွေ့မလားဆိုပြီး ကသုတ်ကရက် လိုက်ရှာမိတယ်။ ဒါပေမဲ့ အဖေက ကျွန်တော့်ပခုံးပေါ် လက်တင်လိုက်ပြီး ကျွန်တော့်ကို သင်္ဘောအောက်ဆင်းဖို့ ဖိအားပေးတွန်းနေတယ်။ ကျွန်တော် လည်း လှေကားအတိုင်း အောက်ဆင်းရုံကလွဲပြီး ဘာမှ မတတ်နိုင်ခဲ့ပါဘူး။ နောက်တစ်ကြိမ် မွေးဖွားခဲ့ပြန်ပြီပေါ့။ တာဝန်ရှိသူတွေက ကျွန်တော်တို့ကို

ဘတ်စ်ကားတွေနဲ့ ခေါ်ဆောင် သွားပြီး မြို့ထဲက ဧည့်ဂေဟာတွေဆီ ပို့ဆောင်ပေးတယ်။ ကားပြတင်းပေါက် ကတစ်ဆင့် အပြင်ကို ကြည့်ရင်း ကျွန်တော့်ကို စိတ်ခံတပ်ပြန်တက်လာစေပြီး မျှော်လင့်ချက်တွေ ပြန်ရှိလာစေမဲ့ အရာတစ်ခုခုကို ရှာဖွေနေမိတယ်။ မြို့ထဲကို သွားရာလမ်းမှာ အိမ်အနည်းငယ်ပဲ တွေ့မိတယ်။ မြင်ရတဲ့ ရှုခင်းတွေ ကလည်း သာသာယာယာ တစ်ခုမှမရှိ။ အရာအားလုံးက ခြောက်ကပ်နေတယ်။ ကိုရီးယားစစ်ပွဲအတွင်းက ဗုံးမှန်ခဲ့တဲ့ ချိုင့်တွင်းကြီးတွေ အခုထိရှိနေ ဆဲပဲ။ ကျွန်တော်တို့ ကားပေါ်ကဆင်းပြီး သိပ်မကြာခင်မှာ အရာရှိအချို့ရဲ့ စစ်ဆေး မေးမြန်းခြင်း ခံရပါတယ်။ အဲဒီ အရာရှိတွေက ကျွန်တော်တို့ရဲ့ အလုပ်အကိုင်နဲ့ နေရမဲ့နေရာကို ဆုံးဖြတ်ပေးမဲ့သူတွေလည်း ဖြစ်ပါတယ်။ အဖေကတော့ အေးအေးဆေးဆေးပါပဲ။ သူ့ကို ဘယ်နေရာဒေသကို သွားချင်လဲမေးတဲ့အခါ အဖေက "ဘယ်နေရာဖြစ်ဖြစ် အဆင်ပြေပါတယ်၊ မြောက်ကိုရီးယားက နေရာတွေလည်း ကျွန်တော် တစ်ခုမှ မသိပါဘူး၊ ဘယ်ကိုသွားရသွားရ အဆင်ပြေပါတယ်" လို့ ပြန်ဖြေလိုက်တယ်။ သူက သူ့ကိုယ်သူ ယုံကြည်မှု လွန်ကဲနေပြီး ဒီနိုင်ငံကို အကောင်းမြင်လွန်း နေခဲ့တာ ပါ။ ဒါပေမဲ့ ကျွန်တော်တို့ရဲ့ ကံကြမ္မာကို အရာရှိတွေ စိတ်ကြိုက် စီရင်ခွင့် ပြုလိုက်တာကိုတော့ ကျွန်တော် မယုံနိုင်လောက်အောင် အံ့ဩမိခဲ့တယ်။

အမေကတော့ စိုးရိမ်ပူပန်မှုတွေနဲ့ ကြောက်လန့် ချောက်ချားနေတဲ့ပုံ ပါပဲ။ အမေ့မျက်နှာပေါ်က ကြောက်ရွံ့မှုတွေ ပြည့်နေတဲ့ အဲဒီ အကြည့်ကို ကျွန်တော် ဘယ်တော့မှ မေ့နိုင်မှာ မဟုတ်ပါဘူး။ "ကျွန်မတို့ ဘာတွေ ဆက်ဖြစ်ကြမှာလဲဟင်" လို့ အမေက ဝင်မေးတော့ အဖေက "စိတ်မပူပါနဲ့၊ အဆင်ပြေသွားလိမ့်မယ်"လို့ပဲ ပြန်ဖြေတယ်။ ကျွန်တော်ကတော့ ဘာမှ ဝင်မပြောတော့ပါဘူး။ တိတ်တိတ်လေးပဲ နေလိုက်တယ်။ အရာအားလုံး အဆင်ပြေလိမ့်မယ်လို့ အဖေ ဘာကြောင့်များ သူ့ကိုယ်သူ ယုံခဲ့တာလဲ။ အဲဒီနေ့ကို ပြန်စဉ်းစားကြည့်တဲ့အခါ ဘာသာစကားက အရေးပါခဲ့မယ်လို့ ကျွန်တော် ယူဆမိတယ်။ နောက်ဆုံးတော့ သူ့ရဲ့ မိခင်ဘာသာစကားကို သူ ပြန်ပြောခွင့် ရနေပြီလေ။ သူနဲ့သက်ဆိုင်တဲ့ နေရာတစ်ခုကို ရောက်သလို ခံစားနေခဲ့ရတာ ဖြစ်နိုင်ပါတယ်။ ဒီလို စိတ်သက်သာရာ ရသွားခြင်းကြောင့် အခြားအရာတွေနဲ့ ပတ်သက်ပြီး တွေးတဲ့အခါမှာလည်း ပေါ့ပေါ့ပါးပါး တွေးခဲ့ဟန် တူပါတယ်။ သူ့မိခင်ဘာသာစကားကို ပြောရတာ သူ့အတွက် ဘယ်လောက် စိတ်ပေါ့ပါးစရာကောင်းလဲဆိုတာကို ကျွန်တော် တွေ့မြင်ခဲ့ရတယ်။ အဲဒီအချက်ကြောင့်ပဲ သူက အခြားအရာတွေနဲ့ပတ်သက်ရင် မေးခွန်း မထုတ်ဘဲ မျက်စိမှိတ် အကောင်းမြင်ခဲ့တာ ဖြစ်နိုင်ပါတယ်။

ကျွန်တော်လည်း အမေ့လိုပဲ အနာဂတ်အကြောင်းတွေးရင် ရင်တွေ ပူမိတာပေါ့။ ဒါပေမဲ့ ကျွန်တော့်လို စားလို့သောက်လို့ကောင်းတုန်း (၁၃)နှစ် အရွယ် ယောကျ်ားလေးတစ်ယောက်အတွက် ပထမဆုံး စိုးရိမ်စရာ ဖြစ်ခဲ့ရ တာကတော့

ပထမဆုံး အစားစားချိန်မှာပဲ ဖြစ်ပါတယ်။ ကျွန်တော့်ရှေ့ကို ရောက်လာတဲ့ အစားအသောက် ပန်းကန်ကို ကြည့်ရင်း ကိုယ့်မျက်လုံး ကိုယ်တောင်မယုံနိုင်ခဲ့ဘူး။ ကျွန်တော်တို့ကို ကျွေးတဲ့ အစားအစာတွေဟာ ခွေးသားတွေ ဖြစ်ပါတယ်။ ဟုတ်ပါတယ်…တကယ့် ခွေးသားတွေပါ။ အနံ့က ဆိုးပြီး မွှန်ထူနေတာပဲ။ ကျွန်တော်တို့ကလည်း အဲဒီအချိန်မှာ အူတွေလိမ့်နေ အောင် ဗိုက်ဆာနေပြီ ဖြစ်လို့ နှာခေါင်းကို လက်နဲ့ ပိတ်ပြီး စားခဲ့ရတယ်။ အဲဒီလိုစားတာတောင် တစ်ချက်တစ်ချက် ပျို့တက်လာသေးတယ်။ ကျွန်တော် ပျို့အန်ချင်တဲ့စိတ်ကို ထိန်းဖို့ ကြိုးစားပါသေးတယ်။ ဒါပေမဲ့ အဖေကလွဲလို့ ဘယ်သူမှ တစ်လုပ်ထက် ပိုပြီး မစားနိုင်ခဲ့ပါဘူး။

ညှော်ကြိုဌာနကနေ လုံးဝ မထွက်ခွာဖို့ ကျွန်တော်တို့ကို တင်းတင်းကျပ်ကျပ် တားမြစ်ထားတယ်။ ကျွန်တော်တို့ဟာ လူသားချင်းစာနာမှုဝါဒရဲ့ အကျိုးဆက်ကို ခံစားနေရသူကြီးတွေပေါ့။ ကမ္ဘာမြေပေါ်က နိဗ္ဗာန်ဘုံထဲမှာ အကျဉ်းကျနေသူကြီးတွေ ဖြစ်နေခဲ့ပြီလေ။ မိသားစု တစ်ခုစီအတွက် ဖျာခြောက်ချပ်စာလောက်ကျယ်တဲ့ အခန်းတစ်ခန်းစီ ပေးထားတယ်။ ခနော်နီခနော်နဲ့ လုပ်ထားတဲ့နံရံကို ဖြတ်ပြီးဝင်လာတဲ့ လေအေးတွေနဲ့အတူ ကျောက်စရစ်အမှုန်လေးတွေက ကျွန်တော်တို့မျက်နှာကို တစ်ချက်တစ်ချက် လာရိုက်ခတ်နေတယ်။ ပထမဆုံးညမှာ ကျွန်တော်တို့ အားလုံး ရေခဲလို အေးစက်နေတဲ့ ကြမ်းပြင်ပေါ်မှာ ဘေးချင်းကပ်လဲလျောင်းရင်း ခိုက်ခိုက်တုန် နေခဲ့တယ်။ ဘာတွေ ဆက်ဖြစ်လာမလဲဆိုတာ ကျွန်တော် တွေးတောပူပန်နေမိတယ်။ ကျွန်တော့်ကို “ကိုကြီး… ကိုကြီး” လို့ တိုးတိုးလေး ညည်းညည်းညူညူ ခေါ်နေတဲ့ ညီမလေးတွေကို နှစ်သိမ့်ပေးချင်ပေမဲ့ ပြောစရာစကားလုံး ရှာမရခဲ့ဘူး။ သူတို့လေးတွေလည်း တော်တော်လေး ပင်ပန်းနွမ်းနယ်နေကြပြီး အအေးဓာတ်ကြောင့် ခိုက်ခိုက်တုန်ကာ ကြောက်လန့်နေကြတယ်။

ကျွန်တော်တို့ မိသားစုဟာ ဒီလို သောင်မတင်ရေမကျ အခြေအနေမှာ အေးလွန်းတဲ့နေ့တွေကို ရက်သတ္တပတ်ပေါင်းများစွာ ဖြတ်သန်းခဲ့ရတယ်။ ရေခဲလိုအေးစက်နေတဲ့ ကြမ်းပြင်ပေါ်မှာ လဲလျောင်းအိပ်စက်ရင်း ခိုက်ခိုက်တုန်အောင်ချမ်းတဲ့ ညတွေကို တစ်ညပြီး တစ်ည ဖြတ်သန်းခဲ့ရတယ်။ အနာဂတ်မှာ ဘာတွေ ဖြစ်မလဲဆိုတာ မသေချာ မရေရာတော့ဘဲ ကြောက်လန့်စိတ်တွေသာ ကြီးစိုးနေခဲ့တယ်။ ကျွန်တော်ကတော့ ကျန်ခဲ့တဲ့ အတိတ်တွေကို မတွေးမိဖို့နဲ့ အနာဂတ်မှာ ကျွန်တော်တို့ရဲ့ ဘဝတွေ ဘာဆက်ဖြစ်လာမလဲ ဆိုတာကို မတွေးမိဖို့ ကြိုးစားနေရတယ်။

နောက်ထပ် ရက်သတ္တပတ် အနည်းငယ်အကြာမှာတော့ ကျွန်တော်

တို့ရဲ့ကံကြမ္မာကို သူတို့ဆုံးဖြတ်ပေးခဲ့တယ်။ ကျွန်တော်တို့မိသားစု ဒွန်ချွန်ရီ ဆိုတဲ့ရွာမှာ နေရမယ်လို့ အမိန့်ကျလာတယ်။ ကျွန်တော် တစ်ခါမှမကြားဖူးတဲ့ ဒီရွာနဲ့ပတ်သက်ပြီး စိုးရိမ်စိတ်တွေ ဝင်နေမိတယ်။ ဒါပေမဲ့ ဒီဌေ့ကြိုဌာနမှာ ထောင်ချထားသလို ကျဉ်းကျဉ်းကျပ်ကျပ် နေရတာထက်စာရင် အများကြီး တိုးတက်မှုရှိမှာပဲလို့ ကိုယ့်ကိုယ်ကိုယ် နှစ်သိမ့်လိုက်တယ်။ အဲဒီရွာလေးကို သွားတဲ့ခရီးက (၁၂)နာရီလောက်ကြာပြီး အရင်ဆုံး ရေနွေးငွေ့ရထား စီးရတယ်။ နောက်တော့ နွားလှည်း ထပ်စီးရတယ်။ နှင်းတွေ ပိတ်ပေါင်းအောင် ကျနေတဲ့ ရွာလေးတစ်ခုကို ရောက်ချိန်မှာတော့ နွားလှည်းရပ်တန့်သွားပြီး ကျွန်တော်တို့လည်း နွားလှည်းပေါ်ကနေ ခက်ခက်ခဲခဲ ဆင်းလိုက်ကြတယ်။ အငယ်ဆုံးညီမလေးဖြစ်တဲ့ မာဆာကိုက နွားလှည်းပေါ်ကအဆင်းမှာ နှင်းထဲ ပြုတ်ကျသွားပြီး ငိုနေတယ်။ ညီမလေးဟာ အဲဒီ အချိန်မတိုင်ခင်အထိကျွန်တော်တို့ရဲ့ ဒုက္ခသုက္ခတွေကို တောင့်ခံနိုင်ခဲ့သူပါ။ ဒါပေမဲ့ နှင်းထဲပြုတ်ကျ သွားချိန်မှာတော့ သူလည်း တောင့်မခံနိုင်တော့ဘဲ ချော့မရလောက်အောင် သဲကြီးမဲကြီး ငိုပါတော့တယ်။ သူက အသက်ခြောက်နှစ် ပြည့်ပြီးတာ သိပ်မကြာသေးဘူး။ ဒါပေမဲ့ သူ့ရဲ့ ခြောက်နှစ်တာ ဘဝလေးကလည်း ရက်သတ္တပတ် အနည်းငယ်အတွင်းမှာ အနိမ့်အမြင့်အရမ်းကြမ်းလွန်းခဲ့တယ်။

ညီမလေးက မျက်ရည်တွေကျရင်း “အိမ်ပြန်ချင်တယ်"လို့ပဲ ပြောပြီး အဆက်မပြတ် အော်ငိုနေတယ်။ အဖေက ညီမလေးကို ရုတ်တရက် ချီပြီး ချော့မြူနေတာတွေ့တော့ ကျွန်တော် တော်တော် အံ့သြသွားတယ်။ အခုလို အဖေတစ်ယောက်ရဲ့ မေတ္တာကရုဏာမျိုး ပြသတာ တစ်သက်နဲ့တစ်ကိုယ် တစ်ခါမှ မမြင်ခဲ့ဖူးဘူး။ လမ်းပြဖြစ်သူက ကျွန်တော်တို့ကို ဦးဆောင်ပြီး ခေါ်သွားချိန်မှာ အဖေက ညီမလေးကို စကား ညင်ညင်သာသာ ပြောပြီး ချော့နေတယ်။ သက်ကယ်အမိုးပေါ်မှာ နှင်းတွေဖွေးနေတဲ့ ယိုင်တိယိုင်တိုင် အိမ်လေးတွေကို ကျွန်တော် လိုက်ကြည့်မိနေတယ်။ ခင်ဗျားစိတ်ထဲမှာတော့ နှင်းလေးတဖွဲဖွဲနဲ့ ကြည့်ကောင်းမဲ့ မြင်ကွင်းတစ်ခုလို့ ထင်ကောင်းထင်နေနိုင် ပါတယ်။ တကယ်တမ်းမှာတော့ တိတ်ဆိတ် ချောက်ချားစရာ ကောင်းပြီး ကြည့်ရတာ စိတ်ချမ်းသာစရာ တစ်စက်မှ မရှိတဲ့ မြင်ကွင်းပါ။

ကျွန်တော်တို့နေဖို့အတွက် အစိုးရကချပေးတဲ့ အိမ်ဟာ အရင်က ပါတီရုံးအဖြစ် အသုံးပြုခဲ့ဖူးတဲ့ အိမ်လို့သိရတယ်။ ပြီးတော့ ဒီအိမ်က တစ်ရွာလုံးမှာမှ တစ်ခုတည်းသော အုပ်ကြွပ်မိုးထားတဲ့ အိမ်ပါ။ ကျွန်တော် တို့ကို ခေါ်ဆောင်လာတဲ့လမ်းပြက ကျွန်တော်တို့နေရမဲ့အိမ်ကို လက်ညှိုးထိုး ပြရင်း စိတ်လှုပ်ရှားနေပုံပါပဲ။ သူပြောတဲ့ ပါတီရုံး ဖြစ်ဖူးတဲ့ ခမ်းနားတယ် ဆိုတဲ့ အိမ်ကို ကြည့်လိုက်တော့ နံရံမှာ အက်ကွဲရာတွေနဲ့ ဆန်ခါပေါက် ကျနေတာပါပဲ။ ကျွန်တော် စဉ်းစားရ တော်တော်ကျပ်သွားတယ်။ ဒီလမ်းပြ ဟာ သူပြောပြနေတာတွေကို

သူတကယ်ပဲ ယုံနေတာလား။ ဒီအိမ်ဟာ ခမ်းနားတဲ့ အိမ်တစ်လုံး ဆိုတာကို သူယုံနေတာလား။ ဒါဆိုရင်တော့ သူ့အတွက် ငိုတောင်ငိုပေးလိုက်ချင်တယ်။ ဒါပေမဲ့ ပြောသာပြောရတာ တကယ်တမ်းနေရမှာက ကျွန်တော်တို့ပါ။

ရန်လိုပုံပေါက်နေတဲ့ အမျိုးသမီးကြီးတစ်ယောက်လည်း တံခါးဝမှာ ရပ်စောင့်နေတယ်။ အထက်စီးသံနဲ့ ကသောင်းကနင်း စကားပြောတတ်တဲ့ ဒီအမျိုးသမီးကြီးကို ကျွန်တော် နှစ်ပေါင်းများစွာ ဆက်တွေ့ရဦးမယ်ဆိုတာ အဲဒီအချိန်က မသိခဲ့ပါဘူး။ နောက်ပိုင်းမှသိရတာက သူဟာ နယ်ခံအမျိုးသမီး ဒီမိုကရက်တစ် အဖွဲ့ရဲ့ ဥက္ကဋ္ဌ ဆိုတာပါပဲ။ သူက အိမ်နီးချင်း အချို့ကို ခေါ်လာပြီး ကျွန်တော်တို့ကို ကြိုဆိုစေပါတယ်။ အိမ်နီးချင်းတွေက အိမ်ထဲမှာ ရောက်နှင့်နေပြီး ကျွန်တော်တို့ကို စောင့်နေကြတာပါ။ ဖိနပ်ချွတ်ကိုကျော်ပြီး အိမ်ထဲဝင်လိုက်တာနဲ့ အဲဒီအမျိုးသမီးက မိန့်ခွန်းစခြွေပါတော့တယ်။

"ဒီလူတွေဟာ ဂျပန်မှာ အနိုင်ကျင့်ခံခဲ့ရတယ်။ ဒါပေမဲ့ ငါတို့ ခေါင်းဆောင်ကြီး ကင်အီဆွန်းရဲ့ ကြင်နာမှုကြောင့်သူတို့ဟာ သူတို့အမိမြေကို ပြန်လာနိုင်ခဲ့ပြီ"

ကျွန်တော်တို့ရဲ့ အိမ်နီးချင်းလောင်းလျာတွေက ဥက္ကဋ္ဌဆိုတဲ့အမျိုးသမီး စကားပြောနေတာကို ဂရုမစိုက်ဘဲ ကျွန်တော်တို့ကိုပဲ စိုက်ကြည့်နေကြတယ်။ ကျွန်တော်တို့ဝတ်ထားတဲ့ လက်ပတ်နာရီတွေ၊ ကျွန်တော်တို့ သယ်လာတဲ့ စက်ဘီးတွေနဲ့ ဂျပန်ကသယ်လာတဲ့ အချို့ ပစ္စည်းတွေကို အငမ်းမရ ကြည့်နေကြတယ်။ ဥက္ကဋ္ဌအမျိုးသမီးက ရုတ်တရက် ကျွန်တော့်ဘက်ကို လှည့်လာပြီး "မနက်ဖြန် မင်းကို ကျောင်းခေါ်သွားပေးမယ်၊ အဆင်သင့်ပြင်ထား" လို့ ပြောလာတယ်။ ပြီးတော့ သူနဲ့အတူ အိမ်နီးချင်းတွေ အားလုံးလည်း အိမ်ထဲကနေ ထွက်ခွာသွားကြတယ်။

အိမ်ထဲမှာ လျှပ်စစ်မီးတော့ လာနေသလိုပါပဲ။ ဒါပေမဲ့ မီးလုံးတွေက ထွက်တဲ့ အလင်းရောင်က ဖျော့တော့တော့လေးပဲ ရှိတယ်။ မြောက်ကိုရီးယား မှာ မီးအားနည်းတာကို အဲဒီအချိန်က ကျွန်တော် မသိခဲ့ဘူး။ အိမ်ထဲမှာ ရေသုံးဖို့ ဘုံပိုင်ခေါင်းတောင် ရှာမတွေ့ဘူး။ ပြတင်းပေါက် အပြင်ဘက်ကို ကြည့်လိုက်မှ ကိုက်(၃၀)အကွာလောက်မှာ ရေတွင်းတစ်တွင်း ရှိနေတာကို တွေ့လိုက်ရတယ်။

အမေလည်း ကျွန်တော့်လိုပဲ မြင်ရ တွေ့ရသမျှကို မယုံနိုင်ဘဲ စိတ်မချမ်းမသာ ဖြစ်နေတယ်။ "ငါတို့ ဒီလိုနေရာမျိုးမှာ ဘယ်လိုနေထိုင်ကြမှာလဲ"လို့ အမေက ပြောလာတယ်။

ကြည့်ရဆိုးလှတဲ့နံရံကြီးက အမေ့အသံကို ပဲ့တင်ထပ်ပေးနေတယ်။ ကျွန်တော်ကတော့ ဘာမှ မလုပ်ချင်မကိုင်ချင်ဖြစ်နေပြီး စိတ်တွေလေးကာ ဘာမှ

မစဉ်းစားနိုင်သလောက်ပါပဲ။ ခရီးပန်းလာတာကြောင့် ကျွန်တော် ဖျာပေါ်မှာ တုံးလုံးလှဲပြီး အိပ်ဖို့ ကြိုးစားကြည့်တယ်။ ဒါပေမဲ့ ဟိုလိုမ့်ဒီလိုမ့်နဲ့ ကောင်းကောင်းအိပ်မရဘဲ စိတ်မောကိုယ်မောနဲ့ အိပ်ရာက ပြန်နိုးလာတယ်။

※

နောက်နေ့ မနက် ရောက်တော့ မြောက်ကိုရီးယားမှာ ပထမဆုံး ကျောင်းစတက်ဖို့ အမျိုးသမီးဒီမိုကရက်တစ်အဖွဲ့ ဥက္ကဋ္ဌက သူ့စကားအတိုင်း လာခေါ်တယ်။ သူ့ရဲ့သမီးဖြစ်သူနဲ့အတူ ကျွန်တော်တို့အိမ်ကို ရောက်လာတာ ဖြစ်ပြီး သူ့သမီးက ကျောင်းမှာ ကင်းထောက်ခေါင်းဆောင် ဖြစ်ကြောင်း ဂုဏ်ယူစွာ ပြောပြနေတယ်။ အဲဒီအချိန်တုန်းက ကျွန်တော် ကိုရီးယားစကား သိပ်မပြောတတ်သေးပေမဲ့ သူဘာပြောနေတယ်ဆိုတာကိုတော့ ဝိုးတိုးဝါးတား နားလည်နေခဲ့တယ်။ ကျွန်တော်ကတော့ "မင်္ဂလာနံနက်ခင်းပါခင်ဗျာ" လို့ နှုတ်ဆက်ပြီး သူတို့နောက် လိုက်သွားလိုက်တယ်။ ကျောင်းပထမဆုံးနေ့မှာ မိသားစုဓာတ်ပုံရိုက်တာတွေ ဘာတွေလည်း ကျွန်တော်တို့ မိသားစုမှာ မရှိခဲ့ပါ ဘူး။

ကျောင်းထဲရောက်သွားချိန်မှာ ကျောင်းသား(၁၀၀)ခန့်နဲ့ ဆရာဆရာမ အချို့ဟာ အခန်းတစ်ခုထဲမှာ စုဝေးနေကြတာကို တွေ့လိုက်ရတယ်။ ကျွန်တော့်ရဲ့ ကိုးရိုးကားရားနိုင်တဲ့အသံထွက်နဲ့ ကိုရီးယားလို နှုတ်ဆက်လိုက်တယ်။

“ကျွန်တော့်ကို ကြိုဆိုတဲ့အတွက် ကျေးဇူးတင်ပါတယ်ခင်ဗျာ''

"မျိုးမစစ် ဂျပန်ကောင်" လို့ ခပ်တိုးတိုး ပြောသံကို ကျွန်တော် ကြားလိုက်ရတယ်။ အဲဒီနောက် ကျောင်းသားတွေ အကုန်လုံးကလည်း "မျိုးမစစ် ဂျပန်ကောင်" လို့ တီးတိုး ပြောနေကြတယ်။

ကျွန်တော် အရှက်ခွဲခံနေရပြီ။ မျက်နှာတစ်ခုလုံး ပူထူနေပြီး အဲဒီ နေရာမှာတင် အငွေ့ ပြန်ကာ ပျောက်သွားလိုက်ချင်မိတယ်။

ကျောင်းသားတွေက ကျွန်တော့်ရဲ့ရှူးဖိနပ်နဲ့ အခြား သူတို့ သဘော မကျတဲ့ အရာတွေကို လက်ညှိုးထိုးပြီး ဝေဖန်နေကြတယ်။

“သူ့လွယ်အိတ်ကိုလည်း ကြည့်ကြဦးဟေ့''

“သူ နာရီဝတ်ထားတယ်ဟ"

“မျိုးမစစ် ဂျပန်ကောင်’

သူတို့အားလုံးမှာ လွယ်အိတ်လုံးဝမရှိဘဲ သူတို့ရဲ့ ကျောင်းသုံးပစ္စည်း တွေကို အဝတ်စနဲ့သာ ထုပ်ပိုးထားတာ ကျွန်တော် သတိထားမိလိုက်တယ်။

ကျွန်တော်လည်း နောက်ပိုင်းမှာ သူတို့လိုပဲ လိုက်လုပ်ခဲ့ရပါတယ်။

အဲဒီ ကြိုဆိုမှုအပြီးမှာတော့ ကျောင်းသားအယောက်(၂၀)ခန့် ဖျော်ဖြေတင်ဆက်တဲ့ ပြဇာတ်တစ်ခုကို ကြည့်ရပါတယ်။ ပြဇာတ်က ကျွန်တော့်ရဲ့ အရင်ဘဝကို ပုံဖော်ထားတဲ့ ဝါဒဖြန့်မှုတစ်ခုသာ ဖြစ်ပါတယ်။ အဲဒီ ပြဇာတ်ထဲမှာ ကျွန်တော်က ဂျပန်မှာ ဘဝကို ခက်ခက်ခဲခဲ ရုန်းကန်ခဲ့ရတယ်။ ဒါပေမဲ့ ကိုရီးယားအလုပ်သမားပါတီနဲ့ 'ဂျပန်ရောက် ကိုရီးယားလူမျိုး သမဂ္ဂ'တို့ရဲ့ ကျေးဇူးကြောင့် ကျွန်တော်ဟာ သူတို့ပြောတဲ့ အမိမြေဆိုတာကြီးကို ပြန်လာနိုင်ခဲ့တယ်။ ပြဇာတ်ပြီးသွားတော့ လူတိုင်းက အူလှိုက်သည်းလှိုက် လက်ခုပ်တီးပြီး အားပေးကြတယ်။ ကျွန်တော်လည်း မကောင်းတတ်တော့ လက်ခုပ်လိုက်တီးပေးလိုက်တယ်။

ကျောင်းက ကျွန်တော့်အတွက် တော်တော်လေးခက်ခဲတဲ့နေရာတစ်ခုပါ။ သင်ရတဲ့ ဘာသာရပ်တွေကြောင့်မဟုတ်ဘဲ ကိုရီးယားဘာသာစကားကို နားမလည်တာကြောင့်သာ ဖြစ်ပါတယ်။ လူတွေပြောနေတဲ့ အရာတွေကို ခြုံငုံကြည့်ပြီး သူတို့ပြောနေတာတွေရဲ့ အဓိပ္ပာယ်ကို ခန့်မှန်းနေခဲ့ရတယ်။ ကိုရီးယားလို မပြောတတ်တဲ့ကိစ္စကြောင့် မကြာခဏ“မျိုးမစစ်ဂျပန်ကောင်” လို့ အခေါ်ခံရတယ်။ ပြန်စဉ်းစားကြည့်တော့ သူတို့ ကျွန်တော့်ကို အဲဒီလို ဝိုင်းပြောတိုင်း ကျွန်တော်ဘာမှ ပြန်မပြောနိုင်တာကြောင့်လည်း “မျိုးမစစ် ဂျပန်ကောင်"လို့ ဆက်ခေါ်ကြတာ ဖြစ်နိုင်ပါတယ်။

တစ်နေ့ ကျွန်တော် ကျောင်းကအပြန် အိမ်ပြန်လမ်းမှာ အတန်းဖော်နှစ်ယောက် ရန်ဖြစ်နေတာကို တွေ့လိုက်ရတယ်။ အသည်းအသန်ခံနေရတဲ့ ကောင်လေးကို မကြည့်ရက်တာနဲ့ ကျွန်တော် အနိုင်ကျင့်နေတဲ့ကောင်ကို ဝင်ချမိတယ်။ ကျွန်တော်က အကောင်သေးပေမဲ့ ကြောက်စိတ် သိပ်မရှိဘဲ အရေလည်းထူတယ်။ အဖေ့သွေးပါတာကြောင့် ဖြစ်မယ်ထင်တယ်။ ဒါ့အပြင် ယိုကိုဟားမားမှာ တက်ခဲ့ရတဲ့ ကိုရီးယားကျောင်းက အတွေ့အကြုံတွေ ကိုလည်း ကျေးဇူးတင်ရမှာပါ။ အံ့အားသင့်စွာပဲ အနိုင်ကျင့်နေတဲ့ကောင်ကို သတိလစ်သွားအောင် ကျွန်တော် ချနိုင်ခဲ့တယ်။ နောက်တော့ ယူနီဖောင်းဝတ်ထားတဲ့ လူကြီးတစ်ယောက်က ဝင်လာပြီး ကျွန်တော့်ကို ကုပ်ကဆွဲကာ ထိုးပါတော့တယ်။ ကျွန်တော့်နှုတ်ခမ်းကွဲပြီး အဝတ်တွေ သွေးရွှဲတဲ့အထိ သူ ကျွန်တော့်ကို ထိုးကြိတ်ခဲ့တယ်။ အိမ်ပြန်ရောက်တော့ အမေက ဘာဖြစ်ခဲ့ လဲဆိုတာ မေးပါ တော့တယ်။ အမေ့ကို မစိုးရိမ်စေချင်တာကြောင့် ကျောင်းက အခြားကလေးတွေနဲ့ လုံးထွေးသတ်ပုတ်ရင်း ဖြစ်ခဲ့တာလို့ပဲ ဖြေလိုက်တယ်။ ကျွန်တော့်အတွက် အမေစိတ်ပူရတာမျိုး မဖြစ်စေချင်ဘူး။ အမျိုးသမီးဒီမိုကရက်တစ် အဖွဲ့ဥက္ကဋ္ဌက အမေ့ကို ဂျပန်လို လုံးဝမပြောမိဖို့ ခြိမ်းခြောက်

ထားတာကြောင့် အမေဟာ သူ့ဟာနဲ့သူတောင် တော်တော်လေး တုန်လှုပ်ချောက်ချားတဲ့ အခြေအနေကို ရောက်နှင့်နေပြီး ဖြစ်ပါတယ်။

ဒါပေမဲ့ အဖေကတော့ ကျွန်တော်တို့ရဲ့ ဘဝအသစ်နဲ့ ပတ်သက်ပြီး တော်တော် ကျေနပ်နေပုံပါပဲ။ သူက အမေ့ကို လုံးဝမရိုက်တော့ပါဘူး။ သူက အများပိုင်လယ်ယာတစ်ခုမှာ စိုက်ပျိုးရေး အလုပ်သမားတစ်ယောက် အဖြစ် အလုပ်လည်း လုပ်နေပါပြီ။ မြောက်ကိုရီးယားမှာ ပုဂ္ဂလိကပိုင် လယ်ယာ ဆိုတာ မရှိပါဘူး။ အဖွဲ့လိုက်လုပ်ရတဲ့ အများပိုင်လယ်ယာတွေပဲ ရှိတယ်။ အဖေက 'စိုက်ပျိုးရေးအလုပ်သမား အဖွဲ့အစည်း'ထဲကို ဝင်ခဲ့ရပြီး တစ်ပတ် နှစ်ခါ အစည်းအဝေး တက်ရပါတယ်။ အဲဒီ အစည်းအဝေးတွေဟာ မဖြစ်မနေ တက်ရတဲ့ အစည်းအဝေးတွေ ဖြစ်ပြီး ကင်အီဆွန်းရဲ့ အတွေးအခေါ်တွေနဲ့ အလုပ်သမားပါတီရဲ့ မူဝါဒတွေကို အစည်းအဝေးချိန်အတွင်းမှာ လေ့လာ သင်ယူရပါတယ်။

မြောက်ကိုရီးယားမှာရှိတဲ့လူတိုင်းဟာ အလုပ်သမားပါတီနဲ့ ဆက်နွယ် နေတဲ့ အဖွဲ့အစည်းတစ်ခုခုကို မဖြစ်မနေဝင်ထားရတယ်။ အဲဒီအဖွဲ့အစည်းတွေကနေ ဘာအကျိုးကျေးဇူးမှတော့ မရပါဘူး။ သူတို့ရဲ့ရည်ရွယ်ချက်က ဝါဒမှိုင်းတွေ ရိုက်သွင်းဖို့သာ ဖြစ်ပါတယ်။ လူတိုင်းက ကင်အီဆွန်းရဲ့ အတွေးအခေါ်တွေကို နားလည်အောင် မဖြစ်မနေ ကြိုးစားရပြီး ပါတီရဲ့ မူဝါဒတွေကိုလည်း နှောကျေနေအောင် သိထားဖို့ ကြိုးစားရပါတယ်။

သာမန်အလုပ်သမားတွေနဲ့ လယ်ယာအလုပ်သမားတွေ ကြားထဲက အကြီးမားဆုံး ကွာဟချက်က လယ်ယာအလုပ်သမားတွေဟာ လုပ်ခလစာ ကောင်းကောင်း မရကြတာပါပဲ။ သူတို့ဟာ ငွေသားနည်းနည်းပဲ လစာအဖြစ် ရပါတယ်။ ပုံမှန်အားဖြင့်တော့ ဆောင်းဦးရာသီတိုင်းမှာ ရိတ်သိမ်းထားတဲ့သီးနှံ တွေကို လစာအဖြစ်ပေးလေ့ရှိတယ်။ ရိက္ခာဖြန့်ဝေပေးမှုက လူတစ်ယောက် တစ်နာရီအတွင်းလုပ်ရတဲ့ အလုပ်ပမာဏပေါ် မူတည်လေ့ရှိတယ်။ လုပ်ရတဲ့ အလုပ်က 'သာမန်'အလုပ်လို့ သတ်မှတ်ခံရရင် တစ်နာရီစာ လုပ်အားနဲ့ညီမျှတဲ့ ရိက္ခာ ရပါတယ်။ လုပ်ရတဲ့ အလုပ်က 'အလုပ်ကြမ်း' အလုပ်လို့ သတ်မှတ်ခံရရင် နှစ်နာရီစာလုပ်အားနဲ့ ညီမျှတဲ့ ရိက္ခာရပါတယ်။

ဂျပန်မှာနေတုန်းက ကျွန်တော့်ဘဝအကြောင်း ကျွန်တော် တစ်ခါမှ သေချာ မစဉ်းစားခဲ့မိဘူး။ ဒါပေမဲ့ မြောက်ကိုရီးယားကို ပြောင်းလာပြီး နောက်ပိုင်း ကျွန်တော့်ရဲ့ ဘဝအဟောင်းနဲ့ အသစ်ကြားက ကြီးမားလွန်းတဲ့ ကွာခြားချက် အကြောင်းကို မကြာခဏ စဉ်းစားနေမိတယ်။ ကျွန်တော် အရင်က အလေးမထားဘဲ ပေါ့ပြက်ပြက် သဘောထားခဲ့တဲ့ အရာအားလုံး အကြောင်း တွေးနေမိသလို လက်ရှိဘဝမှာ ကြုံတွေ့နေရတဲ့ အခက်အခဲတွေ အကြောင်းလည်း အမြဲတွေးနေမိတယ်။ ဒါပေမဲ့ အဲဒီလိုတွေးတဲ့အကျင့်က သိပ်ပြီး တာရှည်မခံခဲ့ပါဘူး။

မြောက်ကိုရီးယားမှာ အတွေးတွေကိုလည်း လွတ်လွတ်လပ်လပ် တွေးခွင့်မရှိဘူးဆိုတာ မကြာမီမှာပဲ ကျွန်တော် သိခွင့်ရခဲ့တယ်။ လွတ်လွတ်လပ်လပ် တွေးမိတဲ့အတွေးတစ်ခုက အပြင်ကို စကားလုံးအဖြစ် လျှံကျလာပြီဆိုရင် အသတ်ခံရတဲ့အထိ ဖြစ်တတ်ပါတယ်။ ကံကောင်း မယ်ဆိုရင်တော့ တောင်တွေထူထပ်တဲ့ အရပ်ဒေသဆီ အလုပ်ကြမ်း လုပ်ဖို့ စေလွှတ်ခံရနိုင်ပါတယ်။ ဒါမှမဟုတ် နိုင်ငံရေး အကျဉ်းသားတွေအတွက် သီးသန့် တည်ဆောက်ထားတဲ့ ချွေးတပ်စခန်းတွေဆီလည်း အပို့ခံရနိုင်ပါတယ်။ ဘာလို့လဲဆိုတော့ သူတို့က ခင်ဗျားကို 'လစ်ဘရယ်တစ်ယောက်' သို့မဟုတ် 'အရင်းရှင်တစ်ယောက်' သို့မဟုတ် 'အကျင့်ဆိုးရှိသူတစ်ယောက်' အဖြစ် သတ်မှတ်မှာ မို့လို့ပါပဲ။ အကျင့်ဆိုးတွေဆိုတော့ ဆေးကြောဖို့ လိုတယ်လေ။ ဘယ်လို ဆေးကြောမလဲဆိုရင်တော့ စစ်ဖိနပ်နဲ့ ငယ်ပါကို ကန်ပြီး ဆေးကြောမှာပါ။ ဒါမှမဟုတ် တစ်ခါတည်း သတ်ပစ်ချင်လည်း သတ်ပစ်ပါ လိမ့်မယ်။

လူသားတိုင်းကို တစ်တန်းတည်း ဆက်ဆံတယ်ဆိုတဲ့ မြောက်ကိုရီး ယား နိဗ္ဗာန်ဘုံကြီးမှာ ကိုယ်နေတဲ့ နေရာတစ်ဝိုက်ကို အမြန်ဆုံးသိအောင် ကြိုးစား ဖို့လည်း လိုပါတယ်။ 'ဂျပန်ရောက်ကိုရီးယားလူမျိုးသမဂ္ဂ' သို့မဟုတ် ကိုရီးယား အလုပ်သမားပါတီထဲမှာ အသိအကျွမ်း ရှိတယ် ဆိုရင်တော့ ခင်ဗျားဟာ မြို့တော် ပြုံယမ်း သို့မဟုတ် ဒုတိယ အကြီးဆုံး မြို့ ဖြစ်တဲ့ ဝန်ဆန်မြို့မှာ နေခွင့်ရနိုင်ပါတယ်။ ဒါပေမဲ့ ခင်ဗျားမှာ အသိအကျွမ်း၊ မိတ်ဆွေမရှိဘူးဆိုရင်တော့ အဲဒီမြို့တွေမှာ နေရဖို့ စဉ်းတောင်မစဉ်းစား ပါနဲ့တော့။ ကျေးလက်ဒေသ အဆင့်မှာတော့ လူတွေကို ငါးအိမ် တစ်အုပ်စု အဖြစ် အုပ်စုလေးတွေဖွဲ့ထားပါတယ်။ ငါးအိမ်ပါဝင်တဲ့ အုပ်စုတစ်ခုမှာ ခေါင်းဆောင်တစ်ယောက်ရှိပြီး အဲဒီခေါင်းဆောင်က သူ့အုပ်စုထဲက လူတွေ အကြောင်း အူတွင်းချေးခါးပါ မကျန် လျှို့ဝှက်ရဲတွေကို ပြန်သတင်းပို့ပါတယ်။ ခင်ဗျားဟာ ဘာကောင်မှ မဟုတ်ရင်တောင်မှပေါ့။ ဘာကောင်မှ မဟုတ်တာ နဲ့တင် ခင်ဗျားက အလိုလျှောက် သံသယဖြစ်စရာ စာရင်းထဲ ဝင်နေတတ် ပါတယ်။ အဲဒီလို လူမျိုးတွေကို ဝေးလံခေါင်ဖျားတဲ့ ကျေးရွာတွေဆီ မြေကျွန် အဖြစ်နဲ့ ပို့လေ့ရှိပါတယ်။ 'အဲဒီလိုလူမျိုး' ဆိုတာ ကျွန်တော်တို့လို လူမျိုး တွေကို ဆိုလိုတာပါ။ မြောက်ကိုရီးယားမှာ ကျွန်တော်တို့က အနိမ့်တကာ အနိမ့်ဆုံး လူတန်းစားတွေ လေ။

ကျွန်တော်တို့ကို မြောက်ကိုရီးယားနိုင်ငံရဲ့ ပြည်နယ် လုံခြုံရေးနဲ့ လျှို့ဝှက်ရဲတွေ စေလွှတ်ထားတဲ့ ကြေးစား လူမိုက်တွေက အချိန်ပြည့် စောင့်ကြည့်နေကြတယ်။ ကျွန်တော်တို့ဟာ အစိုးရကို အန္တရာယ်ပေးဖို့ အလားအလာ အများဆုံး သူတွေလို့ သူတို့ သတ်မှတ်ထားခဲ့ပုံ ရတယ်။ ကျွန်တော်တို့ မြောက်ကိုရီးယားကို ပြောင်းရွှေ့လာတုန်းက အန္တရာယ်ရှိတဲ့ ပစ္စည်းအချို့ သယ်လာခဲ့တယ်လေ။ စက်ဘီး၊ အိမ်သုံးလျှပ်စစ်ပစ္စည်းအချို့နဲ့ နည်းနည်း တောက်တောက်ပြောင်ပြောင်ရှိတဲ့ အဝတ်အစားတွေဟာ သူတို့ အတွက်တော့

အန္တရာယ်ရှိတဲ့ပစ္စည်းတွေ ဖြစ်ပါတယ်။ နယ်ခံရွာသားတွေက သူတို့ဘဝတွေဟာ သနားစရာကောင်းလောက်အောင် စုတ်ပြတ်သတ်နေ ပါလားလို့ ရိပ်မိသွားရင် ဘယ်လိုလုပ်မလဲ။ ဒီထက်ပိုဆိုးတာ ရှိသေးတယ်။ ကျွန်တော်တို့ဆီကနေ လွတ်လပ်စွာ တွေးပိုင်ခွင့် ဆိုတဲ့ အတွေးအခေါ် အယူအဆကို နယ်ခံရွာသားတွေ ရသွားရင် ဘယ်လိုလုပ်မလဲ။ သူတို့တွေ အားလုံး ကင်အီဆွန်းရဲ့ အတွေးအခေါ်တွေကို မေးခွန်းထုတ်လာကြတော့မှာပေါ့။ လွတ်လပ်စွာတွေးခေါ်ခွင့်၊ မေးခွန်းထုတ်ခွင့် တွေဆိုတာ အစိုးရက တားမြစ်ပိတ်ပင်ထားတဲ့ အရာတွေလေ။

ကျွန်တော်တို့ မြောက်ကိုရီးယားကို ပြောင်းလာတယ်ဆိုတာ ဂျပန်မှာ နေခဲ့ရတဲ့ ဆင်းရဲတဲ့ ဘဝကနေ ရုန်းထွက်ချင်လို့ပါ။ အနာဂတ် ဆိုရှယ်လစ် နိဗ္ဗာန်ဘုံကြီး တည်ဆောက်ရာမှာ သူ့ရဲကောင်းဆန်ဆန် တာဝန်ထမ်းဆောင် ချင်လို့လည်း မဟုတ်ပါဘူး။ အခု မြောက်ကိုရီးယားကို ရောက်လာခဲ့ပြီလေ။ အခု ကျွန်တော်တို့ ဘာတွေရနေပြီလဲ။ ကျွန်တော် မြန်မြန်ဆန်ဆန် နားလည် ခွင့်ရလိုက်တာ တစ်ခုတော့ ရှိတယ်။ အဲဒါကတော့ အဖေ့ရဲ့ ဝင်ငွေဟာ ကျွန်တော်တို့ မိသားစု ခြောက်ယောက်အတွက် ဘယ်လိုမှ မလုံလောက်ဘူး ဆိုတာပါပဲ။ ကျွန်တော်တို့ ဒီမှာစားရတဲ့ အစားအသောက် ပမာဏဟာ ဂျပန်မှာ စားခဲ့ရတာထက်တောင် အများကြီး နည်းနေပါသေးတယ်။

ဒီမှာက အရွယ်ရောက်ပြီးသူအားလုံး မဖြစ်မနေ အလုပ်လုပ်ရပါတယ်။ ဒီမှာ အများ လက်ခံထားတဲ့ အယူအဆကတော့ ‘အလုပ်မရှိရင် ညစာ မရှိဘူး'ဆိုတဲ့ အယူအဆပဲ ဖြစ်ပါတယ်။ သူတို့အယူအဆကို လက်ခံနိုင်ပါတယ်။ ဒါပေမဲ့ တစ်ခုတည်းသော ပြဿနာက အမေဟာ ကိုရီးယားစကား မပြောတတ်တာကြောင့် ပါတီခေါင်းဆောင်တွေဟာ အမေ့ကို အလုပ်တစ်ခုမှ မပေးတာပါပဲ။ အမေက တကယ်တော့ အလုပ်လုပ်နိုင်တဲ့ အမျိုးသမီး တစ်ယောက်ပါ။ အမေ့မှာ တတ်မြောက်ထားတဲ့ ပညာရပ်အချို့ ရှိပါတယ်။ အမေ့မှာ သင်္ချာဘာသာရပ်နဲ့ ပတ်သက်တဲ့ အသိအမှတ်ပြုလက်မှတ် ရှိသလို၊ သူနာပြု အတွေ့အကြုံလည်း ရှိပါတယ်။ ဒါ့အပြင် အခြား အရည်အချင်း အချို့လည်း ရှိပါသေးတယ်။ ဒါပေမဲ့ ဒါတွေက ပါတီကလူတွေရဲ့ စိတ်ကို မပြောင်းလဲနိုင်ခဲ့ပါဘူး။ အချိန်ကြာလာတာနဲ့အမျှ ရွာသားအချို့က အမေဟာ မီးဖွားခြင်းနဲ့ပတ်သက်ပြီး ဗဟုသုတရှိကြောင်း သိလာကြတယ်။ မီးဖွားစရာ ရှိတဲ့အခါမျိုးဆို ရွာသားတွေက အမေ့ဆီကို အကူအညီ လာတောင်းတတ်ကြတယ်။ အဲဒီလိုအကူအညီ တောင်းနေရသည့်တိုင်အောင် သူတို့က အမေ့ကို အနိမ့်ဆုံး လူတန်းစားလို ဆက်ဆံနေဆဲပါပဲ။ ပါတီကလည်း အမေ့ကို အလုပ်မပေးဘဲ အသုံးမဝင်တဲ့ လူတစ်ယောက်အဖြစ် ဆက်ပြီး သတ်မှတ် ထားခဲ့တယ်။ ဒါကြောင့် အမေဟာ အချိန်အများစုမှာ ကျွန်တော်တို့အိမ် နောက်ဘက်မှာရှိတဲ့ တောင်တွေဆီသွားပြီး ကျွန်တော်တို့ စားလို့သောက်လို့ ရမဲ့ အရာမှန်သမျှကို ရှာဖွေရပါတယ်။

အမေဟာ ကျွန်တော်တို့ မိသားစုအတွက် အစားအသောက် လောက်လောက်ငှငှ ရှာဖွေဖို့ အခက်တွေ့နေရတဲ့အပြင် ရလာတဲ့ အစားအသောက်တွေကို ချက်ပြုတ်ဖို့လည်း အခက်တွေ့ရပြန်ပါတယ်။ အစားအသောက်တွေကို ချက်ပြုတ်ဖို့ သူ့မှာ ထင်းမီးဖိုလေးတစ်ခုပဲ ရှိတယ်။ အမေ နေ့တိုင်း အိမ်ကိုပြန်သယ်လာတဲ့ ထင်းတွေရဲ့အရည်အသွေးကလည်း တစ်နေ့နဲ့ တစ်နေ့ မတူပါဘူး။ ဒါကြောင့် ချက်ရပြုတ်ရတာလည်း တော်တော်ကို ခက်ခဲပါတယ်။ တစ်ခါတလေ အမေချက်တဲ့ ထမင်းက မနပ်ဘူး။ တစ်ခါတလေကျတော့လည်း ထမင်းက အိုးကပ်သွားတတ်တယ်။ ဒါပေမဲ့ အဖေကတော့ တစ်ခါမှ အပြစ်တင်ပြောဆိုတာမျိုး မရှိခဲ့ဘူး။ အဖေက အမေချက်တဲ့ ထမင်းကို အမြဲတမ်း မြိန်မြိန်ရှက်ရှက်ပဲ စားတယ်။ မြောက်ကိုရီးယားကိုပြောင်းလာခြင်းရဲ့ တစ်ခုတည်းသော ကောင်းကျိုးကတော့ အဖေ့ ပုံစံပြောင်းလဲသွားခြင်းပါပဲ။ အခုနေ ပြန်စဉ်းစားကြည့်တော့ အဲဒီလိုကြင်နာမှု လေး အနည်းငယ်ပြတာဟာ အဖေ တကယ်လုပ်ပေးနိုင်တဲ့ အရာတွေထဲက အသေးမွှားဆုံး လုပ်ရပ်လေး တစ်ခုသာ ဖြစ်ပါတယ်။

ကျွန်တော်နဲ့ညီမလေးတွေကလည်း ထွားတာမြန်တဲ့အရွယ်မို့ အမြဲလိုလို ဗိုက်ဆာနေတတ်ကြတယ်။ ဒါပေမဲ့ များသောအားဖြင့် ဘာဟင်းမှ မပါဘဲ ထမင်းချည်းပဲစားရလေ့ရှိတယ်။ အဖေက ကျွန်တော်တို့ဂျပန်ကသယ်လာတဲ့ အဝတ်အစားအချို့နဲ့ စက်ဘီးကို ရွာထဲက ပါတီခေါင်းဆောင် အချို့ထံ ရောင်းလိုက်တယ်။ ပိုက်ဆံလေး နည်းနည်း လက်ထဲရောက်လာတော့မှ ရွာအစွန်က လယ်သမားဈေးကို အဖေ ထွက်သွားခဲ့တယ်။ မြောက်ကိုရီးယား မှာက အစားအသောက် ဖြန့်ဝေမှုကို အစိုးရက ထိန်းချုပ်ထားပါတယ်။ ပုဂ္ဂလိကရောင်းချခြင်းကို တားမြစ်ထားပါတယ်။ အဲဒီလို တားမြစ်ထားတယ် ဆိုပေမဲ့ တစ်ခါတလေ မျက်ကွယ်ပြုပေးမှုတွေရှိနေတာကြောင့် လယ်သမား တွေဟာ အသီးအရွက်နဲ့ ကြက်ဥဘဲဥ အနည်းငယ်ကို ခိုးချောင်ခိုးဝှက် ရောင်းလို့ ရနေပါသေးတယ်။ ဒါပေမဲ့ ဈေးနှုန်းတွေကတော့ ခေါင်ခိုက်နေတာ ပါပဲ။ တစ်ခါတလေ တရားဝင် ဈေးနှုန်းထက် ဆယ်ဆလောက် တင်ပြီး ရောင်းကြတယ်။

ကျွန်တော်တို့ အံ့အားသင့်သွားလောက်အောင်ပဲ ဝက်တစ်ကောင်၊ သိုးတစ်ကောင်၊ ကြက်တစ်ကောင် ဝယ်ပြီး အဖေ ပြန်လာခဲ့တယ်။ အဲဒီ တိရစ္ဆာန်တွေကို ခြံထဲမှာပဲ မွေးထားလိုက်ဖို့ ကျွန်တော်တို့ ဆုံးဖြတ်လိုက်တယ်။ ကျွန်တော်တို့က ဒီတိရစ္ဆာန်တွေကို စားဖို့ မွေးတာ ဖြစ်ပေမဲ့ ညီမလေးတွေ အတွက်ကတော့ အရုပ်သစ်လေးတွေ ရလိုက်သလိုပါပဲ။ ညီမလေးတွေ ဒီလောက်စိတ်လှုပ်ရှားနေတာမျိုး မမြင်ရတာ ကြာခဲ့ပါပြီ။

ဒါပေမဲ့ အဲဒီနေ့ နေ့လယ်ပိုင်းလောက်မှာပဲ ရွာထဲက ရဲတစ်ယောက် ဟာ

ကျွန်တော်တို့ ခြံထဲကို သူပိုင်တဲ့နေရာတစ်ခုလို ပိုင်စိုးပိုင်နင်း ဝင်လာခဲ့ပြီး တောင်ကြည့် မြောက်ကြည့် လျှောက်ကြည့်ပါတော့တယ်။ သူ့ ကြည့်ရတာ ပါးရိုးနားရိုးတွေ ကျနေပြီး မျက်လုံးကလည်း ချိုင့်ဝင်နေသလို ယုတ်မာတဲ့ စိတ်လည်း ရှိပုံပေါ်နေပါတယ်။ သူ့ရဲ့ ကြောက်စရာကောင်းတဲ့ မျက်လုံးကြီး တွေကို မကြည့်ချင်တာကြောင့် ကျွန်တော် အကြည့်လွှဲလိုက်ပြီး ဝက်စာကျွေး တာကိုပဲ အာရုံစိုက် လုပ်နေလိုက်တယ်။

“သောက်ရူး မျိုးမစစ်ဂျပန်ကောင်လေး....မင်းဘာတွေလုပ်နေတာလဲ... ထမင်းတွေကို ဝက်စာထဲ ထည့်ကျွေးနေတယ် ဟုတ်လား၊ ထမင်းဆိုတာ လူတွေအတွက်ကွ သောက်ရူးလေးရဲ့..."

သူအော်ပြောနေတာကို ကြည့်ပြီး ကျွန်တော် ဘာမှ ပြန်မပြောရဲ လောက်အောင် ကြောက်နေမိတယ်။ သူပြောတဲ့ ထမင်းဆိုတာကလည်း နေ့လယ်စာ စားတုန်းက ကြမ်းပြင်ပေါ် ပြုတ်ကျခဲ့တဲ့ ထမင်းစေ့ သေးသေး လေးတွေပါ။ ထမင်းစေ့လေးတွေကို ဒီအတိုင်း လွှင့်မပစ်ရက်တာနဲ့ တစ်စေ့ ချင်းစီ ကောက်ပြီး ဝက်စာထဲ ထည့်ပေးမိတာပါ။ အခုတော့ စည်းမဲ့ကမ်းမဲ့ ဖြုန်းတီးတယ်ဆိုပြီး အစွပ်စွဲခံနေရပါပြီ။

အဖေက အိမ်ထဲကနေ ရုတ်တရက် ပြေးထွက်လာပြီး ရဲသားကို ကုပ်ကကိုင်ကာ လက်သီးနဲ့ ထိုးပါတော့တယ်။ ဂျပန်မှောင်ခိုဈေးကွက်ထဲက ‘ကျားကြီး’ ပြန်ရောက်လာသလိုပါပဲ။ ဒါပေမဲ့ သိပ်မကြာလိုက်ပါဘူး။ ရဲသားက မတ်တတ်ပြန်ရပ်နိုင်တဲ့ အချိန်မှာ သေနတ်ကို ထုတ်ပြီး အဖေ့ကို ချိန်လိုက်ပါတယ်။ အဖေက နောက်ကို ဆုတ်ပြီး “ဟုတ်ပြီ...ဟုတ်ပြီ...မင်း ပြောချင်တာကို ငါတို့ သဘောပေါက်ပါပြီ၊ မင်း ငါ့ကို သေနတ်နဲ့ ပစ်စရာ မလိုပါဘူးကွာ" လို့ တောင်းပန်လိုက်တယ်။ ရဲသားက အဖေ့နောက်ကျောကို သေနတ်နဲ့ထောက်ကာ ရဲစခန်းကိုလိုက်ခဲ့ဖို့ အော်ဟစ်အမိန့်ပေးလိုက်တယ်။ အဖေက ကျွန်တော့်ကို လှည့်ကြည့်ပြီး “စိတ်မပူနဲ့သား"လို့ အော်ပြောကာ ရဲစခန်းကို လိုက်သွားတယ်။

အဖေပြန်လာမှာကိုစောင့်ရင်း အမေနဲ့ ကျွန်တော် ကြောက်စိတ်တွေ ဖုံးလွှမ်းနေခဲ့တယ်။ ညသန်းခေါင်အချိန်လောက်မှာ အဖေ ယိုင်တိယိုင်တိုင်နဲ့ ပြန်လာခဲ့တယ်။ အဖေဟာ လမ်းတောင် ကောင်းကောင်းမလျှောက်နိုင်တော့ ပါဘူး။ မျက်နှာမှာ သွေးတွေဖုံးလွှမ်းနေပြီး မျက်နှာတစ်ခုလုံးလည်း ရောင်ကိုင်း နေတယ်။ ကျွန်တော် အရင်က အဖေ့ကို တစ်ခါမှ မသနားခဲ့ဖူးဘူး။ ဒါပေမဲ့ အဲဒီနေ့ညမှာတော့ ကျွန်တော့်ရင်ထဲကို ခံစားချက်အသစ်တစ်ခု ရောက်လာခဲ့တယ်။

“မင်းတို့တွေ သတိထားနေမှ ရတော့မယ်။ မင်းတို့အားလုံး သတိထား နေကြရတော့မယ်။ တောက်...ဟိုမအေလိုးတွေ ငါ့ကိုလှည့်စားလိုက်တာပဲ။ မအေလိုး

ကိုရီးယားသမဂ္ဂ''လို့ ဆဲရင်း အဖေဟာ ဒေါသတွေ ထွက်နေတယ်။ အသားတွေလည်း တဆတ်ဆတ်တုန်နေတယ်။ သူ့ ကြည့်ရတာ ဒေါသထွက်ရုံတင်မဟုတ်ဘဲ တစ်ခုခုကို တုန်လှုပ်ချောက်ချားနေပုံပါပဲ။

အရင်တုန်းက သူ တစ်စုံတစ်ခုကို ကြောက်လန့်တာ တစ်ခါမှ မမြင်ဖူး ခဲ့ဘူး။ အဖေဟာ ဂျပန်မှာတုန်းက တစ်ယောက်ယောက်က သူ့ကို ဇယားလာ ရှုပ်ရင် အဲဒီလူကို မရှုနိုင်မကယ်နိုင် ဖြစ်အောင် ထိုးကြိတ်လေ့ရှိသူပါ။ အဖမ်းခံရရင်တောင် ဂရုစိုက်လေ့ရှိသူ မဟုတ်ပါဘူး။ အခုတော့ သူကြောက် နေတာကို အထင်းသား မြင်နေရတယ်။ အဖေ့မျက်လုံးထဲက ကြောက်ရွံ့မှု တွေကို တွေ့ပြီး အဖေ့အသံမှာ ထင်ပေါ်နေတဲ့ နောင်တရသံကို ကြားလိုက် ကတည်းက ကျွန်တော်တို့မိသားစု ငရဲကို အပို့ခံလိုက်ရပြီဆိုတာ ကျွန်တော် သဘောပေါက်လိုက်တယ်။ ဒီအကြောင်း ထပ်စဉ်းစားလေ ကျွန်တော် ကြောက်ရွံ့တုန်လှုပ်မိလေပဲ။ အဖေဟာ သူ့မိသားစုကို ကျွေးမွေးချင်လို့ ဝက်တစ်ကောင်၊ သိုးတစ်ကောင်နဲ့ ကြက်တစ်ကောင်ဝယ်လာခဲ့တာပါ။ ဒါကို အိမ်နီးနားချင်းထဲက မနာလိုတဲ့ လူတစ်ယောက်ယောက်က ရဲကိုတိုင်ခဲ့တာ ဖြစ်ပါတယ်။ အဲဒီရဲကလည်း အဖေ့ကို ဒီကိစ္စအတွက်နဲ့ သတ်ဖို့ဝန်လေးနေမှာ မဟုတ်ပါဘူး။

ဒီအဖြစ်အပျက်ကို ကျွန်တော် အကြိမ်ပေါင်းများစွာ ပြန်စဉ်းစားနဲတယ်။ အဲဒီညကစပြီး ကျွန်တော် ဘယ်လိုနေရာမျိုးကို ရောက်နေတာလဲ၊ ဂျပန်အစိုးရနဲ့ သမဂ္ဂက ကျွန်တော်တို့ကို ဘယ်လိုနေရာမျိုးဆီ ပို့ခဲ့တာလဲ ဆိုတာ ကွက်ကွက်ကွင်းကွင်း မြင်သွားခဲ့တယ်။ အဲဒီအချိန်ကစပြီး ကျွန်တော် တို့ရဲ့ နိမ့်ပါးတဲ့ မျိုးရိုးနောက်ခံကို ပြန်မြှင့်တင်နိုင်ဖို့အတွက် စာတွေပိုကြိုးစား လာခဲ့တယ်။ အလုပ်ကို ပြင်းပြင်းထန်ထန် ကြိုးစားရင် ကျွန်တော်တို့ရဲ့ ခက်ခဲနေတဲ့ အနေအထားတွေကို ကျော်ဖြတ်နိုင်မယ်လို့ ကျွန်တော် ခပ်အအပဲ ယူဆခဲ့မိတယ်။ ကျွန်တော့် မိသားစု အခြေအနေကို ပြောင်းပြန် လှန်ပစ်ဖို့ ကျွန်တော် တတ်နိုင်တာ အကုန်လုပ်မယ်လို့ ဆုံးဖြတ်ချက် ချလိုက်တယ်။ ကျွန်တော့်ရဲ့ ကိုရီးယားဘာသာစကား ကျွမ်းကျင်မှုကလည်း တဖြည်းဖြည်း တိုးတက်လာတယ်။ နောက်ဆုံးတော့ အဖေနဲ့ ကိုရီးယားလို အလွယ်တကူ စကားပြောလာနိုင်ခဲ့တယ်။ ကိုရီးယားလို ပိုကျွမ်းကျင်လာပြီး နောက် အဖေနဲ့ပိုနီးစပ်လာသလိုလည်း ခံစားလာခဲ့ရတယ်။

မြောက်ကိုရီးယားမှာ တစ်နှစ် ကြာပြီးတဲ့နောက် ကျောင်းမှာလည်း ပိုအဆင်ပြေလာခဲ့တယ်။ ကျွန်တော့်ရဲ့ အားထုတ်မှုတွေလည်း အသိအမှတ်ပြု ခံလာရတယ်။ အတန်းထဲမှာ ကျွန်တော် အတန်းခေါင်းဆောင် ဖြစ်လာတယ်။ ကျွန်တော်ဟာ 'မျိုးမစစ် ဂျပန်ကောင်' တစ်ယောက် ဆိုတာထက် ပိုကြောင်း သက်သေပြချင်နေခဲ့တာ ဖြစ်မယ်ထင်တယ်။ အတန်းဖော်ထဲက တစ်ယောက်

နေမကောင်းဖြစ်လို့ ကျောင်းတစ်ရက်ပျက်ရင် ကျွန်တော် အဲဒီကျောင်းသား အတွက် ဆေးတွေသွားပို့ပြီး သူမသင်လိုက်ရတဲ့ ကျောင်းစာတွေကို ပြန်သင် ပေးတယ်။ ဒါဟာ ကျွန်တော်လုပ်ရမဲ့ တာဝန်ဖြစ်တယ်လို့ ကျွန်တော် ခံယူ ထားခဲ့တယ်။

ဒါပေမဲ့ ကျောင်းမှာ ကျွန်တော်တို့ ဘာတွေ သင်ယူရလဲဆိုတာ ခင်ဗျားကို ပြောပြရဦးမယ်။ ကျွန်တော်တို့ သင်ရတဲ့ သင်ခန်းစာတွေက စာလုံးပေါင်းသတ်ပုံ၊ သင်္ချာ၊ ရူပဗေဒ ဆိုတာတွေထက် အများကြီးပိုပါတယ်။ ဘုရားသခင်အလား စွမ်းအားကြီးမားတဲ့ ခေါင်းဆောင်ကြီး ကင်အီဆွန်း ပြုလုပ်ခဲ့တဲ့ အံ့အားသင့်ဖွယ်ရာ ပြောင်းလဲမှုကြီးတွေ အကြောင်းလည်း သင်ယူရတယ်။ ကျောင်းမှာ အရေးကြီးဆုံးအချက်က ကျွန်တော်တို့အားလုံး ခေါင်းဆောင်ကြီးကို ဘယ်လောက်သစ္စာရှိလဲဆိုတဲ့ အချက်ပဲ ဖြစ်ပါတယ်။ ကျွန်တော့်ဆရာတွေနဲ့ ကျွန်တော်သိသမျှ အရွယ်ရောက်ပြီးသူအားလုံးဟာ သူတို့ရဲ့ အယောင်ဆောင် ဘာသာရေး ယုံကြည်မှုကြီးကို ကျွန်တော်တို့ ယုံကြည် သက်ဝင်လာအောင် မှိုင်းတိုက်ကြပါတယ်။ ကျွန်တော်ကတော့ ရေလိုက် ငါးလိုက်ပဲ နေပါတယ်။ ကျွန်တော် သဘောပေါက်လိုက်တာ တစ်ခုက ဒီလို အနေအထားမျိုးမှာ ကိုယ့်ရဲ့စဉ်းစားချင့်ချိန်နိုင်တဲ့ စွမ်းရည်ကို ခဏမေ့ထားပြီး သူတို့ပြောသလို လိုက်နေဖို့လိုတယ် ဆိုတာပါပဲ။ ပြဿနာ တွေမဖြစ်အောင် သတိထားရှောင်ပြီး သေးသေးမွှားမွှားကိစ္စတွေ အတွက်နဲ့ ဒေါသမဖြစ်အောင် ကျွန်တော် ကြိုးစားနေခဲ့တယ်။ ဒါပေမဲ့ ပြဿနာက အချို့လူတွေဟာ ဝါဒမှိုင်းတွေကို တကယ်ယုံကြတာပါပဲ။ သူတို့သင်နေရတဲ့ ပေါက်ကရလေးဆယ်ကို အကုန် ယုံကြည်လာကြတယ်။ ဒါပေမဲ့ ကံကောင်း ထောက်မစွာနဲ့ မှိုင်းမမိတဲ့ သူတွေလည်း အများအပြား ရှိနေခဲ့တယ်။ တစ်နေ့ကျရင်တော့ သူတို့ဟာ မြောက်ကိုရီးယားအစိုးရကို ကျဆုံးစေမဲ့ သူတွေ ဖြစ်လာနိုင်ပါတယ်။

※

ကျွန်တော် အသက်(၁၄)နှစ်ပြည့်ချိန်မှာ ဒီမိုကရက်တစ်လူငယ်သမဂ္ဂ အဖွဲ့ကိုဝင်ခဲ့ပါတယ်။ ကျောင်းကော်မတီမှာလည်း အဖွဲ့ဝင်ဖြစ်လာခဲ့တယ်။ "မင်းက ဂျပန်ကောင်၊ သောက်ပိန်း မျိုးမစစ်ကောင်ဆိုတော့ သောက်သုံး လည်း တစ်စက်မှ ကျမဲ့ကောင်မဟုတ်ဘူး'' လို့ ခဏခဏ အပြောခံနေရ တာကို ကျွန်တော် စိတ်ကုန်နေပါပြီ။ ကျွန်တော်ဟာ ဘယ်နေရာမှာမှ အသုံးမဝင်တဲ့ကောင် မဟုတ်ပါဘူး။ ဒါကို သက်သေပြဖို့လည်း ကျွန်တော် ဆုံးဖြတ်ချက် အခိုင်အမာ ချထားခဲ့တယ်။

လူငယ်အဖွဲ့အစည်းတွေထဲ စဝင်တဲ့ အခမ်းအနားတွေမှာ လူငယ် တွေဟာ ပါတီအရာရှိတွေရဲ့ ရှေ့မှောက်မှာ မတ်တတ်ရပ်ပြီး ကင်အီဆွန်းကို ချီးကျူးထောပနာပြုတဲ့ သီချင်းတစ်ပုဒ် သီဆိုရလေ့ရှိတယ်။ ပြီးရင်တော့ အားလုံး

တန်းစီရပြီး ကင်အီဆွန်းကို သစ္စာရှိမှာဖြစ်ကြောင်း၊ ကင်အီဆွန်းရဲ့ ဆိုရှယ်လစ်ဝါဒကို အစွမ်းကုန် ကြိုးစားမြှင့်တင်ပေးမှာဖြစ်ကြောင်း ကျိန်ဆိုရတယ်။ အဲဒီနောက်မှာတော့ အရာရှိတစ်ယောက်က အနီရောင်လည်စည်းပဝါ ကို ခင်ဗျားလည်ပင်းမှာ လာစွပ်ပေးပြီး တံဆိပ်တစ်ခုကို ခင်ဗျားရင်ဘတ်မှာ တပ်ဆင်ပေးပါလိမ့်မယ်။ အနီရောင်ဟာ တော်လှန်ရေးအတွက် ကျခဲ့တဲ့ သွေးတွေနဲ့ ကွန်မြူနစ်ဝါဒရဲ့ စိတ်ဓာတ်ကို ကိုယ်စားပြုပါတယ်။

လူငယ်သမဂ္ဂမှာ ပါဝင်တဲ့သူတွေဟာ အသက်(၁၄)နှစ်ကနေ အသက် (၃၀)လောက်အထိ ရှိပါတယ်။ ဒီအဖွဲ့အစည်းရဲ့ မြင့်မားလှတဲ့ ရည်ရွယ်ချက် ကတော့ ဆိုရှယ်လစ်ဝါဒ အလုံးစုံအောင်မြင်ရေးကို ဆောင်ကျဉ်းလာဖို့ ဖြစ်ပါတယ်။ ကျွန်တော်ကတော့ ဆိုရှယ်လစ်ဝါဒနဲ့ ပတ်သက်ပြီး စိတ်ကို မဝင်စား တာပါ။ ကျွန်တော့်မိသားစုနဲ့ ကျွန်တော့်ဘဝကို တိုးတက်အောင် လုပ်ချင်တဲ့ စိတ်ပဲရှိတယ်။ အချို့ လူငယ်အဖွဲ့အစည်းတွေက အနီရောင် လည်စည်းပဝါ တစ်ခုပဲ ပတ်ထားလေ့ရှိပေမဲ့ ကျွန်တော်တို့ လူငယ်သမဂ္ဂ အဖွဲ့ကတော့ အဖွဲ့ဝင်ကတ်တွေပါ ကိုင်ဆောင်ထားရပါတယ်။

ကျွန်တော့်ရဲ့ ကိုယ်ပိုင်ကတ် ရခဲ့တဲ့နေ့ကို ကျွန်တော် ဘယ်တော့မှ မေ့မှာ မဟုတ်ပါဘူး။ အဲဒီကတ်ပေါ်မှာ ရေးထားတာက “ဆိုရှယ်လစ်ဝါဒရဲ့အခြေခံအုတ်မြစ်ကို နိုင်ငံသားအားလုံး ကာကွယ်စောင့်ရှောက်ပြီး တော်လှန်ရေးအောင်မြင်မှုကြီး ရရှိအောင် ကြိုးပမ်းရမယ်" ဆိုတဲ့စာသားဖြစ်ပါတယ်။ ဒီနေ့ ဒီအချိန်ထိ မြောက်ကိုရီးယား ခေါင်းဆောင်တွေဟာ အဲဒီလို ကြောင်တောင်တောင် တွန်းအားပေးမှုတွေကို တရစပ် လုပ်နေဆဲ ဖြစ်ပါတယ်။ အဲဒီလို အဓိပ္ပာယ်မရှိတဲ့ ဟာတွေကို ယုံလေ့မရှိတဲ့ ကျွန်တော်တောင် ခဏတော့ စိတ်ပါသွားခဲ့သေးတယ်။

ကျွန်တော် အဖွဲ့ဝင်ကတ်ကို ငေးကြည့်ရင်းနဲ့ ကိုယ့်ကိုယ့်ကိုယ် မြင့်မြတ်တဲ့ ရည်မှန်းချက်တစ်ခုကို ဖော်ဆောင်ရမဲ့ လူတစ်ယောက်လို ခံစားနေမိခဲ့တယ်။

အဲဒီနှစ်ရဲ့ နွေဦးရာသီမှာ လူငယ်သမဂ္ဂအဖွဲ့ဟာ လယ်ယာတွေထဲကို သွားပြီး စပါးပျိုးပင်စိုက်ခြင်းနဲ့ ဓာတ်မြေဩဇာကျွေးခြင်း အလုပ်တွေကိုလုပ်ခဲ့ ရတယ်။ နွေဦးရာသီမှာ စပါးပျိုးပင်စိုက်ရတာဟာ အခက်အခဲဆုံး အလုပ် တစ်ခု ဖြစ်ပြီး လူတိုင်း အဲဒီအလုပ်ကို မုန်းခဲ့ကြတယ်။ အဲဒီအလုပ်ဟာ ကျွန်တော် ပထမဆုံး လုပ်ခဲ့ရတဲ့အလုပ်လည်း ဖြစ်ပါတယ်။ ဒီနေ့အထိ စပါး ပျိုးပင် စိုက်ရတဲ့ အတွေ့အကြုံကို အသေးစိတ်မှတ်မိနေဆဲပါ။ ကျွန်တော် အရင်က စပါးပျိုးပင် တစ်ခါမှ မစိုက်ဖူးတာကြောင့် အဲဒီတုန်းက ပျိုးပင်တွေစိုက်ဖို့ အတော်လေး စိတ်လှုပ်ရှားနေခဲ့တယ်။ ဘောင်းဘီရှည်ကို လိပ်တင်ပြီး အေးစက်စက်ရွှံ့တွေ ရှိနေတဲ့ လယ်ကွက်ထဲ ကျွန်တော့် ခြေထောက်ကို နှစ်လိုက်တယ်။ ပျိုးပင်တွေကို ဘေးမှာထားပြီး ကျွန်တော်တို့ အားလုံး စနစ်တကျ အတန်းလိုက်အနေအထား

နေရာယူရပါတယ်။ ကျွန်တော်တို့ရဲ့ ညွှန်ကြားရေးမှူးက လယ်ကွင်းတွေ ကြားထဲမှာရှိတဲ့ လူသွားလမ်းမှာ မတ်တတ်ရပ်နေပြီး ကျွန်တော်တို့အားလုံး အဆင်သင့်ဖြစ်တာကို သူ တွေ့သွားချိန်မှာတော့ "စကြတော့" ဆိုပြီး အပြေးပြိုင်ပွဲတစ်ခုလို အမိန့်ပေး လိုက်ပါတယ်။ ကျွန်တော်တို့လည်း စပြီး ပျိုးပင်တွေကို စိုက်ပါတော့တယ်။

ညွှန်ကြားရေးမှူးက ကျွန်တော်တို့ ပျိုးပင်စိုက်တာကို ခဏတော့ စေ့စေ့စပ်စပ် စောင့်ကြည့်နေပါသေးတယ်။

"မဟုတ်ဘူး၊ မင်းလုပ်တာ မှားနေပြီ၊ ပျိုးပင်တွေ ကြားထဲက အကွာအဝေးကို ပိုကျဉ်းဦးကွ' လို့ သူက ပြောနေတယ်။ ကျွန်တော် ပခုံးပေါ်ကနေ အဲဒီလူကို မသိမသာ တစ်ချက် လှည့်ကြည့်လိုက်တယ်။ တွေ့ပါပြီ။ ဆရာသမားက သူ့ကိုယ်သူ ကြီးကြီးကျယ်ကျယ် ထင်နေပုံနဲ့ ဟန်ပါပါ လမ်းလျှောက်နေပြီး အမိန့်တွေ အော်ပေးနေတာပါ။ သူ ဘာလို့ ပျိုးပင်တွေကို နီးနီးကပ်ကပ် စိုက်ခိုင်းနေလဲဆိုတာ စဉ်းစားလို့ မရပါဘူး။ သူကရော ဘာလို့ သူကိုယ်တိုင် အလုပ်မလုပ်ဘဲ အာချောင်နေရတာလဲ။

ကျွန်တော့်ဘေးက ပျိုးပင်စိုက်နေတဲ့ အတန်းဖော်ဘက်ကို လှည့်ပြီး ''အဲဒီလူ ဘာတွေ ပြောနေတာလဲကွ" လို့ မေးလိုက်တယ်။

ကျွန်တော့် အတန်းဖော်က ကျွန်တော့်ကို အရူးတစ်ယောက်လို ပြန်ကြည့်ပြီး "မင်း တကယ်မသိဘူးလား၊ ဒါ နောက်ဆုံးပေါ် သိပ္ပံနည်းကျ နည်းလမ်းလေ၊ ဒီနည်းလမ်းနဲ့ဆို စပါး ပိုပြီးအထွက်တိုးတယ်ကွ" လို့ ပြန်ဖြေတယ်။

ကျွန်တော် အရင်က စပါးမစိုက်ဖူးပါဘူး။ ဒါပေမဲ့ ဂျပန်က မူလတန်း ကျောင်းမှာ ကလေးတိုင်း သင်ရတဲ့ အရာတစ်ခုတော့ ရှိတယ်။ အဲဒါကတော့ စပါးပျိုးပင်တွေကို နီးနီးကပ်ကပ်စိုက်ရင် အမြစ်တွေ အရမ်းကပ်သွားပြီး ထွက်လာတဲ့စပါးဟာလည်း အရည်အသွေး ကောင်းမွန်မှာ မဟုတ်ဘူးဆိုတဲ့ အချက်ပဲ ဖြစ်ပါတယ်။ ဒါက စပါးစိုက်ရာမှာသိရမဲ့ အခြေခံအကျဆုံးအချက်ပါ။ ဒါပေမဲ့ ကျွန်တော် ထပ်ပြီး စဉ်းစားကြည့်တော့ ဒီညွှန်ကြားရေးမှူး ဆိုတဲ့ သူက ဘာမှမသိတဲ့ အာပလာကောင်တော့ မဟုတ်လောက်ပါဘူး။ ကျွန်တော် မသိတဲ့ အရာတစ်ခုခုကို သူ သိနေတာ ဖြစ်ပါလိမ့်မယ်။ နည်းလမ်းအသစ်ကို သူတို့ ရှာဖွေတွေ့ရှိထားတာလည်း ဖြစ်နိုင်ပါတယ်။ ဒါနဲ့ ကျွန်တော်လည်း သူတို့ခိုင်းတဲ့အတိုင်းပဲ ဆက်လုပ်လိုက်တယ်။ ပြောစရာမလိုလောက်အောင်ပဲ အဲဒီနှစ်က စပါးခင်း တော်တော်များများ မအောင်မြင်ခဲ့ပါဘူး။ ဒီလို ရှုံးနှိမ့် နေတဲ့ ပေါ်လစီကြောင့် လူတွေ ဘယ်နှယောက်လောက်များ ထမင်းငတ်နေ ကြရလဲဆိုတာ ကျွန်တော် မကြာခဏ စဉ်းစားမိတယ်။

စစချင်းတော့ ကျွန်တော် ပျိုးပင်စိုက်ရတာကို သဘောကျနေခဲ့ပါတယ်။ ဒွိဟဖြစ်နေတာတွေ ရှိပေမဲ့လည်း စပါးပျိုးပင်စိုက်ရတာ အသစ်အဆန်း အလုပ်တစ်ခုလို ဖြစ်နေခဲ့တယ်။ ဒါပေမဲ့ နာရီအနည်းငယ်အကြာမှာတော့ ကြွက်တက်ချင်သလို ဖြစ်လာပြီး နာကျင်လာတယ်။ အကြောဆန့်ဖို့ ကျွန်တော် ကြိုးစားကြည့်တယ်။

“မနားနဲ့” လို့ တစ်စုံတစ်ယောက် လှမ်းအော်တာကို ရုတ်တရက် ကြားလိုက်ရတယ်။

ကျွန်တော် ဘေးပတ်ဝန်းကျင်ကို ကြည့်ပြီး ဘယ်သူ အော်တာလဲ ဆိုတာ ရှာဖွေကြည့်တယ်။ အပြီးသတ်တော့ လှမ်းအော်တဲ့သူက လယ်သမား တွေထဲက တစ်ယောက်ကိုး။ သူကတော့ ဘာမှမလုပ်ဘဲ မတ်တတ်ရပ် နေတာပါ။ ကိုယ့်ကိုယ်ကိုယ် မထိန်းနိုင်တော့ဘဲ “လယ်စိုက်တာနဲ့ ပတ်သက် ပြီး ခင်ဗျား ဘာမှလည်း သိပုံမပေါ်ပါဘူး။ ကျွန်တော့်ကို ဆရာလုပ်ရအောင် ခင်ဗျားက ဘာမို့လို့လဲ''လို့ တိုးတိုးလေး ပြောလိုက်မိတယ်။

ပါတီခေါင်းဆောင်တွေများ ကျွန်တော့်ကို စောင့်ကြည့်နေမလားလို့ တစ်ချက်ဝေ့ကြည့်လိုက်တယ်။ ဘယ်သူမှ စောင့်ကြည့်မနေတာနဲ့ ကျွန်တော် ဆေးလိပ်သောက်ဖို့ ခဏထွက်သွားလိုက်တယ်။

ဆေးလိပ်သောက်နေရင်း သတိထားမိလိုက်တာက လယ်သမားတွေ ဟာ ဘာအလုပ်မှ မည်မည်ရရ မလုပ်ဘူးဆိုတာပါပဲ။ သူတို့က လူငယ်သမဂ္ဂ အဖွဲ့ဝင်တွေနဲ့ စစ်သားတွေကို အမိန့်ပေးရင်းနဲ့ပဲ အချိန်ဖြုန်းနေကြတာပါ။ ဒါပေမဲ့ နေ့တစ်နေ့ ပြီးဆုံးသွားတိုင်း ဒီလယ်သမားတွေဟာ တစ်နေ့စာအလုပ်ချိန် အပြည့်လုပ်ကြောင်း ပါတီခေါင်းဆောင်တွေဆီမှာ အစီရင်ခံလေ့ ရှိတယ်။ ကျွန်တော်တို့ အားလုံးကလည်း ဒီအတွက် ဆန့်ကျင်ကန့်ကွက် တာမျိုး မလုပ်ခဲ့ပါဘူး။ အန္တရာယ်များတဲ့အရူးတွေ စိတ်ကူးယဉ်ဆန်ဆန် ဖန်တီးထားတဲ့ ရူးကြောင်ကြောင်စနစ်ထဲမှာ အလုပ်လုပ်ရပြီဆိုရင် သူတို့ ပြောတဲ့အတိုင်း လုပ်လိုက်တာသာ အကောင်းဆုံးပါပဲ။

ကျွန်တော် ရေငုံနှုတ်ပိတ် နေခဲ့ပေမဲ့ ဒီလယ်သမားတွေ ဘာကြောင့် ဟိုတစ်မျိုး ဒီတစ်မျိုး လုပ်နေလဲ ဆိုတာကိုတော့ သိချင်နေခဲ့မိတယ်။ အယောင်ဆောင် စိုက်ပျိုးရေးကျွမ်းကျင်သူကြီးတွေရဲ့ စကားကို နားထောင် နေချိန်မျိုးဆိုရင် သူတို့က အမြီးကုပ်ပြီး ရိုကျိုးနေတာပါပဲ။ ဒါပေမဲ့ ကျွန်တော်တို့ကို စကားပြောပြီ ဆိုရင်တော့ သူတို့က အာဏာရှင်ပုံစံ ဖြစ်သွားကြတယ်။ ဘာကြောင့် ဒီလို အပြောင်းအလဲ များရတာလဲဆိုတာ စပါးရိတ်သိမ်းချိန်ကျမှ အဖြေပေါ်လာခဲ့တယ်။

စပါးရိတ်သိမ်းတာကို "ဆောင်းဦးတိုက်ပွဲ"'လို့ ခေါ်လေ့ရှိပါတယ်။ ဒီအခေါ်အဝေါ်ကို ဘယ်သူ တီထွင်ခဲ့တာလဲတော့ မသိပါဘူး။ ဒါပေမဲ့ ဒီအခေါ်အဝေါ်မှာ ကင်အီဆွန်းရဲ့ အငွေ့အသက်တွေ အများကြီးပါဝင်နေတယ်။ ဒီမှာသုံးတဲ့ အခေါ်အဝေါ် တော်တော်များများမှာ 'တိုက်ပွဲ'၊ 'ချီတက် ခြင်း'၊ 'စစ်ပွဲ' စတဲ့အသုံးအနှုန်းတွေ အမြဲပါနေတတ်တယ်။ တိုက်ပွဲတစ်ခုလို လူတွေ ပြင်းပြင်းထန်ထန် ကြိုးစားအောင် စိတ်လှုပ်ရှားစေမဲ့ စကားလုံးတွေ ရွေးသုံးထားတာပါ။ အသံထွက်တဲ့အခါမှာလည်း အဲဒီစကားလုံးတွေကို ရယ်ချင်စရာကောင်းတဲ့ ရူးကြောင်ကြောင် ခပ်ဟိန်းဟိန်း . အသံမျိုးနဲ့ အသံထွက် ပြောဆိုလေ့ရှိကြတယ်။

စပါးရိတ်သိမ်းချိန် ရောက်တော့လည်း နွေဦးရာသီတုန်းကလိုပဲ အတန်းလိုက် တန်းစီထားရပါတယ်။ ခပ်ကြောင်ကြောင် ညွှန်ကြားရေးမှူး တစ်ယောက်က "စကြတော့" လို့ ပြောလိုက်တယ်ဆိုရင်ပဲ ကျွန်တော်တို့ အားလုံးဟာ ခုံးဟာ လက်ထဲက တံစဉ်ကို အသုံးပြုပြီး စပါးတွေ စရိတ်ပါတော့တယ် ပြီး စပါးတွေ ညွှန်ကြားရေးမှူးတွေကလည်း ထုံးစံအတိုင်း ဟိုလူ့အော်လိုက် ဒီလူ့အော်လိုက် လုပ်နေပြီး လယ်သမားတွေကလည်း အလုပ်လုပ်ချင်ယောင် ဆောင်း ပါတယ်။ တကယ် အလုပ်လုပ်တာဆိုလို့ လူငယ်သမဂ္ဂအဖွဲ့ဝင်တွေပဲ ရှိတယ်။ အလုပ်ကလည်း ကျောကွဲအောင်လုပ်ရတဲ့ အလုပ်မျိုးပါ။

နေဝင်စပြုလာတာကြောင့် အလုပ်ပြီးတော့မယ်လို့ တွေးလိုက်မိရင်း ကျွန်တော် စိတ်သက်သာရာ နည်းနည်းရသွားတယ်။ ဒါပေမဲ့ တကယ်တမ်းမှာ အဲဒီလို ဖြစ်မလာခဲ့ပါဘူး။ ညနေစောင်းပြီး အမှောင်သန်းလာတဲ့အချိန်မှာ ညွှန်ကြားရေးမှူးတွေထဲကတစ်ယောက်က ကျွန်တော်တို့ကို လယ်ကွင်းတွေ ကြားထဲက တာပေါင်ပေါ်မှာ တာယာဟောင်းကိုတွေ မီးရှို့ဖို့ ညွှန်ကြားလာတယ်။ ဘယ်သူတွေက ဒီတာယာတွေကိုယူလာပြီး အဲဒီနားမှာ ထားခဲ့လဲတော့ ကျွန်တော်လည်း မသိပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့ အခိုင်းခံရတဲ့အတိုင်း တာယာတွေကို တာပေါင်ပေါ်မှာ စီလိုက်ပါတယ်။

"ဒီတာယာတွေက ဘာလုပ်ဖို့လဲဗျ" လို့ လယ်သမားတစ်ယောက်ကို ကျွန်တော် စပ်စုလိုက်တယ်။

"ငါတို့ ဒီနေ့ စပါး အပြီးရိတ်သိမ်းရမယ်၊ အထက်က အမိန့်ကျလာလို့" ဆိုပြီး လယ်သမားက တိုးတိုးလေး ပြန်ဖြေတယ်။

မိုးစုန်းစုန်းချုပ်သွားချိန်မှာ လယ်သမားတွေက တာယာအဟောင်း တွေကို မီးစရှို့ကြတယ်။ ညှော်နံ့ ပြင်းလှတဲ့မီးတောက်တွေနဲ့အတူ ကျွန်တော်တို့ တစ်ညလုံး အလုပ်လုပ်ရတော့မှာ ဖြစ်ပါတယ်။

ဘာလို့ ကျွန်တော်တို့ကို ပေးမအိပ်တာလဲ။ မနက်ကျမှ ပြန်လုပ်ရင် ရတာပဲလေ။ ခြောက်နာရီလောက်အတွင်းမှာ ဒီစပါးတွေက ဘယ်ကိုမှ ထွက်မပြေးသွားပါဘူး။ ဘာလို့ ဒီလောက် ရေးကြီးသုတ်ပျာလုပ်နေရတာလဲ။ အဖြေကတော့ ရှင်းပါတယ်။ ရှုပ်ထွေးပြီး အရာမရောက်တဲ့အပြင် အလုပ်လည်း မတွင်တဲ့ ဗျူရိုကရေစီယန္တရားကြောင့်ပါ။

ရွာရဲ့လယ်မြေတွေအားလုံးကို ဒေသတွင်း 'ညွှန်ကြားရေးကော်မတီ' က စီမံခန့်ခွဲပါတယ်။ ဒီကော်မတီတွေက လယ်ယာသုံး စက်ပစ္စည်းတွေ၊ ဆည်မြောင်းတွေနဲ့ အခြားကိစ္စ တော်တော်များများကို တာဝန်ယူထား ပါတယ်။ လယ်သမားတွေကလည်း ဒီကော်မတီတွေရဲ့ လမ်းညွှန်မှုကို လိုက်နာရုံကလွဲပြီး တခြား ရွေးချယ်စရာ မရှိပါဘူး။ ဒီစနစ်ကို 'လွယ်ကူ သက်သာစွာ ပြီးဆုံးနိုင်ခြေရှိတဲ့ နည်းလမ်း' လို့ လူသိများကြသတဲ့။ ဒီနိုင်ငံမှာက . တစ်ခါတစ်ခါ ဘာသာစကားတွေရဲ့ မူရင်းအဓိပ္ပာယ် ပျောက်ပျောက် သွားတတ်တယ်။ တစ်ပါတီ အာဏာရှင်စနစ်သုံးနေတဲ့ နိုင်ငံ ကို သူတို့ကိုယ်သူတို့ခေါ်တာက 'ဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ' တဲ့ဗျာ။ အစိုးရရဲ့ထိန်းချုပ်မှုအောက်မှာ ကျွန်လို နေထိုင်ရတာကိုကျတော့ 'ချုပ်ချယ် မှုများမှ လွတ်မြောက်ခြင်း' တဲ့ဗျာ။

ဒါပေမဲ့ 'လွယ်ကူသက်သာစွာ ပြီးဆုံးနိုင်ခြေရှိတဲ့ နည်းလမ်း' ဆိုတဲ့ အကြောင်းလေးပဲ ပြန်ပြောရအောင်။ လယ်ယာစိုက်ပျိုးရေး ထုတ်လုပ်မှုကို တာဝန်ယူထားတဲ့ တာဝန်ရှိသူတွေဟာ လယ်ယာတွေရှိတဲ့ နေရာဒေသတွေ အကြောင်း စိတ်မဝင်စားကြပါဘူး။ တောင်ဘက်လား၊ မြောက်ဘက်လား၊ အရှေ့ဘက်လား၊ အနောက်ဘက်လား သူတို့ စိတ်မဝင်စားပါဘူး။ နေရာ ဒေသ တစ်ခုချင်းစီမှာ မတူညီတဲ့ ရေမြေအနေအထားတွေ ရှိတယ် ဆိုတာ လည်း သူတို့ ဂရုမစိုက်ပါဘူး။ အထက်က တင်းတင်းကျပ်ကျပ် ချမှတ်ထားတဲ့ ပုံစံတူ စိုက်ပျိုးရေး ပေါ်လစီတွေကို လယ်သမားတွေထံ လက်ဆင့်ကမ်း ပေးပါတယ်။ သူတို့က ဒေသတစ်ခုရဲ့ ပတ်ဝန်းကျင် ရေမြေအနေအထားကို လုံးဝဂရုမစိုက်ပါဘူး။ လူတိုင်းကို တူညီတဲ့ အမိန့်တစ်မျိုးပဲ ပေးပါတယ်။ ဘယ်နေ့မှာတော့ စပါးပျိုးပင်တွေကို ပြီးအောင်စိုက်။ ဘယ်နေ့မှာတော့ စပါးတွေကို အပြီးရိတ်သိမ်းဆိုပြီး ပုံစံတူ အမိန့်တစ်မျိုးတည်းသာ ပေးလေ့ ရှိပါတယ်။ သူတို့ညွှန်ကြားချက်ကြီးက ဘယ်လောက်ပဲ ရူးကြောင်ကြောင် ဖြစ်နေပါစေ၊ လယ်သမားတွေဟာ သူတို့ပြောတဲ့ သတ်မှတ်ရက်အတိုင်း မီအောင် လုပ်ပေးရပါတယ်။ ဒါကြောင့် တစ်ခါတလေ ကျွန်တော်တို့ ညလုံးပေါက် အလုပ်လုပ်ကြရတာပါ။

ရူးကြောင်ကြောင် ညွှန်ကြားချက်ကို လယ်သမားတစ်ယောက်က ဆန့်ကျင်မယ်ဆိုရင် တာဝန်ရှိသူတွေက "အလုပ်ကိုအချိန်မီပြီးအောင် မလုပ်

နိုင်ဘူးဆိုတာ ခေါင်းဆောင်ကြီး ကင်အီဆွန်းနဲ့ ပါတီအပေါ် သစ္စာမဲ့တာပဲ” လို့ ပြောပါလိမ့်မယ်။ အဲဒီလို အပြောခံရရင် ဘာတွေဆက်ဖြစ်မယ်ဆိုတာ လူတိုင်းသိနေပါတယ်။ ဒါကြောင့် ဘယ်သူမှ စောဒက မတက်ရဲကြပါဘူး။

စစ်သားတွေနဲ့ လူငယ်သမဂ္ဂ အဖွဲ့ဝင်တွေဟာ လယ်ကွင်းတွေမှာ အလုပ်လုပ်ဖို့ တစ်နှစ်မှ နှစ်ကြိမ်လောက်ပဲ ညွှန်ကြားခံရတာ ဖြစ်ပါတယ်။ ဒါပေမဲ့တကယ့်လယ်သမားတွေကတော့ ဒီလိုရှုံးကြောင်ကြောင် အခြေအနေမှာ အချိန်တိုင်းနေ့ရက်တိုင်း အလုပ်လုပ်နေကြရတာပါ။ သူတို့ အလုပ်ချိန် ဘယ်လောက်ပဲလုပ်လုပ်၊ အလုပ်ပမာဏ ဘယ်လောက်ပဲလုပ်လုပ် သူတို့ လုပ်တာတွေအတွက် ထွေထွေထူးထူး အကျိုးခံစားခွင့် ဘာတစ်ခုမှ ရှိလာမှာ မဟုတ်ဘူးဆိုတာ လယ်သမားတွေ သိနေပါတယ်။ သူတို့ရဲ့လုပ်ခလစာက ပြောင်းလဲသွားမှာ မဟုတ်ပါဘူး။ ဒါ့အပြင် ကိုယ်ဘာပြောနေမှန်း ကိုယ်တိုင် တောင် နားမလည်တဲ့ ဘာမသိညာမသိ ကောင်တွေရဲ့ အမိန့်တွေကိုလည်း လယ်သမားတွေက လိုက်လုပ်ပေးရပါသေးတယ်။ ဒီတော့ သူတို့ စိတ်ဓာတ် တက်ကြွမှု မရှိတာ ဘာဆန်းလို့လဲ။ သူတို့ကို ဘယ်လို အပြစ်တင်ရမလဲ။

လယ်ထဲမှာ အလုပ်လုပ်ရတယ်ဆိုတာ ခက်ခဲကြမ်းတမ်းပါတယ်။ ဒါပေမဲ့ အဲဒီ အချိန်တုန်းက ကျွန်တော်က ဆယ်ကျော်သက်ဆိုတော့ ကြမ်းတမ်းတဲ့ အလုပ်ဒဏ်ကို ခံနိုင်ခဲ့တယ်။ အဲဒီအလုပ်နဲ့ ပတ်သက်ရင် ကျွန်တော် အမုန်းဆုံး အရာတစ်ခုက နေ့တစ်နေ့ကုန်ဆုံးလို့ အလုပ်နားချိန် ရောက်ရင် ရေမချိုးရတာပါပဲ။ အိမ်ကို ရွှံ့အလိမ်းလိမ်းနဲ့ ပြန်လာပြီး ချွေးစေးတွေ တထောင်းထောင်း ထနေတဲ့အချိန် ကျွန်တော် အလုပ်ချင်ဆုံး အရာက ရေလေးချိုးချင်တာပါပဲ။ ဒါပေမဲ့ ကျွန်တော်တို့အိမ်မှာ ရေချိုးဇလုံ မရှိပါဘူး။ ဘယ်အိမ်မှာမှလည်းမရှိပါဘူး။ ၁၉၈၀ ပြည့်နှစ်ရောက်နေပြီနော်...၊ ပြီးတော့ ကမ္ဘာမြေပေါ်က နိဗ္ဗာန်ဘုံကြီးမှာနော်...ရေချိုးဇလုံမရှိဘူးတဲ့ဗျာ။

နောက်ဆုံးတော့ ကျွန်တော်တို့ ယာယီသုံး ရေချိုးဇလုံလေးကို ကိုယ့်ဘာသာ ဖြတ်ကတတ်ဆန်း တီထွင် ဖန်တီးလိုက်ရတယ်။ ဂျပန်က ပြန်လာတဲ့ အခြားသူတွေလည်း ဒီလိုလုပ်ကြမယ်လို့ ကျွန်တော် ထင်မိတယ်။ ဒါပေမဲ့ ကျွန်တော့်လို ဖြတ်ကတတ်ဆန်း ရေချိုးဇလုံထဲမှာထိုင်ပြီး အတိတ် အကြောင်း စဉ်းစားနေတာမျိုးရော သူတို့ လုပ်ကြလားမသိဘူး။ ကျွန်တော် ကလေးဘဝက ရေချိုးခဲ့တဲ့ အဝတ်လျှော်ဇလုံကြီးကိုတောင် သတိရမိသေးတယ်။ တိမ်တွေကို ငေးကြည့်ရင်း အနာဂတ်မှာ ဖြစ်လာမဲ့အရာတွေကို စိတ်ကူးယဉ်ခဲ့တာလည်း သတိရနေမိတယ်။ ဒါပေမဲ့ တကယ်တမ်းမှာတော့ ကျွန်တော် အခု ငေးကြည့်နေရတာ တိမ်တွေမဟုတ်ဘဲ ငရဲတစ်ခု ဖြစ်နေတယ်။ ကျွန်တော့်ရဲ့ ဒုက္ခ သုက္ခတွေကို တွေးရင်း ကျွန်တော် ငိုခဲ့သင့်တယ်။ ဒါပေမဲ့ ကျွန်တော် မငိုခဲ့ဘူး။

အဲဒီအချိန်ကတည်းက ကျွန်တော့်မှာ ငိုချင်စိတ်တွေ ကုန်ဆုံးနေနှင့်ခဲ့ပြီ။

ကျွန်တော်တို့ရဲ့ ခနော်နီခနော်နဲ့ ရေချိုးဇလုံလေးကို ကြည့်ပြီး အိမ်နီးချင်းတွေက ဒေါသထွက်နေကြတယ်။ သူတို့အတွက် ရေချိုးဇလုံ ဆိုတာ ဂျပန်တွေရဲ့ဖိမ်ခံခြင်း အမှတ်သင်္ကေတ ဖြစ်နေခဲ့တယ်။ ရေချိုးခြင်း ဟာ အရင်းရှင်ဝါဒကို အားပေးတဲ့ လူလတ်တန်းစားတွေ လုပ်တဲ့အရာလို့ သူတို့က သတ်မှတ်ထားတာ ဖြစ်ပါတယ်။ အဝတ်အစားလဲတာလည်း အတူတူပါပဲ။ ကျွန်တော်တို့အိမ်နီးချင်းတွေဟာ ကျွန်တော်တို့ကို မြေရှင်တွေ လို နေတယ်ဆိုပြီး စွပ်စွဲခဲ့ကြတယ်။ အစကတော့ သူတို့ ဘာကိုဆိုလိုနေမှန်း ကျွန်တော်နားမလည်ခဲ့ဘူး။ ဒါပေမဲ့ သူတို့ရဲ့ မုန်းတီးတဲ့ အကြည့်တွေက တစ်ဆင့် သူတို့ဟာ သူတို့နိုင်ငံမှာ ပျောက်ဆုံးသွားတာ ကြာပြီဖြစ်တဲ့ အထက်တန်းစားလူတန်းစားတွေနဲ့ နှိုင်းယှဉ်ပြီး ပြောနေကြောင်း ကျွန်တော် ရိပ်မိလာခဲ့တယ်။

ကျွန်တော့် ပတ်ဝန်းကျင်မှာ ရှိတဲ့လူတွေဟာ သူတို့ဝတ်ထားတဲ့ အဝတ်အစားတွေကို ပြောင်းဝတ်တာမရှိသလို လျှော်လဲမလျှော်ကြပါဘူး။ သူတို့က ရေလည်း မချိုးသလို သူတို့ကိုယ်သူတို့လည်း သန့်ရှင်းအောင် မလုပ်ကြပါဘူး။ အညစ်အကြေးတွေ၊ ဖုန်တွေက သူတို့ခန္ဓာကိုယ်ပေါ်မှာ ကပ်တွယ်နေပြီး ညစ်ပတ် ပေရေနေတတ်ပါတယ်။

ကျောင်းမှာ မကြာခဏ တစ်ကိုယ်ရေသန့်ရှင်းရေး စစ်တဲ့ အဖွဲ့က သန်းတွေ ရှိ မရှိ ကျောင်းသားကျောင်းသူတွေကို စစ်ဆေးလေ့ရှိတယ်။ ညစ်ပတ်နေရင်တော့ တစ်ကိုယ်ရေသန့်ရှင်းရေး မရှိလို့ဆိုပြီး အော်ငေါက်ခံရ ပါလိမ့်မယ်။ ဒါပေမဲ့ ရေခဏခဏ ချိုးတယ်လို့ ဝန်ခံမိရင်လည်း ဂျပန်တွေ ဖိမ်ခံသလို ဖိမ်ခံတာလားဆိုပြီး အော်ငေါက်ခံရပါတယ်။ ထုံးစံအတိုင်း ဘာလုပ်လုပ် ကိုယ်က အနာချည်းပါပဲ။

အဲဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော် စိတ်ထဲမကျေမနပ်ဖြစ်နေတာနဲ့ သူငယ်ချင်းထဲက တစ်ယောက်ကို ''သူတို့က ငါတို့ကို သန့်သန့်ရှင်းရှင်း နေစေ ချင်တယ် မဟုတ်လား၊ သူတို့ တကယ်ပြောနေတာဆိုရင် ငါတို့ကို နေ့တိုင်း ရေချိုးဖို့ သူတို့အားပေးသင့်တာပေါ့'လို့ ပြောလိုက်တော့ သူက "မင်း ဘာတွေ ပြောနေတာလဲ။ နေ့တိုင်း ရေချိုးဖို့ ဟုတ်လား...မျိုးမစစ်ဂျပန်ကောင်တွေပဲ မင်းပြောတာကို ထောက်ခံလိမ့်မယ်" လို့ ပြန်ပြောတယ်။ မသိရင် ကျွန်တော် ကပဲ ရူးကြောင်ကြောင် အိုင်ဒီယာတစ်ခုကို ပြောလိုက်မိတဲ့ပုံစံမျိုးပါ။

ကျွန်တော် တော်တော်လေး အံ့အားသင့်သွားတယ်။ သူ့ရဲ့အမြင်နဲ့ သူ့ရဲ့လေသံကြောင့် မဟုတ်ပါဘူး။ သူ့ကိုကျွန်တော့်သူငယ်ချင်းလို့ကျွန်တော် ထင်ထားခဲ့တာပါ။ ဘာလို့များ ကျွန်တော့်ရှေ့မှာတင် ကျွန်တော့်ကို 'မျိုးမစစ်

ဂျပန်ကောင်'လို့ သူ ခေါ်ရတာလဲ။

အခုနေ အဲဒီအကြောင်း ပြန်စဉ်းစားကြည့်တော့ လူတွေက ‘မျိုးမစစ် ဂျပန်ကောင်' ဆိုတဲ့ အသုံးအနှုန်းဟာ ရိုင်းမှန်းတောင် သိခဲ့ကြပုံမပေါ်ပါဘူး။ သူတို့အတွက်တော့ ဂျပန်တွေကို အဲဒီလိုခေါ်တာဟာ အရှိအရှိအတိုင်း ခေါ်တာသာ ဖြစ်နိုင်ပါတယ်။ မြောက်ကိုရီးယား နိုင်ငံသားတွေ အားလုံးကို အစိုးရက ဂျပန်လူမျိုး အားလုံးဟာ ရက်စက်တတ်သူတွေ ဖြစ်ကြောင်း ငယ်ငယ်ကတည်းက မှိုင်းတိုက် ရိုက်သွင်းထားတာ ဖြစ်ပါတယ်။ မှန်မှန်တတ ပြောရရင် ကျွန်တော်လည်း မြောက်ကိုရီးယားတွေကို ‘ရွာသားတွေ' လို့ ခေါ်ခဲ့ဖူးပါတယ်။ ဂျပန်ကပြန်လာတဲ့သူအများစုလည်း ကျွန်တော့်လိုပဲ ခေါ်ခဲ့ ကြပါတယ်။

ကျွန်တော်တို့လူငယ်သမဂ္ဂအဖွဲ့ဝင်တွေဟာ လယ်ထဲမှာ အလုပ်မလုပ် ရတဲ့အချိန်တွေဆို အခြားအလုပ်တွေ လုပ်ရပါတယ်။ ပြန်သုံးလို့ရမဲ့ ဘယ်လို အရာမျိုးကိုမဆို လိုက်ကောက်ရပါတယ်။ ဥပမာ သံတိုသံစ၊ ရော်ဘာ၊ ဘူးခွံလွတ်၊ စက္ကူဟောင်း စတာတွေပေါ့။ တစ်ခါတလေ တင့်ကားတွေနဲ့ လေယာဉ်ပျံတွေမှာ ပြန်သုံးနိုင်မဲ့ သံတိုသံစမျိုးတွေလည်း ရှာရပါတယ်။ ကျွန်တော်တို့ရဲ့ ဆရာတွေကလည်း နောက်ဆုံးပေါ် ‘တင့်ကားထုတ်လုပ်ရေး လှုပ်ရှားမှု' အကြောင်း သို့မဟုတ် ‘လေယာဉ်ထုတ်လုပ်ရေး လှုပ်ရှားမှု’ အကြောင်းတွေ ပြောပြတတ်ပါတယ်။ ကျွန်တော်တို့ ရှာဖွေ စုဆောင်းရမဲ့ အလေးချိန်ပေါင်ပမာဏကို လတိုင်းသတ်မှတ်ပေးထားပါတယ်။

ဒါပေမဲ့ မြောက်ကိုရီးယားမှာက တန်ဖိုးရှိတဲ့အရာ၊ ပြန်သုံးလို့ရတဲ့ အရာတွေကို ဘယ်သူမှ မလွှင့်ပစ်ကြပါဘူး။ ဒီတော့ ဆရာတွေ သတ်မှတ်ပေးထားတဲ့ ပစ်မှတ်အလေးချိန် ပေါင်ပမာဏပြည့်ဖို့ဆိုတာ လုံးဝမဖြစ်နိုင်တဲ့အရာပါ။

ဒါပေမဲ့လည်း ပစ်မှတ်အလေးချိန်ပေါင်ပမာဏပြည့်အောင် မရှာနိုင်ရင် ပြင်းပြင်းထန်ထန် အပြစ်ပြောခံရပါတယ်။ မိဘတွေပါခေါ်ပြီး အဆူခံရပါတယ်။

ကြားရတာထူးထူးဆန်းဆန်းဖြစ်မဲ့ နောက်ထပ်အရာတစ်ခု ရှိပါသေးတယ်။ အဲဒါကတော့ ယုန်သားရေ ရှာခိုင်းခြင်းပါပဲ။ ကျွန်တော့်အတွက် အခက်ခဲဆုံး အလုပ်က တစ်နှစ်မှာ ရှာပေးဖို့လိုအပ်တဲ့ ယုန်သားရေနှစ်ခုကို မရှာနိုင်ခြင်းပါပဲ။ စစ်သားတွေကို ပြင်းထန်လှတဲ့အအေးဒဏ်က ကာကွယ် ပေးဖို့အတွက် လက်အိတ်တွေ၊ နားရွက်ကာတွေ၊ ဦးထုပ်တွေ လုပ်ရာမှာ ယုန်သားရေကို အသုံးပြုကြတာ ဖြစ်ပါတယ်။ ဒါကြောင့် ဆရာတွေက ကျောင်းသားတွေကို ယုန်တွေမွေးခိုင်းပြီး ကျောင်းကနေ အိမ်ကိုပြန်တဲ့လမ်း မှာ တွေ့သမျှ စားကြွင်း စားကျန်တွေကို ကောက်ကာ ယုန်ကို ကျွေးမွေးခိုင်းကြတာ ဖြစ်ပါတယ်။

ယုန်တစ်ကောင်ဖမ်းမိဖို့ဆိုတာ တော်တော်ကို ခက်ခဲတဲ့ အလုပ် ဖြစ်ပြီး လက်တွေ့မှာ မဖြစ်နိုင်သလောက် ရှိတာမို့ ဆရာတွေရဲ့ အမိန့်ဟာ တော်တော်ကို ရှူးကြောင်ကြောင် နိုင်လှပါတယ်။ ယုန်ဖမ်းမိခဲ့ရင် တောင် ဖမ်းမိတဲ့သူတွေဟာ ချက်ချင်း ချက်စားကြမှာ ဖြစ်ပြီး ယုန်သားရေကို လယ်သမားဈေးမှာ သွားရောင်းကြမှာပါ။ ဒါဆို တစ်နှစ်မှာ ယုန်နှစ်ကောင် မဖမ်းမိတဲ့အခါ ကျောင်းသားတွေ ဘာလုပ်ကြတယ်ထင်ပါသလဲ။ ဈေးထဲကို သွားပြီး ယုန်သားရေကို ဝယ်ရပါတယ်။ ဒါပေမဲ့ ယုန်သားရေတစ်ခုကို လေးဝမ်ကနေ ငါးဝမ်လောက် အထိ ပေးဝယ်ရပါတယ်။ သာမန်အလုပ်သမား တစ်ယောက်ရဲ့တစ်နှစ်စာ လုပ်ခလစာဟာ ဝမ်(၇၀)၊ ဝမ်(၈၀) လောက်ပဲ ရှိတာမို့ ယုန်သားရေအတွက် လေးဝမ်၊ ငါးဝမ်လောက်ပေးရတယ်ဆိုတာ တော်တော်ကို ဈေးကြီးတဲ့ ပမာဏဖြစ်ပါတယ်။

သတ်မှတ်ထားတဲ့ ယုန်သားရေနှစ်ခု မပေးနိုင်တဲ့ ကျောင်းသားကို တော့ ဆရာတွေက ဆူပူကြိမ်းမောင်းလေ့ရှိပါတယ်။ သူတို့ရဲ့ အထက်စီး လေသံနဲ့ ပြောတဲ့မှတ်ချက်တွေကိုတောင် ကျွန်တော်မှတ်မိနေပါသေးတယ်။

"မင်းတို့ ယုန်သားရေမရရင် ဘိလပ်မြေရအောင် ရှာခဲ့လေ။ ဘိလပ်မြေ ရအောင် မရှာနိုင်ရင် အုတ်ခဲရှာလာပေါ့ကွ''

ဘိလပ်မြေနဲ့ အုတ်ခဲတွေဟာ ဆောက်လုပ်ရေးမှာ လိုအပ်တဲ့ပစ္စည်း တွေ ဖြစ်တာကြောင့် တန်ဖိုးရှိတဲ့အရာတွေ ဖြစ်ပါတယ်။ ဆရာတွေဟာ ဘိလပ်မြေနဲ့ အုတ်ခဲတွေကို ပမာဏ အတိုင်းအတာတစ်ခုအထိ စုဆောင်း နိုင်ပြီး ရာထူးမြင့် ပါတီအဖွဲ့ဝင်တွေကို ပေးနိုင်ရင် သူတို့ကို ပါတီခေါင်းဆောင် တွေက မျက်နှာသာ ပေးလာမှာ ဖြစ်ပါတယ်။ ဒါကြောင့် သူတို့ လိုအပ်တဲ့ အရာတွေကို ရှာဖွေဖို့ ကျောင်းသားတွေကို ဖိအားပေးခိုင်းကြတာ ဖြစ်ပါတယ်။

ကျောင်းမှာ အဆင်မပြေဖြစ်တဲ့ ကျောင်းသားတွေရဲ့ မိဘတွေဟာ ဆရာတွေကို လာဘ်ထိုးတဲ့အနေနဲ့ စီးကရက် သို့မဟုတ် အရက်တွေ လက်ဆောင်ပေးရပါတယ်။ ဒါပေမဲ့ ဆရာတွေရဲ့လောဘဟာ ဘယ်တော့မှ အတောမသတ်သွားပါဘူး။ တံစိုးလက်ဆောင် မပေးနိုင်တော့တဲ့ ကျောင်းသား တွေဟာလည်း ကျောင်းကို မသွားကြတော့ပါဘူး။

ဆောင်းရာသီမှာလည်း ကျွန်တော်တို့ အားလုံးဟာ ထင်းတွေနဲ့ ကျောက်မီးသွေးတွေကို သတ်မှတ်ထားတဲ့ပမာဏပြည့်အောင် ရှာဖွေပေးရပါတယ်။ အချို့ မိသားစုတွေကတော့ ထင်းတွေဘာတွေ အသုံးပြုလေ့မရှိပါဘူး။ သူတို့က မြေဆွေးလောင်စာ သို့မဟုတ် လျှပ်စစ်မီးကို ခိုးပြီးအသုံးပြုကာ အစားအသောက် ချက်ပြုတ်ကြတာပါ။ အဲဒီလိုမိသားစုက ကလေးတွေဟာ ကျောင်းကချမှတ်ထားတဲ့ ထင်းနဲ့ ကျောက်မီးသွေး ပမာဏကို ဘယ်လိုမှ ရှာဖွေ မပေးနိုင်ကြပါဘူး။ ဒီတော့ သူတို့ဟာ ကျောင်းကို ထင်းနဲ့ ကျောက်မီးသွေး ပေးရမဲ့ နောက်ဆုံးရက် မတိုင်မီညမှာ ရွာထဲလှည့်ပတ်ပြီး ထင်းနဲ့ကျောက်မီးသွေးတွေကို ရသမျှခိုးကြပါတော့တယ်။

※

ကျောင်းသားအရွယ်ကို ကျော်လွန်သွားတာနဲ့ လူတိုင်းလုပ်ဆောင် ရတဲ့ အရာနှစ်ခု ရှိပါတယ်။ အဲဒါကတော့ ထုတ်လုပ်ရေးလုပ်ငန်းတွေမှာ ပါဝင်ကူညီဖို့နဲ့ စစ်တပ်ပိုင်းဆိုင်ရာ စစ်ဆင်ရေးတွေမှာ ပါဝင်လုပ်ဆောင်ဖို့ပဲ ဖြစ်ပါတယ်။ စနစ်တစ်ခုလုံးဟာ စစ်တပ်နဲ့သက်ဆိုင်တဲ့ မူဝါဒလေးခုပေါ်မှာ အခြေခံထားတာ ဖြစ်ပါတယ်။ အဲဒီ မူဝါဒ လေးခုကတော့ 'ပြည်သူလူထု တစ်ရပ်လုံးကို လက်နက်တပ်ဆင်ပေးရေး'၊ 'နိုင်ငံတစ်ခုလုံးကို ခံစစ် ပြင်ဆင် ပေးရေး'၊ 'စစ်ရေးကျွမ်းကျင်သော ခေါင်းဆောင်များရှိသည့် နိုင်ငံတစ်ခုတည်ဆောက်ရေး'၊

'ခေတ်မီသော စစ်တပ် ပိုင်ဆိုင်ရေး' တို့ ဖြစ်ပါတယ်။

ကျွန်တော့်အသက်အရွယ်ဟာ လူငယ်သမဂ္ဂအဖွဲ့ဝင်တစ်ယောက်မှာ ရှိရမဲ့ အသက်ထက် ကျော်လာတဲ့အခါမှာတော့ ကျွန်တော် ပြည်သူ့စစ်တစ်ခု ထဲကို မဖြစ်မနေ ဝင်ခဲ့ရပါတယ်။ ကျွန်တော်ဝင်ခဲ့ရတဲ့ တပ်ဖွဲ့နာမည်ကတော့ "အလုပ်သမားများနဲ့လယ်သမားများတပ်နီတော်' ဖြစ်ပါတယ်။ ကျွန်တော် အထက်တန်းကျောင်းအောင်ပြီးချိန်မှာ အဲဒီတပ်ထဲကိုဝင်ဖို့ စာရင်းပေးခဲ့ရပြီး လေ့ကျင့်ရေးသင်တန်းကို စတက်ခဲ့ပါတယ်။

လေ့ကျင့်ရေးသင်တန်းက တော်တော်လေး စနစ်တကျ ရှိပါတယ်။ သင်တန်းက ကျွန်တော်တို့ကို ကတုတ်ကျင်းတွေ ဘယ်လိုတူးပြီး ကိုယ့်ရဲ့ တည်နေရာကို ကာကွယ်ဖို့ ဘယ်လိုတိုက်ခိုက်ရမယ်ဆိုတာတွေကို သင်ကြား ပေးပါတယ်။ ကျွန်တော်တို့ကို လက်ဖြောင့် တပ်သားတွေ အဖြစ်လည်း သေသေချာချာ လေ့ကျင့်ပေးထားပါတယ်။ အရင်တုန်းက အတူတူ လက်တွဲ အလုပ်လုပ်ခဲ့ဖူးတဲ့ အုပ်စုတစ်ခုချင်းစီကို ပြည်သူ့စစ်အဖွဲ့တွေအဖြစ် ဖွဲ့စည်း ပေးထားပါတယ်။ သူတို့ရဲ့ ရည်ရွယ်ချက်က တိုင်းပြည် အရေးကြုံလာချိန်မှာ ပြည်သူ့စစ်အဖွဲ့တွေကို အလွယ်တကူ ရွှေ့လျားစေခိုင်းနိုင်ဖို့ ဖြစ်ပါတယ်။ တစ်နှစ်မှာ နှစ်ကြိမ် ကျွန်တော်တို့အားလုံး စစ်ရေးလေ့ကျင့်မှုတွေ လုပ်ရပါတယ်။ တောင်တက်တာတွေ၊ အေးခဲနေတဲ့မြေကြီးထဲကို ကတုတ်ကျင်းတူး ရတာတွေ လုပ်ရပါတယ်။ ဒီစစ်ရေးလေ့ကျင့်မှုတွေ စလုပ်ကတည်းက ကျွန်တော့်စိတ်ထဲမှာ မေးနေမိတဲ့ မေးခွန်းတစ်ခု ရှိခဲ့တယ်။ ဒီပါတီဟာ တစ်နိုင်ငံလုံးကို စစ်ရေးကျွမ်းကျင်အောင် ဘာကြောင့် ဒီလောက် လုပ်ပေး ချင်နေတာပါလိမ့်။

တော်တော်လေးကို ပင်ပင်ပန်းပန်းလုပ်ရတဲ့ စစ်ရေးလေ့ကျင့်မှုတစ်ခု အပြီးမှာ "ငါဆက်ပြီး မလုပ်နိုင်တော့ဘူးကွာ၊ ငါ့အတွက် တော်တော်ကြီးကို ခက်ခဲလွန်းတယ်'' လို့ အနီးစပ်ဆုံး သူငယ်ချင်းတစ်ယောက်ကို ကျွန်တော် ပြောမိတယ်။ ဒီလို မကျေနပ်ချက်လေး ညည်းညူမိတာကို လျှို့ဝှက်ရဲ ကြားသွားရင် ကျွန်တော့်ကို နိုင်ငံရေးအကျဉ်းသားတွေကို ထားတဲ့ ချွေးတပ် စခန်းတွေဆီ ချက်ချင်းပို့မှာ အသေအချာပါပဲ။ ဒီလို ညည်းညူတာ ကျွန်တော်တစ်ယောက်တည်းတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ဒါဟာ အရမ်းကိုအန္တရာယ်များတဲ့ လုပ်ရပ်ပါ။

တစ်ခါတလေကျတော့ ဒီလို စစ်ရေးလေ့ကျင့်မှုတွေရဲ့ ရည်ရွယ်ချက် ကို လူတွေ ပြန်ပြီး မေးခွန်းမထုတ်ရဲကြတာ ကျွန်တော် နားလည်ရ ခက်မိတယ်။ ဒါပေမဲ့ သူတို့ဟာ ကလေးဘဝကတည်းက အစိုးရရဲ့ မှိုင်းတိုက်ခြင်းကို ခံထားရသူတွေ ဖြစ်နေတာ ပြန်သတိထားမိပြန်တယ်။ သူတို့ ငယ်ငယ် ကတည်းက အရင်ဆုံး ဆရာတွေက ဝါဒမှိုင်းတိုက်တယ်။ နောက်တော့ ပါတီ အဖွဲ့ဝင်တွေက ထပ်ပြီး

မှိုင်းတိုက်တယ်။ သူတို့ ရိုက်သွင်းချင်တဲ့အရာတွေကို ကလေးတွေနားထဲ ရောက်အောင် အကြိမ်ပေါင်းများစွာ မှိုင်းတိုက်ခဲ့ကြတာ ဖြစ်ပါတယ်။ မြောက်ကိုရီးယားအစိုးရဟာ 'တောင်ကိုရီးယားရဲ့ စစ်အာဏာ ရှင်ခေါင်းဆောင်က ကိုရီးယားစစ်ပွဲကို စခဲ့တာ"၊ "သူက အမေရိကန်တွေရဲ့ အယူဝါဒအတိုင်း နယ်ချဲ့တတ်သူ"၊ "သူက ရုပ်သေးအစိုးရရဲ့ ခေါင်းဆောင်" စတဲ့ အလိမ်အညာတွေနဲ့ အမြဲ ဝါဒဖြန့်နေခဲ့တာ ဖြစ်ပါတယ်။ ဒီလို ဝါဒဖြန့်မှု တွေကြောင့်ပဲ တစ်နိုင်ငံလုံးကို စစ်ရေးကျွမ်းကျင်အောင် လုပ်နေတာဟာ ပြည်သူတွေရဲ့ မျက်လုံးထဲမှာ လက်ခံချင်စရာ ဖြစ်နေတာ ဖြစ်ပါတယ်။ အစိုးရရဲ့ လုပ်ဆောင်မှုတွေကို မေးခွန်းပြန်ထုတ်တဲ့သူတွေဟာ အစိုးရကို တော်လှန်ပုန်ကန်သူတွေအဖြစ် သတ်မှတ်ခြင်း ခံရပါတယ်။ အဖျက်သမား၊ သစ္စာဖောက်အဖြစ် သတ်မှတ်ခြင်း ခံရပါတယ်။

ပြည်သူတွေက အစိုးရပြောသမျှယုံပြီး ဝါဒမှိုင်းတိုက်သမျှခံနေရတာ ဟုတ်ပါ့မလားလို့ ခင်ဗျားတွေးနေတယ်ဆိုရင် မြောက်ကိုရီးယားနိုင်ငံမှာ လစ်ဘရယ် ဒီမိုကရေစီစနစ် ဘယ်တုန်းကမှ မရှိခဲ့ဘူးဆိုတာကို သတိရစေ ချင်ပါတယ်။ ဒီမိုကရေစီဆိုတာ ဘာလဲ၊ ဒီမိုကရေစီအစိုးရ လက်အောက်မှာ နေရတာ ဘယ်လိုမျိုးလဲ စတာတွေ သူတို့ လုံးဝမသိပါဘူး။ မြောက်ကိုရီး ယားမှာရှိတဲ့ ကျွန်တော်နဲ့ သိသူတွေ အားလုံးဟာ ဂျပန်တွေ လက်ထက်တုန်း က ကိုလိုနီစနစ်နဲ့ ကြုံခဲ့ရပြီး ကင်အီဆွန်းလက်ထက်မှာ စစ်အာဏာရှင်စနစ်နဲ့ ကြုံရတယ်။ အဲဒီအရာတွေ မတိုင်ခင်တုန်းကလည်း ကိုရီးယားမင်းဆက်တွေ လက်ထက်မှာ ဒုက္ခ သုက္ခများခဲ့တဲ့ မြေရှင်ပဒေသရာဇ်စနစ်ကို ရင်ဆိုင်ခဲ့ရတာ ဖြစ်ပါတယ်။ မြောက်ကိုရီးယားနိုင်ငံသား အများစုဟာ ကျေးကျွန်ဘဝနဲ့ပဲ ရင်းနှီးကျွမ်းဝင်ခဲ့ကြသူတွေ ဖြစ်ပါတယ်။ သူတို့ဟာ သူတို့နိုင်ငံရဲ့ နိုင်ငံရေးစနစ်အပြင် အခြားဘယ်စနစ်ကိုမှ မကြုံတွေ့ဖူးသလို သိလည်း မသိကြပါ ဘူး။ ဒီတော့ သူတို့ရဲ့နိုင်ငံရေးစနစ် ကောင်းမကောင်းကိုလည်း နှိုင်းယှဉ် ချိန်ထိုးစရာ မရှိပါဘူး။ ကင်အီဆွန်းက ကြောက်စရာကောင်းပြီး ယုတ်မာ ရက်စက်တဲ့ လုပ်ရပ်တစ်ခု လုပ်ရင်တောင် ဘယ် သူမှ မျက်ခုံးတစ်ချက် မတွန့် ကြပါဘူး။ "မင်းတို့တွေ ဂျပန် ကိုလိုနီခေတ်ကို သတိရကြ"၊ "အမေရိကန် နယ်ချဲ့တွေရဲ့ ကြမ်းကြုတ် ရက်စက်မှုတွေကို မမေ့ကြနဲ့'" စတဲ့ စကားတွေနဲ့ပဲ ခြိမ်းခြောက် နေခဲ့တာ ဖြစ်ပါတယ်။ မြောက်ကိုရီးယား လူငယ်တွေကလည်း ရှာဖွေဖတ်ရှုစရာ အခြား သတင်းအချက်အလက် တစ်ခုမှ မရှိတဲ့အတွက် အစိုးရပြောသမျှကို ယုံကြပါတော့တယ်။

※

၁၉၆၄ ခုနှစ်၊ ဧပြီလ။ ကျွန်တော် မြောက်ကိုရီးယားကို ရောက်တာ

လေးနှစ်ပြည့်ခဲ့ပါပြီ။ ရာသီဥတုက အရမ်းကို အေးခဲလွန်းလှတယ်။ ဧပြီလက နွေဦးရာသီစတင်တဲ့ အချိန် မဟုတ်ဘူးလားလို့ ခင်ဗျား တွေးနေတယ်ဆိုရင် အဲဒီအတွေးကို ရပ်လိုက်ပါတော့။ နှင်းတွေဟာ ကျွန်တော့် ခါးလောက်အထိထုထည်ရှိပါတယ်။ ၁၉၆၄ ခုနှစ် ဧပြီလ (၁၅)ရက်နေ့ဟာ ကင်အီဆွန်းရဲ့ မွေးနေ့ ဖြစ်ပါတယ်။ ဒါကြောင့် အဲဒီနေ့ကို နိုင်ငံရဲ့အကြီးမားဆုံး အားလပ် ရက်တွေထဲက တစ်ခုအဖြစ် သတ်မှတ်ထားပါတယ်။ ဒါပေမဲ့ အဲဒီနှစ်ဟာ ကျွန်တော်တို့ မိသားစုအတွက်တော့ ဒုက္ခတွေဝေခဲ့တဲ့နှစ် ဖြစ်ခဲ့ပါတယ်။

မြောက်ကိုရီးယားမှာရှိတဲ့ လူတိုင်းဟာ အဲဒီ သောက်တလွဲနေ့ကို အောင်ပွဲခံကြပါတယ်။ မိသားစုတိုင်းဟာ အဲဒီနေ့မှာ ဝက်သားနှစ်ပေါင်ခွဲနဲ့ သကြားလုံး၊ သစ်သီး စတာတွေ ရရှိကြတယ်။ ဒီအစားအသောက်တွေဟာ အဲဒီအချိန်ကလွဲရင် တစ်နှစ်ပတ်လုံး နာမည်တောင် မကြားရတဲ့ ရှားပါး အစားအသောက်တွေ ဖြစ်ပါတယ်။ အံ့အားသင့်စရာကောင်းလောက်အောင် လူတွေကလည်း အဲဒီလက်ဆောင်လေးရရုံနဲ့ ကျေကျေနပ်နပ် အလိမ်ခံကြပါတယ်။ ကင်အီဆွန်းက သူတို့အပေါ် တော်တော် ဂရုစိုက်တာပဲလို့ ထင်နေကြ ပါတယ်။ အစိုးရရဲ့ ပရိယာယ်ကို ကျွန်တော်တစ်ခါမှ မယုံခဲ့ပါဘူး။ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် ကျွန်တော်နဲ့ ညီမလေးတွေဟာ လူတိုင်းလိုပဲ အဲဒီနေ့ကို နှစ်တိုင်း မျှော်လင့်တတ်ကြတယ်။ ဝက်သား၊ သကြားလုံးနဲ့ သစ်သီးတွေကို နေ့တစ်နေ့အတွင်းမှာ တစ်ပြိုင်နက်ရတာလေ။ တစ်နှစ်ပတ်လုံးမှာ ဗိုက်မဆာ ရတဲ့နေ့ဆိုလို့ အဲဒီနေ့တစ်နေ့ပဲ ရှိတာလေ။ ကျွန်တော်တို့ မမျှော်လင့်ဘဲ ဘယ်နေနိုင်ပါ့မလဲ။

ကျွန်တော်တို့ မြောက်ကိုရီးယားကို ရောက်ခါစ နှစ်တွေမှာဆို အဖေ ဟာ ကင်အီဆွန်း မွေးနေ့မတိုင်ခင် တစ်ရက်မှာ ကျွန်တော်တို့ ဂျပန်က သယ်လာတဲ့ အိမ်သုံးပစ္စည်းအချို့ကို ဈေးထဲမှာသွားရောင်းပြီး အသားနဲ့ အရက် အနည်းငယ် ဝယ်လေ့ရှိတယ်။ အဲဒီလို ဝယ်ပြီး နောက်တစ်နေ့ ကင်အီဆွန်းမွေးနေ့ရောက်တဲ့ အခါမှာတော့ အိမ်နီးချင်းတွေဟာ ဘယ်ကနေ ဘယ်လို ရောက်လာမှန်း မသိဘဲ အမေ့ဆီကို လာလည်တတ်ကြတယ်။ သူတို့ဟာ အမေ့ကို မီးဖွားချိန်ကလွဲပြီး ကျန်တဲ့အချိန်တွေမှာ တစ်စက်မှ အဖက်လုပ်လေ့မရှိပါဘူး။ ခေါင်းဆောင်ကြီးရဲ့ မွေးနေ့ရောက်ပြီ ဆိုရင်တော့ သူတို့အားလုံးရဲ့ မျက်နှာမှာ အပြုံးပန်းတွေ ဝေလို့ပါပဲ။

လူတွေဟာ အဝေးကြီးကနေတောင် ကျွန်တော်တို့အိမ်ကို အရောက် လာကြပါတယ်။ ပါတီပိုင်းနဲ့ စစ်တပ်ပိုင်းက ခေါင်းဆောင်တွေ၊ တိုက်ခိုက်ရေး တပ်မှူးဆိုသူတွေ၊ ရွာလူကြီးတွေ၊ လူ့ကပ်ပါးကောင်တွေ အားလုံးဟာ အလျှိုလျှို ရောက်လာတတ်ကြတယ်။ ကျွန်တော်တို့အိမ်ဟာ တောင်တွေကြား မှာ ရှိနေတာ ဖြစ်ပေမဲ့ သူတို့ ရောက်အောင် လာကြပါတယ်။ ဒီလူတွေဟာ အရှုံးတွေ

မဟုတ်ပါဘူး။ ကျွန်တော်တို့ဆီမှာ စားကောင်းသောက်ဖွယ်တွေ ရှိနေတာကိုသိလို့ ရောက်အောင် လာကြတာပါ။ ကျွန်တော်တို့ ဂျပန်အိမ် လေးက သူတို့ မြောက်ကိုရီးယားက အိမ်တွေလို မဟုတ်ဘဲ သန့်သန့်ရှင်းရှင်း ရှိတာကိုလည်း ဒီလူတွေ သိကြပါတယ်။ ပြီးတော့ နောက်ထပ် သူတို့အတွက် အရေးကြီးဆုံး ဖြစ်နိုင်တာ တစ်ခု ရှိသေးတယ်။ အဲဒါကတော့ ကျွန်တော်တို့ ဆီမှာ အရက် ဖောဖောသီသီရှိတာကို ဒီလူတွေ သိနေခြင်းပါပဲ။

အဲဒီနှစ်မှာ ကျွန်တော်နဲ့ အမေဟာ မီးဖိုချောင်ထဲမှာ မီးဖိုပြီး အမေဟာ နာရီပေါင်းများစွာ ချက်ပြုတ်ခဲ့ရတယ်။ ကြောင်သူတော် ကြွက်သူခိုးတွေနဲ့ လူ့ကပ်ပါးကောင်တွေဟာ အသီးသီး ရောက်လာကြပြီး အမေ ပင်ပင်ပန်းပန်း ချက်ပြုတ်ထားတာတွေကို မြိန်ရေရှက်ရေ ဇိမ်ခံ စားသောက်နေကြတယ်။

လူတိုင်းက ညတစ်နာရီ နှစ်နာရီမတိုင်ခင်အထိ သောက်စားပြီး ရယ်မောနေခဲ့ ကြတယ်။ နောက်ဆုံးမှာတော့ ညဥ့်နက်လာချိန်မှာ လူတိုင်း အသီးသီး ပြန်ကုန် ကြတယ်။ ဟန်ဂျူဟန် ဆိုတဲ့ ဆံသဆရာတစ်ယောက်ပဲ အမူးလွန်နေလို့ မတ်တတ်တောင် မရပ်နိုင်ဖြစ်နေတယ်။ ခင်ဗျားကြားရတာ ထူးဆန်းကောင်း ထူးဆန်းနိုင်ပေမဲ့ မြောက်ကိုရီးယားမှာ ဆံသဆရာတွေဟာ ရှားပါးပြီး အထက်လူကြီးတွေရဲ့ အလေးပေးမှုကို ခံကြရပါတယ်။ သူ့ကို ကျွန်တော်တို့ အိမ်မှာပဲ ညအိပ်ဖို့ ပြောပေမဲ့ သူက အိမ်ပြန်ဖို့ပဲ ဇွတ်ပြောနေခဲ့တယ်။ နောက်ဆုံးတော့ မတ်တတ်ရပ်နိုင်သွားပြီး အမှောင်ထုထဲကို ဦးတည်ထွက်ခွာ သွားပါတော့တယ်။ လမ်းမီးဆိုတာ မရှိသလို သူ့မှာလည်း ဓာတ်မီးမပါပါဘူး။ ပြီးတော့ နှင်းတွေကလည်း ထူပိန်းအောင် ကျဆင်းနေခဲ့တယ်။ အချိန်မရွေး မြစ်ထဲကျသွားနိုင်သလို တောင်ထိပ်ကနေလည်း ပြုတ်ကျသွားနိုင်တယ်။ ဒါပေမဲ့ သူက ပြန်ဖို့ပဲ တကဲကဲ ဖြစ်နေတယ်။ ကျွန်တော်တို့ မိသားစုဝင်တွေ ကလည်း ပင်ပန်းနေတာကြောင့် သူပြန်သွားတာနဲ့ အိပ်ရာထဲ တန်းဝင်ခဲ့ကြတယ်။

ကျွန်တော် အိပ်နေရင်းနဲ့ မခံမရပ်နိုင်အောင် ပူလာသလို ခံစားမိလိုက်တယ်။ ကျွန်တော် မျက်လုံး ဖွင့်ကြည့်မိချိန်မှာ မျက်နှာကြက်မှာ မီးတွေစွဲနေ ပါပြီ။ ပထမတော့ အိပ်မက် မက်နေတာ ဖြစ်မယ်လို့ ထင်မိလိုက်သေးတယ်။ အဲဒီနောက်မှာတော့ ကျွန်တော် အိပ်ရာထဲက ခုန်ထွက်ပြီး အားလုံးကို အိပ်ရာက ထကြဖို့ အော်ပြီးနှိုးလိုက်တယ်။ ဒါပေမဲ့ ကျွန်တော့်မိသားစုဝင်တွေ အားလုံးဟာ အစားကောင်းအသောက်ကောင်းတွေစားပြီး နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေကြတယ်။ အဖေနဲ့အမေကို လှုပ်နှိုးလိုက်၊ ညီမလေးတွေကို လှုပ်နှိုးလိုက်နဲ့ ကျွန်တော် ဇောချွေးတွေပြန်နေခဲ့တယ်။ ကျွန်တော့်နှလုံးခုန်သံ တွေ တဒုန်းဒုန်းဖြစ်နေပြီး ကျွန်တော်တို့ အားလုံး သေကြတော့မယ်လို့ပဲ ထင်နေခဲ့တယ်။ နောက်ဆုံးတော့ သူတို့ကို လှုပ်နှိုးနိုင်ခဲ့ပြီး မီးလောင်နေတာကို သူတို့သိသွားချိန်မှာ

အားလုံး အိပ်ရာပေါ်က ခုန်ထွက်လာကြတယ်။

ကျွန်တော်တို့မှာ အဝတ်အစားလဲဖို့ အချိန်မရသလို ဘာပစ္စည်းမှလည်း ယူဖို့ အချိန်မရခဲ့ပါဘူး။ မီးလောင်နေတဲ့ အိမ်ထဲကနေ အပြင်ကို ရောက်ပြီး စက္ကန့်ပိုင်း အတွင်းမှာပဲ အိမ်ကြီးတစ်ခုလုံး ပြိုကျသွားခဲ့တယ်။

ကျွန်တော်တို့ သီသီလေး လွတ်သွားခဲ့တာပါ။ အဲဒီ ဖြစ်ရပ်အကြောင်း အိပ်မက်ဆိုးတွေ ဒီနေ့ထိ မက်နေမိတုန်းပါပဲ။

နောက်မှ သိလိုက်ရတာက ငမူး ဆံသဆရာကြောင့် မီးလောင်ခဲ့တာ ဆိုတာပါပဲ။ သူဟာ အိမ်က ထွက်သွားပြီး မကြာခင်မှာ တိုးမပေါက်တဲ့ နှင်းထုနဲ့ အမူးလွန်နေခြင်းကြောင့် ကျွန်တော်တို့ အိမ်ဘက်ကို ပြန်လှည့်လာခဲ့ ပါတယ်။ ဒါပေမဲ့ အိမ်ထဲကို ပြန်ဝင်မလာဘဲ ကျွန်တော်တို့ ကောက်ရိုးတွေနဲ့ ထင်းတွေထားတဲ့ တဲလေးထဲကို သိုင်းကွက်နင်းပြီး ဝင်သွားခဲ့တယ်။ အဲဒီမှာ ကောက်ရိုးနဲ့အိပ်ရာခင်းကာ မူးမူးနဲ့ ဆေးလိပ် သောက်ခဲ့တယ်။ အဲဒီနောက် ဆေးလိပ် သောက်ရင်း အိပ်ပျော်သွားခဲ့တယ်။ သူပြောပုံအရတော့ သူဟာ နိုးလာပြီး အော်ဖို့ ကြိုးစားခဲ့သေးတယ်လို့ သိရပါတယ်။ ဒါပေမဲ့ သူဟာ အမူးလွန်နေတဲ့အပြင် အကြောက်ပါလွန်နေတာကြောင့် ဘာမှမလုပ်တော့ဘဲ အမှောင်ထဲ ထွက်ပြေးသွားခဲ့ပါတယ်။

မီးလောင်ပြီး သိပ်မကြာခင်မှာပဲ ရွာသားတွေအများအပြား လမ်းပေါ် ထွက်လာပြီး ကျွန်တော်တို့ကို မီးကူငြိမ်းပေးကြတယ်။ ရွာသားအချို့က အတန်းလိုက်စီပြီး ရေတွင်းကနေ ကျွန်တော်တို့ အိမ်ဆီကို ရေပုံးတွေ လက်ဆင့်ကမ်း သယ်ပေးကြတယ်။ အချို့ရွာသားတွေက စပါးခင်းတွေထဲက ရသမျှရေကို တွေ့ရာပုံးတွေနဲ့ခပ်ပြီး ဝိုင်းငြိမ်းကြတယ်။ အချို့က နှင်းတွေကို သုံးပြီးရသလောက် မီးသတ်ပေးကြတယ်။ ဒါပေမဲ့ သူတို့လုပ်သမျှအရာမထင် ခဲ့ပါဘူး။ ကျွန်တော်တို့ အိမ်လေးဟာ တစ်နေရာမကျန် ပြာကျသွားခဲ့ပါပြီ။ ကျွန်တော်တို့ ပိုင်ဆိုင်သမျှ အရာအားလုံးလည်း မီးနဲ့အတူပါသွားခဲ့ပြီ။ တဒင်္ဂ အတွင်းမှာ ကျွန်တော်တို့ မိသားစုဟာ အိမ်ခြေရာမဲ့ ဖြစ်သွားခဲ့ပြီ။ သန်းခေါင် ထက်တော့ ညဥ့်မနက်တော့ဘူးလို့ ထင်နေမိချိန်မှာပဲ ကျွန်တော်တို့မှာ ရှိသမျှ အရာအားလုံး ပြိုလဲ ပျက်စီးသွားခဲ့ပြီ။ ကျွန်တော်တို့ ကျိန်စာသင့်နေပြီလို့ တွေးမိရုံမှတစ်ပါး အခြား ဘာမှ မစဉ်းစားနိုင်တော့ပါဘူး။

နောက်နေ့မနက်မှာတော့ ကျွန်တော်နဲ့ အဖေဟာ မနေ့က ကျွန်တော်တို့ အိမ်မှာ လာစားသောက်သွားတဲ့ ထိပ်ပိုင်းခေါင်းဆောင်အချို့ကို သွားတွေ့ ပြီး ပါတီအနေနဲ့ ကျွန်တော်တို့ကို ကူညီပေးနိုင်မလားဆိုတာ မေးမြန်းကြည့်တယ်။ ဒီလူတွေဟာ လွန်ခဲ့တဲ့(၂၄)နာရီ အတွင်းကမှ ကျွန်တော်တို့ အိမ်မှာ စားသောက်

မူးရူးပြီး ပြန်သွားခဲ့သူတွေပါ။ အခုတော့ သူတို့က လေသံပြောင်း နေပါပြီ။ “မင်း ဘာတွေ လာပြောနေတာလဲ မျိုးမစစ် ဂျပန်ကောင်လေး... ငါတို့က မင်းတို့ အတွက် ဘာလို့ အိမ်အသစ်ဆောက်ပေးရမှာလဲ။ ဒါပေမဲ့ မင်းတို့ အိမ်အသစ် ဆောက်ရာမှာ လိုမဲ့သစ်ပင်အချို့ကို ခုတ်လှဲဖို့ အထူး ခွင့်ပြုချက်တော့ ပေးလိုက်မယ်။ ဒါဟာ ပါတီရဲ့ တရားဝင်ကြေညာချက်ပဲ" လို့ သူတို့က ပြောခဲ့တယ်။ သူတို့အနေနဲ့ ဒီလိုခွင့်ပြုပေးလိုက်တာကို အထူး ရက်ရောမှုကြီးတစ်ခုလို့ ထင်နေကြပုံပါပဲ။ သူတို့ရဲ့ သူတော်ကောင်းယောင် ဆောင်တဲ့ စိတ်ဓာတ်ကို တော်တော်လေး ရွံမိတယ်။

ကျွန်တော်တို့ သားအဖနှစ်ယောက်လည်း နွားလှည်း ငှားဖို့အတွက် ပြုပြင်ထိန်းသိမ်းရေး ဌာနက အလုပ်သမားခေါင်းဆီကို ချက်ချင်းသွားခဲ့တယ်။ အမေကတော့ ပြာကျသွားတဲ့ ကျွန်တော်တို့ အိမ်နေရာကနေ ဆန်အနည်းငယ်နဲ့ ထင်းမီးဖိုလေးကို ပြန်ရှာဖွေနိုင်ခဲ့ပြီး ကျွန်တော်တို့ သားအဖအတွက် ထမင်းဆုပ်ခပ်ကြီးကြီး နှစ်လုံး လုပ်ပေးခဲ့ပါတယ်။ အဖေနဲ့ ကျွန်တော်ကတော့ ရွာကနေ ငါးမိုင်လောက်ဝေးတဲ့ သစ်တောဘက်ကို စပြီး ခရီးနှင်လာခဲ့တယ်။ ရဲသားတစ်ယောက်က ကျွန်တော်တို့ ဘယ်နားက သစ်ပင်တွေကို ခုတ်လို့ရလဲဆိုတာ ပြောပြခဲ့တယ်။ အဲဒီနောက် ကျွန်တော်တို့ ချက်ချင်းပဲ အလုပ်စလိုက်တယ်။ သစ်ပင်(၁၂)ပင်လောက် ခုတ်လှဲအပြီးမှာ တော့ နေ့လယ်စာအတွက် ခဏနားကြတယ်။

“ထမင်းဆုပ် နှစ်ခုလုံး စားလိုက်'' လို့ အဖေက လှမ်းပြောတယ်။

ကျွန်တော် ထမင်းဆုပ်တစ်လုံးကို ပြန်ပေးရင်း နေရထိုင်ရ ခက်သလို ဖြစ်နေတယ်။ အဖေကြင်နာတတ်မျိုးနဲ့ ကျွန်တော် လုံးဝ မရင်းနှီးဘူးလေ။ ဒီတော့ အထူးအဆန်းကြီး ဖြစ်နေတာပေါ့။

“ရပါတယ်...အတူတူစားကြတာပေါ့" လို့ ကျွန်တော် ပြန်ပြောလိုက်တယ်။

ဒါပေမဲ့ အဖေက သူ့ကို ထမင်းဆုပ်ပြန်ပေးနေတဲ့ ကျွန်တော့်လက်ကို ပြန်တွန်းလိုက်တယ်။ ကျွန်တော် ဟန်ချက်ပျက်သွားပြီး ချော်လဲသွားတယ်။ ထမင်းဆုပ်နှစ်လုံးက ကျွန်တော့်လက်ထဲကနေ ချော်ကျသွားပြီး ကုန်းစောင်း အတိုင်း လိမ့်ကျသွားတယ်။ အဖေက ထမင်းဆုပ်နှစ်လုံးနောက်လိုက်ပြီး ပြန်ကောက်လာတယ်။ ထမင်းဆုပ်တွေမှာ ရွှံ့တွေ ကပ်နေပေမဲ့ အဖေက ကျွန်တော့်ကို ပြန်ပေးတယ်။ “မင်းအမေက မင်းအတွက် လုပ်ပေးလိုက်တာ။ စားလိုက်" လို့ အဖေက ပြောတယ်။ အဲဒီနောက် အဖေဟာ မျက်ရည်တွေ ကျလာပါတော့တယ်။ ကျွန်တော် ရုတ်တရက် အံ့အားသင့်သွားတယ်။ အဖေ ငိုတာမျိုး၊ သူ့ခံစားချက်ကို ဖော်ပြတာမျိုး ကျွန်တော် အရင်က တစ်ခါမှ မမြင်ခဲ့ဖူးဘူး။ ဒီတော့ ကျွန်တော်လည်း ရောပြီး ရှိုက်ကြီးတငင် ငိုမိပါလေ ရော။

ဘာကြောင့်မှန်းတော့မသိပေမဲ့ သူ အဲဒီလို ခံစားချက်တွေကို ထုတ်ပြ လိုက်မှပဲ ကျွန်တော်တို့အခြေအနေဟာ ထင်ထားတာထက်တောင် ပိုဆိုးနေ ပြီလို့ ခံစားမိလိုက်တယ်။ ဒါပေမဲ့ ရွံ့တလူးလူး ဖြစ်နေတဲ့ ထမင်းဆုပ်နှစ်လုံး ကိုတော့ ကျွန်တော် ဖျစ်ညှစ်ပြီး စားလိုက်တယ်။ မြောက်ကိုရီးယားကို ရောက်ခါစက အဖေ့အပေါ်မှာ ဖြစ်ပေါ်မိတဲ့ ချစ်ခင်စိတ် အနည်းငယ်ဟာ အဲဒီအချိန်ကစပြီး ပိုမို ကြီးထွားလာခဲ့တယ်။

ရွာထဲမှာ ကျွန်တော်တို့အပေါ် ကြင်နာဖေးမတဲ့ သူတစ်ယောက်ရှိပါတယ်။ သူ့နာမည်က မစ္စတာချွန်ဖြစ်ပြီး သူက ပန်းပဲဆရာတစ်ယောက်လည်း ဖြစ်ပါတယ်။ သူဟာ စိတ်ဓာတ်တွေ အောက်ဆုံးအထိ ထိုးကျနေတဲ့ အမေ့ကို အားပေးဖို့ ကြိုးစားခဲ့သူပါ။ ကျွန်တော်တို့ စားဖို့ ယူလာပေးတဲ့ အစားအသောက် တွေအတွက်၊ ကျွန်တော်တို့ကို ကြည့်ရှု စောင့်ရှောက် ပေးတဲ့အတွက် ကျွန်တော်တို့က ကျေးဇူးတင်စကားဆိုတိုင်း သူပြန်ပြောလေ့ ရှိတာက “ရပါတယ်ကွာ... နောက်တစ်ကြိမ်ကျရင် ငါ့ကို ကူညီရမှာ မင်းတို့ ဖြစ်ရင် ဖြစ်နေမှာပေါ့ကွာ''လို့ ပြန်ပြောလေ့ရှိတယ်။ ဒါပေမဲ့ ရွာသားအများစု ကတော့ ကျွန်တော်တို့ကို ပစ်ပယ်ထားခဲ့ပါတယ်။ တချို့က ကျွန်တော်တို့အိမ် မီးလောင်သွားတာကို ပျော်တောင် ပျော်နေကြပါသေးတယ်။ သူတို့က ကျွန်တော်တို့ မြောက်ကိုရီးယားကို ရောက်လာကတည်းက မနာလိုဖြစ်နေ ကြသူတွေပါ။ အခုတော့ သူတို့ စိတ်ကျေနပ်သွားပုံပါပဲ။ “ဟိတ်ဟန်များပြီး ဇီဇာကြောင်တဲ့ ဒီမျိုးမစစ် ဂျပန်တွေက ငါတို့အိမ်ထက် ပိုကောင်းတဲ့အိမ်မှာ ဘာလို့ နေခွင့်ရတာလဲ'" 'မြောက်ကိုရီးယားကို ပြန်လာသူတွေက ဘာလို့ ဒီလို အိမ်ကောင်းကောင်းမှာ နေရတာလဲ'' ဆိုတဲ့ မေးခွန်းတွေနဲ့ သူတို့ မနာလိုဖြစ် နေခဲ့ကြတာပါ။ တကယ်တော့ ကျွန်တော်တို့ အိမ်ကလည်း သူတို့အိမ်တွေထက် အများကြီး ပိုကောင်းတာ မဟုတ်ပါဘူး။ အုပ်ကွပ် အမိုးလေးပါတာ တစ်ခုပဲ ရှိပါတယ်။ ဒါပေမဲ့ အဲဒီအချက်လေး တစ်ချက်ကပဲ သူတို့ကို ဒေါသထွက်စေခဲ့တယ် ထင်ပါတယ်။ ကျွန်တော်တို့ရဲ့ ဂျပန် အဝတ်အစားတွေနဲ့ ပတ်သက်ပြီးလည်း သူတို့က ပုံစံတူပြောလေ့ရှိတယ်။ တကယ်တော့ ကျွန်တော်တို့အဝတ်အစားတွေဟာ ဈေးပေါတဲ့ အဝတ်အစား တွေဖြစ်ပြီး အိုဟောင်းစုတ်ပြဲနေတဲ့အပြင် ဖက်ရှင်ကျတဲ့ အဝတ်အစားမျိုး လည်း မဟုတ်ပါဘူး။ ဒါပေမဲ့ သူတို့မျက်လုံးထဲမှာတော့ ကျွန်တော်တို့ အဝတ်အစားတွေက ဇိမ်ခံပစ္စည်းတွေလို ဖြစ်နေခဲ့ပါတယ်။ ကျွန်တော်တို့ရဲ့ ပြာကျသွားတဲ့ အိမ်ကြီးကို ရှင်းလင်းနေတုန်း တချို့ရွာသားတွေက အိမ်နားက ဖြတ်သွားရင်း ပြောင်ပြောင်တင်းတင်းကို လှောင်ပြောင်ရယ်မောသွားကြပါတယ်။ အဲဒီလူတွေဟာ လွန်ခဲ့တဲ့ရက် အနည်းငယ်ကပဲ အမေချက်ပြုတ်ခဲ့ တာတွေကို အငမ်းမရ မျိုစို့ခဲ့သူတွေ ဖြစ်ပြီး အဖေတိုက်တဲ့ အရက်တွေကို သောက်ခဲ့ကြသူတွေ ဖြစ်နေတာ ကျွန်တော်သတိမထားမိဘဲ မနေနိုင်ခဲ့ပါဘူး။ အဲဒီအချိန်ကစပြီး သူတို့ကို 'ရွာသားတွေ' လို့ကျွန်တော် စခေါ်မိပါတော့တယ်။

ကျွန်တော်တို့ အိမ်အသစ်ကို ပြန်ဆောက်တဲ့အချိန်မှာ ကူညီတာဆိုလို့ မစ္စတာချွန် တစ်ယောက်ပဲ ရှိပါတယ်။ ပထမဆုံး ကျွန်တော်တို့ ခုတ်လာတဲ့ သစ်တွေကို သစ်စက်ဆီ သယ်သွားပြီး ဖြတ်တောက်ရတယ်။ အဲဒီနောက် အိမ်ရဲ့ ဖောင်ဒေးရှင်းအတွက် မြစ်ကမ်းစပ်နားက သွားကောက်ထားတဲ့ ကျောက်တုံးတွေကို ခင်းတယ်။ အမေနဲ့ ညီမလေးတွေက နံရံအတွက် အသုံးပြုမဲ့ရွှံ့တွေကို တူးကြတယ်။ ရက်သတ္တပတ် အနည်းငယ်အကြာမှာတော့ မိုးဒဏ်က ကာကွယ်ဖို့ သက်ကယ်မိုးနိုင်ခဲ့တယ်။ အိမ်ပြီးစီးသွားတဲ့အချိန်မှာ အနည်းငယ် စိတ်သက်သာရာရခဲ့ပေမဲ့ ကျွန်တော်တို့မှာ အိမ်သုံးပစ္စည်း၊ အစားအသောက်နဲ့ အဝတ်အစားတွေ မရှိတော့ပါဘူး။ အဖေက ကျွန်တော်တို့အိမ်ရဲ့ မစို့မပို့ အိမ်သုံးစရိတ်လေးကို လယ်သမားဈေးကနေ အခြေခံစားသောက်ကုန်တွေဝယ်ဖို့ သုံးခဲ့ရတယ်။ အဝတ်အစားတွေ ဝယ် အတွက်တော့ ကျွန်တော်တို့မှာ ပိုက်ဆံလုံလုံလောက်လောက် မရှိတော့ပါဘူး။ ဒါကြောင့် ကျွန်တော်တို့အားလုံး အဝတ်အစားနှစ်စုံနဲ့သာ နေရပြီး အတွင်းခံ မဝတ်ဘဲ အပြင်သွားကြရပါတယ်။

ဒီလို အခက်အခဲတွေ ကြုံနေရတဲ့အချိန်အတွင်းမှာ အမေက "အမေ တောင်းပန်ပါတယ်ကွယ်.. အမေတောင်းပန်ပါတယ်ကွယ်"လို့ စိတ်မကောင်းစွာ ပြောနေခဲ့တယ်။

အဖေကလည်း "ငါလည်း တောင်းပန်ပါတယ်ကွာ၊ မင်းဘဝကို ခက်ခဲ အောင်ပဲ ငါ အမြဲ လုပ်နေခဲ့မိတယ်'' လို့ အမေ့ကို တောင်းပန်နေခဲ့တယ်။ အဖေ့နှုတ်ကထွက်လာတဲ့ စကားလုံးတွေကြောင့် ကျွန်တော် နောက်တစ်ကြိမ် အံ့အားသင့်ခဲ့ရပြန်တယ်။ အဖေဟာ အရင်ကနဲ့ လုံးဝမတူတဲ့လူတစ်ယောက် အဖြစ် အသွင်ပြောင်းလဲသွားသလိုပါပဲ။ ကျွန်တော့်စိတ်တွေ ဝေခွဲရခက်နေခဲ့တယ်။ ဒါဟာ အဖေ အမေ့ကို စောင့်ရှောက်တာ ပထမဆုံးမြင်ဖူးခြင်းလည်း ဖြစ်ပါတယ်။ အဖေ ဒီလို ပြောင်းလဲလာတာကို ကျွန်တော် သေချာပေါက် ကြိုဆိုတာပေါ့။ ဒါပေမဲ့ တစ်ချိန်တည်းမှာပဲ "ဒီလို ဆင်းရဲဒုက္ခတွေ ပြည့်နှက် နေတဲ့ ဘဝရောက်မှပဲ အဖေဟာ အမေ့အတွက် ပြန်ကြည့်တတ်ခဲ့တာလား၊ အလုံးစုံ ပျက်စီး ယိုယွင်းသွားမှပဲ အဖေ အမေ့ကို ချစ်တတ်လာတာလား၊ အမေ့အပေါ်ကို မေတ္တာထားနိုင်ဖို့ ဒီလောက် ဆင်းရဲဒုက္ခတွေ လိုအပ်ခဲ့တာ လား'' လို့ တွေးနေမိတယ်။ ကြည့်ရတာ ဒီလိုအနေအထားမျိုးရောက်ဖို့ အဖေ အချိန်တွေ တော်တော်ကြာအောင်ယူခဲ့ရပုံပါပဲ။

အဖေရဲ့ ဂျပန်တုန်းကပုံစံနဲ့ မြောက်ကိုရီးယားကပုံစံ ဘာလို့ အရမ်းကွာ ရတာလဲလို့ အခုအချိန်ထိ တစ်ခါတလေ ကျွန်တော် စဉ်းစားမိနေဆဲပဲ။ သူ့ရဲ့အားကောင်းမောင်းသန်ပုံစံကြောင့်လို့ ကျွန်တော်ထင်ခဲ့ဖူးတယ်။ ဂျပန် မှာတုန်းက သူ့ရဲ့ကာယခွန်အားက သူ့ကို ဩဇာအာဏာရှိစေခဲ့တဲ့ အရာဖြစ်ခဲ့တယ်။

ဒါပေမဲ့ မြောက်ကိုရီးယားရောက်တော့ သူ့ရဲ့ကာယခွန်အားက ဘာမှ အသုံးမဝင်တော့ဘူး။ တကယ်တမ်းမှာ အဲဒီ အားသာချက်ဟာ သူ့အတွက် အဖိုးတန် အရည်အချင်းမဟုတ်ဘဲ ဝန်ထုပ်ဝန်ပိုးတစ်ခုသာ ဖြစ်နေခဲ့တာပါ။ ဒါပေမဲ့ သူ့ပုံစံကို ကွဲပြားစေတဲ့ အဓိက ပြဿနာဟာ အဲဒီ အားသာချက်ထက် ပိုရှုပ်ထွေးပါတယ်။ ဂျပန်မှာတုန်းက အဖေဟာ တစ်ယူသန် သဘောထား တွေ၊ မျက်စိမှိတ် ဘက်လိုက်ခြင်းတွေ၊ ခွဲခြား ဆက်ဆံခြင်းတွေကို အကြိမ် ပေါင်းများစွာ ကြုံခဲ့ရတယ်။ သူ့ခံစားချက်တွေကို ဖော်ပြဖို့၊ ပြန်လည်ခုခံဖို့ တစ်ခုတည်းသော နည်းလမ်းက အကြမ်းဖက် ပေါက်ကွဲခြင်းပဲ ဖြစ်ခဲ့တယ်။

ဒါပေမဲ့ အဖေ့ အမြင်မှာတော့ သူဟာ သူ့ရဲ့ ကိုရီးယားလုပ်ဖော်ကိုင်ဖက်တွေ အတွက် ကာကွယ်တိုက်ခိုက်ပေးနေခဲ့တာသာ ဖြစ်ပါတယ်။

တကျွိကျွိမြည်နေတဲ့ ကျွန်တော်တို့ရဲ့ အသစ်စက်စက် တဲကုပ်လေး ထဲကို ပြောင်းပြီးနောက် အဖေဟာ သူ့ရဲ့အတိတ်အကြောင်းကို တဖြည်းဖြည်း ပိုပြီး ပြောလာတယ်။

သူ့ရဲ့ မကျေချမ်းမှုတွေ အကြောင်းပဲ အမြဲတမ်း တွေးတောနေတတ်တယ်။ သူစဉ်းစားမယ်ဆိုလည်း စဉ်းစားစရာပဲလေ။ “တကယ်ကို မယုံနိုင် စရာပဲကွာ…ငါ့မှာတော့ ငါ့ရဲ့ ကိုရီးယားလူမျိုးတွေ အတွက် ဂျပန်မှာတုန်းက ကာကွယ်ပေးလိုက်ရတာ…သူတို့အတွက် ငါ သေဖို့တောင် ဝန်မလေးခဲ့ဘူး.. သူတို့ ငါ့ကို ဘယ်လိုနည်းနဲ့ ကျေးဇူးပြန်ဆပ်ခဲ့သလဲ၊ ဒီဘဝကြီးနဲ့လား" ဆိုပြီး အဖေဟာ သူ့ပတ်ဝန်းကျင်ကို ညွှန်ပြရင်း ဒေါသထွက်နေတတ်တယ်။

တစ်ခါတလေ အဖေက ဒေါသနဲ့စိတ်ရှုပ်မှုတွေကို မထိန်းနိုင်မသိမ်းနိုင် ဖြစ်နေတတ်တယ်။ “ဒီကောင်တွေ ငါ့ကိုလှည့်စားခဲ့တာကို ငါမယုံနိုင်ဘူးကွာ၊ မာဆာကျီ..မင်း ဂျပန်ကိုများ ပြန်ရောက်ခဲ့ရင် ဒီကောင်တွေကို ငါ ဘယ်လို ထင်လဲဆိုတာ ပြန်ပြောလိုက်စမ်းပါကွာ" လို့ ဒေါသတကြီးပြောတတ်တယ်။

အံ့ဩဖို့ကောင်းတာက အဖေဟာ မြောက်ကိုရီးယားနိုင်ငံရဲ့ နိုင်ငံရေး စနစ်ကိုအပြစ်တင်တာ ကျွန်တော် တစ်ခါမှမမြင်ဖူးတာပါပဲ။ ဒါပေမဲ့ ကျွန်တော် နောက်ဆုံးမှာ နားလည်လိုက်တာက အဖေဟာ တကယ့် လွတ်လပ်ခြင်းရဲ့ အရသာကို ဘယ်တုန်းကမှ မခံစားဖူးဘူးဆိုတာပါပဲ။ အဖေဟာ ဂျပန်ကိုလိုနီ ခေတ်မှာ မွေးဖွားခဲ့ပြီး ကျွန်အလုပ်သမားအဖြစ်နဲ့ ဂျပန်ကို ခေါ်ဆောင်လာခြင်း ခံခဲ့ရသူပါ။ ဒီတော့ အဖေဟာ ကျွန်ဘဝကလွဲပြီး အခြားဘယ်အရာကိုမှ မသိပါဘူး။ ဒါကြောင့် အဖေဟာ သူ့အသိတရားတွေ ပြောင်းလဲလာဖို့ အချိန်အကြာကြီး ယူခဲ့ရတာ ဖြစ်နိုင်ပါတယ်။

ဒါပေမဲ့ အမေကတော့ တစ်နေ့တခြား ကြောက်စိတ်တွေ ပိုလာခဲ့တယ်။

ကျွန်တော်တို့ရဲ့ ခနော်နီခနော်နဲ့ အိမ်အသစ်လေးကို ရွှေ့ပြီး သိပ်မကြာ ခင်မှာပဲ ခပ်ငယ်ငယ်ရဲသားတစ်ယောက် အိမ်ကို ရောက်လာခဲ့တယ်။ အဲဒီရဲသားရဲ့ ပြောပုံအရ ကျွန်တော်တို့ မိသားစု မှတ်ပုံတင်ဟာ မပြည့်။ ဖြစ်နေတယ်လို့ သိရတယ်။ အမေ့ရဲ့ နိုင်ငံသားနေရာမှာ ဂျပန်လူမျိုးလို့ မှတ်တမ်းတင်ထားတာ ဖြစ်ပြီး အမေ့ရဲ့နာမည်ကိုလည်း မီယိုကိုအီရှီကာဝါလို့ မှတ်တမ်းတင်ထားတာ ဖြစ်ပါတယ်။

"ခင်ဗျားနာမည်ကို ပြောင်းရမယ်" လို့ ရဲသားက အမေ့ကို စိန်းစိန်း ဝါးဝါး ကြည့်ရင်း အော်ပြောနေတယ်။

"ခင်ဗျား မြောက်ကိုရီးယားမှာ နေနေတာလေ၊ ခင်ဗျားနာမည်ကို ပြောင်းမှရမယ်၊ ခင်ဗျား မြောက်ကိုရီးယားနာမည်ပဲ သုံးရမယ်" လို့ ရဲသားက အမေ့မျက်နှာနား ကပ်လာပြီး အော်ငေါက်တယ်။

"ခင်ဗျား အမေ့ကို ထိရဲထိကြည့်၊ ခင်ဗျားလက်တစ်ချောင်းနဲ့ သူ့ကို ထိရင်တောင် ကျုပ် ခင်ဗျားကို သတ်မယ်'' လို့ ဒေါသတကြီးအော်ရင်း အမေ့နားကို ကျွန်တော် ပြေးကပ်လိုက်တယ်။

ရဲသားက နည်းနည်းတော့ တွန့်သွားတယ်။ အမေကတော့ ရဲသား ပြောနေတဲ့ စကားလုံးတစ်လုံးတောင် နားမလည်ပါဘူး။ ဒါပေမဲ့ အဲဒီလို နားမလည်တာတောင် အမေ့ခမျာ တော်တော် ကြောက်နေခဲ့တာပါ။

ရဲသားက သူ့ပခုံးနှစ်ဖက်ကို နောက်ပစ်ပြီး ရင်ဘတ်ကို ကော့ကာ သူ့ကိုယ်သူ လူကောင်ကြီးပုံ ပေါ်အောင် ကြိုးစားလိုက်တယ်။ ပြီးမှ "ကောင်း ပြီလေ၊ နောက်တစ်ကြိမ်ကျရင်တော့ ခင်ဗျားနာမည်ကို ပြောင်းထားပြီးသား ဖြစ်ပါစေ" လို့ ဟိန်းဟောက်ပြီး ပြန်ထွက်သွားတယ်။

ကျွန်တော် အမေ့ဘက်ကို လှည့်ပြီး စိတ်မပူဖို့ ဖျောင်းဖျလိုက်တယ်။ အမေ ဒီထက်ပိုပြီး ကြောက်မှာစိုးလို့ ကျွန်တော်ဘာမှ ထပ်ရှင်းမပြတော့ပါ ဘူး။ အမေက သက်ပြင်းချရင်း သူ့ရဲ့ဖွာလန်ကြဲနေတဲ့ ကျောပိုးအိတ်လေးကို လှမ်းယူလိုက်တယ်။ အမေ့ပုံကြည့်ရတာ အရမ်းကို ပင်ပန်း ညှိုးငယ်နေပြီး ကြောက်ဖို့တောင် အင်အားမရှိတော့တဲ့ပုံပါပဲ။

"ညစာအတွက် အမေ အစားအသောက်သွားရှာရဦးမယ်" လို့ပြောပြီး အမေဟာ တောင်တွေရှိတဲ့ ဘက်ကို ထွက်ခွာသွားတယ်။ အဲဒီတောင်တွေ ပေါ်က စားလို့ရသမျှ သစ်သီးသစ်ရွက်တွေ၊ ဖန်းပင်တွေ၊ မှိုရိုင်းတွေကို အမေ ရှာဖွေလာလေ့ရှိတယ်။ အမေဟာ အဖာအထေး ဗရပွဖြစ်နေတဲ့ အလုပ်ကြမ်း ဘောင်းဘီပွပွကြီးနဲ့ ဟောင်းနွမ်းစုတ်ပြတ်နေတဲ့ ရှူးဖိနပ်ကို ဝတ်ဆင်ထားတယ်။ ကျွန်တော်လည်း အမေ တစ်ခါတလေ ချုံးပွဲချငိုသလိုငိုချင်နေမိတယ်။

တစ်ခါတလေ အမေဟာ စိတ်မထိန်းနိုင်တော့ဘဲ နာရီနဲ့ချီပြီး ငိုနေတတ်တယ်။ ကျွန်တော် အမေ့ကို နှစ်သိမ့်ဖို့ ကြိုးစားကြည့်သေးတယ်။ ဒါပေမဲ့ နှစ်သိမ့်စရာ စကားလုံး ရှာမရခဲ့ဘူး။ နှစ်သိမ့်စရာ စကားလုံးတွေက ရှိကိုမရှိခဲ့တာပါ။

※

အထက်တန်းကျောင်းတက်တုန်းက ကျွန်တော်သာ ပြင်းပြင်းထန်ထန် စာလေ့လာရင် ကျွန်တော့်ရဲ့ ဘဝအကျပ်အတည်းထဲက ရုန်းထွက်နိုင်ပြီး ကျွန်တော့်မိသားစုကို ကယ်တင်နိုင်လိမ့်မယ်လို့ တကယ် ယုံကြည်ခဲ့ပါတယ်။ အိမ်မီးလောင်သွားတဲ့အဖြစ်ဆိုးအပြင် နေ့တိုင်း ခွဲခြားဆက်ဆံမှုတွေ ခံနေရပေမဲ့လည်း ကျွန်တော်သာ ပြင်းပြင်းထန်ထန် ကြိုးစားရင် ဒီဆိုးရွားလှတဲ့ အကျပ်အတည်းကနေ ရုန်းထွက်နိုင်ပြီး ကျွန်တော်နဲ့ ကျွန်တော့်မိသားစုဟာ ပိုမိုလှပတဲ့ အနာဂတ်တစ်ခုဆီ လျှောက်လှမ်းနိုင်မယ်လို့ တကယ်ကို ယုံကြည်နေခဲ့တာပါ။ အထက်တန်းကျောင်း ပြီးဆုံးဖို့ နီးကပ်လာချိန်မှာ ကျွန်တော် အရင်ကထက် ပိုပြီး ကြိုးစားလာခဲ့တယ်။

ကျောင်းပြီးဖို့ သုံးလခန့်အလို . တစ်ရက်မှာတော့ ဆရာတွေက လျှောက်လွှာဖောင်တစ်ခုကို ဝေပေးခဲ့တယ်။ အဲဒီဖောင်ပေါ်မှာ ကျွန်တော်တို့ ကျောင်းပြီးသွားရင် လုပ်ချင်တဲ့အရာတွေ၊ ကျွန်တော်တို့ရဲ့ အနာဂတ် စိတ်ကူး အိမ်မက်တွေကို ဖြည့်ရပါတယ်။ တကယ်တော့ ဒီလုပ်ရပ်ဟာ တော်တော်လေး ရက်စက်တဲ့ လုပ်ရပ်ပါ။ ဘာလို့လဲဆိုတော့ တကယ်တမ်းမှာ ကျွန်တော်တို့ ကိုယ်တိုင် ဘာမှ ရွေးချယ်ခွင့် မရလို့ပါပဲ။ ဒါပေမဲ့ အဲဒီတုန်းက ဒီအချက်ကို ကျွန်တော် မသိခဲ့ပါဘူး။ ရူပဗေဒက ကျွန်တော်အလိုက်နိုင်ဆုံး ဘာသာရပ် ဖြစ်လို့ တက္ကသိုလ်မှာ ရူပဗေဒဘာသာရပ်ကို ဆက်ပြီး လေ့လာချင်ခဲ့တယ်။ အဲဒီနောက် သုတေသနပညာရှင်တစ်ယောက်ဖြစ်ဖို့ ကျွန်တော် ကြိုးစားချင်ခဲ့တယ်။ ဒါကြောင့် ကျွန်တော့်စိတ်ကူးကို လျှောက်လွှာဖောင်ပေါ် ချရေးလိုက်တယ်။

ကျွန်တော် တက္ကသိုလ်တက်ပြီး ရူပဗေဒဘာသာကို လေ့လာချင်ပါတယ်။

အတန်းဖော်တစ်ယောက်က ကျွန်တော် ဖောင်ထဲမှာ ဘာဖြည့်လိုက်လဲဆိုတာကိုမေးလို့ ကျွန်တော် ရေးထားတာ သူ့ကို ပြောပြလိုက်တယ်။ အခြားအတန်းဖော်အချို့က ကျွန်တော် ပြောပြတာကို ကြားသွားပြီး ဝိုင်းရယ်ကြပါတော့တယ်။

“ဟာ..ဒီကောင်က တက္ကသိုလ်တက်ချင်လို့တဲ့ဟေ့" လို့ အတန်းဖော် တစ်ယောက်က အော်ပြောလိုက်တယ်။

ရယ်တဲ့လူ အရေအတွက်ဟာ ခုနကထက် ပိုများလာတယ်။ ဘာကြောင့်

ရယ်နေကြမှန်း ကျွန်တော် နားမလည်နိုင် ဖြစ်နေတယ်။ ကျွန်တော် ဒေါသထွက်လာပြီး "ဟုတ်တယ်...ငါတက္ကသိုလ်တက်ချင်တယ်။ အဲဒါ ဘာမှားနေလို့လဲ" လို့ ပြန်ပြောလိုက်တယ်။

နောက်တစ်နေ့ ကျောင်းအုပ်ကြီး အပါအဝင် အတန်းပိုင်ဆရာတို့နဲ့ ဆွေးနွေးတဲ့ သီးသန့် စကားဝိုင်းကျမှ ကျွန်တော် ဘာလို့ ဟားတိုက်ခံရလဲ ဆိုတာ သဘောပေါက်သွားတယ်။ ဒီ "ပညာရေးနဲ့ အသက်မွေးဝမ်းကျောင်း ဆွေးနွေးအကြံပေးခြင်း" ဆိုတဲ့ သီးသန့်စကားဝိုင်းကလည်း တော်တော်ရယ် ရတဲ့ ဟာသကြီးမှန်း ကျွန်တော် သဘောပေါက်သွားတယ်။ မြောက်ကိုရီးယား မှာ ကျောင်းပြီးသွားရင် ရွေးချယ်စရာ သုံးခုပဲရှိမှန်း အဲဒီအချိန်ကျမှ သိခွင့်ရ လိုက်တယ်။ ရွေးချယ်စရာ သုံးခု ရှိတယ်သာဆိုတာ တကယ်တမ်းတော့ ကျွန်တော်ကိုယ်တိုင် ဘာမှ ရွေးချယ်လို့မရပါဘူး။ သူတို့ကသာ ကျွန်တော့် အတွက် ရွေးချယ်ပေးတာပါ။ အကြမ်းအားဖြင့် ပြောရရင် ခင်ဗျားဟာ ဉာဏ်ကောင်းပြီး မိသားစု အသိုင်းအဝိုင်းကောင်းက ပေါက်ဖွားလာသူဆိုရင် တက္ကသိုလ်တက်ခွင့် ရပါလိမ့်မယ်။ ခင်ဗျားဟာ ခန္ဓာကိုယ်တောင့်တင်းသူ ဆိုရင် စစ်တက္ကသိုလ် တက်ရပါလိမ့်မယ်။ သို့မဟုတ် သာမန်စစ်သားအဖြစ် လည်း အမှုထမ်းရနိုင်ပါတယ်။ ကျန်တဲ့သူတွေအားလုံးကိုတော့ အလုပ်သမား တွေအဖြစ် လုပ်ငန်းခွင်တွေကို အသီးသီး ပို့ပါတယ်။ ခင်ဗျားအတွက် အသက်မွေးဝမ်းကျောင်း ရွေးပေးရာမှာ သူတို့သုံးတဲ့ အရေးကြီးဆုံးအချက်က ခင်ဗျား ဘယ်လောက် ကြိုးစားခဲ့လဲ ဆိုတဲ့အချက် မဟုတ်ပါဘူး။ အရေးကြီးဆုံးအချက်က သူတို့ သတ်မှတ်ထားတဲ့ ခင်ဗျားရဲ့ မျိုးရိုးအဆင့် အတန်း ဖြစ်ပါတယ်။

သူတို့သတ်မှတ်ထားတဲ့ မျိုးရိုးအဆင့်အတန်း သုံးခုရှိတယ်။ အဲဒီသုံးခု ကတော့ 'အထက်တန်းစား'၊'အခြေခံလူတန်းစား'နဲ့ 'ရန်သူလူတန်းစား'တို့ပဲ ဖြစ်ပါတယ်။ ခင်ဗျားရဲ့ မျိုးရိုးအဆင့်အတန်းကို ခွဲခြားသတ်မှတ်ရာမှာ သူတို့ အသုံးပြုတဲ့ စံသတ်မှတ်ချက် သုံးခုရှိတယ်။ ခင်ဗျား မွေးဖွားတဲ့အသိုင်း အဝိုင်း၊ ပါတီအပေါ် ခင်ဗျားရဲ့သစ္စာရှိမှု၊ ခင်ဗျားနဲ့ ပတ်သက်ဆက်နွှယ်နေတဲ့ အသိုင်းအဝိုင်း စတဲ့ သုံးခုကို ကြည့်ပြီး ခင်ဗျားရဲ့ မျိုးရိုးအဆင့်အတန်းကို ဆုံးဖြတ်တာ ဖြစ်ပါတယ်။ ကျောင်းမှာ ဘယ်လောက် စာတော်ခဲ့လဲဆိုတာက ဒီနေရာမှာ လုံးဝ အသုံးမဝင်တော့ပါဘူး။ ဘယ်လောက်ပဲ မိုးပျံအောင် တော်ခဲ့ပါစေ၊ အဲဒီကိစ္စကို ထည့်မတွက်ပါဘူး။ ခင်ဗျားရဲ့ဘဝတစ်ခုလုံးကို သူတို့ ခင်ဗျားအပေါ် သတ်မှတ်ထားတဲ့ အဆင့်အတန်းနဲ့သာ စီမံခန့်ခွဲပါတယ်။ ခင်ဗျားကို 'အထက်တန်းစား' မျိုးရိုးအဆင့်အတန်း သတ်မှတ်ထား တယ်ဆိုရင်တော့ တောက်ပတဲ့ အနာဂတ်က ခင်ဗျားအတွက် စောင့်ကြို နေမှာပါ။ ဒါပေမဲ့ 'ရန်သူလူတန်းစား' ထဲမှာ ခင်ဗျား ပါဝင်နေပြီဆိုရင်တော့ ခင်ဗျားဟာ အနိမ့်တကာအနိမ့်ဆုံး လူတန်းစားဖြစ်ပြီး တစ်သက်လုံးလည်း အဲဒီလိုပဲ

နိမ့်ပါးသွားမှာ ဖြစ်ပါတယ်။ အသက်မွေးဝမ်းကျောင်းအတွက် ဘာအခွင့်အရေးမှ မရှိသလို ခင်ဗျားဘဝကို တိုးတက်အောင် လုပ်ဖို့လည်း ဘာအခွင့်အလမ်းမှ မရှိပါဘူး။ အဲဒီဘဝကနေ လွတ်မြောက်ဖို့ ထွက်ပေါက် လည်း လုံးဝမရှိပါဘူး။

နောက်မှသိလိုက်ရတာက ကျောင်းအုပ်ကြီးကိုယ်တိုင်ကလည်း ပါတီအရာရှိတစ်ယောက် ဖြစ်နေတယ်ဆိုတာပါပဲ။ ဆွေးနွေးအကြံပေးတယ်ဆိုတဲ့ နေ့မှာ သူလုပ်ရတဲ့တာဝန်က ကျွန်တော့် မျိုးရိုးအဆင့်အတန်း ဘာလဲဆိုတာ ကျွန်တော့်ကို ပြောပြဖို့ ဖြစ်ပါတယ်။ ကျွန်တော့် မျိုးရိုးအဆင့်အတန်းကို ‘ရန်သူလူတန်းစား’အဖြစ် သတ်မှတ်ထားကြောင်း သူက ပြောပြခဲ့တယ်။ သူ့အလုပ်က ဒါပါပဲ။

ကျွန်တော့်ခေါင်းတစ်ခုလုံး ချာချာလည်နေသလို ခံစားနေရပြီး ခန္ဓာကိုယ်တစ်ခုလုံးလည်း ကြမ်းပြင်ထဲ နစ်မြုပ်သွားတော့မလိုလို၊ အရမ်းနက် တဲ့ ချောက်ကြီးထဲ ကျသွားသလိုလို ခံစားနေရတယ်။ ခေါင်းထဲမှာလည်း မေးခွန်းတွေ ပြည့်နှက်နေတယ်။ သတ်မှတ်တယ်ဆိုတာ ဘယ်သူက သတ်မှတ်တာလဲ။ ဘာအတွက် အဲဒီလို သတ်မှတ်ရတာလဲ။ ကျွန်တော် စာတွေကို ကြိုးကြိုးစားစား မလေ့လာခဲ့လို့လား။ ပါတီအတွက် အလုပ်တွေ မကြိုးစား ခဲ့လို့လား။ ကျွန်တော် လုပ်ခဲ့သမျှ အရာအားလုံး သဲထဲရေသွန် ဖြစ်သွားပြီ လား။ ကျွန်တော့်မိသားစု ဘာတွေ ဆက်ဖြစ်လာမှာလဲ။

မြောက်ကိုရီးယားဟာ ‘ကမ္ဘာမြေပေါ်က နိဗ္ဗာန်ဘုံ’တစ်ခု မဟုတ်မှန်း ဒီမြေကို စနင်းကတည်းက ကျွန်တော်သိခဲ့ပါတယ်။ ဒါပေမဲ့ တက္ကသိုလ်တက် နိုင်ခဲ့ရင် ကျွန်တော့် အနေအထားကို တိုးတက်အောင် လုပ်နိုင်လိမ့်မယ်လို့ ထင်ခဲ့မိတယ်။ တက္ကသိုလ်တက်ခွင့်ဟာ ဂျပန်ကနေ မြောက်ကိုရီးယားကို ပြောင်းလာဖို့ ဆွဲဆောင်ခဲ့တဲ့ အချက်တွေထဲက တစ်ခုပါ။ ကျွန်တော်တို့ ပညာရေးကို အခမဲ့ သင်ကြားခွင့်ရမယ်လို့ သူတို့ ကတိပေးခဲ့တယ်။ ဒါဟာ ကျွန်တော်တို့အတွက် တော်တော်ကြီးမားတဲ့ ဆွဲဆောင်မှုတစ်ခု ဖြစ်ခဲ့တယ်။ တစ်ချိန်တည်းမှာပဲ မျက်နှာပြောင်တိုက်ပြီး လိမ်ခဲ့တဲ့ လိမ်ဆင်ကြီးလည်း ဖြစ်နေခဲ့တယ်။ ကျွန်တော် ဘယ်လောက် ခံစားရခက်နေလဲ ဆိုတာကို စကားလုံးနဲ့ ဖော်ပြဖို့ ခက်ခဲလွန်းပါတယ်။ ကျွန်တော် လုံးဝကို ပြိုလဲသွားခဲ့တယ်။ ဘဝတစ်ခုလုံး စုန်းစုန်းမြုပ်သွားသလိုပါပဲ။ ကျွန်တော့်ရဲ့ လက်ကျန် ဘဝတစ်ခုလုံးကို လူ့အသိုင်းအဝိုင်းရဲ့ အောက်ခြေမှာပဲ ကုန်ဆုံးရတော့မှာ ဖြစ်ပြီး လွတ်မြောက်ဖို့လမ်းလည်း မရှိဘူးဆိုတဲ့ အသိက တောင်စောင်းကနေ ကျောက်တုံးတွေ တစ်ဟုန်ထိုး လျှောကျလာသလို ကျွန်တော့် ခေါင်းကို လာရိုက်နေတယ်။ အနာဂတ်အတွက် မျှော်လင့်ချက်တွေလည်း ကျွန်တော့်မှာ လုံးဝ မရှိတော့ဘူး။ အဲဒီနေ့မှာ ကျွန်တော့်ခန္ဓာကိုယ်ရဲ့ အစိတ်အပိုင်း တစ်ခု သေဆုံးသွားသလို ခံစားလိုက်ရတယ်။

နောက်တစ်နေ့မှာတော့ ပြည်သူ့အလုပ်သမားကော်မတီကနေ စာရွက်စာတမ်းအချို့ ရောက်လာခဲ့တယ်။ ဘယ်လောက်ပဲ ကြိုးစားကြိုးစား ဘာမှ ထူးခြားလာမှာ မဟုတ်ဘူးဆိုတာ သိနေတော့ ဘယ်လို အလုပ်မျိုး လုပ်ရမလဲ ဆိုတာလည်း ကျွန်တော် ဂရုမစိုက်တော့ပါဘူး။ ဒါပေမဲ့ တစ်ခုတော့ရှိတယ်။ အကယ်၍ ခင်ဗျားဟာ လယ်သမားတစ်ယောက် ဆိုရင်တော့ ခင်ဗျား တစ်သက်လုံး အဲဒီရွာကနေ ထွက်ခွာဖို့ မစဉ်းစားနဲ့တော့။ ကျွန်တော့်အဖေလို ပေါ့။ ဒါကြောင့် ဘယ်လိုအလုပ်မျိုးလုပ်ဖို့မျှော်လင့်ထားလဲဆိုတဲ့ ကွက်လပ်ကိုဖြည့်တဲ့နေရာမှာ ကျွန်တော် 'စက်ရုံအလုပ်'လို့ ဖြည့်လိုက်တယ်။

တကယ်တမ်းမှာတော့ ခင်ဗျား ဘာရေးလဲဆိုတာ အရေးမကြီးပါဘူး။ ဒါကြောင့် ကျွန်တော့်ရဲ့ စက်ရုံမှာ အလုပ်လုပ်ချင်တယ်ဆိုတဲ့ သနားစရာ ဆန္ဒလေးတောင် ငြင်းပယ်ခံခဲ့ရတယ်။ ကျွန်တော့်ကို လယ်ထဲမှာ အလုပ် လုပ်ဖို့ သူတို့ သတ်မှတ်ခဲ့တယ်။ ပြည်သူ့ကော်မတီက ညွှန်ကြားရေးမှူးဟာ ကျွန်တော်လုပ်ရမဲ့အလုပ်ကို လာရောက်ကြေညာခဲ့တာဖြစ်ပြီး အဲဒီကြေညာချက်အပေါ် ကျွန်တော် စိတ်ပျက်သွားတာကို သူရိပ်မိသွားပုံပါပဲ။ ဒါကြောင့် သူက "လယ်သမားရဲ့သားက လယ်သမားပဲ ဖြစ်ရမယ်။ ဒါဟာ ဒီနိုင်ငံမှာ ကျင့်သုံးတဲ့နည်းပဲ။ မင်းနဲ့ မင်းမိသားစု အလုပ်ရှိကြတာကိုပဲ ကျေးဇူးတင်သင့် တယ်" လို့ ကျွန်တော့်ကို ဒေါသတကြီး ပြောလာတယ်။

အဲဒီနောက် နှစ်သိမ့်တဲ့အနေနဲ့ လယ်သမားအလုပ်ဟာ အဆိုးရွားဆုံး အလုပ် မဟုတ်ကြောင်း၊ လယ်သမားအလုပ်ဟာ ကျောက်မီးသွေးတွင်းတွေမှာ လုပ်ရတာထက် သက်သာကြောင်း၊ ကျွန်တော်တို့လို ဂျပန်ကနေပြန်လာတဲ့ အနိမ့်တကာအနိမ့်ဆုံး လူတန်းစားတွေအနေနဲ့ ဒါကို ကံကောင်းတယ်လို့ သတ်မှတ်သင့်ကြောင်း သူက ဆက်ပြောပြတယ်။

ပါတီကလူတွေဟာ ကျွန်တော်တို့ကို အမြဲရန်လိုတတ်တာ ကျွန်တော် သိပါတယ်။ ဒါပေမဲ့ အဲဒီအချိန်မတိုင်ခင်အထိ ဂျပန်ကပြန်လာတဲ့လူတွေကို လူ့အသိုင်းအဝိုင်းရဲ့ အောက်ခြေ ရောက်အောင်ပို့ဖို့ ရည်ရွယ်ချက်ရှိရှိ ပေါ်လစီ ချမှတ်ထားမှန်း မသိခဲ့ပါဘူး။ ဒီလူ အခုလိုမျိုး ပွင့်ပွင့်လင်းလင်း ဝန်ခံပြောပြ တာကို ကျွန်တော်ဖြင့် အံ့သြနေမိတယ်။

ရုတ်တရက်ကျွန်တော့်စိတ်ထဲမှာ ခံစားချက်မျိုးစုံ ရောယှက်သွားတယ်။ ဒေါသတွေ၊ စိတ်ရှုပ်ထွေးမှုတွေ၊ မကျေနပ်မှုတွေ၊ မျှော်လင့်ချက်ကင်းမဲ့မှုတွေ စိတ်ထဲမှာ ဖုံးလွှမ်းသွားတယ်။ ကျွန်တော် တောင်တွေရှိတဲ့ဘက်ကိုထွက်သွားပြီး ငိုကြွေးခဲ့တာကလွဲလို့ ကျန်တာဘာမှ မလုပ်နိုင်ခဲ့ပါဘူး။ "ငိုနေတဲ့ ကလေး တစ်ယောက်ဟာ စကြဝဠာကြီးကို ဆွဲဖြဲလို့သာရရင် သေချာပေါက် ဆွဲဖြဲပစ် လိမ့်မယ်'' လို့ တစ်ယောက်ယောက် ပြောတာ ကျွန်တော် ကြားဖူးတယ်။

ကျွန်တော်လည်း အဲဒီနေ့တုန်းက ငိုနေတဲ့ကလေးလိုပဲ ခံစားနေခဲ့ရတယ်။ ကျွန်တော်လည်း စကြဝဠာကြီးတစ်ခုလုံးကို ဖြိုချဖျက်ဆီး လိုက်ချင်ခဲ့တယ်။

ဒါပေမဲ့ ဝမ်းနည်းစရာကောင်းတာက စကြဝဠာကြီးဟာ ကျွန်တော့်ခေါင်းပေါ် ကို ပြိုကျနေနှင့်ခဲ့ပြီးပါပြီ။

ကျွန်တော့်ရဲ့မျှော်လင့်ချက်ကင်းမဲ့မှုတွေအတွက် အိမ်မှာ အော်ငိုနေလို့ မဖြစ်ပါဘူး။ အမေ ကြားသွားလိမ့်မယ်။ အမေဟာ သူ့ဘာသာသူတောင် ခံနိုင်ရည် သိပ်ရှိတော့တာ မဟုတ်ဘူး။ အမေ့ကို ဒီထက်ပိုပြီး စိတ်ဒုက္ခရောက် အောင် မလုပ်ရက်ဘူး။ ကျွန်တော် ခံစားနေရတာတွေကို ညီမလေးတွေ သိအောင်လည်း ဘယ်လိုဖွင့်ပြောရမှန်း မသိပါဘူး။ သူတို့ကိုလည်း စိတ်မညစ် စေချင်ဘူး။ ဒါကြောင့် အိမ်မှာရှိတဲ့ အချိန်တွေဆိုရင် တိတ်တိတ်လေးပဲ ကျွန်တော့် ကံကြမ္မာကို ကျိန်ဆဲနေမိတယ်။ ကျွန်တော်ဟာ ကမ္ဘာမြေပေါ် မှာတင် ငရဲခံစားရမဲ့ကံကြမ္မာ ပါလာတာကို သိနေခဲ့ပြီး အဲဒီ ငရဲက လွတ်မြောက်အောင်လည်း ကျွန်တော် ဘာမှ မလုပ်နိုင်တော့ဘူးဆိုတာ သိနေခဲ့တယ်။

※

အလုပ်သစ်ကို မဝင်ခင်မှာ ကျွန်တော့်စိတ်ကို ဖြေသိမ့်တဲ့အနေနဲ့ ကိုယ့်ကိုယ်ကိုယ် အားပေးခဲ့တယ်။ လယ်သမားမှန်ရင် တစ်ကမ္ဘာလုံးက လယ်သမားအားလုံး ခက်ခက်ခဲခဲ ကြိုးစားပမ်းစား လုပ်ရတာပဲလေ။ လယ်သမားဘဝက ခက်ခဲတာ မှန်တယ်။ ဒါပေမဲ့ ဒါဟာ ဂုဏ်ရှိတဲ့ အလုပ် တစ်ခုပဲလေ။ မြင့်မြတ်တဲ့ အလုပ်လို့တောင်ပြောလို့ရသေးတယ်။ မဟုတ် သေးဘူး။ မြင့်မြတ်တယ်ဆိုတဲ့ စကားလုံးက သိပ်မသင့်တော်ဘူး။ ဒါပေမဲ့ နည်းနည်းတော့ မြင့်မြတ်တယ်လို့ ပြောလို့ရပါတယ်။ ကျောင်းသားဘဝတုန်း ကတောင် လယ်ထဲမှာအလုပ်လုပ်ဖို့ တာဝန်ကျပြီဆိုရင် ‘ဒါဟာ ကြီးကျယ် ခမ်းနားတဲ့ အားထုတ်မှုကြီး တစ်ခုမှာ အစိတ်အပိုင်းငယ်လေး တစ်ခုအဖြစ် ကူညီခွင့်ရတာပဲ' လို့ ကျွန်တော် ခံယူခဲ့ဖူးတယ်။ လယ်အလုပ်မှာ တာဝန် အစိတ်အပိုင်း အများကြီး ပါဝင်ပါတယ်။ အဲဒီ တာဝန်အစိတ်အပိုင်းတွေတိုင်း ကလည်း အချိန်ကုန် လူပင်ပန်းတယ်ဆိုတာ မေးခွန်းထုတ်စရာတောင် မလို ပါဘူး။ အဲဒီ တာဝန်အစိတ်အပိုင်း တစ်ခုစီတိုင်းကို လုပ်ငန်း ကျွမ်းကျင်မှုနဲ့ ပါးနပ်မှုရှိမှ လုပ်ရကိုင်ရတာ အဆင်ပြေမှာ ဖြစ်ပါတယ်။

ကျွန်တော်ကိုယ့်ကိုယ်ကိုယ် အားပေးတာ မဆိုးဘူးနော်။ကိုယ့်အတွေး နဲ့ ကိုယ်တော့ ဟုတ်နေတာပဲ။ ဒါပေမဲ့ လယ်ထဲမှာ တကယ် အလုပ်စဝင်တဲ့ အချိန်မှာတော့ လူငယ်သမဂ္ဂအဖွဲ့ဝင် ဘဝက ကြုံခဲ့တဲ့ မြောက်ကိုရီးယားရဲ့ လယ်ယာ စိုက်ပျိုးနည်းစနစ်ကို ပြန်သတိရလာတယ်။ တော်တော်ကို ပိန်းလွန်းတဲ့

ရှုးကြောင်ကြောင် စိုက်ပျိုးနည်း ဖြစ်ပါတယ်။ ဒါပေမဲ့ ပါတီ ကတော့ ထုံးစံအတိုင်း 'တစ်နိုင်ငံလုံး ဆန်စပါးစိုက်ကြစို့၊ တစ်နိုင်ငံလုံး ဆန်စပါး ရိတ်သိမ်းကြစို့' ဆိုတဲ့ ရှုးကြောင်ကြောင် ဆောင်ပုဒ်တွေပဲ အော်နေခဲ့ ပါတယ်။ ဒီနေ့ဒီအချိန်ထိ သူတို့ရဲ့ ပေါ်ကြောင်ကြောင် စကားတွေကို နားထဲမှာ ကြားယောင်နေဆဲပါပဲ။

ကျွန်တော် ကလေးဘဝတုန်းက ဂျပန်မှာ အလုပ်ဆင်းနေကြတဲ့ လယ်သမားတွေကို တစ်ခါတလေ ထိုင်ကြည့်လေ့ရှိတယ်။ အဲဒီအချိန်တုန်းက တောင် ကောက်ပဲသီးနှံစိုက်ပျိုးတာဟာ ကလေးလေးတွေကို ပြုစုပျိုးထောင် တာနဲ့ ဆင်လိုက်တာလို့ တွေးမိခဲ့ဖူးတယ်။ လယ်သမားတွေဟာ သူတို့ရဲ့ ကောက်ပဲသီးနှံတွေကို မြတ်မြတ်နိုးနိုး ပြုစုပျိုးထောင်ကာ ချစ်ခြင်းမေတ္တာ တွေ၊ ဂရုစိုက်ခြင်းတွေနဲ့ ပြုမူဆက်ဆံလေ့ရှိကြတယ်။ မြောက်ကိုရီးယားမှာ တော့ ကျွန်တော်တို့ရဲ့ ညွှန်ကြားရေးမှူးတွေဟာ ဂျပန်တွေရဲ့စိုက်ပျိုးရေး နည်းစနစ်ဟာ လုံးဝကို မထိရောက်တဲ့စနစ်လို့ ဝေဖန်ကြတယ်။ “ငါတို့နိုင်ငံက ‘ဂျူချေ’(Juche) လယ်ယာစိုက်ပျိုးရေး ဗျူဟာကို အသုံးပြုတယ်။ ငါတို့ရဲ့ မြေကြီးကို ယဉ်ပါးလာအောင်လုပ်ပြီး ငါတို့မြေကြီးရဲ့ အရှင်သခင် ဖြစ်လာ အောင် လုပ်ရမယ်။ သီးနှံတွေအများကြီးထွက်ဖို့ နည်းလမ်းဟာ ဒီတစ်နည်းပဲ ရှိတယ်” လို့ ကြွေးကြော်လေ့ရှိတယ်။ သူတို့ ပြောတဲ့ 'ဂျူချေ'(Juche) လယ်ယာစိုက်ပျိုးရေး ဗျူဟာဟာ စပါးစိုက်ပျိုးခြင်းကို စက်ရုံမှာ ကုန်ပစ္စည်း တွေ အစုလိုက် အပြုံလိုက် ထုတ်သလို သဘောထားတဲ့ စနစ်ဖြစ်ပါတယ်။ ရာစုနှစ်နဲ့ချီပြီးရှိခဲ့တဲ့ စပါးစိုက်ပျိုးနည်းတွေဟာ ဒီနိုင်ငံမှာတော့ အသုံးမကျတဲ့ နည်းလမ်းတွေအဖြစ် အထင်သေးခံရပါတယ်။ ကျွန်တော်တို့ဟာ ပျိုးပင်တွေ ကိုနီးနီးကပ်ကပ်စိုက်ရတယ်၊ အပင်ရေများများ စိုက်ရတယ်၊ မြန်မြန်ဆန်ဆန် စိုက်ရတယ်၊ အမြန်ဆုံး ပမာဏများများ ပြန်ရိတ်သိမ်းနိုင်အောင် စိုက်ရတယ်။ လယ်သမားတွေ ကိုယ်တိုင်ကလည်း ဒီလို မလုပ်သင့်ဘူးဆိုတာ သိပေမဲ့ အထက်ကခိုင်းတဲ့အတိုင်း လိုက်လုပ်ရုံကလွဲပြီး တခြား ရွေးချယ်စရာ မရှိခဲ့ ပါဘူး။ ဒါ့အပြင် အလုပ်လုပ်ရာမှာလည်း ပိုကောင်းအောင်လုပ်ဖို့ စိတ်ဓာတ် တက်ကြွမှု မရှိကြပါဘူး။

ကျွန်တော် လယ်အလုပ်ကို စလုပ်ခဲ့တဲ့အချိန်မှာ ဒီပေါ်ကြောင်ကြောင် စနစ်ကြီး စိုးမိုးနေတာလည်း အချိန်အတိုင်းအတာ တစ်ခုထိ ရှိနေခဲ့ပြီ ဖြစ်ပါတယ်။ ဒီစနစ်မှာ တစ်ခုခု မှားယွင်းနေတာကို ပါတီကလူတွေလည်း သတိထားမိသွားပုံရတယ်။ ဘာလို့လဲဆိုတော့ သူတို့က လယ်သမားမိသားစု တွေကို မြေကွက် ခပ်သေးသေးတွေပေါ်မှာ အိမ်နေရာတွေ စပြီးချပေးလာ လို့ပါပဲ။ သူတို့ရဲ့ရည်ရွယ်ချက်က လယ်သမားတွေရဲ့ စိတ်ဓာတ်တက်ကြွမှုကို မြှင့်တင်ပေးဖို့ ဖြစ်ပါတယ်။ ဒါပေမဲ့ ဒီတစ်ကြိမ်လည်း သူတို့ရဲ့ဗျူဟာကြီးက အလွဲလွဲ အချော်ချော် ဖြစ်ခဲ့ပြန်ပါတယ်။ ဘယ်လောက်ပဲ ကိုယ့်အိမ်အတွက် အားထုတ်ပါစေ၊ ဘယ်လောက်ပဲ စပါးတွေ အထွက်တိုးအောင်လုပ်နိုင်ပါစေ၊ အချိန်တန်တော့ ပါတီက

အဲဒီဟာတွေအားလုံးကို လာယူသွားတာပဲလေ။ သီးပင်ပျိုးပင်တွေကို ဘယ်လောက်ပဲ ဂရုစိုက်ပါစေ၊ လယ်သမားတွေရနေတဲ့ တစ်နှစ်စာရိက္ခာက မပြောင်းလဲသွားပါဘူး။ ဘယ်နေရာမှာမျှား စိတ်ဓာတ် တက်ကြွစရာ ရှိနေလို့လဲ။

တစ်ချိန်တည်းမှာပဲ သူတို့ကိုယ်သူတို့ လယ်ယာစိုက်ပျိုးရေးကျွမ်းကျင်သူတွေလို့ သတ်မှတ်ထားတဲ့ လူတွေကလည်း ကျွန်တော်တို့ရဲ့ လယ်ယာစိုက်ပျိုးရေးနည်းလမ်းတွေမှာ စက်တွေနဲ့အစားထိုးဖို့၊ ဓာတု ဓာတ်မြေဩဇာတွေသုံးဖို့ ဖိအားပေး ပြောဆိုလာခဲ့ကြတယ်။ ဒါပေမဲ့ ကျွန်တော်တို့မှာ စက်ပစ္စည်းတွေမှ မရှိတာ။ ပြီးတော့ ဘာဓာတုဓာတ်မြေဩဇာမှလည်းမရှိဘူး လေ။ ဘယ်လိုမှ မဖြစ်နိုင်တဲ့ဟာတွေကို ခိုင်းနေကြတာ ဖြစ်ပါတယ်။

အဲဒီထက်ပိုပြီး စိတ်ပျက်ဖို့ကောင်းတဲ့အရာက အလုပ်ပြီးရင် အိမ်ကို ချက်ချင်း ပြန်လို့ မရတာပါပဲ။ ကျွန်တော် နေ့စဉ် လုပ်တာတွေကို မှတ်တမ်းစာအုပ်ထဲ ရေးမှတ်ရတယ်။ ပြီးရင် တစ်ပတ်ကို နှစ်ကြိမ် ခေါင်းဆောင်ကြီး ကင်အီဆွန်းရဲ့အတွေးအခေါ်အယူအဆတွေကို လေ့လာရတဲ့ အစည်းအဝေး လည်းတက်ရပါသေးတယ်။ ဘယ်လောက်ပဲ ခြေကုန်လက်ပမ်းကျပြီး ပင်ပန်း နေပါစေ အဲဒီအစည်းအဝေးတွေကိုတော့ မဖြစ်မနေ တက်ရပါတယ်။

တစ်ပတ်ပြီးတစ်ပတ် ကျွန်တော်တို့ဟာ ကင်အီဆွန်းရဲ့အတွေးအခေါ်တွေနဲ့ ကိုရီးယား အလုပ်သမားပါတီရဲ့ သူရဲကောင်းဆန်တဲ့ နောက်ခံသမိုင်းကြောင်း ကို လေ့လာရပါတယ်။ သို့မဟုတ် ပါတီသတင်းစာက ရှုးကြောင်ကြောင် ဆောင်းပါးတစ်ပုဒ်ကို အလေးအနက်ထားပြီး ခွဲခြမ်းစိတ်ဖြာ လေ့လာမှု လုပ်ရပါတယ်။ အစည်းအဝေး ပြီးသွားရင်လည်း ဆွေးနွေးပွဲတွေ၊ အလှည့်ကျ တင်ဆက်မှုတွေ ဆက်ပြီး လုပ်ရပါသေးတယ်။ အဲဒီအရာတွေအားလုံးရဲ့ နိဂုံး က ဘယ်တော့မဆို အတူတူပဲ ဖြစ်ပါတယ်။ အဲဒီနိဂုံးကတော့ ကင်အီဆွန်းရဲ့ နိုင်ငံရေးဆိုင်ရာတွေးခေါ်မှုတွေဟာ ဘယ်လောက်ထူးချွန်ကြောင်း လိုမ့်ပြီး ချီးကျူးခြင်းပဲ ဖြစ်ပါတယ်။ ပင်ပန်းနွမ်းနယ်ပြီး မိုက်တွေ အူလိမ့်အောင် ဆာနေပေမဲ့ ကျွန်တော်တို့အားလုံးဟာ ရဲရင့်လှတဲ့ ကျွန်တော်တို့ခေါင်းဆောင်ကြီးရဲ့ နောက်ဆုံးပေါ် အတွေးအခေါ်တွေကို စိတ်ဝင်စားချင်ယောင် ဆောင်ပြီး ည(၁၀)နာရီအထိ လေ့လာကြရတယ်။ ဒါဟာ ကျွန်တော်တို့ဦးနှောက်ကို မှိုင်းတိုက်ခြင်းပဲလို့ ခင်ဗျား ခေါ်ချင် ခေါ်လို့တော့ ရပါတယ်။ ဒါပေမဲ့ ရိုးရိုးသားသားပြောရရင် ကျွန်တော်တို့အားလုံးဟာ သူတို့ပြောတာတွေကို ဂရုမစိုက်နိုင်လောက်အောင် ပင်ပန်းနေကြတာပါ။ သူတို့ ပြောတာတွေက လည်း ဝါဒဖြန့်တာနဲ့ မစားရ ဝခမန်း စကားတွေချည်းပါပဲ။ ဒါပေမဲ့ ဒီလေ့လာရေး အစည်းအဝေးကို တက်ဖို့ ပျက်ကွက်ခဲ့ရင်တော့ ကျွန်တော် တို့ကို အစိုးရဆန့်ကျင်သူအဖြစ် သံသယရှိသွားမှာ ဖြစ်ပြီး လျှို့ဝှက်ရဲက အချိန်ပြည့်

စောင့်ကြည့်တော့မှာ ဖြစ်ပါတယ်။ ဒီလောက်နှိပ်စက်ရုံနဲ့ မပြီး သေးပါဘူး၊ အချိန်ကုန် လူပင်ပန်း ဖြစ်ပြီး ဗရွတ်ရွတ်တ သာသာဖြစ်တဲ့ "အလုပ်သမားနဲ့ လယ်သမား တပ်နီတော် လေ့ကျင့်ရေးအစီအစဉ်'ကိုလည်း တစ်နှစ် နှစ်ကြိမ် ပါဝင်လေ့ကျင့်ရပါသေးတယ်။ နောက်ဆုံးတော့ သူတို့ လုပ်သမျှ အရာအားလုံးရဲ့ ရည်ရွယ်ချက်က တစ်ခုတည်း ရှိပါတယ်။ အဲဒါ ကတော့ ကျွန်တော်တို့အားလုံးရဲ့ ကင်အီဆွန်းအပေါ် သစ္စာစောင့်သိမှုဟာ ယုံကြည်စိတ်ချရလောက်လား ဆိုတာကို သူတို့ သိချင်တာပါ။ ဒီတော့ ကျွန်တော်တို့ အားလုံးဟာလည်း ဟန်ဆောင်တဲ့ နေရာမှာ ဆရာကြီးတွေ ဖြစ်လာကြပါတယ်။ လူတိုင်း ဟန်ဆောင်ကြပါတယ်။ ဟန်မဆောင်ရင်လည်း အသတ်ခံရနိုင်တာကိုး။

နေရာတိုင်းမှာ အဲဒီ စိတ်ပျက်စရာကောင်းတဲ့ 'ဂျူချေ'(Juche)ဆိုတဲ့ စကားလုံးကို အမြဲလိုလို ကြားရတတ်တယ်။ ငါတို့ 'ဂျူချေ'(Juche) လယ်ယာ စိုက်ပျိုးရေး နည်းလမ်း၊ ထုတ်လုပ်မှု စွမ်းအား တိုးတက်လာဖို့ အတွက် 'ဂျူချေ' (Juche)နည်းလမ်းသစ်... စသဖြင့် စုံနေတာပါပဲ။ 'ဂျူချေ' (Juche) ဆိုတဲ့ စကားလုံးကို မကြားချင်မှအဆုံးပါပဲ။ လူတိုင်းကတော့ ခေါင်းညိတ်နေကြတာပါပဲ။ ဒါပေမဲ့ အဲဒီ စကားလုံးက ဘာကို ဆိုလိုတာလဲ ဆိုတာ ဘယ်သူမှ မေးခွန်း မထုတ်ကြပါဘူး။

ဒီစကားလုံးကို ဘာသာပြန်လို့ရတဲ့ အဓိပ္ပာယ် အမျိုးမျိုး ရှိပါတယ်။ အဲဒီစကားလုံးကို မိမိကိုယ်ကိုယ် အားကိုးခြင်း၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်၊ လွတ်လပ်ခြင်း၊ တာဝန်ယူခြင်း စသဖြင့် ဘာသာပြန်လို့ရပါတယ်။ အားလုံး က တကယ်တမ်းမှာ ကျွန်တော်တို့ ပိုင်ဆိုင်ခွင့်မရတဲ့ အရာတွေချည်းပါပဲ။ 'ဂျူချေ'(Juche) အတွေးအခေါ်အရ 'လူသားတိုင်းဟာ ကမ္ဘာကြီးရဲ့ အရှင် သခင်တွေ ဖြစ်ပြီး အရာရာတိုင်းကို ဆုံးဖြတ်ပိုင်ခွင့်ရှိတယ်'တဲ့။ နောက်ပြီး 'ဂျူချေ'(Juche) အတွေးအခေါ်အရ 'ကျွန်တော်တို့ဟာ ကမ္ဘာကြီးကို ပြန်လည် ဖွဲ့စည်းတည်ဆောက်လို့ ရတယ်'၊ 'ကျွန်တော်တို့ ဘဝအတွက် စိတ်ကြိုက် အသက်မွေးဝမ်းကျောင်း အလုပ်ကိုလည်း ဖန်တီးပုံဖော်လို့ ရတယ်'၊ 'ကျွန်တော်တို့ဟာ ကျွန်တော်တို့ ကံကြမ္မာရဲ့ အရှင်သခင်လည်း ဖြစ်တယ်' တဲ့။ တော်တော်တော့ ရယ်ရသားဗျ။ အာဏာရှင်နိုင်ငံတွေမှာက အမြဲတမ်း ဒီလို ဟာသတွေ ရှိတတ်တယ်။ ဘာသာစကားအသုံးအနှုန်းတွေရဲ့ အဓိပ္ပာယ်တွေကလည်း ပြောင်းပြန်တွေ ဖြစ်သွားတတ်ကြတယ်။ ကျေးကျွန် ဘဝကို 'လွတ်လပ်ခြင်း' တဲ့။ ဖိနှိပ်ခြင်းကို 'လွတ်မြောက်ခြင်း' တဲ့။ ဖိနှိပ် အုပ်ချုပ်တဲ့ နိုင်ငံကို 'ဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ' တဲ့။ ပြီးတော့ ကျွန်တော်တို့ကလည်း 'ကျွန်တော်တို့ ကံကြမ္မာရဲ့ အရှင်သခင်တွေ' တဲ့။ သူတို့ပြောတဲ့အတိုင်း လက်မခံရင် ကျွန်တော်တို့ အသတ်ခံရမှာပါ။

ကျွန်တော်တို့ အားလုံးဟာ ခက်ခဲကြမ်းတမ်းမှုတွေ၊ ရုပ်ပိုင်းဆိုင်ရာ စိတ်ပိုင်းဆိုင်ရာ ဆင်းရဲမှုတွေ ကြုံတွေ့နေရပြီး အစားအသောက် ရှားပါးမှု ကြောင့် ပိန်ချုံးနေကြပေမဲ့ ကိုယ့်အတွက် ကိုယ်စဉ်းစားခွင့် လုံးဝမရှိပါဘူး။ ကိုယ့်အတွက်ကိုယ်စဉ်းစားခြင်းအတွက် ပြစ်ဒဏ်ကတော့ သေဒဏ်ပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ လွတ်လပ်စွာ တွေးတောခွင့်ကို ခေးပြတိုက်ခဲ့တဲ့ ကင်အီဆွန်းကို ကျွန်တော် ဘယ်တော့မှ ခွင့်လွှတ်နိုင်မှာ မဟုတ်ပါဘူး။

လယ်ထဲမှာ လအနည်းငယ် ကြာအောင် အလုပ် လုပ်ပြီးနောက်မှာ 'စက်ယန္တရားဌာန'ကို ပြောင်းရွှေ့ဖို့ ကျွန်တော် တောင်းဆိုလိုက်တယ်။ အဲဒီအချိန်က စက်ယန္တရားဌာနမှာ ထရက်တာအသစ်သုံးစီး ရောက်ဖို့ရှိနေတဲ့ အချိန်လည်း ဖြစ်ပါတယ်။ ထရက်တာ မောင်းသူတွေရဲ့ တစ်နာရီအတွင်း လုပ်နိုင်တဲ့ ပမာဏကို အစိုးရက နှစ်ဆတိုးပြီး မှတ်ပေးပါတယ်။ ဒါကြောင့် လူတိုင်းဟာ ထရက်တာ မောင်းသူ ဖြစ်ချင်နေခဲ့ပါတယ်။ ပထမဆုံးအကြိမ် တောင်းဆိုရာမှာ ထုံးစံအတိုင်း အငြင်းခံရတော့ ကျွန်တော်လည်း အံ့သြမနေ တော့ပါဘူး။

"ထရက်တာတွေကို လမ်းတွေပေါ်မှာ မောင်းလို့ရတယ်ဆိုတာ မင်း နားလည်လား"

"ဟုတ်ကဲ့ နားလည်ပါတယ်"

"ဒီနိုင်ငံကလမ်းတွေကို စစ်ရေးလျှို့ဝှက်ချက်အဖြစ် သတ်မှတ်ထား တယ်ဆိုတာရော မင်းသဘောပေါက်လား"

"ဟင်"

ထူးဆန်းပေမဲ့ သူပြောနေတာဟာ အမှန်တရားပါ။ အဲဒီအချိန်က မီးရထားလမ်းတွေ၊ ကားလမ်းတွေ၊ မြစ်ကြောင်းတွေအားလုံးဟာ စစ်ရေး လျှို့ဝှက်ချက်တွေ ဖြစ်ပါတယ်။ အဲဒီနေရာတွေရဲ့ တည်နေရာကို ဖော်ကောင် လုပ်မိရင်တော့ သေဘေးနဲ့ ကြုံဖို့သာ ပြင်ပေတော့ပဲ။

"မင်းလိုကောင်မျိုးက အဲဒီလို သတင်း အချက်အလက်တွေကို မသိသင့်ဘူးဆိုတာရော မင်းစဉ်းစားမိရဲ့လား"

'မင်းလိုကောင်မျိုး' ဆိုတာ 'သစ္စာဖောက်ဂျပန်ကောင်ဖြစ်လာနိုင်သူ' လို့ သူ ဆိုလိုတာပါ။ ဒါပေမဲ့ ဒီတစ်ကြိမ် အငြင်းပယ်ခံရတာကို ကျွန်တော် လက်မခံချင်ခဲ့ဘူး။ ဒါကြောင့် ရွာမှာရှိတဲ့ ပြည်သူ့ကော်မတီဆီကို ကျွန်တော် စာရေးပြီး ပို့ခဲ့တယ်။

လူကြီးမင်းတို့ သိတဲ့အတိုင်းပဲ... ကျွန်တော်ဟာ အမိမြေရဲ့ ကြီးမြတ်လှတဲ့

ဆိုရှယ်လစ်အနာဂတ်ကြီးကို တည်ဆောက်ဖို့ အင်တိုက်အားတိုက် ကြိုးစားခဲ့ပြီးပါပြီ။ ဒါ့အပြင် ဆက်ပြီး လည်း အလုပ် ကြိုးစားချင်ပါသေးတယ်။ ဒါကြောင့် ထရက်တာမောင်းသူ တစ်ယောက်အဖြစ် လုပ်ကိုင်လိုပါတယ်။ ထရက်တာတွေနဲ့ ခရီးရှည်သွားရ တာကို ကျွန်တော် တန်ဖိုးထားပြီး တစ်နေရာကနေ အခြားတစ်နေရာကို သွားတဲ့ လမ်းကြောင်းကိုလည်း ကျွန်တော် ဘယ်တော့မှ မှတ်မိမှာမဟုတ် ပါဘူး။ ဒါပေမဲ့ ကျွန်တော် အလုပ်ကို အကောင်းဆုံး ကြိုးစား လုပ်သွား ပါ့မယ်။

အံ့အားသင့်စရာကောင်းလောက်အောင်ပဲကျွန်တော့်ရဲ့လျှောက်လွှာ ကို သူတို့လက်ခံလိုက်ပါတယ်။ ထရက်တာမောင်းတဲ့ သင်ခန်းစာအချို့ကို သင်ယူခဲ့ရပြီး ထရက်တာမောင်း စာမေးပွဲကို တစ်ကြိမ်တည်းနဲ့ အောင်မြင်ခဲ့ ပါတယ်။ နောက်ဆုံးတော့ ကံကြမ္မာဟာ ကျွန်တော့်ဘက်ကို ပါလာခဲ့ပြီထင်ပါတယ်။

တစ်ချိန်တည်းမှာပဲ အဖေဟာ လယ်အလုပ်ကနေ သစ်သီးထုတ်လုပ် ရေးလုပ်ငန်းတစ်ခုကို ပြောင်းရွှေ့ ခြင်းခံခဲ့ရတယ်။ ဘာလို့ ပြောင်းရွှေ့ခဲ့တာလဲ ဆိုတဲ့ အကြောင်းရင်းကိုတော့ ဘယ်သူမှ မသိခဲ့ပါဘူး။ ဒါပေမဲ့ အဖေကတော့ အပြင်းအထန် အလုပ်ဆက်ကြိုးစားဆဲပါပဲ။ ကျွန်တော်တို့သားအဖ နှစ်ယောက်လုံး ကြိုးစားခဲ့ကြတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ဘယ်လောက်ပဲ ကြိုးစားကြိုးစား ကျွန်တော်တို့မိသားစုကို အပြည့်အဝ မထောက်ပံ့နိုင်ခဲ့ဘူး။ ညီမလေးတွေက ကျောင်းတက်နေဆဲ အရွယ်တွေပါ။ ညီမလေးတွေကို လုံလုံလောက်လောက် မထောက်ပံ့နိုင်လို့ ကျွန်တော်တို့ သားအဖနှစ်ယောက် ခံစားရတဲ့ ဆိုးရွားလှတဲ့ခံစားချက်ကို ဘယ်တော့မှ မေ့မှာမဟုတ်ပါဘူး။ အလုပ်တစ်နေကုန်လုပ်ပြီးလို့ ဒွန်ချွန်ရီမှာရှိတဲ့ ကျွန်တော့်အိမ်ကို ပြန်သွား ချိန်မှာ ညီမလေးတွေရဲ့ ဆာလောင်မှုကို မြင်တွေ့ရတာ ရင်ထဲမချိလှပါဘူး။ အိမ်ထဲကိုဝင်လာချိန်မှာ ခံစားရတဲ့ မျှော်လင့်ချက်ကင်းမဲ့မှုနဲ့ စိတ်ပျက် အားငယ်မှုတွေကို ကျွန်တော် ဘယ်လိုပြန်ဖော်ပြရမှန်းတောင် မသိပါဘူး။

သဘောတရားအရတော့ လူတစ်ယောက်ဟာ အလုပ်လုပ်နိုင်တဲ့သူ ဆိုရင် တစ်နေ့ကို အစားအသောက် (၇၀၀)ဂရမ် ရရှိရမှာ ဖြစ်ပါတယ်။ သက်ကြီးရွယ်အိုတွေနဲ့. နာမကျန်းသူတွေကတော့ တစ်နေ့ကို (၃၀၀)ဂရမ် ရရှိပါတယ်။ ခင်ဗျား ကြားလိုက်တာ အမှန်ပါပဲ။ သံသယဖြစ်မနေပါနဲ့။ မြောက်ကိုရီးယားမှာ ခင်ဗျား အသက်ကြီးသွားပြီ၊ နာမကျန်းဖြစ်ပြီဆိုရင် ခင်ဗျားကို အစားအသောက်ဝေစုလျှော့ချပြီး ပြစ်ဒဏ်ပေးပါတယ်။ တကယ့် လက်တွေ့ဘဝက ပိုတောင်ဆိုးပါသေးတယ်။ 'အလုပ်မရှိရင် ညစာမရှိဘူး' ဆိုတာ တကယ့်အမှန်တရားပါ။ ဒါကြောင့် သက်ကြီးရွယ်အိုတွေဟာ သူတို့ သေတဲ့အထိ အလုပ်လုပ်ကြရပါတယ်။ တကယ်ကို သေတဲ့အထိ အလုပ်လုပ် ကြရတာပါ။

※

အမေ့ကို သူတို့က အလုပ်လုပ်ခွင့် မပေးသေးပါဘူး။ အမေက နေ့တိုင်း တောင်တွေပေါ်တက်ပြီး မှိုတွေ၊ သစ်သီးသစ်ဥတွေ ရှာဖွေနေရဆဲ ပါပဲ။ အမေရှာလာတဲ့ အရာတွေထဲက တချို့ကို ကျွန်တော်တို့ စားကြပြီး ကျန်တာ တွေကို အမေက မှောင်ခိုဈေးမှာ သွားရောင်းတယ်။ လျှို့ဝှက်ရဲ တွေက မကြာခဏဆိုသလို မှောင်ခိုဈေးမှာ ရောင်းသူတွေကို လာရောက် ဖမ်းဆီးတတ်တယ်။ ဒါပေမဲ့ ရဲတွေလာရင် သတိပေးမဲ့ သူတစ်ယောက်တော့ အမြဲရှိတယ်။ အဲဒီလူက "ရဲတွေလာပြီဟေ့"လို့ အော်လိုက်ရင် မှောင်ခိုဈေး ထဲက လူတွေဟာ ချက်ချင်းကို ကြက်ပျောက်ငှက်ပျောက် ပျောက်ကွယ် သွားတတ်ကြတယ်။ တစ်ခါတလေကျတော့ ရဲတွေလာမဖမ်းအောင် သူတို့က လာဘ်ထိုးထားနိုင်တာလည်း ရှိတယ်။ ဒါပေမဲ့ အဲဒီလိုလာဘ်ထိုးရာမှာလည်း သတိထားရတယ်။ ဘာလို့လဲဆိုတော့ တစ်ခါတလေ ရဲတွေက လာဘ်ထိုး သူကို ပြန်ဖမ်းတာလည်း ရှိတတ်လို့ပါ။

ကျွန်တော်တို့မိသားစုရဲ့ဘဝဟာ မသေထမင်းမသေဟင်းပဲ စားနေ ရတဲ့ ရရစားစား ဘဝသာ ဖြစ်ပါတယ်။ တစ်နည်းနည်းနဲ့တော့ ပိုကောင်းတဲ့ အလုပ်ကို ကံကောင်းထောက်မပြီး ကျွန်တော် ရှာနိုင်လိမ့်မယ်လို့ ယုံကြည် နေခဲ့တယ်။ ဒါပေမဲ့လည်း ထရက်တာတွဲ မောင်းရတဲ့အလုပ်ကို ကျွန်တော် နှစ်သက်မိတာတော့ ဝန်ခံရပါလိမ့်မယ်။ အစိုးရရဲ့ စောင့်ကြည့်မှုကို အမြဲခံနေ ရတာကြောင့် ကျွန်တော်တို့ရဲ့ ဘဝတွေဟာ အသက်မရှူရဲလောက်အောင်ကို မွန်းကျပ်နေခဲ့တယ်။ ဒါပေမဲ့ ထူးထူးဆန်းဆန်းပဲ ထရက်တာပေါ်မှာတော့ ကျွန်တော်ဟာ လွတ်လပ်နေခဲ့တယ်။ ထရက်တာပေါ်မှာရှိတဲ့ အချိန်တွေဟာ ကျွန်တော့်ရဲ့ ကိုယ်ပိုင်ကမ္ဘာလေးထဲမှာ နေခွင့်ရတဲ့ တစ်ခုတည်းသောအချိန် လည်း ဖြစ်ပါတယ်။ ဒါ့အပြင် အခြားသူတွေ သတိပြုမိတာ မခံရဘဲ အရာရာကို လေ့လာစူးစမ်းကြည့်ရှုခွင့်လည်း ရှိပါတယ်။ အဲဒီအခွင့်အရေးက ကျွန်တော့်ကို ဘယ်လောက် သာယာပျော်ရွှင်မှုပေးခဲ့လဲဆိုတာ ကျွန်တော် ပြန်တောင် မပြောပြတတ်ပါဘူး။

လူတွေက ကျွန်တော့်ကို "မင်း ဘာတွေလုပ်နေတာလဲ"၊ "ဘာလို့ အဲဒီလောက်တောင် ကြိုးစားနေရတာလဲ'" လို့ လှောင်ပြောင်လေ့ရှိကြတယ်။ ထရက်တာမောင်းနေရတဲ့အချိန်ဟာ ကျွန်တော့်အတွက် တစ်ခုတည်းသော လွတ်လပ်မှုရှိတဲ့ အချိန်ဆိုတာ သူတို့ နားမလည်ခဲ့ကြပါဘူး။ အဲဒီအချိန်ဟာ အမိန့်တွေ၊ စော်ကားမှုတွေကနေ အနားရတဲ့ တစ်ခုတည်းသော အချိန်ဆိုတာ သူတို့ မသိခဲ့ကြဘူး။ အလုပ်ကသာ ကျွန်တော့်အတွက် တစ်ခုတည်းသော နားခိုရာ ဖြစ်ခဲ့ပါတယ်။

ပြီးတော့ ကျွန်တော်ကိုယ်တိုင်ကလည်း ထရက်တာမောင်းရတာကို

နှစ်သက်နေမိခဲ့တယ်။

※※※

အခန်း(၃)

“ဝမ်းနည်းမှုနဲ့ ဝမ်းသာမှုဟာ အမြဲတမ်း ဒွန်တွဲနေတယ်" ဆိုတဲ့ ဆိုရိုးလေးတစ်ခု ရှိတယ်။ ကျွန်တော့် အမြင်တော့ လူတစ်ယောက်ဟာ သူ့ဘဝမှာ ဝမ်းနည်းမှုပမာဏနဲ့ ဝမ်းသာမှုပမာဏ တူညီစွာရခဲ့ရင် အဲဒီလူရဲ့ဘဝဟာ ကံကောင်းတဲ့ဘဝပါပဲ။ တချို့လူတွေကတော့ ပူဆွေးဝမ်းနည်းစရာတွေက လွဲလို့ တခြားဘာမှမရှိတဲ့ နာကျင်စရာဘဝကိုပဲ ပိုင်ဆိုင်ခွင့်ရကြပါတယ်။ ဒါကို ကျွန်တော် အသိဆုံးပါ။

၁၉၆၆ ခုနှစ် နွေရာသီမှာ ကျွန်တော် ထရက်တာမောင်းသူ ဖြစ်လာခဲ့တယ်။ ဒါပေမဲ့ သိပ်မကြာခင်မှာပဲ ဂျပန်မှာရှိတဲ့ အမေ့ရဲ့အစ်ကိုဆီက စာတစ်စောင်ဟာ ကြက်ခြေနီ အဖွဲ့အစည်းကတစ်ဆင့် ရောက်လာခဲ့တယ်။ ကျွန်တော်တို့ စာကို လက်ခံရရှိတဲ့အချိန်မှာ စာက တွန့်ကြေပြီး မှင်တွေလည်း စွန်းနေခဲ့တယ်။ အမေဟာ သူ့ရဲ့အမျိုးတွေဆီကို လွန်ခဲ့တဲ့နှစ်တွေအတွင်း စာတွေ အများကြီး ပို့ခဲ့တယ်။ ဒါပေမဲ့ တစ်ခါမှ စာပြန်တာမျိုးတော့ အမေ မကြုံခဲ့ရပါဘူး။

ဂျပန်က စာတစ်စောင် ရောက်လာတယ်ဆိုတဲ့ အချိန်မှာတော့ အမေ ဟာ စိတ်လှုပ်ရှားမှု အပြည့်နဲ့ ဖွင့်ဖတ်ခဲ့တယ်။ ဒါပေမဲ့ ဒုတိယ စာမျက်နှာကို ရောက်တဲ့အချိန်မှာ အမေ့လက်ထဲက စာရွက် လွတ်ကျသွားပြီး အမေဟာ ကြမ်းပြင်ပေါ်ကို ပစ်လဲသွားတယ်။

“အမေ..ဘာဖြစ်လို့လဲ..ဘာဖြစ်လို့လဲ'' လို့ အော်မေးရင်း ကျွန်တော် အမေ့ဆီကို ပြေးသွားလိုက်တယ်။

ကျွန်တော်စာရွက်ကိုကောက်ကြည့်လိုက်တော့ စာထဲမှာ အဘွားဆုံးတဲ့ သတင်းပါနေတာကို တွေ့လိုက်ရတယ်။

အဘွား ကျွန်တော့်ကို ပြောခဲ့တဲ့ နောက်ဆုံးစကားတွေကို သတိရမိတယ်။ "မြေးလေးက ဂျပန်လူမျိုး" လို့ အဖွားပြောလေ့ရှိတယ်။ အဘွားရဲ့ မျက်လုံးထဲက ဝမ်းနည်းမှုတွေကို ကျွန်တော် မှတ်မိနေသေးတယ်။ အဘွားက သမိုင်းကြောင်းကို ကောင်းကောင်းသိသူပါ။ ကိုလိုနီအုပ်ချုပ်ရေး လက်အောက် မှာ ဘယ်လိုတွေ နေထိုင်ရတယ်ဆိုတာကို အဘွားသိနေခဲ့တယ်။ အဘွားဟာ အမေ ဂျပန်ကနေ မထွက်သွားအောင် အပြင်းအထန်ကြိုးစားခဲ့တယ်ဆိုတာ ကိုလည်း ကျွန်တော် သိပါတယ်။ ဒါပေမဲ့ အဘွား မအောင်မြင်ခဲ့ပါဘူး။ ရှင်နာဂါဝါ ရထားဘူတာမှာ ကျွန်တော် အဘွားကို ရှာဖွေမိတာ သတိရနေ သေးတယ်။ ဒါပေမဲ့ အဘွား

မလာခဲ့ပါဘူး။

အဘွားဆုံးတဲ့သတင်းကို သိရပြီးနောက် သိပ်မကြာခင်မှာပဲ အမေ့မျက်နှာမှာ အရေးအကြောင်းတွေ သိသိသာသာ ပေါ်လာခဲ့တယ်။ အမေဟာ ပိုပြီး ထိလွယ်ရှလွယ် ဖြစ်လာသလို ပိုပြီးလည်း ချည့်နဲ့အားနည်းလာတယ်။ အမေ့မျက်နှာပေါ်က အရေးအကြောင်းတွေဟာ အသက်အရွယ်ကြောင့် မဟုတ်ပါဘူး။ နာကျင် ခံစားရမှုတွေကြောင့် ဖြစ်လာတဲ့ အရေးအကြောင်း တွေပါ။ အမေ့ဘဝကို ပိုပြီးလွယ်ကူသက်သာအောင် ကျွန်တော်ကူညီပေးချင် ခဲ့တယ်။ ဒါပေမဲ့ အဲဒီလို လုပ်နိုင်မဲ့ နည်းလမ်း တစ်ခုမှ ရှာမတွေ့ခဲ့ဘူး။ ဘယ်လောက်ပဲ ကြိုးစားကြိုးစား ကျွန်တော်တို့ရနေတဲ့ အစားအသောက် ပမာဏက အရင်အတိုင်းပါပဲ။ အရာရာတိုင်းဟာ တစ်စက်ကလေးတောင် မပြောင်းလဲသွားပါဘူး။

သိပ်မကြာခင်မှာပဲ နောက်ထပ် ဒုက္ခမိုးတွေ ထပ်ရွာခဲ့ပြန်တယ်။

※

၁၉၆၈ ခုနှစ်ရဲ့ နေသာတဲ့နေ့တစ်နေ့မှာပေါ့။ ကျွန်တော်တို့ရွာထဲကို ထရပ်ကား တစ်စီး ရောက်ချလာတယ်။ အဲဒီနောက် ထရပ်ကားတွေ တစ်စီးပြီး တစ်စီး ထပ်ရောက်လာတယ်။ ရုတ်တရက် တပ်ခွဲတစ်ခုစာ စစ်သားတွေ ရွာထဲမှာ ပြည့်နှက်သွားတယ်။ စစ်သားတွေထဲက ခေါင်းဆောင်ဖြစ်ဟန်တူသူက ကျွန်တော်တို့ ရွာသားတွေ အားလုံးကို စုဝေးဖို့ အမိန့်ပေး လိုက်တယ်။

သူက ကျွန်တော်တို့အားလုံးကို စေ့စေ့ကြည့်ပြီး “ဒီအချိန်ကစပြီး ငါတို့ ဒီမှာ နယ်စောင့်တပ်အဖြစ် တပ်ချမယ်''လို့ ကြေညာလိုက်တယ်။ အဲဒါပဲ ပြောပြီး သူ လှည့်ထွက်သွားတယ်။

နယ်စောင့်တပ်အဖြစ် တပ်ချမယ် ဟုတ်လား။ နယ်စောင့်တပ်ဆိုတာ ပုံမှန်အားဖြင့် နေရာတစ်ခုကို ကာကွယ်ဖို့ စစ်သားတွေစေလွှတ်ခံရတဲ့ ခံတပ်နေရာမျိုး ဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ကို ဘယ်ရန်ကနေ ကာကွယ်ပေးမှာလဲ။ ကျွန်တော်တို့နေရာကို ကျူးကျော်မဲ့သူတွေရှိလို့လား။ အဲဒီတပ်ခွဲနာမည်တောင် ကျွန်တော်တို့ မသိခဲ့ပါဘူး။

ရွာအကြီးအကဲဖြစ်သူက ကျွန်တော်တို့ဆီကို ရောက်လာပြီး ဒီစစ်သား တွေဟာ ကင်ချန်ဘွန်ရဲ့ တိုက်ရိုက် ညွှန်ကြားမှုအောက်မှာ ရှိနေကြောင်း ပြောပြတယ်။ ဒါပေမဲ့ ဒီထက်ပိုပြီး ဘာမှ ရှင်းမပြပါဘူး။ စစ်သားတွေဟာ ရွာထဲကို ရောက်လာပြီး ဘာမှန်းမသိတဲ့အရာရဲ့ ရန်ကနေ ကျွန်တော်တို့ကို ကာကွယ်ပေးနေခဲ့ကြတယ်။

နောက်ပိုင်းမှာ ကျွန်တော် သိလိုက်ရတာက ကင်ချန်ဘွန်ဆိုတဲ့သူနဲ့ ကင်အီဆွန်းတို့ဟာ တိုက်ပွဲဝင် သေဖော်ရှင်ဖက် ရဲဘော်တွေ ဖြစ်ခဲ့ဖူးတယ် ဆိုတာပါပဲ။ ကင်ချန်ဘွန်ဟာ ပါတီထဲမှာ ဩဇာတိက္ကမ,ရှိတဲ့ လူတစ်ယောက် ဖြစ်လာပြီး အဓိကစစ်ရေးဆိုင်ရာ တီထွင်ဖန်တီးမှုအသစ်အချို့ရဲ့ ပွဲကိုင်ရှင် လည်း ဖြစ်လာခဲ့တယ်။ ကျွန်တော့်ဘေးနားမှာ ရှိသမျှ လူတိုင်းဟာ ဒီအကြောင်းပဲ ပြောနေကြတယ်။ ဒါပေမဲ့ အဲဒီကိစ္စနဲ့ အခု ရွာထဲမှာ စစ်သားတွေရောက်နေတဲ့ ကိစ္စက သိပ်မပက်သက်လှပါဘူး။

ရက်အနည်းငယ် ကုန်ဆုံးသွားခဲ့ပြီ။ လူတိုင်းကတော့ ရင်တမမနဲ့ပါ။ အားလုံးရဲ့ စိတ်ထဲမှာ ပူပန်မှုတွေရှိနေကြတယ်။ လူတိုင်းက စကားပြောတဲ့အခါ ရှေ့နောက်ကြည့်ပြီး ဆင်ဆင်ခြင်ခြင် ပြောလာကြတယ်။ တစ်မနက်မှာတော့ ကျွန်တော်အလုပ်သွားခါနီး စစ်သားနှစ်ယောက် ကျွန်တော်တို့အိမ်ဘက်ကို လျှောက်လာတာ တွေ့လိုက်ရတယ်။

အမေနဲ့ညီမလေးတွေကို အိမ်ထဲမှာပုန်းနေကြဖို့ ချက်ချင်းပဲ ကျွန်တော်ပြောလိုက်တယ်။ အဲဒီနောက် ကျွန်တော်က အိမ်တံခါးဝမှာ ပိတ်ရပ်ထားလိုက်တယ်။ ကြောက်လန့်စရာကောင်းတဲ့ မျက်နှာပေးရှိတဲ့ စစ်သားတစ်ယောက်က ကျွန်တော့်ဆီကို လျှောက်လာတယ်။

"မင်းတို့ပစ္စည်းတွေကို ထုပ်ပိုးပြီး ဒီကနေ ချက်ချင်းထွက်သွားကြ တော့"

"ဘာဖြစ်လို့လဲဗျ" လို့ ကျွန်တော် ပြန်မေးလိုက်တယ်။ ကျွန်တော့် နှလုံးက တဒုတ်ဒုတ်ခုန်နေပြီး ဒေါသလည်း တော်တော်လေး ထွက်နေခဲ့တယ်။ ဒါပေမဲ့ စိတ်လှုပ်ရှားတဲ့ပုံ မဖြစ်အောင်ပဲ ကျွန်တော် ကြိုးစားနေ လိုက်တယ်။

''ဘာဖြစ်လို့လဲ...ဟုတ်လား၊ မင်းကများ ငါ့ကို ဘာဖြစ်လို့လဲလို့ ပြန်မေး တယ်ပေါ့။ မင်းရဲ့ မျိုးရိုးကိုလည်း ပြန်ကြည့်ဦး။ မင်းက 'ရန်သူ' မျိုးရိုး ဆိုတာတော့ မင်း သေချာပေါက် သိမှာပါ။ အနိမ့်တကာ အနိမ့်ဆုံးကောင်က များ...၊ အခု ဒီကနေ ထွက်သွားစမ်း''

အဲဒီလိုပြောပြီးနောက် သူက ရပ်စောင့်နေတဲ့ အခြားစစ်သားနဲ့အတူ ဆောင့်ကြီးအောင့်ကြီး ပြန်ထွက်သွားတယ်။ အဲဒီနောက် သူတို့ကို အစအန တောင် မမြင်ရတော့ပါဘူး။

ဒီလိုမျိုးလာအပြောခံရတာ ကျွန်တော်တို့မိသားစုတစ်ခုတည်း မဟုတ် ပါဘူး။ အခြား မိသားစု တော်တော်များများလည်း သူတို့အိမ်တွေကနေ မောင်းထုတ်တာကို ခံခဲ့ရတယ်။ အမိန့်အရ ကျွန်တော်တို့ဟာ ကျွန်တော်တို့ ရွာနဲ့ မိုင်အနည်းငယ်ဝေးတဲ့ ပြွန်ယန်ရီလို့ခေါ်တဲ့ရွာလေးကို ပြောင်းရွှေ့ခဲ့ရတယ်။

ကျွန်တော်တို့လည်း ကျွန်တော်တို့ ပိုင်ဆိုင်တဲ့ပစ္စည်း အနည်းငယ်ကို ထုပ်ပိုးပြီး ရွာကနေ ထွက်လာခဲ့ကြတယ်။ ပြွန်ယန်ရီရွာလေးကို ရောက်တဲ့ အခါမှာတော့ ကျွန်တော်တို့နေဖို့ သတ်မှတ်ပေးထားတဲ့ အိမ်မရှိတာကို သိလိုက်ရတယ်။ နောက်ဆုံးတော့ လယ်သမားတွေအတွက် ဆောက်ထားတဲ့ အိမ်အလွတ်တစ်လုံးထဲပဲ ဝင်နေလိုက်ရတယ်။ အဲဒီလယ်သမား ဘယ်ရောက် သွားလဲဆိုတာတော့ ကျွန်တော်တို့လည်း မသိပါဘူး။ အလုပ်ပင်ပန်းလွန်းလို့ သတိလစ်မြောပြီး တစ်နေရာရာမှာ သေသွားတာလည်း ဖြစ်နိုင်ပါတယ်။

ကံကောင်းစွာနဲ့ပဲ ကျွန်တော်ကတော့ ထရက်တာမောင်းတဲ့အလုပ်ကို ဆက်လုပ်နိုင်ခဲ့တယ်။ အဖေနဲ့ ညီမလေးတွေကတော့ ရွာရဲ့ စိုက်ပျိုးရေး အသင်းမှာ ဝင်လုပ်ကြတယ်။ အမေကတော့ ထုံးစံအတိုင်း တောင်တွေဘက် သွားပြီး စားလို့သောက်လို့ရမဲ့ မှိုနဲ့ သစ်ဥသစ်ဖုတွေ ရှာနေရဆဲပါပဲ။

ကင်ချန်ဘွန်ရဲ့တပ်ခွဲက စစ်သားအများအပြားဟာ ပြွန်ယန်ရီရွာလေး ကိုလည်း ရောက်လာခဲ့ပါသေးတယ်။ သူတို့ရဲ့အပြုအမူတွေဟာ ရာဇဝတ်မှု မြောက်တဲ့ အပြုအမူတွေချည်းပါပဲ။ သူတို့က အလုပ်သမားတွေ သေချာ စောင့်ရှောက်ထားတဲ့ တိရစ္ဆာန်တွေကို ခိုးပြီးသတ်စားကြတယ်။ ရွာရဲ့စားနပ် ရိက္ခာတွေ သိမ်းထားတဲ့ ဂိုဒေါင်ကနေ သကြားပြောင်းနဲ့အာလူးတွေကို ခိုးကြတယ်။ လယ်ယာသုံးပစ္စည်းကိရိယာတွေထားတဲ့ အလုပ်ရုံထဲ ဝင်ရောက် မွှေနှောက်ပြီး မော်တာတွေ၊ သစ်စက်တွေကို ထရပ်ကားနဲ့ အကုန်မသွား ကြတယ်။ အမျိုးသမီးငယ်တွေကို လက်ထပ်မယ်လို့ လိမ်ညာကတိပေးပြီး ကာမလိမ်လည်ရယူကြတယ်။ ကျွန်တော်တို့အားလုံး သူတို့ကို ရွံရှာစက်ဆုပ် ခဲ့ကြတယ်။

ပြွန်ယန်ရီရွာနဲ့ ကျွန်တော်တို့ရဲ့ရွာဟောင်းမှာရှိတဲ့ အကြီးပိုင်းပါတီ ခေါင်းဆောင်တွေ တဖြည်းဖြည်း ပျောက်ကွယ်သွားကြတယ်။ ကင်ချန်ဘွန်ရဲ့ လူတွေကပဲ ရွာကို ထိန်းချုပ်ထားတယ်။ တဖြည်းဖြည်းနဲ့ အခြေအနေက ပိုဆိုးလာပြီး ကျွန်တော်တို့အားလုံး နေ့ခင်းကြောင်တောင် အချိန်မှာတောင် အိမ်အပြင်ကို မထွက်ရဲကြတော့ဘူး။ စစ်သားတွေဟာ လမ်းပေါ်မှာတွေ့တဲ့ လူတွေကို အကြောင်းပြချက်မရှိဘဲ ရန်ရှာပြီး အသေအကြေ ဝိုင်းရိုက်ကြတယ်။

ကျွန်တော်တို့ရဲ့ ခနော်နီခနော်နဲ့အိမ်လေးဟာ မိုးဒဏ်ကိုတော့ အတန် အသင့် ကာကွယ်နိုင်ခဲ့ပေမဲ့ လေကတော့ အိမ်ထဲကို တဝူးဝူးနဲ့ ဝင်နေတတ်တယ်။ အဲဒီအချိန်က နှင်းတွေကျနေဆဲအချိန်ဖြစ်ပြီး ညဘက်ဆို အပူချိန်က ရေခဲမှတ်အောက် ရောက်သွားလေ့ရှိတယ်။ ဒါကြောင့် ညဘက်ဆိုရင် မီးဖိုကို တစ်ညလုံး မွေးထားရတယ်။ လေတိုက်တာတစ်ခုတော့ ကျေးဇူးတင်ရမယ် ထင်တယ်။ ကာဗွန်မိုနောက်ဆိုဒ် အဆိပ်သင့်မှာ မစိုးရိမ်ရတော့ဘူးပေါ့။

ကျွန်တော်တို့မှာ အိပ်ဖို့ အိပ်ရာမရှိပါဘူး။ ဒါကြောင့် ကျွန်တော်တို့ မိသားစု အားလုံး မီးဖိုဘေးနားမှာ တစ်ယောက်နဲ့တစ်ယောက် ပူးပူးကပ်ကပ်အိပ်ကြရတယ်။ ပထမဆုံး ကျောဘက်ကို နွေးအောင်လုပ်တယ်။ အဲဒီနောက် ဗိုက်ကိုနွေးအောင်လုပ်တယ်။ အဲဒီလို တစ်ညလုံး ဟိုဘက်လှည့်လိုက် ဒီဘက် လှည့်လိုက်လုပ်ပြီး အိပ်ရတယ်။ တစ်ခါတလေတော့ ခဏလောက် အိပ်ပျော် သွားတတ်တယ်။ ကျွန်တော်တို့က ချမ်းလွန်းလို့ တစ်ညလုံး ဟိုလိုမ့်ဒီလိုမ့်လုပ် နေတော့ အဖေနဲ့ ကျွန်တော် တစ်ခါတလေ ခေါင်းချင်းဆောင့်မိတတ်တယ်။ တစ်ခါတလေကျတော့လည်း ခေါင်းချင်းတိုက်မိတာကို ညတစ်ရေးနိုးကြီး ထရယ်နေတတ်တယ်။ ဒုက္ခတွေ ခံစားရတာများလာရင် အဲဒီဒုက္ခတွေဟာ ရယ်စရာတွေ ဖြစ်လာတတ်တယ်။ တစ်ခါတလေ အဆိုးရွားဆုံးအခြေအနေ တွေမှာတောင် ခင်ဗျားရယ်နေမိလိမ့်မယ်။ ဒါဟာ စိတ်ကစဉ့်ကလျားဖြစ်ခြင်း တစ်မျိုးပဲ ဖြစ်မယ်ထင်ပါတယ်။

တစ်ညမှာ ကျွန်တော် ညလယ်ခေါင်ကြီးနိုးလာပြီး အိပ်ရာထဲမှာ ညီမအငယ်ဆုံးဖြစ်တဲ့ မာဆာကို ပျောက်နေတာကို တွေ့လိုက်ချိန်မှာတော့ ခေါင်းနားပန်းကြီးသွားခဲ့တယ်။ အိမ်အပြင်ကို ချက်ချင်းပြေးထွက်ပြီး ညီမလေး ကို လိုက်ရှာခဲ့တယ်။ နှင်းတွေထဲမှာ ညီမလေးရဲ့ ခြေရာတွေကို ကျွန်တော် တွေ့နေရတယ်။ အဲဒီ ခြေရာတွေအတိုင်း လိုက်သွားရင်း ကျွန်တော်တို့ရဲ့ ရွာအဟောင်းလေးကို ရောက်သွားတယ်။ ညီမလေးက ကျွန်တော်တို့ အိမ်အဟောင်းရဲ့ရှေ့မှာ မတ်တတ်ရပ်နေပြီး တရှုံ့ရှုံ့ငိုနေတယ်။

သူ ကျွန်တော့်ကို မြင်လိုက်တယ်ဆိုရင်ပဲ "ဒီဟာက ညီမလေးတို့ အိမ်လေ… ညီမလေး ဒီအိမ်ကနေ မထွက်သွားချင်ဘူး'' လို့ ကျွန်တော့်ကို လှည့်ပြောလာတယ်။

ကျွန်တော် ညီမလေးကိုကျောပိုးလိုက်ပြီး ပွန်ယန်ရီဘက်ကို ပြန်လှည့် လာခဲ့တယ်။ လရောင်အောက်မှာ ကျနေတဲ့ နှင်းတွေရဲ့ အရောင်ကလည်း . တလက်လက် ဖြစ်နေတယ်။ အအေးဓာတ်က ကျွန်တော့်ရဲ့ ဖွာလန်ကြဲနေတဲ့ အင်္ကျီအောက်ကိုတစ်ချက်တစ်ချက်တိုးဝင်လာပေမဲ့ မာဆာကိုရဲ့အလေးချိန် က ကျွန်တော့်ကို အနွေးဓာတ် ပေးသလို ဖြစ်နေခဲ့တယ်။ ညီမလေးက ငိုရတာ မောသွားဟန်တူတယ်။ သိပ်မကြာခင်မှာပဲ ကျွန်တော့်ကျောပေါ်မှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျသွားတယ်။ အဲဒီညဟာ ကျွန်တော် ညီမလေးနဲ့ စိတ်ချင်း အနီးဆုံးဖြစ်သလို ခံစားခဲ့ရတဲ့ညလည်း ဖြစ်ပါတယ်။ ညီမလေးရဲ့ ပြင်းပြင်းထန်ထန် ဝမ်းနည်းမှု၊ ကြောက်ရွံ့မှု၊ စိတ်ပင်ပန်းနွမ်းနယ်မှု စတဲ့ ခံစားမှု အားလုံးဟာ ညီမလေးဝတ်ထားတဲ့ အင်္ကျီပါးပါးထဲကနေ ကျွန်တော့် နှလုံးသားထဲအထိ တိုက်ရိုက် စိမ့်ဝင်နေသလိုပဲ။

※

ကင်ချန်ဘွန်ရဲ့လူရမ်းကားတွေဟာ ကျွန်တော်တို့ကို ဖိနှိပ်နေခဲ့ပြီး ရွာသားအားလုံးကိုလည်း သူတို့ရဲ့ကိုယ်ပိုင်ကျွန်တွေလို ဆက်ဆံနေခဲ့ကြတယ်။ သူတို့လိုချင်တဲ့ အစားအသောက်မှန်သမျှကို ကျွန်တော်တို့က ရှာဖွေ ပေးရတယ်။ သူတို့ရဲ့ အလိုလောဘတွေဟာ ဘယ်တော့မှလည်း ရပ်တန့် သွားလေ့ မရှိဘူး။ သူတို့က "ငါတို့က ငါတို့နိုင်ငံအတွက် တိုက်ပွဲဝင်နေတဲ့ သူတွေကွ.. ငါတို့ အစားအသောက်တွေ ပိုစားဖို့လိုတယ်" ဆိုတဲ့ ရယ်စရာ စကားကိုပဲ အမြဲ ပြောလေ့ရှိတယ်။

"တိုက်ပွဲ..ဟုတ်လား...ဘာတိုက်ပွဲလဲ...ဘယ်တိုက်ပွဲမှမရှိဘူး။ ဘာတွေ လာပြောနေတာလဲ။ မင်းတို့ လုပ်တာဆိုလို့ လူတွေကို ဒုက္ခပေးတယ်၊ ကြိုးစားပမ်းစား အလုပ်လုပ်နေရတဲ့ အပြစ်မရှိပြည်သူတွေကို အကြမ်းဖက် ခြိမ်းခြောက်တယ်။ ငါတို့ရော အစားအစာ ဘယ်လောက် စားနေရတယ်လို့ မင်းတို့ ထင်လို့လဲ။ မင်းတို့ လူတွေကို စိတ်မထင်တိုင်း လိုက်ပြီး ရိုက်နှက် နှိပ်စက်နေချိန်မှာ တကယ့် အစားအသောက် ရိက္ခာတွေကို ထုတ်ပေးနေတဲ့ ငါတို့လို လူတွေ အစားအသောက် ဘယ်လောက် စားနေရတယ် ထင်လို့လဲ ကွ'" လို့ ပြန်ပြောလိုက်ချင်မိတယ်။

ဒါပေမဲ့ အပြင်မှာတော့ ဘယ်ပြောရဲမလဲ။ အဲဒီလိုပြောလိုက်ရင် ကျွန်တော့်ကို သေချာပေါက် သတ်ကြမှာ။

အံ့ဩဖို့ကောင်းတာက ဒီလောက် သေရေးရှင်ရေး ဖြစ်နေချိန်မှာ တောင် ကျွန်တော် မိန်းကလေးတစ်ယောက်ကို ချစ်မိခဲ့တာပါပဲ။ သူ့နာမည်က ရင်ဆူယွန်း။ သူက အသက် (၁၉)နှစ်ပါ။ သူက ကျွန်တော် မြင်ဖူးသမျှ မိန်းကလေးတွေထဲမှာ အချောဆုံးပါပဲ။ သူ့ကို စတွေ့ခဲ့တဲ့ နေရာကတော့ ယုန်တွေကို သားဖောက်ဖို့ မွေးထားတဲ့ စိုက်ပျိုးမွေးမြူရေးခြံတစ်ခုမှာ ဖြစ်ပါတယ်။ သူက အဲဒီမှာ ယုန်တွေကို ထိန်းသိမ်းစောင့်ရှောက်ပေးတဲ့ အလုပ်ကိုလုပ်နေသူပါ။ ကျွန်တော်ကတော့ ထရက်တာမောင်းတဲ့ လမ်းကြောင်း အတိုင်း သွားရင်း သူအလုပ်လုပ်တဲ့နေရာကို မြက်တွေ ဝင်ပို့ပေးရသူပါ။ ကျွန်တော် အဲဒီလို အချစ်ဆိုတဲ့ ခံစားမှုကြီး အရင်က တစ်ခါမှ မခံစားဖူးဘူးဗျ။ ပြီးတော့ ဘာလုပ်လို့ လုပ်ရမှန်းလည်း မသိဘူး။ သူ့ကို စကားပြောဖို့ ကြိုးစားတိုင်း ကျွန်တော့်ပါးစပ်က အံသေနေသလိုပဲ။ ဘာစကားလုံးမှကို ထွက်မလာဘူး။ ဒါကြောင့် နောက်ပိုင်းမှာ သူနဲ့လုံးဝစကားမပြောရအောင်.. ရှောင်တော့တယ်။ ဒါပေမဲ့ ကျွန်တော် သူ့အကြောင်း တောက်လျှောက် တွေးနေမိတယ်။

တစ်နေ့တော့ ကျွန်တော် မြက်တွေကို အောက်ချနေတုန်း သူက ကျွန်တော့်နား ရောက်ချလာပြီး မြက်တွေကူချပေးတယ်။ ကျွန်တော်တို့ နှစ်ယောက်လုံး ဘာစကားမှမပြောဘဲ တိတ်တိတ်လေး မြက်တွေချနေခဲ့ကြတယ်။

နောက်နေ့ကျတော့လည်း သူကရောက်လာပြီး ကျွန်တော့်ကို ကူပေး ပြန်တယ်။ နောက်တော့ ကျွန်တော် အဲဒီကိုရောက်တိုင်း ပုံမှန်ကို လာကူညီပေး တော့တာပဲ။ တစ်နေ့တော့ သူ့ဘက်က စကားစပြောလာပြီး လာမဲ့ဘောလုံး ပြိုင်ပွဲမှာ ကျွန်တော်ပါဖို့ ရှိလားလို့ မေးလာတယ်။ ကျွန်တော့်မှာ ဘောင်းဘီတို မရှိလို့ အဲဒီပြိုင်ပွဲကို ဝင်မပြိုင်ဖြစ်ကြောင်း သူ့ကို ပြန်ပြောလိုက်တယ်။ နောက်တစ်ကြိမ် သူနဲ့တွေ့တဲ့အခါမှာတော့ သူက ကျွန်တော့်ကို သူကိုယ်တိုင် နိုင်လွန်အဖြူနဲ့ချုပ်ထားတဲ့ ဘောင်းဘီတိုတစ်စုံ လက်ဆောင်ပေးတယ်။ ကျွန်တော် သူ့ဘက်ကိုလှည့်ပြီး "ငါ မင်းကိုချစ်တယ်...မင်း ငါ့ကို လက်ထပ် မလား''လို့ ဆိုင်းမဆင့်ဘုံမဆင့် ပြောချလိုက်ပါတော့တယ်။

သူက ကျွန်တော့်ကို ရှိုးတိုးရှန့်တန့်ကြည့်ရင်း "ရှင် ကျွန်မအမေဆီက ခွင့်တောင်းနိုင်မလား''လို့ ပြန်မေးလာတယ်။ သူလည်း ကျွန်တော့်ကို ကြိုက်နေတယ်ဆိုတာ ကျွန်တော် သဘောပေါက်သွားတယ်။ ကျွန်တော့် နှလုံးသားတစ်ခုလုံး မျှော်လင့်ချက်တွေနဲ့ ဖောင်းပွသွားသလိုပါပဲ။

နောက်နေ့ရောက်တော့ ကျွန်တော် သတ္တိမွေးပြီး သူ့အိမ်ကိုသွားခဲ့တယ်။ သူ့အဖေက ဆုံးသွားတာ ကြာပါပြီ။ ဒါကြောင့် သူ့ကို လက်ထပ်ချင် ကြောင်း သူ့အမေဆီကပဲ ခွင့်တောင်းလိုက်တယ်။ သူ့အမေက ကျွန်တော် ပြောတာကို ဘာမှ ဖြတ်မပြောဘဲ ဂရုတစိုက်နားထောင်နေခဲ့တယ်။

ဆူယွန်းက သူ့အမေဘေးနားမှာထိုင်ရင်း ကျွန်တော်ပြောတာတွေကို သေချာနားထောင်နေတယ်။ သူနားထောင်နေပုံလေးကို ကျွန်တော် အခုထိမှတ်မိနေသေးတယ်။ သူက ရှက်သွေးတွေဖြာနေပြီး နားရွက်လေးတွေလည်း နီရဲလို့ပါ။

သူ့အမေကတော့ ခဏငြိမ်နေပြီး တစ်ခုခုကို လေးလေးနက်နက် စဉ်းစားနေဟန် တူပါတယ်။ ကျွန်တော့် နှလုံးသားဟာ ဖြောင်းဆန်အောင် ခုန်နေပြီး ရင်ဘတ်ထဲက ပေါက်ထွက်ကာ အဝေးကို ကဆုန်ပေါက် ထွက်ပြေး တော့မလား အောက်မေ့ရတယ်။

"အဒေါ် ပြောရတာ စိတ်တော့မကောင်းပါဘူး။ ဒါပေမဲ့ အဒေါ့်သမီး အတွက် ဂျပန်လူမျိုး ခင်ပွန်းတစ်ယောက် လက်မခံနိုင်ပါဘူး" လို့ သူ့အမေက တုံ့ပြန်လာတယ်။ သူ့ကြည့်ရတာ သူ့ဆုံးဖြတ်ချက်အတွက် အပြစ်ရှိသလို ခံစားနေရပုံပါပဲ။ အပြီးသတ်တော့ အစောပိုင်းက သူ ငြိမ်ငြိမ်လေး နားထောင် နေတာဟာ ကျွန်တော့်အတွက် ခံစားရသက်သာစေမဲ့ ငြင်းပယ်မှုမျိုး စဉ်းစား နေခဲ့တာဖြစ်ကြောင်း ကျွန်တော် သဘောပေါက်သွားတယ်။

"အဒေါ်ဆိုလိုချင်တာကလေ....ဟိုလေ..မင်းကလည်း တော်ဖြောင့်တဲ့

လူငယ်တစ်ယောက်ပါ။ ဒါကို အဒေါ်သိပါတယ်။ ဒါပေမဲ့ အဒေါ့်သမီးက ဂျပန်ပြည်ကပြန်လာတဲ့လူနဲ့ လက်ထပ်လိုက်ရင် အဒေါ်တို့လည်း အန္တရာယ်ရှိတဲ့အနေအထားကို ရောက်သွားမှာလေ။ ဒါကို မင်းလည်း သိမှာပါ''

ကျွန်တော့်လက်တွေဖြူလာတဲ့အထိ လက်သီးဆုပ်ထားပြီး နားထောင်နေမိတယ်။ ဆူယွန်းကို ကြည့်လိုက်တော့ သူ့မျက်နှာမှာလည်း သွေးမရှိသလို ဖျော့တော့သွားတာ သတိထားမိလိုက်တယ်။

အဲဒီနောက် ကျွန်တော် ဘာတွေလုပ်မိခဲ့လဲ သေချာမမှတ်မိတော့ပါ ဘူး။ ကျွန်တော် ရှက်ပြီး အဲဒီနေရာကနေ ပြေးထွက်သွားခဲ့တယ် ထင်ပါတယ်။ ဒါပေမဲ့ အဲဒီတုန်းက ကျွန်တော့်စိတ်ထဲမှာ ဖြစ်ပေါ်ခဲ့တဲ့ အတွေးတွေကိုတော့ ကောင်းကောင်းမှတ်မိနေပါသေးတယ်။

“ငါ ဘာတွေ တွေးနေခဲ့တာလဲ၊ သူတောင်းစား တစ်ယောက်ရဲ့ဘဝ ထက်တောင် မသာတဲ့ ငါ့လိုကောင်ကို ဘယ်မိန်းကလေးက လက်ထပ်ချင် မှာလဲ"

ဆူယွန်းရဲ့အမေက ကျွန်တော့်ကို သူ့သမီးနဲ့ လက်ထပ်ခွင့်ပြုလိမ့်မယ် လို့ တွေးမိတာကိုက တော်တော်ရယ်စရာကောင်းနေပါပြီ။

စိုက်ပျိုးမွေးမြူရေးခြံမှာ ဆူယွန်းနဲ့ နောက်တစ်ခါဆုံတော့ ကျွန်တော် ထွက်ပြေးပြီး တစ်နေရာရာမှာ ပုန်းနေလိုက်ချင်ခဲ့တယ်။ ဒါပေမဲ့ သူက ကျွန်တော့်ကို ဖက်ပြီး “ကျွန်မတောင်းပန်ပါတယ်...ကျွန်မကို တစ်နေရာရာ ခေါ်သွားပေးပါ၊ ကျွန်မတို့ ဒီကနေ အတူတူ ထွက်ပြေးကြရအောင်” လို့ တိုးတိုးလေး ကပ်ပြောလာတယ်။ သူနဲ့အတူနေရမဲ့ စိတ်ကူးအိပ်မက်လေးကို ကျွန်တော် အကောင်အထည် ဖော်လိုက်ချင်တာပေါ့ဗျာ။ ဒါပေမဲ့ ကျွန်တော်တို့ ထွက်ပြေးပြီး ဘယ်ကို သွားရမှာလဲ။ ပြီးတော့ ကျွန်တော့်ရဲ့သနားစရာ အမေနဲ့ ညီမလေးတွေကို ဘယ်လိုထားခဲ့ရမှာလဲ။ ကျွန်တော် သူတို့ကို မထားခဲ့နိုင်ဘူး။ ဆူယွန်းနဲ့ အတူနေချင်တဲ့ စိတ်ကူးအိပ်မက်ဟာ ကျွန်တော့် ဘဝကို တိုးတက်အောင်လုပ်ချင်တဲ့ဆန္ဒနဲ့ ကောလိပ်သွားချင်ခဲ့တဲ့ ကျွန်တော့် အိပ်မက်တွေလိုပဲ လုံးဝမဖြစ်နိုင်တဲ့ ကိစ္စတစ်ခု ဖြစ်နေခဲ့တယ်။ သိပ်မကြာခင် မှာပဲ ပြုံယမ်းက ရာထူးကြီးကြီး အကောင်တစ်ကောင်နဲ့ ဆူယွန်း လက်ထပ် သွားတယ်ဆိုတဲ့ သတင်း ကြားလိုက်ရတယ်။ အဲဒီအချိန်ကစလို့ နောက် ဘယ်သူ့ကိုမှ မချစ်တော့ဘူးလို့ ကျွန်တော် ဆုံးဖြတ်လိုက်တယ်။

နောက်တစ်နှစ်ကြာတော့ ကင်ချန်ဘွန်နဲ့ သူ့ရဲ့အပေါင်းအပါတွေ အားလုံး ရုတ်တရက် ပျောက်ကွယ်သွားကြတယ်။ တရားဝင် သတင်းထုတ် ပြန်ချက်တွေ ဘာတွေတော့ မရှိပေမဲ့ ရွာထဲမှာပြောနေကြတဲ့ ကောလာဟလ တွေအရ ကင်ချန်ဘွန်ရဲ့တပ်ခွဲ ဖျက်သိမ်းခံလိုက်ရတယ်လို့ သိရတယ်။ အဲဒီခေတ်တုန်းက

မီဒီယာတွေလည်း မရှိခဲ့ဘူး။ ဒါကြောင့် သတင်းစကား မှန်သမျှဟာ တစ်ဆင့်စကားနဲ့ပဲ ကျွန်တော်တို့ဆီကို ရောက်လာတတ်တယ်။ ဒါပေမဲ့ တစ်ဆင့်စကား အများစုဟာလည်း မှန်နေလေ့ရှိတယ်။ နောက်ဆုံး မှာတော့ ကင်ချန်ဘွန်ကို ကင်အီဆွန်းကိုယ်တိုင် ပါတီထဲက ထုတ်ပယ် လိုက်တာဆိုတဲ့ သတင်းထွက်လာခဲ့တယ်။

တကယ်တော့ ဒါဟာ ဖြစ်နေကျ အရာတစ်ခုပါ။ ကင်ချန်ဘွန်ဟာ အချိန် အတိုင်းအတာတစ်ခုထိ ခေါင်းဆောင်ကြီးကင်အီဆွန်းရဲ့ အချစ်တော် ဖြစ်နေခဲ့တယ်။ ကင်ချန်ဘွန်ဟာ အမှားအယွင်းမရှိအောင်လည်း နေထိုင်နိုင်ခဲ့တယ်။ ဒါပေမဲ့ စစ်တပ်ကို ခေတ်မီအောင် အဆင့်မြှင့်တင်တာမျိုး၊ ပိုပြီး စုစည်းအောင် ကြိုးစားတာမျိုးတော့ ကင်ချန်ဘွန် သဘောရိုးနဲ့ လုပ်ခဲ့မိတယ် ထင်တယ်။ အဲဒီအချက်ကပဲ သူ့ကို ကျဆုံးစေခဲ့တာပါ။ အဲဒီလို လုပ်ခဲ့ခြင်း ကြောင့် ကင်ချန်ဘွန်ဟာ စစ်တပ်အတွင်းမှာ သူ့ရဲ့ ကိုယ်ပိုင်အာဏာကို ပိုပြီး ဖြန့် ကြက်လာနိုင်ခဲ့တဲ့အပြင် သူလုပ်ချင်တာတွေကိုလည်း ပိုလုပ်လာနိုင်ခဲ့တယ်။ အဲဒီနောက် သိပ်မကြာခင်မှာပဲ ကင်ချန်ဘွန်ဟာ မြောက်ကိုရီးယား တစ်နိုင်ငံလုံးမှာ လွှမ်းမိုးမှုကြီးမားလာတယ်။ ဒီနည်းနဲ့ သူ့ရဲ့ဩဇာအာဏာဟာ ကြီးမားလာခဲ့တယ်။ ကင်အီဆွန်းကတော့ ကင်ချန်ဘွန်ဟာ သူ့ရဲ့အာဏာကို ခြိမ်းခြောက်လာနိုင်သူလို့ မြင်လာခဲ့ပြီး ပါတီကနေ ထုတ်ပယ်ပစ်ခဲ့တာ ဖြစ်ပါတယ်။

※

ကျွန်တော်တို့ ဒွန်ချွန်ရီ ရွာလေးကို ချက်ချင်း ပြန်သွားခဲ့ကြတယ်။ ကံကောင်းစွာနဲ့ပဲ ကျွန်တော်တို့အိမ်လေးက အရင်ကအတိုင်း ရှိနေသေးတယ်။ ကျွန်တော်တို့ အိမ်ကို ပြန်ရောက်တဲ့အချိန်မှာ ရေတွင်းထဲက ရေကို ခပ်ပြီးကျိုချက်ကာ အောင်ပွဲခံအထိမ်းအမှတ်အနေနဲ့ တစ်ယောက်တစ်ခွက်စီ သောက်ကြတယ်။ ကျွန်တော် လက်ထဲက ရေနွေးကို သောက်နေရင်းနဲ့ အိုမင်းရင့်ရော်နေပြီဖြစ်တဲ့ အဖေနဲ့ အမေကို ကြည့်နေမိတယ်။ အဖေက အသက် (၅၅)နှစ်ရှိနေပြီ။ အမေကတော့ အသက်(၄၄)နှစ်ရှိနေပြီ ဖြစ်ပြီး သွားရှစ်ချောင်းလောက်ပဲ ကျန်ပါတော့တယ်။ ကျွန်တော်တို့ ဘာအတွက် အောင်ပွဲခံမိနေမှန်းတောင် မသိတော့ပါဘူး။ ပိုကောင်းလာမဲ့ အနာဂတ် အတွက်လား။ အတိတ်က အိမ်လေးကို ပြန်လာနိုင်တဲ့ အတွက်လား။ ကျွန်တော် မသိတော့ပါဘူး။ ကျွန်တော်တို့ဟာ ကင်ချန်ဘွန်အိမ်မက်ဆိုးကြီး ကနေ လွတ်မြောက်လာလို့ အပျော်လွန်နေခဲ့ကြတာ ဖြစ်ပါလိမ့်မယ်။

ကျွန်တော်တို့အားလုံး အောင်ပွဲခံအပြီးမှာ အမေက “ပဲယိုသုပ်ထားတဲ့ ထမင်းဆုပ်စားချင်လိုက်တာ" လို့ ပြောလာတယ်။

အဖေ့ပုံက စိတ်မကောင်းတဲ့ပုံ ဖြစ်သွားတယ်။ အမေဟာ အရင်က ဘာတစ်ခုမှ တောင်းဆိုခဲ့ဖူးသူ မဟုတ်တာကြောင့် အဖေ ပိုဝမ်းနည်းသွားပုံပါပဲ။

ဒီလို ဘာမှ ကြီးကြီးကျယ်ကျယ် မဟုတ်တဲ့ တောင်းဆိုမှုလေးတစ်ခုကိုတောင် ဖြည့်ဆည်းပေးဖို့ မဖြစ်နိုင်ဘူးဆိုတာ အဖေ သိနေခဲ့တယ်။ ပဲနီတွေဟာ ဆန်လိုပဲ ဈေးကြီးပါတယ်။ သကြားက ပိုလို့တောင် ဈေးကြီးပါသေးတယ်။ သကြားတစ်အိတ်ကို မှောင်ခိုဈေးမှာ ဝယ်ရင် ဝမ်(၁၀၀)လောက် ရှိပါတယ်။ ကျွန်တော်တို့ ဘယ်လိုမှ မတတ်နိုင်တဲ့ ငွေကြေးပမာဏပါ။

အဖေ ဘာတွေတွေးနေမလဲဆိုတာကိုသိတဲ့ အမေက “စိတ်ထဲမထားပါနဲ့ရှင်… ထမင်းဆုပ်တောင် ကျွန်မစားနိုင်ပါ့မလား မသိပါဘူး။ ကျွန်မမှာ သွားတွေ သိပ်ရှိတော့တာ မဟုတ်ဘူး။ ထမင်းဆုပ်စားကံ ကုန်နေပါပြီ’’ လို့ ပြောရင်း ရယ်နေတယ်။

အမေရယ်တာကို မတွေ့တာ နှစ်နဲ့ချီနေခဲ့ပါပြီ။ အမေ့အရယ်က အားလုံးကို ကူးစက်သွားပြီး ကျွန်တော်တို့ တစ်မိသားစုလုံး မျက်ရည်တွေ ထွက်လာတဲ့အထိ ရယ်မောခဲ့ကြတယ်။

※

ကင်ချန်ဘွန် ရာထူးက ဖယ်ရှားခံရပြီး နောက်သုံးနှစ်အတွင်း ကျွန်တော်တို့မိသားစုမှာ ထူးထူးခြားခြားဖြစ်ရပ် မရှိခဲ့ပါဘူး။ ထုံးစံအတိုင်း ဆင်းရဲတွင်းနက်ဆဲပေါ့။ ဒါပေမဲ့ အနည်းဆုံးတော့ ကျွန်တော်တို့ဘဝလေးက ငြိမ်းငြိမ်းချမ်းချမ်းလေး ရှိနေခဲ့တယ်။ အဲဒီသုံးနှစ်အတွင်း နည်းနည်း ထူးခြားတာဆိုလို့ ကျွန်တော့်ညီမတစ်ယောက်ဖြစ်တဲ့ အီကိုဟာ အသက်(၂၃)နှစ် အရွယ်အရောက်မှာ ကန်ကီဆွန်ဆိုတဲ့ အမျိုးသားတစ်ယောက်ရဲ့ လက်ထပ် ခွင့်တောင်းခြင်းကို ခံခဲ့ရတယ်။ ကန်ကီဆွန်ရဲ့ဇာတိက ဂျပန်မှာရှိတဲ့ ကိုဘေး ဆိုတဲ့မြို့ ဖြစ်ပါတယ်။ သူ့အဖေက ကင်ဆာ နောက်ဆုံးအဆင့် ခံစားနေရသူ ဖြစ်တာကြောင့် အဖေမဆုံးခင် အိမ်ထောင်ပြုချင်နေသူ ဖြစ်ပါတယ်။ သူ့မိသားစုက ချမ်းသာပါတယ်။ ဂျပန်ကနေ မြောက်ကိုရီးယားကို ပြန်လာသူ တွေအတွက် ဒီလိုချမ်းသာနေတာဟာ ထူးထူးခြားခြားဖြစ်စဉ်ပါ။ ဒါကြောင့် အဖေက ကန်ကီဆွန်ရဲ့မိသားစုနဲ့ ကျွန်တော်တို့မိသားစုဟာ လိုက်ဖက်ညီတဲ့ အတွဲအဖက် မဟုတ်ဘူးလို့ ကောက်ချက်ချခဲ့တယ်။ အဖေက လက်ထပ်ဖို့ ကမ်းလှမ်းမှုကို ယဉ်ယဉ်ကျေးကျေးပဲ ငြင်းပယ်လိုက်တယ်။ အဲဒီလို ငြင်းပယ်လိုက်ပေမဲ့ ကန်ကီဆွန်ရဲ့အမေဖြစ်သူဟာ ကျွန်တော်တို့အိမ်ကို ရောက်လာပြီး ပြန်စဉ်းစားပေးဖို့ တောင်းဆိုခဲ့တယ်။ “ရှင့်သမီးလေးကို ကျွန်မချွေးမ ဖြစ်စေ ချင်လို့ပါ” ဆိုပြီး အဖေ့ကို

ဖျောင်းဖျပြောဆိုခဲ့တယ်။ ကန်ကီဆွန်ရဲ့အမေဟာ ကျွန်တော်တို့အိမ်ကို ခဏ ခဏလာပြီး တောင်းဆိုခဲ့ပေမဲ့ . အဖေကတော့ လက်မခံခဲ့ပါဘူး။

၁၉၇၂ ခုနှစ်အစပိုင်းရဲ့ နေ့တစ်နေ့မှာ လူလတ်ပိုင်းအရွယ် အမျိုးသား တစ်ယောက် ကျွန်တော်တို့အိမ်ကို ရောက်လာခဲ့တယ်။ ပထမတော့ အဲဒီ အမျိုးသားဟာ ကန်ကီဆွန်ရဲ့ ဆွေမျိုးထဲက ဖြစ်မယ်လို့ ကျွန်တော် ထင်လိုက် ပါသေးတယ်။ ဒါပေမဲ့ သူ့ကို သေသေချာချာ တစ်ချက်ပြန်ကြည့်လိုက်ချိန်မှာ ကျွန်တော် တော်တော်လေး အံ့သြသွားတယ်။ ကျွန်တော်တို့ အိမ်ရှေ့ကို ရောက်နေသူဟာ ဂျပန်မှာတုန်းက ကိုရီးယား အထွေထွေ အသင်းဝင် တစ်ယောက် ဖြစ်ခဲ့ပြီး အဖေ့ရဲ့ မိတ်ဆွေဟောင်းလည်းဖြစ်တဲ့ ဦးလေး ယောင်ဆွတ်ပေါင် ဖြစ်နေပါတယ်။

သူက သူ့လက်ထဲမှာ သယ်လာတဲ့အထုတ်ကို လွှတ်ချပြီး အဖေ့ကို ဖက်လိုက်တယ်။

“မင်းတို့တွေ အဆင်ပြေကြရဲ့လား၊ မင်းတို့တွေ တော်တော်တောင် အရွယ်ရောက်နေကြပြီပဲ'' လို့ပြောရင်း သူက ကျွန်တော်တို့ကို နှုတ်ဆက်တယ်။ အမေက သူ့ကို အထဲဝင်ဖို့ ဖိတ်ခေါ်လိုက်တယ်။

အဲဒီနောက် သူက ပါလာတဲ့အိတ်ကိုဖွင့်ပြီး ကျွန်တော့်ကို နာရီတစ်လုံး လက်ဆောင်ပေးတယ်။ ညီမလေးတွေအတွက်တော့ လည်စည်းပဝါလေးတွေ ပါလာတယ်။ ကျွန်တော် ကိုယ့်မျက်လုံးတောင် ကိုယ်မယုံနိုင်ဘူး။ ဂျပန်ထုတ် နာရီတွေဟာ လူတိုင်း ငမ်းငမ်းတက် လိုချင်တဲ့ ရှားပါးပစ္စည်း ဖြစ်ပါတယ်။ ဂျပန်ထုတ်နာရီကို မပိုင်ချင်တဲ့သူဆိုတာ ဘယ်သူမှ မရှိပါဘူး။ အဲဒီနောက် သူက သူ့အိတ်ထဲကိုနှိုက်ပြီး အဖေ့အတွက် အရက်တစ်လုံး လက်ဆောင်ပေးတယ်။ သူ့လက်ဆောင်တွေက ဒီမှာတင်ရပ်မသွားပါဘူး။ သူက သူကိုယ်တိုင် ဖော်စပ်လာတဲ့ ဆေးတွေအပြင် သကြားနဲ့ အခြား တန်ဖိုးရှိတဲ့ လူသုံးကုန် ပစ္စည်းတွေကို စားပွဲပေါ် ဖြန့်ခင်းလိုက်တယ်။ အမေဖြင့် ဝမ်းသာလွန်းလို့ မျက်ရည်တွေပါကျလာပြီး ငိုနေခဲ့တယ်။

အဲဒီညက ညဉ့်နက်တဲ့အထိ အဖေဟာ သူ့မိတ်ဆွေဟောင်းနဲ့ အရက် သောက်နေခဲ့တယ်။ သူတို့ တိုးတိုးပြောနေတဲ့အသံတွေကို ကျွန်တော် ကြားနေရတယ်။

“ငါ့ကိုကြည့်ပါအုံးကွာ ငါက အရင်က ကျားကြီးဆိုပြီး နာမည်ကြီးခဲ့တဲ့ ကောင်ပါ။ အခုတော့ ငါက ချုံးချုံးကျနေတဲ့လူတစ်ယောက် ဖြစ်နေပြီ၊ သောက်တလွဲ ‘ဂျပန်ရောက်ကိုရီးယားလူမျိုးသမဂ္ဂ'ရဲ့ ကြီးမားလှတဲ့ ကျေးဇူး တွေကြောင့်ပေါ့ကွာ။ သစ္စာဖောက်ခွေးမသားတွေ..''

“ဟော့ကောင် တိုးတိုးလုပ်ပါကွ။ နံရံတွေမှာ နားတွေရှိတယ်ဆိုတာ မင်းလည်း သိရက်သားနဲ့။ ရှေ့ပြောနောက်ကြည့်ကွ''

အဖေက ဘာမှပြန်မပြောဘဲ ခေါင်းပဲ ညိတ်ပြလိုက်တယ်။

ဦးလေးယောင်ဆွတ်ပေါင်က “ဘာပဲဖြစ်ဖြစ်ကွာ အခုချိန်ကစပြီး ငါတို့ အချင်းချင်း ကူညီနိုင်တာတွေ ကူညီကြတာပေါ့။ အခက်အခဲတွေအများကြီး မင်း ဖြတ်သန်းခဲ့ရတယ်ဆိုတာ ငါသတင်းကြားပြီးပါပြီ" လို့ ဆက်ပြောတယ်။

ဦးလေးယောင်ဆွတ်ပေါင်ဟာ မြို့တစ်မြို့ရဲ့ ပါတီကော်မတီမှာ ဒုတိယ ဥက္ကဋ္ဌဖြစ်နေသူဖြစ်ပြီး အလုပ်များသူ ဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒီညနောက်ပိုင်း မှာတော့ သူဟာ ကျွန်တော်တို့ဆီကို မကြာမကြာ လာလည်ပါတယ်။ အီကို လက်ထပ်ခွင့်အတောင်းခံရတဲ့ကိစ္စကို သူ သိသွားတဲ့အခါမှာတော့ သူဟာ ကန်ကီဆွန်းဆီကို ကိုယ်တိုင်သွားလည်ပြီး အခြေအနေကို လေ့လာခဲ့တယ်။ သွားလည်ပြီးနောက်မှာတော့ “ကန်ကီဆွန်းက လူကောင်းတစ်ယောက်ပါ။ ပိုက်ဆံကိစ္စမစိုးရိမ်ပါနဲ့...သမီး’’လို့ အီကို,ကို ပြန်ပြောတယ်။ ဒါ့အပြင် အဖေ့ကိုလည်း ပြန်စဉ်းစားပေးဖို့ တောင်းဆိုသွားခဲ့တယ်။ တကယ်တော့ ကန်ကီဆွန်းကလည်း ကျွန်တော်တို့လို ဂျပန်ပြန်တစ်ယောက်ပဲလေ။

အဲဒီလိုနဲ့ပဲ အားလုံးအဆင်ပြေသွားခဲ့ကြတယ်။ မင်္ဂလာဆောင်ကို နောက်ထပ် နှစ်လအကြာမှာ ကျင်းပဖို့ ဆုံးဖြတ်ခဲ့ကြတယ်။ ဝမ်းနည်းစရာ ကတော့ ညီမလေးအတွက် အဝတ်အစားအသစ်နဲ့ မွေ့ရာဝယ်ပေးဖို့ ကျွန်တော် တို့မှာ ပိုက်ဆံမရှိတာပါပဲ။ ကန်ကီဆွန်းရဲ့ အမေကတော့ညီမလေးလက်ထပ်ဖို့ လက်ခံတာနဲ့တင် လုံလောက်နေပါပြီလို့ ကျွန်တော်တို့ကို ပြောပါတယ်။ မိန်းကလေးဘက်က ဘာမှ ငွေကြေးလက်ဆောင် ပေးစရာမလိုကြောင်းလည်း ကန်ကီဆွန်းအမေက ပြောခဲ့တယ်။

ဒါပေမဲ့ ဦးလေးယောင်က အမေ့ကို ပိုက်ဆံအနည်းငယ်ပေးခဲ့ပြီး “ရော့...ဒီပိုက်ဆံနဲ့ နင့်သမီးကို လှအောင်ဆင်ပေးလိုက်ပါ" လို့ ပြောခဲ့တယ်။

ဦးလေးယောင်ရဲ့လုပ်ရပ်ကို ကျွန်တော် တော်တော်လေး အထင်ကြီး သွားတယ်။ အမှန်ပြောရရင် ကျွန်တော် ဝမ်းသာလုံးဆို့သွားတာပါ။ သူ့ရဲ့ ကျွန်တော်တို့အတွက် တွေးပေးတတ်ပုံကို မြင်တွေ့လိုက်ရတာ ကျွန်တော့် အတွက်လေကောင်းလေသန့်ကိုရှူရှိုက်သွင်းလိုက်ရသလိုပဲ။ လူသားဆန်မှုတို့၊ နွေးထွေးမှုတို့ဆိုတာ ကျွန်တော်တို့ရဲ့ နေ့စဉ်ဘဝမှာ မတွေ့ရသလောက် ရှားပါးတဲ့အရာတွေ ဖြစ်ပါတယ်။ လူတိုင်းက ကိုယ့်အတွက်ပဲ ကိုယ်တွေးနေ ကြတာပါ။ ဘဝမှာ အဆင်ပြေပြေနေနိုင်ဖို့၊ ပါတီကိစ္စကို ဂရုစိုက်ချင်ယောင် ဆောင်ဖို့၊ ရှေ့ပြောနောက်ကြည့်ဖို့၊ အစားအသောက်အတွက် အလုအယက်

ကြိုးစားဖို့၊ အာဏာရှိတဲ့သူတွေနဲ့ အဆင်ပြေအောင် ဆေးလိပ်တို့အရက်တို့နဲ့ လာဘ်ထိုးဖို့၊ စသဖြင့် ကိုယ့်ကိစ္စနဲ့ကိုယ် အလုပ်ရှုပ်နေကြသူတွေ ချည်းပါပဲ။ ဒါပေမဲ့ တစ်ဖက်ကကြည့်ပြန်ရင်လည်း အဲဒီလိုနေမှ အသက်ရှင်နိုင်မှာကိုး။ နိုင်ငံရဲ့စနစ်က လူတွေကို လူသားမဆန်အောင် လုပ်ပစ်ခဲ့တယ်လေ။ ဝမ်းနည်းစရာကောင်းတာက ကျွန်တော်ကိုယ်တိုင် အဲဒီလို လူသားမဆန် စိတ်တွေ ဝင်လာတာပါပဲ။ ဒါပေမဲ့ လူသားဆန်တဲ့ အပြုအမူတွေအကြောင်း ဦးလေးယောင်ရဲ့လုပ်ရပ်တွေက ကျွန်တော့်ကို ပြန်သတိပေးလိုက်သလိုပဲ။ သူ့ရဲ့လုပ်ရပ်ကြောင့် ကျွန်တော်သိလိုက်ရတဲ့ အသိတရားတစ်ခု ရှိပါတယ်။ အဲဒါက အခြေအနေတွေ ဘယ်လောက်ပဲ ခက်ခဲနေပါစေ၊ လောကဓံရဲ့ အောက်မှာ ခင်ဗျားဘယ်တော့မှ ဒူးမထောက်သင့်ဘူးဗျ။ ခင်ဗျားရဲ့စိတ်ဓာတ် မာကျောနေဖို့ လိုတယ်။ ခင်ဗျားရဲ့ အနက်ရှိုင်းဆုံးရင်ဘတ်ထဲမှာ ပုန်းနေတဲ့ လုပ်သင့်တယ်လို့ ထင်နေတဲ့အရာတွေ၊ မှန်တယ်လို့ထင်နေတဲ့ အရာတွေကို ခင်ဗျားဆွဲထုတ်ရမယ်။ ပြီးရင် အဲဒီအရာတွေကို အကောင်အထည်ဖော်ရမယ်။

တစ်နေ့မှာ ဦးလေးယောင် ကျွန်တော်တို့အိမ်ကို ရောက်လာခဲ့တယ်။ သူ့ပုံက ဖရိုဖရဲနဲ့ပါ။ ပုံမှန်အားဖြင့် သူက သပ်သပ်ရပ်ရပ် ဝတ်စားလေ့ရှိသူပါ။ ဒါပေမဲ့ အဲဒီနေ့မှာတော့ သူ့ဆံပင်တွေက ဖိုးရိုးဖားရားဖြစ်နေပြီး မျက်လုံးတွေ လည်း နီမြန်းနေတယ်။ အဆိုးဆုံးကတော့ သူဟာ သေမလောက်ကြောက်နေခဲ့တာပါ။ သူက အဖေ့နာမည်ကိုခေါ်ပြီး အဖေထွက်လာတော့ အဖေ့လက်ကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်လိုက်တယ်။ ပြီးမှ အရူးတစ်ယောက်လို ကြောက်ကြောက်လန့်လန့်နဲ့ စကားစပြောလာတယ်။

သူ့ရှင်းပြပုံအရ သူဟာ နှစ်သစ်ကူးပါတီတစ်ခုကို တက်ရောက်ခဲ့ပြီး အဲဒီပါတီမှာ ပါတီခေါင်းဆောင် အကြီးအကဲတွေလည်း ရှိနေခဲ့တယ်။ အဲဒီမှာ ဦးလေးယောင်က စကားမှားပြောမိခဲ့တယ်။ ဦးလေးယောင်ဟာ မြောက်ကိုရီး ယားကိုရောက်ပြီးနောက်ပိုင်း ဂျပန်မှာရှိတဲ့ 'ဂျပန်ရောက်ကိုရီးယားလူမျိုး သမဂ္ဂ' ဥက္ကဋ္ဌ ဟမ်ဒိုဆူကူဆီ စာတွေရေးပို့နေခဲ့ပါတယ်။ ဦးလေးယောင်က ဥက္ကဋ္ဌဟမ်ဒိုဆူကူနဲ့သိတာ နှစ်ပေါင်းများစွာကြာခဲ့ပြီ ဖြစ်ပါတယ်။ ဒါပေမဲ့ ဥက္ကဋ္ဌဟမ်ဒိုဆူကူဆီက ပြန်စာတစ်စောင်မှမရခဲ့ပါဘူး။ ဒါကြောင့် ဦးလေး ယောင်ဟာ စိတ်အနှောင့်အယှက်ဖြစ်နေခဲ့တာ ဖြစ်ပါတယ်။

ဦးလေးယောင်ဟာ အဲဒီကိစ္စနဲ့ပတ်သက်ပြီး ပါတီမှာ လွှတ်ခနဲပြောမိသွားတယ်။ "လူတိုင်းက ကူညီထောက်ပံ့ပေးခဲ့လို့ ဒိုဆူကူဆိုတဲ့ကောင် ဥက္ကဋ္ဌ ဖြစ်လာတာပါ။ ဒါပေမဲ့ သူကတော့ သူ့အတွက် လူတွေ လုပ်ပေးခဲ့တဲ့အရာကို အသိအမှတ်မပြုခဲ့ဘူး။ အခုတော့ သူက ကျွန်တော့်ဆီ စာပြန်ဖို့တောင် ကြီးကျယ်နေပြီလေ။ တကယ့်ကို

အထက်ဖားအောက်ဖိကောင်ပါဗျာ” လို့ ပြောမိလိုက်တာ ဖြစ်ပါတယ်။

ဒါပေမဲ့ ဖြစ်ချင်တော့ အဲဒီစကားက အသက်အန္တရာယ်အထိခြိမ်းခြောက်ခံရနိုင်တဲ့ နမော်နမဲ့ အမှားတစ်ခု ဖြစ်သွားခဲ့တယ်။ နောက်နေ့မှာ ဦးလေးယောင်ဟာ ပါတီကနေ အထုတ်ခံလိုက်ရတယ်။ ဟမ်ဒိုဆူကူကို ဝေဖန်ခြင်းဟာ ကင်အီဆွန်းကို ဝေဖန်တာနဲ့ သဘောတရားအတူတူပဲ ဖြစ်ပါတယ်။

ဦးလေးယောင်ဟာ အဖေ့ကို ရင်ဖွင့်အပြီးမှာတော့ စိတ်နည်းနည်း ပြန်ငြိမ်လာခဲ့တယ်။

“ငါတို့ ကြုံကြုံခံ ရင်ဆိုင်ကြတာပေါ့ကွာ... ဟုတ်တယ်မဟုတ်လား.. အဆင်ပြေသွားမှာပါကွ... ငါသိနေပါတယ်။ မင်းလည်း သိလာပါလိမ့်မယ်”လို့ အဖေက နှစ်သိမ့်လိုက်တယ်။ အဲဒီထက် ပိုကောင်းတာ ဘာပြောရမှန်း အဖေလည်း တွေးလို့မရဘူးထင်ပါတယ်။

ဦးလေးယောင်က အဖေပြောတာကို ခေါင်းညိတ်ပြီး အီကိုဘက်လှည့် ကာ “ပျော်ပျော်နေနော်...သမီး" လို့ ပြောတယ်။ အဲဒီနောက် ကျွန်တော်တို့ကို နှုတ်ဆက်ပြီး ပြန်သွားတယ်။

အီကိုရဲ့ မင်္ဂလာဆောင်ပြီးဆုံးပြီး နောက်ရက်အနည်းငယ်အကြာမှာ ဦးလေးယောင် ဆွဲကြိုးချသေသွားတဲ့ သတင်းကို ကျွန်တော်တို့ ကြားလိုက်ရတယ်။ သူမသေခင်ရေးခဲ့တဲ့ စာလေးကတော့…

ကျွန်တော် မျက်နှာပျက် အရှက်ရခဲ့တာတွေ များပါပြီ၊ ကျွန်တော် ဒီလောကကြီးမှာ ဆက်ပြီး အသက်မရှင် ချင်တော့ပါဘူး။

ဒီလိုနဲ့ပဲ လူကောင်းတစ်ယောက်ရဲ့ ဘဝ ဆုံးရှုံးသွားခဲ့ရတယ်။ ဦးလေးယောင်ရဲ့ ရုပ်အလောင်းကိုကြည့်ဖို့ အဖေသွားတဲ့အချိန်မှာ လျှို့ဝှက်ရဲ တွေကရုပ်အလောင်းကိုသယ်သွားပြီးနှင့်နေပါပြီ။ ဦးလေးယောင်ရဲ့ဇနီးလည်း နောက်ထပ် ရက်အနည်းငယ်အကြာမှာ သူ့ကိုယ်သူ အဆုံးစီရင်သွားခဲ့တယ်။

ဂျပန်ကပြန်လာသူတွေထဲမှာ ဒီလို အဖြစ်ဆိုးမျိုး ဘယ်နှယောက် လောက်များ ကြုံခဲ့ရမလဲဆိုတာ ကျွန်တော် မသိပါဘူး။ ဒီလိုအဖြစ်မျိုးတွေ မရေမတွက်နိုင်အောင်ရှိမယ်လို့ ကျွန်တော် ထင်မိတယ်။ အချို့တွေကတော့ နိုင်ငံရေးအကျဉ်းသားတွေအတွက် သီးသန့်တည်ဆောက်ထားတဲ့ ချွေးတပ် စခန်းတွေဆီကို အပို့ခံခဲ့ရတယ်။ အချို့ကျတော့ ရာထူးက ဖယ်ရှားခြင်းခံရပြီး အချို့ကျတော့ ကွပ်မျက်ခြင်းခံရတယ်။ အသက်ပေါင်းများစွာ ဆုံးရှုံးခဲ့ရတယ်။

ကျွန်တော့်ရဲ့ နောက်ထပ် ညီမလေးတစ်ယောက်ဖြစ်တဲ့ ဟီဖူမီ အိမ်ထောင်ပြုလို့ရတဲ့အရွယ် ရောက်လာတဲ့အခါမှာတော့ လီဆောင်ရက်ဆိုတဲ့ အမျိုးသားတစ်ယောက်က ညီမလေးအတွက် ခင်ပွန်းလောင်းရှာပေးခဲ့ပါတယ်။ လီဆောင်ရက်ဟာလည်း ကြင်နာတတ်တဲ့ လူတစ်ယောက် ဖြစ်ပါတယ်။ သူဟာ 'ဂျပန်ရောက် ကိုရီးယားလူမျိုး သမဂ္ဂ'ရဲ့ လူမှုဆက်ဆံရေးဌာနမှာ အလုပ်လုပ်ခဲ့ဖူးသူဖြစ်ပြီး ဂျပန်ကနေ မြောက်ကိုရီးယားကို ပြောင်းလာချိန်မှာ ရေဒီယို၊ ရုပ်မြင်သံကြား ထုတ်လွှင့်တဲ့ ကိရိယာအချို့ သယ်ယူလာခဲ့သူဖြစ်ပါတယ်။ သူ့ရဲ့လုပ်ရပ်က ပါတီအတွက် တော်တော်လေး အကျိုးပြုခဲ့တာကြောင့် ပါတီကလည်း သူ့ကို လူသိရှင်ကြား အသိအမှတ်ပြု လေးစားကြောင်း ဖော်ပြခဲ့ပါတယ်။ သူက စာနာသနားတတ်တဲ့လူတစ်ယောက်လည်း ဖြစ်ပါတယ်။ ဟီဖူမီ လက်ထပ်ဖို့ အရွယ်ရောက်နေတာကို သိသွားချိန်မှာ ဝန်ဆန်မြို့က ဂျပန်ပြန်တစ်ယောက်ကို သူ ဆက်သွယ်ခဲ့တယ်။ အဲဒီနောက်ပိုင်း သိပ်မကြာ ခင်မှာပဲ ကျွန်တော့်ညီမနဲ့ ဝန်ဆန်မြို့က ဂျပန်ပြန်နဲ့ လက်ထပ်ဖြစ်ခဲ့ကြတယ်။ ဟီဇူမီရဲ့ယောကျ်ားကို ကျွန်တော် လုံးဝ သဘောမကျပါဘူး။ သူက ပျင်း တစ်ယောက်ပါ။ ကိုယ့်မိသားစုအတွက်တောင် မနည်း ရှာဖွေ စားသောက် နေရချိန်မှာ သူက အမြဲတမ်းလိုလို သူ့မိဘတွေအတွက် အစားအသောက် လာတောင်းပါတယ်။ တော်တော်ကို စိတ်ပျက်စရာကောင်းတဲ့ကိစ္စပါ။ အမေ ကတော့ သူမပေးဘဲ ငြင်းလိုက်ရင် ညီမလေးကို ဟိုကောင် နှိပ်စက်မှာစိုးလို့ ရွာသားတွေဆီက အစားအသောက် လိုက်တောင်းပြီး ကူညီပေးခဲ့ပါတယ်။ အဲဒီကောင်အစား အမေက လိုက်တောင်းပေးနေရတာကို ကျွန်တော် ကြည့်ရတာ ဘယ်လိုမှ အဆင်မပြေပါဘူး။ တဖြည်းဖြည်းနဲ့ ကျွန်တော်တို့ လည်း သူတို့ကို အစားအသောက် မပေးနိုင်တော့ပါဘူး။ နောက်ဆုံးမှာတော့ သူတို့လည်း ပူဂျွန်မြို့ကို ပြောင်းရွှေ့သွားခဲ့တယ်။

အဲဒီအချိန်မှာပဲ မစ္စတာလီဟာ ဆီနန်ဂျူးမှာရှိတဲ့ ရေဒီယိုနဲ့ ရုပ်မြင် သံကြားထုတ်လွှင့်ရေး ကိရိယာထုတ်တဲ့စက်ရုံမှာလုပ်ဖို့ တာဝန်ပေးအပ်ခြင်း ခံခဲ့ရပါတယ်။ ဒါပေမဲ့ သိပ်မကြာလိုက်ပါဘူး။ တစ်နေ့မှာတော့ မစ္စတာလီကို အစိုးရက သစ္စာဖောက်အဖြစ် ရုတ်တရက် သတ်မှတ်လိုက်တယ်။ အကြောင်း ကတော့ သူဟာ တောင်ကိုရီးယား အမျိုးသမီးတစ်ယောက်ကို လက်ထပ်ခဲ့ လို့ပါပဲ။ တကယ့်ပြဿနာက သူ့ဇနီးတော့ မဟုတ်ပါဘူး။ သူ့ဇနီးဟာ တောင်ကိုရီးယားအမျိုးသမီးတစ်ယောက်ဖြစ်မှန်း ပါတီက အရင်ကတည်းက သိနေခဲ့ပါတယ်။ တကယ်က သူ့ရဲ့ရာထူးအသစ်မှာ သူ့ဘဝအခြေအနေကို တိုးတက်အောင်လုပ်ခဲ့တာကြောင့် ဖြစ်ပါတယ်။ မစ္စတာလီဟာ အစိုးရက အလိုမရှိတော့တဲ့ လူတစ်ယောက်ဖြစ်လာခဲ့ပြီး ရာထူးကနေ ဖယ်ရှားခြင်း ခံခဲ့ရတယ်။ မစ္စတာလီဟာ နေ့ချင်းညချင်း ဘာမှ အသုံးမဝင်တော့သူ တစ်ယောက် ဖြစ်သွားခဲ့တယ်။ နောက်ပိုင်းမှာ ပြန်ကြားရတာတော့ မစ္စတာလီတို့မိသားစု

ပြိုကွဲသွားခဲ့ပြီး မစ္စတာလီဟာလည်း ဆီနန်ဂျူးရထား ဘူတာတစ်ဝိုက်မှာ လျှောက်သွားနေတဲ့ အိမ်ခြေရာမဲ့တစ်ယောက် ဖြစ်သွားတယ်ဆိုတာပါပဲ။

အဖေ့ရဲ့မိတ်ဆွေတွေ တစ်ယောက်ပြီး တစ်ယောက် ပျောက်ကွယ်လာခဲ့တယ်။ ကင်အူယွန်ဆိုတဲ့ လူဟာလည်း ဇာတ်သိမ်းမလှခဲ့တဲ့ အဖြစ်ကို ကြုံခဲ့ရတဲ့ အဖေ့မိတ်ဆွေ နောက်တစ်ယောက် ဖြစ်ပါတယ်။ ကင်အူယွန်ဟာ ဂျပန်ပြန်တစ်ယောက်ဖြစ်ပြီး ဂျပန်မှာတုန်းက ကာဝါဆာကီမြို့မှာ ပင်မင်းဆိုင် ဖွင့်ထားခဲ့သူဖြစ်ပါတယ်။ ကျွန်တော့်အဖေ့လိုပဲသူကလည်းဂျပန်အမျိုးသမီးကို လက်ထပ်ထားသူ ဖြစ်ပါတယ်။ မြောက်ကိုရီးယားကို ရောက်လာတဲ့အချိန်မှာ တော့ ကင်အူယွန်ဟာ ဘတ်စ်ကားမောင်းသူ တစ်ယောက် ဖြစ်လာခဲ့တယ်။ တစ်နေ့တော့ သူ့ရဲ့နားချိန်မှာ လုပ်ဖော်ကိုင်ဖက်တွေကို ဂျပန်တုန်းက သူ့ဘဝအကြောင်း ပြောပြခဲ့မိတယ်။ ရက်အနည်းငယ် ကြာတဲ့အခါမှာတော့ လျှို့ဝှက်ရဲတွေက သူနဲ့သူ့ဇနီးကို လာဖမ်းဆီးသွားခဲ့ပြီး ယိုဒေါ့ခ်ချွေးတပ်စခန်း ကို ပို့လိုက်ပါတယ်။ ယိုဒေါ့ခ်ချွေးတပ်စခန်းဆိုတာ နာမည်ဆိုးနဲ့ကျော်ကြားတဲ့ ဆိုးဆိုးရွားရွားနေရာတစ်ခု ဖြစ်ပါတယ်။ ဆယ်နှစ်လောက်ကြာပြီးနောက်မှာ တော့ ကင်အူယွန်ရဲ့ဇနီး လွတ်မြောက်လာပြီး ကျွန်တော်တို့ အိမ်ဘေးမှာ လာရောက်နေထိုင်ခဲ့ပါတယ်။ ဆယ်နှစ်ဆိုတာ အဲဒီလိုနေရာမျိုးတွေမှာတော့ တစ်ကမ္ဘာလောက် ကြာတဲ့အချိန်ဖြစ်ပါတယ်။ ကင်အူယွန်ရဲ့ဇနီးဟာ အရင်က တက်တက်ကြွကြွ ပျော်ပျော်ရွှင်ရွှင်နေတတ်တဲ့ အမျိုးသမီးတစ်ယောက်ပါ။ ဒါပေမဲ့ သူ ပြန်လွတ်လာတဲ့ အချိန်မှာတော့ ဘာခံစားချက်မှ မရှိတော့တဲ့ ပုံစံမျိုး ဖြစ်နေခဲ့တယ်။ သူ့မျက်နှာမှာ အရယ်အပြုံး မရှိတော့သလို သူ့အသံမှာလည်း ဘာခံစားချက်မှ မပါတော့ပါဘူး။ သူက လူတွေနဲ့ထိတွေ့ ဆက်ဆံရမှာကို အစွမ်းကုန် ရှောင်ရှားပါတယ်။ သူ့ကြည့်ရတာ အသက်မရှိတော့တဲ့ လူတစ်ယောက်လိုပါပဲ။

တစ်နေ့တော့ သူ့သားလေးကို ချီပြီး ကျွန်တော်တို့ အိမ်ရှေ့ကို ရောက်လာခဲ့တယ်။ သူဟာ လူတွေကို ရှောင်ရှားလေ့ရှိသူ ဖြစ်တာကြောင့် ကျွန်တော်တို့အားလုံး ရုတ်တရက် အံ့သြသွားတယ်။ နောက်မှ သိလိုက်ရ တာက သူ့သားလေး အပြင်းအထန် ဖျားနေလို့ ရောက်လာတယ်ဆိုတာပါပဲ။ ကျွန်တော် သူ့သားလေးကို ကျောပေါ်တင်ပြီး ရွာဆေးခန်းကို ခေါ်သွား လိုက်တယ်။

“သူ့လျှာမှာ ပြည်တည်နေတယ်ဗျ။ ပြီးတော့ သူအစားမစားတာ ကြာနေပြီ။ သူ့ကို ပင်နီဆလင်ထိုးပေးပါလား ဆရာ" လို့ကျွန်တော် ဆရာဝန်ကို မေးလိုက်တယ်။

ပင်နီဆလင်ထိုးရုံနဲ့ အဆင်ပြေမလား မပြေလားတော့ ကျွန်တော် မသိပါဘူး။ ဒါပေမဲ့ မြောက်ကိုရီးယားမှာက ဆေးဆိုလို့ ဒီတစ်ခုပဲ ရှိပါတယ်။ ဒီကလေးအသက်ရှင်ဖို့ ပင်နီဆလင်တစ်ခုပဲ ကယ်နိုင်လိမ့်မယ်လို့ ကျွန်တော် ယူဆခဲ့တာပါ။

“ဘာ…ငါက သူ့ကို ဆေး အလကား ကုပေးရမယ်…ဟုတ်လား၊ တော်တော်အတင့်ရဲတဲ့ ငတုံးကောင်ပဲ၊ ငါ့ရဲ့ တန်ဖိုးရှိတဲ့ ဆေးတွေကို ဘာလို့ ဒီကလေးအတွက် သုံးရမှာလဲ၊ ပိုက်ဆံ အရင်ပေးလေ၊ ပိုက်ဆံ မပေးနိုင်ရင် ဆေးဘက်ဝင်အပင်တစ်ခုခုယူခဲ့လေ၊ အဲဒီအခါကျမှ စကားပြောကြတာပေါ့” လို့ ဆရာဝန်က ပြန်ပြောတယ်။

တကယ်ဆိုရင် မြောက်ကိုရီးယားမှာ ကျန်းမာရေးစောင့်ရှောက်မှု အားလုံးဟာ အခမဲ့ဖြစ်ရမှာပါ။ ဒါပေမဲ့ လက်တွေ့မှာတော့ အခမဲ့မရပါဘူး။ လူဆင်းရဲတွေဟာ ဆရာဝန်ကို တစ်ခုခုမပေးဘဲ ဆေးကုသမှု ခံယူလို့ မရပါဘူး။ ပိုက်ဆံမရှိရင် အရက်ဖြစ်ဖြစ် ယူလာပေးရပါတယ်။ တရုတ် ဆေးဝါး တစ်ခုခု ယူလာပေးလည်း ရပါတယ်။ အဲဒီလိုမှ မဟုတ်ရင်တော့ ဆေးခန်းသွားဖို့ကိစ္စကို မေ့လိုက်တာ အကောင်းဆုံးပါပဲ။

ဆေးခန်းက နံရံပေါ်မှာ ကပ်ထားတဲ့ ဆောင်ပုဒ်တစ်ခုကို ကျွန်တော် သတိထားမိလိုက်တယ်။ အဲဒီမှာ ရေးထားတာက ‘ဆေးဝါးကုသခြင်းဟာ အများအကျိုးဆောင်သော အနုပညာဆန်တဲ့ လုပ်ရပ်တစ်ခုဖြစ်ပြီး ဆရာဝန် တစ်ယောက်ဟာ အခြားလူတွေထက် ပိုပြီး ကွန်မြူနစ်ပီသသူ ဖြစ်သင့်တယ်’ ဆိုတဲ့ စာသားဖြစ်ပါတယ်။ အဆိုပါစာသားဟာ ကင်အီဆွန်းရဲ့ စကားဖြစ်ပါတယ်။

ရုတ်တရက် ကျွန်တော် သွေးတွေဆူလာပြီး ဒေါသတွေ ပေါက်ကွဲ ထွက်လာတယ်။

“ခင်ဗျား တကယ် ဆေးကုပေးတာ ဘယ်သူတွေရှိလဲ၊ ဘယ်သူမှ မရှိဘူး''လို့ အော်ပြောရင်း ကျွန်တော် ဆရာဝန်ကို လက်သီးနဲ့ထိုးလိုက်တယ်။

ကျွန်တော့် ရင်ဘတ်ထဲမှာ အကြာကြီးထိန်းထားရတဲ့ ရေကာတာကြီးတစ်ခု ကျိုးပေါက်သွားသလိုပါပဲ။ နှစ်ပေါင်းများစွာ မျိုသိပ်ခံစားခဲ့ရတဲ့ ဆင်းရဲဒုက္ခ တွေနဲ့ မျှော်လင့်ချက်ကင်းမဲ့မှုတွေဟာ အုံကြွ ပေါက်ကွဲထွက်လာတယ်။ ရုတ်တရက် သူ့အပေါ်ကို ရောက်သွားပြီး အပေါ်စီးကနေ လက်သီးနဲ့ အဆက်မပြတ် ထိုးနေမိတယ်။ ဒါပေမဲ့ ကျွန်တော့်ဒေါသတွေက ဒီလောက်နဲ့ ရပ်မသွားခဲ့ပါဘူး။ ကျွန်တော့်သွေးတွေ ပွက်ပွက်ဆူနေခဲ့တာကြောင့် အိမ်ကို ပြန်ပြီး ဓားပြန်ယူခဲ့တယ်။ အဲဒီဆရာဝန်ကို ကျွန်တော် သတ်ချင်နေခဲ့တာပါ။ လူတွေကို မကူညီပေးချင်တဲ့ ဆရာဝန်ဆိုတာ ဘာမှကို အသုံးမဝင်တဲ့ လူတစ်ယောက်ပါ။ ဆရာဝန်ဆိုတဲ့ ဂုဏ်ပုဒ်နဲ့ ဘယ်လိုမှ မအပ်စပ်တဲ့လူပါ။ ဓားယူပြီး ပြန်လာချိန်မှာ ရဲတွေအများအပြား ဆေးခန်းရဲ့ ကော်ရစ်ဒါမှာ ရောက်နေကြပါပြီ။ ကျွန်တော် ရဲတွေကိုပါ သတ်ပစ်ဖို့ စဉ်းစားခဲ့ပါသေးတယ်။ ဒါပေမဲ့ ရုတ်တရက်ဆိုသလို အဖေရောက်ချလာပြီး ကျွန်တော့် လက်ထဲက ဓားကို ဆွဲလုသွားတယ်။

အဲဒီနေရာကနေ ချက်ချင်းထွက်သွားဖို့ အဖေက ကျွန်တော့်ကို ပြောတယ်။ ရုတ်တရက် ကျွန်တော် ဘာတွေလုပ်နေမိခဲ့လဲဆိုတာ အသိစိတ် ပြန်ဝင်လာပြီး အိမ်ကို ပြန်ပြေးသွားခဲ့တယ်။

အဖေကတော့ ဆေးခန်းမှာ ခဏနေခဲ့တယ်။ အဲဒီနောက် အဖေ အိမ်ကို ပြန်လာခဲ့တယ်။ သုံးရက်ကြာတဲ့နောက်မှာတော့ အဖေ ရဲစခန်းကို ခဏသွားရတယ်။ ဒါပေမဲ့ ဒဏ်ရာဒဏ်ချက်တစ်ခုမှမရှိဘဲ အိမ်ကို ပြန်ရောက် လာတယ်။ ဘာတွေ ဖြစ်ပျက်ခဲ့လဲဆိုတာတော့ ကျွန်တော် လုံးဝမသိပါဘူး။ အဖေက ကျွန်တော့်ကို တစ်ခါမှ ပြန်မပြောပြခဲ့ဘူး။ ဒါပေမဲ့ အခြေအနေတော့ ကောင်းပုံပါပဲ။ ဘာလို့လဲဆိုတော့ ကျွန်တော် အဖမ်းမခံခဲ့ရသလို ဘာမှလည်း ထူးထူးခြားခြား ဖြစ်လာတာ မရှိခဲ့လို့ပါပဲ။

ရန်ဖြစ်တာတို့၊ ကြမ်းကြမ်းရမ်းရမ်း သွေးဆိုးတာတို့ကို ကျွန်တော် မုန်းခဲ့ဖူးတယ်။ အထူးသဖြင့် ကျွန်တော် ကလေးဘဝက အဖေ အမေ့ကို ရက်ရက်စက်စက် ရိုက်နှက်တာတွေ တွေ့ခဲ့ရပြီးနောက်ပိုင်းမှာပေါ့။ ဒါပေမဲ့ ဆရာဝန်နဲ့ စကားများရန်ဖြစ်ပြီးနောက်ပိုင်းမှာ ကျွန်တော့်ရဲ့ စိတ်သဘောထား ပြောင်းသွားခဲ့တယ်။ ကြမ်းကြမ်းရမ်းရမ်း သွေးဆိုးတာဟာ ကျွန်တော့်ရဲ့ မွန်းကျပ်စရာ ကောင်းလွန်းတဲ့ ဘဝကြီးအတွက် တစ်ခုတည်းသော ထွက်ပေါက်လို ဖြစ်လာတယ်။ လူကောင်းတွေ ရာထူးက ထုတ်ပယ်ခံရတာ၊ နယ်နှင်ခံရတာ၊ ဘဝတစ်ခုလုံး ဖျက်ဆီးခံရတာတွေကို ဘေးကရပ်ကြည့်နေ ခဲ့ရင်း ကျွန်တော် အကူအညီမဲ့သလို တောက်လျှောက် ခံစားနေခဲ့ရတယ်။ အမေကတော့ ကျွန်တော့်ကို ဒေါသထိန်းဖို့ ဆုံးမပါတယ်။ မဟုတ်ရင် ကျွန်တော်လည်း အခြားသူတွေလိုပဲ ပျောက်ကွယ်သွားမှာလေ။

※

၁၉၇၀ ပြည့်နှစ်ကျော် ကာလတွေမှာ ဆောင်ပုဒ် အသစ်တစ်ခု ပေါ်လာခဲ့တယ်။ ‘မြန်နှုန်းမြှင့်တင်ရေးဗျူဟာ’ တဲ့။ ဒီစကားဟာလည်း ကျွန်တော်တို့ရဲ့ အစည်းအဝေးတွေမှာ နားကြားပြင်းကတ်လောက်အောင် အသုံးများတဲ့စကား ဖြစ်လာခဲ့တယ်။ ကင်အီဆွန်းရဲ့ ပညတ်ချက်(၁၀)ချက် ကိုလည်း ကျွန်တော်တို့အားလုံး အလွတ်ကျက်ခဲ့ရတယ်။ အဲဒီ ပညတ်ချက် (၁၀)ချက်ကို ကျွန်တော်တို့ရဲ့ ခေါင်းထဲမှာ ဘယ်အချိန်ဖြစ်ဖြစ် စွဲနေအောင် အကြိမ်ပေါင်းများစွာ ပြန်ဆိုပြခဲ့ရတယ်။

အဲဒီပညတ်ချက်(၁၀)ချက်ကို ဒီနေ့အထိ အလွတ်ရနေပါသေးတယ်။ အလွတ်ရနေမှာပေါ့ ၊ အလွတ်မရရင်လည်း ကျွန်တော် သေတာကြာပြီလေ။ အဲဒီ(၁၀)ချက်ကတော့...

(၁) ခေါင်းဆောင်ကြီး ကင်အီဆွန်း၏ တော်လှန်ရေးအတွေးအခေါ်ဖြင့် လူ့အဖွဲ့အစည်းတစ်ခုလုံးကို ပေါင်းစည်းရန် ကြိုးစားရာတွင် ကျွန်ုပ်တို့အားလုံး အစွမ်းကုန်ကူညီရမည်။

(၂) ကျွန်ုပ်တို့၏ခေါင်းဆောင်ကြီးကင်အီဆွန်းအား ကျွန်ုပ်တို့၏သစ္စာစောင့်သိခြင်းဖြင့် ဂုဏ်ပြုရမည်။

(၃) ကျွန်ုပ်တို့၏ခေါင်းဆောင်ကြီးကင်အီဆွန်းထံအခွင့်အာဏာကိုအကြွင်းမဲ့ အပ်နှံရမည်။

(၄) ကျွန်ုပ်တို့သည် ခေါင်းဆောင်ကြီး ကင်အီဆွန်း၏ တော်လှန်ရေး အတွေးအခေါ်များကို ကျွန်ုပ်တို့၏ယုံကြည်ချက်အဖြစ် သတ်မှတ်ရမည်ဖြစ်ပြီး ခေါင်းဆောင်ကြီး၏ ညွှန်ကြားချက်များကို ဘာသာတရားတစ်ခုလို ယုံကြည် ရမည်။

(၅) ကျွန်ုပ်တို့သည် ခေါင်းဆောင်ကြီးကင်အီဆွန်း၏ ညွှန်ကြားချက်များကို လိုက်နာရာတွင် ခြွင်းချက်မရှိလိုက်နာသောမူဝါဒကို တင်းကျပ်စွာ လိုက်နာ ကျင့်သုံးရမည်။

(၆) ကျွန်ုပ်တို့သည်ခေါင်းဆောင်ကြီးကင်အီဆွန်းအားဗဟိုပြု၍ပါတီတစ်ခု လုံး၏ အတွေးအခေါ်၊ ဆုံးဖြတ်ချက်၊ တော်လှန်ရေးစည်းလုံးမှုတို့အားလုံးကို ခိုင်မာအောင် ပြုလုပ်ရမည်။

(၇) ကျွန်ုပ်တို့သည် ခေါင်းဆောင်ကြီးကင်အီဆွန်းထံမှ သင်ယူထားသော ကွန်မြူနစ်အသွင်အပြင်များ၊ နည်းစနစ်ဟောင်းများအား တော်လှန်ထားသော အလုပ်လုပ်ပုံနည်းလမ်းများ၊ ပါဝင်လုပ်ဆောင်သူကို အလေးထားဗဟိုပြုသော အလုပ်လုပ်ပုံများကို မွေးမြူကျင့်သုံးရမည်။

(၈) ခေါင်းဆောင်ကြီးကင်အီဆွန်းပေးထားသော လူနေမှုဘဝကို ကျွန်ုပ်တို့ တန်ဖိုးထားရမည်ဖြစ်ပြီး ခေါင်းဆောင်ကြီး၏ ကြီးမြတ်သောယုံကြည်မှုနှင့် အများအတွက်ထောက်ထားစာနာပေးတတ်ခြင်းကို ကျွန်ုပ်တို့က မြင့်မားသော နိုင်ငံရေးအသိပညာ၊ကျွမ်းကျင်မှုတို့ဖြင့် ပြန်လည်ပေးဆပ်ရမည်။

(၉) ခေါင်းဆောင်ကြီးကင်အီဆွန်း၏ ခေါင်းဆောင်မှုတစ်ခုတည်းအောက်တွင် ပါတီ၊ တိုင်းပြည်နှင့် စစ်တပ်တို့ အားလုံး တစ်ပြိုင်နက် တိုးတက်စေရန် ခိုင်မာသော စည်းမျဉ်းစည်းကမ်းများကို ကျွန်ုပ်တို့ချမှတ်ထူထောင်ရမည်။

(၁၀) ခေါင်းဆောင်ကြီးကင်အီဆွန်း၏ ကြီးမြတ်သော တော်လှန်ရေးအောင်မြင်မှုများကို မျိုးဆက်သစ်များထံသို့ လက်ဆင့်ကမ်းရမည်ဖြစ်ပြီး မျိုးဆက်

သစ်များသည် ခေါင်းဆောင်ကြီး၏ တော်လှန်ရေးအမွေကို ဆက်ခံကာ ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်စွမ်းဆောင်ရမည်။

နောက်ပိုင်းမှာ အာဖြဟံဘာသာတရားတွေရဲ့ ပညတ်တော်(၁၀)ပါး ကို ကျွန်တော် ဖတ်ကြည့်ခဲ့ပါ သေးတယ်။ အဲဒီမှာ ဘုရားသခင်ဆိုတဲ့စကားလုံး ကို ဘယ်နှကြိမ် ရည်ညွှန်းထားလဲဆိုတာ ခင်ဗျားလည်း သိမှာပါ။ ငါးနေရာ လောက်ပဲ ပါဝင်ပါတယ်။ ကင်အီဆွန်းကတော့ သူ့နာမည်ကို ဆယ်ချက်လုံးမှာ ထည့်ထားပါတယ်။ ဘုရားသခင်တောင်ခေါင်းဆောင်ကြီးကင်အီဆွန်းဆီကနေ ပညာသင်ရမဲ့ပုံပါပဲ။

တကယ့်လက်တွေ့မှာတော့ 'မြန်နှုန်းမြှင့်တင်ရေးဗျူဟာ' ဆိုတာ ကျွန်တော်တို့အားလုံးဟာ မြေကြီးရှိတဲ့နေရာတိုင်းမှာ လယ်ကွင်းတွေဖန်တီးပြီး တောင်တန်းတွေကို လှေကားထစ်စိုက်ကွင်းတွေအဖြစ်. ပြောင်းလဲပစ်ရမယ်လို့ ဆိုလိုတာပါ။ ဒါကို အောင်မြင်အောင်လုပ်နိုင်ဖို့ဆိုရင် အလုပ်ကြမ်းသမားတွေ အများကြီးထပ်လိုပါတယ်။

၁၉၇၀ ပြည့်နှစ်ရဲ့ နွေဦးရာသီမှာတော့ ချွန်ပြုံရီရွာရဲ့ အနီးနားမှာ ရှိတဲ့ သမဝါယမစိုက်ပျိုးမွေးမြူရေးခြံမှာ အလုပ်လုပ်ဖို့ ကျွန်တော် တာဝန်ကျ ခဲ့တယ်။ နောက်တွဲ တပ်ထားတဲ့ ထရက်တာပေါ် အခြား အလုပ်သမား သုံးယောက်ကို တင်ရင်း ကျွန်တော်တို့ သွားရမဲ့နေရာကို တဖြည်းဖြည်း မောင်းလာခဲ့တယ်။

ကျွန်တော်တို့ စိုက်ပျိုးမွေးမြူရေးခြံကို ရောက်သွားချိန်မှာတော့ စစ်တပ်က ထရပ်ကားတစ်စီးပေါ်ကို တက်ရပါတယ်။ မိနစ်သုံးဆယ်ခန့် ကားစီးပြီးချိန်မှာတော့ စစ်သားတွေနဲ့ လယ်သမားတွေ ကြိုးစားပမ်းစား အလုပ်လုပ်နေကြတဲ့ ခပ်နက်နက်တောင်ကြားတစ်ခုကိုရောက်သွားပါတယ်။ ကျွန်တော်တို့အားလုံး ရောက်ရှိကြောင်း သတင်းပို့ပြီးနောက် ကျွန်တော်တို့ကို အလုပ်ကြမ်း ဘောင်းဘီထုတ်ပေးပါတယ်။ ဒါဟာ မြောက်ကိုရီးယားကို စရောက်ကတည်းက ပထမဆုံးရဖူးတဲ့ ဘောင်းဘီအသစ်တစ်ထည် ဖြစ်ပါတယ်။ ဖွာလန်ကြဲနေတဲ့ ဘောင်းဘီအဟောင်းကို ချွတ်ပြီး ဘောင်းဘီအသစ် ကို ကျွန်တော် ဝတ်ဆင်လိုက်တယ်။ ကျွန်တော် နည်းနည်းတောင် အူမြူးသွားတယ်။ ကျွန်တော့်ပုံကိုသာ ခင်ဗျားတွေ့ခဲ့ရင် ကျွန်တော် ထီပေါက်ထားတာ လို့တောင် ထင်သွားမှာသေချာတယ်။

နောက်နေ့မနက် ငါးနာရီမှာ ကျွန်တော်တို့ အိပ်နေတဲ့ စစ်တန်းလျား ပုံစံ တဲရှည်ကြီးအတွင်းမှာ စစ်ခရာသံ အကျယ်ကြီးမြည်လာပြီး ကျွန်တော်တို့ အားလုံး အိပ်ရာထကြရတယ်။ လူစုံမစုံစစ်ဆေးတာ ခံယူပြီးနောက်မှာတော့ တောင်ကြားမှာရှိတဲ့ မြစ်ဆီကို တန်းစီပြီး ပြေးသွားကြရတယ်။ ကျောက်တုံး တွေနဲ့

ပြည့်နှက်နေပြီး အေးစက်နေတဲ့မြစ်ထဲမှာ ကျွန်တော်တို့အားလုံး မျက်နှာသစ်ကြရတယ်။ မျက်နှာပေါ်ကိုရောက်လာတဲ့ ရေခဲတမျှအေးတဲ့ ရေတွေကြောင့် မျက်နှာတစ်ခုလုံး ကျင်ခနဲ ဖြစ်သွားပြီး လက်ပါထုံသွားတယ်။ အဲဒီနောက် စစ်သားတွေစုဝေးတဲ့နေရာကို ကျွန်တော်တို့ ပြေးသွားကြ ရတယ်။ အံ့အားသင့်စရာကောင်းတာကတော့ စားရိပ်သာကိုရောက်သွားတဲ့ အခါမှာ ကျွန်တော်တို့ကို ဆန်အဖြူကျွေးတာပါပဲ။ ကျွန်တော် ဆန်အဖြူ မစားရတာ တော်တော်ကို ကြာနေခဲ့ပါပြီ။ တကယ်တော့ ဒီဆန်အဖြူကို မြင်ခွင့်ရလိုက်လို့ ကျွန်တော်တို့ တော်တော်များများ မျက်ရည်တွေ ဝဲလာခဲ့ ကြတယ်။ ကျွန်တော် စားရိပ်သာကနေ ပြန်တောင်မထွက်ချင်တော့ပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့ စားပြီးတာနဲ့ အလုပ်ကို တန်းသွားရပါတယ်။

ကျွန်တော်တို့လုပ်ရတဲ့အလုပ်က စစ်သားတွေ တောင်ကိုဖောက်ပြီး ဥမင်လိုဏ်ခေါင်းတူးရာကနေ ထွက်လာတဲ့ ကျောက်ခဲတွေ၊ မြေကြီးတွေကို သယ်ရတဲ့အလုပ် ဖြစ်ပါတယ်။ ဒီဥမင်လိုဏ်ခေါင်းတွေကို ယမ်းမှုန့်တွေနဲ့ လက်နက်ခဲယမ်းစက်ရုံတွေထားဖို့ စစ်တပ်က တူးဖော်နေခဲ့တာပါ။ ကိုရီးယား စစ်ပွဲအတွင်းမှာ လက်နက်စက်ရုံ တော်တော်များများဟာ အမေရိကန်တွေရဲ့ လေကြောင်းက ဗုံးကြဲတိုက်ခိုက်မှုကို ခံခဲ့ရပြီး ပျက်စီးသွားခဲ့ကြတယ်။ ဒါကြောင့်အဲဒီလက်နက်စက်ရုံတွေကိုမြေအောက်မှာပြန်လည်တည်ဆောက် ဖို့ ကြိုးစားနေတာ သဘာဝတော့ ကျပါတယ်။ ဒါပေမဲ့ မြေအောက်မှာ ဆွဲထားတဲ့ လျှပ်စစ်ဓာတ်အားလိုင်းတွေဟာ ကောင်းကောင်း အလုပ်မလုပ် ပါဘူး။ မီးအားက အရမ်းနည်းလွန်းပါတယ်။ ဒါကြောင့် အချို့စက်ရုံတွေ မလည်ပတ်နိုင်ဘူး ဖြစ်နေခဲ့တယ်။ လိုဏ်ခေါင်းဖောက်ရာကနေ ထွက်လာတဲ့ ကျောက်ခဲနဲ့ မြေကြီးတွေကို ရှင်းထုတ်ရတဲ့ အလုပ်ဟာ ဘယ်လောက် ပင်ပန်းမလဲ ဆိုတာတော့ ရှင်းပြစရာလိုတော့မယ် မထင်ပါဘူး။

ရက်သတ္တပတ် အနည်းငယ် ကြာတဲ့အခါမှာတော့ အီကိုရဲ့ခင်ပွန်း ကန်ကီဆွန်းဆီက ကြေးနန်းစာတစ်စောင် ကျွန်တော့်ဆီ ရောက်လာခဲ့တယ်။

"မင်္ဂလာဆောင်၊ ဇန်နဝါရီလ(၂၅)ရက်။ (၂၄)ရက်နေ့အရောက် အိမ်ပြန်ခဲ့ပါ"

ဆိုပြီး စာထဲမှာရေးထားတယ်။ ဘယ်သူ့မင်္ဂလာဆောင်လဲဆိုတာ မရေးထား တော့ ကျွန်တော်လည်း ခန့်မှန်းလို့ မရဖြစ်နေခဲ့တယ်။ အိမ်မှာ တစ်ခုခု ဆိုးဆိုးရွားရွားဖြစ်နေပြီး စာထဲမှာ ဖော်ပြလို့မကောင်းတဲ့အရာမို့ လျှို့ဝှက် သင်္ကေတအနေနဲ့ 'မင်္ဂလာဆောင်'လို့ ရေးလိုက်တာဖြစ်မယ်လို့ ကျွန်တော် တွေးမိလိုက်တယ်။ ကျွန်တော်တို့မိသားစုမှာ ကံဆိုးမိုးမှောင်ကျတဲ့အဖြစ်ဆိုး တွေ အများကြီးဖြစ်ဖူးတော့ တစ်ခုခုဆိုရင် အဆိုးဆုံးတွေးထားတတ်တာ အကျင့်ပါနေပါပြီ။

သဲတွေ၊ ကျောက်စရစ်မှုန့်တွေနဲ့ ပြည့်နှက်နေတဲ့ ကျွန်တော့်ရဲ့ အလုပ်နေရာကို ပြန်သွားပြီး တာဝန်ကျအရာရှိကို ကြေးနန်းစာနဲ့ပတ်သက်တဲ့ ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်တယ်။ ဒိုင်းနမိုက်ဖောက်ခွဲသံတွေ ဆူညံနေတဲ့ကြားကနေ သူက “မင်းသွားလို့ရတယ်” လို့ ပြန်ပြောလာတယ်။ ကျွန်တော် အဲဒီနေရာကနေ ချက်ချင်း ထွက်လာခဲ့ပြီး ထရက်တာပေါ် တက်ကာ ဒွန်ချွန်ရီရွာလေးဆီ အရှိန်ကုန် မောင်းသွားခဲ့တယ်။ ထရက်တာကို မောင်းနေရင်း ကျွန်တော့်စိတ်ထဲမှာ ကြောက်နေမိတဲ့အရာတွေကို စဉ်းစားနေ ခဲ့တယ်။ အလုပ်က ပင်ပန်းတဲ့အလုပ်ကြမ်းဖြစ်ပေမဲ့ ဒီအလုပ်ကနေ ထွက်လာ ရတာ စိတ်ထဲ သက်သောင့်သက်သာ မရှိလှပါဘူး။ အနည်းဆုံးတော့ ဒီအလုပ်မှာ အစားအသောက်အတွက် စိတ်ပူစရာမလိုဘူးလေ။ ဘောင်းဘီ အသစ်တစ်စုံ ရထားတဲ့အပြင် စစ်ဖိနပ် အသစ်တစ်စုံလည်း ရထားပါ သေးတယ်။ ဒါဟာ မြောက်ကိုရီးယားကို စရောက်ကတည်းက ကျွန်တော့် ခြေထောက်နဲ့ တကယ်တော်တဲ့ ပထမဆုံးဖိနပ်လည်း ဖြစ်ပါတယ်။

အိမ်ကို ပြန်ရောက်တော့ မင်္ဂလာဆောင်အတွက် ပြင်ဆင်နေကြ တာကို တွေ့လိုက်ရတယ်။ ဆန်မုန့်တွေ၊ အသားဟင်း၊ ငါးဟင်းတွေနဲ့ ဆာကေးအရက်တွေ ပြင်ဆင်ထားတာကိုလည်းတွေ့ရတယ်။ ဘာတွေဖြစ်ပျက်နေမှန်း ကျွန်တော် နားမလည်နိုင်သေးပါဘူး။ ဒါကြောင့် ဒီအတိုင်းမတ်တတ်ရပ်ပြီးပဲ ကြည့်နေမိတယ်။ အဲဒီနောက်မှာတော့ ကန်ကီဆွန်းရဲ့အမေက ကျွန်တော့်ဆီ လျှောက်လာပြီး “သတင်းကောင်းပဲကွယ်...ဒီနေ့က မင်းရဲ့မင်္ဂလာဆောင်လေ" လို့ ဆိုလာတယ်။

ကျွန်တော် အံ့ဩလွန်းလို့ ခေါင်းနားပန်းပါ ကြီးသွားတယ်။ ‘အံ့ဩတယ်' ဆိုတဲ့ စကားလုံးက တကယ်တော့ ကျွန်တော် ခံစားခဲ့ရတဲ့ ခံစားချက်ကို အပြည့်အဝ မဖော်ပြနိုင်ပါဘူး။ ကျွန်တော် ကြက်သေ သေနေမိတယ်။ အံ့ဩလွန်းလို့ တစ်ကိုယ်လုံး လှုပ်လို့တောင် မရဘူး။

ကျွန်တော် လက်ထပ်ရမဲ့ အမျိုးသမီးနာမည်က လီဟီဆူကူလို့ ခေါ်တယ်တဲ့။ သူ့အဖေက ဟမ်ဟန်းမြို့မှာရှိတဲ့ ဓာတ်အားပေးစက်ရုံရဲ့ ဒုတိယ မန်နေဂျာတစ်ယောက်ပါ။ လီဟီဆူကူက အမြင်အာရုံ ချို့ယွင်းနေသူ ပါ။ ပြောရမှာ အားတော့နာပါတယ်။ ဒါပေမဲ့သူက ရုပ်လည်း လုံးဝမလှပါဘူး။ ကျွန်တော်ကဂျပန်ပြန်တစ်ယောက်ဖြစ်ပြီးဆင်းရဲသားတစ်ယောက် ဖြစ်ရုံနဲ့ ကိုယ်တိုင် ဇနီးမယား မရှာနိုင်တော့ဘူးလို့ ထင်နေကြတာလားဗျာ။ ဒါကြောင့်များ ကျွန်တော့်ကို ဇနီးတစ်ယောက် ကူရှာပေးကြတာလား။

အဖေက ကန်ကီဆွန်းရဲ့အမေနားမှာ ထိုင်နေပါတယ်။ ခဏကြာမှ သိလိုက်ရတာက ကန်ကီဆွန်းအမေကို ကျွန်တော့် အတွက် ဇနီးလောင်း ရှာခိုင်းတဲ့သူဟာ အဖေကိုယ်တိုင် ဖြစ်နေတယ်ဆိုတာပါပဲ။ ဒါပေမဲ့ အဲဒီလို

ရှာခိုင်းမိတဲ့ အဖေကိုယ်တိုင်တောင် အခုဇနီးလောင်းဟာ ကျွန်တော့်အတွက် ရက်စက်ရာကျလွန်းနေတယ်လို့ ထင်နေမိပါပြီ။

ဒီမင်္ဂလာဆောင်နောက်ကွယ်က အမှန်တရားက တဖြည်းဖြည်းနဲ့ ပေါ်လာခဲ့တယ်။ တကယ်တော့ ဒီမင်္ဂလာဆောင်ကို အမြန်ဆုံးကျင်းပ ခိုင်းတာဟာ ဟီဆူကူရဲ့မိထွေးပါ။ မိထွေးဖြစ်သူဟာ ဟီဆူကူကို အမြန်ဆုံး ရှင်းထုတ်ပစ်ချင်ခဲ့ပြီး ဒီမင်္ဂလာဆောင်က သူ့အတွက် မဟာအခွင့်အရေး တစ်ခု ဖြစ်သွားခဲ့ပါတယ်။ နောက်ပိုင်းမှသိခဲ့ရတာက မိထွေးဖြစ်သူဟာ ဟီဆူကူကို ကြည့်မရဖြစ်နေခဲ့ပြီး မကြာခဏဆိုသလို အနိုင်ကျင့်ညှဉ်းပန်း နှိပ်စက်ခဲ့တယ်ဆိုတာပါပဲ။ ကန်ကီဆွန်းရဲ့အမေကတော့ ဒါတွေ မသိခဲ့ပါဘူး။

ဒီတော့ ကန်ကီဆွန်းအမေကိုလည်း အပြစ်တင်လို့ မရပါဘူး။ ကျွန်တော် ဘာဆက်လုပ်ရမှန်းမသိ ဖြစ်နေခဲ့တယ်။ နောက်ဆုံးတော့ ဒီမင်္ဂလာဆောင်ကို ရပ်တန့်လိုက်ရင် ပိုပြီး အလုပ်ရှုပ်ကုန်မယ်လို့ ကျွန်တော် တွေးမိလိုက်တယ်။ နောက်ပြီး ငြင်းခုံဖို့အင်အားလည်း ကျွန်တော့်မှာ မရှိခဲ့ဘူး။ ကျွန်တော့်မှာ ရွေးချယ်စရာလည်း သိပ်မရှိလှပါဘူး။ ဒီတော့ ဘာမှမပြောဘဲ ငြိမ်နေလိုက်ပါ တော့တယ်။ အဲဒီအချိန်မှာ ကျွန်တော် အသက် (၂၃)နှစ် ရှိနေခဲ့ပါပြီ။

မင်္ဂလာဆောင်ပြီးလို့ ရက်အနည်းငယ် ကြာတဲ့အခါမှာတော့ ကျွန်တော် မနက်စာပြင်နေတုန်း အဖေက ကျွန်တော့်နားကို ရောက်လာပြီး-

"မင်းအတွက် ဇနီးလောင်းရှာပေးဖို့ ကန်ကီဆွန်းရဲ့ . အမေကို အကူအညီတောင်းခဲ့တာ မှားသွားမှန်း အဖေ အခု နားလည်သွားပါပြီ။ မင်းက ငါ့ရဲ့တစ်ဦးတည်းသောသားပါ။ မင်းပျော်တာပဲ ငါမြင်ချင်ပါတယ်ကွာ။ မင်း သူ့ကို ကွာရှင်းပြီး မင်းအတွက်သင့်တော်တဲ့ မိန်းကလေးကို ရှာတာပဲ ပိုကောင်းပါလိမ့်မယ်" လို့ ပြောလာပါတယ်။

"သူ့မှာ အခြား သွားစရာနေရာမရှိဘူး...အဖေ၊ အခုတော့ အားလုံး လက်လွန်ပြီးနေပြီလေ၊ သူ ကျွန်တော်နဲ့ဆက်နေပါစေ၊ သူ့ကို ကျွန်တော် စောင့်ရှောက်ပါ့မယ်'' လို့ ကျွန်တော် ပြန်ပြောလိုက်တယ်။

"မင်းသဘောပါပဲ၊ အဲဒါဆိုရင်တော့ သူ့ကို စောင့်ရှောက်လိုက်ပါ၊ ဒါပေမဲ့ ငါတော့ သူ့ကို ချွေးမအဖြစ်လက်မခံနိုင်ဘူးကွ၊ မင်း သူနဲ့ ဆက်နေမယ်ဆိုရင် မင်းတို့နှစ်ယောက်နေဖို့နေရာကို မင်းရှာရလိမ့်မယ်''

တရားကျဖို့ကောင်းလိုက်ပုံများနော်။

ကျွန်တော် ဟီဆူကူကို ချစ်ခဲ့တယ်လို့ မပြောနိုင်ပါဘူး။ ကျွန်တော်

သူ့အကြောင်း သေချာတောင် မသိခဲ့ပါဘူး။ မင်္ဂလာဆောင်ပြီးမှ သိရတာက သူ့မိထွေးဟာ သူ့ကို အခန်းတစ်ခန်းထဲမှာ သော့ခတ်လှောင်ထားတတ်တယ် ဆိုတာပါပဲ။ ဒါကြောင့် သူဟာ ဘာဆို ဘာမှ မလုပ်တတ်ပါဘူး။ သူဟာ ထမင်းဟင်းလည်း မချက်တတ်ပါဘူး။ ငူငူငိုင်ငိုင်နဲ့ စိတ်ကူးယဉ်နေတာပဲ များပါတယ်။ ဒါပေမဲ့ ကျွန်တော်ကလည်း ဒီလောက် ခက်ခဲကြမ်းတမ်းတဲ့ လောကကြီးမှာ တစ်ယောက်တည်း မနေချင်တော့ပါဘူး။ သူကလည်း ကျွန်တော့်အကူအညီကို အရေးတကြီး လိုအပ်နေသူပါ။ ဒါကြောင့် ကျွန်တော်တို့နှစ်ယောက် အတူနေကြည့်ဖို့ ဆုံးဖြတ်လိုက်ကြတယ်။

ကျွန်တော်အိမ်ကနေထွက်ဖို့ အထုပ်အပိုးတွေ ပြင်နေတဲ့အချိန်မှာ အမေက ကျွန်တော့်ဘေးကို ရောက်လာပြီး "သားရဲ့ကံကလည်း ဆိုးလွန်းပါ တယ်ကွယ်"လို့ ပြောရှာတယ်။ အမေ့မျက်နှာမှာ ဝမ်းနည်းတဲ့အရိပ်အယောင် တွေ ပြည့်နှက်နေတယ်။ ကျွန်တော်လည်း ဘာပြန်ပြောရမှန်း မသိပါဘူး။ ကျွန်တော် အမေနဲ့ လုံးဝမခွဲချင်ပါဘူး။ ဒါပေမဲ့ ကျွန်တော့်ရဲ့ ဇနီးအပေါ် မှာလည်း တာဝန်ကျေဖို့ လိုသေးတယ်လေ။

ဒွန်ချွန်ရီရွာမှာနေထိုင်တဲ့ အသက်ကြီးကြီး လင်မယားနှစ်ယောက် ဆီမှာ ကျွန်တော်တို့ နေလို့ရမဲ့ အခန်းရှိကြောင်း ကျွန်တော် စုံစမ်းမိခဲ့တယ်။ ဒါပေမဲ့ အလကားတော့ မရဘူးပေါ့။ ကျွန်တော်တို့ရဲ့ အစားအသောက်ဝေစု ထဲက တချို့တဝက်ကို သူတို့ကို ပေးရမှာဖြစ်ပြီး ထင်းကူရှာပေးခြင်း၊ အိမ်မှုကိစ္စ ကူလုပ်ပေးခြင်း တို့ကိုလည်း လုပ်ပေးရမှာ ဖြစ်ပါတယ်။ ဒါပေမဲ့ သူတို့ဆီမှာနေပြီး သိပ်မကြာခင်မှာပဲ အဘိုးကြီးလင်မယားက ကျွန်တော်တို့ ဆီက လိုချင်တာတွေ ပိုများလာပါတယ်။ အဆိုးဆုံးကတော့ ကျွန်တော်တို့ ဆီက သူတို့ အလိုချင်ဆုံး ပစ္စည်းဟာ ဂျပန်ထုတ် တန်ဖိုးရှိပစ္စည်းတွေ ဖြစ်နေ တာပါပဲ။ ဂျပန်ပြန် တစ်ယောက်ဖြစ်ပြီး ဘာလို့ အဖိုးတန် ဂျပန်ပစ္စည်းတွေ ကျွန်တော်တို့မှာ ရှိမနေလဲဆိုတာကို သူတို့လင်မယား နားမလည်နိုင် ဖြစ်နေခဲ့ ကြတယ်။ တကယ်လည်း ကျွန်တော်တို့မှာ သူတို့ကိုပေးစရာ ဘာမှမရှိခဲ့ ပါဘူး။

မင်္ဂလာဆောင်ပြီး ပထမဆုံးနှစ်ကတော့ အထိုင်ကျအောင် တော်တော်လေး ကြိုးစားခဲ့ရတဲ့နှစ် ဖြစ်ခဲ့ပါတယ်။ ကျွန်တော့်ရဲ့ပုံမှန်အလုပ် အပြင် အိမ်ရှင်တွေကိုလည်း လုပ်ကျွေးရပါသေးတယ်။ ဒါ့အပြင် ကျွန်တော့် မိန်းမကလည်း ကိုယ်ဝန်ရှိလာခဲ့တယ်။ ကျွန်တော်တို့ လင်မယားတောင် မသေရုံတစ်မည် ရုန်းကန်နေရတဲ့လောကကြီးမှာ နောက်ထပ်ရောက်လာမဲ့ ကလေးကိုဘယ်လိုရှာဖွေကျွေးမွေးရမလဲဆိုတာ ကျွန်တော် အမြဲတမ်း တွေးပူ နေမိခဲ့တယ်။ ဒါပေမဲ့ အဲဒီမေးခွန်းအတွက် ကျွန်တော့်မှာ အဖြေမရှိခဲ့ဘူး။ နေ့တိုင်း အလုပ်ပုံမှန်သွားရင်း ဘဝမှာ ကံကောင်းတဲ့ဖြစ်ရပ်တွေများ တစ်နေ့နေ့

ဖြစ်လာမလားလို့ မျှော်လင့်နေမိခဲ့တယ်။

မင်္ဂလာဆောင်ပြီး တစ်နှစ်အကြာ၊ ကျွန်တော်အလုပ်ကနေ အိမ်ကို ပြန်အရောက်မှာ ရုတ်တရက် ခေါင်းမူးလာခဲ့တယ်။ ကြမ်းပြင်ပေါ်လဲ့ချလိုက် ချိန်မှာ နှာခေါင်းနဲ့နားထဲက သွေးတွေထွက်လာပါတော့တယ်။ သွေးထွက်တာ လုံးဝမရပ်တာမို့ ကျွန်တော့်မိန်းမ ထိတ်ထိတ်ပျာပျာ ဖြစ်လာခဲ့တယ်။ ကျွန်တော်လည်း သတိလစ်ချင်သလို ဖြစ်လာတာကြောင့် အကူအညီခေါ်ဖို့ မိန်းမကို ပြောလိုက်တယ်။

နောက်ထပ်နှစ်ရက်ကြာမှ ကျွန်တော်ဆေးရုံတစ်ခုမှာ သတိပြန်လည် လာတယ်။ စပြီးမျက်လုံးဖွင့်ကြည့်ချိန် မြင်လိုက်ရတာက အဖေနဲ့ အမေရဲ့ စိုးရိမ်မှုအပြည့်နဲ့ ကြည့်နေတဲ့ မျက်လုံးတွေပါပဲ။ ကျွန်တော့်ရဲ့ နှာခေါင်းနဲ့ နားတွေကို ဂွမ်းပတ်တီးနဲ့ ပိတ်ဆို့ထားတာ သတိထားမိလိုက်တယ်။ ဟီဆူကူ အနားမှာရှိမလားလို့ ဘေးကိုကြည့်လိုက်ပေမဲ့ သူ ကျွန်တော့်ဘေးမှာ ရှိမနေခဲ့ ပါဘူး။

“မင်းမိန်းမက တော်တော်လေး အကြောက်လွန်နေခဲ့တယ်၊ မင်း သတိလစ်သွားတာကိုတွေ့တော့ သူ ထွက်ပြေးသွားခဲ့ပုံပဲ" လို့ အဖေက ကျွန်တော့်ကို ရှင်းပြတယ်။

ကျွန်တော် ရုတ်တရက် ငိုချလိုက်မိတယ်။

“စိတ်တင်းထားပါသားရယ်” လို့ အမေက အားပေးရှာတယ်။

ဒါပေမဲ့ အဲဒီကိစ္စအကြောင်း ကျွန်တော် သိပ်ကြာကြာ မစဉ်းစားနိုင် လိုက်ပါဘူး။ နာကျင်မှုကြောင့် အာရုံပြောင်းသွားတယ်။ မျက်လုံးနှစ်လုံး ကြားမှာရှိတဲ့သွေးကြော ပျက်စီးသွားတာကြောင့် သွေးတွေထွက်ခဲ့တာလို့ သိရပါတယ်။ ဆရာဝန်က သွေးထွက်တာရပ်သွားအောင် ဆေးထိုးပေးခဲ့ပေမဲ့ အလုပ်မဖြစ်ခဲ့ပါဘူး။ နောက်ဆုံး ကျွန်တော့်နှာခေါင်းထဲကို ဂွမ်းတွေထည့်ပြီး ပိတ်တော့မှပဲ သွေးထွက်တာ ရပ်သွားခဲ့တယ်။

ဆေးရုံကဆင်းပြီး သိပ်မကြာခင်မှာပဲ ကျွန်တော့်မိဘတွေရဲ့ အိမ်ကို ဟီဆူကူ ရောက်လာပြီး ကျွန်တော့်ကို လာတွေ့ခဲ့တယ်။ သူ့ရဲ့ဗိုက်က တော်တော်လေး ဖောင်းနေပါပြီ။ သူ လမ်းလျှောက်ရတာလည်း တော်တော် ခက်ခဲနေတဲ့ပုံပါ။

“ကျေးဇူးပြုပြီး ကျွန်မကို ကွာရှင်းလိုက်ပါ။ ရှင့်ကို ဒုက္ခထပ်မပေး ချင်တော့ပါဘူး။ ဒါပေမဲ့ ကျွန်မတို့ကလေး... "လို့ပြောရင်း သူ စကားဆုံးအောင် ဆက်မပြောနိုင် ဖြစ်နေတယ်။ သူတစ်ယောက်တည်း ကလေးကို ဘယ်လို

စောင့်ရှောက်မှာလဲလို့ ကျွန်တော် တွေးနေမိခဲ့တယ်။

အဖေက“စိတ်မပူပါနဲ့..ငါတို့ကလေးကိုပြုစုပျိုးထောင်ပေးပါ့မယ်" လို့ ဝင်ပြောလိုက်တယ်။ တကယ်တော့ ဒီကလေးဟာ အဖေ့အတွက် မြေးဦးလေးလည်း ဖြစ်ပါတယ်။

ကျွန်တော့်ရဲ့ပထမဆုံးသားလေးကို ၁၉၇၂ ခုနှစ်၊ မတ်လ(၂၅)ရက် နေ့မှာ ဖွားမြင်ခဲ့ပါတယ်။ သူ့ကို ဟိုချောလ်လို့ကျွန်တော်တို့နာမည်ပေးခဲ့တယ်။ ဟီဆူကူဟာ ဟိုချောလ်ကို ကျွန်တော်တို့အိမ်မှာပဲ မွေးဖွားခဲ့တာ ဖြစ်ပါတယ်။ သားလေးကိုမွေးပြီး သိပ်မကြာခင်မှာပဲ သူ အိမ်ကနေ ထွက်သွားခဲ့တယ်။ သူ အဲဒီလို ထွက်သွားရတဲ့အတွက် ကျွန်တော် ဝမ်းနည်းမိကြောင်း သူ့ကို ပြောချင်ခဲ့ပေမဲ့တကယ်တမ်းမှာ ကျွန်တော်တို့နှစ်ယောက်ဟာ တစ်ယောက်နဲ့ တစ်ယောက် သေချာတောင် စကားပြောဖူးသူတွေ မဟုတ်ပါဘူး။ ဒီလို လမ်းခွဲလိုက်ရတာဟာ ကျွန်တော်တို့ နှစ်ယောက်လုံးအတွက် အကောင်းဆုံး လုပ်ရပ် ဖြစ်နိုင်ပါတယ်။ ဒါ့အပြင် ကျွန်တော့်မှာ အရေးတကြီးပူပန်စရာတွေ လည်း ရှိနေပါသေးတယ်။ ကျွန်တော့်မှာ စောင့်ရှောက်စရာ သားလေး တစ်ယောက်ရလာခဲ့ပြီလေ။ ကျွန်တော်တို့မှာ ကလေးအတွက် အနှီးလည်းမရှိသလို၊ နို့မှုန့်လည်း မရှိပါဘူး။ ဘာဆိုဘာမှ မရှိတာပါ။ ကျွန်တော့်သားလေးရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးဖို့ ကျွန်တော်စဉ်းစားကြည့်ပေမဲ့ အဲဒီလို တွေးလိုက်တိုင်း ဒီအပြစ်မရှိတဲ့ ကလေးသေးသေးလေးရဲ့ အနာဂတ်အတွက် စိုးရိမ်စိတ်တွေပဲ ဝင်လာမိတယ်။ သူ့ဘဝမှာ ရစရာဆိုလို့ ဒုက္ခတွေပဲ ရှိလာမှာပါ။ သူ့ဘဝဟာ ရုန်းကန်မှုတွေ၊ ဝမ်းနည်းမှုတွေနဲ့ ပြည့်နှက်ဦးမှာပါ။ တကယ်ဆို ဖခင်တစ်ယောက်ဖြစ်လာတဲ့အတွက် ကျွန်တော် ဝမ်းသာလုံးဆို့ နေခဲ့သင့်တာပေါ့။ ဒါပေမဲ့ တကယ်တမ်းမှာ ဝမ်းသာစရာနဲ့တူတာ တစ်ခုမှ စဉ်းစားလို့ မရခဲ့ဘူး။ သူ့ဘဝမှာ ဆင်းရဲဒုက္ခတွေပြည့်နှက်မှာကို တွေးရင်း ကျွန်တော် နာကျင်ခံစားနေခဲ့ရတယ်။ ဒါပေမဲ့ ကျွန်တော့်မိဘတွေနဲ့ ညီမလေးတွေကတော့ ကျေနပ်နေကြပါတယ်။ ကျွန်တော်လည်း သူတို့နဲ့ ပြန်နေခွင့်ရတာကိုတော့ ဝမ်းသာနေမိတယ်။

※

ကျွန်တော့်သားလေး မွေးပြီးတာ နှစ်လ ရှိသွားခဲ့ပါပြီ။ အမေက မီးဖိုချောင်ထဲမှာ မနက်စာ ပြင်ဆင်နေတယ်။ အမေဟာ အရင်တုန်းက အရပ်ရှည်သူတစ်ယောက်ဖြစ်ခဲ့ပေမဲ့ အခုတော့ အမေ့ခန္ဓာကိုယ်ဟာ ကျုံ့ဝင် သွားသလိုပါပဲ။ အမေ့ရဲ့ အလုပ်ကြမ်း ဘောင်းဘီမှာ အပေါက်တွေ ဗရပွ ဖြစ်နေပြီး အထဲက အသားကိုတောင် မြင်နေရတယ်။ အသက်(၄၇)နှစ်ပဲ ရှိသေးပေမဲ့ အမေဟာ အသက်အရွယ်နဲ့မလိုက်အောင် အိုမင်းနေခဲ့ပါပြီ။

ရုတ်တရက် အမေဟာနံချက်ပျက်သွားပုံရတယ်။ ကလေးချီထားတဲ့ ကျွန်တော့်နားကို ယိုင်နဲ့နဲ့လျှောက်လာပြီး "အမေ ခဏလောက် အနားယူမှ ရမယ်" လို့ ကျွန်တော့်ဘေးမှာ ထိုင်ရင်း ပြောပါတယ်။ အမေက ကျွန်တော်နဲ့ သားလေးကို ခပ်ပြုံးပြုံးလေး ကြည့်နေခဲ့တယ်။ အမေ အသက်ရှူကျပ်နေ တာကို ကျွန်တော် စသတိထားမိသွားပြီး ရင်ထဲ ထိတ်ခနဲ ဖြစ်သွားတယ်။

"သား ဂျပန်ကို ပြန်တဲ့အခါ အမေ့အရိုးပြာကို ယူသွားပေးပါ" လို့ အမေက အသံတိုးတိုးလေးနဲ့ ပြောနေတယ်။

"အမေ့အရိုးပြာကို မင်းအဘိုးအဘွားတွေဆီ ယူသွားပြီး မိသားစု အုတ်ဂူမှာ ထားပေးပါ"

"အမေဘာတွေပြောနေတာလဲ...အဲဒီလိုတွေ မပြောပါနဲ့အမေရယ်... နိမိတ်မရှိနမာမရှိတွေ..အမေ့မှာ မြေးဦးလေး ရနေပြီလေ"

ဒါပေမဲ့ အမေ့မျက်နှာက ပိုပြီးနီမြန်းလာတယ်။ တစ်ခုခုတော့ မှားနေပြီဆိုတာကို ကျွန်တော် သိနေခဲ့တယ်။ အမေ့ရဲ့ အသက်ရှူသံက တဖြည်းဖြည်း တိမ်ဝင်လာပြီး အမေ့မျက်နှာက ချက်ချင်း ဖျော့တော့လာတယ်။

"အမေ ခဏလောက် မှေးဦးမယ်လို့''ပြောရင်း အမေ ကြမ်းပြင်ပေါ် လှဲလိုက်ပါတယ်။

အမေဟာ သူ့ကျောကုန်းကို ပွတ်သပ်ပေးတာကြိုက်မှန်း ကျွန်တော် သိတာမို့ အမေ့ကျောကုန်းကိုပွတ်ပေးရင်း 'အမေတော်တော်နာနေလားဟင်... အမေ နေမကောင်းဖြစ်နေတာလား''လို့ ကျွန်တော်မေးလိုက်တယ်။

ဒါပေမဲ့ အမေ့ဆီက ဘာသံမှ ပြန်ထွက်မလာပါဘူး။ အမေ့ကို လှုပ်ကြည့်ပေမဲ့လည်း အမေဟာ ကျွန်တော့်ကို ဘာမှပြန်မပြောတော့ပါဘူး။

"အမေ..အမေ.."လို့ အော်ခေါ်နေခဲ့ပေမဲ့ အမေ ကျွန်တော့်ကို စကားပြန်မပြောနိုင်တော့ပါဘူး။ အဲဒီနောက်ကျွန်တော့်သားလေးကစူးစူးရဲရဲ ထငိုပါတော့တယ်။ အဖေနဲ့ညီမလေးတွေလည်း အိပ်ရာထဲက အလူးအလဲ ထလာပြီး ကျွန်တော်တို့နားကို ပြေးလာကြတယ်။ အမေ့ရဲ့ မျက်လုံးအိမ် ထောင့်က မျက်ရည်စီးကြောင်းတစ်ခုကို ကျွန်တော်တို့အားလုံး မြင်နေရတယ်။ အဖေက အမေ့ရဲ့ ပါးစပ်နားမှာ လက်ကိုထားပြီး စမ်းကြည့်တယ်။ အဲဒီနောက် ကျွန်တော့်ကို နားမလည်နိုင်တဲ့ အကြည့်နဲ့ ပြန်ကြည့်တယ်။ အဖေ ဆက်ပြီးပြောတဲ့ "မင်းအမေဆုံးပြီ" ဆိုတဲ့ စကားကို ကျွန်တော် ကြားလိုက်ပေမဲ့ ကျွန်တော့်အတွက် အဖေပြောတဲ့ စကားဟာ ဘယ်လိုမှ အဓိပ္ပာယ် မရှိပါဘူး။

※

အမေဆုံးသွားပြီဆိုတဲ့သတင်း ရွာထဲပျံ့နှံ့သွားချိန်မှာ ကျွန်တော်တို့ အိမ်ကို ရောက်လာတာဆိုလို့ မစ္စစ်ချွန် တစ်ယောက်ပဲ ရှိပါတယ်။ သူက ကျွန်တော်တို့အိမ် မီးလောင်တုန်းက အိမ်ပြန်ဆောက်ဖို့ ကူညီပေးခဲ့တဲ့ မစ္စတာချွန်ရဲ့ ဇနီးပါ။ သူ ကျွန်တော်တို့အိမ်ကို အမြန်ဆုံး ရောက်ချလာပြီး ဆုံးသွားပြီဖြစ်တဲ့ အမေ့ရဲ့ခန္ဓာကိုယ်ကို ကိုင်လှုပ်ရင်း ရှိုက်ကြီးတငင် ငိုနေခဲ့တယ်။

"နင်အခုမှ အဘွားဖြစ်ခါစလေ…နင်ဘာလို့သေရတာလဲဟာ…'လို့ အော်ဟစ်ပြောဆိုရင်း ငိုနေခဲ့တယ်။

ငိုရတာမောသွားဟန်တူတဲ့သားလေးကတော့ကျွန်တော့်လက်ပေါ် မှာ အိပ်ပျော်သွားပါတယ်။

အဲဒီညမှာ အီကိုနဲ့ ဟီဖူမီတို့လည်း အိမ်ကို ပြန်လာခဲ့ကြတယ်။ အီကိုက ကျွန်တော့်ဆီက ကလေးကိုယူပြီး ထိန်းပေးတယ်။ ကျွန်တော် စိတ်နဲ့ကိုယ်နဲ့ မကပ်ဘူးဆိုတာ သူသိနေခဲ့တယ် ထင်ပါရဲ့။

"နင်က အကြီးဆုံးသားလေ အစ်ကိုကြီးရဲ့…နင် အားတင်းထားဖို့လိုတယ်လေ'' လို့ အီကိုက ကျွန်တော့်ကို ပြောတယ်။

အမေ့ရဲ့ အင်အားချည့်နဲ့နေတဲ့ပါးပါးလျလျ ခန္ဓာကိုယ်ကို ကြည့်ရင်း အမေဝတ်ထားတဲ့ အပေါက်အပြဲတွေနဲ့စုတ်ပြတ်သတ်နေတဲ့ ဘောင်းဘီကို မြင်ရတာ ရင်ထဲမချိလှပါဘူး။ အမေ့အတွက် ကျွန်တော် အရမ်းဝမ်းနည်းမိတယ်။ ကြည့်ဦးဗျာ…အမေဟာ သေတာတောင် ဒီလိုစုတ်ပြတ်သတ်နေတဲ့ အဝတ်အစားတွေနဲ့ သေရတယ်။ ကျွန်တော် ဘယ်လိုမှ စိတ်မဖြေနိုင်ခဲ့ဘူး။

ကျွန်တော်အိမ်ကထွက်လာပြီးမှောင်မည်းနေတဲ့ညရဲ့အမှောင်ထုထဲ လမ်းလျှောက်ထွက်လာခဲ့တယ်။ အဲဒီညက တိမ်တွေ ထူထပ်တဲ့ ညဖြစ်ပြီး လရောင်၊ ကြယ်ရောင် လုံးဝကို မမြင်ရတဲ့ညလည်း ဖြစ်ပါတယ်။ ကျွန်တော် တစ်နာရီလောက် ရွာထဲမှာ ခြေဦးတည့်ရာလျှောက်နေရင်း အိမ်တစ်အိမ်မှာ ဘောင်းဘီတစ်စုံ အခြောက်လှန်းထားတာကို ရုတ်တရက် လှမ်းတွေ့လိုက်တယ်။ ကျွန်တော် ဒီတစ်ကြိမ်ကလွဲပြီး နောက်ဘယ်တော့မှ ဒါမျိုးလုပ်မှာ မဟုတ်တော့ဘူးလို့ ကိုယ့်ကိုယ်ကိုယ်သတိပေးရင်း၊ ဘောင်းဘီပိုင်ရှင်ကိုလည်း စိတ်ထဲကတောင်းပန်ရင်း အဲဒီဘောင်းဘီတစ်စုံကို ခိုးလာခဲ့လိုက်တယ်။

အိမ်ကိုအမြန်ပြန်လာခဲ့ပြီး အမေ့ရဲ့ခန္ဓာကိုယ်ကို သန့်စင်ဆေးကြောကာ ကျွန်တော်ခိုးလာတဲ့ ဘောင်းဘီကို ဝတ်ဆင်ပေးလိုက်တယ်။ ကံဆိုးလိုက် ပုံများ…

ကျွန်တော်ခိုးလာတဲ့ ဘောင်းဘီကလည်း အပေါက်တွေဗရပွနဲ့ပဲဖြစ်နေ ပြန်တယ်။

နောက်နေ့မွန်းလွဲပိုင်းမှာတော့ ကျွန်တော်တို့ အမေ့ကို အခေါင်းထဲ ထည့်လိုက်တယ်။ အခေါင်းအဖုံးကို ကျွန်တော် သံနဲ့ရိုက်ပြီး ပိတ်တယ်။ ဒါပေမဲ့ အရည်အသွေး ညံ့လွန်းတဲ့ သောက်တလွဲသံက ဖြောင့်ဖြောင့်တန်းတန်း ဝင်မသွားခဲ့ပါဘူး။ ဒါဟာ ကျွန်တော်တို့ဘဝတစ်ခုလုံးရဲ့ အခြေအနေကို ချုံ့ပြသလိုက်သလိုပါပဲ။ အမေဟာ မြောက်ကိုရီးယားကိုပြောင်းလာပြီးကတည်း က ဖိမ်ခံပစ္စည်းတစ်ခုတောင် မသုံးခဲ့ရဘူး။ ကျွန်တော်အမေ့ရဲ့ဘဝအကြောင်း ကို တောက်လျှောက် စဉ်းစားနေမိခဲ့တယ်။ အမေဟာ သူ့ဘဝတစ်ခုလုံးမှာ ပျော်စရာကောင်းတဲ့ နေ့တစ်နေ့တောင်ပိုင်ဆိုင်ခဲ့ရဲ့လား၊ ဒါမှမဟုတ် အမေ့ ဘဝဟာ သူ့ရဲ့စုတ်ပြတ်သတ်နေတဲ့ ဘောင်းဘီလေးထက်တောင် တစ်စက် ကလေးမှ ပိုမကောင်းခဲ့တာလား၊ စုတ်ဖွာနေတဲ့ဘောင်းဘီတစ်စုံနဲ့ စုတ်ချာချာ ဘဝတစ်ခုကို ဖြတ်သန်းခဲ့ရတဲ့ အမေ။ အမေ့ရဲ့ အခေါင်းကို ထမ်းသယ်နေစဉ် မှာတောင် ကျွန်တော် အမေ့အကြောင်း စဉ်းစားတာ မရပ်နိုင်ခဲ့ဘူး။ အမေ့ဘဝမှာ ပျော်ရွှင်မှုအပြည့်အဝရတဲ့ နေ့လေးတစ်နေ့တောင် ရှိခဲ့ရဲ့လား ဆိုတာ ကျွန်တော် သေချာစဉ်းစားနေမိတယ်။ ဒါပေမဲ့ အဲဒီလိုနေ့မျိုး တစ်နေ့မှ ကျွန်တော် စဉ်းစားလို့မရခဲ့ဘူး။ အမေဟာ သေဆုံးချိန်မှပဲ ပျော်ရွှင်ခြင်းကို တွေ့သွားခဲ့လေသလား...။

ကျွန်တော်တို့ အမေ့ကို သစ်သီးခြံတစ်ခုဘေးက တောင်ဘေး တစ်နေရာမှာ မြေမြှုပ်ခဲ့ကြပြီး မြေပုံကို အမှတ်အသားပြုဖို့ အမေ့နာမည် ဖြစ်တဲ့ 'မီယိုကိုအီရီကာဝါ'ကို သစ်သားပြားတစ်ခုပေါ်ရေးပြီး ထောင်ထားခဲ့တယ်။ အဖေကတော့ စကားတစ်လုံးမှ မပြောနိုင်ခဲ့ပါဘူး။ ဝမ်းနည်းပူဆွေး နေပုံရပြီး သက်ပြင်းတွေပဲ ချနေခဲ့တယ်။

ကျွန်တော်တို့ အိမ်ကိုပြန်ရောက်တော့ အမေ့အခေါင်းကိုတောင်နံရံ ဘေးအထိ ကူသယ်ပေးခဲ့တဲ့ ရွာသားတွေဟာ အီကူ ဧည့်ခံနေတဲ့ အစားအသောက်နဲ့ အဖျော်ယမကာတွေကို သုံးဆောင်နေကြပါပြီ။ အဲဒီ မြင်ကွင်းကို ကြည့်ပြီး စိတ်ထဲမှာ တော်တော်လေး ရွံရှာမိတယ်။ အမေ အသက်ရှင်နေစဉ်တုန်းက သူတို့ အဖက်တောင်မလုပ်ခဲ့ပါဘူး။ အခုတော့ သကောင့်သားတွေက ကျွန်တော်တို့အိမ်မှာ အခန့်သားရောက်နေပြီး အမေ့ရဲ့ သေဆုံးခြင်းအတွက် မြိန်ရေရှက်ရေ စားသောက်နေကြပါပြီ။ သူတို့ရဲ့ အပြောင်းအလဲမြန်တဲ့ အယုတ်တမာစိတ်ဓာတ်တွေကို ကျွန်တော် ဘယ်လိုမှ နားလည်ပေးလို့ မရခဲ့ဘူး။ အမေ့အုတ်ဂူပေါ်ပဲမှာပဲ သွားကနေကြပါလား...၊ ဘာလို့ သူတော်ကောင်းလိုလို ဟန်ဆောင်နေကြသေးလဲ။

ကျွန်တော် အမေ လဲလျောင်းအနားယူတဲ့နေရာကိုပဲ ပြန်သွားခဲ့တယ်။

အမေ့မြေပုံမှာ ထွန်းစရာ အမွေးတိုင်မရှိတာမို့ ဆေးလိပ်တစ်လိပ်ကိုပဲ မီးညှိပြီး ထောင်ထားလိုက်တယ်။ အဲဒီနောက် ကျွန်တော့်ကို အမေ ဆိုပြလေ့ ရှိတဲ့ 'ပုစဉ်းနီလေးများ'ဆိုတဲ့ သားချော့တေးကို ဆိုနေမိတယ်။ အမေဟာ အဲဒီသီချင်းကို ဆိုတဲ့အခါတိုင်း ကောင်းကင်ကြီးကို မော့ကြည့်လေ့ရှိပြီး ကောင်းကင်ကြီးကသာလျှင် သူနဲ့ သူ့ရဲ့မွေးရပ်မြေကို ဆက်သွယ်ပေးနိုင်တယ်လို့ပြောလေ့ရှိတယ်။ အမေဟာ အဲဒီ သီချင်းဆိုတိုင်း အမြဲငိုလေ့ရှိတယ်။

ကျွန်တော်လည်း ရှိုက်ကြီးတငင်ငိုရင်း ဆိုနေမိတာမို့ ကျွန်တော့်ပါးစပ်က သီချင်းစာသားတွေ ပီပီသသ ထွက်မလာခဲ့ပါဘူး။ အမေ့ကို လွမ်းတဲ့စိတ်နဲ့ ပူဆွေးသောကတွေ ရင်ထဲ ပြည့်နှက်နေတာကြောင့် ကျွန်တော် အမေနဲ့အတူ မြေကြီးထဲကိုသာ မြုပ်ဝင်လိုက်ချင်ပါတယ်။

လောကကြီးကတော့ ဆက်လက်လည်ပတ်နေဆဲပါပဲ။ အရင်နဲ့ တော့ မတူတော့ဘူးပေါ့လေ။ အဖေရယ်၊ အငယ်ဆုံးညီမလေးဖြစ်တဲ့ မာဆာ ကိုရယ်၊ သားလေးရယ်၊ ကျွန်တော်ရယ်ကတော့ အတူတူဆက်နေကြဆဲပါ။ မာဆာကိုကတော့ လယ်ထဲမှာ အလုပ်ရခဲ့ပါတယ်။ အသက် (၆၀)ပြည့်ခါနီးပြီ ဖြစ်တဲ့ အဖေကတော့ သစ်သီးစက်ရုံမှာ အလုပ်လုပ်နေဆဲပါပဲ။ ကျွန်တော် လည်း လယ်တောထဲမှာ အရင်လိုပဲ အလုပ်ဆက်လုပ်နေခဲ့ပါတယ်။

ကျွန်တော်တို့အားလုံး မနက်ငါးနာရီဆို ပုံမှန်အိပ်ရာထကြတယ်။ မနက်စာအတွက် ခြံထဲမှာစိုက်ထားတဲ့ မုန်ညှင်းဖြူကိုပဲ ကျွန်တော်တို့ စားကြတယ်။ မုန်ညှင်းဖြူကိုရေနဲ့ ပြုတ်ပြီး ပြောင်းမှုန့်နဲ့ ခပ်ပျစ်ပျစ် ဖြစ်အောင် လုပ်ကာ စားကြရတယ်။ စားရတာ အော်ဂလီဆန်စရာ ကောင်းမဲ့ပုံပဲလို့ ခင်ဗျား ထင်နေမှာပါ။ တကယ်လည်း ခင်ဗျားထင်တာ မှန်ပါတယ်။ ဒါပေမဲ့ အဲဒီမနက်စာကို ပန်းကန်လုံးတစ်လုံးလောက် စားလိုက်ရင် ကျွန်တော်တို့ ဗိုက်တွေ တော်တော်လေး ပြည့်သွားလေ့ရှိတယ်။

အဖေဟာ အိမ်ကနေ ပထမဆုံး ထွက်ခွာလေ့ရှိသူပါ။ အဲဒီနောက် ကျွန်တော်က သားလေးကိုချီပြီး ရွာထဲမှာ သူ့ကို နို့တိုက်ပေးနိုင်မဲ့သူ လိုက်ရှာရတယ်။ တစ်အိမ်ဝင် တစ်အိမ်ထွက် အကူအညီလိုက်တောင်းရလေ့ ရှိတယ်။ ကျွန်တော့်မှာ ပေးစရာ ဘာမှမရှိတဲ့အတွက် ကျွန်တော့်အတွက် တစ်ခုတည်းသောမျှော်လင့်ချက်က သနားတတ်တဲ့သူတစ်ယောက် တွေ့ဖို့ပါပဲ။ တစ်ခါတလေ လူတွေက ကျွန်တော့်ကို အော်ထုတ်ကြတယ်။ ရှက်လွန်းလို့ မျက်နှာပူမိပေမဲ့ ကလေးကို နို့တိုက်ဖို့ အခြားနည်းလမ်းလည်း ကျွန်တော့်မှာ မရှိပါဘူး။ ကလေးကို အငတ်ခံခိုင်းရမှာလား။ အဲဒီလိုတော့ ကျွန်တော် မလုပ်နိုင်ပါဘူး။ ဒီတော့ အအော်ခံရလည်း မျက်နှာပြောင်တိုက်ပြီး နို့တိုက် ပေးနိုင်မဲ့သူကို ဆက်ရှာရပါတယ်။ အဲဒီကိစ္စပြီးရင်တော့ ကလေးကို

နေ့ကလေးထိန်းဌာနဆီပို့ပြီး ကျွန်တော့်အလုပ်ရှိရာကို ဆက်သွားရပါတယ်။

ကျွန်တော်တို့အိမ် မီးလောင်ပြီးသွားကတည်းက ကျွန်တော်တို့မှာ အိပ်ရာခင်းတစ်ခုတောင် မရှိတော့ပါဘူး။ ကျွန်တော်တို့အားလုံး ကြမ်းပြင်ပေါ်မှာပဲ အိပ်ကြရပါတယ်။ အနွေးဓာတ်မရှိဘဲ အအေးဓာတ်တွေသာ ပြည့်နှက် နေတဲ့ အိမ်ထဲမှာအိပ်ရတာ ဘယ်လိုမှ အဆင်မပြေပါဘူး။ အထူးသဖြင့် ကျွန်တော့်ရဲ့ လသားအရွယ်သားလေးဟာ လုံးဝကို မအိပ်နိုင်ပါဘူး။ အဖေနဲ့ ကျွန်တော်ဟာ ကျွန်တော်တို့အကျႌတွေကိုချွတ်ပြီး ကလေးကို ပတ်ပေးထားရတယ်။ ဒါ့အပြင် ကလေးဘေးနားမှာ ပူးပူးကပ်ကပ်အိပ်ပြီး ကိုယ်ငွေ့နဲ့ နွေးအောင် အတတ်နိုင်ဆုံး လုပ်ပေးကြတယ်။ အနွေးဓာတ်ပေးဖို့မွေးထားတဲ့ မီးဖိုနဲ့ အနီးဆုံးနေရာမှာ သားလေးကိုထားပြီး အိပ်ကြတယ်။ အနွေးဓာတ် ပေးဖို့ မွေးထားတဲ့မီးဖိုမှာ ထင်းကုန်သွားရင်တော့ ကလေးကိုပွေ့ဖက်ပြီး ပြန်ချော့သိပ်ကာ ထမင်းဟင်းချက်တဲ့ မီးဖိုနား ခေါ်သွားရပါတယ်။

သားလေးက ညဘက်ဆိုရင် ဗိုက်ဆာလွန်းလို့ အော်ဟစ်ပြီး ငိုနေတတ်တယ်။ သူဗိုက်ဆာတာပျောက်ဖို့ ပြောင်းမှုန့်နဲ့ဆန်မှုန့်ကိုရောပြီး ဆန်ပြုတ် လုပ်ကာ ဇွန်းအပြည့်နှစ်ဇွန်း၊ သုံးဇွန်းလောက်တိုက်ရပါတယ်။ ဒါပေမဲ့အဲဒါက တစ်ခါတလေ အလုပ်မဖြစ်ပါဘူး။ အဲဒီနည်း အလုပ်မဖြစ်တဲ့အခါမျိုးမှာ ဆိုရင်တော့ ကျွန်တော် သူ့ကိုချီပြီး ချော့ရပါတယ်။ တစ်ခါတလေ ကျွန်တော် မတ်တတ်ကြီး အိပ်ပျော်သွားတာမျိုးလည်း ရှိတတ်တယ်။ အဲဒီလိုအိပ်ငိုက်ပြီး လှုပ်လှုပ်ရှားရှား ဖြစ်သွားတဲ့အခါမျိုးဆိုရင် ကလေးက ပိုပြီး သဲသဲမဲမဲ ငိုတတ်ပါတယ်။ နောက်ဆုံးတော့ ကျွန်တော် နံရံတစ်ခုကို အမှီပြုမတ်တတ်ရပ်ကာ ချော့သိပ်ရင်း အိပ်ရပါတယ်။ တကယ်တော့ သားလေးဟာ အစားအသောက် ငတ်ပြတ်ခြင်း၊ အငိုလွန်ပြီးမောပန်းခြင်း၊ အအေးဓာတ်လွန်ကဲမှုကိုခံစားရခြင်း တွေကြောင့် အလွယ်တကူ အသက်ဆုံးရှုံးသွားနိုင်တဲ့ အနေအထားမှာ ရှိနေခဲ့ တာပါ။ သူ့အတွက် ကျွန်တော်လည်း ဘာမှမလုပ်ပေးနိုင်ခဲ့တာကြောင့် အချိန်ပြည့်စိုးရိမ်ပူပန်ကြောင့်ကြနေရုံကလွဲပြီး ဘာမှ မတတ်နိုင်ခဲ့ပါဘူး။

ဘဝက ပိုမို ခက်ခဲကြမ်းတမ်းလာခဲ့တယ်။ အရင်ကဘဝထက်တောင် ပိုကြမ်းတမ်းလာပေမဲ့ သားလေးကြောင့် အမေ့ကိုလွမ်းတဲ့စိတ်တွေကို ဖြေသိမ့် လာနိုင်ခဲ့တယ်။ တကယ်တော့ သားလေးသာမရှိရင် ကျွန်တော် လူ့လောက ကြီးမှာ နေစရာ ဘာအကြောင်းမှ မရှိတော့ပါဘူး။ အဲဒီ အကြောင်းတွေ အကြာကြီး တွေးမိတိုင်း ကျွန်တော် ချောက်နက်ကြီးတစ်ခုထဲကို ကျနေသလို ခံစားရတယ်။ ဒီနေ့ကနေ မနက်ဖြန်အထိ အသက်ဆက်ရှင်ဖို့ကိုတောင် ကျွန်တော့်စိတ်တွေ မနည်းတင်းထားခဲ့ရတယ်။

※※※

အခန်း(၄)

အဲဒီအချိန်တုန်းက လောကကြီးကို ကျွန်တော် လုံးဝ ခွင့်မလွှတ်ချင်ခဲ့ ဘူး။ ကျွန်တော်ဟာ တစ်နှစ်လောက်ပဲခံတဲ့ အိမ်ထောင်ရေးတစ်ခုကနေ ကွာရှင်းထားတဲ့ တစ်ခုလပ် ကလေးအဖေတစ်ယောက်ပါ။ အမေက ဆိုးရွား လွန်းတဲ့ လောကဓံရဲ့ ရက်စက်မှုတွေကို တစ်သက်လုံး ခါးစည်းခံခဲ့ရပြီး ငယ်ငယ်ရွယ်ရွယ်နဲ့ ဆုံးသွားခဲ့တယ်။ အဖေနဲ့ ကျွန်တော်က သားလေးမသေဖို့ ကို ရုန်းကန်နေရတယ်။ ကျွန်တော့်ဘဝက အဓိပ္ပာယ်မရှိတဲ့ဘဝတစ်ခုလို ခံစားလာရတယ်။ ကျွန်တော့်မှာ ဘာမျှော်လင့်ချက်မှ မရှိတော့ဘူး။ အသက် ရှင်နေရခြင်းရဲ့ ရည်ရွယ်ချက်က ဘာမှန်းလည်း ကျွန်တော် မသိတော့ဘူး။

ဘဝရဲ့ အမှောင်မိုက်ဆုံး အခြေအနေကို ရောက်သွားချိန်မှာ ကျွန်တော် ဘာလုပ်ခဲ့တယ်လို့ ခင်ဗျားထင်လဲ။ လူဆိုတဲ့အမျိုးကလည်း ယုတ္တိသိပ်မရှိတာတွေ လုပ်တတ်တယ် မဟုတ်လား။ ဒီတော့ ကျွန်တော်လည်း ကျွန်တော့်ရှေ့က လူပေါင်းများစွာ လုပ်ခဲ့တဲ့အရာ၊ ကျွန်တော်သေပြီးရင်လည်း လူပေါင်းများစွာ ဆက်လုပ်နေဦးမဲ့ အရာတစ်ခုကို လုပ်ခဲ့ပါတယ်။ အဲဒါက တော့ ဆုတောင်းခြင်းပါပဲ။ ကျွန်တော် ဘုရားသခင်ဆိုတာကို မယုံခဲ့ဘူး ဆိုပေမဲ့ ယုံခြင်း မယုံခြင်းဟာ ဒီအချိန်မှာ အရေးမကြီးတော့ပါဘူး။ ကံဆိုးမိုးမှောင်ကျတဲ့ အဖြစ်အပျက်တွေ ထပ်မကြုံပါရစေနဲ့လို့ ကျွန်တော် ဆုတောင်းမိတယ်။ သားလေး ကျန်းမာရေးကောင်းဖို့နဲ့ ကံပိုကောင်းလာဖို့ နေ့တိုင်း ဆုတောင်းခဲ့တယ်။ ဆုတောင်းပြီး နောက်ထပ် ငါးနှစ်ကြာတဲ့အထိကျွန်တော့်မှာ ကြီးကြီးမားမား ကံဆိုးမိုးမှောင်ကျတာမျိုးတွေ မရှိခဲ့ပါဘူး။ အဲဒီအချိန်မှာ ကျွန်တော့်အသက်က (၃၁)နှစ် ပြည့်ခဲ့ပါပြီ။

အဲဒီနောက် ဘုရားသခင်က နောက်တစ်ကြိမ် ပြန်ပြီး ငြီးငွေ့လာ ခဲ့တယ် ထင်ပါရဲ့။

သီးနှံတွေရိတ်သိမ်းပြီးခါစ ဆောင်းဦးရာသီတစ်ခု အရောက်မှာပေါ့။ အစားအသောက် ဖြန့်ဝေပေးမဲ့နေ့က နီးကပ်လာနေပါပြီ။ နှစ်တစ်နှစ်မှာ အနည်းငယ် သက်သောင့်သက်သာ နေလို့ရတဲ့အချိန်ကလည်း ဒီအချိန်ပဲ ရှိပါတယ်။ တစ်နေ့ ကျွန်တော် အလုပ်ကပြန်လာချိန်မှာ မာဆာကိုက ဟိုချောလ်ကို ပွေ့ဖက်ထားရင်း ရှိုက်ကြီးတငင် ငိုနေတာ တွေ့လိုက်ရတယ်။ ဟိုချောလ်ကို ကျွန်တော့်လက်ထဲ ပြောင်းချီရင်း ဟိုချောလ် တစ်ခုခုဖြစ်တာ လားလို့ မာဆာကို,ကို မေးလိုက်တယ်။ ဒါပေမဲ့ ဟိုချောလ်က ဘာမှမဖြစ် ပါဘူး။ အကောင်းအတိုင်းပါပဲ။ ဟိုချောလ်ကိုယ်တိုင်က သူ့အဒေါ် ဘာလို့ ဝမ်းနည်းနေတာလဲဆိုတာကို

သိချင်နေပုံပါ။ “အန်တီဘာလို့ငိုနေတာလဲဟင်’ လို့ ဟိုချောလ်က မေးနေပေမဲ့ မာဆာကိုကတော့ ဘာမှပြန်မဖြေဘဲ ဆက်ပြီးသာ ငိုနေပါတယ်။ အဲဒီနောက် ရုတ်တရက် ငိုတာရပ်သွားပြီး ကျွန်တော့်ကို ကြည့်ကာ ‘အစ်ကိုကြီး ကျေးဇူးပြုပြီး ငါ့ကို စိတ်မဆိုးပါနဲ့နော်... ငါကိုယ်ဝန်ရှိနေပြီ''လို့ ပြောလာတယ်။ ကျွန်တော် ရုတ်တရက် ကြောင်သွားတယ်။ မာဆာကို ဘယ်ယောက်ျားလေးနဲ့မှ တွဲသွားတွဲလာလုပ်တာ မမြင်ဖူး တော့ ပိုပြီးအံ့အားသင့်သွားတယ်။

“အဲဒီကောင် ဘယ်သူလဲ။ နင်တို့ယူကြမှာလား" လို့ ကျွန်တော်မေး လိုက်တော့မှ မာဆာကိုက အကုန်ပြောပြလာတယ်။ ဟမ်အွန်ချိုရူးလို့ခေါ်တဲ့ ကောင်ရဲ့ လက်ချက်ဖြစ်ပြီး အဲဒီကောင်က ရွာရဲ့လယ်တောမှာ အလုပ်လုပ်နေ သူပါ။ ကျွန်တော့်ညီမဆီက သူလိုချင်တာ ရနေတုန်းကတော့ တုန်နေအောင် ချစ်နေခဲ့သလို ဟန်ဆောင်ခဲ့ပြီး ကျွန်တော့်ညီမက သူ့ကိုယ်ဝန်ရနေကြောင်း ဖွင့်ပြောချိန်မှာတော့ သူကောင်းသားက လေသံ ပြောင်းသွားခဲ့တယ်။ ကျွန်တော့်ညီမက သူ့ကိုလက်ထပ်ယူမှာလားလို့ မေးချိန်မှာ အဲဒီကောင်ရဲ့ မိသားစုတွေက ဝင်ပါလာခဲ့တယ်။ ထုံးစံအတိုင်းပေါ့ဗျာ။ ကျွန်တော်တို့ကို ဘယ်သူမှ ယူချင်တာမဟုတ်ဘူး။ ဒီတော့ သူကောင်းသားကလည်း မျိုးမစစ် ဂျပန်မလို့ သူတို့ခေါ်ကြတဲ့ ကျွန်တော့်ညီမကို ယူဖို့ ငြင်းဆန်ပါတော့တယ်။ သူတို့တစ်မိသားစုလုံးက ကျွန်တော့်ညီမကို ခါးခါးသီးသီး ငြင်းခဲ့ကြတယ်။

မာဆာကို ပြောပြတာကို နားထောင်ရင်း ကျွန်တော် ဒေါသတွေ တလိမ့်လိမ့် ထွက်လာတယ်။ အမေကတော့ ကျွန်တော့်ကို ဒေါသထိန်းဖို့ ဆုံးမခဲ့ဖူးပါတယ်။ ဒါပေမဲ့ ကျွန်တော် ဘယ်လိုမှ သည်းမခံနိုင်တော့ဘူး။ မာဆာကိုက ကျွန်တော့်ညီမအရင်းဖြစ်ပြီး ဒီကောင့်မိသားစုက ကျွန်တော့် ညီမကို မလေးမစား ဆက်ဆံနေကြတာပါ။

ပုဆိန်တစ်ချောင်းကို လက်ထဲကိုင်ရင်း အဲဒီဟန်အွန်ချိုရူးဆိုတဲ့ကောင် ရဲ့အိမ်ကို ကျွန်တော် ဒေါသတကြီး ထွက်သွားခဲ့တယ်။ ဒီကောင့်အိမ်က ကျွန်တော်တို့အိမ်ကနေ ဆယ်မိနစ်လောက် လမ်းလျှောက်ရင် ရောက်တဲ့ နေရာမှာ ရှိပါတယ်။ သူတို့အိမ်ကိုရောက်တော့ ဒီကောင့်ကို အိမ်အပြင်မှာ အဆင်သင့် တွေ့လိုက်ရတယ်။

“မင်းက ငါ့ညီမကို အခွင့်ကောင်း ယူခဲ့တယ်ပေါ့ ဟုတ်လား...၊ ခွေးမသား၊ အေး... မင်းတာဝန်မယူလို့မရဘူးကွ...သိလား"

သူ့မိသားစုက ကျွန်တော့်ကို တားဖို့ ကြိုးစားကြပေမဲ့ ကျွန်တော်က အဲဒီကောင်ရဲ့ ကုပ်ကိုဆွဲပြီး မြေကြီးပေါ် မှောက်ထားပြီးပါပြီ။ ဒီကောင် တော်တော်တော့ ကြောက်တတ်သား။ မျက်ရည်တွေလည်းရွှဲလို့။ အဲဒီနောက်

"ကျွန်တော့်ကို ခွင့်လွှတ်ပါဗျာ...ကျွန်တော်တာဝန်ယူပါ့မယ်'' လို့ ငိုသံပါကြီးနဲ့ ပြောလာတယ်။ ဒါပေမဲ့ ကျွန်တော်ကတော့ ဒေါသထိန်းလို့ မရတော့ဘဲ အဲဒီကောင်ကို အသေအကြေ ထိုးကြိတ်နေမိပါတော့တယ်။ ကျွန်တော် ဒေါသမကြီးသင့်မှန်းသိပေမဲ့ ကိုယ့်ကိုယ်ကိုယ် မထိန်းချုပ်နိုင်ခဲ့ပါဘူး။

ကျွန်တော် သူ့ကို ဆက်တိုက်ထိုးကြိတ်နေပေမဲ့ ဒေါသက မပြေသေးပါ ဘူး။ အမေပြောတဲ့ "အရာရာတိုင်းကို ဒေါသနဲ့ဖြေရှင်းလို့မရဘူး...သားရဲ့' ဆိုတဲ့စကားက မှန်တယ်ထင်ပါတယ်။ ဒါပေမဲ့ ခင်ဗျားစဉ်းစားကြည့်ဗျာ။ ဂျပန်လူမျိုးဖြစ်နေတာနဲ့ပဲ ကျွန်တော့်တစ်ဘဝလုံး လူမဟုတ်သလို ဆက်ဆံ ခံခဲ့ရတာလေ။ ကျွန်တော် ဒီထက်ပိုပြီး ဆက်သည်းမခံနိုင်တော့ဘူး။ နောက်ဆုံးတော့ ဟိုကောင့်မိသားစုက ကျွန်တော်နဲ့ သူတို့သားကို ခွဲထုတ်နိုင်လိုက်တယ်။ ကျွန်တော်လည်း ထိုးကြိတ်ရတာ. တော်တော်လေး ပင်ပန်းသွားပြီမို့ အိမ်ကို ယိုင်နဲ့နဲ့ခြေလှမ်းတွေနဲ့ ပြန်သွားခဲ့တယ်။

မယုံနိုင်လောက်အောင် ထူးထူးခြားခြားဖြစ်ခဲ့တာကတော့ ဟီဖူမိရဲ့ ခင်ပွန်းဖြစ်သူက မာဆာကို,ကို လက်ထပ်လိုတဲ့ အမျိုးသားတစ်ယောက် ရှာတွေ့ခဲ့တာပါပဲ။ အဲဒီအမျိုးသားက တောင်တန်းတွေကြားမှာရှိတဲ့ 'မန်ဆန်' လို့ခေါ်တဲ့ မြို့လေးတစ်မြို့ရဲ့ ကျောင်းတစ်ခုမှာ စာရင်းကိုင်လုပ်နေသူ ဖြစ်ပါတယ်။ သူ့ဇနီးက ဆုံးသွားပြီဖြစ်ပြီး သမီးနှစ်ယောက်ကို ရှာဖွေကျွေးမွေးနေသူ ဖြစ်ပါတယ်။ ဒါ့အပြင် သူဟာ ဂျပန်ပြန်တစ်ယောက်လည်း ဖြစ်တယ် ဆိုတာတော့ ပြောစရာတောင် မလိုတော့ဘူး ထင်ပါတယ်။ မာဆာကိုဟာ အဲဒီအမျိုးသားကို တစ်ချက်တောင် မကြည့်တဲ့အတွက် သူတို့အိမ်ထောင်ရေး အဆင်ပြေမှာမဟုတ်ဘူးလို့ ကျွန်တော် အစကတည်းက ထင်နေမိတယ်။ ဒါမျိုးအဖြစ်ကို ကိုယ်တိုင် ကြုံဖူးတာကြောင့် မာဆာကိုအတွက် ဒါဟာ မှန်ကန်တဲ့ အဖြေမဟုတ်ဘူးလို့ ကျွန်တော် သံသယဖြစ်နေခဲ့တယ်။ ဒါပေမဲ့ မာဆာကိုကတော့ အဲဒီအမျိုးသားနဲ့ လက်ထပ်ဖို့ကို သဘောတူလိုက်တယ်။ ကြည့်ရတာ သူလည်း တည်ငြိမ်အေးချမ်းတဲ့ဘဝတစ်ခုရဖို့ ဘာပဲ ပေးဆပ်ရ ပေးဆပ်ရ ပေးဆပ်မယ်လို့ ဆုံးဖြတ်ထားပုံပါပဲ။

မာဆာကို ကျွန်တော်တို့အိမ်ကနေ ထွက်ခွာတဲ့နေ့မှာ "သူ နင့်ကို ဆိုးဆိုးရွားရွား ဆက်ဆံရင် ငါ့ကို အသိပေးနော်...ငါရှင်းပေးမယ်"လို့ ကျွန်တော် ပြောလိုက်တော့ သူက "နေပါစေ..ရပါတယ်...ဒေါသနဲ့ အကြမ်းဖက်တာတွေ ငါ မလိုချင်တော့ဘူး။ အစ်ကိုကြီးလည်း စိတ်လျှော့မယ်လို့ ကတိပေးပါ လို့ ပြန်ပြောတယ်။

မာဆာကို မရှိတော့တဲ့နောက် ကျွန်တော်နဲ့ အဖေ အရင်ကထက် ပိုပြီး အထီးကျန်လာခဲ့တယ်။ ဒါ့အပြင်ဟိုချောလ်ကလည်း သူ့အဒေါ်မရှိတော့ အရင်လို တက်တက်ကြွကြွမရှိတော့ပါဘူး။ အိမ်တစ်အိမ်မှာ မိန်းကလေး တစ်ယောက်မှ

မရှိတော့တာ ထူးဆန်းနေသလိုကြီးပဲဗျ။ အဖေကကျွန်တော့်ကို နောက်အိမ်ထောင်ပြုချင်လားလို့ စမေးလာခဲ့တယ်။ တကယ်တော့ နောက်အိမ်ထောင်ပြုဖို့ ကျွန်တော် စိတ်မပါပါဘူး။ ဒါပေမဲ့ ဟိုချောလ်နဲ့ ကျွန်တော့်အနာဂတ်အတွက် တွေးမိတဲ့အခါ ကျွန်တော်တို့ဘဝကို မျှဝေခံစား ပေးနိုင်မဲ့ ဇနီးတစ်ယောက်ရှိမှ ဖြစ်မယ်ဆိုတာ သဘောပေါက်လာခဲ့တယ်။ ဒုတိယအိမ်ထောင်မှာ အဆင်ပြေရင်လည်း ပြေမှာပေါ့။

၁၉၇၆ ခုနှစ်မှာ ကင်ထယ်ဆူးဆိုတဲ့ အမျိုးသမီးတစ်ယောက်နဲ့ ဆုံတွေ့ခဲ့တယ်။ ကျွန်တော်တို့ နှစ်ယောက်လုံးက ၁၉၆၀ ပြည့်နှစ်လွန်ကာလ တွေမှာ မြောက်ကိုရီးယားကို ရောက်လာခဲ့ကြသူတွေဖြစ်ပြီး နှစ်ယောက်လုံး ကလည်း တစ်ခုလပ်တွေ ဖြစ်ပါတယ်။ သူက မြောက်ကိုရီးယားနိုင်ငံသား တစ်ယောက်နဲ့ လက်ထပ်ဖူးသူဖြစ်ပါတယ်။ ဒါပေမဲ့ သူ့ရဲ့ ယောက္ခမက သူ့ကို အမြဲတမ်း အနိုင်ကျင့်ခဲ့တယ်။ “နင်က ဂျပန်ပြန်တစ်ယောက်ဖြစ်ပြီး ဘာလို့ တန်ဖိုးကြီးပစ္စည်းတွေမရှိရတာလဲ'' ဆိုတဲ့စကားနဲ့ မကြာခဏ အနိုင်ကျင့်တာ ခံခဲ့ရတယ်။ ဒါကြောင့် သူ့အိမ်ထောင်ရေးကလည်း နှစ်လလောက်ပဲခံခဲ့တယ်။ ကျွန်တော်နှစ်ယောက်လုံးက ဘဝတူတွေမို့ နှစ်ယောက်အတူတူ ဒုက္ခတွေကို မျှဝေခံစားရင်း ငြိမ်းချမ်းတဲ့ဘဝတစ်ခုကို ဖြတ်သန်းနိုင်မယ်လို့ ယူဆခဲ့ကြတယ်။

မင်္ဂလာပွဲကိုတော့ရိုးရိုးရှင်းရှင်းပဲ ကျင်းပခဲ့တယ်။ ကျွန်တော်တို့မှာရှိတဲ့ အစားအသောက် အနည်းငယ်နဲ့ပဲ ဧည့်သည်တွေကို ကျွေးမွေးခဲ့ပြီး ထယ်ဆူးနဲ့ ကျွန်တော်က မင်္ဂလာအထိမ်းအမှတ်အဖြစ် ဆာကေးအရက် တစ်ခွက်စီ သောက်ခဲ့ကြတယ်။ ရောဂါကြောင့် အိပ်ရာကမထနိုင်တော့တဲ့ သူ့အဘွားကို ပြုစုစောင့်ရှောက်ဖို့ ထယ်ဆူးဟာ ဟမ်ဂျူးကို ပြန်ရဦးမှာဖြစ်ကြောင်း မင်္ဂလာပွဲပြီးချိန်မှာ အဖေက ကျွန်တော့်ကို အသိပေးလာခဲ့တယ်။ ဒါကြောင့် ကျွန်တော်တို့ဟာ မင်္ဂလာဦးညမှာတောင် တစ်မိုးအောက် အတူတူမနေနိုင်ခဲ့ ပါဘူး။

ထယ်ဆူးတို့အဖေဟာ ဂျပန်မှာ မတော်တဆမှုတစ်ခုနဲ့ သေဆုံးခဲ့ ပြီးနောက် ထယ်ဆူးတို့အဘွားက ထယ်ဆူးရယ်၊ သူ့ညီမလေးရယ်၊ သူ့မောင်လေးရယ်ကို မြောက်ကိုရီးယားနိုင်ငံဆီ ခေါ်လာခဲ့တာ ဖြစ်ပါတယ်။ သူတို့အဖေဆုံးပြီးနောက် သူတို့အမေဟာလည်း ပျောက်ခြင်းမလှ ပျောက်ဆုံး သွားခဲ့ပါတယ်။ ဒါကြောင့် အဘွားဖြစ်သူကပဲ သူတို့ကို ကြည့်ရှုစောင့်ရှောက် ခဲ့ရတာ ဖြစ်ပါတယ်။ သူ့အဖွားနေမကောင်းဖြစ်ချိန်မှာ ကူညီမဲ့သူလည်း မရှိတာကြောင့် ကျွန်တော်တို့ ခဏခွဲနေဖို့ သဘောတူဆုံးဖြတ်ခဲ့ကြတယ်။ ထယ်ဆူးရဲ့ အခက်အခဲကို ကျွန်တော် နားလည်ပါတယ်။ ဒါကြောင့် နှစ်ယောက်လုံးအတွက် အဆင်ပြေတဲ့အချိန်မျိုးမှာ သူ့ဆီကို (၄၅)မိနစ်ကြာ စီးရတဲ့ ရထားစီးပြီး တတ်နိုင်သလောက် မကြာခဏ သွားတွေ့ပါတယ်။

ဒီလိုနဲ့ပဲ နှစ်သစ်ကူးအချိန်ကို ရောက်လာခဲ့ပြန်တယ်။ ၁၉၇၅ ခုနှစ်ရဲ့ နွေဦးရာသီနေ့တစ်နေ့မှာပေါ့။ ကျွန်တော်အလုပ်ကပြန်လာတုန်း ကျွန်တော်တို့ အိမ်အပြင်ဘက်မှာ အမျိုးသမီးတစ်ယောက် မတ်တတ်ရပ်နေတာကို ခပ်လှမ်းလှမ်းက လှမ်းမြင်လိုက်ရတယ်။ အဲဒီအမျိုးသမီးဟာ စုတ်ပြတ်သတ် နေတဲ့ အလုပ်ကြမ်းဘောင်းဘီကို ဝတ်ဆင်ထားပြီး ဘေးနားမှာလည်း ကလေးနှစ်ယောက်က မတ်တတ်ရပ်နေပါတယ်။ သူ့ပုံစံက ဖရိုဖရဲဖြစ်နေပြီး အိမ်ခြေရာမဲ့တစ်ယောက်ဖြစ်မယ်လို့ ကျွန်တော်တွေးလိုက်မိတယ်။ သူ့နားကို ရောက်သွားတဲ့ အချိန်မှာတော့ ကလေးနှစ်ယောက်အပြင် ကိုယ်ဝန်ပါရှိနေတာ သတိထားမိလိုက်တယ်။ အဲဒီနောက် သူက ကျွန်တော့်ကို လှည့်ကြည့် လာတယ်။ အဲဒီအမျိုးသမီးဟာ အခြားသူမဟုတ်ဘဲ ညီမလေး မာဆာကို ဖြစ်နေတာကို သိလိုက်ရတဲ့အခါ ကျွန်တော် အံ့အားသင့်သွားတယ်။

“နင် ဒီမှာ ဘာလာလုပ်နေတာလဲ။ နင့်ပုံကြည့်ရတာ စုတ်စုတ်ပြတ်ပြတ်နဲ့။ ဘာတွေဖြစ်လာခဲ့တာလဲ'' လို့ ကျွန်တော် အံ့ဩတကြီး မေးလိုက်တယ်။

သူက ကျွန်တော့်ကို ကြည့်ရင်း မျက်ရည်တွေ ကျလာခဲ့တယ်။ ကျွန်တော် သူ့ကို အိမ်ထဲခေါ်လိုက်ပြီး ဖြစ်ကြောင်းကုန်စင် မေးတော့မှ ရှိုက်ကြီးတငင်နဲ့ သူ့ယောက္ခမက သူ့ကို ဘယ်လိုနှိပ်စက် အနိုင်ကျင့်ခဲ့လဲဆိုတာ ရင်ဖွင့်လာခဲ့တယ်။ ထုံးစံအတိုင်းပေါ့ဗျာ။ “နင်က ဂျပန်ပြန် တစ်ယောက်ဖြစ်ပြီး ဘာလို့ အဖိုးတန်ပစ္စည်းတွေမရှိရတာလဲ။ ဂျပန်က ငါတို့ အမျိုးတွေဆိုရင် ငါတို့ကို ငွေကြေးနဲ့ အခြားပစ္စည်းတွေ ထောက်ပံ့တယ်။ နင့်အမျိုးတွေက ဘာလို့မပို့ပေးတာလဲ'' ဆိုတာမျိုး မေးလိုက် အနိုင်ကျင့်လိုက်ပေါ့။

မာဆာကိုရဲ့ယောကျ်ားကလည်း သူ့အမေနဲ့တစ်ဖွဲ့တည်း ဖြစ်လာခဲ့ပြီး မာဆာကိုနဲ့အတူ အရင်ဇနီးနဲ့ရခဲ့တဲ့ ကလေးနှစ်ယောက်ကိုပါ အိမ်ကနေ နှင်ချလိုက်တယ်။ အဲဒီကလေးတွေဟာ မာဆာကိုနဲ့ရတဲ့ ကလေးတွေ မဟုတ် ပါဘူး။ အရင်ဇနီးနဲ့ရတဲ့ သူ့ရဲ့သားသမီးအရင်းတွေပါ။ တော်တော်လည်း တရားကျဖို့ကောင်းပါတယ်။

မာဆာကိုမှာ ပိုက်ဆံမရှိတဲ့အပြင် တခြားဘယ်မှလည်း သွားစရာမရှိခဲ့ပါဘူး။ ဒါကြောင့် မာဆာကိုဟာ အစားအသောက်တွေကို ကြံ့ရာနေရာမှာ ခိုးယူပြီး စားခဲ့ရတယ်။ အဲဒီနောက် အသက် ခုနစ်နှစ်နဲ့ ကိုးနှစ်အရွယ် ကလေးနှစ်ယောက်နဲ့အတူ ကိုယ်ဝန်ကြီး လွယ်ပြီး ကျွန်တော်တို့ ရွာကို လမ်းလျှောက် ပြန်လာခဲ့တာ ဖြစ်ပါတယ်။ ကျွန်တော်တို့ရွာကို ရောက်ဖို့ သူတို့ ရက်သတ္တပတ်သုံးပတ် လမ်းလျှောက်လာခဲ့ရတယ်။ ကိုယ်ဝန်ကြီးနဲ့ သုံးပတ်လောက် လမ်းလျှောက်ပြီး ခရီးနှင်လာခဲ့ရတာမို့ အခုလိုချုံးချုံးကျတဲ့ပုံ ပေါက်နေတာ အံ့ဩစရာတော့ မဟုတ်ပါဘူး။ သူ့အတွက် စိတ်ခုတ်ကျမိသလို

ဝမ်းလည်းနည်းမိတယ်။ ဒါပေမဲ့ ကျွန်တော်လည်း သူ့ဘဝကို တိုးတက်အောင် လုပ်ပေးနိုင်မှာမဟုတ်မှန်းသိနေလို့ မျှော်လင့်ချက်မဲ့သလိုလည်း ခံစားမိတယ်။ ကျွန်တော် ဘုရားသခင်ကိုပဲ ဆုတောင်းနေမိပြီး မာဆာကို့,ကို ကူညီဖေးမ ပေးဖို့ အနူးအညွတ် တောင်းပန်နေမိခဲ့တယ်။

တစ်လအကြာမှာတော့ မာဆာကို သားလေးတစ်ယောက် ဖွားမြင်ခဲ့တယ်။ အဲဒီကလေးကို မာဆာကိုက ဂန်ဟိုလို့ အမည်ပေးခဲ့တယ်။ မာဆာကိုဟာ ကလေးကို နို့တိုက်ဖို့ အင်အားချည့်နဲ့ ပြီး ပိန်ချုံးလွန်းနေတာ ကြောင့် ကျွန်တော်တို့ ကလေးကို ထမင်းရည် တိုက်ခဲ့ရပါတယ်။ ဒါပေမဲ့ ထမင်းရည်က ကလေးအတွက် ဘာမှကောင်းကျိုးမပြုခဲ့ပါဘူး။ သိပ်မကြာခင် မှာပဲ ကလေးရဲ့ မစင်တွေက အမည်းရောင် ပြောင်းလာခဲ့တာမို့ ကျွန်တော် ကလေးကိုချီပြီး ဆေးခန်းပြေးခဲ့ရတယ်။ ဒီတစ်ကြိမ်တွေ့တဲ့ ဆရာဝန်က တော့ သဘောကောင်းပါတယ်။ အရင်တစ်ခါ ကျွန်တော် ထိုးကြိတ်ခဲ့ဖူးတဲ့ ဆရာဝန်နဲ့ ဘာမှမဆိုင်ပါဘူး။ ဒါပေမဲ့ ဆရာဝန်လည်း ကလေးအတွက် ဘာမှမလုပ်ပေးနိုင်ခဲ့ပါဘူး။ “ကျွန်တော် တကယ်ကို ဝမ်းနည်းမိပါတယ်၊ ခင်ဗျားတို့အနေနဲ့ ကလေး သူ့ဘာသာသူ သက်သာလာမလားဆိုတာကို စောင့်ကြည့်ရုံကလွဲပြီး ဘာမှ လုပ်လို့မရတော့ပါဘူး' လို့ ဆရာဝန်က ကျွန်တော့်ကို ပြောခဲ့တယ်။

နွေရာသီကုန်လို့ ဆောင်းဦးရာသီ ရောက်လာခဲ့ပြီ။ ရာသီဥတုကလည်း တဖြည်းဖြည်းပိုအေးလာပြီ။ ကလေးရဲ့ငိုသံကလည်း တဖြည်းဖြည်း အင်အား ချည့်နဲ့လာနေပြီ။ အဲဒီနောက် တစ်ညမှာတော့ ကလေးငယ်လေး ဆုံးသွားခဲ့တယ်။ ကလေးဟာ အဲဒီအချိန်မှာ သုံးလသားပဲ ရှိပါသေးတယ်။ မာဆာကို ကတော့ ငိုပြီးရင်း ငိုနေခဲ့တယ်။ မာဆာကိုဟာ မောပန်းပြီး ခြေကုန်လက်ပမ်းကျတဲ့အထိ ငိုယိုနေခဲ့တယ်။ နောက်ဆုံးမှာတော့ သူ အိပ်ပျော်သွားခဲ့တယ်။ ဒါပေမဲ့ ပြန်နိုးလာတာနဲ့ ဆက်ပြီးငိုပြန်ပါတယ်။

ကျွန်တော်ကတော့ ကလေးရဲ့ ခန္ဓာကိုယ်ကို အဝတ်စတစ်ခုနဲ့ပတ်ပြီး အမှောင်ထဲ ထွက်သွားခဲ့တယ်။ မကြာခင်မှာပဲ မိုးခြိမ်းသံတွေ တဂျိန်းဂျိန်းမြည် လာပြီး သဲကြီးမဲကြီး မိုးရွာပါတော့တယ်။ သနားစရာကလေးရဲ့အလောင်းကို လက်ထဲမှာချီထားရင်း အမေ့ရဲ့မြေပုံနားက ဖြတ်လာခဲ့ပြီး သစ်သီးခြံအလွန်ထိလျှောက်ကာ တောင်ပေါ်ကိုတက်သွားလိုက်တယ်။ မိုးသည်းလွန်းတာကြောင့် တောင်ပေါ်ကမြေကြီးတွေဟာ မိုးရေနဲ့အတူ တောင်အောက်ကို စီးမျောလာ နေတယ်။ တောင်တက်လမ်းက ဗွက်တွေအပြည့်ဖြစ်နေတာမို့ ချော်လဲလိုက်၊ ပြန်ထပြီး ဒယိမ်းဒယိုင်လျှောက်လိုက် ဖြစ်နေတယ်။ တစ်နေရာအရောက်မှာ ကျွန်တော် ရပ်လိုက်ပြီး

ကလေးရဲ့အလောင်းလေးကိုမြေကြီးပေါ်ခဏချထား လိုက်တယ်။ အဲဒီနောက် ကျွန်တော် လက်ဗလာနဲ့ မြေကြီးကို စတူးပါတော့တယ်။ အမှောင်ထုထဲမှာ တခြားဘာကိုမှ မတွေးမိအောင် စိတ်ကိုစုစည်းရင်း မြေကြီးကိုသာ တူးနေခဲ့တယ်။ လျှပ်စီးတစ်ချက် လက်သွားတိုင်း ဘေးမှာ ချထားတဲ့ အသက်မဲ့နေတဲ့ ကလေးရဲ့ ခန္ဓာကိုယ်လေးကို မြင်နေရတယ်။ ကျွန်တော့်ရဲ့ စိတ်တွေကို တုန်လှုပ်မိစေတဲ့ အနိဋ္ဌာရုံ မြင်ကွင်းတစ်ခုပါ။ အဲဒီမြင်ကွင်းကို မြင်ရပြီးနောက် ကျွန်တော့်စိတ်တွေ ထိန်းမထားနိုင်တော့ ပါဘူး။

ကျွန်တော် မတ်တတ်ရပ်ပြီး အမှောင်ထုထဲမှာ အားကုန်အော်ဟစ် လိုက်တယ်။ “ကျွန်တော်တို့ ဘာလို့ ဒီလိုဒုက္ခတွေ ခံစားနေရတာလဲဗျာ၊ ကျွန်တော်တို့ ဘာတွေ လုပ်ခဲ့လို့ ဒီလို ခံစားနေရတာလဲဗျာ" လို့ အော်ရင်း မျက်ရည်ပူတွေ ကျွန်တော့်ရဲ့ စိုရွှဲနေတဲ့ မျက်နှာပေါ် ကျလာခဲ့တယ်။

ကျွန်တော် ကလေးကို မြေမြှုပ်ပြီးနောက် ရွာဘက်ဆီ ပြန်လာရင်း လမ်းတစ်လျှောက်မှာ အရူးတစ်ကောင်လို အာခေါင်ခြစ်ပြီး ငိုလာခဲ့တယ်။

※

ကျွန်တော့်တူလေး ဆုံးပြီးနောက် တူညီတဲ့ မေးခွန်းတွေကိုပဲ စိတ်ထဲမှာ ထပ်ခါထပ်ခါ မေးနေခဲ့မိတယ်။ “ဘာလို့ အမေနဲ့ အပြစ်မရှိတဲ့ကလေး သေခဲ့ကြရတာလဲ” “နာကျင်မှုတွေနဲ့ပဲ ပြည့်နှက်နေတဲ့ ဒီဘဝမှာ ကျွန်တော် ဘာအတွက် အသက်ရှင်နေသေးတာလဲ" မြောက်ကိုရီးယားကို စရောက်ကတည်းက ရက်စက်ခြင်း၊ ဝေါ်ပြတ်ခြင်း၊ မျှော်လင့်ချက်ကင်းမဲ့ခြင်း ဆိုတဲ့ အရာတွေပဲ ကျွန်တော် ကြုံတွေ့ခဲ့ရတယ်။ ကျွန်တော် လူတွေကို စိတ်ကုန်နေပါပြီ။

ဒါကြောင့် ကျွန်တော် ထရက်တာမောင်းတဲ့ အလုပ်ကနေ ထွက်ပြီး တောင်တန်းတွေကြားက အလှမ်းဝေးတဲ့ အရပ်ဒေသမှာ မီးသွေးဖုတ်တဲ့ အလုပ် သွားလုပ်ဖို့ ဆုံးဖြတ်လိုက်တယ်။ မီးသွေးဖုတ်တဲ့ အလုပ်သမား တစ်ယောက်အနေနဲ့ဆိုရင် ကိုယ့်ဘာသာ အေးအေးဆေးဆေး မီးသွေးဖုတ် နေနိုင်မှာဖြစ်ပြီး တောထဲတောင်ထဲမှာ ရသေ့တစ်ပါးလို နေနိုင်မှာ ဖြစ်ပါတယ်။ ဟိုချောလ်၊ အဖေနဲ့ညီမလေးတွေအတွက် စဉ်းစားပေးခဲ့ပါသေးတယ်။ ဒါပေမဲ့ ကျွန်တော့် စိတ်အခြေအနေကို ကျွန်တော်သာ အသိဆုံးပါ။ ကျွန်တော် ဆက်နေရင် သူတို့အတွက် စိတ်ဆင်းရဲစရာတွေပဲ ပိုတိုးလာမှာ စိုးရိမ်မိတယ်။

ဒါပေမဲ့ ကျွန်တော် ထရက်တာမောင်းတဲ့အလုပ်ကထွက်ပြီး ချက်ချင်း မီးသွေး သွားဖုတ်လို့တော့ မရဘူးပေါ့။ အစိုးရဆီက ခွင့်ပြုချက်ရအောင် စောင့်ရပါသေးတယ်။ အလုပ်တစ်ခုကနေ အခြားအလုပ်တစ်ခုကို ပြောင်းရွှေ့ ချင်ရင် ပါတီရဲ့အလုပ်ပြောင်းရွှေ့ခွင့်ပါမစ်၊ ရိက္ခာခွဲတမ်း လွှဲပြောင်းခွင့်ပါမစ်၊ စစ်ဘက်ဆိုင်ရာ

အလုပ်ပြောင်းရွှေ့ခွင့်ပါမစ် ဆိုတာတွေ ရယူဖို့လိုပါတယ်။ ခင်ဗျားရဲ့ စားနပ်ရိက္ခာက ခင်ဗျားအလုပ်လုပ်ရာကနေ ရတာပါ။ ခင်ဗျား အလုပ် မလုပ်တော့ဘူးဆိုရင် ခင်ဗျားငတ်မှာပါ။ ဒီလို စစ်အာဏာရှင်နိုင်ငံတွေမှာ လူတွေနဲ့ အဆက်အဆံ မလုပ်တော့ဘဲ လူ့အသိုင်းအဝိုင်းကို လုံးဝ စွန့်ခွာသွားသူတွေလည်း ရှိတတ်ပါတယ်။ ဒါပေမဲ့ အဲဒီလို လုပ်ပြီဆိုရင်တော့ ခင်ဗျားမှာ ရွေးချယ်စရာနှစ်ခုပဲ ရှိပါတယ်။ ခင်ဗျား အိမ်ခြေရာမဲ့တစ်ယောက် ဖြစ်လာမယ် သို့မဟုတ် သူခိုးဓားပြတစ်ယောက် ဖြစ်လာပါလိမ့်မယ်။

သို့ပေမဲ့လည်း သူတို့ရဲ့ ဗျူရိုကရေစီစနစ်မှာ ဟာကွက်တစ်ကွက်တော့ ရှိပါတယ်။ ခင်ဗျားဟာ စောင့်ကြည့်စရာကောင်းလောက်အောင် အဖိုးမတန်တဲ့ ကောင်လို့ သူတို့ ထင်သွားရင် ခင်ဗျားကို နောက်ပိုင်း လုံးဝ လျစ်လျူရှုသွားပါလိမ့်မယ်။ ခင်ဗျားဟာ အစိုးရကို ဒုက္ခပေးမဲ့ကောင်မျိုး မဟုတ်ဘူးလို့ ပါတီက ယူဆသွားတာကြောင့် ဖြစ်ပါတယ်။ ကျွန်တော့်ကို ခွင့်ပြုချက်ချပေး ထားခဲ့တဲ့ ထရက်တာမောင်းတဲ့ အလုပ်ကနေ . အလုပ်ထွက်သွားချိန်မှာ ကျွန်တော့်ဘဝကလည်း အဲဒီလို ဖြစ်သွားခဲ့ပါတယ်။ ပါတီက ကျွန်တော် သေသလား၊ ရှင်သလားဆိုတာ အဖက်မလုပ်တော့ပါဘူး။ သူတို့အတွက်တော့ ကျွန်တော်ဆိုတဲ့ကောင်ဟာ သေဆုံးသွားသလိုပါပဲ။

လူအများစုရဲ့ စံနှုန်းတွေအရတော့ မီးသွေးဖုတ်တဲ့ အလုပ်ဟာ လယ်သမားအလုပ်၊ ကျောက်မီးသွေး မိုင်းလုပ်သားအလုပ်တွေနဲ့ တန်းတူ ခက်ခဲကြမ်းတမ်းတဲ့ အလုပ်ဖြစ်ပြီး အနိမ့်တကာအနိမ့်ဆုံး အလုပ်ဖြစ် ပါတယ်။ ခင်ဗျားဟာ ထရက်တာမောင်းတဲ့ အလုပ်ကနေ မီးသွေးဖုတ်တဲ့ အလုပ်ကိုပြောင်းဖို့ ဆုံးဖြတ်လိုက်တယ်ဆိုရင် ခင်ဗျားကို အရူးလို့ပဲ ထင်ကြပါ လိမ့်မယ်။ ဒါပေမဲ့ ကျွန်တော့်အတွက်ကတော့ အဲဒီလို အထင်ခံရလည်း ကိစ္စမရှိပါဘူး။ မီးသွေးဖုတ်တဲ့အလုပ်ကို ပြောင်းဖို့ စာတင်လိုက်ပြီး သိပ်မကြာ ခင်မှာပဲ သူတို့ ကျွန်တော့်တောင်းဆိုချက်ကို လက်ခံလိုက်ပါတယ်။ ဘယ်သူမှ မလုပ်ချင်တဲ့ မီးသွေးဖုတ်တဲ့အလုပ်ကို တောင်းဆိုတာမျိုးက ကျွန်တော် ပထမဆုံးပဲ ဖြစ်မယ်ထင်ပါတယ်။

အဖေနဲ့ မာဆာကိုကတော့ ကျွန်တော့် ဆုံးဖြတ်ချက်ကို ဝင်ပြီး ကန့်ကွက်တာမျိုး မရှိပါဘူး။ သူတို့ ဘာပြောပြော ကျွန်တော့်ဆုံးဖြတ်ချက်ကို ပြင်မှာ မဟုတ်ဘူးဆိုတာ သိနေပုံပါပဲ။ ကျွန်တော် စိတ်နဲ့ကိုယ်နဲ့ မကပ်တာ သူတို့လည်း ခံစားမိနေမှာ သေချာပါတယ်။ ဒါကြောင့် ဟိုချောလ်ကို စောင့်ရှောက်ပေးဖို့ သူတို့ကို တောင်းဆိုတဲ့အခါ ငြင်းဆန်တာမျိုး မရှိခဲ့ပါဘူး။ ဟိုချောလ်က အသက် ခြောက်နှစ် ရှိနေပါပြီ။ ဟိုချောလ်ဟာ ကျောင်းက ပြန်လာတိုင်း ကျောင်းမှာ ဘာတွေ ဖြစ်ပျက်ခဲ့တယ်ဆိုတာ ကျွန်တော့်ကို အကုန်ပြန်ပြောပြတတ်နေပါပြီ။ သူ ဘာတွေ

သင်ခဲ့ရတယ်၊ ဘယ်သူက ဘာပြောတယ်၊ ဘယ်သူက ဘာလုပ်တယ် စသဖြင့် စုံနေတာပါပဲ။ ကလေး တစ်ယောက်ရဲ့ စူးစမ်းလိုစိတ်တွေကြောင့် သူ့မျက်လုံးလေးက အမြဲတောက်ပ နေတတ်တယ်။ ချစ်စရာကောင်းတဲ့ ကျွန်တော့်သားလေးကို ခွဲရတာ ကျွန်တော့်အတွက်တော့ ကြေကွဲစရာပါပဲ။ သူ့အဘွားကို စောင့်ရှောက်နေရဆဲဖြစ်တဲ့ ကျွန်တော့်မိန်းမကို ထားခဲ့ရတဲ့အတွက်လည်း စိတ်မကောင်းဖြစ်မိပါတယ်။ ဒါပေမဲ့ အခုကစပြီး ဘယ်သူနဲ့မှ ဆက်ဆံစရာ မလိုတော့ဘူး ဆိုတဲ့အသိက ကျွန်တော့်ဆုံးဖြတ်ချက်ကို ပိုပြီးခိုင်မာစေခဲ့တယ်။ ကျွန်တော် ဒီလိုထွက်သွားတာဟာ သူတို့အတွက်ရော ကျွန်တော့်အတွက်ပါ ပိုကောင်းတဲ့ လုပ်ရပ်တစ်ခုလို့ အဲဒီအချိန်တုန်းက ကျွန်တော် တွေးမိခဲ့တယ်။

အိမ်ကနေ စထွက်ခွာတဲ့ မနက်မှာ အဖေနဲ့ မာဆာကိုက အတူတူ မတ်တတ်ရပ်ပြီး ကျွန်တော် ထွက်သွားတာကို ကြည့်နေခဲ့ကြတယ်။ သူတို့ပုံစံတွေက အနေရခက်နေတဲ့ ပုံစံမျိုးတွေ ဖြစ်နေပြီး မျက်လုံးတွေမှာ လည်း ဝမ်းနည်းအထီးကျန်မှုတွေ ထင်ဟပ်နေတယ်။ ကျွန်တော် အိမ်ကနေ ထွက်လုဆဲဆဲမှာပဲ ဟိုချောလ်က “အဘနဲ့ အန်တီကို သား စောင့်ရှောက်ထား ပါ့မယ်။ အဖေ ပိုက်ဆံတွေသာ များများရှာခဲ့နော်” လို့ အပြစ်ကင်းစွာ ပြောလာခဲ့တယ်။

သားလေးကို ဖက်ပြီးနှုတ်ဆက်တဲ့အချိန်မှာ ကျွန်တော့်ရင်တစ်ခုလုံး ကွဲကြေသွားသလို ခံစားလိုက်ရတယ်။ ကျွန်တော် သူတို့အားလုံးကို ကျောခိုင်း ပြီး စထွက်ခွာလာခဲ့တယ်။ ကျွန်တော် နောက်ကို လုံးဝလှည့်မကြည့်ခဲ့ဘူး။ နောက်ကို ပြန်လှည့်ကြည့်မိရင် ကိုယ့်စိတ်ကိုယ်ထိန်းနိုင်တော့မှာ မဟုတ်မှန်း သိနေခဲ့လို့ပါ။

ကျွန်တော် မနက်စောစောကနေ ညနေနေဝင်တဲ့အထိ လမ်းလျှောက်လာခဲ့ပြီး လမ်းတစ်လျှောက်မှာလည်း မကြာခဏ လမ်းပျောက်ခဲ့ပါသေးတယ်။ နောက်ဆုံးတော့ အလုပ်လုပ်ရမဲ့ နေရာကို ရောက်သွားခဲ့တယ်။

အလုပ်စခန်းမှာ မီးသွေးဖုတ်ဖို့ ဖိုကြီးသုံးခုရှိပြီး အလုပ်သမားတွေနေဖို့ တဲတွေလည်း ရှိပါတယ်။ ဒါ့အပြင် သွားရေးလာရေးအတွက် နွားလှည်းတစ်စီး လည်း ရှိနေပါတယ်။ အလုပ်သမားကတော့ ခုနစ်ယောက်၊ ရှစ်ယောက် လောက်ပဲရှိလို့ ကျွန်တော့် အကြိုက်ပါပဲ။ သူတို့အားလုံးရဲ့ မျက်နှာတွေမှာ အရေးအကြောင်းတွေ အထင်အရှားရှိနေပြီး သူတို့မျက်နှာပေါ်က ပါးရေ နားရေ တွန့်ကြောင်းတွေနဲ့ အမာရွတ်တွေက သူတို့တစ်ဘဝလုံး ကြုံခဲ့ရတဲ့ ဒုက္ခတွေအကြောင်း ပြောပြနေသလိုပါပဲ။

ရောက်ပြီး နောက်တစ်နေ့မှာ ကျွန်တော် အလုပ်စဆင်းခဲ့တယ်။

ညွန်ကြားခံရတဲ့အတိုင်း ကျွန်တော် သစ်ပင်တစ်ပင်ကို ခုတ်လှဲကာ အကိုင်းအခက်တွေ ရှင်းထုတ်ပြီး (၂၁)လက်မအရှည်ရှိတဲ့ သစ်တုံးတွေ ရအောင် ပိုင်းဖြတ်တယ်။ အဲဒီနောက် ဖြတ်ထားတဲ့ သစ်တုံးတွေကို ဖိုထဲမှာစီပြီး ဖိုရဲ့အလယ်မှာ အစောပိုင်းက ခုတ်ထားတဲ့ အကိုင်းအခက်တွေနဲ့ မီးမွေးလိုက်တယ်။ မီးစွဲအောင်သေချာလုပ်ပြီးနောက် ဖိုရဲ့အဝကို မြေကြီးနဲ့ပိတ်တယ်။ သိပ်မကြာခင်မှာပဲ မီးခိုးပေါက်ကနေ မီးခိုးတွေ စထွက်လာပါတော့တယ်။ မီးခိုးက အဝါရောင် ဖြစ်နေရင် မီးအားအတော်ပဲလို့ သူတို့က ကျွန်တော့်ကို သင်ပေးထားကြတယ်။ အဲဒီအတိုင်း သုံးရက်လောက် ထားရပါတယ်။ မီးခိုးပေါက်ကနေ မီးခိုးတွေထွက်တာ ရပ်သွားပြီဆိုရင် မီးသွေးတွေထုတ်ယူဖို့ နောက်ထပ် သုံးရက်လောက် ထပ်စောင့်ရပါသေးတယ်။ ဒီတော့ မီးသွေး တစ်ခါဖုတ်ရင် တစ်ပတ်လောက်ကြာတတ်ပါတယ်။

ဒီအလုပ်က တကယ်တော့ လူနှစ်ယောက်အားသုံးပြီး လုပ်ရမဲ့အလုပ်ပါ။ ဒါပေမဲ့ တကယ်တမ်းမှာတော့ တစ်ယောက်တည်းနဲ့ပဲ ပြီးအောင် လုပ်ကြ တာ များပါတယ်။ တစ်ယောက်တည်း လုပ်ရလည်း ကျွန်တော့်အတွက်တော့ အဆင်ပြေပါတယ်။ ကျွန်တော် ပထမဆုံး ဖုတ်ထားတဲ့ မီးသွေးတွေကို ထုတ်ယူဖို့ အဆင်သင့်ဖြစ်လာတဲ့အချိန်မှာ ဖိုအဝက မြေကြီးတွေကို အရင်ဆုံး ဖယ်ထုတ်လိုက်ပါတယ်။ အဲဒီနောက် ဖိုထဲကို ကျွန်တော် တွားဝင်သွားလိုက်တယ်။ ဒါဟာ ကျွန်တော် ပထမဆုံးအကြိမ် မီးသွေးဖုတ်ဖူးတာ ဖြစ်လို့ ကျွန်တော် လုပ်ထားတာ အောင်မြင်ရဲ့လားဆိုတာ အရမ်းသိချင်နေခဲ့တယ်။ ဒါကြောင့် အနားမှာ ဘယ်သူမှမရှိတုန်း ဝင်ပြီးကြည့်ခဲ့တာ ဖြစ်ပါတယ်။ ကျွန်တော် ရေစိုတဘက်တစ်ခုကို ပါးစပ်ပေါ်မှာ ပိတ်ထားခဲ့ပေမဲ့ အဲဒီရေစို တဘက်က ဖိုထဲကို ပြုတ်ကျသွားခဲ့တယ်။ ရေစိုတဘက် မရှိတော့တာမို့ မီးသွေးမှုန့်တွေအများကြီး ကျွန်တော့်နှာခေါင်းနဲ့ ပါးစပ်ထဲကိုဝင်လာပါတယ်။ ပူကလည်းပူတာကြောင့် တစ်ကိုယ်လုံး ချွေးတွေရွှဲနေတယ်။ ခန္ဓာကိုယ် တစ်ခုလုံး အားကုန်လာသလို ဖြစ်လာတာကြောင့် ကျွန်တော် တော်တော်လေး လန့်လာခဲ့တယ်။ ဒါပေမဲ့ ကျွန်တော် ခပ်မြန်မြန် မီးသွေးတွေကို ပုံးထဲထည့်ကာ တွားပြီး ပြန်ထွက်လာလိုက်တယ်။

မီးသွေးဖုတ်တဲ့အဖွဲ့ခေါင်းဆောင် ကင်မ်က ကျွန်တော် ဖိုထဲကထွက်လာတာကို တွေ့သွားချိန်မှာ စိုးရိမ်တဲ့အကြည့်နဲ့ ကြည့်ရင်း “သတိထား. အဲဒီထဲမှာ အဆိပ်ငွေ့တွေအများကြီး ရှိနေသေးတယ်” လို့အော်ပြီးသတိပေးတယ်။

ဒီအလုပ်မှာ တစ်စုံတစ်ယောက်က ဒီလိုမျိုးသတိပေးစကားပြောတယ် ဆိုတာ ဖြစ်လေ့ ဖြစ်ထရှိတဲ့အရာတစ်ခုမဟုတ်မှန်း အဲဒီအချိန်က ကျွန်တော် မသိခဲ့ပါဘူး။ ဒီအလုပ်ကိုရောက်လာတဲ့သူတွေ အားလုံးဟာ စိတ်ညစ်ညူးစရာ

နောက်ကြောင်းရာဇဝင် ရှိသူတွေချည်းပါပဲ။ ဒီအလုပ်မှာ ဘယ်သူကမှ စကား မပြောချင်ကြပါဘူး။ အာလာပသလ္လာပတောင် မပြောကြပါဘူး။ ဆိတ်ဆိတ်နေခြင်းဟာ ဒီနေရာမှာ စည်းမျဉ်းတစ်ခုလိုတောင် ဖြစ်နေပါပြီ။

ကျွန်တော်စားရတဲ့ အစားအသောက်တွေမှာ ပြောင်းဆန် ပါဝင်ပါတယ်။ ဒါ့အပြင် တောင်ပေါ်က စားလို့ရတဲ့ ပေါင်းပင်အချို့ကို နုတ်ပြီး ပြုတ်စားပါတယ်။ ကြည့်ရတာ ဒီအလုပ်ကို ရေရှည်လုပ်ဖို့ဆိုရင် အရက် မဖြစ်မနေ သောက်ဖို့ လိုအပ်ပုံပါပဲ။ ဒီအလုပ်လုပ်ဖို့ အရက်သောက်စရာ တကယ်လိုလားဆိုတာတော့ ကျွန်တော်လည်း မသိပါဘူး။ ဆေးပညာက ဒီအဆိုကို ထောက်ခံထားတာလည်း ကျွန်တော်တော့ မတွေ့မိပါဘူး။ ဒါပေမဲ့ အရက်မသောက်ရင် အဆုတ်ရောဂါခံစားရလိမ့်မယ်လို့ ဒီကလူအားလုံးက လက်ခံထားကြတယ်။ ကျွန်တော် အရင်က အရက် များများစားစား မသောက်ဖူးပေမဲ့ အခုတော့ အမြန်ဆုံးသောက်မှဖြစ်မယ့်ပုံပါပဲ။ ရိက္ခာလာပို့ တဲ့ရက်မှာ အရက်မပါလာရင် အလုပ်သမားတွေအားလုံး ဒေါသူပုန်ထတတ် ကြပါတယ်။ အချို့အလုပ်သမား တွေဆိုရင် အရက်မပေးရင် အလုပ် မလုပ်ဘူးဆိုပြီး အော်ဟစ်ဆန္ဒပြတတ်ကြပါတယ်။ ဒါကြောင့် ကျွန်တော် တို့ကို ရိက္ခာလာပို့ဖို့ပျက်ကွက်သွားတာမျိုး ကြုံရလေ့မရှိပါဘူး။ အံ့သြဖွယ်ရာ ကောင်းလောက်အောင် ရိက္ခာ မှန်မှန် ရလေ့ရှိပါတယ်။

အဲဒီအလုပ်ကိုရောက်တာ သုံးလပြည့်ချိန်မှာတော့ သစ်တောမှူးက 'ကျွန်တော့်ဆီကို ရောက်လာခဲ့ပါတယ်။ သစ်တောထဲမှာ အချို့သစ်ပင်တွေဟာ ခွင့်ပြုချက်မရှိဘဲ ခုတ်လှဲခံနေရတာမို့ သူ အဲဒီညမှာ ကင်းလှည့်ချင်ခဲ့တာ ဖြစ်ပါတယ်။ သူ့ပုံက ကြောက်နေပုံပေါက်ပြီး ကျွန်တော့်ကို သူနဲ့လိုက်ခဲ့ဖို့ လာခေါ်တာပါ။ နေဝင်ပြီးတာနဲ့ ကျွန်တော်တို့ တောထဲကို ထွက်လာခဲ့တယ်။ သိပ်မကြာခင်မှာပဲ သစ်ခိုးခုတ်တဲ့အဖွဲ့တစ်ဖွဲ့နဲ့ ပက်ပင်းတိုးပါတော့တယ်။

'မလှုပ်နဲ့...ဘယ်မှထွက်မပြေးနဲ့" လို့ အော်ရင်း သစ်တောမှူးက သူ့ရဲ့ ခဓတ်မီးမှိန်မှိန်လေးကို ကိုင်ကာ သစ်ခိုးခုတ်တဲ့ အဖွဲ့ဆီ ပြေးသွားတယ်။ သစ်ခိုးခုတ်တဲ့အဖွဲ့မှာ လူငယ်ရှစ်ယောက်လောက် ရှိပါတယ်။ သစ်တောမှူး ပြေးသွားတဲ့အချိန်မှာ သူတို့တွေ ထွက်ပြေးသွားကြမယ်လို့ ကျွန်တော် ထင်ထားပေမဲ့ တကယ်တမ်းမှာ သူတို့ ထွက်မပြေးကြပါဘူး။ အဲဒီအစား သစ်တောမှူးကို ရင်ဆိုင်ပြီး ဝိုင်းရိုက်ကြပါတော့တယ်။ ကျွန်တော်လည်း သစ်တောမှူးဘက်က ဝင်ချရပါတော့တယ်။ နောက်ဆုံးတော့ သစ်ခိုးသမား ရှစ်ယောက်လုံး မှောက်သွားပါတယ်။

အဲဒီဖြစ်ရပ်ဖြစ်ပြီးနောက် ရွာနီးချုပ်စပ်မှာ ကျွန်တော် နာမည်ကြီး သွားပါတယ်။ ကျွန်တော့်ကို 'နပန်းသမား'လို့စပြီးခေါ်လာကြတယ်။အဖေ့လို

'ကျားကြီး' ဆိုတဲ့ နာမည်မျိုးတော့ မဟုတ်ဘူးပေါ့။ ဒါပေမဲ့ 'နပန်းသမား' ဆိုပြီး ခေါ်ခံရလည်း ကျွန်တော် စိတ်တော့မရှိပါဘူး။

နောက်ထပ် ရက်အနည်းငယ် အကြာမှာတော့ ရဲသားတစ်ယောက် ရောက်လာပြီး ကျွန်တော့်ရဲ့ လက်ဖွဲ့ရာကို တောင်းပါတယ်။ ကျွန်တော် ကိုယ့်မျက်စိကိုယ်တောင် မယုံနိုင်ခဲ့ပါဘူး။ ကျွန်တော် လက်လွန်သွားတာ တော့ မှန်ပါတယ်။ ဒါပေမဲ့ ကျွန်တော် သစ်တောမျူးကို ကယ်နေခဲ့တာလေ။ သစ်တောမျူးကို ရိုက်နေခဲ့တာမှမဟုတ်တာ။ ဒီထက်ပိုပြီး ဒုက္ခမရောက်ချင် တော့တာကြောင့် ကျွန်တော် ဘာမှ ပြန်မရှင်းပြတော့ဘဲ ရေငုံနှုတ်ပိတ်သာ နေလိုက်ပါတယ်။ ဒါပေမဲ့ ဘာတွေဘယ်လိုဖြစ်သွားတယ်ဆိုတာ ကျွန်တော် မှန်းကြည့်လို့တော့ ရပါတယ်။ သစ်ခိုးခုတ်တဲ့သူတွေဟာ သစ်တောမျူးကို အစတည်းက လာဘ်ထိုးပြီးသားဖြစ်ပါလိမ့်မယ်။ သစ်တောမျူးက ကျွန်တော့် ကို ထောင်ချောက်ဆင်ခဲ့ခြင်းသာ ဖြစ်ပါတယ်။ ကျွန်တော် မီးသွေးဖုတ်တဲ့ အလုပ်ကို လာလုပ်တာဟာ သူတို့ကိုယ်သူတို့ လူကောင်းတွေလို အယောင် ဆောင်ထားတဲ့ လူလိမ်လူညာတွေနဲ့ သူခိုးတွေကို ရှောင်ချင်လို့ ဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒီလို လူတွေရန်ကနေ မလွတ်မြောက်နိုင်ခဲ့ပါဘူး။

ဒီအလုပ်မှာ စပြီး အထိုင်ကျလာတဲ့အချိန်မှာပဲ ကျွန်တော့်မိန်းမဆီက စာတစ်စောင် ရောက်လာတယ်။ စာထဲမှာ တိုတိုနဲ့လိုရင်းပဲ ရေးထားတယ်။

"ဧပြီလ ၁၅ရက်နေ့၊ သားလေး မွေးတယ်၊ မြန်မြန် ပြန်လာခဲ့ပါ"

ကျွန်တော့်အာရုံတွေ နောက်ကျိသွားပြီး စိတ်လည်း တော်တော်ရှုပ် သွားခဲ့တယ်။ မာဆာကိုရဲ့ ကလေးလည်း သေခဲ့ပြီးပြီ။ ကျွန်တော်လည်း ဂေါက်သီးတစ်ယောက်လို ကြောင်လာပြီး နောက်ဆုံး မီးသွေးဖုတ်တဲ့အလုပ်ကို ပြောင်းလာခဲ့ပြီးပြီ။ အခုမှ ဘဝအသစ်လေးနဲ့ အဆင်ပြေခါစ ရှိသေးတယ်။ အခုတော့ ကျွန်တော့်သားရဲ့ ဓာတ်ပုံလေးက ကျွန်တော့်လက်ထဲရောက်လာခဲ့ပြီ။ ကျွန်တော် ပျော်တစ်ဝက် မပျော်တစ်ဝက် ဖြစ်နေမိတယ်။

ဒီသတင်းအကြောင်း အထက်လူကြီးကို ပြောပြတော့ သူက ပီတိသောမနဿတွေဖြစ်နေခဲ့ပြီး သူ့သားမွေးသလား အောက်မေ့ရအောင် ပျော်ရွှင်နေခဲ့တယ်။ ကောက်ညှင်းဆန်အိတ်ကြီး တစ်အိတ်အပြင် နှမ်းစေ့၊ အာဇူကာပဲစေ့နဲ့ ရိုးရိုးဆန်တွေအများကြီးကို အရေးပေါ်စားနပ်ရိက္ခာဂိုဒေါင် ထဲက ထုတ်ပြီး ကျွန်တော့်ကို ပေးတယ်။

"မင်း အမြန်ဆုံးပြန်သွားတော့။ မင်းမိန်းမ ကျန်းမာပါစေလို့ ဆုတောင်း ပေးပါတယ်ကွာ" လို့ ပြောရင်း ကျွန်တော့်ကို နှုတ်ဆက်တယ်။

သူ့ရဲ့လုပ်ရပ်အတွက် ကျွန်တော် တော်တော် အံ့အားသင့်သွားတယ်။ သူ ဒီလိုမျိုးပြုံးတာ ကျွန်တော် တစ်ခါမှ မမြင်ဖူးခဲ့ဘူး။ သူက စကားအများကြီး ပြောလေ့ရှိသူမဟုတ်ဘဲ သီးသီးသန့်သန့် နေတတ်သူတစ်ယောက်ပါ။ ဒါပေမဲ့ အဲဒီနေ့မှာတော့ သူ ကျွန်တော့်အပေါ် တော်တော်လေး ကြင်နာခဲ့ပါတယ်။ ကျွန်တော် အိမ်ကိုပြန်ဖို့အတွက် စပြီးထွက်လာခဲ့တယ်။ အံ့သြမှု၊ စိတ်ရှုပ်မှု တွေကို ခံစားနေရပေမဲ့ ဒီလို အဖိုးတန်လက်ဆောင်တွေ ကျွန်တော့်မိန်းမကို ပြန်ပေးနိုင်တော့မှာဆိုတဲ့ အသိကြောင့် ကျွန်တော် ပျော်နေမိတယ်။

ကျွန်တော့်မိန်းမနေတဲ့နေရာကို ဧပြီလ(၁၉)ရက်နေ့မှာ ရောက်သွားခဲ့တယ်။ ယောက်ဖဖြစ်သူက ကျွန်တော့်ကို အိမ်ထဲဝင်ဖို့ ဖိတ်ခေါ်တယ်။ ကျွန်တော့်မိန်းမကတော့ မွေးကင်းစသားလေးနဲ့အတူ အိပ်ပျော်နေခဲ့တယ်။ သူနိုးလာတော့ ကျွန်တော့်ကိုမြင်သွားပြီး ပျော်လွန်းလို့ မျက်ရည်တွေပါကျနေ ခဲ့တယ်။

``ရှင်လာမယ်လို့ ကျွန်မထင်မထားခဲ့ဘူး'' လို့ ပြောရင်း သူ ငိုနေခဲ့တယ်။ ကျွန်တော်ကလည်း အိမ်နဲ့ဝေးနေတာ ခြောက်လကျော်ခဲ့ပြီဖြစ်တာ ကြောင့် ကျွန်တော့် သူ့ကို အပြီးပိုင်ထားသွားပြီလို့ သူထင်နေခဲ့တာပါ။

သားလေးကို မွေးတဲ့နေ့က ကင်အီဆွန်းရဲ့မွေးနေ့နဲ့ အတူတူပါပဲ။ အခြားသူတွေတော့ ဘယ်လိုထင်မလဲ မသိပေမဲ့ ဒါဟာ ကျွန်တော့်အတွက် တော့ ပျော်ရွှင်စရာနိမိတ်ကောင်းတစ်ခု မဟုတ်ခဲ့ပါဘူး။ သားလေးရဲ့မွေးနေ့ ဟာ ဟိုရွှံ့စရာကောင်းတဲ့လူရဲ့မွေးနေ့နဲ့ တိုက်ဆိုင်ရုံတင်မကဘဲ ၁၉၆၄ ခုနှစ် တုန်းက ကျွန်တော်တို့အိမ် မီးလောင်သွားတဲ့နေ့လည်း တိုက်ဆိုင်နေခဲ့တယ်။ ဒါပေမဲ့ တခြားဘက်က ပြန်စဉ်းစားရင်တော့ သူ့မွေးနေ့ဟာ နှစ်စဉ် စားနပ် ရိက္ခာဝေတဲ့နေ့လည်း ဖြစ်နေတယ်။ ဒီတော့ အရမ်းကြီးကံမကောင်းတာမျိုး တော့ မဟုတ်လောက်ပါဘူး။

ကလေးမွေးဖွားတဲ့နေ့အကြောင်း မိန်းမက ကျွန်တော့်ကို ပြန်ပြောပြ နေခဲ့တယ်။ အဲဒီနေ့က ခေါင်းဆောင်ကြီးမွေးနေ့ ဖြစ်တာကြောင့် ကောက်ညှင်း ဆန်အချို့ သူနဲ့သူ့မောင်လေးရခဲ့ပါတယ်။ သူတို့ရလာတဲ့ ကောက်ညှင်းကို ပေါင်းနေတုန်း ရုတ်တရက် ကျွန်တော့်မိန်းမက ဗိုက်နာလာခဲ့တာ ဖြစ်ပါတယ်။ သူက ကျွန်တော့်ကို ပြောပြနေရင်း ရုတ်တရက် ရပ်သွားပြီး ''ကျွန်မ တောင်းပန်ပါတယ်... ကလေးကို မြောင်ဟွာလို့ကျွန်မ နာမည်ပေးလိုက်တယ်။ ရှင်နဲ့တိုင်ပင်ဖို့ စောင့်ဦးမို့ပါပဲ...ဒါပေမဲ့ ရှင်ပြန်လာမယ်လို့ မထင်တာနဲ့ ကျွန်မ ဘာသာ နာမည်ပေးလိုက်တာပါ''လို့ ပြောရင်း ရှင်းပြနေတယ်။

ကျွန်တော်ရုတ်တရက် အံ့သြသွားပြီး "ဒါပေမဲ့ ကြေးနန်းစာထဲမှာ

ယောက်ျားလေးမွေးတယ်လို့ ရေးထားတာလေ''လို့ ပြန်မေးလိုက်တယ်။

ကျွန်တော့်မိန်းမက တောင်းပန်တဲ့အကြည့်နဲ့ ကျွန်တော့်ကို ကြည့်ရင်း- ချွန်မသိပါတယ်.. မိန်းကလေးလို့ ပြောလိုက်ရင် သမီးလေးကိုတွေ့ဖို့ ရှင်ပြန်လာမှာ မဟုတ်ဘူးလို့ ကျွန်မထင်ခဲ့လို့ပါ...”

“မဟုတ်တာကွာ ၊ယောက်ျားလေးဖြစ်ဖြစ် မိန်းကလေးဖြစ်ဖြစ် ချစ်စရာ ကောင်းကြတာချည်းပါပဲ"

ကျွန်တော် အရမ်းပျော်နေခဲ့လို့ အထူးစပယ်ရှယ်အချိုပွဲအနေနဲ့ အာဇူကာပဲချိုချိုလေး အစာသွပ်ထားတဲ့ ကောက်ညှင်းထုပ်အချို့ကို ကျွန်တော် လုပ်လိုက်ပါတယ်။ အဲဒီနောက် အိမ်နီးချင်းအချို့ကိုဖိတ်ကာ ကလေးမွေးတဲ့ အထိမ်းအမှတ်အနေနဲ့ ကျွန်တော်တို့ အောင်ပွဲခံခဲ့ကြတယ်။

အိပ်ပျော်နေတဲ့ သမီးလေးရဲ့ အေးချမ်းတဲ့မျက်နှာလေးကို မြင်ရပြီးနောက် ကျွန်တော် အရင်ကထက် ပိုအလုပ်ကြိုးစားတော့မယ်လို့ ဆုံးဖြတ်မိတယ်။ ဒါပေမဲ့ အဲဒီညမှာပဲ ကျွန်တော့်ဘဝရဲ့ လက်တွေ့အမှန်တရားက ခေါင်းထဲ ပြန်ဝင်လာခဲ့တယ်။ ကျွန်တော့်မှာ ဇနီးတစ်ယောက်နဲ့ သားသမီး နှစ်ယောက်ရှိနေပြီ။ ဒါပေမဲ့ ဘယ်လောက်ပဲကြိုးစားကြိုးစား ကျွန်တော့်ဘဝကို တိုးတက်အောင် လုပ်နိုင်မှာမဟုတ်ဘူး။ ကျွန်တော် ဘယ်လောက်ပဲ ကြိုးစားခဲ့ သည်ဖြစ်စေ ကျွန်တော့်သားသမီးတွေဟာ ကြမ်းတမ်းခက်ခဲတဲ့ ဘဝတစ်ခုကို ဖြတ်သန်းရဦးမှာပဲ။

နောက်တစ်နေ့ အိပ်ရာထတဲ့အချိန်မှာတော့ ကျွန်တော့်ရဲ့ ပျော်ရွှင် စိတ်လှုပ်ရှားမှုတွေ အကုန်ပျောက်ကွယ်သွားခဲ့တယ်။ အသက်ရှူနေရတာ အဓိပ္ပာယ်မရှိတော့တဲ့ ခံစားမှုမျိုး ကျွန်တော့်ဆီ ပြန်ရောက်လာခဲ့ပြန်တယ်။ ကျွန်တော်ပြောင်းလဲသွားတာကို မိန်းမဖြစ်သူ သတိထားမိကြောင်း သူ့မျက်နှာကို ကြည့်တာနဲ့ ကျွန်တော် သိပါတယ်။ ဒါပေမဲ့ သူ ဘာမှတော့ မပြောခဲ့ပါဘူး။

ကျွန်တော် အလုပ်ကနားတုန်း အဖေ၊ မာဆာကိုနဲ့ ဟိုချောလ်တို့ဆီ သွားလည်ဖို့ ဆုံးဖြတ်လိုက်တယ်။ ဟိုချောလ်က ကျွန်တော့်ကို တွေ့ရလို့ ပျော်ရွှင်မြူးထူးနေခဲ့တယ်။ ကျွန်တော့်နောက်ကို တကောက်ကောက်လိုက် နေခဲ့ပြီး သူ့ မြင်ကွင်းထဲက လုံးဝ အပျောက်မခံပါဘူး။ ကလေးတွေက အဲဒီလိုပဲဗျ။ သူတို့အပြုံးလေးတွေနဲ့ ခင်ဗျားရင်ကို ခွဲနိုင်စွမ်းလည်းရှိတယ်။ အဖေကတော့ သမီးလေး မြေးပြောင်ဟွာကို တွေ့ဖူးပြီးနေပါပြီ။ အဖေက မြေးမလေးရလို့ ပျော်ရွှင်နေပုံပါပဲ။ မာဆာကိုကတော့ အရင်လိုပဲ ဝမ်းနည်း အထီးကျန်ပုံ ပေါက်နေပါတယ်။ ဒွန်ချွန်ရီက သစ်သီးဖျော်ရည်စက်ရုံမှာ အလုပ်လုပ်နေခဲ့ပေမဲ့ သူ့ရဲ့ စိတ်အခြေအနေကတော့ တိုးတက်လာပုံ မပေါ်ပါဘူး။ ပထမတော့ အားလုံးနဲ့ ပြန်တွေ့ရတာကို ပျော်နေမိပေမဲ့သိပ်မကြာခင်မှာပဲ မျှော်လင့်ချက်မဲ့တဲ့ခံစားမှုက

ပြန်ရောက်လာပြန်တယ်။ နောက်ထပ် ကံဆိုးမိုးမှောင်ကျမှု တစ်ခုလောက်များ ကျွန်တော့်မိသားစုမှာ ထပ်ဖြစ်လာ ခဲ့ရင် ကျွန်တော် ဆက်ပြီး အသက်ရှင်နိုင်ပါ့မလားဆိုတာ တွေးနေမိတယ်။

ကျွန်တော် အိမ်ကနေထွက်ပြီး ရွာထဲ ခဏလောက် လမ်းလျှောက်ဖို့ ဆုံးဖြတ်လိုက်တယ်။ ဖြစ်ချင်တော့ အသိအကျွမ်းအချို့နဲ့ လမ်းမှာပြန်တွေ့ပါတယ်။ သူတို့အားလုံးဟာ အရင်တုန်းက ကျွန်တော့်ကို အထင်သေးခဲ့သူ တွေချည်းပါပဲ။ ဒါပေမဲ့ ထူးထူးဆန်းဆန်း အခုတော့ စကားလာပြောနေ ကြပါတယ်။ ရွာထဲကို မကြာခင်က ရောက်လာတဲ့ အမျိုးသမီးတစ်ယောက် အကြောင်း ကျွန်တော့်ကို ပြောပြကြတယ်။ သူတို့ပြောပုံအရတော့ အဲဒီ အမျိုးသမီးဟာ ငွေကြေးချမ်းသာတဲ့ ဂျပန်ပြန်တစ်ယောက် ဖြစ်မယ်ထင်ပါတယ်။ အဲဒီအမျိုးသမီးဟာ သိပ်မကြာသေးခင်ကမှ ဟမ်ဟန်းမြို့ကနေ မောင်းထုတ်ခံထားရသူ ဖြစ်တယ်လို့လည်း သိရတယ်။ ဟမ်ဟန်းမြို့မှာ ဇိမ်ခံပစ္စည်းတွေအပြည့်အစုံနဲ့ ကျိုကျိုတက်ချမ်းသာတဲ့ပုံစံ နေထိုင်ခဲ့တာကြောင့် လျှို့ဝှက်ရဲတွေက မျက်စိစပါးမွေးစူးကာ မောင်းထုတ်ခဲ့တာ ဖြစ်ပါတယ်။ ဒီလိုနဲ့ကျွန်တော်တို့ရွာကို ရောက်လာခဲ့ပုံပါပဲ။ ပုံမှန်ဆိုရင် သူ့လိုလူမျိုးဟာ ချွေးတပ်စခန်းတွေကို အပို့ခံရလေ့ရှိပါတယ်။ ဒါပေမဲ့ အကြီးပိုင်းအရာရှိတစ်ယောက်ယောက်ကို လာဘ်ထိုးခဲ့လို့ အခုလို ကျွန်တော်တို့ရွာမှာ လာနေထိုင်နိုင်တာလို့ ရွာသားတွေကတော့ ယူဆနေပါတယ်။

ကျွန်တော် စိတ်မပါစွာနဲ့ နားထောင်ပြီးနောက် ကိုယ့်ဘာသာ ဆက်လျှောက်လာခဲ့တယ်။ မိနစ်အနည်းအကြာလျှောက်ပြီး ရွာရဲ့စမ်းချောင်း နားကို ရောက်တဲ့အချိန်မှာတော့ လူတိုင်းပြောနေတဲ့ အမျိုးသမီးကို လှမ်းတွေ့ လိုက်ပါတယ်။ သူ့ပုံက သန့်သန့်ရှင်းရှင်းနဲ့ ဝတ်ကောင်းစားလှတွေ ဝတ်ထား ပြီး ကျက်သရေရှိတဲ့ ပုံမျိုးပါ။ ကျွန်တော် သူ့နားကို လျှောက်သွားပြီး ကိုယ့်ကိုယ်ကိုယ် မိတ်ဆက်လိုက်တယ်။ ဘာပဲပြောပြော ကျွန်တော်တို့က ဂျပန်ပြန်တွေပဲလေ။ သူ ကျွန်တော့်ကို ဖျတ်ခနဲ တစ်ချက်တော့ ပြန်ကြည့်တယ်။ အဲဒီနောက်ကျွန်တော့်ကို မမြင်ချင်ယောင်ဆောင်ပြီး အကြည့်လွှဲသွားတယ်။ ကျွန်တော် ဆိုတဲ့ကောင်က သူ့ဘေးနားမှာ လုံးဝမတည်ရှိနေတဲ့ ပုံစံမျိုးပါ။ ကျွန်တော့် ဘေးကနေ ဖြတ်လျှောက်သွားတာများ သူ မမြင်ရတဲ့ တစ္ဆေတစ်ကောင်နားက ဖြတ်သွားသလား အောက်မေ့ရတယ်။

အဲဒီအခိုက်အတန့်မှာပဲ အလုပ်ကြမ်းတွေနဲ့ ဆိတ်ငြိမ်မှုတွေသာရှိတဲ့ မီးသွေးဖိုဆီ ပြန်သွားတော့မယ်လို့ ကျွန်တော် ဆုံးဖြတ်လိုက်တယ်။ သစ်ပင် တွေနဲ့ အကိုင်းအခက်တွေ ခုတ်လိုက်၊ ကျောပေါ်တင်ပြီး သယ်လိုက်၊ ဖိုထဲ ထည့်လိုက်၊ ခန္ဓာကိုယ်နဲ့ နှလုံးသားထဲက နာကျင်မှုတွေကို အရက်နဲ့ဆေးကြောလိုက် လုပ်ရတဲ့

အရပ်ဆီကိုပဲ ပြန်သွားဖို့ ဆုံးဖြတ်လိုက်တယ်။ ရိုးသားဖြောင့်မတ်ပြီး စိတ်သန့်သန့်လုပ်လို့ရမဲ့ အလုပ်တစ်ခုပဲ ကျွန်တော် လုပ်ချင်နေမိတယ်။ ဘယ်သူမှ ကျွန်တော့်ကို အပြစ်လာပြောလို့ မရမဲ့ဟာမျိုး ပေါ့။ ဒါပေမဲ့ မီးသွေးဖုတ်တဲ့အလုပ်ကို ပြန်ရောက်သွားသည့်တိုင်အောင် ကျွန်တော့်ကို မမြင်ချင်ယောင်ဆောင်ခဲ့တဲ့ ဂျပန်ပြန်အမျိုးသမီးအကြောင်းကို ခေါင်းထဲက မထုတ်နိုင်ခဲ့ပါဘူး။ ဒီကိစ္စကို မမေ့နိုင်ဖြစ်နေတာ တကယ်တော့ အဓိပ္ပာယ် သိပ်မရှိလှပါဘူး။ ကျွန်တော့်တစ်ဘဝလုံး ကြုံခဲ့ရတဲ့ စော်ကားခံရမှု တွေထဲမှာ သူ့ရဲ့လျစ်လျူရှုခြင်းက အဆိုးရွားဆုံး စော်ကားမှု မဟုတ်ပါဘူး။ ဒါပေမဲ့ ကျွန်တော် အဲဒီအဖြစ်အပျက်ကို ခေါင်းထဲက မထုတ်နိုင်ခဲ့ဘူး။ ကျွန်တော့်ကို သူ တမင်သက်သက် လျစ်လျူရှုသွားခဲ့တာဗျ။ ကျွန်တော် သူ့ရှေ့မှာ မတ်တတ်ရပ်နေတာတောင် ဒီလောကကြီးထဲမှာ မတည်ရှိတဲ့ လူတစ်ယောက်လို မမြင်ချင်ယောင်ဆောင်သွားခဲ့တာပါ။ အဲဒီအခိုက်အတန့် က ကျွန်တော့်ဘဝတစ်ခုလုံးကို အကျဉ်းချုံး အဓိပ္ပာယ် ဖွင့်ဆိုလိုက်သလိုပါပဲ။ ကျွန်တော်ဆိုတာ ဘာဆိုဘာမှ မဟုတ်ခဲ့တဲ့ အလဟဿ ဆန်ကုန်မြေလေး ကောင်ပါ။ ကျွန်တော် လုပ်ခဲ့သမျှ အရာအားလုံးဟာ အချိန်ကုန် လူပင်ပန်း ခဲ့တာကလွဲပြီး ဘာမှ အကျိုးမရှိခဲ့ပါဘူး။

တစ်မနက် ကျွန်တော် သစ်ပင်တစ်ပင်ကို ခုတ်နေတုန်း “ငါဒီမှာ ဘာ လုပ်နေတာလဲ…ငါ ဒါတွေ ဘာလို့ခံစားနေမှာလဲ… အဆုံးသတ်လိုက်တော့ မယ်” လို့ ရုတ်တရက် တွေးမိလိုက်တယ်။ သေရင် ခံစားရမဲ့ နာကျင်ခြင်းက အခု ဒီကမ္ဘာကြီးပေါ်မှာ ခံစားနေရတဲ့ ငရဲနဲ့ ယှဉ်ရင်တော့ ဘာမှ မဟုတ် လောက်ပါဘူး။

ကျွန်တော် ကြိုးတစ်ချောင်းကို ချက်ချင်းရှာလိုက်တယ်။ မီးသွေးဖုတ်တဲ့ အလုပ်မှာ ကြိုးရှာရတာလည်း အရမ်းလွယ်ပါတယ်။ အဲဒီနောက် သစ်ကိုင်း တစ်ခုမှာ ကြိုးစတစ်ဖက်ကိုချည်ပြီး အခြားတစ်ဖက်မှာ ကွင်းတစ်ခုထုံးလိုက်တယ်။ အဲဒီသစ်ကိုင်းအောက်မှာ ခုန်ချဖို့ အနေတော် အမြင့်ရှိတဲ့ ကျောက်တုံး တစ်တုံးလည်း ရှိနေတယ်။ သေချာအောင် ကျောက်တုံးအမြင့်ကို ကျွန်တော် စစ်ဆေးကြည့်ပြီးပါပြီ။ ကျောက်တုံးပေါ်ကို တက်လိုက်ပြီး ကျွန်တော့်ရှေ့မှာ စီးဆင်းနေတဲ့ မြစ်ရေပြင်ကို ငေးကြည့်နေမိတယ်။ ဘာကြောင့်မှန်းတော့ သေချာမသိပေမဲ့ ကျွန်တော့်မျက်လုံးထဲက မျက်ရည်တွေ ကျလာတယ်။

ကျွန်တော် ကြိုးကွင်းကို ခေါင်းမှာ စွပ်လိုက်တယ်။ အဲဒီနောက် အသက်ပြင်းပြင်းတစ်ချက်ရှူပြီး ကျောက်တုံးပေါ်က ခုန်ချလိုက်တယ်။

ကျွန်တော့်အပေါ်က သစ်ကိုင်းတစ်ခုလုံး ပြင်းပြင်းထန်ထန် ယိမ်းထိုး လှုပ်ရှားနေတယ်။ ကျွန်တော့်ခန္ဓာကိုယ်ကလည်း လေထဲမှာ ချာချာလည်နေပြီး ထိန်းမနိုင်သိမ်းမရ လူးလွန့်နေတယ်။ ဒါပေမဲ့ အဲဒီအချိန်မှာ ကျွန်တော်ဟာ

ခန္ဓာကိုယ်ထဲကထွက်ပြီး ကိုယ့်ရဲ့ခေါက်ကွေးတွန့်လိမ်နေတဲ့ အနေအထားကို အထက်စီးက ပြန်ကြည့်နေရသလိုပါပဲ။ ကျွန်တော် အသက်ရှူနိုင်သေးသလို၊ ခံစားမှုလည်း ရှိနေသေးပြီး မြင်လည်း မြင်နေနိုင်ပါသေးတယ်။ ဒါပေမဲ့ ရှူနိုင်တယ်ဆိုရုံ၊ မြင်နိုင်တယ်ဆိုရုံလေးပေါ့။

တကယ်တော့ ကျွန်တော်က ကိုယ့်ကိုယ်ကိုယ် သတ်သေတဲ့နေရာမှာတောင် သောက်တလွဲ လုပ်ခဲ့မိတာပါ။ ဒါတောင် မှန်အောင်မလုပ်နိုင်ခဲ့ပါဘူး။ ကြိုးကွင်းက လည်ပင်းမှာ စွပ်မိနေရမဲ့အစား မေးစေ့နေရာကို ရောက်နေပါတယ်။ အဲဒီတော့ ကြိုးကွင်းက လည်ပင်းကသွေးကြောကြီးကို မညှစ်နိုင်တော့ ဘူးပေါ့။ အသက် မျှင်းမျှင်းလေးတော့ ရှူနေနိုင်ပါသေးတယ်။ ဒါပေမဲ့ အဲဒီလို ရှူနေရတာက တော်တော်ကို ပင်ပန်းခက်ခဲပြီး နာလည်းနာပါတယ်။ ပြီးတော့ ကျွန်တော့်ခန္ဓာကိုယ်လား၊ ဦးနှောက်ထဲက တစ်ခုခုလား၊ ဘယ်ဟာလဲတော့ သေချာမသိပေမဲ့ တစ်ခုခုက ကျွန်တော် အသက်ရှင်ဖို့ ပြင်းပြင်းထန်ထန် ရုန်းကန်နေခဲ့တယ်။ နာကျင်ခြင်းနဲ့ အလိုမကျစိတ်ပျက်ခြင်းကြောင့် မျက်ရည်တွေကျလာသလို ပါးစပ်ကနေလည်း သွားရည်တွေအများကြီးကျနေခဲ့တယ်။

အဲဒီနောက် ကျွန်တော့်နောက်ဘက်နားက အော်သံတစ်ခု ကြားလိုက်တယ်။ အော်လိုက်တဲ့သူကတော့ ကျွန်တော့်ရဲ့ လုပ်ဖော်ကိုင်ဖက်တွေထဲက တစ်ယောက်ဖြစ်တဲ့ ရှင်, ဖြစ်ပါတယ်။

အဲဒီနောက် ရှင်,ပြေးလာတဲ့အသံကို ကျွန်တော်ကြားလိုက်တယ်။ ပြီးတော့ သူက ချက်ချင်းပဲ ကျွန်တော့်ခွကြားကိုဝင်ကာ ကျွန်တော့်ကို ပင့်ထား လိုက်တယ်။ ပြီးတော့ ကျွန်တော့်ကို သူ့ပခုံးနဲ့ မတင်လိုက်ပြီး ကျွန်တော့် လည်ပင်းမှာ စွပ်နေတဲ့ ကြိုးကွင်းကိုဖြုတ်လိုက်တယ်။ အဲဒီနောက် သူပစ်လဲ ကျသွားပြီး ကျွန်တော်တို့နှစ်ယောက်လုံး မြေကြီးပေါ်ကို တလိမ့်ခေါက်ကွေး ကျသွားတယ်။

ကျွန်တော်ကတော့ အသက်ရှူကျပ်နေဆဲဖြစ်ပြီး ခေါက်ကွေးတွန့်လိမ် နေဆဲပါပဲ။ ကိုယ့်ကိုယ်ကိုယ် အဆုံးမစီရင် နိုင်လိုက်တဲ့အတွက် ရင်ထဲမှာ လည်း အလိုမကျ စိတ်ပျက်ခြင်းတွေနဲ့ မချိတင်ကဲ ဖြစ်နေခဲ့တယ်။ ကျွန်တော် မြေကြီးကို ကုတ်ခြစ်ပြီး ကိုယ့်ကိုယ်ကိုယ် ကြိမ်ဆဲနေမိတယ်။ ကျွန်တော် ငိုနေခဲ့သလို ရှင်,ကလည်း ငိုနေခဲ့ပြီး "မင်း ဒီလိုမျိုး ဘာလို့လုပ်ရတာလဲကွာ" လို့ မျက်ရည်တွေကြားကနေ ကျွန်တော့်ကို အော်နေခဲ့တယ်။

ကျွန်တော် နောက်တစ်ကြိမ် မွေးဖွားခဲ့ပြန်ပြီပေါ့။

ရှင်,က အထက်လူကြီးကို ဖြစ်ကြောင်းကုန်စင် မခွင်းမချန်ပြောပြ လိုက်တယ် ထင်ပါတယ်။ ဘာလို့လဲဆိုတော့ အဲဒီညမှာ အထက်လူကြီးက "မင်းဘာတွေတွေးနေခဲ့တာလဲ....မင်းသေသွားရင် မင်းမိသားစု ဘယ်လိုဖြစ်

သွားမယ်ထင်လဲ...မင်းကလေးတွေက မင်းအတွက် အရေးပါသေးတယ် ဆိုရင် မင်း ဒီလို မျှော်လင့်ချက်တွေကို စွန့်ပစ်လိုက်တာမျိုး လုပ်လို့မရဘူးကွ" လို့ ကျွန်တော့်ကို ဆုံးမတယ်။

ကျွန်တော် ရုတ်တရက် မျက်ရည်တွေကျလာပြီး မရပ်မနား ငိုပါတော့တယ်။ တရှုံ့ရှုံ့နဲ့ ဘယ်လိုမှကို ရပ်လို့မရခဲ့ဘူး။ "ကျွန်တော်က တစ်ဘဝလုံး ငိုဖို့ မွေးဖွားလာခဲ့တဲ့ကောင်ထင်ပါတယ်ဗျာ" လို့ ကျွန်တော် သူ့ကို ပြန်ပြော တော့ သူက ကြင်နာတဲ့အပြုံးမျိုးနဲ့ ရယ်နေခဲ့တယ်။ အဲဒီညက ကျွန်တော်တို့ နှစ်ယောက် ညဉ့်နက်တဲ့အထိ အရက်သောက်ခဲ့ကြတယ်။

※

နောက်ထပ်တစ်နှစ်လောက် ထပ်ကုန်ဆုံးသွားခဲ့ပြီးနောက် တစ်နေ့မှာ ကျွန်တော့်မိန်းမဆီက ကြေးနန်းစာတစ်စောင် ရောက်လာခဲ့တယ်။ စာထဲမှာ သူ့အဘွားအိမ်ကနေ ထွက်လာလို့ရပြီဖြစ်ကြောင်း ရေးထားတယ်။ အဲဒီစာကို ရပြီး နောက် ကျွန်တော်လည်း အိမ်ပြန်ဖို့အချိန်တန်ပြီလို့ဆုံးဖြတ်လိုက်တယ်။ အထက်လူကြီးဆီက အိမ်ပြန်ဖို့ ခွင့်ပြုချက်တောင်းလိုက်တော့ သူကလည်း ကျွန်တော့်ကိုစာနာပြီး ပြန်ခွင့်ပြုခဲ့တယ်။ ကျွန်တော် ငရဲလိုနေရာမျိုးကနေပဲ ပြန်ရတော့မလိုလို ခံစားမိနေခဲ့တယ်။

ကျွန်တော်အိမ်ပြန်တဲ့နေ့မှာ လုပ်ဖော်ကိုင်ဖက်အားလုံး ကျွန်တော့်ကို နှုတ်ဆက်ခဲ့ကြတယ်။ ကျွန်တော့်စိတ်ထဲမှာ ခံစားချက်တွေ ရှုပ်ထွေးနေခဲ့တယ်။ သူတို့အားလုံးဟာ စကားနည်းကြပေမဲ့ ကြင်နာတတ်သူတွေပါ။ ဒီလူတွေဟာ ကျွန်တော် တွေ့ဖူးသမျှထဲမှာ အရိုးသားဆုံးလူတွေလည်း ဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံးဟာ တိတ်ဆိတ်ငြိမ်သက်မှုအောက်မှာပဲ အလုပ်လုပ်ခဲ့ကြတယ်။ အဲဒီလို အလုပ်လုပ်ရတာဟာ ကျွန်တော်တို့အတွက် အရေးမပါတော့တဲ့ လက်တွေ့ဘဝကြီးရဲ့ အပြင်ဘက်က အခြားလောက တစ်ခုကို ရောက်သွားသလိုပါပဲ။ ဒါပေမဲ့ ကျွန်တော့်ကို ကျွန်တော့်မိသားစုက လိုအပ်နေပြီ။ ပြီးတော့ ကျွန်တော့်စိတ်ထဲမှာ မျှော်လင့်ချက် မျိုးစေ့လေးက အမြစ်တွယ်စပြုနေပြီ။ ကျွန်တော် အိမ်ပြန်ဖို့ အဆင်သင့်ဖြစ်နေပါပြီ။

ကျွန်တော် ဒွန်ချွန်ရီမှာရှိတဲ့ အဖေ့အိမ်ကိုပဲ ပြန်သွားခဲ့တယ်။ မိန်းမ ဖြစ်သူနဲ့ သမီးလေးက ကျွန်တော်တို့ဆီကိုလာပြီး အတူနေပါတယ်။ အခုတော့ ကျွန်တော်တို့အိမ်ထဲမှာ အိမ်သားရှစ်ယောက် ရှိနေပါပြီ။ မာဆာကိုနဲ့သူ့ရဲ့ လင်ပါကလေးနှစ်ယောက်၊ ကျွန်တော့်သား၊ ကျွန်တော့်မိန်းမနဲ့သမီး၊ အဖေနဲ့ ကျွန်တော် စုစုပေါင်း ရှစ်ယောက်ဖြစ်ပါတယ်။ ကျွန်တော့်အတွက် အလုပ်သစ် အမိန့်မကျသေးတာကြောင့် အိမ်မှာ အဖေတစ်ယောက်တည်းသာ အလုပ်ရှိပါတယ်။

ဒါကြောင့် ရှစ်ယောက်စလုံးအတွက် အဖွဲ့လုပ်အားတစ်ခုတည်းက ဘယ်လိုမှ မလုံလောက်ခဲ့ပါဘူး။

၁၉၈၀ ပြည့်နှစ်ကျော် ကာလတွေ ရောက်လာတဲ့ အချိန်မှာတော့ စားနပ်ရိက္ခာဖြန့်ဝေမှုက ဆိုးသထက် ဆိုးလာခဲ့တယ်။ အဲဒီအချိန်မှာ အကြားရဆုံး ဆောင်ပုဒ်ကတော့ "ကွန်မြူနစ်ဝါဒရဲ့ အဓိပ္ပာယ်က ဆန်ပဲ"ဆိုတဲ့ ဆောင်ပုဒ် ဖြစ်ပါတယ်။ နေရာတိုင်းမှာ ဒါပဲ ထပ်ခါထပ်ခါ ကြားနေရပါတယ်။ လယ်သမားတွေနဲ့ ကျောင်းသားတွေဟာ တောင်စောင်းတွေမှာ လှေကားထစ် စိုက်ခင်းတွေ စိုက်ပျိုးဖို့ အတူတကွ လုပ်ဆောင်ကြရပါတယ်။ ဒါပေမဲ့ ကြိုတင် စီစဉ်တွက်ချက်မှု မရှိတာကြောင့် မိုးရာသီ ရောက်လာတဲ့အခါ စိုက်ခင်းအများစုဟာ မိုးရေနဲ့အတူ မျောပါသွားကြတယ်။ မိုးရေနဲ့ မျောပါ မသွားဘဲ ကျန်ခဲ့တဲ့ စိုက်ခင်းတွေဟာလည်း ဘာမှ ထပ်စိုက်လို့မရအောင် ပုံပျက်ပန်းပျက် ဖြစ်သွားကြတယ်။ ဒါ့အပြင် အဲဒီခုချိန်ထိ စပါးပျိုးပင်တွေကို ပူးပူးကပ်ကပ် စိုက်နေရဆဲပါပဲဗျာ။ အဲဒီလို စိုက်တဲ့အတွက် နောက်ဆုံးမှာ စပါးပင်တွေဟာ ပွတ်သိပ်ကျပ်ညပ်လာပြီး အရည်အသွေး ကောင်းတဲ့ စပါးတွေ မသီးနိုင်တော့ပါဘူး။ ကျွန်တော်တို့ဟာ အဲဒီလို ပျိုးပင်တွေကို ပူးပူးကပ်ကပ် မစိုက်သင့်ဘူးဆိုတာ သိပေမဲ့လည်း . အဓိပ္ပါယ်မရှိတဲ့ ပေါ်ကြောင်ကြောင် 'ဂျူချေ'(Juche)စနစ်ကြီးကို မဖြစ်မနေ လိုက်နာခဲ့ကြရ ပါတယ်။ စိုက်ခင်းတစ်ခုဟာ ချမှတ်ထားတဲ့ သီးနှံအထွက်နှုန်း မထွက်ဘူး ဆိုရင် အဲဒီစိုက်ခင်းရဲ့ မန်နေဂျာဟာ ချမှတ်ထားတဲ့ သီးနှံထွက်နှုန်း ပြည့်မီ သယောင် ဖြစ်အောင် စာရင်းကို လိမ်ပြီး အထက်ကို တင်ရပါတယ်။ ဒါပေမဲ့ စာရင်းတွေ ဘယ်လောက်ပဲ လိမ်လိမ် ကျွန်တော်တို့ ရနေတဲ့ စားနပ်ရိက္ခာ ဝေစုကတော့ ပကတိ အခြေအနေကို ဖုံးဖိမထားနိုင်ခဲ့ပါဘူး။ ဆောင်းဦး ရာသီတိုင်း ဖြန့်ဝေပေးနေကျ စားနပ်ရိက္ခာဝေစုဟာ တဖြည်းဖြည်းနဲ့ ပိုနည်း လာခဲ့တယ်။

ကျွန်တော် အဖေတို့အိမ်ကနေ ခွဲပြီးနေဖို့ စဉ်းစားခဲ့တယ်။ ရွာထဲက မြစ်ချောင်းနားမှာ စိတ်မနှံ့တဲ့ သားတစ်ယောက်နဲ့ အတူတူ နေထိုင်နေတဲ့ အဘွားအိုတစ်ယောက်ရှိပြီး သူတို့အိမ်က အခန်းလွတ်တစ်ခုမှာ ကျွန်တော်တို့ မိသားစု လာနေလို့ ရမလားလို့ မေးကြည့်ခဲ့တယ်။ အဘွားအိုကလည်း သဘော တူခဲ့တာကြောင့် ကျွန်တော်ဟာ မိန်းမဖြစ်သူနဲ့အတူ ကလေးနှစ်ယောက်ကို ခေါ်ပြီး အဖေ့အိမ်ကနေ ထွက်လာခဲ့တယ်။ ကျွန်တော့်မှာ အလုပ်မရှိသေးပါ ဘူး။ ဘယ်လောက်ပဲ ကြိုးစားကြိုးစား အလုပ်ရှာလို့မရဘူး ဖြစ်နေခဲ့တယ်။ ဒါကြောင့် ကျွန်တော်တို့ မိသားစုဟာ တောင်ပေါ်က စားလို့ရတဲ့ အပင်တွေ ရယ်၊ မြစ်ထဲကဖမ်းလို့ရတဲ့ ငါးတွေရယ်နဲ့သာ အသက်ဆက်နေခဲ့ရတယ်။

ကျွန်တော့်မိသားစုအတွက် အိမ်လေးတစ်လုံး အမြန်ဆုံးဆောက်ပေး ချင်မိတာကြောင့် ကျွန်တော် လယ်တောတစ်ခုကနေ အိမ်ဆောက်ပစ္စည်း အချို့နဲ့

နွားလှည်းတစ်စီးကို ငှားလာခဲ့တယ်။ အဲဒီတုန်းက နှင်းတွေ ပြင်းပြင်းထန်ထန် ကျနေပေမဲ့ ကျွန်တော် ကိုယ်ပိုင်အိမ်မရှိတဲ့ဘဝကို စိတ်ကုန် နေပြီမို့ နှင်းကျလည်း ဂရုမစိုက်နိုင်တော့ပါဘူး။ ကျွန်တော် တောင်ပေါ်ကို တက်သွားခဲ့တယ်။ တောထဲရောက်တဲ့အချိန်မှာ နှင်းထုက ကျွန်တော့်ခါး လောက် ရောက်နေပါပြီ။ လမ်းလျှောက်လို့တောင် အဆင်မပြေတော့ပါဘူး။

ရှစ်လက်မပတ်လည်လောက်ရှိတဲ့ ထင်းရှူးပင်တစ်ပင်ကို တွေ့လိုက်တာမို့ ကျွန်တော် အဲဒီအပင်ကို ခုတ်လှဲကာ နွားလှည်းပေါ်တင်ပြီး တောင်ပေါ်ကနေ ပြန်ဆင်းလာခဲ့လိုက်တယ်။ ဒီလိုမျိုး အခေါက်ပေါင်းများစွာ လုပ်ခဲ့ရပြီး တော်တော်လည်း ပင်ပန်းတဲ့ အလုပ်ဖြစ်ပါတယ်။

ကျွန်တော့်မှာ စားစရာဆိုလို့ အဖေ့ဆီက ရထားတဲ့ အေးခဲနေတဲ့ ပြောင်းဆန်အချို့ပဲ ရှိပါတယ်။ ရေဆာလာတိုင်း နှင်းဆုပ်အချို့ကို ပါးစပ်ထဲ ထည့်ပြီး မျိုချလိုက်တယ်။ သစ်ပင်တစ်ပင် ခုတ်ဖို့ နှင်းတောထဲ ရုန်းပြီး တောင်ပေါ်ကို တက်ရတိုင်း အရမ်းပင်ပန်းပြီး တစ်ကိုယ်လုံးလည်း ချွေးတွေ ရွှဲရွှဲစိုနေတတ်တယ်။ ခုတ်ပြီးတောင်အောက်ကို ပြန်ဆင်းလာတဲ့အခါမှာလည်း ချမ်းလွန်းလို့ တစ်ကိုယ်လုံး ခိုက်ခိုက်တုန်နေပါတယ်။ လိုအပ်တဲ့ သစ်ပင် အရေအတွက် ရတဲ့အချိန်မှာတော့ ကျွန်တော့်ရဲ့စုတ်ဖွာနေတဲ့ အလုပ်ကြမ်း ဘောင်းဘီဟာ ချွေးတွေ၊ နှင်းတွေနဲ့ အေးခဲနေပါပြီ။ လမ်းလျှောက်လိုက်တိုင်း ဘောင်းဘီပေါ်က ရေခဲစလေးတွေ ကွဲအက်ပြုတ်ကျသွားတဲ့အသံကို ကြားနေ ရတယ်။

ခုတ်ထားတဲ့သစ်ပင်က အခေါက်တွေကို တံစဉ်နဲ့ ဖယ်ထုတ်လိုက်ပြီး သစ်လုံးတွေအားလုံးကို အိမ်ဆောက်ဖို့ စဉ်းစားထားတဲ့နေရာနားမှာ ပုံထား လိုက်တယ်။ သစ်လုံးတွေကို လိုသလောက်အရှည်ရအောင် ပိုင်းဖြတ်တယ်။ အဲဒီနောက် ဖောင်ဒေးရှင်းအတွက် မြစ်ကမ်းနားက ကျောက်တုံးအချို့ကို ကောက်ပြီး လှည်းနဲ့ သယ်လာခဲ့တယ်။ ဖောင်ဒေးရှင်း ချအပြီးမှာတော့ တိုင်တွေ စထောင်တယ်။ အဲဒီနောက် ရွှံ့စေး၊ မြေစေးတွေကို အသုံးပြုပြီး အင်္ဂတေသဘောမျိုး လုပ်တယ်။ ကျွန်တော်သာ ပါတီထဲက အရေးပါသူ တစ်ယောက်ဆိုရင် ဘိလပ်မြေနဲ့ လုပ်လို့ရမှာဖြစ်ပါတယ်။ ဒါပေမဲ့ ဒါဟာ ကျွန်တော့်လို ကောင်မျိုးအတွက်တော့ မမျှော်မှန်းသင့်တဲ့အရာတစ်ခုပါ။

ကျွန်တော် လက်ဗလာနဲ့ အင်္ဂတေသဘောမျိုးစပ်ပြီး သစ်လုံးတွေပေါ် ကိုသုတ်ပါတယ်။ ကျွန်တော့်လက်ဖဝါးတွေမှာ သွေးတွေထွက်နေခဲ့တာကြောင့် သက်သာသွားအောင် မီးဖိုတစ်ခုဖိုပြီး လက်ကို အနွေးဓာတ်ပေးကြည့်တယ်။ ဒါပေမဲ့ လက်က အရေပြားတွေက ကွာကျနေဆဲဖြစ်ပြီး အပူကြောင့် လက်တစ်ခုလုံး ကျဉ်စပ်လာတယ်။ ခံစားရတဲ့ဝေဒနာက မပြောပြတတ်လောက်အောင်ပါပဲ။ ဒါပေမဲ့ ကျွန်တော် အလုပ် ဆက်လုပ်နေခဲ့ပါတယ်။ တစ်နေ့ပြီးတစ်နေ့၊ တစ်ပတ်ပြီးတစ်ပတ်

လုပ်စရာရှိတာကို ဆက်လုပ်နေခဲ့တယ်။

ငါးလအကြာမှာတော့ အိမ်က ပြီးလုနီးပါးဖြစ်နေခဲ့ပါပြီ။ အိမ်အမိုးကို ပေါင်းမိုးပုံသဏ္ဍာန်လေး ဆောက်လိုက်ပြီး ကျွန်တော့်မိန်းမ လုပ်ထားတဲ့ သက်ကယ်အချို့နဲ့ မိုးလိုက်တယ်။ ကျွန်တော် ဆောက်ထားတဲ့ အိမ်လေးက အိမ်နဲ့သိပ်မတူဘဲ တင်းကုပ်လေးနဲ့ ပိုတူနေပါတယ်။ ဒါပေမဲ့ အနည်းဆုံးတော့ ဒီအိမ်လေးက ကျွန်တော်တို့ကိုလေဒဏ်မိုးဒဏ်ကနေ ကာကွယ်ပေးနိုင်မှာပါ။ ကျွန်တော် ဆောက်ထားတဲ့ အိမ်လေးကို သေချာကြည့်ပြီးနောက် 'အရာ အားလုံးထက် မြန်နှုန်းကို ဦးစားပေးပါဆိုတာ ဘယ်ဆိုးလို့တုံးဟ" လို့ မိန်းမဘက်လှည့်ပြီး ပြောလိုက်တယ်။

“အရာအားလုံးထက် မြန်နှုန်းကို ဦးစားပေးပါ....ဟဟ” ဆိုပြီး မိန်းမက ရယ်တယ်။ 'အရာအားလုံးထက် မြန်နှုန်းကို ဦးစားပေးပါ' ဆိုတာ အဲဒီအချိန် တုန်းက နေရာတကာမှာ ကြားနေရတဲ့ ဝါဒဖြန့်ဆောင်ပုဒ်တစ်ခုပါ။

ကျွန်တော်တို့ အိမ်အသစ်လေးကို ပြောင်းလာတဲ့ အချိန်မှာ ဟိုချောလ်ရဲ့အသက်က ခုနစ်နှစ်ရှိနေပြီဖြစ်ပြီးမြောင်ဟွာကနှစ်နှစ်ရှိနေပါပြီ။ ကျွန်တော်တို့မိသားစုတစ်ခုလုံးမှာ ရှိတာဆိုလို့ ပန်းသီးတစ်ဖာရယ်၊ အဖေ ပေးထားတဲ့ ထမင်းအိုးတစ်လုံးရယ်ပဲ ရှိပါတယ်။ ကျွန်တော် ထရက်တာ မောင်းတဲ့အလုပ် မလုပ်တော့ကတည်းက ကျွန်တော့်အတွက် စားနပ်ရိက္ခာ ဝေစု မရတော့တာပါ။ ဒါကြောင့် ကျွန်တော် နေ့တိုင်း ရွာရဲ့စိုက်ခင်းတွေဆီ သွားပြီး မုန်လာဥတွေ သွားခိုးပါတယ်။ ကျွန်တော်တို့စားတဲ့ အစားအသောက် က ရိုးရိုးရှင်းရှင်းလေးပါပဲ။ ခိုးလာတဲ့ မုန်လာဥတွေကို အရွက်တွေပါမချန် လှီးတယ်။ အဲဒီနောက် ကျွန်တော်တို့ ခက်ခက်ခဲခဲ ရှာဖွေထားရတဲ့ ဆန်စေ့ အနည်းငယ်နဲ့ ရောလိုက်တယ်။ ပြီးရင် ရေအများကြီးထည့်ပြီး ဆန်ပြုတ် လုပ်လိုက်တယ်။ ဆန်ပြုတ်လို့သာခေါ်တာ၊ တကယ်တော့ ဆန်ပြုတ်မဟုတ် ဘူးဗျ။ ဘာလို့လဲဆိုတော့ ဇွန်းနဲ့ခပ်လိုက်ရင် ပါလာတဲ့ ခပ်ပျစ်ပျစ် အရည်တွေ ထဲမှာ ဆန်စေ့ တစ်စေ့တောင် မနည်းရှာယူရလို့ပါပဲ။ ကျွန်တော်တို့ဟာ ဖြူခါပြာခါ ကျအောင် ဆင်းရဲနေပေမဲ့ အဲဒီအချိန်ဟာ ကျွန်တော်တို့မိသားစု ပထမဆုံး အတူတူ နေထိုင်ခွင့်ရတဲ့ အခိုက်အတန့်လည်း ဖြစ်ပါတယ်။ ဘာကြောင့်မှန်းတော့ မသိဘူး။ ကျွန်တော်တို့မိသားစု ဒီဘဝကို တောင့်ခံနိုင် မယ်လို့ ကျွန်တော် ထင်နေခဲ့တယ်။ ဒါကြောင့် နေ့တိုင်း ဘုရားစူးဆန်ပြုတ် ကို စားကာ ဆက်လက်အသက်ရှင်ဖို့ ကြိုးစားခဲ့ကြတယ်။ မုန်လာဥတွေ ခိုးရတဲ့အတွက်လည်း စိတ်မလုံတာမျိုး မဖြစ်တော့ပါဘူး။ ကျွန်တော့်မှာ တခြား ဘာရွေးချယ်စရာများ ရှိလို့လဲ။ ကျွန်တော့် မိန်းမက ကလေးကို နို့တိုက်ဖို့ အစားစားဖို့ လိုပါတယ်။ ဟိုချောလ်နဲ့ ကျွန်တော်လည်း ဆက်ပြီး အသက်ရှင်နေဖို့ အစားအသောက် လိုပါတယ်။

အသက်ဆက်ရှင်ဖို့အတွက်ပဲ ကျွန်တော်တို့ မဖြစ်ဖြစ်တဲ့နည်းနဲ့ ရုန်းကန်နေထိုင်ခဲ့ရတာပါ။

ကျွန်တော်လည်း ဘာကိုမှ သိပ်ဂရုမစိုက်တော့တဲ့ အကျင့်တစ်ခု ရလာခဲ့တယ်။ "ငါ့အလုပ်တစ်ခုရရင်တောင် ငါတို့ ကောင်းကောင်းမွန်မွန် စားနိုင်ဦးမှာ မဟုတ်ဘူး" လို့ ကျွန်တော့်မိန်းမကို ပြောခဲ့တယ်။ ကျွန်တော်တို့ မိသားစု အစိုးရအပေါ် မမှီခိုတော့ဘဲ အမှီအခိုကင်းကင်း နေသင့်တယ်လို့ ကျွန်တော် ဆုံးဖြတ်ချက်ချလိုက်တယ်။ နွေဦးရာသီရောက်လာတဲ့အချိန်မှာ တော့ ကျွန်တော်တို့မိသားစု Danelion ရွက်၊ Bracken ရွက်၊ Mugwort ရွက်တို့ကိုပဲ စားပြီး အသက်ဆက်ခဲ့ရတယ်။ အဲဒီ အရွက်တွေအားလုံးကို ဝက်သစ်ချသီးအနှစ်နဲ့ ရောပြုတ်လိုက်ပါတယ်။ အားလုံးကတော့ အစာအဆိပ် သင့်နိုင်တဲ့ အရာတွေချည်းဖြစ်ပေမဲ့ အခြား စားစရာ မရှိတော့လည်း စားရ တာပါပဲ။ အဲဒီ အရောအစပ်ရဲ့ အရသာက ခါးပါတယ်။ စားပြီးရင် လျှာတွေ ထုံထိုင်းသွားတတ်တယ်။ ဒါပေမဲ့ အနည်းဆုံးတော့ အရသာတစ်မျိုးလေး ရှိနေတာပေါ့။ ဘာမှမစားရတာထက်စာရင်တော့တော်ပါသေးတယ်။

နွေရာသီမှာတော့ လက်မအရွယ်လောက်ရှိတဲ့ မက်မွန်သီး အများ အပြားကို ကျွန်တော် ခိုးခဲ့ပြီး တစ်မိသားစုလုံး ပျော်ရွှင်စွာ အငမ်းမရ စားခဲ့ကြပါတယ်။ ပန်းသီးနဲ့အာလူးတွေလည်း ခိုးခဲ့ပါသေးတယ်။ ဒီလိုခိုးစား နေတာဟာ ကျွန်တော် တစ်ယောက်တည်းတော့ မဟုတ်ပါဘူး။ အခြား လူအများအပြားလည်း အဲဒီအချိန်က ခိုးနေခဲ့ကြပါတယ်။ ရဲတွေလည်း လက်လျှော့လိုက်ပြီ ထင်ပါတယ်။

ကျွန်တော်တို့စားမိတဲ့ အစားအစာအချို့က တစ်ခါတလေ ပုပ်သိုးနေတာမျိုး ရှိတတ်ပြီး တောင်ပေါ်က ခူးပြီးစားတဲ့ အလေ့ကျအရွက် အချို့ ကလည်း အဆိပ်ရှိတဲ့ အရွက်တွေ ဖြစ်နေတတ်ပါတယ်။ ကျွန်တော်တို့ တစ်မိသားစုလုံး မကြာခဏဆိုသလို မခံမရပ်နိုင်အောင် ဗိုက်အောင့်တတ် ပါတယ်။ ဒါပေမဲ့ ဗိုက်နာလည်း ဘာတတ်နိုင်မှာလဲ။ မစားဘဲနေလို့မှမရတာ။

ဒီလိုပုံစံမျိုးနဲ့ တစ်နှစ်လောက် ကျွန်တော်တို့ နေထိုင်လာခဲ့ကြပြီး တစ်နေ့မှာတော့ မိန်းမက သူ့အဘွားကျန်းမာရေးအတွက် စိုးရိမ်မိကြောင်း ဖွင့်ဟလာခဲ့တယ်။ အဲဒီနောက်ပိုင်း ကျွန်တော့်မိန်းမဟာ သူ့အဘွားဆီကို ပုံမှန်သွားကြည့်ခဲ့တယ်။ အမြဲမဟုတ်ပေမဲ့ သူ့အဘွားဆီက ပြန်လာတိုင်း မကြာမကြာ ဆန်တစ်အိတ် ပါလာတတ်တယ်။ သူ့အဘွားကပေးလိုက်တာ လို့တော့ ကျွန်တော့်ကို ပြန်ပြောပါတယ်။ ဒါပေမဲ့ သူ့အဘွားဟာ ချမ်းသာတဲ့ လူတစ်ယောက်မဟုတ်မှန်း ကျွန်တော် သိနေခဲ့တယ်။ ဒါ့အပြင် ကျွန်တော့် မိန်းမဟာ အိမ်ကိုပြန်လာတိုင်း အားအင်ကုန်ခန်း နေတတ်တာကိုလည်း ကျွန်တော် သတိထားမိလာခဲ့တယ်။

နောက်ဆုံးတော့ ဆန်အိတ်တွေ သူ ဘယ်ကရနေလဲဆိုတာ ကျွန်တော် မမေးဘဲ မနေနိုင်တော့ပါဘူး။

ပထမတော့ သူ အမှန်အတိုင်းမဖြေပါဘူး။ ဒါပေမဲ့ သူ အမှန်ကို ပြောလာတဲ့အထိ ကျွန်တော် ဖိအားပေးပြီး မေးခဲ့တယ်။ တကယ်တော့ သူဟာ သူ့အဘွားဆီ သွားနေခဲ့တာ မဟုတ်ပါဘူး။ သူ့အဖွားဆီ သွားမယ်လို့ ပြောပြီး ဟမ်ဟန်းမြို့က သွေးသွင်းဌာနမှာ သွေးသွားရောင်းနေခဲ့တာ ဖြစ်ပါတယ်။ သွေးရောင်းရာကရတဲ့ ပိုက်ဆံနဲ့ ဆန်တစ်အိတ် ဝယ်လာတာ ဖြစ်ပါတယ်။

သူပြောပြတာကို နားထောင်ပြီး ကျွန်တော် ဆွံ့အသွားတယ်။ ဘာစကားမှမပြောတော့ဘဲ ကောင်းကင်ကြီးကိုသာ မော့ကြည့်နေမိတယ်။

မြောက်ကိုရီးယားက ကျောင်းတွေမှာ ကျွန်တော်တို့ ဘာတွေ သင်ကြားခဲ့ရလဲဆိုတာ ခင်ဗျားကို အလျဉ်းသင့်လို့ ပြောပြပါဦးမယ်။ ``တောင်ကိုရီးယားက လူတွေဟာ သူများပစ္စည်းတွေကို ခိုးလိုက်၊ သူတို့သွေး တွေကို ရောင်းလိုက်နဲ့ အသက်ရှင်နေရတာ''တဲ့။

တကယ်တော့ ပြောင်းပြန်ကြီးပါ။ တကယ် အဲဒီလို ဖြစ်နေတာက ကျွန်တော်တို့ ဘဝတွေပါ။

※

၁၉၈၂ ခုနှစ်၊ ဇွန်လဟာ ကျွန်တော့်မိန်းမရဲ့ ဒုတိယ ကိုယ်ဝန် ကိုးလပြည့်တဲ့လပါ။ မွေးဖွားခါနီးအချိန် ရောက်နေပြီဖြစ်ပေမဲ့ သူ အစား ကောင်းကောင်း မစားရတာ လနဲ့ချီနေပါပြီ။ စားနေကျ တောင်ပေါ်က အပင်တွေကလွဲပြီး အခြားဘာမှ မစားခဲ့ရပါဘူး။ သူ အရင်ကထက်လည်း ပိုပြီး ဗိုက်နာလာတာကို ကျွန်တော် သတိထားမိခဲ့တယ်။ ဒါပေမဲ့ ဒီအချိန်ထိတော့ သူ တောင့်ခံနိုင်တုန်းပါပဲ။

ကျွန်တော်တို့မှာ ပိုက်ဆံတစ်ပြားမှ မရှိတာမို့ သူ့ကို ဆေးခန်းလည်း မပြနိုင်ပါဘူး။ သူ့အတွက် အာဟာရရှိမဲ့ အစားအစာလေးတွေ ကျွန်တော် ကျွေးချင်နေမိတယ်။ ပင်လယ်ရေညှိ၊ ဟင်းချို၊ ဝက်သား၊ ထမင်း စတဲ့ အစားအစာမျိုးတွေ ကျွေးချင်မိပေမဲ့ အဲဒီအစားအစာတွေက ကျွန်တော်တို့လို ဆင်းရဲသားတွေနဲ့ အလွန် အလှမ်းဝေးလှပါတယ်။ ဒါပေမဲ့ နောက်ဆုံးမှာ ကြက်ဥအနည်းငယ်၊ ဆန်တစ်အိတ်နဲ့ မုန်လာဥတို့ကို ကျွန်တော် ကြံဖန်ပြီး ရှာဖွေနိုင်ခဲ့ပါတယ်။ မိန်းမဖြစ်သူကို အကောင်းဆုံး ဂရုစိုက်ပေးချင်ခဲ့ပေမဲ့ ကျွန်တော်လည်း ဒီထက်ပိုပြီး ဘာမှ မလုပ်ပေးနိုင်ခဲ့ပါဘူး။

ဇွန်လ (၄)ရက်နေ့မှာ ကျွန်တော့်မိန်းမ ဗိုက်နာလာခဲ့တယ်။ ဆေးရုံကို သွားသင့်တယ်လို့ ကျွန်တော်က အကြံပေးပေမဲ့ သူက အိမ်မှာပဲ မွေးမယ်လို့ ဇွတ်တရွတ် ပြောနေခဲ့တယ်။

သူ့နဖူးဟာ ချွေးတွေနဲ့ စိုရွှဲနေတာကို ကျွန်တော် သတိပြုမိလိုက်တယ်။ နူးညံ့တဲ့အဝတ်စ တစ်စလောက် လိုအပ်ခဲ့ပေမဲ့ ကျွန်တော်တို့မှာ နူးညံ့တဲ့ အဝတ်စနဲ့တူတာဆိုလို့ ကျွန်တော့်ရဲ့ အောက်ခံဘောင်းဘီ တစ်ထည်ရယ်၊ မိန်းမရဲ့ အတွင်းခံဘောင်းဘီ နှစ်ထည်ရယ်ပဲ ရှိပါတယ်။ တစ်အိမ်လုံး ထပ်ရှာကြည့်မှ စုတ်ပြတ်သတ်နေတဲ့အဝတ်စုတ်တစ်ခုပဲ တွေ့ပါတယ်။

ကျွန်တော် ရေနွေးအိုးတည်နေတုန်း မိန်းမရဲ့ညည်းသံက ပိုကျယ်လာခဲ့တယ်။ ကျွန်တော် သူ့ကျောကို ပွတ်ပေးပေမဲ့ ဘာမှတော့ ထူးလာပုံမပေါ် ပါဘူး။ နာရီအနည်းငယ်ကြာသွားပြီမို့ ကျွန်တော် ပိုပြီး စိုးရိမ်လာတယ်။

“ငါ လက်သည် ခေါ်လိုက်ရမလား" လို့ ကျွန်တော် မေးလိုက်တော့ သူက “ကလေးက ထွက်လာတော့မယ်ထင်တယ်၊ ရှင်ဘယ်မှ မသွားပါနဲ့။ ကျွန်မနားမှာပဲနေပေးပါ''လို့ ပြန်ဖြေတယ်။

သူက အဲဒီစကားပဲ ထပ်ခါထပ်ခါပြောနေခဲ့ပြီး ကျွန်တော်ပေးတဲ့ အကြံတွေကို တစ်ခုမှ နားမထောင်ခဲ့ဘူး။ ကျွန်တော်လည်း သူ့ကိုမထားခဲ့ချင်တာကြောင့် ကလေးတွေကို အဖေ့အိမ်သွားဖို့ လွှတ်လိုက်တယ်။ ဟိုချောလ်က အဖေ့အိမ်ကို ခဏခဏ လမ်းလျှောက်ပြီး သွားဖူးတယ်။ ဒါကြောင့် သူတို့ဘာသာသွားနိုင်မယ်လို့ ယူဆပြီး လွှတ်လိုက်တယ်။

ရေနွေးကလည်းဆူနေပြီဖြစ်တာကြောင့် အခန်းက ချစ်ချစ်တောက် ပူနေပြီး ကျွန်တော်လည်း တစ်ကိုယ်လုံး ချွေးတွေရွှဲနေတယ်။ ကျွန်တော့်မိန်းမ ဘယ်လိုခံစားနေရမလဲဆိုတာ တွေးတောင်မတွေးရဲပါဘူး။ သူအားကုန်ထုတ် ပြီး ကြိုးစားပေမဲ့ ကလေးက ထွက်မလာသေးပါဘူး။ အချိန်ကလည်း ဘယ်လိုကုန်သွားတယ်မသိ၊ နေတောင်ဝင်သွားပါပြီ။

သူ ကျွန်တော့်ကို တွယ်ဖက်အားပြုပြီး အားကုန်ထုတ် ညှစ်ကြည့်တယ်။ သူ အဲဒီလို အားစိုက်ညှစ်လိုက်တိုင်း သွေးတွေလည်း အများကြီး ထွက်လာတယ်။ ကျွန်တော်တို့နှစ်ယောက်လုံး သွေးတွေနဲ့ရွှဲနစ်နေပြီ။ သူ့တစ်ကိုယ်လုံး နာကျင်မှုကြောင့် သိမ့်သိမ့်တုန်နေပြီး တဖြည်းဖြည်းနဲ့ အားအင် ကုန်ခန်း လာတယ်။ သူအားရှိအောင် ကြက်ဥအနည်းငယ်ကို ဖောက်ပြီး သူ့ပါးစပ်ထဲ အစိမ်းလိုက် ထည့်ပေးလိုက်တယ်။ ဒါပေမဲ့ သိပ်တော့ ထူးခြားပုံမပေါ်ပါဘူး။ ညဆယ်နာရီထိုးတဲ့အချိန်ထိ သွေးတွေထွက်နေဆဲဖြစ်ပြီး သတိလစ်ချင်သလို ဖြစ်လာတယ်။

“မိန်းမရေ သတိထားပါဦးဟာ…နင်သတိလစ်လို့မဖြစ်ဘူး…အားတင်းထားပါဦး… နင်အလျှော့ပေးလို့ မဖြစ်ဘူးဟ…ငါတို့ကလေးအတွက် အားတင်းထားပါဦးဟာ''လို့ ကျွန်တော် အော်ရင်း ငိုနေမိတယ်။

သူကျွန်တော့်ကိုတွယ်ဖက်ရင်း သတိရတစ်ချက် မရတစ်ချက်ဖြစ်လာတယ်။ ကျွန်တော့်လက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ထားတာမို့ သူ့လက်သည်း တွေက ကျွန်တော့်လက်ဖဝါးထဲတောင် စိုက်ဝင်နေတယ်။ သွေးတွေလည်း ဆက်ထွက်နေဆဲပါပဲ။ ဒီလိုနဲ့ နောက်ထပ်တစ်နာရီလောက် ကုန်ဆုံးသွားခဲ့ပြန်တယ်။ သူ့မျက်နှာက လူသေတစ်ယောက်လို ဖြူဖပ်ဖြူရော် ဖြစ်နေပြီ။ သူ့နဖူးပေါ်မှာလည်း ချွေးစက်တွေ မတွေ့ရတော့ဘူး။ သူ့အသက်ရှူသံက တဖြည်းဖြည်း အားဖျော့ကာ တိမ်ဝင်သွားပြီး လူသေတစ်ယောက်နဲ့ ပိုတူ လာတယ်။ ဒါပေမဲ့ ရုတ်တရက် သူ မျက်လုံးဖွင့်လာပြီး ကျွန်တော့်ကို ကြည့်နေ ပါတယ်။ အဲဒီအကြည့်ကို ကျွန်တော် တစ်သက်လုံး မေ့လို့ရမှာ မဟုတ်ပါဘူး။

သူမျက်နှာက အံ့ဩမှု၊ ဝမ်းသာမှု ရောနေတဲ့ပုံစံမျိုးပါ။ ကျွန်တော် အောက်ကို ငုံ့ကြည့်လိုက်တော့ ကလေးရဲ့ခေါင်းက ထွက်နေပါပြီ။ မိန်းမဟာ နာကျင်မှုကြောင့် အလူးအလဲ အော်ငိုနေပါတယ်။ “ဆက်ညှစ်ထား..မိန်းမ၊ ကလေး ထွက်နေပြီ။ နောက်တစ်ချက်လောက် ထပ်ညှစ်လိုက်၊ ထွက်လာတော့ မယ်''လို့ ကျွန်တော် အော်ဟစ်အားပေးလိုက်တယ်။

ဒါပေမဲ့ကလေးမျက်နှာကအပြာရောင်သမ်းနေတယ်။ ကျွန်တော်လည်း ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိဖြစ်နေတာနဲ့ နောက်ဆုံး ကလေးရဲ့ ကုပ်နားကိုကိုင်ကာ ကလေးအပြင်ထွက်တာချောအောင် ကြိုးစားကြည့်လိုက်တယ်။

ကျွန်တော့်မိန်းမကတော့ အသံကုန်အာခေါင်ခြစ်ပြီး အော်ငိုနေတယ်။ သူ့ ကြည့်ရတာ နာကျင်မှုကို လုံးဝမခံမရပ်နိုင်ဖြစ်နေတဲ့ပုံပါ။ ကျွန်တော် စိတ်ထဲမှာ အပြစ်ရှိသလို ခံစားမိသလို ရှက်လည်း ရှက်နေမိတယ်။ ကျွန်တော် သူ့ကို ကောင်းကောင်းမွန်မွန် ရှာမကျွေးနိုင်ခဲ့ဘူး။ ဒါပေမဲ့ သူဖြစ်ဖြစ်၊ ကလေးဖြစ်ဖြစ် သေမှာကို ကျွန်တော် ခွင့်မပြုနိုင်ပါဘူး။

မိန်းမဘေးမှာ ဒူးထောက်ထိုင်ပြီး မိန်းမနဲ့ ကလေးမသေဖို့ ကျွန်တော် ဘာတွေလုပ်မိနေမှန်းတောင် မသိပါဘူး။ အဲဒီအချိန်မှာ ကျွန်တော့်နားထဲ ကြားနေမိတာကတော့ ဂျပန်တုန်းက အယုတ်တမာကောင်တွေရဲ့ “ကမ္ဘာမြေပေါ်က နိဗ္ဗာန်ဘုံတစ်ခုကွ… မင်းတို့အဲဒီမှာ ပျော်ရွှင်လိမ့်မယ်… နောက်ဆုံးတော့ မင်းတို့ ဆင်းရဲတွင်းကလွတ်ပြီး အမှီခိုကင်းကင်း နေနိုင်တော့မယ်'' ဆိုတဲ့ စကားသံတွေပါပဲ။ ဒါပေမဲ့ ‘ငါတို့ ဒီလိုငရဲနဲ့တူတဲ့ နေရာမှာ ဘာလို့ မချိမဆံ့ ဝေဒနာတွေနဲ့ သေရမှာလဲ၊ ငါတို့ ဒီလိုနည်းနဲ့သေလို့မဖြစ်ဘူး။ ဒီအယုတ်တမာ ကောင်တွေကို

အနိုင်မပေးနိုင်ဘူး'လို့ကျွန်တော် ရုတ်တရက် ပြန်တွေးမိလိုက်တယ်။

"မိန်းမ မင်း အခုသေရင် ဘာမှအကျိုးမရှိဘူး၊ မင်းအသက်ဆက်ရှင်နေဖို့လိုတယ်၊ ငါတို့ . ဒီအယုတ်မာကောင်တွေကို အနိုင်ပေးလို့ မဖြစ်ဘူး၊ ငါတို့ကပဲ သူတို့ကို အနိုင်ယူပြရမယ်"လို့ သူ့နားထဲကို ကျွန်တော် တိုးတိုးလေး ကပ်ပြောလိုက်တယ်။

သူ နောက်ဆုံးတစ်ချက် အားကုန်ညှစ်လိုက်ရင်း ငယ်သံပါအောင် အော်လိုက်တယ်။ အဲဒီနောက် ကလေးက တစ်ချက်တည်းနဲ့ လျှောခနဲ ထွက်လာလို့ ကျွန်တော်တောင် အံ့အားသင့်သွားတယ်။

ကျွန်တော့်မိန်းမကတော့ ခြေပစ်လက်ပစ်နဲ့ ပက်လက်ပြန်လှန်ပြီး မေ့နေတယ်။

ကျွန်တော် ကလေးရဲ့ချက်ကြိုးကို ဖြတ်လိုက်ပြီး အစောပိုင်းက ရှာထားတဲ့ အဝတ်စုတ်နဲ့ပဲ ပတ်ထားလိုက်တယ်။ ကလေးငိုတာကို ကျွန်တော် စိတ်လှုပ်ရှားစွာ စောင့်နေမိတယ်။ ဒါပေမဲ့ ကလေးက လုံးဝငိုမလာခဲ့ဘူး။

"သားလေး ငိုပါကွာ..ငိုပါကွာ''လို့ ကျွန်တော် အော်ဟစ်နေခဲ့မိတယ်။ အဲဒီနောက် ရုတ်တရက် ကလေးက ထငိုလာတယ်။ ကျွန်တော့်အသံကို သူ လန့်သွားတယ်ထင်ပါတယ်။

ကျွန်တော့်မိန်းမကတော့ ကလေးငိုသံ ကြားပြီးနောက် လုံးဝ သတိလစ်မေ့မြောသွားတယ်။ ကျွန်တော် ကလေးကို မိန်းမဖြစ်သူနားမှာ ချပြီး အကူအညီတောင်းဖို့ အိမ်ကနေ . တစ်ဟုန်ထိုး ပြေးထွက်သွားတယ်။ ကျွန်တော်တို့နဲ့ အနီးဆုံးအိမ်က ကိုက်(၅၀၀)အကွာလောက်မှာ ရှိပါတယ်။ အဲဒီအိမ်မှာနေတဲ့ အမျိုးသမီးက တစ်ကိုယ်လုံးသွေးတွေရွှဲနေတဲ့ ကျွန်တော့်ကို မြင်တော့ ရုတ်တရက် လန့်သွားတယ်။ ဒါပေမဲ့ သေချာရှင်းပြလိုက်တဲ့ အခါမှာတော့ အခြေအနေကို သဘောပေါက်သွားပြီး ကျွန်တော်နဲ့အတူ ချက်ချင်းလိုက်လာခဲ့တယ်။ ကျွန်တော်တို့ အိမ်ထဲကို ရောက်သွားချိန်မှာတော့ သွေးတွေနဲ့ စိုရွှဲနေတဲ့ မြင်ကွင်းကိုမြင်ပြီး သူ မျက်ရည်တွေကျလာတယ်။

"ငါ့ဘဝမှာ တစ်ခါမှ ဒီလောက်ဝမ်းနည်းစရာ မြင်ကွင်းမျိုး မမြင်ခဲ့ဖူး ဘူး"လို့ ပါးစပ်ကပြောရင်း ငိုနေတယ်။ နေရာတိုင်းမှာ သွေးတွေစီးနေပြီး ကြမ်းပြင်တစ်ခုလုံး ရွှဲရွှဲစိုနေတယ်။

ကျွန်တော် ဆေးခန်းကိုသွားတုန်း ကလေးနဲ့မိန်းမကို ကြည့်ထားပေးဖို့ အဲဒီအမျိုးသမီးကို အကူအညီတောင်းကာ အိမ်ကနေ ပြေးထွက်လာခဲ့တယ်။

ဆေးခန်းတံခါးကို တဒုန်းဒုန်းထုပြီး ဆရာဝန်ကို နှိုးလိုက်တယ်။ တကယ် တော့ ဒီဆရာဝန်က ကျွန်တော်ရိုက်ခဲ့ဖူးတဲ့ ဆရာဝန်ပါ။ ဒါပေမဲ့ မာနကို မျိုသိပ်ကာ လေးဖက်ထောက်ပြီး ခေါင်းကို မြေကြီးနဲ့ ထိထားလိုက်တယ်။

"တကယ့်ကိုအရေးပေါ်အခြေအနေမို့ပါ ဆရာရယ်၊ ကျွန်တော့်မိန်းမနဲ့ မွေးကင်းစကလေးဟာ အသက်ဆုံးရှုံးနိုင်တဲ့ အနေအထားကို ရောက်နေပါတယ်။ ကျေးဇူးပြုပြီး ကျွန်တော်နဲ့ လိုက်ခဲ့ပေးပါ ဆရာရယ်"လို့ ကျွန်တော် အနူးအညွတ် တောင်းဆိုလိုက်တယ်။

ဆရာဝန်က ဘာမှမပြောဘဲ ရုတ်တရက် ချာခနဲ လှည့်ထွက်ကာ ဆေးခန်းထဲကို ပြန်ဝင်သွားတယ်။ ကျွန်တော် စိတ်ပျက်လက်ပျက် ဖြစ်သွားတယ်။ သူ ကျွန်တော့်ကို အဖက်တောင်လုပ်မှာမဟုတ်ဘူးဆိုတာ စိတ်ထဲမှာ သိနေခဲ့ပြီးသားပါ။

အဲဒီနောက် ဆေးခန်းထဲကနေ "ဒါဆို အခုသွားကြစို့"လို့ ပြောလိုက်တဲ့ အသံကို ရုတ်တရက် ကြားလိုက်ရတယ်။

အဲဒီနောက် ဆရာဝန်က ဆေးခန်းထဲက ပြန်ထွက်လာပြီး ညအမှောင် ထဲမှာ ကျွန်တော်နဲ့အတူ အိမ်ကို ပြေးပြီးလိုက်လာခဲ့တယ်။ ကျွန်တော်တို့ အိမ်ကို ပြန်ရောက်တော့ မြင်လိုက်ရတဲ့မြင်ကွင်းကြောင့် သူ လန့်ဖျပ်သွားပြီး ကျွန်တော့်ဘက်လှည့်ကာ "မင်း သူ့ကို အခုချက်ချင်း ဆေးရုံတင်မှဖြစ်မယ်" လို့ ပြောလာတယ်။

အိမ်နီးချင်းအမျိုးသမီးကိုကလေးနဲ့အတူနေပေးဖို့အကူအညီတောင်း ပြီး မိန်းမကို ကျောပိုးကာ ဆေးရုံကို အမြန်ဆုံး ပြေးသွားလိုက်တယ်။ အဲဒီအချိန်မှာ ကျွန်တော့်ကို မောင်းထုတ်မဲ့သူရှိရင် ကျွန်တော် အဲဒီလူကို သတ်ဖို့ ဝန်လေးမှာမဟုတ်ပါဘူး။ ဒါပေမဲ့ ဆေးရုံစောင့်တွေက ကျွန်တော်တို့ အနေအထားကို အဝေးက လှမ်းမြင်သွားပုံရတယ်။ ဒါမှမဟုတ် ကျွန်တော့်ရဲ့ လူသတ်ဖို့ဝန်မလေးတဲ့အကြည့်ကို သတိထားမိသွားတာလည်း ဖြစ်နိုင်တယ်။ သူတို့ ကျွန်တော့်ကို ချက်ချင်းဝင်ခွင့်ပြုခဲ့ပါတယ်။ အဲဒီနောက် ကျွန်တော့်မိန်းမ ကို ခုတင်တစ်ခုပေါ် တင်လိုက်တယ်။ ဝေလီဝေလင်းအချိန်မို့ အရုဏ်တက် အလင်းရောင်ဟာ အမှောင်ထုကို ဖြိုခွင်းပြီး ပြတင်းပေါက်ကတစ်ဆင့် ကျွန်တော်တို့ အခန်းထဲ ဖြာကျလာတယ်။ ဆေးရုံက အရှေ့ဘက်ကိုလှည့်ပြီး ဆောက်ထားတာမို့ နေထွက်တာကို အတိုင်းသားမြင်နေရတယ်။ အရင်ရက် ကလည်း နေထွက်တာကို ကျွန်တော် ကြည့်ခဲ့ပါသေးတယ်။ ဒါပေမဲ့ အဲဒီအချိန် ကနေ အခု နေထွက်တဲ့အချိန်ကြားမှာ နှစ်သန်းပေါင်းများစွာကြာသွားခဲ့သလို ပါပဲ။

သားလေးကို ဟိုဆွန်လို့ နာမည်ပေးလိုက်ပါတယ်။ ကျွန်တော့်မိန်းမက

သားလေးကို အသက်ရှင်အောင် မွေးပေးခဲ့ရတာမို့ ကျွန်တော်က သားလေး ကျန်းမာအောင် စောင့်ရှောက်ဖို့လိုတယ်လို့ စိတ်ထဲခံယူထားမိတယ်။ ဒါပေမဲ့ မိန်းမဖြစ်သူဟာအာဟာရချို့တဲ့နေခဲ့ပါတယ်။ဆေးရုံမှာနေပြန်ကောင်းအောင် ဆက်နေရသေးတာမို့ သားလေးကို သူ နို့မတိုက်နိုင်ခဲ့ပါဘူး။ ဒါကြောင့် ဟိုချောလ်တုန်းကလိုပဲ ရွာထဲလှည့်ပတ်ပြီး နို့တိုက်ပေးနိုင်မဲ့သူကို ကျွန်တော် ရှာရပြန်ပါတယ်။

ကျွန်တော် နေ့တိုင်း ရှာထဲပတ်ပြီး နို့တိုက်ပေးနိုင်မဲ့သူကို လိုက်ရှာပါတယ်။ ဒါပေမဲ့ လူတွေက တော်တော်လေး အသည်းမာကြပါတယ်။ သူတို့ကိုလည်း အပြစ်တော့ပြောလို့ မရပါဘူး။ စားနပ်ရိက္ခာဖြန့်ဝေမှု အခြေအနေက တော်တော်လေးကို ဆိုးနေခဲ့ပါပြီ။ ဟိုချောလ်ကို မွေးတုန်းက ထက်တောင် အခြေအနေ ပိုဆိုးနေခဲ့ပါတယ်။ အစားအသောက်ရှားပါးမှုဟာ လူတွေဆီက အကြင်နာတရားဆိုတဲ့ အရာကို မောင်းထုတ်ခဲ့ပြီးပါပြီ။ လူတိုင်းဟာ မသေရုံတစ်မည် ကြိုးစားရှင်သန်နေခဲ့ရတာ ဖြစ်ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်ကတော့ အိမ်တကာလှည့်ပြီး ကျွန်တော့် သားလေးကို နို့တိုက်ပေးဖို့ လိုက်တောင်းဆိုနေဆဲပါပဲ။ ဒါပေမဲ့ ဘယ်သူကမှ ကျွန်တော့်စကားကို နားမထောင်ပေးခဲ့ကြပါဘူး။ အချို့က ကျိန်ဆဲပြီး မောင်းထုတ်ကြတယ်။ အဆိုးဆုံးအခိုက်အတန့်ကတော့ “မင်းလာနောက်နေ တာလား....မင်းကလေး သေလားရှင်လား ငါတို့ဂရုစိုက်မယ်လို့ မင်း ထင်နေ တာလား"လို့ အပြောခံရတဲ့ အခိုက်အတန့်ပါပဲ။

※

တစ်လအကြာမှာတော့ ကျွန်တော့်မိန်းမ ဆေးရုံက ဆင်းလာနိုင်ခဲ့တယ်။ ဒါပေမဲ့ သူ့ကျန်းမာရေး အခြေအနေက မကောင်းသေးပါဘူး။ ဟိုဆွန်ကို ကောင်းကောင်းနို့မတိုက်နိုင်သေးတာကြောင့် ဟိုဆွန်က အမြဲလိုလို ငိုနေလေ့ ရှိတယ်။ ကျွန်တော် ဆောက်ထားတဲ့ ခနော်နီခနော်နဲ့ တင်းကုပ်လေး က အအေးဒဏ်ကို မကာကွယ်နိုင်တော့ဘဲ နေလို့မရအောင် ဖြစ်လာတယ်။ ဒါကြောင့် ဒွန်ချွန်ရီမှာရှိတဲ့ အဖေ့အိမ်မှာနေဖို့အဖေ့ကို ခွင့်တောင်းကြည့်တယ်။ အဲဒီနောက် ကျွန်တော့်မာနကို မျိုသိပ်ပြီး အိမ်တစ်လုံးရဖို့ ဗဟိုပါတီဆီ လျှောက်လွှာတင်လိုက်ပါတယ်။ ၁၉၆၄ ခုနှစ်တုန်းက ကျွန်တော်တို့အိမ် မီးလောင်ပြီးကတည်းက အခုချိန်ထိ အစိုးရပိုင်အိမ်ရာမှာ ကျွန်တော် မနေဖြစ် ခဲ့ပါဘူး။ အစိုးရက အလုပ်သမားအားလုံးကို အိမ်တစ်လုံး သို့မဟုတ် တိုက်ခန်း တစ်ခန်း ထောက်ပံ့ပေးရမှာ ဖြစ်ပေမဲ့ တကယ်တမ်းမှာ နေစရာအိမ်မရှိတဲ့ သူတွေ အများကြီးပါပဲ။ အိမ်နေရာအလွတ် အနည်းငယ်ရှိပေမဲ့ ခင်ဗျားဟာ ပါတီနဲ့ အချိတ်အဆက်မရှိသူဆိုရင် အဲဒီအိမ်နေရာကို ရဖို့ လုံးဝမဖြစ်နိုင်ပါဘူး။

ဒါပေမဲ့ ကံများကောင်းမလားဆိုပြီး ကျွန်တော် စမ်းကြည့်ခဲ့ပါတယ်။ ကျွန်တော့်ရဲ့လျှောက်လွှာထဲမှာ ကျွန်တော်ဟာ အိမ်ထောင်ရှိသူဖြစ်ပေမဲ့ အိမ်နဲ့အဝေးကြီးမှာ အလုပ်လုပ်နေရလို့ မိသားစုနဲ့အတူနေလို့မရ ဖြစ်နေ ကြောင်း၊ ဒါကြောင့် ကျွန်တော်တို့မိသားစုအတူတူနေဖို့ နေစရာလေးတစ်ခု လိုကြောင်း စသဖြင့် ရှင်းပြခဲ့ပါတယ်။ ဒီလျှောက်လွှာကနေ အိမ်တစ်လုံး ရလာလိမ့်မယ်လို့တော့ ကျွန်တော် အများကြီး မမျှော်လင့်ထားခဲ့ပါဘူး။ ဒါပေမဲ့ ခြောက်လအကြာမှာတော့

အိုးအိမ်ဌာနက လူတစ်ယောက် ရောက်လာပြီး ကျွန်တော်တို့အနေအထားကို လာရောက်စစ်ဆေးခဲ့ပါတယ်။ ပထမတော့ ဒါဟာ အိမ်တစ်လုံးရဖို့ လမ်းစပဲလို့ ထင်မိခဲ့ပါသေးတယ်။ ဒါပေမဲ့ နောက်ဆုံးမှာတော့ ထုံးစံအတိုင်း ကျွန်တော်တို့မျှော်လင့်ချက်တွေ ပျက်စီးခဲ့ ပြန်ပါတယ်။

အိုးအိမ်ဌာနကလူက ကျွန်တော်တို့ အနေအထားကို လာကြည့် ပြီးနောက် "အိမ်ရာလျှောက်ထားဖို့ ပို့လိုက်တဲ့ စာရွက်စာတမ်းနဲ့ လျှောက်လွှာ တွေကတော့ မှန်ပါတယ်။ ဒါပေမဲ့ မင်းဘာလို့ ကျေးလက်ခရိုင်ရုံးကို မပို့ဘဲ ဗဟိုပါတီဆီ ပို့လိုက်ရတာလဲ၊ မင်း ငါတို့ကို စော်ကားလိုက်သလိုပဲ၊ ငါ့အချိန်ကိုလည်း ဖြုန်းလိုက်သလိုပဲ၊ ကိုယ့်နေရာ ကိုယ်သိလေကွ၊ အချိုးပြေအောင် နေစမ်းပါကွာ"လို့ ကျွန်တော့်ကို ပြောဆိုလုပ်ပါတယ်။

'အချိုးပြေအောင် နေစမ်းပါကွာ'တဲ့။ ကိုယ့်နား ကိုယ်တောင်မယုံနိုင်ဘူး။ ကျွန်တော့်ကို ကလေးများထင်နေလား မသိဘူး။ ဒါပေမဲ့ ကျွန်တော် စိတ်လိုက်မာန်ပါလုပ်လို့မရပါဘူး။ ပါတီကို စော်ကားသလိုမျိုးမဖြစ်အောင် တတ်နိုင်သလောက် အနေအထိုင် ဆင်ခြင်ရပါမယ်။ ကျွန်တော် အောက်ကျို့ ခံပြီးပဲ တောင်းပန်လိုက်တယ်။ အဲဒီနောက် ကျွန်တော်နဲ့ရင်းနှီးနေပြီဖြစ်တဲ့ မျှော်လင့်ချက်မဲ့တဲ့ခံစားမှုက စိတ်ထဲကို ပြန်ရောက်လာခဲ့ပါတယ်။

ကျွန်တော့်မိသားစုအတွက် လုံခြုံတဲ့ အိမ်လေးတစ်လုံး မဆောက်ပေးနိုင်သလို အလုပ်တစ်ခုမှာ မြဲအောင်လည်း မနေနိုင်ခဲ့ဘူး။ ပြီးတော့ မိသားစု အတွက်လည်း သင့်တင့်တဲ့ဘဝလေးတစ်ခု ကျွန်တော် ဘယ်တော့မှ ဖန်တီး ပေးနိုင်မှာမဟုတ်ဘူး။ ဒါပေမဲ့ သိပ်မကြာခင်မှာပဲ ဟမ်ဟန်းမြို့မှာရှိတဲ့ သစ်တောသုံးစက်ပစ္စည်း ထုတ်လုပ်ရေးစက်ရုံတစ်ခုက ထရက်တာဒရိုင်ဘာ တစ်ယောက် ရှာနေတယ်ဆိုတဲ့ သတင်း ကြားလိုက်ရတယ်။ ကျွန်တော့်မှာ ထရက်တာဒရိုင်ဘာလိုင်စင်ရှိကြောင်း သူတို့ကို ပြောပြပြီး ချက်ချင်းပဲ အလုပ်လျှောက်လိုက်တယ်။ ကံကောင်းချင်တော့ အလုပ်ရသွားခဲ့တယ်။ ဒါပေမဲ့ ဒီအလုပ်က တရားဝင်အလုပ်တော့ မဟုတ်ပါဘူး။ ဒီအလုပ်ဟာ စာရွက်စာတမ်းတွေထဲမှာ လုံးဝမတည်ရှိတဲ့ ဒိုင်လျှိုအလုပ်မျိုးပါ။ ဒါပေမဲ့ ကျွန်တော် အဲဒါတွေ ဂရုမစိုက်အားပါဘူး။

ဟမ်ဟန်းက ပတ်ဝန်းကျင်ညစ်ညမ်းမှုအများကြီးရှိတဲ့ စက်မှုမြို့တော် တစ်ခုဖြစ်ပြီး မီးခိုးမြူတွေလည်း ကြောက်စရာကောင်းလောက်အောင် ဖုံးလွှမ်းနေတဲ့မြို့တစ်မြို့ ဖြစ်ပါတယ်။ ကျွန်တော်အလုပ်လုပ်ရတဲ့ စက်ရုံက အလုပ်သမားတွေအတွက် နေစရာတိုက်ခန်းပေးပါတယ်။ ဒါပေမဲ့ လစ်လပ် နေတဲ့ တိုက်ခန်း မရှိခဲ့ပါဘူး။ ရှိခဲ့ရင်လည်း ကျွန်တော်နေရမှာ မဟုတ်ပါဘူး။ ဘာလို့လဲဆိုတော့ ကျွန်တော့်အလုပ်က စာရင်းဖျောက်ထားတဲ့ ဒိုင်လျှိုအလုပ်

ဖြစ်နေလို့ပါပဲ။

အဖေနဲ့ ဒွန်ချွန်ရီမှာ အချိန်အတန်ကြာ အတူနေခဲ့ပြီးနောက်မှာတော့ ကျွန်တော့်မိန်းမနဲ့ ကလေး အငယ်နှစ်ယောက်ဟာ ဟမ်ဂျူးမှာရှိတဲ့ သူ့အဘွားအိမ်ကို ပြောင်းရွှေ့နေထိုင်ခဲ့ပါတယ်။ ဟိုချောလ်ကတော့ အဖေနဲ့ ဆက်နေခဲ့ပါတယ်။ ကျွန်တော်တို့အားလုံး တစ်ကွဲတစ်ပြားစီဖြစ်နေတာကို ကျွန်တော် မုန်းပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့မှာ တခြားရွေးချယ်စရာလည်း မရှိပါဘူး။ ဘယ်လောက်ပဲကြိုးစားကြိုးစား ကျွန်တော့်မိသားစုကို ပျော်ပျော်ရွှင်ရွှင် ထားနိုင်တဲ့ အနေအထားရောက်မလာခဲ့ပါဘူး။ ကျွန်တော်သူတို့အားလုံးနဲ့အတူ တစ်စုတစ်စည်းတည်း ပျော်ပျော်ရွှင်ရွှင်နေချင်ခဲ့တာပါ။ ကျွန်တော် ဟမ်ဟန်းက စက်ရုံမှာရှိတဲ့ အခန်းတစ်ခန်းကို ခွင့်ပြုချက်မရှိဘဲ အတင်းဝင်နေဖို့ ဆုံးဖြတ်လိုက်တယ်။ ညစာစားချိန် ရောက်လာတဲ့အခါမှာတော့ ဘေးဘီဝဲယာမှာ ဘယ်သူမှမရှိတာ သေချာအောင်စစ်ဆေးပြီး ထရက်တာကဆီအနည်းငယ်ကို ကျွန်တော် ခိုးလိုက်ပါတယ်။ အဲဒီဆီကိုသုံးပြီး ဆီမီးဖိုတစ်ခုနဲ့ ထမင်းချက်စားပါတယ်။ သူတို့ပြောပြောနေတဲ့ ‘ဂျူချေ’(Juche)ကို လက်တွေ့အသုံးချ နေခဲ့ပြီလေ။ ကိုယ်ပိုင်အုပ်ချုပ်ခြင်း၊ အမှီအခိုကင်းခြင်း၊ မိမိဘာသာပြည့်စုံ အောင် ကြိုးစားနေထိုင်ခြင်းဆိုတဲ့ ‘ဂျူချေ'(Juche)စနစ်အတိုင်း ကျွန်တော် နေနေပြီပေါ့။ ဒီနည်းက ကျွန်တော့်ကို အသက်ဆက်ရှင်စေခဲ့ပါတယ်။ ဒါပေမဲ့ စိတ်ချမ်းမြေ့စရာဘဝတစ်ခုတော့ မဟုတ်ခဲ့ပါဘူး။ တစ်ခါတလေ ညဘက် တွေမှာ အထီးကျန်လွန်းလို့ ကလေးတစ်ယောက်လို ကျွန်တော် ရှိုက်ငိုနေမိတတ်တယ်။

ကြာသပတေးနေ့ တစ်နေ့မှာ လျှပ်စစ်မီး ပြတ်တောက်သွားခဲ့ပါတယ်။ အဲဒီနောက်ပိုင်း ကြာသပတေးနေ့မှာ မီးပြတ်တာ ပုံမှန်ဖြစ်လာတယ်။ ဒီလိုနဲ့ ကြာသပတေးနေ့ဟာ တရားဝင်အားလပ်ရက်မဟုတ်တဲ့ အားလပ်ရက် တစ်ရက် ဖြစ်လာခဲ့တယ်။ ဒီလိုနဲ့ ကြာသပတေးနေ့တစ်နေ့မှာ ကျွန်တော် အခန်းအောင်းပြီး မှေးနေတုန်း တစ်စုံတစ်ယောက်က အခန်းတံခါးကို တဒုန်းဒုန်း လာခေါက်တယ်။

ကျွန်တော်တံခါးဆီ ခပ်မြန်မြန်ပြေးပြီး ဖွင့်ပေးလိုက်တော့ အခန်းဝမှာ ရပ်နေတာက ကျွန်တော် ဒီအခန်းထဲမှာ ပုန်းနေတတ်တယ်ဆိုတာကိုသိတဲ့ ကျွန်တော့်ရဲ့ လုပ်ဖော်ကိုင်ဖက် တစ်ယောက်ဖြစ်နေပါတယ်။ သူပြောပုံအရ ရဲတွေဟာ ကျွန်တော်တို့ စက်ရုံကို ဆက်သွယ်လာခဲ့တယ်လို့ သိရပါတယ်။ ဟိုချောလ်နဲ့ ပတ်သက်တဲ့ကိစ္စလို့လည်း သိရပါတယ်။

ကျွန်တော် ဟမ်ဟန်းရဲစခန်းကို အမြန်ဆုံး ပြေးသွားခဲ့တယ်။ ရဲစခန်းရောက်သွားချိန်မှာ ဟိုချောလ်ဟာ ထိုင်ခုံတစ်ခုမှာ ခေါင်းငိုက်စိုက်နဲ့ထိုင်နေတာ တွေ့လိုက်ရတယ်။ ဟိုချောလ်ဟာ ကျွန်တော့်ကို မြင်လိုက်တာနဲ့ ချက်ချင်း ပြေးပြီးဖက်တယ်။

ဟိုချောလ်ဟာ ပုံမှန်အတိုင်း ကျောင်းသွားရင်း ကျွန်တော့်ကို သတိရလာတာကြောင့် ရထားတစ်စီးပေါ်ကို လက်မှတ်မပါဘဲ တက်စီးပြီး ကျွန်တော့်ဆီ လိုက်လာခဲ့တာ ဖြစ်ပါတယ်။ ဟမ်ဟန်းကိုရောက်တဲ့အချိန်မှာ ကျွန်တော့်ကို ဘယ်လိုရှာရမှန်း သူမသိခဲ့ပါဘူး။ ဒါကြောင့် ဟိုဟိုဒီဒီ လျှောက်သွားရင်း မျက်စိလည်နေခဲ့ပါတယ်။ ကျွန်တော် ငယ်ငယ်က အမေ့ကို တိုကျို မြို့ထဲ သွားရှာတာကိုတောင် ရုတ်တရက် အမှတ်ရသွားတယ်။ သူခိုးတွေက ဟိုချောလ်ကို ကိုယ်ထိလက်ရောက်အနိုင်ကျင့်ပြီး အဝတ်အစားနဲ့ ဖိနပ်တွေ ချွတ်ယူသွားခဲ့ကြတယ်။ ဟိုချောလ်ကိုတော့ လမ်းပေါ်မှာ အဝတ်ဗလာနဲ့ ထားခဲ့ကြတယ်။

ဟိုချောလ်က ကျွန်တော့်ကို ဖက်ပြီး တရစပ် ငိုနေတယ်။

“မငိုနဲ့သား..မင်းက ယောကျ်ားတစ်ယောက်ကွ၊ မင်း အားတင်းထား ရမယ်" လို့ ကျွန်တော် သူ့ကို ပြောလိုက်တယ်။ ဒါပေမဲ့ ရင်ထဲမှာတော့ ကျွန်တော့်သားအတွက် ဝမ်းနည်းဆို့နင့်နေခဲ့တယ်။ ကျွန်တော့် အပေါ်အင်္ကျီကို သူ့ကိုဝတ်ပေးလိုက်ပြီး ဒွန်ချွန်ရီက အဖေ့အိမ်ဆီ ပြန်ပို့ပေးလိုက်တယ်။

※

ဟမ်ဟန်းမြို့က လျှပ်စစ်မီးသီးစက်ရုံတစ်ရုံကို တာဝန်ယူအုပ်ချုပ်နေတဲ့ လူတစ်ယောက်နဲ့ အသိအကျွမ်း ဖြစ်လာရာကနေ သူက ကျွန်တော့်ကို ဒရိုင်ဘာအလုပ် ကမ်းလှမ်းလာခဲ့တယ်။ ထုံးစံအတိုင်း ဒိုင်လျှို့အလုပ်ပေါ့။ သူ့ကမ်းလှမ်းမှုကိုလက်ခံရင် ကျွန်တော့်ကို နေစရာတစ်နေရာ ပေးမယ်လို့လည်း ပြောခဲ့တယ်။ သူကမ်းလှမ်းတဲ့နေ့မှာပဲ အဲဒီစက်ရုံကို ကျွန်တော် ပြောင်းသွား လိုက်တယ်။ အဲဒီ စက်ရုံမှာ လုပ်နေတဲ့ အလုပ်သမားနှစ်ယောက်နဲ့အတူ အခန်းတစ်ခုမှာ ကျွန်တော် နေရပါတယ်။ ကိုယ်ပိုင်အိမ်တော့ မဟုတ်ပေမဲ့ အခြေအနေတွေ တိုးတက်လာသလို ခံစားမိတယ်။ လာမဲ့ဆောင်းရာသီမှာ ကျွန်တော့်အတွက် သီးသန့်နေရာတစ်ခု စီစဉ်ပေးမယ်လို့ မန်နေဂျာက ကတိပေးခဲ့ပါတယ်။

ကျွန်တော်က သူများတွေနဲ့မတူဘဲ ပိုထူးချွန်တဲ့ ဝန်ထမ်းတစ်ယောက် လို့ သူက ချီးကျူးတယ်။ တကယ်တော့ ကျွန်တော်က သူများထက်ပိုထူးချွန် နေတာ မဟုတ်ပါဘူး။ သာမန်ပါပဲ။ ဒါပေမဲ့ သာမန်အလုပ်လုပ်တာနဲ့တင် ထူးချွန်သလို ဖြစ်နေတာပါ။ အကြောင်းရင်းကတော့ မြောက်ကိုရီးယားက လူတွေဟာ လေ့လာရေးအစည်းအဝေးတွေတက်ရင်း၊ သူတို့အလုပ်လုပ်တဲ့ အလုပ်ချိန်နာရီတွေကို ရေတွက်ရင်း အချိန်ဖြုန်းကြတာကြောင့် တကယ့် အလုပ်ကိုလုပ်ဖို့ အချိန်မရှိတော့တာပါ။ စက်ရုံကို ကုန်ကြမ်းတွေမရောက်တာ၊

မီးပျက်တာ၊ လယ်ကွင်းတွေမှာ ပေါင်းပင်တွေ ဖုံးလွှမ်းနေတာဟာ အဲဒီလို အချိန်ဖြုန်းခြင်းက ရလာတဲ့ အကျိုးဆက်တွေ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း လူတွေက သူတို့အတွက် စားနပ်ရိက္ခာ ပုံမှန်ရနေသေးသရွေ့ ကျန်တာ ဘာကိုမှ ဂရုမစိုက်ကြပါဘူး။ ကျွန်တော့်အလုပ်ကတော့ ဒိုင်လျှိုအလုပ်ဖြစ်တဲ့ အတွက် လေ့လာရေး အစည်းအဝေးတွေ ဘာတွေလည်း မတက်ရပါဘူး။ ကျွန်တော်က ကိုယ့်အလုပ်ကို ပုံမှန် လုပ်နေတာပါ။ ကျွန်တော့် မျက်စိထဲမှာ တော့ ကျွန်တော့် စွမ်းဆောင်ရည်ဟာ သာမန်ပါပဲ။ ဒါပေမဲ့ မန်နေဂျာကတော့ ကျွန်တော့်ကို သူများထက် ပိုထူးချွန်တယ်လို့ ထင်နေပါတယ်။

ကျွန်တော်တို့မိသားစု တစ်ကွဲတစ်ပြား နေရတာ တစ်နှစ်ခွဲခန့် ရှိသွား ခဲ့ပါပြီ။ ဒါပေမဲ့ ဟမ်ဟန်းမြို့မှာ ကျွန်တော်တို့မိသားစု အတူတူနေလို့ရမဲ့ ကိုယ်ပိုင်နေစရာနေရာလေးရတော့မယ်ဆိုတဲ့စိတ်ကြောင့် ကျွန်တော် ကျေနပ် နေမိတယ်။ ဒီအတွက်လည်း ကျွန်တော် အလုပ်မှာ စိတ်ရောကိုယ်ပါနှစ်ပြီး ကြိုးစားနေခဲ့တယ်။

※

နောက်ထပ် လအနည်းငယ်ကြာတဲ့အချိန်မှာတော့ မုန့်ညင်းဖြူတွေကို ရိက္ခာအဖြစ် ဖြန့်ဝေပေးတဲ့အချိန် ရောက်လာခဲ့ပါတယ်။ ဆောင်းရာသီမှာ ‘ဆောင်းတွင်း သိုလှောင်ရေး တိုက်ပွဲ’ အတွက် မုန့်ညင်းဖြူတွေကို စားနပ် ရိက္ခာအဖြစ် အစိုးရက ဖြန့်ဝေပေးလေ့ရှိပါတယ်။ မြောက်ကိုရီးယားနိုင်ငံမှာ ဆောင်းရာသီအတွင်း အသက်ရှင်ဖို့ ကြိုးစားရတာ ဘယ်လောက် ခက်ခဲကြောင်း သိနေတော့ ‘တိုက်ပွဲ’ ဆိုတဲ့ အသုံးအနှုန်းက ဒီနေရာမှာတော့ အံကိုက်ပဲလို့ ကျွန်တော် တွေးနေမိတယ်။

ခင်ဗျားက ပါတီမှာ အရေးပါတဲ့သူတစ်ယောက်ဆိုရင်တော့ အခြားလူ တွေထက်ပိုပြီး မုန့်ညင်းဖြူတွေ ရမှာသေချာပါတယ်။ ဒါပေမဲ့ ခင်ဗျားက စက်ရုံလုပ်သားဆိုရင်တော့ ခင်ဗျားရမဲ့ မုန့်ညင်းဖြူပမာဏဟာ ခင်ဗျားရဲ့ မိသားစုဝင် အရေအတွက်ပေါ် မူတည်နေပါတယ်။ ကျွန်တော့် အလုပ်က မုန့်ညင်းဖြူဝေစုထုပ်တွေပေါ်မှာ ဝေစုရမဲ့သူတွေရဲ့ နာမည်တွေတပ်ပေးရတာ ဖြစ်ပါတယ်။ ကျွန်တော် အလုပ်ကို အမြန်ဆုံး အပြီးသတ်လိုက်ပြီး ရုံးခန်းထဲ ဝင်သွားလိုက်တယ်။

“ဆောင်းရာသီရောက်ရင် ကျွန်တော့်အတွက် နေရာတစ်ခုပေးမယ်လို့ ခင်ဗျားပြောထားတယ်လေ… အခု ဆောင်းရာသီရောက်နေပြီဗျ”လို့ ကျွန်တော် မန်နေဂျာကို ပြောလိုက်တယ်။

“ငါ စဉ်းစားပေးမယ်လို့ ပြောခဲ့တာပါ….မင်းကို သေချာပေါက်ပေးမယ် လို့

ငါကတိမပေးခဲ့ပါဘူး''လို့ မန်နေဂျာက ကျွန်တော့်ကို ပြန်ပြောတယ်။ တကယ်တော့ စဉ်းစားပေးမယ်လို့ သူပြောခဲ့တာ မဟုတ်ပါဘူး။ သူ့ကြည့်ရတာ ကြောင်အမ်းအမ်းဖြစ်နေပြီး အနေရအထိုင်ရခက်နေပုံပါပဲ။ သူ့စာရွက်စာတမ်းတွေကိုပဲ စေ့စေ့စပ်စပ်ကြည့်နေပြီး ကျွန်တော့်ကို စကားမပြောတော့ပါဘူး။

ရန်ဖြစ်လည်း အကျိုးမရှိဘူးထင်တာနဲ့ ကျွန်တော် အခန်းထဲက လှည့်ထွက်လာလိုက်တယ်။ ဒါပေမဲ့ ရွှံ့တွေပေကျံနေတဲ့ ကျွန်တော့်လက်တွေကို ရုတ်တရက် ကျွန်တော် သတိထားမိသွားတယ်။ မုန်ညင်းဖြူတွေကို ကိုင်ပြီး အလုပ်လုပ်ခဲ့ရတာမို့ ကျွန်တော့်လက်တစ်ခုလုံး ပေကျံနေတယ်။ ရုတ်တရက် ကျွန်တော် ဒေါသထွက်လာပြီး အနောက်ကို ပြန်လှည့်ကာ “ခင်ဗျား လူတွေအပေါ် ဖှုံကျရတာ တော်တော်ပျော်လားဗျ''လို့ မေးလိုက်တယ်။

ကျွန်တော် သူ့ကို ကုပ်ကနေကိုင်ပြီး ရုံးခန်းထဲက ဆွဲထုတ်လာခဲ့တယ်။ အချို့အလုပ်သမားတွေက ကျွန်တော့်ကို ဝိုင်းဆွဲပေမဲ့ ကျွန်တော့်ဒေါသကို မထိန်းနိုင်တော့ပါဘူး။ ကျွန်တော်တို့ နှစ်ယောက်လုံး ရုန်းရင်းကန်ရင်းနဲ့ မုန်ညင်းဖြူပုံထဲ ခေါင်းစိုက်ကျသွားခဲ့တယ်။

နောက်နေ့မှာတော့ မန်နေဂျာက ကျွန်တော့်နားကို ရောက်လာပြီး “လုပ်ငန်းဖွံ့ ဖြိုးရေးဌာနစိတ်နားက အခန်းကို ယူလိုက်ပါ”လို့ တုံးတိ လာပြော သွားခဲ့တယ်။

အဲဒီအခန်းကလည်း တကယ်တော့ တင်းကုပ်သာသာပါပဲ။ မီးဖိုချောင် မရှိတဲ့အပြင် စက်ရုံထဲက လည်ပတ်နေတဲ့ စက်သံတွေလည်း တဒုန်းဒုန်း ကြားနေရပါတယ်။ အဲဒီလိုဖြစ်နေပေမဲ့လည်း ကျွန်တော့်မိသားစုနဲ့အတူနေဖို့ ဟမ်ဟန်းမှာ နေရာလေးတစ်ခု ရသွားတာတော့ ကျွန်တော်ပျော်နေမိတယ်။ ကြမ်းပြင်ကိုအပူပေးဖို့အတွက် ကိုရီးယားရိုးရာအပူပေးစနစ်ကို ကျွန်တော် စပြီးတပ်ဆင်လိုက်တယ်။ အဲဒီနောက် မီးဖိုတစ်ခုကို ရှိတဲ့ပစ္စည်းနဲ့ အမြန်ဆုံး ဖန်တီးလိုက်တယ်။

ရက်အနည်းငယ် ကြာတဲ့အခါမှာတော့ ကျွန်တော့်အခန်းက လူနေလို့ အဆင်ပြေတဲ့အခန်းတစ်ခန်း ဖြစ်လာခဲ့တယ်။ ဒါကြောင့် ကျွန်တော့်မိန်းမနဲ့ ကလေးသုံးယောက်ကို ကျွန်တော်နဲ့အတူ လာနေဖို့ လှမ်းခေါ်လိုက်တယ်။ အခန်းလေးက ကျဉ်းပြီး စက်သံတွေနဲ့ ဆူညံနေပေမဲ့ အနည်းဆုံးတော့ ကျွန်တော်တို့မိသားစု အတူနေနိုင်ခဲ့ပါပြီ။ အဲဒီအချိန်မှာ ဟိုချောလ်က ကျောင်းပြီးသွားပြီဖြစ်တာကြောင့် အလုပ်ရှာနေပါပြီ။ မြောင်ဟွာကတော့ အလယ်တန်းကျောင်းတက်နေဆဲဖြစ်ပြီး ဟိုဆွန်ကတော့ မူလတန်းတက်နေ ခဲ့ပါပြီ။

ကျွန်တော် အလုပ်လုပ်တဲ့ စက်ရုံက ဖန်ပုလင်း အဟောင်းတွေကို ပြန်ဝယ်ပြီး လျှပ်စစ်မီးလုံးတွေအဖြစ် ပြန်လည်ထုတ်လုပ်တဲ့ စက်ရုံဖြစ် ပါတယ်။ ဒါပေမဲ့ အချို့ ဖန်ပုလင်းတွေဟာ အရောင်တွေ ပါနေတာကြောင့် စက်ရုံမှာ အသုံးပြုလို့ အဆင်မပြေပါဘူး။ ဒါကြောင့် အဲဒီပုလင်းတွေကို ကျွန်တော် အိမ်ပြန်သယ်လာခဲ့ပြီး အခန်းထဲမှာ အလှဆင်ထားခဲ့ပါတယ်။ ကျွန်တော့်စိတ်ထဲမှာတော့ အဲဒီ ပုလင်းခွံတွေဟာ ကျွန်တော်တို့ အိမ်ရဲ့ အဖိုးတန် အလှဆင် ပစ္စည်းလေးတွေလိုပါပဲ။

ကျွန်တော် အလုပ်လုပ်နေတဲ့ စက်ရုံနဲ့ အခြားစက်ရုံတစ်ရုံ ပေါင်းပြီး ငါးထပ်တိုက်တစ်လုံး ဆောက်ဖို့ ဆုံးဖြတ်ခဲ့ကြတယ်။ အဲဒီ စီမံကိန်းကို ကိုင်တွယ်နေတဲ့ မန်နေဂျာတစ်ယောက်ရှိပြီး အဲဒီလူဟာ အင်ဂျင်နီယာအစစ် တစ်ယောက်မဟုတ်ဘူးဆိုတာ ကျွန်တော် သိထားခဲ့ပါတယ်။ သူ့အကြောင်း သတင်းတွေလည်း ကျွန်တော်တို့ ကြားဖူးထားပါတယ်။ တိုက်ခန်းတွေကို ဆောက်တယ်၊ ဒါပေမဲ့ ဆောင်းရာသီရောက်လာတဲ့အချိန်မှာ အဲဒီတိုက်ခန်း တွေဟာ အပေါ်စား ဘိလပ်မြေ၊ အပေါ်စား သံမဏိပေါင်၊ ဆောင်းရာသီရဲ့ သုညအောက်ရောက်နေတဲ့ အပူချိန် စတာတွေကြောင့် ပြိုကျ ပျက်စီးသွား လေ့ရှိပါတယ်။ အဲဒီစီမံကိန်းနဲ့ အဲဒီမန်နေဂျာအကြောင်း ကျွန်တော် ကြားသိရတဲ့အချိန်မှာ ထုံးစံအတိုင်း သံသယစိတ်တွေတော့ ရှိနေခဲ့တယ်။ ဒါပေမဲ့ အဲဒီ တိုက်ခန်းမှာ နေခွင့်ရမဲ့လူတွေကိုတော့ မနာလို ဖြစ်မိတယ်။ အဲဒီ တိုက်ခန်းတွေမှာနေဖို့ ဘယ်သူတွေ အရွေးခံရမလဲတော့ ကျွန်တော် မသိပါဘူး။ ကျွန်တော်သိတာကတော့ ကျွန်တော်ပါမှာ မဟုတ်ဘူးဆိုတာပါပဲ။

ဒါပေမဲ့ ဖြစ်တောင့်ဖြစ်ခဲဖြစ်ရပ်တစ်ခု ဖြစ်လာခဲ့တယ်။ ကျွန်တော့် အသိတစ်ယောက်က ကျွန်တော်တို့အတွက် တိုက်ခန်းတစ်ခန်းရအောင် ကူညီပေးခဲ့ပါတယ်။ ကျွန်တော်တို့တစ်မိသားစုလုံး ဒီကံကောင်းမှုကို မယုံကြည် နိုင်ခဲ့ကြဘူး။ ဒီသတင်းကြောင့် တစ်မိသားစုလုံး အပျော်လွန်နေခဲ့ကြတယ်။

ဒါ့အပြင် ကျွန်တော် နောက်ထပ်တစ်ကြိမ် ကံကောင်းခဲ့ပါသေးတယ်။ အခြားစက်ရုံတစ်ခုက မန်နေဂျာတစ်ယောက်က ကျွန်တော့်ကို အလုပ်တစ်ခုအပ်ဖို့ လာရှာခဲ့ပါတယ်။ “ငါတို့အချင်းချင်း ကူညီလို့ရတာ ရှိတယ်ကွ၊ ငါ မင်းကို အပ်စရာ အလုပ်တစ်ခုရှိတယ်၊ အဲဒီအတွက် မင်းကို ငါ ပိုက်ဆံတော့ မပေးနိုင် ဘူး။ ဒါပေမဲ့ မင်းဒီအလုပ်ကို လက်ခံမယ်ဆိုရင် မင်းတိုက်ခန်းကို ပြင်ဆင်ဖို့ ငါ ကူညီပေးမယ်" လို့ သူက ကမ်းလှမ်းခဲ့တယ်။

သူခိုင်းတဲ့အလုပ်ကို လုပ်ပေးအပြီးမှာ အဲဒီမန်နေဂျာဟာ သူ့ရဲ့ကတိအတိုင်း လုပ်ပေးခဲ့ပါတယ်။ တိုက်ခန်းကြမ်းပြင်မှာ အပူပေးစနစ်တပ်ပေးခဲ့တဲ့ အပြင် အိမ်တံခါးလည်း တပ်ဆင်ပေးခဲ့တယ်။ ဒါ့အပြင် အိမ်သုံးပရိဘောဂ

ပစ္စည်းအချို့လည်း လုပ်ပေးခဲ့ပါတယ်။

ကျွန်တော်တို့အခန်းက လေးလွှာမှာ ရှိတဲ့အခန်းဖြစ်ပြီး အခန်းထဲမှာ အိမ်သာလည်းပါသလို မီးဖိုချောင်တစ်ခုလည်း ပါဝင်ပါတယ်။ ကျွန်တော်တို့အတွက်တော့ အိမ်သာနဲ့မီးဖိုချောင်ဆိုတာ မယုံကြည်နိုင်စရာ ဇိမ်ခံပစ္စည်းတွေပါပဲ။ ဒါဟာ ကျွန်တော်တို့အိမ်မီးလောင်ပြီး နောက်ပိုင်း အိမ်နဲ့တူတဲ့အိမ်တစ်လုံးမှာ ပထမဆုံး ပြန်လည်နေထိုင်ခွင့်ရခြင်းလည်း ဖြစ်ပါတယ်။ ကျွန်တော့် ကလေးတွေအတွက်လည်း သူတို့ရဲ့ ကိုယ်ပိုင်အိမ်လေး ပထမဆုံးရဖူးခြင်း ဖြစ်ပါတယ်။

၁၉၈၀ ပြည့်နှစ်လွန်ကာလတွေမှာ ဂျပန်ပြန်တွေအတွက် အခြေအနေ တွေ တိုးတက်လာခဲ့ပါတယ်။ ဂျပန်ပြန်တွေဟာ ဂျပန်မှာရှိတဲ့ အမျိုးတွေဆီက ငွေကြေးအထောက်အပံ့တွေ ပုံမှန်ရကြတယ်။ ဒါ့အပြင် အစိုးရက ခွင့်ပြုတဲ့ ဂျပန်ပြန်အချို့ဆိုရင် ဂျပန်နိုင်ငံက အမျိုးတွေဆီကို အလည်ပြန်ခွင့်ရတယ်။ အဲဒီလိုလူတွေကို 'အမိမြေကိုယ်စားလှယ်အဖွဲ့'လို့ အစိုးရက ခေါ်ပါတယ်။ အမိမြေဆိုတာ ဘာကိုဆိုလိုတာလဲ ကျွန်တော်စဉ်းစားလို့မရသလို အစိုးရက ဒီလူတွေကို ဘယ်လိုနည်းလမ်းနဲ့ရွေးတာလဲ ဆိုတာကိုလည်း ကျွန်တော် မသိပါဘူး။ ဒါပေမဲ့ အစိုးရက ဂျပန်ပြန်တစ်မိသားစုလုံးကို ဂျပန်နိုင်ငံက အမျိုးတွေဆီ အလည်ပြန်လွှတ်တာမျိုးတော့ မရှိခဲ့ဘူးပေါ့။ ကိုယ်ချစ်တဲ့လူတွေ မြောက်ကိုရီးယားမှာ တစ်ယောက်မှမကျန်ခဲ့ဘူးဆိုရင် ဘယ်သူက မြောက်ကိုရီးယားကို ပြန်လာမှာတုံး။ ဂျပန်ကို အလည်ပြန်ခွင့်ရတဲ့သူတွေဟာ မြောက်ကိုရီးယားကို ပြန်လာတိုင်း ငွေမာအချို့နဲ့ နေ့စဉ်သုံးကုန်ပစ္စည်းအချို့ ကို ပြန်သယ်လာတတ်ပါတယ်။ သာမန် နေ့စဉ်သုံးကုန်ပစ္စည်းတွေဟာလည်း မြောက်ကိုရီးယားလို ဆင်းရဲမွဲတေနေတဲ့ ငရဲတွင်းထဲမှာတော့ အဖိုးတန် ရှားပါးပစ္စည်းတွေ ဖြစ်နေပါတယ်။ ဂျပန်ပြန်တွေဟာ တဖြည်းဖြည်းနဲ့ ငွေရေးကြေးရေး အဆင်ပြေလာပြီး ပိုမိုချမ်းသာ ကြွယ်ဝလာချိန်မှာတော့ ဂျပန်ပြန်တွေအပေါ်ထားတဲ့ ပါတီရဲ့ သဘောထားက ပြောင်းလဲလာခဲ့ပါတယ်။ အရင်တုန်းက ဂျပန်ပြန်တွေ အမှားသေးသေးလေး ကျူးလွန်ရင်တောင် ရာထူးကဖယ်ရှားတာမျိုး သို့မဟုတ် ချွေးတပ်စခန်းတွေဆီ ပို့တာမျိုး လုပ်လေ့ရှိခဲ့ပါတယ်။ အခုတော့ သူတို့က ဂျပန်ပြန်တွေကို အဖိုးတန်တဲ့ လူတွေလို သဘောထားလာတာကြောင့် ပါတီဟာ ဂျပန်ပြန်တွေကို ကောင်းကောင်းမွန်မွန် ဆက်ဆံလာခဲ့ပါတယ်။ တကယ်တော့ အစိုးရက စီးပွားရေးဆန်ဆန် တွက်ချက်လာတာသာ ဖြစ်ပါတယ်။

မှောင်ခိုဈေးကွက်ကလည်း တဖြည်းဖြည်းနဲ့ ပိုမိုကျယ်ပြန့်အောင်မြင်လာခဲ့တယ်။ နိုင်ငံတစ်နိုင်ငံဟာ နိမ့်ပါးလေ အဲဒီနိုင်ငံမှာ

မှောင်ခိုဈေးကွက်တွေ ပိုဖြစ်ထွန်းလေပဲ ထင်ပါတယ်။ အကယ်၍ ခင်ဗျားဟာ ကံကောင်းလို့ ဂျပန်ကအမျိုးတွေရဲ့ ငွေကြေးထောက်ပံ့မှုရနေသူဆိုရင် ခင်ဗျားအနေနဲ့ ဆန်တို့၊ အသားတို့ကို ဝယ်ဖို့ တတ်နိုင်မှာ ဖြစ်ပါတယ်။ မှောင်ခိုဈေးကွက်က ဈေးနှုန်းဟာ တရားဝင်ဈေးထက်တော့ ဆယ်ဆလောက် ပိုများလေ့ရှိတယ်။ ဒါပေမဲ့ ခင်ဗျားက နိုင်ငံခြားငွေကြေးတစ်ခုခု အမြဲဝင်နေသူဆိုရင်တော့ အဲဒီပိုက်ဆံ မမာဏလောက်ဟာ ခင်ဗျားအတွက်အရေးကြီးမှာမဟုတ်ပါဘူး။ အရင်တုန်းက ခင်ဗျားဟာ မသေရုံတစ်မည် ရုန်းကန်ချင် ရုန်းကန်ခဲ့ရလိမ့်မယ်။ ဒါပေမဲ့ အခုတော့ ခင်ဗျားဟာ ပါတီခေါင်းဆောင်တွေကိုတောင် ညစာ ဖိတ်ကျွေးနိုင်သူ ဖြစ်နေလိမ့်မယ်။ အရင်တုန်းက ခင်ဗျားဟာ ရန်သူ လူတန်းစား'ထဲက သာမန် အညတရတစ်ယောက် ဖြစ်ချင်ဖြစ်မယ်။ ဒါပေမဲ့ အခုအချိန်မှာတော့ ခင်ဗျားဟာ လူတိုင်း လိုလိုလားလား ကြိုဆိုချင်တဲ့ လူတစ်ယောက် ဖြစ်နေလိမ့်မယ်။

ဒါပေမဲ့ ကျွန်တော်တို့မိသားစုကတော့ အဲဒီလို ကံကောင်းခြင်းမျိုး မခံစားခဲ့ရပါဘူး။ ဂျပန်က ကျွန်တော်တို့အမျိုးတွေဟာ ကျွန်တော်တို့ကို အဆက်ဖြတ်ထားခဲ့ကြတယ်။ အခြား ဂျပန်ပြန်တွေကတောင် ကျွန်တော် တို့ကို လှောင်ပြောင် အထင်သေးကြပါတယ်။ သူတို့ရဲ့ ကြောင်သူတော် ကြွက်သူခိုး လုပ်ရပ်တွေကို ကျွန်တော် သည်းမခံချင်လောက်အောင် ဖြစ်ခဲ့တယ်။ ကျွန်တော်ကတော့ ရရာအလုပ်လုပ်ပြီး အသက်ရှင်ဖို့ ရုန်းကန်နေရ ချိန်မှာ သူတို့ကတော့ ဂျပန်က သူတို့အမျိုးတွေဆီက ပိုက်ဆံလှမ်းတောင်းပြီး မပင်မပန်းရထားတဲ့ အနေအထားသစ်တစ်ခုမှာ အောင်ပွဲခံနေခဲ့ကြတယ်။

ကျွန်တော့်ကလေးတွေကလည်း ကျွန်တော်တို့မှာရှိတဲ့ ပိုင်ဆိုင်မှုနဲ့ အခြားသူတွေရဲ့ပိုင်ဆိုင်မှု ကွာခြားတာကို သတိထားမိနေတဲ့ အရွယ်ရောက်နေကြပါပြီ။ တစ်နေ့တော့ ကျွန်တော့်ကလေးတစ်ယောက်က "အဖေ..သားတို့ မှာ ဘာလို့ ပစ္စည်းကောင်းကောင်းတွေ မရှိတာလဲဟင်၊ အခြားဂျပန်ပြန်တွေ အားလုံးမှာ ရေခဲသေတ္တာတွေ တီဗွီတွေရှိကြတယ်၊ ဂျပန်က သူတို့အမျိုးတွေ ကလည်း လက်ဆောင်တွေ အများကြီး ပို့ပေးကြတယ်၊ အဖေ ပြောတော့ သားတို့အဘိုးက ဂျပန်မှာ ကောင်းတာတွေလုပ်ခဲ့တယ်ဆို''လို့ မေးလာတယ်။

ကျွန်တော့်ရင်ကို အနာစေဆုံး အရာကတော့ ကျွန်တော့် ကလေးတွေ ကျောင်းမှာ သူများကလေးတွေလို တိုက်ကွမ်ဒို ကစားခွင့် မရတာပါပဲ။ အကြောင်းကတော့ ကျွန်တော် သူတို့အတွက် တိုက်ကွမ်ဒိုဝတ်စုံဖိုး မရှာပေးနိုင်ခဲ့လို့ပါ။ ဒါကြောင့် သူတို့က သူများကလေးတွေ ကစားတာကိုပဲ အခန်းထောင့်မှာ ထိုင်ပြီး ကြည့်ကြရပါတယ်။ ဒီအကြောင်းကို ကျွန်တော့်

သားသမီးတွေဆီက ကြားသိခဲ့တာ မဟုတ်ပါဘူး။ သူတို့ရဲ့ အတန်းဖော်တွေဆီကတစ်ဆင့် သိခဲ့တာပါ။ မြောင်ဟွာနဲ့ဟိုဆွန်က ကျွန်တော့်မှာ ပိုက်ဆံမရှိဘူးဆိုတာသိလို့ တိုက်ကွမ်ဒို ဝတ်စုံဖိုး မတောင်းဘဲ နေခဲ့ကြတာပါ။ ကျွန်တော် အရှက်ရမှာ၊ နာကျင်မှာကို သူတို့ မလိုလားလို့ အဲဒီအကြောင်း တောင် ကျွန်တော့်ကို တစ်ခါမှ မပြောခဲ့ကြပါဘူး။

※

၁၉၈၄ ခုနှစ် ဆောင်းဦးရာသီမှာ ကျွန်တော် အလုပ်သစ်တစ်ခု ရခဲ့တယ်။ ဒီတစ်ခါတော့ စားနပ်ရိက္ခာဖြန့်ဝေရေးဌာနမှာပါ။ စက်ရုံအမျိုးမျိုးက ကုန်ပစ္စည်းတွေဟာ ဒီနေရာမှာ ရှိနေပြီး စားနပ်ရိက္ခာဖြန့်ဝေမဲ့သူတွေက ဒီနေရာမှာ လာသယ်ကြရပါတယ်။ သူတို့က စားနပ်ရိက္ခာတွေကို သယ်သွား ပြီး ခရိုင်တစ်ခုချင်းစီမှာရှိတဲ့ ပေးပို့ရမဲ့ သတ်မှတ်နေရာတွေမှာ ချပေးရပါတယ်။ ဈေးနှုန်းတွေကိုတော့ အစိုးရက သတ်မှတ်ပေးတာဖြစ်ပြီး တစ်နိုင်ငံလုံး အတူတူပဲ ဖြစ်ပါတယ်။ ပေးပို့ရမဲ့ ပမာဏကတော့ ဒေသအလိုက် လူဦးရေ ထူထပ်မှုပေါ် မူတည်ပြီး ကွဲပြားလေ့ရှိပါတယ်။

ကျွန်တော့်လုပ်ဖော်ကိုင်ဖက်တစ်ယောက်ရဲ့ ကျေးဇူးကြောင့် ပဲငပိနဲ့ ပဲငံပြာရည် ဖြန့်ဖြူးရေးဌာနမှာ အလုပ်လုပ်ခွင့်ရခဲ့ပါတယ်။ အစားအသောက်နဲ့ ပတ်သက်တဲ့ အလုပ်မှန်သမျှဟာ ပိုမိုကောင်းမွန်တဲ့ဘဝကို ရောက်ဖို့ လမ်းစ ဖြစ်ပါတယ်။ ဒီလို အလုပ်မျိုးမှာ အလုပ်လုပ်ခွင့်ရပြီဆိုရင် မိသားစုအတွက် အစားအသောက်တွေရနိုင်သလို ပါတီ ထိပ်တန်း ခေါင်းဆောင်တွေနဲ့လည်း ထိတွေ့ခွင့်ရလာလေ့ရှိပါတယ်။ ခင်ဗျားအနေနဲ့ လိမ်မာပါးနပ်ပြီး စားစရာတွေကိုသာ လူကြီးတွေဆီ ပို့ပေးမယ်ဆိုရင် ခင်ဗျားကို သူတို့က တီဗွီ သို့မဟုတ် ရေခဲသေတ္တာ သို့မဟုတ် အခြားအခွင့်ထူးတစ်ခုခု ပြန်ဆုချတတ်ပါတယ်။ အနောက်နိုင်ငံတွေမှာတော့ ဒါကို အကျင့်ပျက်ခြစားတာလို့ ခေါ်မယ်ထင်ပါတယ်။ ဒါပေမဲ့ မြောက်ကိုရီးယားမှာကတော့ ဒါဟာ လုပ်ရိုးလုပ်စဉ် တစ်ခုသာ ဖြစ်ပါတယ်။ အခုတော့ ပဲငပိနဲ့ ပဲငံပြာရည်တွေကို ထိန်းချုပ် ဖြန့်ဝေနိုင်မဲ့ အခွင့်အရေး ကျွန်တော့်လက်ထဲကို ရုတ်တရက် ရောက်လာခဲ့ ပါပြီ။ ဒီအခွင့်အရေးကို ကျွန်တော် ဘယ်လိုနည်းနဲ့မှ လက်လွှတ်မခံနိုင်ပါဘူး။

ပဲငပိနဲ့ပဲငံပြာရည်တွေကို ရွာနီးချုပ်စပ်တွေဆီ သွားပို့ရတဲ့အခါမှာတော့ အဲဒီကရွာသားတွေနဲ့ ဒေသခံလယ်သမားတွေရဲ့ ပိန်းချုံးနေတဲ့ ခန္ဓာကိုယ်ကို သတိမထားမိဘဲ မနေနိုင်ခဲ့ပါဘူး။ သူတို့ပုံတွေက အစားအသောက် ငတ်ပြတ်မှုကြောင့် ပင်ပန်းနွမ်းနယ်နေပြီး မျက်နှာတွေလည်း ရှုံ့တွဖြူရော်နေပါတယ်။ တကယ်တော့ သူတို့အတွက် စားနပ်ရိက္ခာဝေစုက တစ်နေ့ကို အလေးချိန်တစ်ပေါင်ခွဲနှုန်း ဖြစ်ရမှာပါ။ ဒါပေမဲ့ တကယ်တမ်းမှာ သူတို့ဟာ

တစ်ပေါင်ခွဲနှုန်းမရဘဲ တစ်ဝက်လောက်သာ ရနေကြပါတယ်။ အဲဒီလို စားနပ်ရိက္ခာ မလုံလောက်ဘဲ အင်အား ပြတ်လပ်နေတဲ့ အချိန်မှာတောင် စစ်ရေးလေ့ကျင့်ခန်းတွေ၊ အခြား အရေးကြီးစီမံချက်တွေအတွက် သူတို့ရဲ့ အလုပ်တွေကိုပစ်ကာ အခေါ်ခံရတဲ့နေရာကို သွားကြရပါတယ်။ သူတို့ အားလုံးဟာ သူတို့အလုပ်ကို အာရုံစိုက်လုပ်ဖို့ အချိန်မရှိတဲ့အတွက် သူတို့ရဲ့ လယ်တွေဟာလည်း ပျက်စီးသွားကြပါတယ်။ လယ်သမားတွေ အချိန်မပေး နိုင်တာကြောင့် ပေါင်းပင်တွေပြည့်နှက်သွားတဲ့ လယ်ကွက်အများအပြားကို လည်း ကျွန်တော် တွေ့ခဲ့ရပါတယ်။

အဲဒီကာလအတွင်း ကျွန်တော်တို့မိသားစုမှာ ပြဿနာတစ်ခု ပေါ်လာ ခဲ့တယ်။ အဲဒါကတော့ ဟိုချောလ်နဲ့ သူ့မိထွေးဖြစ်သူ ကျွန်တော့်မိန်းမကြားမှာ အဖုအထစ်လေးတွေ ဖြစ်လာခဲ့တာပါ။ လူပျိုပေါက်အရွယ် သားတွေနဲ့ မိထွေးတွေ မတည့်တာဟာ တစ်လောကလုံးမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့အရာပဲ ထင်ပါတယ်။ ဟိုချောလ်က လူပျိုပေါက်အရွယ်ဖြစ်လာတာမို့ စိတ်ကလည်း ပိုဆတ်လာတယ်။ ကျွန်တော့် မိန်းမကလည်း သူ့သားသမီး အရင်းတွေနဲ့ တောင် ရင်းရင်းနှီးနှီး သိပ်မနေတော့ဘဲ သူ့ဘာသာသူ တစ်ယောက်တည်း သီးသီးသန့်သန့် နေလာခဲ့တယ်။ ဟိုချောလ်က ဒွန်ချွန်ရီကို ပြန်သွားပြီး သူ့အဘိုးနဲ့အတူ ခဏသွားနေတယ်။ ဟမ်ဂျူးဒေသထဲမှာ ဟိုချောလ်အတွက် အလုပ်တစ်ခုရဖို့ ကျွန်တော့်အထက်အရာရှိကို အကူအညီတောင်းကြည့်တယ်။

စားနပ်ရိက္ခာသိုလှောင်တဲ့နေရာမှာ လုပ်ရတဲ့အလုပ်ပဲဖြစ်ဖြစ်၊ ဘယ်လိုအလုပ်ပဲ ဖြစ်ဖြစ်ပေါ့။ မသေရုံတစ်မည် ပင်ပင်ပန်းပန်းလုပ်ရပြီး ဘယ်သူမှ ကျေးဇူး တင်တာမခံရတဲ့ လယ်သမားအလုပ် မဖြစ်ရင်ပြီးရော။ ဒီလိုမှမဟုတ်ဘဲ ဒွန်ချွန်ရီမှာ သူ ဆက်နေရင် လယ်သမားအလုပ်ပဲ လုပ်ရမှာ သေချာတယ်။ ရှားရှားပါးပါး ကံကောင်းချင်တော့ ကျွန်တော့် အထက်အရာရှိက ဟိုချောလ် အတွက် အလုပ်တစ်ခု ရှာပေးနိုင်ခဲ့တယ်။

ဟိုချောလ်ရဲ့ (၁၇)နှစ်ပြည့် မွေးနေ့ ဖြစ်တဲ့ ၁၉၈၉ ခုနှစ်၊ မတ်လ(၂၅) ရက်နေ့မှာ အလုပ်သွားဦးမယ်လို့ မိန်းမကို လိမ်ပြောပြီး အိမ်ကနေ ထွက်လာ ခဲ့တယ်။ တကယ်တမ်းမှာ အိမ်ကထွက်တာနဲ့ ပေါင်မုန့်အနည်းငယ်ဝယ်ပြီး ကျွန်တော့်သားဆီ သွားလည်ခဲ့တာပါ။ ကျွန်တော် သူနဲ့မတွေ့ရတာ နှစ်လခန့် ရှိနေခဲ့ပြီ ဖြစ်ပါတယ်။ သူ့ ကြည့်ရတာ အရင်ကထက် ပိုရင့်ကျက်လာပုံပါပဲ။ ကျွန်တော်တို့ မြစ်ကမ်းစပ်နားသွားပြီး နေ့လယ်စာ အတူတူစားကြတယ်။ ပြောင်းဆန်ထမင်းနဲ့ ကျွန်တော်ယူလာတဲ့ ပေါင်မုန့်ကို သားအဖနှစ်ယောက် အတူတူစားကြတယ်။ မွေးနေ့ဧည့်ခံပွဲတွေမှာကျွေးတဲ့ အစားအသောက်နဲ့ တစ်စက်မှမတူပေမဲ့ စားရတာတော့ အရသာ ရှိနေခဲ့ပါတယ်။

သားအဖနှစ်ယောက် ပျော်ပျော်ရွှင်ရွှင် စကားလက်ဆုံကျနေခဲ့ကြပေမဲ့ အတိတ်က ဖြစ်ရပ်တွေအကြောင်း၊ ကျွန်တော်တို့ အတူတူ ဖြတ်သန်းခဲ့ရတဲ့ အခက်အခဲတွေအကြောင်း ပြန်ပြောကြတဲ့အခါမှာတော့ ကျွန်တော် မျက်ရည် မကျဘဲ မနေနိုင်တော့ပါဘူး။ သူက ကျွန်တော့်ကို နှစ်သိမ့်ဖို့ ကြိုးစားပေမဲ့ နောက်ဆုံးတော့ သူပါရောပြီး ငိုနေခဲ့တယ်။ ဟိုချောလ်ဟာ ငယ်ငယ်ကတည်း က သူများကို စာနာသနားတတ်တဲ့ ကလေးတစ်ယောက်ပါ။ အခု အရွယ် ရောက်လာတဲ့အချိန်မှာလည်း သူဟာ ကျွန်တော့်ကို အပြည့်အဝ နားလည် ပေးနိုင်တဲ့ လူတစ်ယောက်ဖြစ်နေဆဲလို့ ကျွန်တော်ခံစားမိခဲ့တယ်။ ကျွန်တော် သူ့ဘဝအတွက် အကြံဉာဏ်အချို့ကို အဲဒီနေ့က ပေးဖြစ်ခဲ့တယ်။

"ရင့်ကျက်တဲ့ယောကျ်ားတစ်ယောက်ဖြစ်အောင်ကြိုးစား၊ အိမ်ထောင် ပြုပြီးရင်လည်း ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်အောင် ကြိုးစား၊ ဘာလို့လဲ ဆိုတော့ အဖေ ဘာဖြစ်မယ်ဆိုတာ အဖေလည်း မသိသေးဘူး၊ မင်း နေထိုင်မကောင်းရင်၊ အကူအညီလိုရင် အဖေ့ကိုပြော၊ အဖေ မင်းအတွက် လုပ်ပေးလို့ ရတာမှန်သမျှ အကုန်လုပ်ပေးမယ်"

အဲဒီနောက် ကျွန်တော်တို့သားအဖနှစ်ယောက် လက်ဆွဲနှုတ်ဆက်ပြီး ကိုယ့်အိမ်ကိုယ်ပြန်ခဲ့ကြတယ်။

ရက်အနည်းအငယ်အကြာမှာတော့ ရဲတစ်ယောက်က ကျွန်တော့်ကို ရဲစခန်းလာခဲ့ဖို့ ဆင့်ခေါ်ခဲ့တယ်။ ကျွန်တော့်သားက ဆိတ်တစ်ကောင်ကို ခိုးခဲ့တယ်လို့ သူက ဆိုပါတယ်။ အဲဒီအတွက် လျော်ကြေးကို ကျွန်တော်က စိုက်ပေးဖို့သူက တောင်းဆိုပါတယ်။ ကျွန်တော် ချက်ချင်းပဲ ကျွန်တော့်သားဆီ သွားပြီး ဘာတွေဖြစ်ခဲ့လဲဆိုတာကို စုံစမ်းခဲ့တယ်။

ကျွန်တော် သူ့ကိုတွေ့တော့ သူ့မျက်နှာတစ်ခုလုံး ဒဏ်ရာတွေ ဗရပွ ဖြစ်နေတယ်။

"ကျွန်တော်ဘာအမှားမှ မလုပ်ခဲ့ဘူး အဖေ...ကျွန်တော် ချောက်ချခံရ တာ" လို့ပြောရင်း သူ ကျွန်တော့်ကို ရှင်းပြနေတယ်။

သူ အလုပ်လုပ်တဲ့နေရာမှာ အလုပ်သမား(၄၀)လောက်ရှိပြီး သူက အငယ်ဆုံးဖြစ်ပါတယ်။ အဲဒီမှာ အလုပ်လုပ်တဲ့ ခပ်ဆိုးဆိုး အလုပ်သမား အချို့က ရွာရဲ့စားနပ်ရိက္ခာဂိုဒေါင်ကနေ အာလူးအချို့နဲ့ သကြားပြောင်း အချို့ကို ခိုးခဲ့ကြပါတယ်။ ပိုဆိုးတာက ရွာသားတွေ မွေးထားတဲ့ တိရစ္ဆာန် အချို့ကိုပါ သတ်စားခဲ့ကြတာ ဖြစ်ပါတယ်။ အဲဒီနောက် အပြစ်အားလုံးကို ဟိုချောလ်အပေါ် ပုံချခဲ့ကြတာပါ။

'သူတို့က ကျွန်တော့်ကို 'မင်းက ဂျပန်ပြန်လည်းဖြစ်တယ်၊ အငယ်ဆုံးလည်း ဖြစ်တယ်၊ သူတို့ မင်းကို သက်သက်ညှာညှာ ပြစ်ဒဏ်ပေးပါလိမ့်မယ်၊ ဖြစ်ခဲ့သမျှ အရာအားလုံးအတွက် မင်း တာဝန်ယူဖို့လိုတယ်... နားလည်လား' လို့ ပြောပြီး ကျွန်တော့်ကို သူတို့အပြစ်အတွက် ဝန်ခံခိုင်းခဲ့တယ်...အဖေ၊ ကျွန်တော့်မှာ ရွေးချယ်ခွင့်တောင်မရှိခဲ့ဘူး'"

အဲဒီနောက် အဲဒီအလုပ်သမားတွေက ဟိုချောလ်ကို ဝိုင်းရိုက်ခဲ့ကြပါသေးတယ်။ ကျွန်တော့်သားကို ကျွန်တော် သေသေချာချာ တစ်ချက်ကြည့်မိတယ်။ သူ တကယ်အမှားမလုပ်ထားဘူးဆိုတာကို ကျွန်တော် သိနေတယ်။ သူ့ရဲ့ဒဏ်ရာတွေကို မြင်ရတာ ရင်ထဲ မချိလှပါဘူး။

"နားထောင်..သား၊ မင်းသတ္တိရှိရှိ ရင်ဆိုင်ဖို့လိုတယ်၊ ဒီလောကကြီးမှာ မင်း အသက်ရှင်ချင်ရင် မင်းရဲ့ ကိုယ်ပိုင်တိုက်ပွဲတွေကို ကိုယ့်ဘာသာ အနိုင်တိုက်တတ်အောင် သင်ယူရမယ်''

ကျွန်တော် စိုးရိမ်စိတ်တွေအပြည့်နဲ့ သူ့ဆီကနေ ပြန်လာခဲ့တယ်။ အိမ်ကိုရောက်တာနဲ့ ရဲတွေက ကျွန်တော့်ကို နောက်တစ်ကြိမ် နားပူနားဆာ လာလုပ်ကြပြန်တယ်။ ကျွန်တော် လျော်ကြေးမပေးဘူးဆိုရင် ဟိုချောလ်ကို ချွေးတပ်စခန်း ပို့ပစ်မယ်လို့လည်း ခြိမ်းခြောက်တယ်။ ဒီကောင်တွေရဲ့ လုပ်ရပ်ကို ဒေါသထွက်သလို ရွံလည်းရွံမိတယ်။ ဒါပေမဲ့ ကျွန်တော့်သားကို ချွေးတပ်စခန်းတော့ အရောက်မခံနိုင်ပါဘူး။

သူ့ကို စစ်တပ်ထဲပို့ရင် ကောင်းမလားလို့ နောက်ဆုံးအားကိုးရာအဖြစ် ကျွန်တော် တွေးမိတယ်။ အနည်းဆုံးတော့ ဒီနည်းက သူကြုံနေရတဲ့ အကျပ်အတည်းကနေ ဆွဲထုတ်ပေးနိုင်လောက်တယ်။ ဒါကြောင့် ဒေသတွင်း စစ်သားစုဆောင်းရေးဌာနကို အမြန်သွားပြီး ကျွန်တော့်သားဖြစ်သူက စစ်ထဲ အရမ်းဝင်ချင်နေပါတယ်လို့ ပြောလိုက်ပါတယ်။ ကျွန်တော့်သား စစ်ထဲ အမြန်ဝင်လို့ရအောင် အဲဒီကလူတွေကို ပဲငပိနဲ့ ပဲငံပြာရည် လက်ဆောင်တွေ တောင်ပေးလိုက်ပါသေးတယ်။

အစပိုင်းမှာ သူတို့က လက်မခံပေမဲ့ ကျွန်တော် လွယ်လွယ်နဲ့ လက်မလျှော့ခဲ့ပါဘူး။ အလုပ်ကပြန်တိုင်း သူတို့ဆီ ပုံမှန်သွားပြီး နားပူနားဆာ လုပ်ကြည့်ခဲ့တယ်။ ကျွန်တော်တောင်းဆိုတာကို သူတို့ လက်ခံဖို့ ဖြစ်နိုင်ချေနည်းတယ်ဆိုတာ ကျွန်တော်သိပါတယ်။ ဒါပေမဲ့ ကျွန်တော့်မှာ တခြား ဘာများဆုံးရှုံးစရာ ရှိသေးလို့လဲ။ ကျွန်တော့်သား စစ်ထဲကို မဝင်နိုင်ရင် အဖမ်းခံ ရတော့မယ်။ ပြီးရင် ပျောက်ကွယ်သွားလိမ့်မယ်။ ကျွန်တော့်သား စစ်ထဲဝင်နိုင်ဖို့ အပူတပြင်း လိုအပ်နေခဲ့တယ်။

ဒါပေမဲ့ နောက်ဆုံးတော့ စစ်သားစုဆောင်းရေးဌာနက မောင်းထုတ် တာကို ကျွန်တော် ခံခဲ့ရပါတယ်။ ဒီတော့ ကျွန်တော့်မျှော်လင့်ချက်တွေ နောက်တစ်ကြိမ် ပြိုလဲပျက်စီးခဲ့ပြန်ပြီပေါ့။

နောက်တစ်နေ့မှာ ကျွန်တော် ဟိုချောလ်ဆီကို သွားတွေ့ခဲ့ပါတယ်။ သူ့ကို ကျွန်တော်နဲ့အတူ ဟမ်ဟန်းမြို့ဆီပြန်ခေါ်သွားဖို့ ကျွန်တော်ဆုံးဖြတ်ပြီးပါပြီ။ သူ့ကို စစ်ထဲပို့နိုင်ဖို့ အပြင်းအထန်ကြိုးစားခဲ့ပေမဲ့ မအောင်မြင်ခဲ့ကြောင်း သူ့ကို ကျွန်တော် ရှင်းပြလိုက်တယ်။ အခုအချိန်မှာ သူ့အတွက် အကောင်းဆုံး မျှော်လင့်ချက်က ဒီနေရာက ခဏလောက် ထွက်ပြေးပြီး ခြေရာဖျောက်နေဖို့ပါ။

ကျွန်တော်တို့ ရထားစီးဖို့ စောင့်နေတုန်း စစ်ဝတ်စုံဝတ်ဆင်ထားတဲ့ လူငယ်အချို့ ကျွန်တော်တို့ရှေ့ကို ရောက်လာတယ်။ သူတို့က တပ်သားသစ် တွေ ဖြစ်ပြီး မျက်နှာမှာလည်း အပြုံးတွေကိုယ်စီနဲ့ပါ။ သူတို့မိဘတွေရဲ့ လက်တွေကိုတွဲထားပြီး အားလုံး ဂုဏ်ယူကျေနပ်နေကြတဲ့ပုံပါ။ အချို့တွေက အမှတ်တရ ဓာတ်ပုံတွေ ရိုက်နေကြတယ်။ ဓာတ်ပုံနောက်ကျောမှာရေးမဲ့ စာကိုတောင် ကျွန်တော် ခန့်မှန်းမြင်ယောင်ကြည့်လို့ရပါတယ်။ **သားလေး စစ်ထဲဝင်တဲ့နေ့** လို့ ရေးကြမယ် ထင်ပါတယ်။ ဒီအခိုက်အတန့်လေးဟာ သူတို့အတွက်တော့ ပျော်စရာ၊ အမှတ်ရစရာ အခိုက်အတန့်လေးတစ်ခုဖြစ်မှာ အသေအချာပါပဲ။

ကျွန်တော်တို့ ရထားစောင့်နေတုန်း ဟိုချောလ်က ရုတ်တရက် ငိုကြွေး လာခဲ့တယ်။ သူငိုတာမြင်တော့ ကျွန်တော်လည်း မျက်ရည်ကျလာတယ်။ “အဖေ...အဖေ မငိုပါနဲ့ဗျာ၊ ကျွန်တော့်ကို မွေးပြီးကတည်းက ကျွန်တော့် အတွက် အဖေ အများကြီး လုပ်ပေးခဲ့ရတယ်၊ ဒါကို ကျွန်တော်သိပါတယ်၊ ရွာထဲက လူတွေလည်း အဖေ ကျွန်တော့်ကို ဘယ်လိုစောင့်ရှောက်ခဲ့ရတယ် ဆိုတာကို ပြောပြကြပါတယ်၊ ခက်ခဲကြမ်းတမ်းတဲ့ အချိန်တွေ အများကြီးကို အဖေ ဖြတ်ကျော်ခဲ့ပြီးပါပြီ၊ အဖေ တတ်နိုင်တဲ့အရာမှန်သမျှ လုပ်ပေးခဲ့တာကို ကျွန်တော် သိပါတယ်''

သူ အဲဒီလိုပြောလိုက်တဲ့ အခိုက်အတန့်မှာ ကျွန်တော် စိတ်လုံးဝတင်း မထားနိုင်တော့ပါဘူး။ ကျွန်တော် သူ့ကို တင်းတင်းကျပ်ကျပ်ဖက်ပြီး တရှုံ့ရှုံ့ ငိုကြွေးနေမိတယ်။ ရထားဘူတာမှာ လူတွေ အများကြီးရှိနေတာကိုလည်း ဂရုစိုက်မနေနိုင်တော့ပါဘူး။

တပ်သားသစ်လေးတွေက ရထားဘူတာ ပလက်ဖောင်းပေါ်ကို ဘက်နေကြပြီ။ ရုတ်တရက် ကျွန်တော့်ခေါင်းထဲမှာ အကြံတစ်ခုပေါ်လာတယ်။

တပ်သားသစ်တွေစီးမဲ့ရထားပေါ်ကို လိုက်သွားဖို့ ဟိုချောလ်ကို ကျွန်တော်

ပြောလိုက်တယ်။ ဒီလို ရထားတစ်စင်းတည်း အတူတူစီးသွားရင် ဟိုချောလ်အနေနဲ့ တပ်သားသစ်တွေကို မိတ်ဖွဲ့နိုင်မယ်၊ ဒါ့အပြင် သူ စစ်ထဲ ဝင်လို့ ရအောင်လည်း တပ်သားသစ်တွေဆီက အကူအညီတောင်းနိုင်မယ်လို့ ကျွန်တော် ထင်မိတယ်။ ကျွန်တော် သူ့ကို ဘယ်တော့မှ ပြန်မတွေ့နိုင်မှာ ကိုလည်း စိတ်ထဲကနေ တိတ်တဆိတ် စိုးရိမ်နေမိခဲ့တယ်။ သူနဲ့ ခါတ်ပုံလေး တစ်ပုံလောက် အတူတူ တွဲရိုက်ခဲ့ချင်ပေမဲ့ ကျွန်တော့်အတွက် ဒါဟာ လက်တွေ့မှာ မဖြစ်နိုင်တဲ့ စိတ်ကူးယဉ်မှုသက်သက် တစ်ခုသာ ဖြစ်ပါတယ်။

ကျွန်တော် သူ့ကို ပိုက်ဆံ ဆယ်ဝမ် ပေးလိုက်တယ်။ ကျွန်တော့်မှာ ရှိသမျှ အကုန်ပါပဲ။

"ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်နော်၊ သိပ်မကြာခင် ရဲတွေ မင်းအကြောင်း မေ့သွားကြလိမ့်မယ်၊ အဲဒီအချိန် မတိုင်ခင် အထိတော့ အကောင်းဆုံး ကြိုးစားပြီးနေ...ကြားလား"

"ကျွန်တော့်အတွက် စိတ်မပူပါနဲ့...အဖေ၊ ကျွန်တော် အဆင်ပြေတဲ့ အခါ အဖေ့ကို ဆက်သွယ်ပါ့မယ်၊ ကျွန်တော် သေချာပေါက် ပြန်လာပြီး အဖေ့ကို လာရှာပါ့မယ်''

အဲဒီနောက် ဟိုချောလ် ရထားပေါ် တက်သွားခဲ့ပါတယ်။ ရထားတံခါး တွေလည်း ပိတ်သွားခဲ့ပြီ။ ပျင်းတိပျင်းရွဲ ခရာမှုတ်သံတစ်ချက် ပေါ်ထွက် လာပြီးနောက် ရထားက စတင်ရွေ့လျားလာခဲ့တယ်။

ဟိုချောလ်ကို ကျွန်တော် လှမ်းကြည့်နေမိတယ်။ ဒါပေမဲ့ မျက်လုံးထဲက ထွက်လာတဲ့ မျက်ရည်ပူတွေကြောင့် ကျွန်တော် သူ့ကို သဲသဲကွဲကွဲ မမြင်ရဘူး။ မြင်ကွင်းထဲက ရထား ပျောက်ကွယ်သွားတဲ့အထိ ကျွန်တော် လက်ပြနေမိခဲ့တယ်။

※

ဟိုချောလ်ထွက်ခွာသွားပြီးနောက် ကျွန်တော် ကိုယ့်ကိုယ်ကိုယ် မထိန်းနိုင်တော့ဘဲ စိတ်ထင်ရာတွေ လုပ်မိမှာ စိုးရိမ်လာခဲ့တယ်။ ဒါကြောင့် အဖေ့အိမ်မှာ ပြန်နေဖို့ အဖေ့ကို ခွင့်တောင်းလိုက်တယ်။ ဥပဒေအရတော့ နိုင်ငံသားအားလုံးဟာ တစ်နေရာကနေ နောက်တစ်နေရာကို မိမိသဘောနဲ့ ပြောင်းရွှေ့နေထိုင်ခွင့် မရှိပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့ မိသားစုဟာ ဥပဒေပြင်ပထွက်ပြီး နေလာတာကြာပြီ ဖြစ်တာမို့ ရဲတွေဆီက ခွင့်ပြုချက် ယူစရာမလိုဘဲ ပြောင်းရွှေ့လို့ရခဲ့ပါတယ်။ ကျွန်တော်တို့လိုလူတွေကို ရဲတွေက ဂရုတစိုက် စောင့်ကြည့်တာ ရှားပါတယ်။ ကျွန်တော်တို့လိုလူတွေအတွက် သူတို့အချိန်ကုန်မခံကြပါဘူး။

ဒါကြောင့် ကျွန်တော်တို့မိသားစုဟာ အဖေနဲ့မာဆာကိုရှိတဲ့ ဒွန်ချွန်ရီက အိမ်ကို ပြန်လည်ပြောင်းရွှေ့သွားခဲ့ကြပါတယ်။ လူတွေကတော့ ကျွန်တော် တို့ကို 'ဂျပန်ပြန်ငမွဲတွေ'လို့ နာမည်ပြောင်းပေးထားကြပါတယ်။ မြောင်ဟွာနဲ့ ဟိုဆွန်တို့ကတော့ သူတို့ရဲ့အစ်ကိုကြီးကို အရမ်းလွမ်းနေကြပါတယ်။ သူတို့ ပါးစပ်က ဘာမှ ထုတ်မပြောပေမဲ့ သူတို့အစ်ကိုကြီးကို စိုးရိမ်နေကြတာလည်း ကျွန်တော် ရိပ်မိပါတယ်။ ဟိုချောလ်ဟာ သူတို့ကို ငယ်ငယ်လေးကတည်းက မိဘတစ်ယောက်လို ဂရုစိုက်ခဲ့တော့ သူတို့က ဟိုချောလ်အပေါ် သံယောဇဉ် ကြီးကြတယ်။ ဟိုချောလ် အိမ်မှာမရှိတော့ သူတို့အတွက် ခြောက်ကပ်ကပ် ဖြစ်နေတယ်။ ကလေးတွေ ဟိုချောလ်ကို လွမ်းတာမြင်လေ ကျွန်တော့် ရင်ထဲက လွမ်းတဲ့စိတ်ကလည်း ပိုကြီးမားလာလေပါပဲ။

※

တစ်နေ့ အဖေတစ်ယောက်တည်း အိမ်မှာရှိတုန်း လူရွယ်တစ်ယောက် အိမ်ကို ရောက်လာခဲ့တယ်။ အဲဒီလူရွယ်ဟာ လမ်းသရဲ လူမိုက်တွေထဲက တစ်ယောက်မှန်း အဖေချက်ချင်း ရိပ်မိခဲ့တယ်။

“ဒီဟာကို ချမ်းသာတဲ့ဂျပန်ပြန်တစ်ယောက်ဆီ ရောင်းပေး။ ခင်ဗျား ဒါကို ရောင်းပေးနိုင်ရင် အမြတ်ထဲက အချို့ကိုခွဲပေးမယ်''လို့ အဲဒီလူမိုက်က အဖေ့ကို ပြောခဲ့ပါတယ်။

သူ လာရောင်းခိုင်းတဲ့ တန်ဖိုးကြီးပစ္စည်းက ဘာဖြစ်မယ်လို့ ခင်ဗျား ထင်လဲ။ ပင်လယ်ဖျံလိင်တံတစ်ခုပါ။ ကျွန်တော် ခင်ဗျားကို မနောက်ပါဘူး။ တကယ့်ပင်လယ်ဖျံလိင်တံတစ်ခုပါ။ အများပြောစကားအရတော့ ပင်လယ်ဖျံ လိင်တံဟာ တရုတ်ရိုးရာဆေးဝါးဖော်စပ်ရာမှာ တန်ဖိုးကြီးတဲ့ အရာတစ်ခုလို့ သိရပါတယ်။ မြောက်ကိုရီးယားမှာက ဘယ်လိုဆေးဝါးမှ ရဖို့မလွယ်ပါဘူး။ ဒါကြောင့် ဆေးဝါးနဲ့ပတ်သက်တဲ့ ပင်လယ်ဖျံလိင်တံလိုဟာမျိုးဟာ အင်မတန်ဈေးကြီးတတ်ပါတယ်။ အဖေဘာမှပြန်မပြောရသေးခင်မှာပဲ အဲဒီလူမိုက်ဟာ ပင်လယ်ဖျံလိင်တံကို အဖေ့လက်ထဲ အတင်းထိုးထည့်သွားခဲ့တယ်။

ဒီကိစ္စဟာ မရိုးသားမှန်း အဖေ ရိပ်မိခဲ့ပါတယ်။ ကျွန်တော်တို့မိသားစု ဆင်းရဲတယ်ဆိုတာ ပတ်ဝန်းကျင်မှာ လူတိုင်းသိပါတယ်။ ဒီလူမိုက်ကလည်း ဒါကို သိပုံပါပဲ။ ဒါဆို သူဘာကြောင့် ဒီတန်ဖိုးကြီးပစ္စည်းကို သူကိုယ်တိုင် မရောင်းဘဲ အဖေ့ကိုလာရောင်းခိုင်းတာလဲ။ ဘာလို့ သူရမဲ့အမြတ်ထဲက အဖေ့ကို ခွဲပေးချင်နေရတာလဲ။ ဒါပေမဲ့ နောက်ဆုံးမှာတော့ အဖေက “ငါ ဒီကနေ ပိုက်ဆံ နည်းနည်းလောက် ရရင်လည်း မဆိုးဘူး” ဆိုပြီး အတွေးပြောင်းသွားခဲ့ပါတယ်။

ဒါပေမဲ့ အဲဒါဟာ အမှားကြီးတစ်ခု ဖြစ်သွားခဲ့ပါတယ်။

အဖေဟာ အဲဒီပင်လယ်ဖျံလိုင်တံကို ရောင်းဖို့ ဝယ်သူထွက်ရှာခဲ့ပါတယ်။ ဒါပေမဲ့ သိပ်မကြာခင်မှာပဲ အခြားလူမိုက်တစ်ဖွဲ့က အဖေ့ဆီက ပင်လယ်ဖျံလိုင်တံကို လုယူသွားခဲ့ကြတယ်။ အဖေက အသက်(၇၄)နှစ် အရွယ်ရှိနေပြီဖြစ်ပေမဲ့ သူ့ကိုယ်သူ လူငယ်လေးလို့ ထင်နေပုံပါပဲ။ သူ့ဆီက လုယူသွားတဲ့ လူမိုက်တွေနောက်ကို အဖေပြေးလိုက်ဖို့ ကြိုးစားခဲ့ပါတယ်။ ဒါပေမဲ့ အသက်အရွယ်ကြောင့် သူ့ခြေထောက်တွေဟာ စိတ်သွားတိုင်း ကိုယ်မပါနိုင်တော့ပါဘူး။

"သူခိုးဗျို့..သူခိုး.. သူခိုးကိုဖမ်းပေးကြပါဗျို့"လို့ပဲ သူအော်နိုင်ခဲ့တယ်။ ဒါပေမဲ့ ဘယ်သူမှ အဖေအော်တာကို ဂရုမစိုက်ခဲ့ကြပါဘူး။ ဒါမျိုးက မြောက်ကိုရီးယားမှာ အမြဲလိုလို ဖြစ်နေကျပါ။ လုယူသွားတဲ့ လူမိုက်ဟာ နောက်ဆုံးတော့ အဖေ့မြင်ကွင်းက ပျောက်ကွယ်သွားခဲ့တာကြောင့် အဖေ အိမ်ကိုပဲ ပြန်လာခဲ့ပါတော့တယ်။

အဲဒီညမှာပဲ ပထမဆုံး အဖေ့ကို ပင်လယ်ဖျံလိုင်တံလာပေးသွားတဲ့ လူမိုက်က ကျွန်တော်တို့အိမ်ကို ပြန်ရောက်လာတယ်။

"ခင်ဗျားကို ကျွန်တော်ပေးထားတဲ့ ပင်လယ်ဖျံလိုင်တံကို ဝယ်မဲ့သူ တွေ့ပြီ... ကျွန်တော့်ကို ပြန်ပေးတော့''လို့ သူက ပြောတယ်။

"ငါ မနေ့တစ်နေ့ကမှ မွေးတဲ့ကောင်မဟုတ်ဘူးကွ၊ မင်း ငါ့မျက်ခွက်ကို တည့်တည့်ကြည့်ပြီး လိမ်ဆင်တွေ လာခင်းနေတာ ငါမသိဘူးလို့ ထင်နေလား။

မင်း ငါတို့ကို ပေါက်ကရ လာစွပ်စွဲလို့ကတော့ မင်းကို ငါအသေသတ်မှာ... ခွေးသား၊ ပင်လယ်ဖျံလိုင်တံကို ဘယ်မှာရှာလို့ရမလဲဆိုတာ မင်း သိပြီးသား။ ရှူးကြောင်ကြောင် လာလုပ်မနေနဲ့"လို့ ကျွန်တော် သူ့ကို ပြန်ပြောလိုက်တယ်။

သူ ကျွန်တော်တို့ အိမ်ကနေ ပြန်ထွက်သွားခဲ့ပါတယ်။ ဒါပေမဲ့ နောက်ပိုင်းမှာ အိမ်ကို ခဏခဏ ပြန်လာပါတယ်။ ကျွန်တော် အိမ်မှာမရှိတဲ့ အချိန်တွေဆိုရင် အဖေနဲ့ညီမလေးကို ရိုက်သွားတတ်ပါတယ်။ အဲဒီနောက် ရဲကလည်း အဖေ့ကို စခန်းလာခဲ့ဖို့ ခေါ်ခဲ့တယ်။ အဖေ အိမ်ပြန်လာတဲ့ အချိန်မှာတော့ မျက်နှာပေါ်မှာ အညိုအမည်းစွဲနေခဲ့တယ်။ ပါးစပ်အတွင်းပိုင်း မှာလည်း ပေါက်ပြဲနေပြီး နှုတ်ခမ်းတွေမှာလည်း သွေးအလိမ်းလိမ်း ဖြစ်နေတယ်။

ရဲအချို့က အဖေ့ကို ရိုက်ပြီး မေးခဲ့ကြတာပါ။

"ပင်လယ်ဖျံလိုင်တံ ဘယ်မှာလဲ၊ မျိုးမစစ်ကောင်၊ ဒါ မြောက်ကိုရီးယား ကွ၊ ဥပဒေကို မလေးမစားလာမလုပ်နဲ့၊ ဥပဒေကို မလေးမစားလုပ်ရင် မင်း ဒါမျိုး ခံစားသွားရမယ်"

အဲဒီနောက် ရဲတွေက ထပ်ပြီးရိုက်ကြပြန်တယ်။ ဟိုအရင်တုန်းကတော့ အဖေဟာ သူ့ကိုယ်သူကာကွယ်နိုင်တဲ့နေရာမှာ နာမည်ကြီးခဲ့သူ တစ်ယောက်ပါ။ ဒါပေမဲ့ အခုက အနေအထားရော၊ အချိန်အခါပါ မတူတော့ပါဘူး။ အဖေ ပြန်လုပ်လို့ရတာ၊ ပြန်ပြောလို့ရတာ ဘာမှမရှိပါဘူး။ ကျွန်တော်လည်း ဘာလုပ်လို့လုပ်ရမှန်း မသိခဲ့ပါဘူး။ ဒီလူမိုက်တွေ အဖေ့ကို အခုလို အသုံးချသွားတာကိုပဲ ဒေါသထွက်နေမိတယ်။ ဒါပေမဲ့ အဖေပြောတာကို ရဲတွေက ဘယ်တော့မှ နားထောင်မှာ မဟုတ်မှန်းလည်း သိနေခဲ့တယ်။ အကျင့်ပျက် ခြစားထားတဲ့ရဲတွေကို ဘယ်လိုနည်းနဲ့မှ ရှင်းပြလို့ မရပါဘူး။

အဖေဟာ ရဲတွေရိုက်နှက်ခဲ့တဲ့ဒဏ်တွေကနေ အရှင်းပျောက်သွားတာမျိုး မရှိခဲ့ပါဘူး။ တဖြည်းဖြည်း အင်အားချည့်နဲ့လာတဲ့ အဖေ့ကိုကြည့်ရင်း ဂျပန်မှာတုန်းက 'ကျားကြီး'အဖြစ် နာမည်ကြီးခဲ့တဲ့ အဖေ့ပုံကို စိတ်ထဲမြင်ယောင်နေမိတယ်။ အဲဒီတုန်းက အဖေ့ပုံက ဗလတောင့်တောင့်နဲ့ပါ။ ၁၉၉၄ ခုနှစ်မှာတော့ အဖေဟာ သူ့ဘာသာသူ လမ်းမလျှောက်နိုင်တော့ဘဲ အိပ်ရာထဲမှာသာ လှဲနေနိုင်ပါတော့တယ်။ အဲဒီနောက်ပိုင်း သိပ်မကြာခင်မှာပဲ အဖေဟာ ဆန်ပြုတ်ကျဲကျဲတောင် မသောက်နိုင်တော့တဲ့ အနေအထား ဖြစ်လာတယ်။

တစ်နေ့တော့ သူ့အိပ်ရာဘေးကို ခဏလာဖို့ ကျွန်တော့်ကို အဖေခေါ်ခဲ့ပါတယ်။ "ငါ မကြာခင် သေတော့မှာ သိနေတယ်။ ဒါပေမဲ့ မင်း အသက် ဆက်ရှင်နေဖို့လိုတယ်၊ မင်း ဂျပန်ကို ရောက်အောင် ပြန်သွားရမယ်။ တစ်နည်းနည်းနဲ့တော့ မင်း ရောက်အောင်သွားရမယ်၊ မင်း ရောက်သွားတဲ့ အခါ ငါ သေသွားပြီ ဆိုတာကို သူတို့ကို ပြောပြလိုက်ပါ၊ ငါ့မိတ်ဆွေဟောင်း တွေ မင်းကို ကူညီကြလိမ့်မယ်” လို့ အဖေက ကျွန်တော့်ကို မှာနေတယ်။ ကျွန်တော့်သားသမီးတွေကလည်း “ဘိုးဘိုး...ဘိုးဘိုး’”လို့ ခေါ်ရင်း ငိုယိုနေကြတယ်။

အဖေ့အတွက် ဆေးဝါးတွေ ကျွန်တော် အရမ်းဝယ်ပေးချင်ခဲ့တယ်။ ဒါပေမဲ့ ကျွန်တော်တို့မှာ ပိုက်ဆံတစ်ပြားမှ မရှိခဲ့ဘူး။ အဖေရဲ့ အခြေအနေဟာ ခဏအတွင်းမှာ တော်တော်ဆိုးရွားလာခဲ့တယ်။ အဖေဟာ အသက်တောင် ကောင်းကောင်း မရှူနိုင်တော့ပါဘူး။ အဲဒီနောက်ပိုင်း အဖေဟာ စကားလည်း လုံးဝမပြောတော့ပါဘူး။

နေ့လယ်ခင်းတစ်ခုမှာတော့ အဖေ ကျွန်တော့်ကို လက်ဟန်ခြေဟန်နဲ့ လှမ်းခေါ်နေတာကို တွေ့လိုက်ရတယ်။ သူ့အနားကို ရောက်သွားတော့ သူ ကျွန်တော့်ကို စကားပြောဖို့ ကြိုးစားတယ်။ ဒါပေမဲ့ သူပြောတဲ့စကားတွေက ဗလုံးဗထွေးဖြစ်နေပြီး ကျွန်တော် ဘာမှနားမလည်နိုင်ဘူး ဖြစ်နေပါတယ်။ နောက်ဆုံးမှာတော့ အမေတောင်ပေါ်ကိုတက်ပြီး သစ်ဥသစ်ဖုတွေတူးတဲ့ နေရာမှာသုံးတဲ့ တူရွင်းပြားသေးသေးလေးကို တောင်းနေမှန်း ကျွန်တော်

သဘောပေါက်သွားတယ်။

ကျွန်တော် အဲဒီတူရွင်းပြားသေးသေးလေးကို သူ့လက်ထဲထည့်လိုက်တယ်ဆိုရင်ပဲ သူက အဲဒါကို သူ့လည်ချောင်းထဲ ထည့်လိုက်ပါတယ်။

ကျွန်တော် သူ့လက်ကိုဆွဲပြီး "အဖေဘာလုပ်နေတာလဲ"လို့ အော်လိုက်တယ်။

သူက သူ့လည်ချောင်းကို လက်ညှိုးထိုးပြနေပါတယ်။ တကယ်တော့ သူ့လည်ချောင်းထဲမှာ ချွဲသလိပ်တွေ ဆို့နေတာမို့ အသက်ရှူရ ကျပ်နေခဲ့တာဖြစ်ပါတယ်။

အဖေ့အသက်ရှူသံက တဖြည်းဖြည်း တိုးလာတယ်။ မြောင်ပွာနဲ့ ဟိုဆွန်က အဖေ့ရဲ့ လက်မောင်းနဲ့ ခြေထောက်တွေကို သွေးလည်ပတ်မှု ကောင်းအောင် ဖြည်းဖြည်းချင်း ပွတ်ပေးနေကြတယ်။

ခဏနေတော့ အဖေ ကျွန်တော့်ကို မျက်လုံးအပြူးသားနဲ့ ကြည့်လာပါတယ်။ အဖေ့ရဲ့ အဲဒီအကြည့်ကို ကျွန်တော့်တစ်သက် ဘယ်တော့မှ မေ့မှာ မဟုတ်တော့ပါဘူး။ အဖေက ပါးစပ်ဟပြီး စကားပြောဖို့ ကြိုးစားနေပေမဲ့ သူ့ပါးစပ်က ဘာစကားလုံးမှ ထွက်မလာခဲ့ဘူး။ သူ့ကြည့်ရတာ စကားပြောဖို့ လုံးဝအားမရှိတော့ပုံပဲ။ ကျွန်တော် ကြားနေရတာဆိုလို့ သူ့ရဲ့ အသက်ရှူသံ ညှင်းညှင်းလေးပဲ ရှိတော့တယ်။ အဲဒီနောက် သူ့မျက်လုံးတွေ မှိတ်သွားတယ်။ မိနစ်(၂၀)ဝန်းကျင်လောက် အဖေအိပ်ပျော်ပြီး ဟောက်နေခဲ့တယ်။ အဖေနေပြန်ကောင်းလာလိမ့်မယ်လို့ပဲ ကျွန်တော်ထင်လိုက်မိတယ်။ ဒါပေမဲ့ ခဏအကြာမှာပဲ ဟောက်သံရပ်သွားတယ်။ အခန်းတစ်ခုလုံး တိတ်ဆိတ်သွားတယ်။ 'ကျားကြီး'လို့ နာမည်ကြီးခဲ့တဲ့ အဖေ လူ့လောကကြီးက ထွက်ခွာသွား ခဲ့ပါပြီ။

※

ကျွန်တော် အဖေ့ကို ဒွန်ချွန်ရီက တောင်ပေါ်မှာ ပင်လယ်ဘက်ကို မျက်နှာမူပြီး မြှုပ်ခဲ့ပါတယ်။ ဒါမှ သူ့ရဲ့အမိမြေဖြစ်တဲ့ တောင်ကိုရီးယားကို အဖေ မြင်နိုင်မှာလေ။ ကျွန်တော် အလုပ်လုပ်တဲ့စက်ရုံရဲ့ အုပ်ချုပ်ရေးရုံး မှာတော့ အဖေဆုံးတဲ့ကိစ္စဟာ သာမန်ကိစ္စတစ်ခုထက် မပိုခဲ့ပါဘူး။ အီကို ဘယ်ကိုရောက်နေတယ်ဆိုတာကို ကျွန်တော် မသိတဲ့အတွက် အဖေဆုံးတဲ့ အကြောင်း သူ့ကို အသိမပေးနိုင်ခဲ့ပါဘူး။ ဟီဖူမီဆီကိုတော့ ကြေးနန်း တစ်စောင် ပို့ခဲ့ပေမဲ့ သူ အချိန်မီ ရောက်မလာခဲ့ပါဘူး။ အဖေဟာ သူ့ဘဝ တစ်လျှောက် မိတ်ဆွေများစွာရှိခဲ့ပြီး လူများစွာကို ကူညီပေးခဲ့သူ ဖြစ်ပေမဲ့ သူ့ရဲ့နောက်ဆုံးခရီးမှာတော့ ဘယ်သူမှ ရောက်မလာခဲ့ပါဘူး။

အဖေဟာ သူရဲ့ဆိုးရွားလှတဲ့ ဘဝကနေ ဘာတွေများ ကောင်းတာရခဲ့လဲဆိုတာ ကျွန်တော် အခုထိ မသိပါဘူး။ ဘယ်တော့မှလည်း သိမှာမဟုတ်တော့ပါဘူး။ သူ့ကို 'ဂျပန်ရောက် ကိုရီးယားလူမျိုး သမဂ္ဂ'က လိမ်လည် လှည့်ဖြားခဲ့တာကို သူသိခဲ့ပါတယ်။ ဒါပေမဲ့ သူ့ရဲ့ကံနဲ့ပတ်သက်ပြီး ညည်းညူ လေ့မရှိပါဘူး။ သူ့မှာ လွဲမှားတဲ့မျိုးချစ်စိတ်ရှိခဲ့မိတယ်လို့ရော သူတွေးခဲ့ဖူးလား ကျွန်တော်သိချင်မိတယ်။ ဒါပေမဲ့ ကျွန်တော် ဘယ်တော့မှ အဖြေကို မသိနိုင် တော့ပါဘူး။ ကျွန်တော် အဖေ့ကို ချစ်ပါတယ်။ ဒါပေမဲ့ သူနဲ့ပတ်သက်ပြီး ကျွန်တော် ဘယ်တော့မှ နားမလည်နိုင်မဲ့အရာတွေလည်း ရှိနေပါတယ်။

အဖေဆုံးတာ အချိန် အတန်ကြာပြီးနောက် တစ်နေ့မှာတော့ မာဆာကိုက သူ အလုပ်သစ်တစ်ခု တွေ့ထားပြီဖြစ်ကြောင်း ကျွန်တော်နဲ့ ကျွန်တော့်မိန်းမကို အသိပေးကာ သူ့ရဲ့လင်ပါကလေးနှစ်ယောက်နဲ့အတူ အိမ်ကထွက်သွားခဲ့တယ်။ အလုပ်အကိုင်အခွင့်အလမ်းဆိုတာ သိပ်မရှိလှတာ မို့ သူ ဘာအလုပ်ရသွားတာလဲဆိုတာ ကျွန်တော် မသိခဲ့ပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့မှာ အစားအသောက် အလုံအလောက် မရှိတာကိုသိလို့ ထွက်သွားတာလည်း ဖြစ်နိုင်ပါတယ်။ သူတို့အိမ်ကနေ ထွက်သွားပြီးနောက် ကျွန်တော်တို့ အိမ်က ခြောက်ကပ်ကပ် ဖြစ်သွားပြီး ကျွန်တော် အရမ်း အထီးကျန်လာခဲ့တယ်။

ရက်သတ္တပတ် အနည်းငယ်ကြာတဲ့အခါမှာတော့ မာဆာကိုရဲ့လင်ပါကလေးနှစ်ယောက်ဟာ ညသန်းခေါင်ကြီး ကျွန်တော်တို့အိမ်ကို ရောက်လာခဲ့တယ်။ သူတို့အမေကို လူတစ်စုက ဝိုင်းရိုက်နှက်နေကြောင်းပြောရင်း ထိတ်ထိတ်ပျာပျာ ဖြစ်နေခဲ့ကြတယ်။ ကျွန်တော် တစ်ခုခုလုပ်မှဖြစ်တော့ မယ်လို့ စဉ်းစားမိလိုက်တယ်။

ကလေးတွေက သူတို့နေထိုင်တဲ့အိမ်ကို ရေခဲတွေဖုံးနေတဲ့လမ်းက တစ်ဆင့် ကျွန်တော့်ကို လမ်းပြခေါ်ဆောင်သွားကြတယ်။ မှောင်မည်းနေတဲ့ အခန်းတစ်ခုထဲမှာ ကျွန်တော့်ညီမကို ပတ်ပတ်လည်ဝိုင်းပြီး ထိုင်နေတဲ့ လူငယ်ယောက်ျား ငါးယောက်ကို တွေ့လိုက်ရတယ်။

အဲဒီထဲကတစ်ယောက်က အဝင်ပေါက်ကို ပိတ်လိုက်ပြီး 'မင်းက သူ့အစ်ကိုလား...သူ့ကို ငါ ဝမ်တစ်သောင်းချေးထားတယ်။ မင်းငါ့ကို ပြန်မဆပ်နိုင်ရင် ဒီခွေးမကို ငါ သတ်ပစ်တော့မယ်" လို့ ကျွန်တော့်နားကို ကပ်ပြီး ခပ်တိုးတိုး ပြောတယ်။

"မင်းဘယ်လိုကောင်မျိုးလဲကွ၊ ကလေးတွေရှေ့မှာ မင်း သူ့ကိုရိုက်ပြီး နှိပ်စက်ဖို့ လိုလို့လားကွ၊ မင်းပိုက်ဆံ ပြန်ရစေရမယ်၊ ငါရအောင်ရှာပေးမယ်၊ အခုတော့ မင်းလည်မျိုကို ငါ ရိုက်မချိုးခင် ပြန်လိုက်တော့" လို့ ကျွန်တော် သူ့ကို ပြန်အော်လိုက်တယ်။

သူ နည်းနည်းတော့ တွန့်သွားတယ်။ ကျွန်တော့်ကိုရော သူတို့ ရိုက်ပြီး နှိပ်စက်သင့်လား မသင့်လား ဆုံးဖြတ်နေတာ ကျွန်တော် ရိပ်မိပါတယ်။ ဒါပေမဲ့ နောက်ဆုံးမှာတော့ သူက လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ရင်း သူ့လူတွေကိုခေါ်ပြီး အိမ်ကနေထွက်ခွာသွားပါတယ်။

တံခါးနားမှာမီးခလုတ်တစ်ခုတွေ့လို့ နှိပ်ပြီးမီးဖွင့်လိုက်တယ်။ ဒါပေမဲ့ လျှပ်စီးမီးမလာလို့ မီးက မလင်းလာပါဘူး။

မာဆာကိုက တရှုံ့ရှုံ့နဲ့ ငိုနေတယ်။ သူ့ကလေးတွေကလည်း သူတို့ အမေကိုပြေးဖက်ကာ ရှိုက်ကြီးတငင်ငိုနေကြတယ်။ အခန်းပတ်ပတ်လည်ကို ကျွန်တော် တစ်ချက်ဝေ့ကြည့်လိုက်တယ်။ အမှောင်ထဲမှာ ဘာကိုမှ သဲသဲကွဲကွဲ မမြင်ရပါဘူး။ ဒါပေမဲ့ တစ်ခုတော့ သေချာတာ ရှိပါတယ်။ အဲဒါကတော့ အခန်းထဲမှာ ဘာပရိဘောဂပစ္စည်းမှ မရှိတာပါပဲ။ လူမနေတဲ့ အခန်းလွတ်တစ်ခုထဲမှာ သူတို့သားအမိတွေ ဝင်နေခဲ့ပုံပါပဲ။ သူပြောခဲ့တဲ့ အလုပ်ဆိုတာကလည်း လုပ်ဇာတ်တစ်ခုသာ ဖြစ်ပါတယ်။ အလုပ်မရှိတော့ သူတို့ စားနပ်ရိက္ခာဝေစုလည်း မရကြပါဘူး။ နောက်ဆုံးတော့ ဆက်ပြီး အသက်ရှင်နေထိုင်နိုင်ဖို့ တစ်ယောက်ယောက်ဆီက ငွေချေးခဲ့ရပုံပါပဲ။

ဒါပေမဲ့ ဝမ်တစ်သောင်းကြီးများတောင် သူ ဘာလို့ချေးခဲ့တာပါလိမ့်။ တကယ်တော့ ဝမ်တစ်သောင်းဆိုတာ ရှစ်ဒေါ်လာ၊ ကိုးဒေါ်လာ လောက်ပဲ တန်ကြေးရှိတဲ့ ငွေပမာဏပါ။ ဒါပေမဲ့ ကျွန်တော့်အတွက်တော့ အလွန် များပြားတဲ့ ပမာဏတစ်ခု ဖြစ်နေပါတယ်။ အလုပ်ကိုင်ကောင်းတစ်ခု ရှိရင် တောင် ဒီလောက် ငွေပမာဏမျိုး စုမိဖို့ နှစ်ပေါင်းများစွာ ကြာမြင့်မှာပါ။ ဒီလောက် ငွေအများကြီးကို သူ ဘာတွေလုပ်ခဲ့ပါလိမ့်။

သူ့ကိုကူညီနိုင်ဖို့ ကျွန်တော် ပိုက်ဆံချေးဖို့ ကြိုးစားခဲ့ပေမဲ့ ဘယ်သူမှ ကျွန်တော့်ကို ပိုက်ဆံ မချေးခဲ့ပါဘူး။ ကူညီပေးနိုင်မယ်လို့ ထင်တဲ့လူမှန်သမျှ ဆီသွားပြီး ငွေချေးခဲ့ပါတယ်။ ဂျပန်ပြန်တွေ၊ စက်ရုံက မန်နေဂျာတွေအပြင် ကျွန်တော့်ကို အထင်သေးနှိမ့်ချခဲ့ဖူးသူတွေကိုတောင် တောင်းပန်ပြီး ငွေချေးခဲ့ ပါတယ်။ ဒါပေမဲ့ လူတိုင်းက သူတို့ဘာသာ သူတို့တောင် မနည်းရုန်းကန် လှုပ်ရှားနေရတာပါ။

နောက်ဆုံးတော့ ရိုဂျီဂူအန်ဆိုတဲ့ ဂျပန်ပြန်တစ်ယောက်ဆီသွားပြီး ငွေချေးဖို့ ကျွန်တော် ဆုံးဖြတ်လိုက်ပါတယ်။ ယိုကိုဟားမားက ကျောင်းမှာ သူနဲ့ ကျွန်တော် ကိုရီးယားကျောင်းကို အတူတူတက်ခဲ့ဖူးပါတယ်။ သူက ဟမ်ဟန်းမြို့မှာ အချမ်းသာဆုံး ဂျပန်ပြန်တစ်ယောက်ပါ။ သူ ကျွန်တော့်ကို မှတ်မိမယ်လို့တော့ ကျွန်တော် မထင်ခဲ့ပါဘူး။ ဒါပေမဲ့ သူက ကျွန်တော့် အတွက် တစ်ခုတည်းသော

မျှော်လင့်ချက် ဖြစ်နေခဲ့ပါတယ်။ ဒါကြောင့် ကျွန်တော် သူ့အိမ်ကို ရအောင်ရှာပြီး သွားတွေ့ခဲ့ပါတယ်။

သူ့အိမ်ကိုရောက်တော့ ကျွန်တော် တံခါးလက်ကိုင်ကို ငေးကြည့်ပြီး ခဏ မတ်တတ်ရပ်နေမိတယ်။ တံခါးလက်ကိုင်က ပြောင်လက်နေပြီး ကိုယ့်ကိုယ်ကိုတောင် ပြန်မြင်နေရတယ်။ ကျွန်တော့်လက်ကို ဝတ်ထားတဲ့ အလုပ်ကြမ်းဘောင်းဘီနဲ့ သုတ်လိုက်ပြီး ကျွန်တော့်အဝတ်အစားတွေကို သပ်သပ်ရပ်ရပ်ဖြစ်အောင် ဆွဲဆန့်လိုက်တယ်။ ကျွန်တော့်ဖိနပ်ကို ငုံ့ကြည့်မိတော့ ဖိနပ်ထိပ်ကနေ ပေါက်ထွက်နေတဲ့ ခြေချောင်းတွေကို အတိုင်းသား မြင်နေရတယ်။ ကျွန်တော်ဝတ်ထားတဲ့ ရှပ်အင်္ကျီမှာလည်း ကြယ်သီးအချို့ ပြုတ်နေတာ သတိထားမိလိုက်တယ်။ ကိုယ့်ကိုယ်ကိုယ် ရှက်မိပေမဲ့ ကျွန်တော့်မှာ ရွေးချယ်စရာ တခြားအဝတ်အစားလည်း မရှိပါဘူး။ အသက် ပြင်းပြင်း တစ်ချက်ရှူလိုက်ပြီး တံခါးကို ခေါက်လိုက်တယ်။

''ဘယ်သူလဲ'' လို့ မေးတဲ့အသံနဲ့အတူ တံခါးပွင့်လာတယ်။

တံခါးကြားကနေ ယောကျ်ားတစ်ယောက်ရဲ့ မျက်နှာပေါ်လာတယ်။ သူ့မျက်နှာပုံစံက ခပ်ဝိုင်းဝိုင်းဖြစ်ပြီး ပါးကလည်း နှင်းဆီရောင်သန်းနေတယ်။ သူ့ပုံက ငွေကြေး ချမ်းသာပြီး အစားကောင်း အသောက်ကောင်း စားကာ ကျန်းကျန်းမာမာ ရှိနေတဲ့ သူတစ်ယောက်ရဲ့ ပုံမျိုးပါ။

ကျွန်တော် ရှေ့ကိုနည်းနည်းတိုးပြီး သူ တံခါးပြန်ပိတ်လို့မရအောင် ကြိုတင်ကာကွယ် ထားလိုက်တယ်။

"ကျွန်တော့်နာမည်က မာဆာဂျီအီရီကာဝါပါ၊ ခင်ဗျား ကျွန်တော့်ကို မှတ်မိမယ်လို့တော့ ကျွန်တော် မထင်ပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့ ယိုကိုဟားမားက ကျောင်းမှာ အတူတူတက်ခဲ့ဖူးပါတယ်၊ ကျွန်တော် ခင်ဗျားနဲ့ တစ်ကြိမ်နှစ်ကြိမ်တော့ စကားပြောခဲ့ဖူးပါတယ်၊ တကယ်တော့ ကျွန်တော် ခင်ဗျားဆီက အကူအညီတစ်ခုတောင်းချင်လို့ ဒီကိုလာခဲ့တာပါ'

သူ့ပုံက ကျွန်တော့်ကို မသင်္ကာဖြစ်နေတဲ့ပုံပါ။

"ကျွန်တော် တောင်းပန်ပါတယ်၊ ကျွန်တော် ခင်ဗျားကို မမှတ်မိဘူးဗျ၊ အချိန်တွေလည်း အတော်ကြာခဲ့ပြီကိုး၊ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် အိမ်ထဲကို ဝင်လာခဲ့ပါ"

သူ့အိမ်ထဲကိုရောက်သွားတဲ့ အခိုက်အတန့်က ကျွန်တော့်အတွက်တော့ အိပ်မက်ဆန်လွန်းနေခဲ့တယ်။ သူ့အိမ်လိုမျိုး ကျွန်တော် အရင်က တစ်ခါမှ မမြင်ဖူးခဲ့ပါဘူး။ ကျွန်တော့်မျက်လုံးက တီဗွီနဲ့တယ်လီဖုန်းကနေ ဝင်းလက်

တောက်ပနေတဲ့ မီးပန်းဆိုင်းတွေနဲ့ ခမ်းနားလှပလွန်းတဲ့ ကော်ဇောကြီးအထိတစ်ခုပြီးတစ်ခု အငမ်းမရကြည့်နေမိတယ်။ ကော်ဇောကြီးပေါ်လျှောက်ရတဲ့ အရသာဟာ အရမ်းကို နူးညံ့လွန်းတယ်။ အခန်းတွေကလည်း တစ်ခန်းပြီး တစ်ခန်း တွေ့နေရပြီး အဆုံးမရှိအောင် ကျယ်သလားတောင် မသိပါဘူး။ ဒီမြင်ကွင်းကို ကြည့်ရတာ ကျွန်တော့်အတွက်တော့ အိပ်မက်ထဲရောက်နေ သလိုပါပဲ။

ကျွန်တော် သူ့ရဲ့မျက်နှာချင်းဆိုင်ဆိုဖာပေါ်မှာထိုင်ပြီး နေရာယူလိုက်ပါတယ်။ သူ့အမျိုးသမီးက ကျွန်တော့်အတွက် ကော်ဖီတစ်ခွက် ယူလာပြီး ကျွန်တော့်ရှေ့က စားပွဲခုံ အနိမ့်လေးပေါ်မှာ တင်လိုက်တယ်။ စားပွဲပေါ်က လင်ဗန်းလေးထဲမှာလည်း ဈေးကြီးပုံရတဲ့ သကြားလုံးတွေရှိနေတယ်။ ဘာလို့ ဒါတွေကိုကျွန်တော်အသေးစိတ်မှတ်မိနေပါလိမ့်။ ကျွန်တော်ကိုယ်တိုင်လည်း မဖြေတတ်ပါဘူး။ ဒါပေမဲ့ ကျွန်တော် မှတ်မိတာကတော့ မာဆာကိုရဲ့ အဖြစ်အပျက်ကို အမှန်အတိုင်း ကျွန်တော် ပြောပြလိုက်တယ်ဆိုတာပါပဲ။ မာဆာကိုရဲ့ အခြေအနေ ဘယ်လောက် ပြင်းထန် ဆိုးရွားနေလဲဆိုတာ ကျွန်တော် သူ့ကိုရှင်းပြလိုက်တယ်။ အဲဒီနောက် ကျွန်တော့်ကိုငွေအနည်းငယ် ချေးလို့ရမလားဆိုတာ မေးခဲ့တယ်။ ဒါ့အပြင် အဲဒီပိုက်ဆံတွေကို ပြန်ဆပ်မှာ ဖြစ်ကြောင်းလည်း ကျွန်တော် ကတိပေးခဲ့တယ်။

သူ ချောင်းတစ်ချက်ဆိုးပြီး ခဏငြိမ်သွားတယ်။ ရုတ်တရက် အခန်းတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွားလို့ ကျွန်တော် တော်တော်လေး အနေရအထိုင်ရ ခက်နေတယ်။ သူ ဘာပြန်ပြောမလဲဆိုတာကို ရင်တထိတ်ထိတ်နဲ့ စောင့်နေမိတယ်။

နောက်ဆုံးမှာတော့“ခေါင်းမေ့ထားစမ်းပါဗျ၊ အဲဒီလို ခေါင်းကြီးငုံ့မနေစမ်းပါနဲ့"လို့ သူပြောလာတယ်။

သူ့အမျိုးသမီးဘက်လှည့်ပြီး တစ်ခုခုကို ခပ်တိုးတိုးလှမ်းမေးနေတယ်။ သူ ဘာပြောလိုက်လဲ ဆိုတာတော့ ကျွန်တော်လည်းမသိပါဘူး။ ဒါပေမဲ့ သူ့အမျိုးသမီးပုံကတော့ တော်တော်လေး စိတ်အနှောင့်အယှက်ဖြစ်သွားပုံ ပါပဲ။ ဟန်မဆောင်နိုင်လောက်အောင် မျက်နှာပျက်သွားတာမို့ ကျွန်တော် သတိမထားမိဘဲ မနေနိုင်ခဲ့ဘူး။

အဲဒီနောက်မှာတော့ ကျွန်တော် မျှော်လင့်မထားခဲ့တဲ့ အဖြစ်အပျက် ဖြစ်လာခဲ့တယ်။ ကျွန်တော့်ရှေ့က စားပွဲပေါ်ကို ဝမ်တစ်သောင်း ရောက်လာခဲ့တာပါ။ ကျွန်တော် ကိုယ့်မျက်လုံး ကိုယ်တောင်မယုံနိုင်ပါဘူး။ ကျွန်တော့် ညီမရဲ့ အကြွေးတွေကို တစ်ပြားမကျန် ပြန်ဆပ်နိုင်ပါတော့မယ်။ ကျွန်တော်

မျက်ရည်မကျအောင် ထိန်းထားရင်း သူ့ကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်စကားဆိုဖို့ ကြိုးစားခဲ့တယ်။ ဒါပေမဲ့ စကားလုံး ရှာမရဖြစ်နေပြီး လည်ချောင်း ထဲမှာ တစ်ဆို့နေသလိုပါပဲ။ အသက်တောင် ကောင်းကောင်း မရှူနိုင်ဘူး ဖြစ်နေခဲ့တယ်။ သူ့ရဲ့ ခမ်းနားလှတဲ့ အိမ်ကြီးက ပြန်ထွက်လာချိန်မှာတော့ ကျေးဇူးတင်ခြင်း၊ စိတ်သက်သာရာရခြင်းဆိုတဲ့ ခံစားချက်တွေ ကျွန်တော့် ရင်ထဲမှာ ရောယှက်နေခဲ့တယ်။

ဒါပေမဲ့ ထုံးစံအတိုင်း ကျွန်တော် အကောင်းမြင်လွန်းခဲ့မိပြန်ပါတယ်။ အကြွေးကတော့ ပြန်ဆပ်လိုက်နိုင်ပါတယ်။ ဒါပေမဲ့ရက်အနည်းငယ်အကြာမှာ မာဆာကို ပျောက်သွားခဲ့တယ်။ နောက်မှသိလိုက်ရတာက မာဆာကိုဟာ အခြားလူတွေဆီကလည်း ငွေတွေချေးထားခဲ့သေးတယ်ဆိုတာပါပဲ။ အဲဒီ ပိုက်ဆံတွေ သူ ဘယ်မှာ သုံးလိုက်လဲဆိုတာတော့ ကျွန်တော်လည်း မသိပါဘူး။ အဲဒီမေးခွန်းကို ကျွန်တော့်ခေါင်းထဲမှာ ကျွန်တော်သေတဲ့နေ့အထိ စဉ်းစားနေ မိတော့မှာပါ။

တစ်ခါတလေတော့သူတို့သားအမိနဲ့ပတ်သက်တဲ့သတင်းစကားတွေ ကြားရတတ်ပါတယ်။ သူတို့ ရထားဘူတာနားမှာ အိပ်နေကြတာကို မြင်မိတဲ့ သူတွေလည်း ရှိပါတယ်။ တစ်ခါတလေကျတော့ သူများအိမ်ရှေ့တွေမှာ အိပ်နေတတ်ကြောင်း၊ လမ်းပေါ်မှာ ရသမျှအစားအစာ ရှာဖွေစားသောက်နေကြောင်း ပြန်ပြောပြတဲ့သူတွေလည်း ရှိပါတယ်။ သူတို့အကြောင်း သတင်းကြားတိုင်း ကျွန်တော် သူတို့ကို သွားရှာခဲ့ပါတယ်။ ဒါပေမဲ့ တစ်ခါမှ သူတို့ကို မတွေ့ခဲ့ပါဘူး။ အဲဒီနောက်ပိုင်း သူတို့ကို တစ်ခါမှ မတွေ့ ဖြစ်တော့ပါ ဘူး။

※※※

အခန်း(၅)

၁၉၉၄ ခုနှစ်၊ ဇူလိုင်လ(၈)ရက်နေ့ဟာ အခြားသာမန်နေ့တစ်နေ့လိုပဲ စတင်ခဲ့ပါတယ်။ ဟမ်ဟန်းမြို့ရဲ့ကောင်းကင်ဟာ မြူတွေနဲ့ ထူပိန်းပိတ်မှောင်လို့နေတယ်။ မှန်တိုင်းတစ်ခု ကျတော့မလားတောင် ထင်ရတယ်။ ဒါပေမဲ့ တလိပ်လိပ်ရွေ့လျားနေတဲ့ တိမ်တွေဟာ တကယ်တော့ စက်ရုံတွေကထွက်တဲ့ မီးခိုးငွေ့တွေသာ ဖြစ်ပါတယ်။

ကျွန်တော် ထုံးစံအတိုင်း အလုပ်သွားခဲ့တယ်။ နေ့လယ်စာစားချိန် ဝန်းကျင် အရောက်မှာတော့ အမျိုးသမီးတစ်ယောက်ရဲ့ ခပ်စူးစူးအသံက စက်ရုံစပီကာတွေကနေတစ်ဆင့် ထွက်လာတယ်။ အထူးသတင်းထုတ်ပြန် ကြေညာချက်တစ်ခုအတွက် ပြင်ဆင်ထားကြဖို့ အဲဒီ အမျိုးသမီးက ကြေညာ နေခဲ့တာ ဖြစ်ပါတယ်။ ဘာသတင်းလဲဆိုတာ ကျွန်တော် စဉ်းစားလို့မရခဲ့ ပါဘူး။

ကျွန်တော် ထောင့်တစ်ထောင့်မှာ ဆေးလိပ်သောက်ပြီး နားနေတုန်း ခေါင်းအထက်မှာရှိတဲ့ စပီကာထဲက ဝမ်းနည်းဖွယ်တီးလုံးတစ်ခု ကျယ်လောင် စွာ ထွက်ပေါ်လာတယ်။

"အလွန်အရေးကြီးတဲ့ သတင်းတစ်ခု ကြေညာပါမည်။ အလွန် အရေးကြီးတဲ့ သတင်းတစ်ခု ကြေညာပါမည်။ ယနေ့မှာ ကျွန်တော်တို့ရဲ့ ခေါင်းဆောင်ကြီး ကင်အီဆွန်း ကွယ်လွန်သွားခဲ့ပါပြီ''

ရုတ်တရက် စက်ရုံတစ်ခုလုံး အပ်ကျသံကြားရမတတ် ငြိမ်သက်သွားတယ်။ လူတိုင်းက သူတို့လုပ်နေတာကို ရပ်တန့်လိုက်ပြီး မတ်တတ်ကြီး ကြက်သေ သေနေကြတယ်။ ဒါပေမဲ့ သိပ်မကြာလိုက်ပါဘူး။ မကြာခင်မှာပဲ စက်ရုံတစ်ခုလုံး ငိုသံတွေနဲ့ ပွက်လောညံသွားတယ်။ အချို့လူတွေက ရှိုက်ကြီးတငင်ငိုနေကြပြီး အချို့လူတွေကတော့ နံရံတွေ၊ အလုပ်စားပွဲတွေကို တဒုန်းဒုန်းထုပြီးငိုနေကြတယ်။

ကျွန်တော့်လက်ထဲကဆေးလိပ် လွတ်ကျသွားပြီး ကျွန်တော်လည်း အံ့အားသင့်နေခဲ့တယ်။ အဲဒီထက် ပိုပြီး အံ့သြဖို့ကောင်းတာက ကျွန်တော် လည်း ငိုနေမိခဲ့တာပါပဲ။ ဘာကြောင့်မှန်းတော့ မသိဘူး။ ဒါပေမဲ့ ကျွန်တော့် ပါးပေါ်မှာ မျက်ရည်ပူတွေ ကျဆင်းနေခဲ့တယ်။ အံ့သြသွားလို့လား၊ ကြောက်လို့လား၊ စိတ်သက်သာရာရသွားလို့လား၊ ကျွန်တော်တစ်ခါမှ မခံစား ဖူးတဲ့ ရှုပ်ထွေးလွန်းတဲ့ ခံစားချက်မျိုး ခံစားနေခဲ့မိတယ်။ အဲဒီ ခံစားချက်ကို အခုချိန်ထိ ကျွန်တော် မရှင်းပြတတ်ပါဘူး။

ကင်အီဆွန်း ဖန်တီးထားတဲ့ 'ကမ္ဘာမြေပေါ်ကနိဗ္ဗာန်ဘုံ'ဆိုတဲ့ ဒီနေရာကြီးမှာ ကျွန်တော် နှစ်(၃၀)ကျော် နေခဲ့ပြီးပါပြီ။ ဒီနိုင်ငံကို ရောက်ကတည်းက လူ့အဖွဲ့အစည်းရဲ့ အနိမ့်ဆုံးမှာ မသေရုံတစ်မည် နေထိုင်ခဲ့ရပြီး တိရစ္ဆာန် သာသာပဲ အဆက်ဆံခံခဲ့ရပါတယ်။ ဒါ့အပြင် ဒီနိုင်ငံမှာနေရင်း ဆိုးရွားလှတဲ့ ကျွန်တော့်ဘဝကြီးကို အဆုံးသတ်ဖို့ ကြိုးစားခဲ့ပါသေးတယ်။ ဒါဆိုရင် ဘာကြောင့်များ ကျွန်တော် ငိုနေရတာပါလဲ။

သူတို့ရဲ့ ဝါဒမှိုင်းတွေက တကယ်ပဲ အလုပ်ဖြစ်ခဲ့တာများလား။ မြောက်ကိုရီးယားကို စရောက်ကတည်းက အခုအချိန်ထိ အသက်ရှင်သန် နေတဲ့ လူတစ်ယောက်လို ကျွန်တော် မခံစားခဲ့ရပါဘူး။ ကျွန်တော့်ရဲ့ ခန္ဓာကိုယ် တစ်စိတ်တစ်ပိုင်း သေဆုံးသွားခဲ့သလိုပါပဲ။ ကျွန်တော့်ဘဝကို လွှမ်းမိုးခဲ့တဲ့ ထိတ်လန့်မှု၊ ကြောက်ရွံ့မှုတွေ အကြောင်း ကျွန်တော် ပြန်တွေး နေမိတယ်။ အဆက်မပြတ် စောင့်ကြည့်ခံရခြင်း၊ ကိုယ်ပိုင်လွတ်လပ်မှု ကင်းမဲ့ခြင်း၊ ကိုယ့်အတွေးတွေကို မဖော်ပြရဲတဲ့ ကြောက်ရွံ့ ခြင်း၊ မျှော်လင့်ချက် ကင်းမဲ့ခြင်း၊ စိတ်ပျက် အားငယ်ခြင်း၊ ကျွန်တော့် ဘဝကို တိုးတက်အောင် လုပ်ဖို့ ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်ခြင်း စတဲ့အရာတွေက ကျွန်တော့်ခေါင်းထဲ အစီအရီ ပြန်ပေါ်လာတယ်။ ကင်အီဆွန်းရဲ့ ခြိမ်းခြောက်လွှမ်းမိုးတဲ့ ဥပဒေတွေက ကျွန်တော့်ဘဝရဲ့ အစိတ်အပိုင်း အားလုံးကို ကျူးကျော် ဝင်ရောက် စွက်ဖက်နေခဲ့ကြတယ်။

※

နှစ်(၃၀)ကျော်ကြာအောင် "ခေါင်းဆောင်ကြီး ကင်အီဆွန်း သက်တော်ရာကျော် ရှည်ပါစေ" လို့ ကျွန်တော် ဟစ်ကြွေးနေခဲ့တာပါ။ စိတ်ထဲက ပါလို့တော့ မဟုတ်ဘူးပေါ့။ ဒါပေမဲ့ အခုတော့ ကျွန်တော် မျက်ရည်တွေကျပြီး ငိုနေမိပါလား။ ဝါဒမှိုင်းတွေက ကျွန်တော့်ကို အနိုင်ယူသွားခဲ့လေသလား။ ဒါမှမဟုတ် သူများတွေဆောက်တည်ရာမရဖြစ်နေတာက ကျွန်တော့်အပေါ် သက်ရောက်မှု ရှိနေခဲ့တာလား။ ကျွန်တော့်ဘေးက လူတွေအားလုံးဟာ စိတ်ကယောက်ကယက်ဖြစ်နေပြီး အကြောက်လွန်နေခဲ့ကြတယ်။ "အခုက စပြီး ငါတို့ ဘယ်လိုနေကြရတော့မှာလဲ"လို့ ပြောရင်း လူအုပ်ကြီးက ငိုကြွေး နေခဲ့ကြတယ်။

ကျွန်တော် အိမ်ပြန်ရောက်တော့ ကလေးတွေက ကျွန်တော့်ကို ပြေးဖက်ပြီး ငိုကြတယ်။ ကျွန်တော့်မိန်းမလည်း ငိုနေခဲ့တယ်။ သူတို့အားလုံး ငိုနေတာဟာ ဝမ်းနည်းလို့လား သို့မဟုတ် ကြောက်နေကြလို့လား။ ကျွန်တော်လည်း မပြောတတ်ပါဘူး။ အခု ခေါင်းဆောင်ကြီးမရှိတော့ ကျွန်တော်တို့ ဘာတွေဆက်ဖြစ်ကြမှာလဲ။

ကင်အီဆွန်း သေဆုံးပြီး နောက်တစ်နေ့မှာ လူတွေဟာ ကင်အီဆွန်းရဲ့ ကြေးသွန်းရုပ်တုနားမှာ စုရုံးပြီး လွမ်းသူ့ပန်းခွေ လာချခဲ့ကြတယ်။ ရုပ်ရှင်ရုံတွေ နဲ့ ယဉ်ကျေးမှုဆိုင်ရာ အဆောက်အအုံတွေမှာ ခေါင်းဆောင်ကြီးကို သတိရ အောက်မေ့ခြင်း အထိမ်းအမှတ် အနေနဲ့ လူတွေ စုရုံးကြတယ်။ မဖြစ်မနေ တက်ရတာဖြစ်ပြီး ငြင်းလို့ မရပါဘူး။ ရဲတွေက နေရာတိုင်းမှာ ရှိနေပြီး အထိမ်းအမှတ်ပွဲကို လူတိုင်း တက် မတက် စောင့်ကြည့်နေကြတယ်။ လူတိုင်းကလည်း ဒီပွဲကိုတက်ဖို့ စိတ်အားထက်သန်နေကြတယ်။ သူတို့ရဲ့ ခံစားချက်တွေကို အခြားသူတွေနဲ့ ဝေမျှချင်နေကြတယ်။ သူတို့ဟာ သူတို့ရဲ့ သနားစရာ ဘဝထက် ပိုမိုကြီးမားပြီး ပိုမိုအဓိပ္ပာယ်ရှိတဲ့ အရာတစ်ခုရဲ့ အစိတ်အပိုင်း အဖြစ် ခံစားရဖို့ စိတ်အားထက်သန်နေကြတာ ဖြစ်ပါတယ်။

ကင်အီဆွန်းဆုံးတဲ့အချိန်ဟာ ပထမဆုံး တောင်ကိုရီးယား-မြောက်ကိုရီးယား ညီလာခံဖြစ်မြောက်ဖို့ နီးစပ်နေခဲ့တဲ့ အချိန်လည်း ဖြစ်ပါတယ်။ ပါတီခေါင်းဆောင်ပိုင်းတွေဟာလည်း ဒီညီလာခံနဲ့ပတ်သက်ပြီး အကောင်းမြင်နေခဲ့ကြတဲ့အချိန် ဖြစ်ပါတယ်။ ဒါ့အပြင် တောင်ကိုရီးယားနဲ့မြောက်ကိုရီးယား ပြန်လည်ပေါင်းစည်းမှုဟာ တကယ်ဖြစ်လာတော့မှာဖြစ်ပြီး ကျွန်တော်တို့ လက်ရှိကြုံတွေ့နေရတဲ့ အခက်အခဲတွေကနေလည်း လွတ်မြောက်တော့မှာ ဖြစ်ကြောင်း ကြွေးကြော်နေခဲ့တဲ့ အချိန်လည်းဖြစ်ပါတယ်။

ဒါပေမဲ့ အဲဒါဟာ ဝါဒဖြန့်မှုတွေရဲ့ ယုတ္တိမရှိပုံကို ဖော်ပြနေသလိုပါပဲ။ ဝါဒဖြန့်မှုတွေဟာ သူ့စကားနဲ့သူကို ချာလပတ်ရမ်းနေပါတယ်။ အမေရိကန် နယ်ချဲ့တွေဟာ ကိုရီးယားကျွန်းဆွယ်ကို နိုင်ငံနှစ်ခုဖြစ်အောင် သွေးခွဲခဲ့လို့ ကျွန်တော်တို့နိုင်ငံမှာ လယ်လုပ်ငန်းတွေ မအောင်မြင်တာဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းတွေ ကျရှုံးနေတာဖြစ်ကြောင်း သူတို့ပဲ ကျွန်တော်တို့ကို ပြောခဲ့တာပါ။ အခုကျတော့ တောင်နဲ့မြောက်သာ ပေါင်းစည်းနိုင်ရင် အငတ်ဘေးကို ကြောက်စရာမလိုတော့ဘူးလို့ သူတို့ပြောနေပြန်ပါတယ်။

အဲဒီစကားက အဓိပ္ပာယ်မှ မရှိတာ။ ကျွန်တော်တို့ မြောက်ကိုရီးယား သားတွေ ခံစားနေရတာက အမေရိကန် နယ်ချဲ့တွေရဲ့ လက်ချက်ဆိုရင် တောင်ကိုရီးယားမှာရော ဘာလို့ အစားအသောက်ရှားပါးမှုတွေ ရှိမနေတာလဲ။ ဒါ့အပြင် သိပ်မကြာသေးခင်ကပဲ တောင်ကိုရီးယားသားတွေ ငတ်ပြတ်နေကြ ပါတယ်ဆိုပြီး ကျွန်တော်တို့ကို သူတို့ပြောထားတာလေ။ ဒါဆိုရင် ငတ်နေတဲ့ နှစ်နိုင်ငံ ပြန်ပေါင်းတော့ ကျွန်တော်တို့အားလုံး အငတ်ဘေးက လွတ်ရောလား။

※

တဖြည်းဖြည်းနဲ့ စက်ရုံအလုပ်သမားတွေကလည်း ခေါင်းဆောင်ကြီး

ဆုံးသွားပြီဆိုတော့ ငါတို့ ဘယ်လိုဆက်ပြီး အသက်ရှင်နေထိုင်ရမှာလဲ ဆိုတဲ့ မေးခွန်းမျိုး စမေးလာခဲ့ပါပြီ။ သူတို့ အဲဒီမေးခွန်းကိုမေးတာ ခေါင်းဆောင်ကြီး အတွက် ဝမ်းနည်းလို့တော့ မဟုတ်လောက်ပါဘူး။ အဲဒီမေးခွန်းက အကြောက်တရားက ဆင်းသက်လာတာပါ။ သူတို့မျက်နှာတွေကို ကြည့်ရင် သူတို့ ဘယ်လောက် ကြောက်နေလဲဆိုတာ မြင်နိုင်ပါတယ်။ သူတို့အားလုံး ကြောက်လန့်တကြား ဖြစ်နေကြတယ်။ သူတို့ ကြောက်မယ်ဆိုလည်း ကြောက်စရာပါပဲ။ အငတ်ဘေးက ကျွန်တော်တို့နဲ့ အနီးဆုံးအနေအထားကို ရောက်နေခဲ့ပြီလေ။ အဲဒီအချိန်မှာကင်ဂျုံအီလ်ကတော့သမ္မတအသစ်အဖြစ် စတင်တာဝန်ထမ်းဆောင်တဲ့ ကျမ်းသစ္စာကျိန်ဆိုပွဲကို ခမ်းခမ်းနားနား ကျင်းပ နေခဲ့ပါတယ်။

ကင်ဂျုံအီလ် စပြီး အုပ်ချုပ်တဲ့ အချိန်မှာပဲ လူတွေဟာ ကင်ဂျုံအီလ် အကြောင်း မကျေမနပ် စပြောလာကြပါတယ်။ စားနပ်ရိက္ခာ အခြေအနေ ဆိုးရွားလာတာနဲ့ ပတ်သက်ပြီး ကင်ဂျုံအီလ်ကို အပြစ်တင်ကြတယ်။ ကင်ဂျုံအီလ်ဟာဖခင်ဖြစ်သူကင်အီဆွန်းကြောင့်သာသမ္မတဖြစ်လာခဲ့ကြောင်း လူတွေက အထင်သေးစွာ ပြောဆိုနေခဲ့ကြပါတယ်။ သူတို့ပြောတာ မှားတော့ မမှားပါဘူး။ ကင်အီဆွန်း သက်ရှိထင်ရှား ရှိနေစဉ်အခါတုန်းက ဝါဒဖြန့်မှု တွေကို အစွမ်းကုန် အသုံးပြုခဲ့တယ်။ ကြီးမြတ်သော ခေါင်းဆောင်ကြီး ကင်အီဆွန်းဟာ လူတွေကို ဖိနှိပ်ချုပ်ချယ်တဲ့ အစိုးရအောက်ကနေ လွတ်မြောက်စေခဲ့ကြောင်း ကျွန်တော်တို့ အမြဲကြားနေခဲ့ရတာ ဖြစ်ပါတယ်။ ဒီလို အမြဲတမ်းကြားနေခဲ့ရမှတော့ လူတွေက သူ့ကို မလေးစားဘဲ၊ မယုံဘဲ ဘယ်နေပါ့မလဲ။ “ဒီနှစ်က စိုက်ပျိုးရေးနှစ်ဖြစ်တယ်'' လို့ ၁၉၉၂ ခုနှစ်မှာ ကင်အီဆွန်း ကြေညာခဲ့ပါတယ်။ “ကျွန်တော်တို့ နိုင်ငံဟာ ထမင်းဖြူစားပြီး အသားစွပ်ပြုတ် သောက်နိုင်ဖို့၊ ပိုးထည် အဝတ်အစားတွေ ဝတ်ဆင်နိုင်ဖို့၊ အုတ်ကြွပ်မိုးထားတဲ့ အမိုးအောက်မှာ နေထိုင်နိုင်ဖို့ဆိုတဲ့ ကျွန်တော်တို့ နိုင်ငံသားတွေ ရာစုနှစ်ချီမက်ခဲ့ရတဲ့ အိပ်မက်တွေကို အပြည့်အဝ နားလည် ဖို့လိုပါတယ်”

ဒါပေမဲ့ ပြဿနာက ဒီမိန့်ခွန်းကြီးကို ကျွန်တော် အရင်ကလည်း ကြားဖူးခဲ့ပြီးသားပါ။ ၁၉၆၁ ခုနှစ်တုန်းကလည်း သူ အဲဒီအတိုင်း ပြောခဲ့ဖူးတယ်။ အဲဒီအချိန်က ကျွန်တော် မြောက်ကိုရီးယားကိုရောက်ပြီး သိပ်မကြာခင်အချိန်လည်း ဖြစ်ပါတယ်။ အဲဒီတုန်းကလည်း ဒီဟာသဆန်ဆန်မိန့်ခွန်းကြီး ကိုပဲ အရှက်မရှိ ပြောခဲ့တာပါ။ ဒါပေမဲ့ ကင်အီဆွန်းဟာ သူ့ကတိတွေအတိုင်း တစ်ခုမှ မလုပ်ပေးနိုင်ခဲ့ပါဘူး။ တစ်ခုတောင် မလုပ်ပေးနိုင်ခဲ့တာပါ။ မြောက်ကိုရီးယားဟာ ‘ကမ္ဘာမြေပေါ်ကနိဗ္ဗာန်ဘုံ’ ဖြစ်ရမယ်လို့ သူကတိပေး ခဲ့ပေမဲ့ တကယ်တမ်းမှာ ဆန့်ကျင်ဘက် ဖြစ်လာခဲ့ပါတယ်။

သူ့ကြောင့် ရာထူးက ဖယ်ရှားခံရတဲ့ လူတွေအကြောင်း၊ သူ့ကြောင့် အစာရေစာ ငတ်ပြတ်ခဲ့ရတဲ့လူတွေအကြောင်း၊ သူ့ကြောင့် ဒုက္ခပေါင်းစုံကို ခံစားခဲ့ရတဲ့ မရေမတွက်နိုင်သော လူတွေအကြောင်း စဉ်းစားမိတိုင်း အနာဂတ်မှာ သူနာမည်ဆိုးနဲ့ပဲ ကျော်ကြားပါစေလို့ ကျွန်တော် မျှော်လင့်မိတယ်။

လွန်ခဲ့တဲ့ နှစ်(၃၀)ကျော်က မြောက်ကိုရီးယားမြေကို စနင်းပြီးကတည်း က ငတ်မွတ်ခြင်း ဆိုတာကလွဲပြီး ကျွန်တော် အခြား ဘာမှ မသိခဲ့ရပါဘူး။ လူတိုင်းဟာ အငတ်ဘေးနဲ့ ကြုံလုနီးပါး အခြေအနေကိုပဲ ဆယ်စုနှစ်ပေါင်း များစွာ ခံစားလာခဲ့ကြရတယ်။ ဒါပေမဲ့ ၁၉၉၁ ခုနှစ်ကစပြီး အခြေအနေက ပိုဆိုးလာခဲ့တယ်။ ၁၉၉၁ ခုနှစ်ကစပြီး ကင်အီဆွန်းသေဆုံးတဲ့ ၁၉၉၄ ခုနှစ် အတွင်း မြောက်ကိုရီးယားရဲ့ရာသီဥတုက အပြင်းအထန် အအေးလွန်ကဲလာ ခဲ့တယ်။ အေးခဲလွန်းတဲ့ရာသီဥတုကြောင့် အစတည်းက မလောက်မငြဖြစ်နေ ခဲ့တဲ့ စားနပ်ရိက္ခာအခြေအနေဟာ အဆိုးရွားဆုံး ဖြစ်သွားခဲ့တယ်။

စားနပ်ရိက္ခာဖြန့်ဝေမှုစနစ်အရ ပုံမှန် အလုပ်လုပ်နေသူတွေဟာ ဂျုံ စပါး အလေးချိန် တစ်ပေါင်ခွဲ ဝေစုရရမှာ ဖြစ်ပါတယ်။ ဒါပေမဲ့ အကျင့်ပျက် ခြစားမှုတွေကြောင့် လယ်သမားတွေဟာ တစ်ပေါင်ခွဲဝေစု မရခဲ့ကြပါဘူး။ ပုံမှန် အလုပ်လုပ်နေသူတွေဟာ တစ်ပေါင်လောက်ပဲ ရနေခဲ့ကြပြီး ရတဲ့ ဝေစုရဲ့ ၇၀ %လောက်ဟာလည်း ပြောင်းဆန်မှုန့်တွေ ဖြစ်ပါတယ်။ ပါတီ အဖွဲ့ဝင်တွေကတော့ ပိုမို များပြားတဲ့ ဝေစုရနေမယ်ဆိုတာ ကျွန်တော် ပြောစရာလိုမယ် မထင်တော့ပါဘူး။

တကယ်တော့ စားနပ်ရိက္ခာတွေကို တစ်လနှစ်ကြိမ် ဖြန့်ဝေပေးရမှာ ဖြစ်ပါတယ်။ ဒါပေမဲ့ ၁၉၉၁ ခုနှစ် အစပိုင်းကစပြီး စားနပ်ရိက္ခာဖြန့်ဝေမှု နှောင့်နှေးတာတွေ ပုံမှန်ဖြစ်လာခဲ့တယ်။ နောက်ဆုံးမှာတော့ ကျွန်တော်တို့ဟာ လဝက်လောက်ကို သုံးရက်စာ အစားအသောက်စားပြီး အသက်ရှင်ဖို့ ကြိုးစားရပါတော့တယ်။ ဆာလောင် မွတ်သိပ်မှုတွေ များလာတာကြောင့် အခြေအနေက ဆိုးဆိုးရွားရွား ဖြစ်လာပါတယ်။ လူတွေက စားနပ်ရိက္ခာ ဖြန့်ဝေရေး ဌာနတွေကို အစုလိုက်အပြုံလိုက် ရောက်သွားကြပြီး အကြမ်းဖက် ကာ တိုးဝှေ့ လုယက်ကြပါတော့တယ်။

ပါတီကတော့ ဆောင်ပုဒ်အသစ်တွေ၊ ဝါဒဖြန့်မှုအသစ်တွေ ဆက်ပြီး လုပ်လာခဲ့တယ်။ အဲဒီအချိန်မှာ ကျွန်တော်စဉ်းစားနေမိတာက ဒီလူတွေ ဝါဒဖြန့်ပိုစတာတွေအတွက် စက္ကူတွေအများကြီး ဘယ်ကရနေလဲဆိုတာ ရယ်၊ အဲဒီစက္ကူတွေကို စားလို့ရလားဆိုတာရယ်ပါပဲ။ သူတို့ရဲ့ သောက်တလွဲ ဝါဒဖြန့်ပိုစတာတွေက ဘာတွေရေးထားတယ်လို့ ခင်ဗျားထင်လဲ။ သူတို့က ပုံမှန်စားနပ်ရိက္ခာဝေစုမရရင် ကျွန်တော်တို့လုပ်သင့်တဲ့ အခြားနည်းလမ်းတွေ ကို

ပြောပြထားတာပါ။

'စပါးပင်ရဲ့အမြစ်ကို အမှုန့် ကြိတ်ပြီးစားကြပါ။ အဲဒီအမြစ်မှာ ပရိုတိန်းဓာတ်တွေ ပေါကြွယ်ဝစွာ ပါဝင်နေပါတယ်!'

'အာဒါလွတ်ဥမှာ ကစီဓာတ်တွေ များစွာပါဝင်ပါတယ်၊ ခင်ဗျားတို့ အားလုံး အခုအကြံပေးထားတဲ့ အစားအစာတွေစားပြီး အသက်ဆက်ရှင်မယ် ဆိုရင် ကျွန်တော်တို့ ဒီအခြေအနေကို သေချာပေါက် ထိန်းချုပ်နိုင်လိမ့်မယ်!'

သောက်တလွဲသတင်းအချက်အလက်တွေကို အာမေဋိတ်သင်္ကေတ! တပ်ပြီး ရေးထားတာပါ။ အဲဒီအချိန်မှာ ကျွန်တော်တို့အားလုံးဟာ စားစရာ တစ်ခုရဖို့ အချိန်အကြာကြီး လိုက်လံရှာဖွေနေရတဲ့ အခြေအနေရောက်နေပါ ပြီ။ ဝက်သစ်ချသီး၊ Mugwort ရွက်၊ ထင်းရှူးပင်အခေါက် စတဲ့ စားလို့ရတဲ့ အရာမှန်သမျှကို ပိုက်စိပ်တိုက်ရှာဖွေပြီး အသက်ဆက်နေရတဲ့ အချိန်ပါ။ ဒါပေမဲ့ အဲဒါတွေကလည်း စားရတာ တော်တော်ကို စိတ်မချမ်းသာစရာ ကောင်းတဲ့ အစားအသောက်တွေပါ။ သစ်ခေါက်တွေကို သုံးပြီး ဆန်မုန့်နဲ့ ဆင်တူတဲ့ မုန့်မျိုးတော့ လုပ်လို့ရပါတယ်။ ဒါပေမဲ့ အရသာကတော့ တော်တော်ကို ဆိုးရွားပါတယ်။ ကိုလိုနီခေတ်ကုန်ခါနီးတုန်းက လူတွေဟာ စားစရာမရှိတော့တဲ့အဆုံး ကြံရာမရဖြစ်ပြီး စားခဲ့ကြဖူးပါတယ်။ ဒါ့အပြင် ကိုရီးယားစစ်ပွဲကြီးပြီးဆုံးခါစကလည်း သစ်ခေါက်တွေကို စားခဲ့ကြပါသေးတယ်။ အခြားရွေးချယ်စရာ အစားအသောက်လုံးဝမရှိတဲ့ အချိန်မျိုးတွေပေါ့။ အခုတော့ ကျွန်တော်တို့လည်း အဲဒီအနေအထားကို ရောက်နေပါပြီ။

သစ်ခေါက်ကို ဘယ်လိုစားကြလဲဆိုတာ ကျွန်တော်ပြောပြပါ့မယ်။ ပထမဆုံး ထင်းရှူးအခေါက်ထဲက အဆိပ်တွေထွက်သွားဖို့တတ်နိုင်သလောက် ကြာကြာပြုတ်ရပါတယ်။ (လူတော်တော်များများက ဒီအဆင့်ကို ဖြစ်ကတတ် ဆန်းလုပ်လို့ မရှုမလှ သေဆုံးခဲ့ကြပါတယ်။) ဒုတိယအဆင့်မှာတော့ ပြောင်းဆန်မှုန့်အချို့ကို ရောထည့်ရပါတယ်။ ပြီးရင်တော့ အဲဒီ အရောကို ပေါင်းထားရပါတယ်။ အဲဒီနောက် အအေးခံပြီး ဆန်မုန့်နဲ့တူအောင် လုပ်ရပါတယ်။ အဲဒါပြီးရင်တော့ စားလို့ရပါပြီ။ ပြောလို့သာလွယ်တာ၊ စားရတာ တော်တော်ခက်ပါတယ်။ ထင်းရှူးဆီရဲ့အနံ့က နံဟောင်နေပြီး စားရတာ အင်မတန်ခက်ပါတယ်။ ဒါပေမဲ့ ဆက်ပြီးအသက်ရှင်ချင်တော့ ကျိတ်မှိတ်ပြီး မျိုချရတာပါပဲ။

တကယ့်ဒုက္ခက အခုမှစတာပါ။ စားပြီးသွားရင်တော့ လမ်းမလျှောက် နိုင်လောက်အောင် ဗိုက်နာပါတယ်။ ဝမ်းချုပ်ချက်ကလည်း ခင်ဗျားတောင် ယုံမှာမဟုတ်ပါဘူး။ ဝမ်းချုပ်လွန်းလို့ မခံမရပ်နိုင်အောင် ဗိုက်နာလာရင်

ဖြေရှင်းလို့ရတာ တစ်နည်းပဲရှိတယ်။ ဒီဖြေရှင်းနည်းကို ရှင်းပြဖို့ စကားလုံး နုနုရွရွလည်း မရှိတော့ ကျွန်တော် ပွင့်ပွင့်လင်းလင်းပဲ ပြောပြပါတော့မယ်။ ဝမ်းမသွားနိုင်လို့ ဗိုက်နာလွန်းလာရင် ကိုယ့်ဖင်ထဲ ကိုယ်လက်နှိုက်ပြီး ကွန်ကရစ်လို မာကျောနေတဲ့ မစင်တုံးတွေကို နှိုက်ထုတ်ရပါတယ်။ ဒီလိုပြောရတာ ခင်ဗျားကိုတော့ အားနာပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ဘယ်လောက် ဒုက္ခရောက်တယ်ဆိုတာကို ခင်ဗျား နားလည်ပေးနိုင်ဖို့ ပြောပြ ရတာပါ။

ကင်အီဆွန်း သေဆုံးပြီးနောက် အရာအားလုံးက ဖြည်းဖြည်းချင်း ရပ်တန့်လာခဲ့တယ်။ လယ်ယာစိုက်ပျိုးရေး၊ စက်မှုထုတ်လုပ်ရေး အပြင် အခြားအရာအားလုံးဟာလည်း ရပ်တန့်လာတယ်။ စက်ရုံတွေမှာ ကုန်ကြမ်း ပစ္စည်းတွေ ပြတ်လပ်လာတယ်။ လျှပ်စစ်မီးကလည်း ကံကောင်းလွန်းမှ နာရီအနည်းငယ်လောက်ပဲ လာလေ့ရှိတယ်။ ကုန်ထုတ်လုပ်မှုတွေကလည်း တဖြည်းဖြည်း ရပ်တန့်လာတယ်။ အလုပ်သမားတွေကလည်း အစားမစားရတာ ကြာနေပြီဖြစ်လို့ အလုပ်ခွင်မှာ မူးမေ့လဲကျတာတွေ ဖြစ်လာတယ်။

မြေလွတ်တွေကို ရှာဖွေပြီး ရသမျှသီးနှံတွေစိုက်ပျိုးဖို့ ပါတီက တရားဝင်အမိန့်စာထုတ်ပြန်တာမျိုး တစ်ခါတလေ ရှိတတ်ပါတယ်။ အဲဒီလို အခါမျိုးဆို ကျွန်တော်တို့အားလုံး ဂေါ်ပြားကိုယ်စီဆွဲကာ လမ်းဘေးမြေလွတ် နေရာတွေ သို့မဟုတ် အဆောက်အအုံတွေရဲ့ မျက်နှာချင်းဆိုင်မှာ တွေ့ရလေ့ ရှိတဲ့ မြေလွတ်နေရာတွေကို ရှာဖွေကြပါတယ်။ အဲဒီနောက် မြေကြီးကို တူးဆွပြီး ပဲ သို့မဟုတ် မုန်ညင်းဖြူ စိုက်ကြပါတယ်။ အချို့ကလည်း တောင်စောင်းတွေမှာ မြေကွက်တွေရှင်းပြီး သကြားပြောင်းနဲ့ အာလူးတွေ စိုက်ကြပါတယ်။ ဒါပေမဲ့ လုပ်သမျှဟာ အချည်းနှီးပါပဲ။ မျိုးစေ့တွေ ရှာရတာလည်း အင်မတန်ကို ခက်ခဲပါတယ်။ အကယ်၍ မျိုးစေ့ရှာတွေ့ပြီး တစ်ခုခု စိုက်နိုင်ခဲ့တယ်ဆိုရင်တောင် ရိတ်သိမ်းချိန်မတန်မီ အကုန် အခိုးခံ ရပါတယ်။ အသီးအနှံတွေ အားလုံးဟာ လက်မအရွယ်လောက်တောင် မကြီးခင်မှာ အခိုးခံရလေ့ရှိပါတယ်။

ကလေးတွေလည်း ကျောင်းမသွားကြတော့ပါဘူး။ ကလေးတွေဟာ လူကြီးတွေနဲ့အတူ လမ်းမပေါ်ထွက်ပြီး စားလို့ရသမျှ အရာအားလုံးကို ပိုက်စိပ်တိုက်ရှာနေကြတာ ကျွန်တော် မြင်နေခဲ့ရတယ်။ မြောင်ဟွာနဲ့ ဟိုဆွန်တို့ဟာလည်း တစ်နေ့တခြား ပိုပိုပြီး ပိန်ချုံးလာတယ်။ သူတို့ မျက်နှာ တွေက ချောင်ကျလွန်းနေတာကြောင့် မျက်လုံးတွေက ပြူးပြူးကြီးတွေ ဖြစ်နေတယ်။ မျက်နှာပေါ်က အခြား အစိတ်အပိုင်းတွေထက် စာရင် သိသိသာသာ ပိုကြီးသလို ဖြစ်နေတယ်။ သူတို့ရဲ့ အရိုးငေါငေါထွက်နေတဲ့ ခန္ဓာကိုယ်လေးတွေကို ကြည့်မိတိုင်း ကျွန်တော် အော်ငိုချင်မိတယ်။ ဒါပေမဲ့ ကျွန်တော့်မှာ ငိုဖို့တောင် ခွန်အားမရှိတော့ပါဘူး။

တစ်နေ့တခြား အခြေအနေက ပိုပိုပြီးဆိုးလာတယ်။ ငတ်ပြတ်နေတဲ့ လူတွေဟာ လမ်းပေါ်မှာ မျှော်လင့်ချက်မဲ့စွာ လျှောက်သွားနေကြတယ်။ အချို့လူတွေကတော့ လမ်းလျှောက်ဖို့ ခွန်အား မရှိတော့တာကြောင့် လမ်းပေါ်မှာ လဲလျောင်းနေကြတယ်။ သိပ်မကြာခင်မှာပဲ လမ်းပေါ်မှာ လူသေ အလောင်းတွေ ခပ်စိတ်စိတ် တွေ့လာရတယ်။ လမ်းပေါ်မှာ သေဆုံးနေတဲ့ အလောင်းတွေကို လာပြီးသယ်မဲ့သူမရှိတာကြောင့် အဲဒီအလောင်းတွေဟာ လမ်းပေါ်မှာပဲ ပုပ်ပွလာတယ်။ အမျိုးသမီးတွေ၊ သက်ကြီးရွယ်အိုတွေနဲ့ ကလေးတွေဟာ ပိုပြီး အသေအပျောက် များကြတယ်။

မှောင်ခိုဈေးကလည်း လွတ်လွတ်လပ်လပ်ကို ဖွင့်ထားခဲ့ပါပြီ။ လမ်းဘေးဆိုင်ခန်းငယ်လေး တွေဟာလည်း ရဲစခန်းရှေ့မှာတောင် အစီအရီ ပေါ်ပေါက်လာတယ်။ အာဏာပိုင်တွေကလည်း ဘာမှဝင်မစွက်ဖက်တော့ပါဘူး။ ရဲတွေလည်း ဝင်မစွက်ဖက်တော့သလို ကြောက်စရာကောင်းပါတယ် ဆိုတဲ့ လျှို့ဝှက်ရဲတွေတောင် ဘာမှမလုပ်ရဲတော့ပါဘူး။ သူတို့ဝင်တားရင်လည်း အခြေအနေတွေက အုတ်အော်သောင်းနင်းဖြစ်ပြီး သူတို့ပဲ ဒုက္ခရောက်သွား မှာပါ။

ဒါပေမဲ့ မှောင်ခိုဈေးကွက်က ငွေမာမရှိတဲ့သူတွေအတွက်တော့ ဘာမှ အသုံးမဝင်ပါဘူး။ မြောက်ကိုရီးယားပိုက်ဆံနဲ့ တစ်ခုခုဝယ်မယ်ဆိုရင်တော့ ဈေးက အဆတစ်ရာလောက် တက်သွားလေ့ရှိပါတယ်။ ခင်ဗျားမှာ လက်ပတ်နာရီ သို့မဟုတ် ကုန်ပစ္စည်းချင်း ဖလှယ်စရာ အဖိုးတန်ပစ္စည်း တစ်ခုခုရှိတယ် ဆိုရင်တော့ တစ်မျိုးပေါ့။

ကျွန်တော့်လို ငွေမာလည်းမရှိ၊ အဖိုးတန်ပစ္စည်းလည်းမရှိတဲ့ လူတွေ ကတော့ ပိုးဟပ်တွေ ထွက်လာလောက်တဲ့ဆိုင်မျိုးက ဆန်ပြုတ်လောက်ပဲ ဝယ်နိုင်ပါတယ်။ အဲဒီလိုမဝယ်နိုင်ဘူးဆိုရင်တော့ ဈေးထဲမှာပတ်ပြီး အခြား ကံမကောင်းတဲ့လူတစ်ယောက်ယောက် မတော်တဆကျသွားတဲ့ ပေါင်မုန့် အစအနလေးတွေကို လိုက်ကောက်စားရပါတယ်။

နောက်ထပ်လုပ်လို့ရတဲ့ တစ်ခုတည်းသော လက်ကျန်နည်းလမ်း ကတော့ ခိုးဖို့ပါပဲ။ ဒီနည်းလမ်းက အမြန်ဆုံးနဲ့ အလွယ်ဆုံး အဖြေလည်း ဖြစ်တာကြောင့် ခိုးမှုတွေ တဖြည်းဖြည်းနဲ့ ပိုများလာခဲ့တယ်။

အဲဒီအချိန်ကာလတစ်ဝိုက်မှာ ရနိုင်တဲ့ အထူးအခွင့်အရေးတစ်ခု လွတ်လပ်စွာ ခရီးသွားလာနိုင်ခြင်း ပါပဲ။ အရင်တုန်းကဆိုရင် ကတော့ တရားဝင် ခရီးသွားလာခွင့် စာရွက်စာတမ်းမရှိဘဲ ရထားပေါ်ကို တက်လို့မရပါ ဘူး။ ဒါပေမဲ့ အခုတော့ ခင်ဗျားမှာ ရထားလက်မှတ်ရှိရင် ဘယ်နေရာကိုမဆို လွယ်ကူစွာ ခရီးသွားနိုင်ပါတယ်။ လက်မှတ်ရဖို့ကတော့ တာဝန်ရှိသူတွေကို လာဘ်ထိုးရပါတယ်။

ကျွန်တော်ကတော့ ပိုက်ဆံမရှိတဲ့ငမွဲဖြစ်တာကြောင့် ဒီအခွင့်အရေးကိုလည်း အသုံးချခွင့် မရှိပြန်ပါဘူး။ ကျွန်တော်အလုပ်လုပ်တဲ့ စက်ရုံမှာလည်း ကုန်ထုတ်လုပ်မှုတွေ ရပ်တန့်သွားပြီဖြစ်လို့ ဘာကုန်ပစ္စည်းမှ ကျွန်တော့်မှာ မရှိတော့ပါဘူး။ အရောင်းအဝယ်လုပ်ဖို့ ကျွန်တော်နဲ့ ကျွန်တော့် မိသားစုဟာ Omode လို့ခေါ်တဲ့ အပင် တစ်ပင်ကို ရှာဖွေပြီး စားသောက်လာကြရပါတယ်။ နေဝင်ချိန်အထိအဲဒီအပင်ကို ကျွန်တော်တို့မိသားစု ရှာဖွေကြရပြီး အဲဒီအချိန်ဆို ကျွန်တော်တို့ လက်တွေလည်း သွေးတွေနဲ့ ပေကျံနေတတ်ပါတယ်။ အိတ်တစ်လုံးစာ လောက် အလုံအလောက်ရပြီဆိုရင် ကျွန်တော်တို့ အိမ်ပြန်ပြီး အပင်ရဲ့အခွံကို ခွာရပါတယ်။ အဲဒီနောက် အပင်ရဲ့အတွင်းသားကို ထုထောင်းရပါတယ်။ ပြီးရင်တော့ ရေနဲ့ ပြုတ်ပြီး စားကြပါတယ်။ အရသာက တော်တော်ဆိုးပေမဲ့ ကျွန်တော်တို့ကလည်း အသက်ရှင်မယ်ဆို ဘာမဆိုစားမဲ့ အနေအထားကို ရောက်နေခဲ့ပါပြီ။

တစ်ခါတလေတော့လည်း ဒီလိုဘဝမျိုးကို ဖြတ်သန်းနေရတာ ကိုယ့်ကိုယ်ကိုယ် ရှက်မိတယ်။ ဟိုချောလ်အတွက်လည်း စိုးရိမ်နေမိတယ်။ သူ ဘယ်တွေရောက်နေမှန်း ကျွန်တော် လုံးဝမသိပေမဲ့ သူ့အကြောင်း အမြဲ တွေးနေမိတယ်။ စုတ်ပြတ်သတ်နေတဲ့ ဒီဘဝကြီးအတွက် ကျွန်တော့်မိန်းမနဲ့ ကလေးတွေကို ကျွန်တော် တောင်းပန်ခဲ့တယ်။ ကျွန်တော့်ကလေးတွေက ကြင်နာတတ်သူတွေဖြစ်ပြီး မျှော်လင့်ချက်မဲ့သွားတာမျိုးလည်း မရှိတတ်ကြ ပါဘူး။ ကျွန်တော် တစ်ခါတလေ စီးကရက် သောက်တတ်မှန်း သူတို့သိတာမို့ ကျွန်တော့်အတွက် စီးကရက် အတိုအစလေးတွေ သူတို့ ကောက်လာပေး တတ်ကြတယ်။ ကျွန်တော်တို့မိသားစုဟာ အငတ်ဘေးနဲ့ ကြုံနေကြရပေမဲ့ မိသားစုသံယောဇဉ်ကတော့ အရင်အတိုင်းပါပဲ။ မိသားစုဝင်တွေ ကြားထဲမှာ အစားအသောက်ကြောင့် ရန်ဖြစ်တာတွေ ကျွန်တော် ကြားဖူးပါတယ်။ ယောက်ျားတစ်ယောက်က သူ့မိန်းမဖြစ်သူကို သတ်ပြီး စားတယ်ဆိုတဲ့ ကောလာဟလ သတင်းမျိုးတောင် ကြားခဲ့ဖူးပါတယ်။ အဲဒီသတင်းဟာ အမှန်လို့လဲ ကျွန်တော် သေချာပေါက် ပြောရဲပါတယ်။ ဒါ့အပြင် အဲဒီလို အဖြစ်အပျက်မျိုး တစ်ကြိမ်မကဖြစ်ခဲ့မယ်ဆိုတာလည်း သေချာပါတယ်။

၁၉၉၅ ခုနှစ် နွေရာသီမှာ ကျွန်တော်တို့ အငတ်ဘေးနဲ့ သေတော့မယ် လို့ ယုံကြည်ပြီး ကြောက်လန့်နေခဲ့ကြတယ်။ အဲဒီနောက် ဩဂုတ်လမှာတော့ သဘာဝဘေးအန္တရာယ်တစ်ခု ကျရောက်ခဲ့ပြန်ပါတယ်။ ဂျုံ၊ စပါး အထွက်ဆုံး နေရာတွေထဲကတစ်ခုဖြစ်တဲ့ ပြုံဂန်ပြည်နယ်တောင်ပိုင်းမှာ အကြီးအကျယ် ရေကြီးခဲ့တာ ဖြစ်ပါတယ်။ ဆောင်းဦးရာသီ ရောက်လာတဲ့အချိန်မှာတော့ ကျွန်တော်တို့မိသားစု ဝက်သစ်ချသီးတွေကို အသည်းအသန် ရှာဖွေစုဆောင်း ခဲ့ကြတယ်။ ဂျုံ၊ စပါးတို့လို အစေ့အဆန်တွေ မရှိတော့တာကြောင့် ဆောင်းတွင်းကို

ဖြတ်ကျော်နိုင်ဖို့ဆိုရင် ဝက်သစ်ချသီးဟာ ကျွန်တော်တို့ရဲ့ တစ်ခုတည်းသော မျှော်လင့်ချက် ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဝက်သစ်ချသီးတွေကို ရနိုင်သလောက် ရှာဖွေပြီး စုဆောင်းခဲ့ကြတယ်။ ကျွန်တော်တို့ အဲဒီဝက်သစ်ချသီးတွေကိုပြုတ်ပြီး တစ်နေ့တစ်ကြိမ် စားကြ ရတယ်။ ကျွန်တော်တို့အတွက်တော့ ဝက်သစ်ချသီးတွေဟာ အရသာအရှိဆုံး အစားအသောက်ပါပဲ။ ဒါ့အပြင် ဝက်သစ်ချသီးတွေကြောင့်ပဲ ဆောင်းတွင်းကို ကျွန်တော်တို့ ဖြတ်ကျော်နိုင်ခဲ့ပါတယ်။

၁၉၄၆ခုနှစ် နွေဦးရာသီမှာတော့ ကျွန်တော်တို့ တိုက်ခန်းဘေးမှာ သီးနှံစိုက်ပျိုးဖို့ လုပ်ထားတဲ့ မြေနေရာဟာ အသုံးမဝင်တော့ပါဘူး။ ပျိုးပင်နဲ့ မျိုးစေ့တွေ မရှိတော့သလို မြေသြဇာတွေလည်း မရှိတော့ပါဘူး။ မြေသြဇာ စက်ရုံကလည်း ပိတ်သွားခဲ့ပါပြီ။ အဲဒီအချိန်မှာ လူပေါင်းများစွာ အငတ်ဘေး ကြောင့် သေဆုံးခဲ့ကြပြီးဖြစ်ပါတယ်။ မိဘမဲ့ကလေးအများအပြားကိုလည်း လမ်းတွေပေါ်မှာ တွေ့လာရပါတယ်။

အခြေအနေက ပိုဆိုးလာတာကြောင့် ကျွန်တော်တို့ မိသားစုဟာ ရှာလို့ရသမျှ ပေါင်းပင်တွေကို စပြီးစားခဲ့ကြရတယ်။ အဲဒီရွံစရာ ပေါင်းပင်တွေ ကို အချိန်အကြာကြီး ပြုတ်ပြီး နူးညံ့အောင် ကြိုးစားပေမဲ့ အချည်းနှီးပါပဲ။ အရသာကလည်း ဆိုးရွားဆဲပါပဲ။ ဒါ့အပြင် အဲဒါတွေစားပြီးရင် ကြောက်စရာ ကောင်းတာတွေလည်း ကြုံရပါသေးတယ်။ ကျွန်တော်တို့ ခန္ဓာကိုယ်တွေဟာ ရောင်ကိုင်းလာပြီး မျက်နှာတွေဟာလည်း ရောင်ကိုင်းလာပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ရဲ့ ဆီးအရောင်ဟာလည်း အနီရောင် ပြောင်းသွားပါတယ်။ တစ်ခါတလေ အပြာရောင်တောင် ပြောင်းသွားတတ်ပါသေးတယ်။ ဒါ့အပြင် နာတာရှည် ဝမ်းပျက်ဝမ်းလျှောရောဂါကိုလည်း ခံစားရပြီး အဲဒီအချိန်ဆို ကျွန်တော်တို့ လမ်းတောင် မလျှောက်နိုင်ကြပါဘူး။

အဲဒီအချိန်မှာ လူတိုင်းဟာ အစားအသောက်အကြောင်းကလွဲပြီး တခြား ဘာအကြောင်းမှ မစဉ်းစားကြသလို စကားထဲလည်း ထည့်မပြောကြပါဘူး။ လမ်းလျှောက်လို့ရပြီး ခရီးသွားလို့ရတဲ့ အနေအထားပြန်ရောက်တဲ့ အခါမှာတော့ နေရာအနှံ့ လျှောက်သွားပြီး စားလို့ရသမျှ ရှာဖွေစားသောက် ရင်းနဲ့ပဲ ကျွန်တော်တို့ အချိန်ကုန်ဆုံးကြပါတယ်။ ကျွန်တော်တို့ဟာ ငတ်ပြတ်နေတဲ့ တစ္ဆေတွေလိုပါပဲ။ အသက်ရှင်တယ်ဆိုရုံလေးဆိုတဲ့ အခြေအနေကို ရောက်နေခဲ့ပါပြီ။

※

အစာရေစာ ငတ်ပြတ်ပြီး လူဘယ်နှယောက်လောက် သေခဲ့လဲတော့ ကျွန်တော် မသိပါဘူး။ ဒါပေမဲ့ အဲဒီသတင်းတွေကိုတော့ အမြဲ ကြားနေခဲ့ပါတယ်။

"သူ့ယောက်ျားဆုံးသွားတာမကြာသေးတဲ့ မိန်းမကို သိတယ်မဟုတ်လား၊ အခု သူလည်း ဆုံးသွားပြီလေ၊ ဘေးနားမှာ ဘယ်သူမှ မရှိဘဲ တစ်ယောက်တည်း ဆုံးသွားခဲ့တာတဲ့''

"ငါ အသက်ကြီးကြီး.... ကိုတော့ မတွေ့တာကြာပြီ၊ မင်းရော တွေ့မိသေးလား၊ သူ ဆုံးသွားပြီထင်ပါတယ်'

"ငါအမျိုးသမီးတစ်ယောက်ကို လမ်းပေါ်မှာတွေ့လို့ ကြည့်လိုက်တော့ သူကသေနေပြီ၊ အသားတွေတောင် အေးစက်နေပြီ'

လူသားစားတဲ့အကြောင်းတွေတောင် ကြားခဲ့ပါသေးတယ်။ ကောလာ ဟလ သတင်းတွေအရတော့ လူသားစားတဲ့လူတွေကို အစိုးရက လူအများ ရှေ့မှာ ကွပ်မျက်တယ်လို့ သိရပါတယ်။ လူအများရှေ့မှာ ကွပ်မျက်တာတော့ ကိုယ်တိုင် မတွေ့ဖူးခဲ့ပါဘူး။ ဒါပေမဲ့ တွေ့ရင်လည်း အံ့သြနေမှာတော့ မဟုတ်ပါဘူး။ နေ့တိုင်းက အိပ်မက်ဆိုး မက်နေသလိုပါပဲ။ လမ်းပေါ်မှာ သေနေတဲ့ အလောင်းတွေကို မြင်ရတာ ရိုးသလိုတောင် ဖြစ်လာပြီး ထွေထွေထူးထူး ဘာခံစားချက်မှ မရှိတော့ပါဘူး။ တစ်ခါတလေ အဲဒီလို လမ်းပေါ်မှာ လဲနေတဲ့ သူတွေဟာ သေလုမြောပါး ဖြစ်နေတာလား၊ သေပြီးပြီလား၊ ခွဲတောင် မခွဲတတ်တော့ပါဘူး။ ပိုဆိုးတာက အဲဒီကိစ္စကို ဂရုစိုက်နေဖို့ အားအင်တောင် မရှိတော့တာပါပဲ။

လူတွေက သူတို့ ဘယ်တော့ ထမင်းဖြူစားပြီး အသားစွပ်ပြုတ် စားနိုင်မလဲ ဆိုတဲ့ ကြောင်တောင်တောင် မေးခွန်းတွေ လူအများရှေ့မှာ မေးလာကြပါတယ်။ အရင်တုန်းကဆိုရင် ဒါမျိုးမေးခွန်း လူအများရှေ့ မေးရဲဖို့ နေနေသာသာ တိုးတိုးတိတ်တိတ်တောင် မမေးရဲခဲ့ပါဘူး။

အချို့လူတွေက ကင်အီဆွန်းနဲ့ သူ ကျွန်တော်တို့ကိုပေးခဲ့တဲ့ ဒုက္ခတွေ အကြောင်း မကျေမနပ် ပြောဆိုလာကြပါတယ်။ ဒါပေမဲ့ ဘယ်သူကမှ နိုင်ငံရေးစနစ်ကို ပြောင်းလဲဖို့ မပြောခဲ့ကြပါဘူး။ သူတို့ဟာ ရဲတွေနဲ့ လျှို့ဝှက်ရဲ တွေကို အရမ်းကြောက်နေခဲ့ကြတာ ဖြစ်ပါတယ်။ နိုင်ငံခေါင်းဆောင်တွေကို ဖြုတ်ချဖို့ တစ်ယောက်ယောက်များ ကြိုးစားခဲ့တယ်ထင်လို့လား။ ဘယ်သူမှ အဲဒီလို မကြိုးစားခဲ့ကြပါဘူး။ အားလုံးက သေတဲ့အထိ အမိန့်ပေးခံရတဲ့ အတိုင်းပဲ နေသွားကြပါတယ်။ အဆုံးမှာတော့ အားလုံးက ငယ်ငယ်ကတည်း က ဝါဒမှိုင်းတိုက်တာ ခံထားခဲ့ရသူတွေချည်းပဲလေ၊ အမေရိကန်တွေက တောင်ကိုရီးယားမှာရှိတဲ့ ကျွန်တော်တို့ရဲ့ ညီအစ်ကို မောင်နှမတွေကို ရက်ရက်စက်စက် သတ်ဖြတ်ခဲ့ကြောင်း၊ တောင်ကိုရီးယား ပြည်သူတွေ လွတ်လပ်ရေးရဖို့ ကျွန်တော်တို့က စွမ်းဆောင် ကူညီပေးရမှာဖြစ်ကြောင်း၊

တောင်ကိုရီးယားကို အမေရိကန်တွေက သိမ်းပိုက်ထားကြောင်း စသဖြင့် ကျွန်တော်တို့ ငယ်ငယ်ကတည်းက အသင်ခံခဲ့ရတာပါ။

ကျွန်တော်နဲ့ ကျွန်တော့်မိသားစု ဘယ်လိုဆက်ပြီး အသက်ရှင်နိုင်ခဲ့လဲ ဆိုတာတော့ ကျွန်တော် တွေးတောင်မတွေးတတ်တော့ပါဘူး။ ကျွန်တော်တို့ အားလုံး မျက်လုံးတွေချိုင့်ဝင်နေပြီး ပါးတွေမှာလည်း အရိုးတွေပေါ်နေခဲ့ကြတယ်။ ခန္ဓာကိုယ်တစ်ခုလုံးလည်း အရိုးပေါ်အရေတင်ဖြစ်နေခဲ့တယ်။ ပိန်လွန်းလို့ ထိုင်လိုက်တိုင်း နာကျင်နေလေ့ရှိတယ်။ အိပ်နေတဲ့အချိန်မှာလည်း တောက်လျှောက် နာကျင်နေတာကြောင့် ခဏခဏ လန့်နိုးပါတယ်။

ကျွန်တော့်မိသားစုကို ကြည့်မိလိုက်တဲ့အခါမှာ “ဘုရားရေ.. ကျွန်တော်တို့ ဒီလိုပုံမျိုးနဲ့ သေကြရမှာလား''လို့ ကျွန်တော် တွေးလိုက်မိတယ်။

ကျွန်တော် ပေါင်းပင်တွေတောင် ရှာဖွေစားသောက်ချင်စိတ် သိပ်မရှိတော့ပါဘူး။ ဘာပဲဖြစ်ဖြစ် သေကြမှာပဲလေ။ ဘာလို့အစားအသောက်ရှာစား နေဦးမှာလဲ။ ကျွန်တော် သေရမှာကိုတောင် ဂရုမစိုက်တော့ပါဘူး။ နာတာကို သည်းခံပြီး ခဏလောက် လှဲနေလိုက်ရင် ကျွန်တော် တကယ်သေသွားနိုင်ပါတယ်။

ဒါပေမဲ့ အဲဒီလို လုပ်မယ်လို့ တွေးလိုက်တိုင်း ကျွန်တော့်မိဘတွေရဲ့ စကားသံတွေက နားထဲမှာ ပြန်ပေါ်လာတယ်။ သူတို့သေခါနီးပြောခဲ့တဲ့ စကားတွေကို ကျွန်တော် ပြန်ကြားနေရတယ်။

“ဂျပန်ကို တစ်နည်းနည်းနဲ့တော့ ရအောင်ပြန်နော်...သား၊ အဖေတို့ ကြုံခဲ့ရတာတွေကို ပြန်ပြောပြလိုက်ပါ” ဆိုတဲ့ အဖေ့ရဲ့ စကားသံရယ် “အမေ့အရိုးပြာကို မင်းအဘိုးအဘွားတွေဆီ ယူသွားပြီး မိသားစုအုတ်ဂူမှာ ထားပေးပါ" ဆိုတဲ့ အမေ့ရဲ့စကားသံဟာ နားထဲမှာ ပဲ့တင်နေတယ်။

စက်တင်ဘာလရဲ့ ညတစ်ည။ လရောင်က တစ်ချက်တစ်ချက် တိမ်တွေကြားထဲ တိုးထွက်လာပြီး ကျွန်တော်တို့ အိမ်ပေါ်ကို ဖြာကျနေတယ်။ ဟမ်ဂျူးမှာရှိတဲ့ ကျွန်တော်တို့ အိမ်လေးမှာ လျှပ်စစ်မီး မရှိတာကြောင့် တစ်အိမ်လုံး မှောင်မည်းနေတယ်။ ကျွန်တော်တို့ အချင်းချင်းလည်း ဘာစကားမှ မပြောဘဲ နံရံကိုမှီပြီး အမှောင်ထဲမှာ တိတ်ဆိတ်စွာ ထိုင်နေကြတယ်။ လရောင်က ကလေးတွေနဲ့ ကျွန်တော့်မိန်းမပေါ်ကို ဖြာကျနေတယ်။ သူတို့ရဲ့ ခန္ဓာကိုယ်တွေဟာ လရောင်အောက်ကသစ်ပင်တွေလို ငူငူငိုင်ငိုင်ကြီး ဖြစ်နေတယ်။ ပိုပြီး တိတိကျကျ ပြောရရင် သစ်ပင်သေကြီးတွေလိုပါပဲ။

အစာရေစာငတ်ပြတ်ပြီဆိုရင် ခင်ဗျားရဲ့ နှုတ်ခမ်းနဲ့နှာခေါင်းမှာရှိတဲ့ အဆီတွေအားလုံးဟာ ပျောက်ကွယ်သွားပါလိမ့်မယ်။ ခင်ဗျားရဲ့နှုတ်ခမ်းတွေ

ပျောက်ကွယ်သွားပြီဆိုရင် ခင်ဗျားရဲ့သွားတွေကလည်း အမြဲတမ်းပေါ်နေပြီး မာန်ဖီနေတဲ့ခွေးတစ်ကောင်လိုဖြစ်နေပါလိမ့်မယ်။ ခင်ဗျားရဲ့နှာခေါင်းကလည်း အပေါက်လေး နှစ်ပေါက်ကျန်တယ်ဆိုရုံပဲ ဖြစ်သွားပါလိမ့်မယ်။ ဒီအကြောင်း တွေ ကျွန်တော်လုံးဝမသိရင် အရမ်းကောင်းမှာပဲ။ ဒါပေမဲ့ ကံမကောင်းစွာပဲ ကျွန်တော် သိနေတယ်။

နောက်ဆုံးတော့ ကျွန်တော်ပဲ စကားစပြောလိုက်တယ်။

"ငါတို့အားလုံး အခု အရိုးပေါ်အရေတင် ဖြစ်နေကြပြီ၊ အခုအချိန်မှာ ငါတို့ တစ်ခုခုမလုပ်ရင် သိပ်မကြာခင် သေကြတော့မယ်၊ ငါ နယ်စပ်ကိုဖြတ်မှ ဖြစ်တော့မယ်၊ မင်းတို့အားလုံးကို ခေါ်သွားချင်ပေမဲ့ မင်းတို့မှာ ခရီးသွားဖို့ အားမရှိကြတော့ဘူး..."

အဲဒီလို စကားပြောရင်းနဲ့ နယ်စပ်ကို ဖြတ်ကျော်ပြီး ထွက်ပြေးဖို့ အကြံက ကျွန်တော့်ခေါင်းထဲ ရောက်လာခဲ့တယ်။ အရင်တုန်းက ဒီအကြံကို ကျွန်တော် တစ်ခါမှ မတွေးခဲ့ဖူးဘူး။ ဒါပေမဲ့ ကျွန်တော် ရုတ်တရက် စဉ်းစားမိတာက သေမဲ့အတူတူတော့ ဂျပန်ကို ပြန်ဖို့ကြိုးစားရင်း ကျွန်တော် သေချင်တယ်။ ကံကောင်းလွန်းပြီး ကျွန်တော် လွတ်မြောက်ခဲ့မယ်ဆိုရင် ဟိုကနေ ကျွန်တော့်မိသားစုဆီကို ပိုက်ဆံပြန်ပို့နိုင်မယ်လေ။ ကျွန်တော်ရှာလို့ ရတဲ့ ပိုက်ဆံတွေကိုလည်း စုထားလို့ရမယ်။

မြောင်ဟွာက ခဏတော့ ငြိမ်သက်သွားတယ်။ အဲဒီနောက် "အဖေ.... အဖေ အခုအချိန်မှာ ပြတ်ပြတ်သားသား ဆုံးဖြတ်မှရတော့မယ်"လို့ ပြောပြီး သူ မျက်ရည်တွေ ကျလာခဲ့တယ်။

"ကျွန်မတို့ အဆင်ပြေမှာပါ၊ ကျွန်မတို့ အားလုံး အသက်ရှင်အောင် ကြိုးစားပြီး နေနေသရွေ့ အချင်းချင်း ပြန်ရှာလို့ရပါတယ်" လို့ ကျွန်တော့် မိန်းမက ဝင်ပြောတယ်။

ကျွန်တော် ချက်ချင်း မတ်တတ်ထရပ်လိုက်ပြီး ခရီးသွားဖို့ လိုအပ်တဲ့ ပစ္စည်း အနည်းငယ်ကို ထုပ်ပိုးလိုက်တယ်။ ချက်ချင်း အိမ်က မထွက်ရင် သိပ်မကြာခင် စိတ်ပြောင်းသွားလိမ့်မယ်ဆိုတာ သိနေခဲ့တယ်။ ဒါကြောင့် ပစ္စည်းထုပ်ပိုးပြီးတာနဲ့ ကျွန်တော် အိမ်ရှေ့တံခါးဆီ သွားလိုက်တယ်။

"ငါ ဂျပန်ကို ပြန်ရောက်အောင် ကြိုးစားနိုင်ခဲ့ရင် ဘာပဲဖြစ်ဖြစ် မင်းတို့အားလုံးကိုလည်း တစ်နည်းနည်းနဲ့ ဂျပန်ကို ရအောင်ပြန်ခေါ်မယ်"

ကျွန်တော် မျက်ရည်မကျအောင် စိတ်ကိုတင်းထားပြီး ဟမ်ဂျူးဘူတာ ကို

ထွက်လာခဲ့တယ်။ နယ်စပ်နားက ဟီဆန်မြို့ကို ထွက်မဲ့ ညရထားရှိတယ် ဆိုတာ ကျွန်တော်သိနေခဲ့တယ်။ ရုတ်တရက်ဆိုသလို ကျွန်တော့်စိတ်ထဲ လွတ်လပ်တဲ့ခံစားမှုကို ထူးထူးဆန်းဆန်း ခံစားလိုက်မိတယ်။ ကျွန်တော် မသိနိုင်သေးတဲ့ အနာဂတ်ဘဝတစ်ခုဆီ ကူးပြောင်းရတော့မယ်။ ကျွန်တော့်ဘဝက အရင်ကနဲ့ လုံးဝ တူတော့မှာ မဟုတ်ဘူး။ ကျွန်တော် သိသမျှ အရာအားလုံး၊ သိသမျှ လူအားလုံးကို ကျွန်တော် ထားခဲ့ရပြီ။ ကျွန်တော် မြောက်ကိုရီးယားကနေ ထွက်ပြေးတော့မယ် သို့မဟုတ် ထွက်ပြေးဖို့ ကြိုးစား ရင်း သေတော့မယ်။

ပြုံယန်းကိုဖြစ်ဖြစ် နယ်စပ်ကိုဖြစ်ဖြစ် ရထားနဲ့သွားဖို့ဆိုတာ မလွယ်ပါဘူး။ ခရီးသွားခွင့် စာရွက်စာတမ်းတွေ လိုအပ်ပြီး အဲဒီစာရွက်စာတမ်းတွေ ကလည်း ရဖို့ အင်မတန်ခက်ပါတယ်။ တရုတ်ဘက်ကို ထွက်ပြေးချင်တဲ့ ကျွန်တော့်လိုလူမျိုးတွေ အများကြီးရှိနေပါတယ်။

ကျွန်တော် ဟမ်ဂျုူးဘူတာရုံကိုရောက်တော့ ဘူတာမှာ စောင့်နေတဲ့ လူတွေ အများကြီးပါပဲ။ လက်မှတ်စစ်တဲ့နေရာနားမှာ မှတ်ပုံတင်နဲ့ ရထား လက်မှတ်တွေကို စစ်ဆေးနေကြတယ်။ အခြေအနေက သိပ်မဟန်ဘူး။ ဒါနဲ့ ကျွန်တော်လည်း ဘူတာနဲ့ ကိုက်(၂၀၀)လောက် ဝေးတဲ့နေရာကို လမ်းလျှောက်သွားပြီး ရထားလမ်းကို ဖြတ်ကူးလိုက်တယ်။

ရထားလမ်းအလယ်မှာ လူတွေ ဟိုဘက်ဒီဘက် ဖြတ်ကူးတာကို ကာကွယ်ဖို့ သံဆူးကြိုးနံရံနဲ့ ကာထားသလိုအပင်တွေလည်း စိုက်ထားတယ်။ ဒါပေမဲ့ ကျွန်တော် ခန္ဓာကိုယ်ကို ကျုံ့ပြီး တိတ်တိတ်လေး ကျော်ဖြတ်နိုင် ခဲ့တယ်။ သံဆူးကြိုး အချို့နဲ့ ငြိသွားပုံရတယ်။ ကျွန်တော့် အလုပ်ကြမ်း ဘောင်းဘီ တော်တော်လေး ပြဲသွားတယ်။ ဒူးခေါင်းမှာလည်း သွေးတွေထွက်နေတယ်။ သံဆူးကြိုးနံရံ တစ်ဖက်ခြမ်းကနေ ရထားဘူတာ ပလက်ဖောင်း ပေါ်က အခြေအနေကို ကျွန်တော် လှမ်းချောင်းကြည့်လိုက်တယ်။

ရထားလာဖို့ကို စောင့်နေတဲ့ လူတွေအများကြီးပဲ။ အချို့က မြေကြီး ပေါ်မှာ အိပ်နေကြတယ်။ အချို့ကတော့ စားသောက်နေကြတယ်။ ရဲသား အနည်းငယ်လည်း ရှိတယ်။ ပြီးတော့ စစ်သားတွေလည်း အများကြီးပဲ။ စစ်သားတွေရှိတာကတော့ အထူးအဆန်းမဟုတ်ပါဘူး။ ဒီဘူတာကို စစ်တပ် ကလည်း မကြာခဏအသုံးပြုတတ်တယ်လေ။ အခြေအနေက သိပ်တော့ မဟန်ပြန်ဘူး။

ကျွန်တော် သံဆူးကြိုးနံရံတစ်ဖက်ခြမ်းမှာပဲ ပုန်းနေပြီး အခြေအနေကို နှစ်နာရီ၊ သုံးနာရီလောက် စောင့်ကြည့်နေလိုက်တယ်။ နောက်ဆုံးတော့ စစ်သားတွေ တန်းစီနေကြပြီး ရထားတစ်စင်း ဆိုက်လာတာကို တွေ့လိုက်တယ်။ အမှောင်ထဲမှာဖြစ်ပေမဲ့ ရထားက သံချေးတွေတက်နေပြီး တော်တော်လေး

စုတ်ပြတ်နေတာကို မြင်နေရတယ်။ ပြင်တင်းပေါက်မှာ မှန်တွေလည်း တစ်ခုမှ မရှိတော့ဘူး။ အကုန် ဖြုတ်ခိုးခံထားရလို့ ပြင်တင်းပေါက်တွေက ပေါင်တွေပဲရှိပြီး ဟောင်းလောင်းကြီးတွေဖြစ်နေတယ်။

ကျွန်တော် ရထားပေါ်တက်ဖို့ အချိန်အခါကောင်းကို စိတ်ထဲ တွက်ချက်နေမိတယ်။ ကျွန်တော် အခု ရထားပေါ် တက်လိုက်ရတော့မလား၊ နေဦး- မဖြစ်သေးဘူး။ အရမ်းအန္တရာယ်များလွန်းတယ်။ နောက်ဆုံး အခိုက် အတန့်ထိ စောင့်မှဖြစ်မယ်။ ဒါပေမဲ့ ဘယ်အချိန်က နောက်ဆုံးအခိုက်အတန့် လဲဆိုတာ ကျွန်တော် ဘယ်လိုသိမှာလဲ။

ကျွန်တော် တော်တော်လေး ချီတုံချတုံဖြစ်နေတယ်။ အချိန်ကလည်း တဖြည်းဖြည်း ကုန်လာပြီ။ ဆုံးဖြတ်လို့မှ မဆုံးသေးဘူး၊ ရထားက စထွက် နေပြီ။ အခု လိုက်ရင်လိုက်၊ မလိုက်ရင် ဘယ်တော့မှ လိုက်ဖြစ်မှာ မဟုတ်တော့ဘူးလို့ ကျွန်တော် သဘောပေါက်လိုက်တယ်။ ကျွန်တော် ရထားဆီ ခြေကုန်သုတ်ပြီး ပြေးလိုက်တယ်။ ကျွန်တော် အသားကုန် ပြေးနေတယ်။ စိတ်ထဲမှာလည်း တော်တော်ကို ကြောက်လန့်နေတယ်။ စစ်သားတစ်ယောက်ယောက်က နောက်ကနေ သေနတ်နဲ့ လှမ်းပစ်လိမ့်မယ်လို့ပဲ စိတ်ထဲထင်နေ ခဲ့တယ်။

ကျွန်တော့်လက်ကို ဆန့်တန်းလိုက်ပြီး ရထားနောက်ဆုံးကုန်တွဲရဲ့ လှေကားကို လှမ်းဆုပ်ကိုင်လိုက်တယ်။ ကျွန်တော့်လက်တွေနဲ့ လှေကား လက်ကိုင်ထိတွေ့သွားတယ်။ အဲဒီလက်ကိုင်ကို ကျွန်တော့်လက်ချောင်းတွေနဲ့ အသားကုန် ကုပ်တွယ်ပြီး အပေါ်ကို တက်လိုက်တယ်။ ကျွန်တော်အားယူပြီး တက်လိုက်တဲ့ အရှိန်က ပြင်းလွန်းတော့ ကျွန်တော် အဲဒီအတွဲထဲကို ကျွမ်းထိုးမှောက်ခုံ ဝင်သွားတယ်။

ကျွန်တော် ထိုင်ခုံတန်းနှစ်ခုကြားက အလယ်လူသွားလမ်းမှာ ပက်လက် လဲကျနေခဲ့တယ်။ အသက်ကို အမောတကော ရှူနေရတယ်။ မောလွန်းလို့ လှုပ်တောင် မလှုပ်နိုင်ဘူး။ ရထားတွဲထဲမှာ အရမ်းကို မှောင်နေတယ်။ ရထားမျက်နှာကြက်မှာ ဘာမီးမှ မရှိဘူး။ နောက်ဆုံးတော့ ကျွန်တော် ထိုင်နိုင်လာပြီး ဘေးဘီဝဲယာကို အကဲခတ်ကြည့်တယ်။ ခုံတွေအားလုံးမှာ လူအပြည့်ပဲ။ အချို့လူတွေက လူသွားလမ်းမှာ သွားနေတယ်။ ဒါပေမဲ့ ဘယ်သူမှ ကျွန်တော့်ကို သတိထားမိပုံမပေါ်ဘူး။ အဲဒီအချိန်တုန်းက ရထားကို ခိုးစီးတဲ့လူတွေကလည်း အများအပြားရှိခဲ့တယ်လေ။ ဒါကြောင့် ကျွန်တော် ရထားပေါ် ဘယ်လိုတက်လာလဲဆိုတာ သူတို့အတွက် စိတ်ဝင်စားစရာ မဟုတ်ခဲ့ဘူး။ ကျွန်တော့်ဘေးကလူတွေကလည်း အားလုံး အိပ်ပျော်နေသူ တွေချည်းပဲ။

ရုတ်တရက်-ငါ လုပ်နိုင်ခဲ့ပြီ၊ ငါရထားပေါ်တက်နိုင်ခဲ့ပြီလို့ ကျွန်တော်

တွေးလိုက်မိတယ်။ တော်တော်လေး စိတ်သက်သက်ရာရသွားတယ်။ ဒါပေမဲ့ စိတ်သက်သာရာရပြီး ချက်ချင်းဆိုသလို ကျွန်တော် ဗိုက်ဆာလာတယ်။ အဲဒီနေ့မနက်က စွပ်ပြုတ်တစ်ခွက်သောက်ခဲ့တာကလွဲလို့ ကျွန်တော် ဘာမှ မစားခဲ့ရဘူး။ ရထားတွဲရဲ့နောက်ဆုံးနားမှာ တံခါးပေါက်ကို ကျောမှီရင်း ကျွန်တော် အိပ်ပျော်သွားတယ်။ ဒါပေမဲ့ သိပ်မကြာခင်မှာပဲ အခြားရထားတွဲ တစ်တွဲဆီက အလင်းရောင်တစ်ခု လာနေတာကို ကျွန်တော် လှမ်းမြင်လိုက် ရတယ်။ လက်မှတ်စစ်က ရထားပေါ်က ခရီးသည်တွေရဲ့ ခရီးသွားလာခွင့် စာရွက်စာတမ်းတွေကို လိုက်စစ်နေတာ။ ကျွန်တော့်မျက်လုံးတွေ ချက်ချင်း ပြူးသွားတယ်။

ကျွန်တော် အမှောင်ထဲမှာ ထိုင်နေရင်း ကြောက်ဒူးတုန်နေခဲ့တယ်။ နှလုံးခုန်နှုန်းက မြန်သထက်မြန်လာတယ်။ ကျွန်တော် အဖမ်းခံရရင် ကျွန်တော်နဲ့ ကျွန်တော့်မိသားစုရဲ့ဘဝ ဆုံးပြီလေ။ ဈေးတွေထွက်လွန်းလို့ ချိုင်းကြားမှာ စေးကပ်ကပ်ကြီးဖြစ်နေတယ်။ အခုအချိန် ကျွန်တော် တစ်ခုခု မစဉ်းစားနိုင်ရင် ကျွန်တော့်မိသားစုဝင်တိုင်း လက်ကျန်ဘဝတစ်လျှောက်လုံးကို ချွေးတပ်စခန်းတွေမှာပဲ ဖြတ်သန်းရတော့မယ်။ ကျွန်တော်ကတော့ သေဒဏ် ပေးခံရပြီး သေနတ်နဲ့ပစ်သတ်တာ ခံရလိမ့်မယ်။

ကျွန်တော် ဘေးပတ်ဝန်းကျင်ကို တစ်ချက်ဝေ့ကြည့်လိုက်တယ်။ စိတ်ထဲမှာဖြစ်ပေါ်နေတဲ့ ကြောက်စိတ်နဲ့ စိတ်လှုပ်ရှားမှုကြောင့် နှလုံးက တဒုန်းဒုန်း ခုန်နေပြီ။ ဒါပေမဲ့ ပုန်းစရာနေရာတစ်ခုမှ ရှာမတွေ့ဘူး။ အရာရာတိုင်းက တိတ်ဆိတ်နေသလိုပဲ။ ကျွန်တော်ကြားနေရတာဆိုလို့ ကျွန်တော့်နှလုံးခုန်သံရယ်၊ လေတိုက်နေတဲ့အသံရယ်ပဲ ရှိတယ်။ ကျွန်တော်တွန့်ဆုတ်နေဖို့ အချိန်မရှိတော့ဘူး။

ကျွန်တော့်ဘေးက ထိုင်ခုံပေါ်မှာထိုင်နေတဲ့ ခရီးသည်တွေကို "ခဏလောက် ဘေးလေးဖယ်ပေးပါလားဗျာ'' လို့ကျွန်တော်ပြောလိုက်တယ်။ သူတို့ရှေ့ကနေ ကျုံ့ကျုံ့လေးသွားပြီး ပြတင်းပေါက်နားကပ်လိုက်တယ်။ မှန်မရှိတဲ့ ပြတင်းပေါက်ဟောင်းလောင်းကြီးနားပေါ့။ စိတ်ထဲကနေ 'ကျေးဇူး တင်လိုက်တာ မှန်သူခိုးရယ်...အခုနေ ဖက်ပြီးနမ်းလို့ရရင် နမ်းလိုက်ချင်သေး' လို့ တွေးနေမိတယ်။

ကျွန်တော် ပြတင်းပေါက်အပြင်ဘက်ကို ခန္ဓာကိုယ်အပေါ်ပိုင်းထုတ်ပြီး ခြေထောက်က ပြတင်းပေါက်ဘောင်ပေါ်နင်းကာ အပေါ်ကို တက်လိုက်တယ်။ လေကြောင့် ကျွန်တော့်ဒူးခေါင်းက သံဆူးကြိုးရှရာတွေက ဖျင်းခနဲ ဖျင်းခနဲ နာနေတယ်။ ကျွန်တော့်ရဲ့ ပိန်လှီနေတဲ့ခန္ဓာကိုယ်ကလည်း လေကြောင့် လွင့်ထွက်မတတ်ပဲ။ ကျွန်တော့်ခြေထောက်တွေကို ရထားအတွင်းပိုင်းက မြင်နေနိုင်သေးတယ်ဆိုတာ ကျွန်တော်သိတယ်။ ကျွန်တော် အမိုးပေါ်ကို ထပ်ပြီးတက်နိုင်ဖို့ နည်းလမ်းရှာရမယ်။

အမိုးပေါ်ကို လှမ်းကြည့်လိုက်တဲ့အခါမှာတော့ လေဝင်လေထွက် အတွက် တပ်ဆင်ထားတဲ့ သံပန်းလို အရာမျိုးကို မြင်နေရတယ်။ အဲဒီအရာက ဘာလဲဆိုတာတော့ သေသေချာချာ မမြင်ရဘူး။ ဒါပေမဲ့ လှမ်းပြီးဆွဲလို့ရတဲ့ အရာတစ်ခုခု ဖြစ်နိုင်တယ်လို့ ကျွန်တော် တွေးမိတယ်။ ဒါပေမဲ့ အဲဒီအရာက လက်နဲ့ဆွဲဖို့မီတဲ့နေရာမှာ ရှိမနေဘူး။ ကျွန်တော် စွန့်စားရတော့မယ်။ ကျွန်တော်လုပ်ရမှာက အဲဒီနေရာကိုလက်နဲ့မီအောင်ခုန်ပြီး လှမ်းဆွဲကာ ခန္ဓာကိုယ်ကို အပေါ်ဘက်ဆွဲတင်ဖို့ပဲ။

လုပ်ရမှာကတော့ ဒါလေးပါပဲ။ ကျွန်တော့်အရပ်က ငါးပေ သုံးလက်မ ဖြစ်နေလေးကလွဲလို့ပေါ့။

ရထားက တံတားတစ်ခုနားကို နီးလာပြီ။ သစ်ပင်ရိပ်မည်းမည်းတွေကို ကျွန်တော် နည်းနည်း လှမ်းမြင်နေရပြီ။

ကျွန်တော် မျက်လုံးတွေကို မှိတ်လိုက်တယ်။ အသက်ပြင်းပြင်း တစ်ချက်ကို ဖြည်းဖြည်းချင်း ရှူသွင်းလိုက်တယ်။ ရထားက တံတားကိုရောက်ချိန်မှာတော့ ရုတ်တရက် တစ်ချက် လှုပ်သွားတယ်။

ကဲ-ခုန်ပြီကွာ။

ကျွန်တော် ရှိသမျှ ခွန်အားအကုန်သုံးပြီး ခုန်လိုက်တယ်။ ရုတ်တရက် ကျွန်တော် လေထဲမြောက်တက်သွားပြီး ပတ်ဝန်းကျင်က မြင်ကွင်းအားလုံးဟာ ခဏ အေးခဲရပ်တန့်သွားလိုပဲ။ အသိစိတ်ပြန်ဝင်လာတော့ ကျွန်တော့်လက်က လေဝင်ပေါက်သံပန်းကို ဆုပ်ကိုင်ထားမိနေပြီ။ ကျွန်တော် သံပန်းကိုဆွဲပြီး အောက်ပိုင်းခန္ဓာကိုယ်ကိုလွှဲကာ ရထားခေါင်မိုးပေါ်ကို တက်လိုက်တယ်။ နောက်ဆုံးတော့ အမိုးပေါ် ရောက်သွားခဲ့ပြီ။ ကျွန်တော် လုပ်နိုင်ခဲ့ပြီ။ ကိုယ်လုပ်ခဲ့တာ ကိုယ်ပြန်စဉ်းစားပြီး တစ်ကိုယ်လုံး တုန်နေတယ်။ ခန္ဓာကိုယ် တစ်ခုလုံး တဆတ်ဆတ်တုန်နေတာရပ်ဖို့ တော်တော်လေး စောင့်လိုက်ရတယ်။

ကျွန်တော် ရထားခေါင်မိုးပေါ်မှာ ဘယ်လောက်နေလိုက်ရလဲတော့ သေချာမမှတ်မိဘူး။ စိတ်လှုပ်ရှားမှုတွေ၊ ကြောက်စိတ်တွေကြောင့် လူက စိတ်နဲ့ကိုယ်နဲ့ သိပ်မကပ်ဘူး ဖြစ်နေတယ်။ မိုးစရွာတာတောင် သတိမထား မိလိုက်ဘူး။ သတိပြန်ဝင်လာတော့ တစ်ကိုယ်လုံး ရွှဲရွှဲစိုနေပြီ။ သိပ်မကြာခင် ရထားခေါင်မိုးက ချောလာတော့မယ်၊ အချိန်မရွေး ပြုတ်ကျသွားနိုင်တဲ့ အန္တရာယ်ရှိလာပြီ။

ကျွန်တော် ဝမ်းလျားမှောက်လိုက်ပြီး ရထားနောက်ဘက်ကိုရောက် အောင် သတိကြီးကြီးနဲ့ တဖြည်းဖြည်း တွားသွားလိုက်တယ်။ ရထားတွဲတစ်ခု

ရဲ့လှေကားကတစ်ဆင့် အောက်ကို ဆင်းလိုက်တယ်။ လှေကားနဲ့ ကျွန်တော့် ခြေထောက် ထိခွင့်ရတဲ့ အခိုက်အတန့်မှာတော့ တော်တော်လေး စိတ်သက်သာရာ ရသွားတယ်။ ရထားတွဲနှစ်ခုကို ဆက်ထားတဲ့ အဆက်ပေါ် မှာ ကျွန်တော် ပုန်းနေလိုက်တယ်။ အဲဒီကြားထဲကိုဆင်းလာဖို့ သုံးခဲ့တဲ့ လှေကားကို ပွေ့ဖက်လိုက်ပြီး လက်နှစ်ဖက်ကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင် ထားလိုက်တယ်။ ဒါဆိုရင်တော့ လုံခြုံပြီထင်ပါရဲ့။

'လှေကား..လှေကား...ရထားထဲက ထွက်လာပြီး ခေါင်မိုးပေါ်တက် တုန်းက ဘာလို့ ဒီသောက်လှေကားကို ငါမေ့ခဲ့တာပါလိမ့်။ တစ်ချိန်လုံး ကျွန်တော် ရထားထဲမှာ တံခါးကို ကျောမှီပြီး ထိုင်နေခဲ့တာ။ တကယ်ဆိုရင်...'

ထားလိုက်ပါတော့လေ။ လက်မှတ်စစ်တွေရန်က လွတ်ခဲ့ပြီးနေပြီပဲ။ အရေးကြီးဆုံးက လွတ်ဖို့ပဲလေ။

ညလယ်လောက်ရောက်လာချိန်မှာတော့ ရထားက မှောင်မိုက်နေပြီး လူသူကင်းမဲ့နေတဲ့ ရထားဘူတာတစ်ခုကို ရောက်လာတယ်။ စုတ်ပြတ်နေတဲ့ ဆိုင်းဘုတ်ပေါ်က ဘူတာနာမည်ကို ကျွန်တော် ကြိုးစားဖတ်ကြည့်တယ်။ ဟီဆန်မြို့ မရောက်ခင် ဘူတာပဲ။ ဟီဆန်အထိ လိုက်သွားရင် အရမ်း အန္တရာယ်များမယ်လို့ ကျွန်တော် တွေးမိလိုက်တယ်။ ဘူတာရောက်တဲ့အခါ စာရွက်စာတမ်းတွေဘာတွေ အမေးအမြန်းခံရနိုင်တယ်။ အဲဒီလို အစစ်ဆေး ခံရလို့ကတော့ ကျွန်တော့်ဘဝ ဆုံးပြီပဲ။ ဒါကြောင့် ကျွန်တော် ထိုင်ရာကထပြီး ရထားပေါ်က ခုန်ဆင်းကာ အမှောင်ထုထဲ ခပ်သုတ်သုတ် လမ်းလျှောက် ဝင်သွားလိုက်တယ်။ ယာလူးမြစ်ကိုရောက်ဖို့ မဝေးတော့ဘူးဆိုတာ ကျွန်တော် သိနေတယ်။

※

ယာလူးမြစ်ဆိုတာ တရုတ်နဲ့ မြောက်ကိုရီးယားကို ခြားပေးထားတဲ့ မြစ်တစ်စင်းပါ။ လူအများစုက ဒီမြစ်ကို ဖြတ်ပြီး တရုတ်ဘက်ဝင်ဖို့ ကြိုးစား ကြပါတယ်။ အခုနောက်ပိုင်း ပိုတောင်များလာသေးတယ်။ ထူးဆန်းတာက လွန်ခဲ့တဲ့ နှစ်(၃၀)ဝန်းကျင်လောက်က အခုအဖြစ်အပျက်နဲ့ ပြောင်းပြန်ဖြစ်ခဲ့ တာပါပဲ။ အဲဒီတုန်းက တရုတ်နိုင်ငံရဲ့ 'မဟာခုန်ပျံကျော်လွှားစီမံကိန်း'နဲ့ ယဉ်ကျေးမှုတော်လှန်ရေးကြောင့် လူပေါင်းများစွာ အငတ်ဘေး ကြုံနေခဲ့ရပြီး တရုတ်-ကိုရီးယားကပြားတွေနဲ့ တရုတ်လူမျိုးတွေဟာ တရုတ်ပြည်ဘက်ကနေ မြောက်ကိုရီးယားဘက်ကို ခိုးဝင်ခဲ့ကြတယ်။ အခုတော့ ပြောင်းပြန်တွေ ပြန်ဖြစ်ကုန်ပြီပေါ့။

ဟီဆန်မြို့ဟာ ကျောက်မီးသွေးတွင်းတွေနဲ့ ကြေးနီတွင်းတွေကြောင့် နာမည်ကြီးတဲ့ မြို့တစ်မြို့ပါ။ ဟီဆန်မြို့ကနေ (၁၂)မိုင်လောက် ဝေးတဲ့နေရာ

မှာတော့ ပိုချွန်ဘိုလို့ခေါ်တဲ့ နေရာတစ်ခုရှိတယ်။ အဲဒီနေရာက ၁၉၃၇ခုနှစ်မှာ ဖြစ်ခဲ့တဲ့ တိုက်ပွဲတစ်ခုကြောင့် နာမည်ကြီးတဲ့ အထင်ကရနေရာတစ်ခုပါ။ အဲဒီတုန်းက ကိုရီးယားတွေဟာ နယ်ချဲ့ဂျပန်တွေကို တိုက်ထုတ်နေတဲ့အချိန်ဖြစ်ပြီး ကိုရီးယား တော်လှန်ရေး ပြောက်ကျားတပ်ဖွဲ့တွေက (ကင်အီဆွန်း ဦးဆောင်တယ်လို့တော့ ပြောကြတာပဲ) ဂျပန်စစ်တပ်ကို အပီအပြင်ဆော်နိုင်ခဲ့တယ်။ အဲဒီတိုက်ပွဲကြောင့် ပိုချွန်ဘိုဒေသဟာ "တော်လှန်ရေးအောင်မြေ' ဆိုပြီး နာမည်ကြီးတာ ဖြစ်ပါတယ်။ ပိုချွန်ဘိုမှာ လွတ်လပ်ရေးကျောက်တိုင် အကြီးကြီးရှိသလို ကင်အီဆွန်းရုပ်တုလည်းရှိပါတယ်။

အခြေအနေတွေ ပြောင်းလဲသွားလိုက်ပုံများ။ ၁၉၉၆ ခုနှစ် ရောက်လာချိန်မှာတော့ 'တော်လှန်ရေး အောင်မြေကြီး' ဟာ တရုတ်ကို ထွက်ပြေးဖို့ ကြိုးစားတဲ့ မြောက်ကိုရီးယားသားတွေ ခေတ္တ ပုန်းခိုရာနေရာ ဖြစ်နေခဲ့ပြီ။ ပိုချွန်ဘိုကို နယ်စပ်လုံခြုံရေး အစောင့်များစွာက (၂၄)နာရီလုံးလုံး အဆက်မပြတ် စောင့်ကြည့်နေခဲ့ကြတယ်။

တရုတ်ဘက်ကိုထွက်ပြေးဖို့ကြိုးစားရင်း အဖြစ်ဆိုးနဲ့ကြုံတွေ့သွားတဲ့ လူတွေရဲ့ အဖြစ်အပျက်တွေကိုလည်း ကျွန်တော် ကြားသိခဲ့ရတယ်။ အင်မတန် ကြောက်စရာကောင်းတဲ့ အဖြစ်အပျက်တွေပေါ့ဗျာ။ အဲဒီအဖြစ်အပျက်တွေ ဟာ အမှန်တွေလား၊ မြောက်ကိုရီးယားအစိုးရက လူတွေထွက်မပြေးအောင် ဝါဒဖြန့်တာလားဆိုတာတော့ ဘယ်သူမှ သေချာမသိနိုင်ပါဘူး။ ကျွန်တော် ကြားဖူးတဲ့ အဖြစ်အပျက်တွေထဲက အဆိုးဆုံးကတော့ နှာခေါင်းမှာ ဝါယာကြိုးတပ်ပြီးဆွဲတဲ့ အဖြစ်အပျက်ပါပဲ။ မိသားစုဝင်လေးယောက်ရှိတဲ့ မိသားစုတစ်စုဟာ မြောက်ကိုရီးယားကနေ ထွက်ပြေး လွတ်မြောက်သွားပေမဲ့ တရုတ်နိုင်ငံအရောက်မှာ မြောက်ကိုရီးယားရဲက ပြန်ပြီး ဖမ်းမိသွားခဲ့တယ်။ မြောက်ကိုရီးယားရဲက မိသားစုဝင်လေးယောက်လုံးရဲ့ နှာခေါင်းတွေကို ဝါယာကြိုးနဲ့ဖောက်ပြီးတွဲခဲ့တယ်။ ဒီအဖြစ်အပျက်ကိုမြင်တော့ တရုတ်နယ်စပ် အကောက်ခွန်အရာရှိတွေတောင် မြောက်ကိုရီးယားရဲတွေရဲ့ ရက်စက်ပုံကို အံ့အားသင့်ခဲ့ရတယ်။ အဲဒီလိုရက်စက်မှုမျိုးကို တရုတ်ဘက်ခြမ်းမှာ ခွင့်မပြု ကြောင်း တရုတ်နယ်စပ်အကောက်ခွန်အရာရှိတွေက မြောက်ကိုရီယားရဲတွေ ကို ရှင်းပြခဲ့တယ်။ ဒီလိုရှင်းပြတာကို ဒေါသထွက်သွားတဲ့ မြောက်ကိုရီးယားရဲ တွေဟာ သူတို့ဘယ်လောက်အာဏာရှိလဲဆိုတာကို ပြသဖို့ အဲဒီ မိသားစုဝင် လေးယောက်ကို မြောက်ကိုရီးယားဘက်ခြမ်း ပြန်ခေါ်လာပြီး မြောက်ကိုရီး ယားမြေပေါ် ခြေချချချင်းပဲ ပစ်သတ်ပြခဲ့တယ်။

※

ရထားပေါ်က ခုန်ချလာပြီးကတည်းက ကျွန်တော် အချိန်တော်တော်

ကြာအောင် လမ်းလျှောက်နေခဲ့ရတာကြောင့် ခြေထောက်တွေလည်းတောင့် နေပြီ။ ဒါပေမဲ့ နောက်ဆုံးတော့ ဟီဆန်မြို့ကိုရောက်သွားခဲ့တယ်။ ကျွန်တော် အစားအသောက်မစားရတာ နှစ်ရက်ရှိနေပြီ။ ဒါကြောင့် ဈေးဘက်ကို ခြေဦးလှည့်လိုက်တယ်။ ဈေးက အကြီးကြီးပဲ။ ကုန်ပစ္စည်းတွေကလည်း အစုံပဲ။ ကျွန်တော် ခေါင်းတွေ မူးနောက်နေတယ်။ ဆန်တွေ၊ ဂျုံတွေ၊ ငါးဥတွေ၊ ကြိုက်တာသာပြော အစုံရှိတယ်။ အချို့လူတွေက တစ်ခုခုဝယ်ဖို့ ဈေးထဲမှာ လျှောက်သွားနေကြပေမဲ့ အချို့လူတွေကတော့ အိမ်ခြေရာမဲ့တွေ ဖြစ်ပြီး ဝယ်ဖို့ပိုက်ဆံမရှိလို့ သူများဝယ်တာကို ကြည့်နေကြပါတယ်။

ကျွန်တော့်မှာ ပိုက်ဆံတစ်ပြားမှ မရှိတာကြောင့် မြေပေါ်မှာ ပြုတ်ကျကျန်ခဲ့တဲ့ အစားအသောက်တွေကို လိုက်ရှာကြည့်တယ်။ နောက်ဆုံးတော့ မြေပေါ်မှာကျနေတဲ့ ပြောင်းဖူးအူတိုင် တစ်ခုကို တွေ့သွားတယ်။ ပြောင်းဖူးစေ့တော့ တစ်စေ့မှမရှိတော့ပါဘူး။ ဒါပေမဲ့ ဗိုက်ဆာလွန်းလို့ ပြောင်းဖူးအူတိုင်ကိုပဲ ကိုက်ပြီး ရသလောက် စားနေမိတယ်။

နောက်ကိုလှည့်ကြည့်လိုက်တော့ ကလေးတစ်ယောက် ကျွန်တော့်နားမှာ မတ်တတ်ရပ်နေတာ တွေ့လိုက်ရတယ်။ မိဘအုပ်ထိန်းသူလည်းမရှိဘဲ တစ်ယောက်တည်း ရပ်နေတာပါ။ မိဘမဲ့ကလေးထင်ပါတယ်။ သူလည်း ကျွန်တော့်လိုပဲ မြေပြင်ပေါ်မှာ ကျနေတဲ့ စားစရာတွေကို လိုက်ရှာနေတာပါ။ သူ စားစရာတစ်ခုခုကို တွေ့သွားပုံပါပဲ။ ခပ်သွက်သွက် ကောက်ယူပြီး အားရပါးရ စားနေတာများ ခိုတစ်ကောင်အလားပါပဲ။ သူ့မိဘတွေ ဘာဖြစ် သွားလဲဆိုတာ ကျွန်တော် စဉ်းစားနေမိတယ်။ ဒါပေမဲ့ ဒါကို ကျွန်တော် ကြာကြာ စဉ်းစားလို့မရဘူး။ ဘာလို့လဲဆိုတော့ ဒီကလေးအကြောင်း စဉ်းစား တိုင်း ကျွန်တော့်ကလေးတွေရဲ့ပုံရိပ်တွေ မျက်လုံးထဲ ပေါ်ပေါ်လာလို့ပါ။ အခုအချိန်မှာ ငိုဖို့ အင်အားမရှိပါဘူး။

ကျွန်တော် အားအင်တွေ အမြန်ဆုံး ပြန်ပြည့်လာချင်ခဲ့တယ်။ ဒါကြောင့် ကျွန်တော် မြို့လယ်က ပန်းခြံဆီကို သွားလိုက်တယ်။ အဲဒီမှာ ချုံပုတ်တစ်ခုအောက်တိုးပြီး ပုန်းနေလိုက်တယ်။ ခဏကြာတော့ ကျွန်တော် မြေကြီးမာမာကြီးပေါ်မှာပဲ အိပ်ပျော်သွားတယ်။ မနက်မိုးလင်းတော့ ရထား ဘူတာနားမှာ ဟိုလျှောက်ဒီလျှောက် ခဏလုပ်တယ်။ ကံကောင်းချင်တော့ ပန်းသီးအူတိုင်တစ်ခု သွားတွေ့တယ်။ အဲဒါကို ခပ်မြန်မြန် ဝါးစားလိုက်ပြီး မြစ်ရှိရာဘက်ကို ဦးတည်လိုက်တယ်။ မြစ်ကမ်းစပ်ကို ရောက်တော့ နေ့လယ်လောက် ဖြစ်နေပြီ။

ပထမဆုံး ယာလူးမြစ်ကို မြင်လိုက်ရချိန်မှာ ကျွန်တော်ခံစားလိုက်ရတဲ့ ခံစားမှုက အံ့သြခြင်းပါပဲ။ မြစ်က တော်တော်ကို ကျဉ်းတာ။ ကိုက်(၃၀)ထက်

ပိုမကျယ်ဘူး။ ဆောင်းတွင်းဘက်ဆိုရင်တော့ မြစ်ရဲ့ရေပြင်က ခဲနေတတ်တယ်။ ဒီအတိုင်း ဖြတ်သွားရုံပဲ။ စက္ကန့်ပိုင်းလေးနဲ့ ဟိုဘက်ကမ်းကို ကူးလို့ ရလောက်တယ်။ ဒါပေမဲ့ စက္ကန့်ပိုင်းအတွင်း သေနတ်နဲ့ အပစ်ခံရနိုင်တာ ပဲလေ။ သေနတ်နဲ့ အပစ်ခံရမဲ့အကြောင်းကို တတ်နိုင်သလောက် မတွေးမိအောင် ကျွန်တော် ကြိုးစားလိုက်တယ်။

တရုတ်ဘက်ခြမ်းက မြစ်ကမ်းနားမှာ အစောင့်အချို့ စီးကရက် သောက်လိုက်၊ စကားပြောလိုက် လုပ်နေတာကို လှမ်းမြင်နေရတယ်။ မြောက်ကိုရီးယားဘက်ခြမ်းမှာတော့ ကင်းတဲအသေးလေးတွေက ကိုက်(၅၀) အကွာလောက်စီခြားပြီး ရှိနေတယ်။ အစောင့်တိုင်းမှာ ရိုင်ဖယ်တစ်လက်စီ ရှိပြီး နေ့ရောညပါ အလှည့်ကျ ကင်းစောင့်နေကြတယ်။ အချို့ အစောင့်တွေရဲ့ ဘေးမှာ ကြောက်စရာ ဂျာမန်သိုးထိန်း ခွေးကြီးတွေလည်းရှိနေတယ်။

မြစ်ထဲမှာ အမျိုးသမီးတစ်ယောက် အဝတ်လျှော်နေပြီး ကလေးအနည်းငယ်လည်း မြစ်ကမ်းစပ် နှစ်ဖက်လုံးမှာ ခုန်ပေါက်ဆော့ကစားနေကြတယ်။ အစောင့်တွေက အဝတ်လျှော်နေတဲ့အမျိုးသမီးနဲ့ ကလေးတွေကို ရှိတယ်လို့တောင် ထင်ပုံ မရဘူး။

ကောင်လေးတစ်ယောက်က ကျွန်တော့်မျက်စိရှေ့တင် မြစ်ကိုကူးပြီး ဟိုဘက်ကမ်းသွားနေတာ မြင်နေရတယ်။ ခေါင်းပေါ်မှာလည်း တစ်ခုခုကို တင်ထားတယ်။ ရေမစိုအောင်လို့ပေါ့။ ဒါပေမဲ့ ရေကလည်း သူ့ခါးလောက်ပဲ နက်တာပါ။ ခဏနေတော့ သူ ဟိုဘက်ကမ်းကို ရောက်သွားတယ်။ ပြီးတော့ ဟိုဘက်ကမ်းမှာ စောင့်နေတဲ့လူကို သူ သယ်လာတဲ့ ပစ္စည်းပေးလိုက်တယ်။ ဟိုလူက ပစ္စည်းယူပြီးတာနဲ့ သိပ်မကြာခင်မှာပဲ မြင်ကွင်းထဲက ပျောက်ကွယ်သွားတယ်။ ကောင်လေးကတော့ ဟိုဘက်ကမ်းမှာ ခဏထိုင်ပြီး စီးကရက် ထိုင်သောက်နေတယ်။ သူ့အလုပ်ပြီးသွားပြီကိုး။

မြစ်ကို ဖြတ်ကူးရတာ သိပ်ခက်ပုံတော့ မပေါ်ပါဘူး။

ကျွန်တော် အဲဒီနေရာကနေ ထွက်ခွာဖို့ ဆုံးဖြတ်လိုက်တယ်။ မြစ်ကို အကြာကြီးကြည့်နေတာ အစောင့်တွေ မြင်သွားရင် ကျွန်တော့်ကို သံသယ ဝင်လာလိမ့်မယ်။ ကျွန်တော် အဲဒီနေရာကနေ လှည့်ထွက်လိုက်တဲ့အချိန်မှာပဲ “နောက်ပြန်ဆုတ်လိုက်” လို့ ရဲသားတစ်ယောက် အော်တာကို ကြားလိုက် ရတယ်။ ကျွန်တော့်ကို ပြောနေတယ်ထင်လို့ ကျွန်တော် ဖြည်းဖြည်းချင်း နောက်လှည့်ကြည့်လိုက်တယ်။

ကမ်းစပ်မှာ အဝတ်လျှော်နေတဲ့ အမျိုးသမီးက ရေနက်ဘက်ကို ဆင်းရာကနေ နောက်ကို ဖြည်းဖြည်းချင်း ပြန်ဆုတ်လာနေတာ လှမ်းမြင်နေရတယ်။

အစောင့်က အဲဒီအမျိုးသမီးကို လှမ်းအော်နေတာပါ။ ကြည့်ရတာ မြစ်ကို ကလေးတွေကူးတာတော့ ကိစ္စမရှိပေမဲ့ လူကြီးတွေတော့ မြစ်နက်ထဲ ဆင်းခွင့်မရှိဘူးထင်ပါတယ်။ လူကြီးတွေကတော့ တစ်ကိုက်ဝန်းကျင် အကွာအဝေးလောက်ပဲ ဆင်းခွင့်ရပုံပါပဲ။

အဲဒီညမှာ မြစ်ကမ်းစပ်ကို နောက်တစ်ကြိမ် ကျွန်တော် ပြန်လာခဲ့တယ်။ နေဝင်ပြီးနောက်ပိုင်း အခြေအနေဘယ်လိုရှိလဲဆိုတာကို အကဲခတ်ဖို့ ချုံပုတ်တစ်ခုအောက်မှာ ပုန်းပြီး စောင့်ကြည့်နေခဲ့တယ်။ အစောင့်တွေက ဓာတ်မီးကိုယ်စီနဲ့ ကင်းလှည့်နေကြတယ်။ ပိုဆိုးတာက လရောင် ထိန်ထိန်သာ နေတာပါပဲ။ လရောင်ရဲ့ ရောင်ပြန်ဟပ်မှုကို မြစ်ရေပြင်ပေါ်မှာ ကျွန်တော် မြင်နေရတယ်။ တရုတ်ဘက်ကို ဖြတ်ကူးဖို့ လင်းလွန်းအားကြီးနေတယ်။ ဒါကြောင့် ကျွန်တော် ဘူတာနားတစ်ဝိုက်ကိုပဲ ပြန်သွားခဲ့တယ်။

ရထားဘူတာမှာ လူတွေရထားစောင့်ဖို့ လုပ်ပေးထားတဲ့ ခုံတန်းရှည် ကြီးတစ်ခုရှိတယ်။ အဲဒီခုံပေါ်မှာလူတွေစောင့်နေပြီးအစားအသောက်စားနေ တာမျိုးတွေ့ရင် ကျွန်တော် သူတို့နားကို သွားပြီး မယောင်မလည် စောင့်နေ လိုက်တယ်။ သူတို့ရဲ့စားကြွင်းစားကျန်လေးများ စားရမလားဆိုတဲ့ မျှော်လင့် ချက်နဲ့ပေါ့။ စားလို့ရသမျှ စားကြွင်းစားကျန်လေးတွေ ရှာဖွေပြီးချိန်မှာတော့ ကျွန်တော် ချုံပုတ်ကောင်းကောင်း တစ်ခုအောက်မှာ သွားပုန်းနေလိုက်တယ်။

နေ့ဘက်မှာ လူမရိပ်မိအောင် မြစ်ကိုဖြတ်ကူးဖို့ဆိုတာ မဖြစ်နိုင်မှန်း ကျွန်တော် သိနေခဲ့တယ်။ နေဝင်ပြီး နောက်ပိုင်းမှာလည်း လရောင်နဲ့ အစောင့်တွေရဲ့ ဓာတ်မီးရောင်ကြောင့် ဖြတ်ကူးဖို့ လင်းလွန်းအားကြီးနေတယ်။

ကျွန်တော် ရှေ့ဆက်ပြီး ဘာဆက်လုပ်ရမှန်း မသိတော့ဘူး။ အစောင့်တွေ တစ်ယောက်နဲ့ တစ်ယောက် ဂျူတီလဲချိန်မှာ မြစ်ကိုဖြတ်ကူး ဖို့တော့ ကျွန်တော် စဉ်းစားကြည့်သေးတယ်။ ဒါပေမဲ့ သူတို့ ဘယ်အချိန် ဂျူတီလဲသလဲဆိုတာ ကျွန်တော်မှ မသိတာ။ အေးစက်နေတဲ့ မြေကြီးပေါ်မှာ လဲလျောင်းရင်း ဒီမေးခွန်းကို ခေါင်းထဲမှာ အကြိမ်ပေါင်းများစွာ ကျွန်တော် မေးနေမိတယ်။

မြစ်ကို ဖြတ်ကူးသင့်တဲ့ အကောင်းဆုံး အချိန်ကိုသိဖို့ ကျွန်တော် နောက်ထပ် နှစ်ရက်လောက် အချိန်ထပ်ယူပြီး စောင့်ကြည့်လိုက်ရတယ်။ အဲဒီအချိန်မှာ ကျွန်တော် တော်တော်လေး အင်အားနည်းနေပြီ။ လူကလည်း စိတ်ဂနာမငြိမ် ဖြစ်နေပြီ။ လမ်းလျှောက်တိုင်းလည်း မကြာခဏဆိုသလို နောက်ကို လှည့်လှည့်ကြည့်မိတယ်။ စိတ်ကယောင်ချောက်ချား ဖြစ်နေပြီး ကျွန်တော့် ဘေးက ဖြတ်သွားသူတိုင်းကို ရဲတွေလို့ပဲ ထင်နေမိတယ်။

နောက်ဆုံးတော့ ကျွန်တော့ ကိုယ့်ကိုယ်ကိုယ် အားပေးစကားပြောရတဲ့

အနေအထား ရောက်လာတယ်။ 'ဒီမှာနားထောင်...မာဆာဂျီ၊ မင်းမှာ အချိန်သိပ်မရှိတော့ဘူး၊ မင်းမိသားစုက ဆာလောင်မွတ်သိပ်နေပြီ၊ မင်းလည်း တစ်နေ့ထက်တစ်နေ့ ပိုအားနည်းလာပြီ၊ မင်း အဲဒီမြစ်ကို ဖြတ်ကိုဖြတ်ရမယ်။ မဟုတ်ရင် မင်းမိသားစုတစ်စုလုံး သေမယ်၊ မင်းလည်း သေလိမ့်မယ်'

တတိယမြောက်ညမှာတော့ နေဝင်ပြီးချိန်မှာ ကျွန်တော် မြစ်ကမ်းစပ်ဆီ သွားလိုက်တယ်။ ချုံပုတ်အောက်မှာပုန်းပြီး အချိန်အခါကောင်းကို စောင့်နေလိုက်တယ်။ အစောင့်တွေကတော့ ဟိုဟိုဒီဒီ လှုပ်ရှားသွားလာနေကြတယ်။

'ငါ အပစ်သတ်ခံရလို့ မဖြစ်ဘူး...ငါ အပစ်သတ်ခံရလို့မဖြစ်ဘူး' လို့ ကျွန်တော် တွေးနေမိတယ်။

ဒါပေမဲ့ ကျွန်တော် ကောင်းကောင်း အာရုံစူးစိုက်လို့ မရပါဘူး။ ဒါကြောင့် မြေကြီးပေါ်ခဏလှဲပြီး မျက်လုံးမှိတ်ထားလိုက်တယ်။ မတ်တတ် ပြန်ရပ်ဖို့ ကြိုးစားချိန်မှာတော့ ကိုယ့်ကိုယ်ကိုယ် ပြန်မ,တင်ဖို့ အားမရှိတော့တာကို ခံစားမိလိုက်တယ်။ ကျွန်တော် သေတော့မယ်လို့ ထင်လိုက်မိတယ်။ ဒီအထိ ရောက်အောင် လာခဲ့ပြီးမှ။ ဒီလောက် နီးစပ်ခဲ့ပြီးမှ။ ကျွန်တော် စောင့်တာ ကြာလွန်းသွားခဲ့ပြီ။ ရုတ်တရက် အမေနဲ့ အဖေရဲ့ ပုံရိပ်တွေ၊ ကျွန်တော့် ကလေးတွေရဲ့ ပုံရိပ်တွေ စိတ်ထဲမှာပေါ်လာတယ်။ အမေက ကျွန်တော့်ကို 'မာဆာဂျီ...သား အခု မတ်တတ်ရပ်ပြီး သွားရမယ်...အင်အား တွေ ရအောင် မွေးရမယ်' လို့ ပြောနေတယ်။ အဲဒီနောက် မိုးဖွဲလေးတွေ ကျလာခဲ့တယ်။ မိုးစက်တွေ ကျွန်တော့်မျက်နှာပေါ်ကျနေတာကို ခံစားနေ ရတယ်။ ကျွန်တော် မျက်လုံးကို ဖွင့်ပြီး ကြည့်လိုက်တယ်။ မျက်ရည်တွေ ကြောင့် ဘာကိုမှ သဲသဲကွဲကွဲ မမြင်ရဘူး။ ကောင်းကင်ကို မော့ကြည့် လိုက်တော့ ပိန်းပိတ်အောင်မှောင်နေတာပဲ။ မိုးက တဖြည်းဖြည်း သည်းလာတယ်။ အဲဒီနောက်ထူးထူးဆန်းဆန်းပဲကျွန်တော် အားတွေပြန်ပြည့်လာသလို ခံစားလာရတယ်။ ကျွန်တော့်စိတ်ကလည်း ပုံမှန်စဉ်းစားနိုင်တဲ့ အနေအထား ကို ပြန်ရောက်လာတယ်။ 'ငါ အခု သွားမှဖြစ်မယ်'လို့ ကျွန်တော် တွေးလိုက် မိတယ်။ 'ငါ အခုသွားမှဖြစ်မယ်၊ မဟုတ်ရင် ငါဒီမှာပဲ သေသွားလိမ့်မယ်'။ မိုးကဖွဲဖွဲလေးရွာတာ မဟုတ်တော့ဘူး။ အခုတော့ သဲကြီးမဲကြီးကို ရွာနေပြီ။ ဆယ်မိနစ်၊ မိနစ်နှစ်ဆယ်လောက် ကြာတော့ ကျွန်တော် မတ်တတ်ရပ်ပြီး မြစ်ကို လှမ်းကြည့်လိုက်တယ်။ မြစ်က မှတ်တောင် မမှတ်မိလောက်အောင် ပုံစံ ပြောင်းလဲသွားပြီ။ အချိန် ခဏလေး အတွင်းမှာပဲ မြစ်ရဲ့ရေစီးက တော်တော်ကို ကြမ်းနေပြီ။

ဒူးခေါင်းလောက်ရှိတဲ့ ရွှံ့နွံထဲဖြတ်လျှောက်ပြီး ကျွန်တော် မြစ်ထဲ ဆင်းဖို့ ကြိုးစားတယ်။

'ငါ့ဘဝက ဘာများထူးသေးလို့လဲ၊ ပစ်သတ်တာပဲခံရခံရ ကိုယ့်ကိုယ် ကိုယ်ပဲ သတ်သေသတ်သေ၊ ဒီနိုင်ငံမှာ ဆက်နေသရွေ့တော့ တစ်နည်းနည်းနဲ့ သေမှာပဲ၊ မင်းတို့အစောင့်တွေလည်း ငါ့ကို အခုနေ ပစ်သတ်ချင်ရင် ပစ်သတ် လိုက်စမ်းပါကွာ'လို့ စိတ်ထဲက တွေးရင်း ကျွန်တော် ကြောက်စိတ်ကို ဖျောက်ပြီး သတ္တိမွေးလိုက်တယ်။

ကျွန်တော် မြစ်စပ်တစ်လျှောက် လမ်းလျှောက်သွားလိုက်တယ်။ နောက်ဘက်မှာရှိနေမဲ့ အစောင့်တွေအကြောင်း ကျွန်တော် သိပ်ဂရုမစိုက်တော့ဘူး။ တစ်ခုခုဖြစ်ရင်တော့ ကျွန်တော် ဒီနေရာမှာတင် တန်းသေသွားချင်တယ်။

ကျွန်တော့်ခြေထောက်အောက်မှာ တစ်ခုခု ကျိုးပဲ့သွားတဲ့ အသံကို ကြားလိုက်ရတယ်။ သစ်ကိုင်းတစ်ခုခုလား၊ သစ်မြစ်တစ်ခုခုလားတော့ မသိဘူး။ ပစ်သတ်တာခံရတော့မယ်လို့ စိတ်ထဲတွေးမိပြီး ခေါင်းက နောက်ဘက်ကို အလိုလို လှည့်ကြည့်မိရက်သား ဖြစ်သွားတယ်။ အံ့ဩစရာကောင်း လောက်အောင်ပဲ အစောင့် တစ်ယောက်မှ မရှိဘူးဗျာ။ ဂျူတီလွှဲနေတဲ့ အချိန်များလား။

ဟုတ်ပြီ။ ဒီအချိန်မှ ငါလွတ်အောင် မလုပ်နိုင်ရင် နောက်ထပ် အခွင့်အရေး ရှိတော့မှာ မဟုတ်ဘူး။ ကျွန်တော် ရေထဲကို ဆင်းပြီး စကူးခတ်တယ်။ ဒါပေမဲ့ အဲဒီအချိန်မှာပဲ ကျွန်တော့်ခေါင်းနဲ့ တစ်ခုခု တိုက်မိသွားတယ်။ ကျောက်တုံးတစ်တုံးလားပဲ။ ဘာမှန်းတော့ သေချာမသိဘူး။ ရေတွေက ကျွန်တော့်ပါးစပ်ထဲကို ဝင်လာတယ်။ ကျွန်တော် ရေစီးနဲ့ မျောပါသွားပြီး သတိရတစ်ချက် မရတစ်ချက် ဖြစ်နေတယ်။ အဲဒီနောက် လုံးလုံး သတိမေ့ သွားပါတော့တယ်။

အချိန်တွေ ဘယ်လောက် ကြာမြင့်သွားသလဲတော့ ကျွန်တော် မသိဘူး။ ဒါပေမဲ့ ကျွန်တော် သတိပြန်ဝင်လာတော့ ကမ်းစပ်တစ်ခုမှာ လဲလျက်သား ဖြစ်နေတယ်။

‘ဒုက္ခပဲ...ငါ ဟိုဘက်ကမ်း ရောက်အောင် မကူးနိုင်ခဲ့ဘူးပဲ' လို့ တွေးလိုက်မိတယ်။

ကျွန်တော့်တစ်ကိုယ်လုံး ထိန်းမနိုင်သိမ်းမရ ခိုက်ခိုက်တုန်နေတယ်။ တစ်ကိုယ်လုံး အားတစ်စက်မှ မရှိတော့သလိုပဲ။ ကျွန်တော် ခေါင်းကို ကြွကြည့်ဖို့ ကြိုးစားလိုက်တယ်။ ခေါင်းနည်းနည်း ကြွသွားချိန်မှာ ခပ်လှမ်းလှမ်းက မီးရောင်တစ်ခုကို မြင်လိုက်ရတယ်။ အိမ်တစ်လုံးထဲက ထွက်လာတဲ့ အလင်းရောင် ထင်တယ်။

‘ဒီအချိန်ကြီး ဘယ်သူက မီးထွန်းတာပါလိမ့်။ ဘယ်လိုလူကများ

ဒီလိုလုပ်ရဲတာပါလိမ့်' လို့ ကျွန်တော် တွေးနေမိတယ်။ မြောက်ကိုရီးယားမှာ ညဘက် မီးထွန်းတာဟာ နိုင်ငံတော်သစ္စာဖောက်မှုကြီးအလား အပြစ်ကြီးပါတယ်။ ကျွန်တော် မတ်တတ်မရပ်နိုင်တော့ဘူး။ ဒါပေမဲ့ တွားသွားလို့တော့ ရနေသေးမှန်း သိလိုက်တယ်။ ဒါကြောင့် အဲဒီမီးအလင်းရောင်ထွက်နေတဲ့ အိမ်ဘက်ကို တွားသွားလိုက်တယ်။ အဲဒီနောက် ခပ်လှမ်းလှမ်းက ခွေးဟောင် သံတွေကို စကြားလာရတယ်။

※

ပင်ပန်းလွန်းလို့ တွားသွားရင်း ကျွန်တော် အိပ်ပျော်သွားတယ်ထင်တယ်။ ပြန်နိုးလာတော့ ကျွန်တော် တစ်ခါမှမမြင်ဖူးတဲ့ လူတစ်ယောက်က ကျွန်တော့်ကို သူ့ကျောပေါ်မှာ ကုန်းပိုးထားတာ သတိထားမိလိုက်တယ်။ ကျွန်တော် လုံးဝ စကားမပြောနိုင်ဘူး ဖြစ်နေတယ်။ ကျွန်တော် ကြိုးစား ကြည့်ပေမဲ့ နှုတ်ခမ်းတွေက လုံးဝမလှုပ်ရှားဘူး ဖြစ်နေတယ်။ ကျွန်တော့် လည်ချောင်းထဲက အသံကြိုးတွေက အကြောများသေကုန်ရော့လေသလား။ ကျွန်တော် တအီအီ အသံမြည်အောင်တောင် မညည်းနိုင်ဘူး ဖြစ်နေတယ်။ ကျွန်တော့်လက်ချောင်းတွေကို ရွှေ့ကြည့်တယ်။ ဘာမှ ထူးမလာဘူး။ ဒါပေမဲ့ နေပါဦး-ငါ့မျက်လုံးတွေကိုတော့ ရွှေ့လို့ ရသေးတာပဲလေ။ ကျွန်တော် ဘေးပတ်ဝန်းကျင်ကို မျက်လုံးရွှေ့ပြီး ဝေ့ကြည့်လိုက်တယ်။

ချုံပုတ်တွေရယ်၊ ခွေးတစ်ကောင်ရယ်ကို သတိထားမိတယ်။ ဒီခွေးက ဘာလို့ ခုန်ဆွခုန်ဆွနဲ့ ဒီလူစိမ်းရဲ့ ခြေထောက်နားမှာ လျှောက်လိုက်နေတာလဲ။ အမြီးနှံ့လိုက် ဟောင်လိုက်နဲ့လည်း လုပ်နေသေးတယ်။

ကျွန်တော့်ကို ထမ်းထားတဲ့ လူစိမ်းက ခွေးကို စကားတွေပြောနေပေမဲ့ ကျွန်တော် တစ်လုံးမှ နားမလည်ဘူး။ သူ ဘာပြောနေလဲဆိုတာ ကျွန်တော် တစ်နေရာမှ နားမလည်ဘူး။

ကျွန်တော် တစ်ခုခုပြောဖို့ နောက်တစ်ကြိမ် ကြိုးစားကြည့်သေးတယ်။ ဒါပေမဲ့ အသံက ထွက်မလာပြန်ဘူး။ နောက်တစ်ကြိမ် ထပ်ကြိုးစား ကြည့်တော့လည်း အတူတူပဲ။

လူစိမ်းကတော့ ခွေးကို စကားပြောနေဆဲပဲ။ အသံကတော့ ကြင်ကြင် နာနာ ပြောနေတဲ့ အသံမျိုးပါ။

အဲဒီနောက် ရုတ်တရက် ကျွန်တော် တစ်ခုခုကို သတိရသွားတယ်။

မြောက်ကိုရီးယားမှာ ခွေးမွေးခွင့်မရှိဘူးပဲ။ မြောက်ကိုရီးယားမှာက ခွေးတွေ့ ရင် သတ်စားကြတာ။ အခု ဒီခွေးကတော့ အိမ်မွေးတိရစ္ဆာန်ဖြစ်ပုံပဲ။ ဒါ

မြောက်ကိုရီးယား မဟုတ်ဘူး၊ ဒါ တရုတ်ပြည်ပဲ။ ကျွန်တော် လုပ်နိုင်ခဲ့ပြီ။ ကျွန်တော် ဒါကို မယုံနိုင်ဘူး ဖြစ်နေတယ်။ ဒါဟာ အံ့အားသင့်ဖွယ် ဖြစ်ရပ်ပဲ။

ကျွန်တော် စိတ်လှုပ်ရှားနေပေမဲ့ တစ်ချိန်တည်းမှာ အရမ်းပင်ပန်းနေတယ်။ အဲဒီနောက် ကျွန်တော် အိပ်ပျော်သွားခဲ့တယ်။

ကျွန်တော် နောက်တစ်ကြိမ် မွေးဖွားခဲ့ပြန်ပြီ။

※

ကျွန်တော် နိုးလာတော့ လူစိမ်းက ကျွန်တော့်ကို ကြည့်နေတယ်။ ကျွန်တော် ဘယ်သူလဲဆိုတာ သူ့ကို ရှင်းပြချင်တယ်၊ သူ့ရဲ့ အကူအညီအတွက်လည်း ကျေးဇူးတင်ကြောင်း ပြောချင်တယ်၊ ဒါပေမဲ့ ကျွန်တော် အခုထိစကားမပြောနိုင်သေးဘူး။ ကျွန်တော် ထထိုင်ဖို့ ကြိုးစားပေမဲ့ သူက မထဖို့ ကျွန်တော့်ကို တားတယ်။

"ရပါတယ်...မထနဲ့။ မင်း အနားယူဖို့လိုသေးတယ်။ အိပ်လိုက်ဦး" လို့ လူစိမ်းက ပြောနေတယ်။

နောက်ပိုင်းမှာ သူက ကျွန်တော့်ကို ဆန်ပြုတ်လုပ်ကျွေးတယ်။ သူက ဆန်ပြုတ်ပန်းကန်ကိုမပြီး ကျွန်တော့်ကို ဇွန်းနဲ့ ခွံ့ကျွေးတယ်။

ကျွန်တော့်မှာ အင်အားသာရှိခဲ့ရင် သူ့ရဲ့ကြင်နာမှုကြောင့် ကျွန်တော် မျက်ရည်ကျမိမှာ သေချာတယ်။

ဆန်ပြုတ်က ကျွန်တော့်ကို ခေါင်းနောက်စေတယ်။ အစားအသောက် မစားရတာ ကြာပြီဖြစ်လို့ ကျွန်တော့် ခန္ဓာကိုယ်က အစားအသောက်ကို ကောင်းကောင်း လက်မခံနိုင်ဘူး ဖြစ်နေတယ်။ မသိရင် အရက်ကို ရေပုံး တစ်ပုံးအပြည့်ခပ်မြန်မြန်အကုန်သောက်ချထားသလိုပဲ။ မူးနောက်နေတာပဲ။ ကျွန်တော် သတိလစ်သွားပြန်တယ်။

သတိရတစ်ချက် မရတစ်ချက်ဖြစ်နေတာ နှစ်ရက်လောက် ကြာသွားတယ်။ အဲဒီနှစ်ရက်အတွင်းက ကိစ္စတွေ ကျွန်တော် ဘာမှသေချာမမှတ်မိဘူး။ ဒါပေမဲ့ သုံးရက်မြောက်နေ့မှာတော့ ကျွန်တော် အားအင်တွေပြည့်ပြီး နိုးလာတယ်။ တော်တော်တော့ ထူးဆန်းတယ်။ အိပ်ရာထဲက ခုန်ထွက်နိုင်လောက် အောင် အားရှိတာတော့ မဟုတ်ဘူးပေါ့ဗျာ၊ ဒါပေမဲ့ ကျွန်တော် မတ်တတ်ရပ် လာနိုင်တယ်၊ လမ်းကောင်းကောင်း လျှောက်လာနိုင်တယ်။ ကျွန်တော် ဘေးပတ်ဝန်းကျင်ကို တစ်ချက်ကြည့်မိတယ်။ တီဗွီတစ်လုံး၊ ရေခဲသေတ္တာ တစ်လုံး၊ အဝတ်လျှော်စက်တစ်လုံး၊ ဆိုဖာအိပ်ရာတစ်ခု၊ ဆိုင်ကယ်တစ်စီး၊ စက်ဘီးတစ်စီးကို

တွေ့ရတယ်။ မယုံနိုင်စရာ ဇိမ်ခံပစ္စည်းတွေပဲ။

ကျွန်တော့်ကို ကယ်ခဲ့တဲ့ လူစိမ်းက အိမ်ထဲကို ဝင်လာတယ်။ သူက အသက်ကြီးကြီး ကိုရီးယားလူမျိုးတစ်ယောက်ဖြစ်ပြီး နာမည်က ကင်မ်ပါ။ ဒါ့အပြင် သူက ကျွန်တော်ဘဝတစ်လျှောက် သိခဲ့သမျှ လူတွေထဲမှာ အကြင်နာတတ်ဆုံးလည်း ဖြစ်ပါတယ်။

ကျွန်တော်က ကျွန်တော့်ရဲ့ ရှုပ်ထွေးလှတဲ့ နောက်ခံဇာတ်ကြောင်းကို ရှင်းပြလိုက်တယ်။

"ကျွန်တော်က ကိုရီးယားလူမျိုး မဟုတ်ဘူးဗျ၊ ကျွန်တော်က ဂျပန် လူမျိုးပါ၊ ကျွန်တော် ဂျပန်ကို ပြန်ဖို့ ကြိုးစားနေတာ၊ ကျွန်တော့် မိသားစုကို လည်း ကယ်ရဦးမယ်။ ကျွန်တော့်ကို ကူညီပေးနိုင်မလား ခင်ဗျာ"လို့ အဲဒီလူကို မေးလိုက်တယ်။

သူက စီးကရက်ကို တစ်ချက် ဖွာလိုက်ရင်း "အခုအချိန်မှာ တောင်ကို ရီးယားကိုတောင် သွားလို့ မရကြတော့ဘူးကွ။ မင်းက အခု ဂျပန်ဆိုတော့..." လို့ ပြောပြီး ခဏရပ်သွားတယ်။

အဲဒီနောက် သူက မြောက်ကိုရီးယားက ထွက်ပြေးလာတဲ့ အခြားလူတွေ ဘယ်လိုဖြစ်သွားခဲ့တယ် ဆိုတာကို ရှင်းပြတယ်။ သူပြောတဲ့လူတွေက ကျွန်တော့်လို ဂျပန်လူမျိုးတော့ မဟုတ်ဘူးပေါ့။ မြောက်ကိုရီးယားသား စစ်စစ်တွေ။ အဲဒီလူတွေ ဘာဖြစ်သွားလဲဆိုတာကို သိလိုက်ရချိန်မှာ ကျွန်တော်တော်တော်အံ့အားသင့်သွားတယ်။ မြောက်ကိုရီးယားကထွက်ပြေး လာသူတွေဟာ ပေကျင်းမှာရှိတဲ့ တောင်ကိုရီးယားသံရုံးကို ရောက်အောင် သွားနိုင်ခဲ့ရင်တောင် စိမ်းစိမ်းကားကား ဆက်ဆံခံရတယ်တဲ့။ မြောက်ကိုရီးယား နယ်စပ်ကနေ ပေကျင်းမြို့အထိဆိုတာ နည်းနည်းနောနောအကွာအဝေး မဟုတ်ပါဘူး။ ဒါ့အပြင် ကြုံတွေ့ရမဲ့ အန္တရာယ်တွေကလည်း များသပ။

ပေကျင်းက တောင်ကိုရီးယားသံရုံးကို ရောက်သွားတဲ့ မြောက်ကိုရီး ယားသားတွေကို သံရုံးကလူတွေက "ငါတို့ တရုတ်နဲ့ ဆက်ဆံရေး မထိခိုက် ချင်ဘူး။ ငါတို့ မင်းတို့ကို မကူညီနိုင်တာ အားနာပါတယ်။ မင်းတို့ဘာသာ ဆက်လုပ်ကြပါ" လို့ ပြောလွှတ်ကြပါတယ်။ ဘွင်းဘွင်းပြောရရင်တော့ဗျာ "ငါတို့ကို သောက်လုပ်လာမရှုပ်နဲ့၊ ထွက်သွားစမ်း'' လို့ ပြောလိုက်တာပါပဲ။

ကိုရီးယားစစ်ပွဲကြီးပြီးတော့ တရုတ်နဲ့ မြောက်ကိုရီးယားဟာ ချစ်ကြည်ရေးလက်မှတ်ထိုးခဲ့ကြတယ်။ 'နယ်စပ်လုံခြုံမှုပူးပေါင်းဆောင်ရွက် ရေးသဘောတူညီချက်' ကို နှစ်ဦးနှစ်ဖက် သဘောတူခဲ့ကြတယ်။ ခင်ဗျား

နားလည်အောင် ရှင်းရှင်းပြောရရင် ခင်ဗျားဟာ မြောက်ကိုရီးယားကနေ ကံကောင်းထောက်မစွာ ထွက်ပြေးလာနိုင်ခဲ့ပေမဲ့ တရုတ်ပြည်ဘက်မှာ ပြန်ပြီး အဖမ်းခံရမယ်ဆိုရင် ခင်ဗျားကို တရုတ်အစိုးရက မြောက်ကိုရီးယားနိုင်ငံဆီ ပြန်ပို့မှာပဲ။ ပြီးရင်တော့ ပြန်ရောက်လာတဲ့လူတွေကို ပစ်သတ်ဖို့ မြောက်ကိုရီးယားဘက်က ဆက်လုပ်ပါလိမ့်မယ်။

တောင်ကိုရီးယားနိုင်ငံအတွက်ကျတော့ သူတို့နဲ့ တရုတ်နိုင်ငံကြားက ကုန်သွယ်ရေးဆက်ဆံမှု မပျက်စီးသွားဖို့က အရေးကြီးဆုံးပဲလေ။ ဒါဟာ သူတို့ရဲ့ လူမျိုးတူ ဆွေမျိုးအရင်းအချာတွေကိုကယ်ဖို့ထက် ပိုအရေးကြီးနေခဲ့ ပုံပါပဲ။

ဒါပေမဲ့ ကင်မ်ကတော့ လူကောင်းတစ်ယောက်ပါ။ သူ့ကို ကျွန်တော် အပြည့်အဝယုံကြည်ပါတယ်။

“ငါ ငါ့သားတွေနဲ့ တခြားယုံကြည်ရတဲ့ မိတ်ဆွေအချို့ကို စကားပြော ကြည့်ဦးမယ်၊ ငါ တစ်ခုခုတော့ ရအောင် စီစဉ်ပေးမယ်၊ မစိုးရိမ်ပါနဲ့” လို့ သူက ကျွန်တော့်ကို အားပေးစကားပြောတယ်။

ကျွန်တော် သူ့အိမ်မှာထိုင်နေရင်း ဘေးပတ်ပတ်လည်ကို ထပ်ကြည့်မိပြန်တယ်။ မြင်ရတဲ့မြင်ကွင်းကြောင့် ကျွန်တော် မငိုမိအောင် စိတ်ထိန်းထား ရတယ်။ စားပွဲပေါ်မှာ တယ်လီဖုန်းတစ်လုံး၊ ရေဒီယိုတစ်လုံး၊ ပန်းကန်လုံး တစ်ခုထဲမှာ သစ်သီးအချို့၊ ပြင်တင်းပေါက်နားမှာ အိပ်ပျော်နေတဲ့ခွေး။ မြောက်ကိုရီးယားနဲ့ ယှဉ်ပြီးပြောမယ်ဆိုရင် ဒီနေရာဟာ နိဗ္ဗာန်ဘုံပဲဗျ။

နည်းနည်းကြာတော့ ကင်မ်ဟာ အသက်(၄၀)ဝန်းကျင်လောက်ရှိတဲ့ အခြား အမျိုးသားနှစ်ယောက်နဲ့အတူ ပြန်ရောက်လာတယ်။ အဲဒီလူတွေဟာ သူ့သားနှစ်ယောက်ဖြစ်ကြောင်း သိရတယ်။ နာမည်တွေကတော့ ချိုရှုဆူနဲ့ ချိုရိုတဲ့။ သူတို့က အဝတ်အစား သပ်သပ်ရပ်ရပ်ဝတ်ဆင်ထားပြီး ဂျပန်နာရီ တွေလည်း ပတ်ထားတယ်။ ကျွန်တော့်မျက်စိထဲမှာတော့ သူတို့ဟာ လူချမ်းသာတွေပဲ။ သူတို့အဖေလိုပဲ သူတို့နှစ်ယောက်လုံးက ဂျုံ၊ ဆန်နဲ့ အခြား အခြေခံစားသောက်ကုန်တွေကို မြောက်ကိုရီးယားဘက် တင်သွင်းတဲ့လုပ်ငန်း လုပ်ကြတယ်။ ဒါက သူတို့လုပ်တဲ့ တရားဝင်အလုပ်။ ကုန်သွယ်မှု ပိတ်ပင် ထားတဲ့ အခြားကုန်ပစ္စည်းတွေကိုလည်း သူတို့က တရားမဝင် ရောင်းဝယ်တာ မျိုး လုပ်သေးတယ်။ ဥပမာ ငွေထည်၊ ရှေးဟောင်းပစ္စည်း စတာတွေပေါ့။

“ငါက ကိုလိုနီခေတ်တုန်းက သုံးခဲ့တဲ့ ဂျပန်ပိုက်ဆံတွေကို ဝယ်စုထား ခဲ့တာ၊ ပြီးတော့ ရှေးဟောင်းပစ္စည်းစုတဲ့ ဂျပန်တစ်ယောက်ကို ရောင်းလိုက် တယ်၊ သူက ငါ့မှာ ရှိသမျှ အကုန်ဝယ်တာ၊ ငါ့အတွက်တော့ အကိုက်ပဲပေါ့ ကွာ" လို့ ချိုရှုဆူက ရှင်းပြတယ်။

သူတို့က မြစ်ကြောင်းအထက်ဘက်ထိတက်ပြီး အရောင်းအဝယ် လုပ်လေ့ရှိကြောင်း ကျွန်တော့်ကို ပြောပြတယ်။ သူတို့အတွက်ကံကောင်းတာ ကတော့ အငယ်ဖြစ်တဲ့ ချိုရိုက နယ်စပ်လုံခြုံရေးဝန်ထမ်း ဖြစ်ခဲ့ဖူးတာပါပဲ။ သူ့သူငယ်ချင်းတွေက အခုအချိန်ထိ နယ်စပ်လုံခြုံရေးဝန်ထမ်းအဖြစ် အလုပ် လုပ်နေကြသေးတယ်။ ဒီတော့ နယ်စပ်လုံခြုံရေးလုပ်ငန်းစဉ်တွေ ဘယ်လို ဆောင်ရွက်တယ်ဆိုတာကို သူသိနေတယ်။ ဒါက သူတို့လုပ်ငန်းအတွက်တော့ တော်တော်ကိုအသုံးဝင်တယ်။ ချိုရိုက ကျွန်တော့်ကိုတစ်အိမ်တည်းမှာမနေဖို့ အကြံပေးတယ်။ သူအကြံပေးတဲ့အတိုင်း ကျွန်တော် လိုက်လုပ်ရတယ်။ ကျွန်တော်က သူ့အိမ်မှာနေလိုက်၊ သူ့အဖေအိမ်မှာနေလိုက်၊ သူ့အစ်ကိုအိမ်မှာ နေလိုက်၊ သူတို့ယုံကြည်ရတဲ့ မိတ်ဆွေတွေအိမ်မှာနေလိုက် လုပ်ရတယ်။

ချိုရှုဆူရဲ့အိမ်ကတော့ တကယ့်ကို နိဗ္ဗာန်ဘုံအတိုင်းပဲ။ လျှပ်စစ်ပစ္စည်း တွေလည်း အစုံပဲ။ ထမင်းတွေ၊ ဝက်သားတွေလည်း အလျှံပယ်စားရတယ်။ သူတို့နဲ့လုပ်ငန်းတူ ကုန်သည်တွေလည်း သူ့အိမ်မှာ ဖဲလာကစားလေ့ရှိတယ်။

လူတိုင်းက ဆေးလိပ်သောက်လိုက်၊ ဖဲရိုက်လိုက်နဲ့ ပျော်နေကြတာ။ သူတို့အချင်းချင်း ခင်ခင်မင်မင်ခေါ်တဲ့ အခေါ်အဝေါ်တွေလည်း ရှိတယ်။ ကျောင်းသားဘဝကိုတောင် ပြန်သတိရမိသွားသေးတယ်။ လူတိုင်းက ချိုရှုဆူကို လေးစားတာတော့ ကျွန်တော် သတိထားမိတယ်။ ကျွန်တော်က သူ့ဧည့်သည်ဖြစ်နေတော့ လူတိုင်းက ကျွန်တော့်ကိုလည်း လေးလေးစားစား၊ ကြင်ကြင်နာနာ ဆက်ဆံကြတယ်။ ကျွန်တော့်အတွက်တော့ ထူးထူးဆန်းဆန်း ပြောင်းလဲမှုကြီးလိုပဲ။ မြောက်ကိုရီးယားမှာကျန်ခဲ့တဲ့ ကျွန်တော့်မိသားစု အကြောင်း စဉ်းစားလိုက်တိုင်း ကျွန်တော်အခုလို ဇိမ်ခံပစ္စည်းတွေနဲ့ နေရတာ ကို အပြစ်ရှိသလို ခံစားမိတယ်။ ဒါပေမဲ့ ကျွန်တော် သူတို့ကို ကယ်ချင်ရင် ကိုယ့်ကိုယ်ကိုယ် အားအင်ပြည့်ဝအောင် အရင်လုပ်ရမယ်ဆိုတာ သိနေခဲ့တယ်။

ရက်အနည်းငယ် ကြာတဲ့အခါမှာတော့ ဂျပန်က ကြက်ခြေနီ အဖွဲ့အစည်းကို ဖုန်းခေါ်ကြည့်ဖို့ အကြံရလာခဲ့တယ်။ အတိတ်က မှတ်ဉာဏ်တစ်ခုက ရုတ်တရက် ဆိုသလို ခေါင်းထဲ ပြန်ရောက်လာတယ်။ ၁၉၈၀ ပြည့်နှစ်လွန် ကာလတစ်ခုမှာ ဂျပန်ကြက်ခြေနီဌာနကို စာရေးဖူးတဲ့ အမျိုးသားတစ်ယောက်နဲ့ ကျွန်တော် ဆုံခဲ့ဖူးတယ်။ သူက သူနဲ့ အဆက် အသွယ် ပြတ်နေတဲ့ ဆွေမျိုးတွေကို ရှာဖို့ ကြက်ခြေနီဌာနကို လှမ်းပြီး အကူအညီတောင်းတာ။ သူစာရေးပြီး သိပ်မကြာခင်မှာပဲ 'ခြေရာခံစုံစမ်း ပေးဖို့ မေတ္တာရပ်ခံခြင်းဖောင်' ဆိုတဲ့ စာရွက် သူ့ဆီ ပြန်ရောက်လာခဲ့တယ်။ ဂျပန်ကြက်ခြေနီအဖွဲ့အစည်းက စာပြန်လို့ အဲဒီလူ တော်တော် ဝမ်းသာနေခဲ့တယ်။ သူက ဝမ်းသာလွန်းလို့ သူနဲ့နီးစပ်သူတိုင်းကို အဲဒီ ဖောင်စာရွက် လိုက်ပြခဲ့တယ်။ အဲဒီစာရွက်ပေါ်က လိပ်စာနဲ့ ဖုန်းနံပါတ်ကို

မြင်လိုက်ချိန်မှာ 'နေဦးဟ...တစ်ချိန်ကျရင် ဒါကို ငါ လိုအပ်လာနိုင်တာပဲ' လို့ တွေးပြီး အသည်းထဲစွဲအောင် အဲဒီနေရာမှာပဲ တစ်ထိုင်တည်း အလွတ်ကျက်ခဲ့တယ်။ အဲဒီလိပ်စာနဲ့ ဖုန်းနံပါတ်ကို ဒီနေ့ ဒီအချိန်ထိ ကျွန်တော် အလွတ်ရနေဆဲပဲ။

နိုင်ငံတကာဖုန်းခေါ်ဆိုမှု ဘယ်လိုလုပ်ရလဲလို့ ကျွန်တော် ချိုရှုဆူကို မေးလိုက်တယ်။ အဲဒီနောက် ဖုန်းကိုကောက်ကိုင်ပြီး ခေါ်လိုက်တယ်။ ဖုန်းဝင်တာကိုနားထောင်ရင်း ကျွန်တော် အသက်အောင့်ထားမိတယ်။

ဒါပေမဲ့ အလုပ်ဖြစ်ခဲ့တယ်ဗျာ။ ဖုန်းကို လူတစ်ယောက် လာဖြေတယ်။ အမျိုးသမီးအသံတစ်ခုပဲ။

သူပြောသမျှ စကားတစ်လုံးမှ ကျွန်တော် နားမလည်ဘူး ဖြစ်နေတယ်။ သူပြောနေတာ ဂျပန်စကားပါပဲ။ ဒါပေမဲ့ ကျွန်တော် ဂျပန်စကားမပြောတာ တော်တော်ကြာနေခဲ့ပြီလေ။

"ကျွန်တော်က ဂျပန်လူမျိုးပါ၊ အခု တရုတ်ပြည်ရောက်နေပါတယ်၊ ကျွန်တော် မြောက်ကိုရီးယားကို မိသားစုနဲ့ သွားခဲ့ပါတယ်၊ တော်တော်ကြာ ခဲ့ပါပြီ၊ ၁၉၆၀ ပြည့်နှစ်လောက်ကပါ၊ ကျွန်တော် ဂျပန်ကို ပြန်လာချင်ပါတယ်၊ ကျွန်တော် ခင်ဗျားကို အနူးအညွတ်တောင်းဆိုပါတယ်'

ဒါ ကျွန်တော် ပြောနိုင်တာ အကုန်ပဲ။ ဒါကြောင့် အဲဒါကိုပဲ ထပ်ခါထပ်ခါ ကျွန်တော် ပြောနေမိတယ်။

သူက ကျွန်တော်ပြောတာကို တစ်လုံးမှ နားလည်ပုံမပေါ်ဘူး။ ဒါပေမဲ့ ကျွန်တော့်ကို အခြား တစ်ယောက်ယောက်နဲ့ ဖုန်းပြောခိုင်းသင့်မှန်း သူ သဘောပေါက်သွားပုံရပြီး ဖုန်းလိုင်းကို အခြား ဌာနတစ်ခုဆီ လွှဲပေးတယ်။

"ကျွန်တော် ဘယ်လိုများ ကူညီပေးရမလဲခင်ဗျာ" ဆိုတဲ့ အမျိုးသား တစ်ယောက်ရဲ့အသံ ထွက်လာတယ်။

ရုတ်တရက် ကျွန်တော် ဂျပန်စကားကို ပိုပြီး ပီပီသသ ပြောနိုင်လာတယ်။ ကျွန်တော် ဂျပန်စကားကို ပြန်မှတ်မိလာပြီ။

'ကျွန်တော့်နာမည်က အီရှီကာဝါပါ၊ ကျွန်တော်က ဂျပန်နိုင်ငံသား တစ်ယောက်ပါ၊ ကျွန်တော့်အဖေက ကိုရီးယားလူမျိုးပါ၊ ကျွန်တော့် အမေကတော့ ဂျပန်လူမျိုးပါ၊ ၁၉၆၀ ပြည့်နှစ်လောက်က ကျွန်တော်တို့အားလုံးကို ကျွန်တော့်အဖေက မြောက်ကိုရီးယားနိုင်ငံဆီ ခေါ်သွားခဲ့တယ်၊ 'ကမ္ဘာမြေ ပေါ်က နိဗ္ဗာန်ဘုံ' မှာ ဘဝသစ်တစ်ခု ရနိုင်ကြောင်း မြောက်ကိုရီးယား အစိုးရက ကတိပေးခဲ့တယ်။ ဂျပန်အစိုးရကလည်း ဒါကို အပြည့်အဝ ထောက်ခံခဲ့တယ်။

ကုလသမဂ္ဂကလည်း ဒီအဖြစ်အပျက်ကို သိခဲ့တယ်။ ခင်ဗျားတို့အဖွဲ့အစည်းကလည်း ကမ္ဘာမှာ လူဦးရေအများဆုံး ပြောင်းရွှေ့ နေထိုင်မှုကြီးကို ပျော်ပျော်ရွှင်ရွှင်ပဲ ကူညီစီမံပေးခဲ့တယ်။ ခင်ဗျားတို့ကြောင့် ကျွန်တော်တို့ ဘဝတွေ ဘာဖြစ်သွားလဲဆိုတာ ခင်ဗျားတို့ သိရဲ့လား။

ခင်ဗျားတို့က ကျွန်တော်တို့ကို ငရဲပြည် ပို့လိုက်တာဗျ။ ကျွန်တော်ကတော့ အခုလွတ်မြောက်လာပြီ။ ဒါပေမဲ့တခြား ဘယ်သူမှ မလွတ်မြောက်သေးဘူး။ ကျွန်တော်က ပထမဆုံးပဲ။ ကျန်တဲ့လူတွေ အားလုံးက သေလုမြောပါး ဖြစ်နေကြပြီ၊ အချို့လည်း သေသွားကြပြီ။ ခင်ဗျားအနေနဲ့ ကျွန်တော့်ကို ဂျပန်ပြန်လာနိုင်အောင် လုပ်ပေးရင် အရမ်းကောင်းမှာပါ” လို့ ကျွန်တော် ကရားရေလွှတ် ပြောချလိုက်တယ်။

အဲဒီနောက် ဟိုဘက်က အသံတိတ်သွားတယ်။

‘ငါတော့ လွန်သွားပြီထင်တယ်' လို့ ကျွန်တော် တွေးလိုက်မိတယ်။ ဒါပေမဲ့ ဟိုဘက်က စကား ပြန်ပြောလာတယ်။ သူ့အသံက စိတ်အနှောင့်အယှက်ဖြစ်နေပုံပဲ။ “ဟုတ်ပြီ။ ကျေးဇူးပြုပြီး ခဏစောင့်ပေးပါခင်ဗျ၊ ကျွန်တော် တရုတ်ပြည်က ကြက်ခြေနီအဖွဲ့အစည်းကို ဖုန်းခေါ်ကြည့်ပါမယ်” လို့ သူက ပြောလာတယ်။

သူတုံ့ပြန်ပုံက သဘောကျဖို့ကောင်းပေမဲ့ အဓိပ္ပာယ်မရှိတဲ့ အရာကြီး လေဗျာ။

“ခင်ဗျား ရူးနေလားဗျ၊ ခင်ဗျား အဲဒီလိုလုပ်ရင် ကျွန်တော် သေပြီပဲ” တရုတ်အာဏာပိုင်တွေက ကြက်ခြေနီအဖွဲ့အစည်း ဘာပြောတယ် ဆိုတာကို ဂရုစိုက်မှာ မဟုတ်ကြောင်း ကျွန်တော် သူ့ကို ရှင်းပြလိုက်တယ်။ ကြက်ခြေနီအဖွဲ့အစည်းက ဘာပဲပြောပြော တရုတ် အာဏာပိုင်တွေက ကျွန်တော့်ကို ပြန်ပို့မှာပဲ။ ပြန်ပို့ခံရရင်တော့ သေနတ်နဲ့ ပစ်သတ်ခံရပြီပေါ့။

ကျွန်တော့် အနေအထား ဘယ်လောက် ခက်ခဲနေတယ် ဆိုတာကို သူ နောက်ဆုံးတော့ သဘောပေါက်သွားတယ်။ “ဟုတ်ပြီ၊ ဒါဆို ကျွန်တော် နိုင်ငံခြားရေးဝန်ကြီးကို အခုပဲ ဖုန်းခေါ်လိုက်မယ်''လို့ သူက ပြန်ပြောတယ်။ ကျွန်တော် သူ့ကို ချိုရူဆူရဲ့ ဖုန်းနံပါတ်ပေးထားလိုက်တယ်။ ပြီးတော့ ကျေးဇူးတင်ကြောင်းပြောပြီး ဖုန်းချလိုက်တယ်။ ဒီလူရဲ့ အလုပ် လုပ်ပုံကိုတော့ ချီးကျူးရမယ်။ သူ ကျွန်တော့်ကိစ္စကို အလေးအနက်ထားပြီး မြန်မြန်ဆန်ဆန် အလုပ်လုပ်ပုံရတယ်။ တစ်နာရီခွဲလောက်ကြာတော့ ဝန်ကြီးဌာနရဲ့ အာရှဗျူရိုအရှေ့မြောက်အာရှဌာနခွဲ တစ်ခုက ဖုန်းဝင်လာတယ်။ ဖုန်းထဲကလူက ကျွန်တော့်ကို ပေကျင်းမှာရှိတဲ့ ဂျပန်သံရုံးကို ဖုန်းခေါ်ဖို့ ပြောလာတယ်။

သူပေးတဲ့ ဖုန်းနံပါတ်ကိုနှိပ်ပြီး ကျွန်တော် ဖုန်းခေါ်လိုက်တယ်။ ပြီးတော့

ကျွန်တော့်ရဲ့ ဖြစ်ကြောင်းကုန်စင်ကို နောက်တစ်ကြိမ် ထပ်ရှင်းပြ လိုက်တယ်။

"မင်းက ဂျပန်နိုင်ငံသားအစစ်ဆိုတာ သေချာလား" လို့ ဟိုဘက်က မေးလာတယ်။

ကျွန်တော့်ရဲ့ အသေးစိတ်အချက်အလက်အားလုံးကို ပြောပြလိုက်တယ်။ မွေးရက်၊ မွေးရပ်ဒေသ စတာတွေ ပြောပြလိုက်တယ်။ ကျွန်တော် မြောက်ကိုရီးယားကို သင်္ဘောနဲ့ထွက်လာတဲ့ ရက်စွဲအတိအကျလည်း ပြောပြလိုက်တယ်။ သူတို့ဆီမှာသေချာပေါက် မှတ်တမ်းမှတ်ရာတွေရှိနေမှာပဲလေ။

သူက သူ့အထက်အရာရှိကို သတင်းပို့ပြီး ကျွန်တော့်ကို အကြောင်းပြန်မည်ဖြစ်ကြောင်း ပြန်ပြောတယ်။

ကျွန်တော် ဂျပန်နိုင်ငံသားအစစ်ဆိုတာကို လူတိုင်းက သံသယရှိနေပုံပဲ။ အခုနေ ပြန်စဉ်းစားကြည့်တော့ သူတို့ကိုလည်း အပြစ်တင်လို့မရမှန်း ကျွန်တော် သဘောပေါက်လာတယ်။ ကျွန်တော်က ဂျပန်စကားတောင် ဖြောင့်အောင်မပြောတတ်တော့ဘူး ဖြစ်နေခဲ့တာကိုး။ ဒါပေမဲ့ အချိန်မရွေး အဖမ်းခံရနိုင်တာမို့ ကျွန်တော် ကြောက်လန့်နေဆဲပါပဲ။ မြောက်ကိုရီးယားမှာ ကျန်ခဲ့တဲ့ ကျွန်တော့်မိသားစုအသက်ကိုကယ်ဖို့ အချိန်မမီတော့မှာလည်း ကြောက်လာတယ်။ ကျွန်တော် ဒီအချိန်မှာ ဘယ်သူ့ကိုမှ မစာနာအားဘူး။ ကျွန်တော့်ကို ဂျပန်ပြန်ပို့ပေးနိုင်မဲ့ လူတစ်ယောက် လိုအပ်တယ်။ ဒါမှ ကျွန်တော် အလုပ်လုပ်ပြီး ပိုက်ဆံရှာနိုင်မယ်။ မြောက်ကိုရီးယားမှာ ကျန်ခဲ့တဲ့ မိသားစုကို ပိုက်ဆံထောက်ပံ့နိုင်မယ်။

ချိုရိုရဲ့ ပြောပုံအရတော့ နယ်စပ်မှာ အစိုးရဘက်က ဖုန်းခိုးနားထောင်တာတွေရှိတတ်ကြောင်း သိရတယ်။ ဒီလိုခိုးနားထောင်တာဟာ မြောက်ကိုရီးယားက လွတ်မြောက်လာသူတွေကို စောင့်ကြည့်ဖို့ပဲ မဟုတ်ဘူး။ ဒီနယ်စပ်ဒေသတွေမှာ ရှုရှနဲ့ တောင်ကိုရီးယား စပိုင်တွေလည်း ရှိနေတတ်တယ်။

သူတို့က မြောက်ကိုရီးယားက လွတ်မြောက်လာသူတွေကို ရှာဖွေနေတတ်တယ်။ ဒါမှမဟုတ် သံသယဖြစ်ဖွယ်လုပ်ဆောင်ချက်တွေကို စုံစမ်းနေတတ်တယ်။ ဒီအိမ်မှာ ကြာကြာမနေဘဲ ကျွန်တော် တွေးမိလိုက်တယ်။ အိမ်တွေပြောင်းပြီးနေဦးမှပါလေလို့

နောက်ရက်အနည်းငယ်အတွင်းမှာ ကျွန်တော် တစ်အိမ်ပြီးတစ်အိမ် ပြောင်းနေတယ်။ ဂျပန်သံရုံးကိုလည်း ဖုန်းအမြဲခေါ်တယ်။ သူတို့က ကျွန်တော့်ကို ရှန်ယန်းမှာရှိတဲ့ ဂျပန်ကောင်စစ်ဝန်ရုံးနဲ့ ဆက်သွယ်ဖို့ လွှဲပေးထားတယ်။

“စိတ်ရှည်ပေးပါ။ ဂျပန်မှာရှိတဲ့ ခင်ဗျားရဲ့ ဆွေမျိုးတွေနဲ့ အဆက်အသွယ်ရအောင် ကျွန်တော်တို့ ကြိုးစားပေးနေပါတယ်” လို့ သူတို့က အကြောင်းပြန်လာတယ်။ ဒါပေမဲ့ ကျွန်တော်ကတော့ သိပ်ပြီး စိတ်မရှည်ချင်တော့ဘူး။

နောက်ဆုံးတော့ သူတို့ ကျွန်တော့်အမျိုးတွေဆီကို ဆက်သွယ်နိုင်ခဲ့တယ်။

“ဂုဏ်ယူပါတယ်၊ မင်း ဂျပန်နိုင်ငံသားဖြစ်တယ်ဆိုတာ အတည်ပြုနိုင်ခဲ့ပါပြီ’’ လို့ သူတို့က ကျွန်တော့်ကို အကြောင်းပြန်ခဲ့တယ်။

အဲဒီလို အကြောင်းပြန်လာချိန်မှာ ကျွန်တော် တရုတ်ပြည်ကို ရောက်တာ တစ်ပတ်လောက်ရှိနေခဲ့ပြီ။ အချိန်တိုင်း အဖမ်းခံရနိုင်တာမို့ နေ့ရက်တိုင်းကို ကြောက်စိတ်နဲ့ ဖြတ်သန်းနေရတယ်။ ဒါကြောင့် ရှန်ယန်းက ကောင်စစ်ဝန်ရုံးကို ဖုန်းဆက်ပြီး ကျွန်တော် ထပ်မစောင့်နိုင်တော့ကြောင်း ပြောလိုက်တယ်။

“ဒါဆို ကောင်းပြီလေ၊ ခင်ဗျား ရှန်ယန်းကို လာဖို့လိုတယ်၊ ခင်ဗျားကို စောင့်ရှောက်ပေးနေတဲ့ သူတွေကို ရှန်ယန်းလိုက်ပို့ပေးဖို့ အကူအညီတောင်းကြည့်ပါ၊ အဲဒီလိုပို့ပေးရတဲ့အတွက်လည်း သူတို့ကို ကျွန်တော်တို့ ပိုက်ဆံပေး ပါ့မယ်၊ ရှန်ယန်းမှာ ရုပ်သံလွှင့်တဲ့တာဝါအကြီးကြီး တစ်ခုရှိတယ်၊ အဲဒီတာဝါ ရှေ့မှာ တံတားတစ်ခုလည်း ရှိတယ်၊ အဲဒီကို သန်ဘက်ခါ ညနေ ငါးနာရီ အရောက်လာခဲ့ပေးပါ၊ ခင်ဗျား နားလည်တယ်နော်"

ဖုန်းချပြီးချိန်မှာတော့ ချိုရှုဆူတို့ ညီအစ်ကိုဘက် ကျွန်တော်လှည့်လိုက်တယ်။

‘ခင်ဗျားတို့အားလုံး ကျွန်တော့်အတွက် လုပ်ပေးခဲ့တာ အရမ်းများနေပါပြီ၊ ဒါပေမဲ့ ကျွန်တော် ခင်ဗျားတို့ကို နောက်ဆုံးအကြိမ် အကူအညီတစ်ခု လောက်တောင်းပါရစေ၊ ဒီတစ်ခုက ခပ်သေးသေး အကူအညီတော့ မဟုတ် ဘူးဗျ၊ ကျွန်တော့်ကို ရှန်ယန်းကို လိုက်ပို့ပေးနိုင်မလားဗျာ၊ ကုန်ကျစရိတ်တွေ အားလုံးကို ကောင်စစ်ဝန်ရုံးက ပြန်ပေးပါလိမ့်မယ်” လို့ ကျွန်တော် မဝံ့မရဲ ပြောလိုက်တယ်။

ချိုရိုက တစ်စက္ကန့်တောင် မတုံ့ဆိုင်းဘဲ “ရတာပေါ့၊ ငါတို့ ဘယ်အချိန် ထွက်ကြမလဲ” လို့ မေးလာတယ်။

ကျွန်တော် မျက်ရည်မကျအောင် မနည်းထိန်းထားရတယ်။ သူ့အမေးကိုတော့ “အခု ထွက်ရင်ရော” လို့ ပြန်ဖြေလိုက်တယ်။ ကျွန်တော့်အဖြေကြောင့် အားလုံး ပြိုင်တူရယ်မိကြတယ်။ ချိုရှုဆူက ကားရှိတဲ့ သူ့အသိတစ်ယောက်ကို အကူအညီတောင်း ကြည့်တယ်။ သူ့အသိကလည်း

ကူညီပေးဖို့ သဘောတူတယ်။

နေမဝင်ခင်မှာပဲ ကျွန်တော်တို့ ရှန်ယန်းကိုသွားဖို့ အစီအစဉ် ဆွဲပြီးနေပြီ။

ချိုရိုရဲ့မိန်းမက ကျွန်တော်တို့နဲ့ အတူတူလိုက်ဖို့ စိတ်အားထက်သန် နေလို့ သူ့ပါခေါ်ခဲ့ရတယ်။ စုစုပေါင်း ငါးယောက်ဖြစ်သွားတယ်။

ကျွန်တော် အဲဒီကမထွက်ခင် ကင်မ်ကို သွားတွေ့တယ်။သူ ကျွန်တော့်ကို ကူညီပေးခဲ့တာတွေအတွက် ဘယ်လိုကျေးဇူးတင်ရမှန်းတောင် မသိဘူး။ ကျွန်တော် သူ့ကို ကျေးဇူးတင်စကားဆိုနေရင်း မျက်ရည်တွေ ကျလာတယ်။ သူ့ကို နောက်တစ်ကြိမ် ကျွန်တော် တွေ့ခွင့်ရတော့မှာ မဟုတ်ဘူးဆိုတာ သိနေတယ်။ ကျွန်တော့်အသက်ကို ကယ်တင်ခဲ့တဲ့အတွက် သူ့ကို ကျွန်တော် ကျေးဇူးဆပ်ခွင့်လည်း ရတော့မှာ မဟုတ်ဘူး။

သူ့ကို ကျေးဇူးတင်စကားပြောပြီးနောက် ကျွန်တော်တို့ ငါးယောက် ကားထဲဝင်ပြီး စထွက်လာခဲ့တယ်။

ရှန်ယန်းဟာ ကျွန်တော်တို့ အခု စထွက်လာတဲ့နေရာနဲ့ မိုင်(၂၅၀) လောက် အကွာမှာရှိတဲ့ မြို့ ဖြစ်ပါတယ်။ အဲဒီကို ရောက်ဖို့ဆိုရင် ချန်းပိုင်တောင်တန်းတွေကို ဖြတ်ရတယ်။ ကျွန်တော်တို့ မရပ်မနားမောင်းမယ်ဆိုရင် ရှန်ယန်းကို နှစ်ရက်အတွင်း ရောက်နိုင်တယ်။ တောင်ပေါ်လမ်းတွေက ကျဉ်းမြောင်းပြီး ကွေ့ကောက်တဲ့အပြင် စစ်ဆေးရေးဂိတ်တွေလည်း ရှိတယ်။ ကျွန်တော်တို့ရဲ့ ကားဒရိုင်ဘာက ပထမဆုံး စစ်ဆေးရေးဂိတ်ကို လှမ်းတွေ့တဲ့အခါ ကျွန်တော့်ကို သတိပေးတယ်။ ကားနောက်ခန်းထိုင်ခုံ အောက်မှာ ငုံ့ဝင်ပြီး ပုန်းလိုက်တယ်။ အပေါ်ကနေ မွေ့ရာခင်းတစ်ခုနဲ့ ကိုယ့်ကိုယ့်ကိုယ် ဖုံးလိုက်တယ်။ ရင်ဘတ်ထဲက တဒုန်းဒုန်းမြည်နေတဲ့ နှလုံးခုန်သံကို ကျွန်တော် ပြန်ကြားနေရတယ်။ ကင်မ်ညီအစ်ကိုက ကျွန်တော့် အပေါ်မှာ တက်ထိုင်ထားတယ်။

စစ်သားတစ်ယောက်ရဲ့ အသံကို ကျွန်တော် ကြားနေရတယ်။ အသံကိုကြားရတာတော့ ငယ်ငယ်ရွယ်ရွယ်နဲ့ ဖော်ရွေတဲ့ပုံပါပဲ။

"ခင်ဗျားတို့ ဘယ်ကို သွားကြမလို့လဲဗျ"

"ရှန်ယန်းက အမျိုးတွေဆီကို သွားလည်မလို့ပါဗျာ"

အဲဒီလောက်နဲ့ပဲ ပြီးသွားပါတယ်။ စစ်သားက ကားထဲကလူတွေရဲ့ ခရီးသွားခွင့်ပါမစ်တွေ ဘာတွေတောင် မစစ်ပါဘူး။ ကျွန်တော်တို့ကားကို ဆက်သွားခွင့်ပြုလိုက်တယ်။

'ရှင်းပြီပေါ့" လို့ ချီရူဆူက ပြောပြီး မွေ့ရာပေါ်ကနေ ဖယ်ပေးတယ်။ ကျွန်တော်လည်း မွေ့ရာအောက်က ထွက်လာပြီး ထိုင်ခုံမှာပြန်ထိုင် လိုက်တယ်။

စစ်ဆေးရေးဂိတ်ကို လွယ်လွယ်ကူကူ ဖြတ်လာနိုင်တာ အံ့ဩစရာပဲ။ ဘာကြောင့် ဒီလောက် လွယ်ကူရတာလဲဆိုတာ ချီရူဆူတို့ကို ကျွန်တော် မမေးဘဲ မနေနိုင်ဘူး။

"ဒီလိုလေကွာ.... ဒီစစ်သားတွေက မင်းမြင်တဲ့အတိုင်းပဲ သူတို့က ဒီလို အထီးကျန်စရာ စစ်ဆေးရေးဂိတ်တွေမှာ နာရီပေါင်းများစွာ တာဝန်ထမ်းဆောင်ရတယ်။ ဒါကြောင့် သူတို့က လူတွေနဲ့ စကားပြောရတာမျိုးကို ကြိုက်ကြတယ်"

မြောက်ကိုရီးယားမှာ (၃၆)နှစ်ကြာ နေခဲ့ပြီးတဲ့နောက် ကျွန်တော်ဟာ အခု ဂြိုဟ်အသစ်တစ်ခုကို ရောက်နေသလို ခံစားနေရတယ်။

※

ကျွန်တော်တို့ နှစ်ရက်ဆက်တိုက် မရပ်မနား မောင်းလာခဲ့ကြတယ်။ အပေါ့အပါးသွားတာနဲ့ ခဏ မှိန်းတာမျိုးတော့ လုပ်ကြတယ်။ ဒါပါပဲ။ အဲဒါကလွဲလို့ ကျန်တဲ့အချိန်မှာ ကျွန်တော်တို့ တောက်လျှောက် မောင်းလာ ခဲ့ကြတယ်။ ရှန်ယန်းကို ချိန်းထားတဲ့နေ့ရဲ့ နေ့လယ် နှစ်နာရီဝန်းကျင် လောက်မှာ ရောက်သွားတယ်။

ဒီလောက်များတဲ့ ကားတွေ ကျွန်တော့်ဘဝမှာ တစ်ခါမှ မမြင်ဖူးခဲ့ဘူး။ ကားတွေက နေရာတိုင်းမှာ ပြည့်နေတယ်။ ပွတ်သိပ်ကျပ်ညပ်နေတာပဲ။ ဒါပေမဲ့ ဒီကိစ္စကို ခေါင်းထဲ ကြာကြာ မထည့်အားပါဘူး။ ကျွန်တော် စိတ်လှုပ်ရှားလွန်းလို့ အသက်ရှူဖို့တောင် မေ့နေတယ်။ တစ်ချိန်တည်းမှာပဲ အရမ်းလည်း စိုးရိမ်ကြောင့်ကြနေတယ်။ မြောက်ကိုရီးယား ကောင်စစ်ဝန်ရုံး လည်း ဒီမှာ ရှိနေမှာပဲလေ။ ဒါ့အပြင် မြောက်ကိုရီးယားလျှို့ဝှက်ရဲတွေလည်း ရှိနေမှာ သေချာတယ်။

တီဗွီတာဝါတိုင်အကြီးကြီးကို ကျွန်တော်တို့ ရှာတွေ့သွားတယ်။ ဖုန်းထဲမှာ ပြောခဲ့တဲ့သူရဲ့ စကားက မှန်သား။ ဒီတာဝါတိုင်ကြီးက ရောမကြီး ဆိုတော့ ရှာမတွေ့စရာ အကြောင်းမရှိဘူးလေ။

ကျွန်တော် အဲဒီနားတစ်ဝိုက်မှာ ကားကိုရပ်လိုက်ပြီး အပြင်ထွက်လိုက်တယ်။ ပြီးတော့ တံတားဆီ ဦးတည်ပြီး လျှောက်သွားတယ်။ ကင်မ်ညီအစ်ကိုက ကျွန်တော့်ဘေး တစ်ဖက်တစ်ချက်မှာ ဝန်းရံပြီး

လျှောက်လာတယ်။

ကျွန်တော်တို့ တံတားပေါ်ကို ရောက်တော့ ကျွန်တော် ကောင်စစ်ဝန် ရုံးကို အများသုံးတယ်လီဖုန်းက တစ်ဆင့်ခေါ်လိုက်တယ်။ ဖုန်းကို နားနား ကပ်တဲ့အချိန်မှာ ကျွန်တော့်လက်တွေ တဆတ်ဆတ်တုန်နေတယ်။

"ဟယ်လို..ကျွန်တော် အီရီကာဝါပါ၊ ကျွန်တော် တံတားပေါ်ရောက် နေပါပြီ၊ ကျွန်တော်တို့ တွေ့ဖို့ချိန်းထားတဲ့အချိန်ထိ ကျွန်တော် စောင့်နိုင်မယ် မထင်ဘူး၊ အရမ်းအန္တရာယ်များလွန်းတယ်၊ အခု ကျွန်တော် ဖုန်းခေါ်တာ ကိုတောင် ခိုးနားထောင်နေမလား မသိဘူး၊ ကျွန်တော် အဖမ်းမခံချင်ဘူး။ ကျေးဇူးပြုပြီး ကျွန်တော့်ကို လာခေါ်ပေးပါ'

သူတို့ရဲ့ အဖြေကို မစောင့်တော့ဘဲ ကျွန်တော် ပြောချင်တာပြောပြီး ဖုန်းချလိုက်တယ်။

အဲဒီအချိန်မှာ ချိုရူဆူ ကျွန်တော့်ကို ပြောခဲ့တဲ့ စကားတစ်ခွန်းကို ကျွန်တော် တစ်သက်လုံး မေ့မှာ မဟုတ်ဘူး။ "စိတ်မပူပါနဲ့ကွ၊ တစ်ခုခုဖြစ်လာ ခဲ့ရင် မင်းကို ငါ့အသက်စွန့်ပြီး ကာကွယ်ပါ့မယ်" တဲ့။

ကျွန်တော် သူ့ကို ခေါင်းညိတ်ပြလိုက်တယ်။ ဒါပေမဲ့ ကျွန်တော် ကောင်းကောင်း အာရုံမစူးစိုက်နိုင်ဘူးဖြစ်နေတယ်။ ကျွန်တော့်ဘေးက ဖြတ်သွားတဲ့ လူတိုင်းကို မယုံဘူးဖြစ်နေတယ်။ ကျွန်တော် မကြာခင် အဖမ်းခံ ရတော့မယ်လို့ပဲ ထင်နေမိတယ်။ နှလုံးခုန်သံကလည်း ကဆုန်ပေါက်နေတဲ့ မြင်းတစ်ကောင်လိုပဲ၊ ဝုန်းဒိုင်းကြဲနေတယ်။ လည်ချောင်းက ခြောက်ကပ်လာတယ်။ လက်ဖဝါးတွေ စေးကပ်လာတယ်။

ရုတ်တရက် ကျွန်တော့် နာမည်ကို တစ်စုံတစ်ယောက် ခေါ်တာ ကြားလိုက်ရတယ်။ အသံက နောက်ဘက်က ထွက်လာတာ။

"ခင်ဗျားက မစ္စတာ အီရီကာဝါလား"

ကျွန်တော် လှည့်ကြည့်လိုက်တော့ ဈေးတော်တော်ကြီးပုံပေါ်တဲ့ သားသားနားနား အနောက်တိုင်းဝတ်စုံကို ဝတ်ဆင်ထားတဲ့ လူနှစ်ယောက် ကို တွေ့လိုက်တယ်။

သူတို့ထဲက တစ်ယောက်က "ကျွန်တော့်နာမည်က ကူဆာကာရီပါ၊ ကျွန်တော်က ကောင်စစ်ဝန်ရုံးကပါ၊ ခင်ဗျား တကယ့်ကို တုန်လှုပ်ချောက်ချား ဖွယ် ဒုက္ခတွေကို ဖြတ်သန်းခဲ့ရတာပဲ၊ ကျွန်တော် ခင်ဗျားကို ချီးကျူးပါတယ်၊ အခုတော့ သွားကြရအောင်ဗျာ" လို့ ပြောတယ်။

သူက ကျွန်တော့်လက်ကို ဆွဲပြီး ခေါ်သွားတယ်။

သူနဲ့ပါလာတဲ့ နောက်တစ်ယောက်က ချိုရိုနဲ့ ချိုရှုဆူတို့ကို ဆုကြေးငွေ ပေးနေတာ မြင်နေရတယ်။ ကျွန်တော် မြင်ရသလောက်တော့ တော်တော် များပုံရတယ်။ သူတို့ လုပ်ပေးခဲ့သမျှ အရာအားလုံးအတွက် အခုလို ပြန်ရတာ ကို မြင်တော့ ကျွန်တော် စိတ်သက်သာရာ ရသွားတယ်။

သူတို့ညီအစ်ကိုပုံကလည်း တော်တော်လေး အံ့အားသင့်နေပုံပဲ။

"ကျွန်တော် ခင်ဗျားတို့ကို ဘာပြောရမှန်းတောင် မသိပါဘူးဗျာ။ ခင်ဗျားတို့ ကျေးဇူးတွေကို ကျွန်တော် စကားလုံးနဲ့ ဖော်ပြလို့လည်း လုံလောက်မှာ မဟုတ်ပါဘူး။ အားလုံးပဲ ဂရုစိုက်ကြနော်'' လို့ ပြောရင်း ကျွန်တော် သူတို့ကို နှုတ်ဆက်လိုက်တယ်။

သူတို့ကလည်း "ခင်ဗျားလည်း ဂရုစိုက်နော်၊ အိမ်ကို ကောင်းကောင်း ပြန်နိုင်ပါစေ' လို့ ကျွန်တော့်ကို လှမ်းပြောတယ်။ အဲဒီနောက် သူတို့အားလုံး မြင်ကွင်းထဲက ပျောက်ကွယ်သွားကြတယ်။

ကျွန်တော်တို့လည်း ကောင်စစ်ဝန်ရုံးထဲကို လမ်းလျှောက်ဝင်သွား ကြတယ်။ ကောင်စစ်ဝန်ရုံးက ကျွန်တော်တို့ ကားရပ်ထားတဲ့ နေရာနဲ့ ကိုက်(၅၀၀) အကွာလောက်မှာ ရှိပြီး လေးဖက်လေးတန် အုတ်တံတိုင်း အမြင့်ကြီးတွေနဲ့ ကာရံထားတယ်။ ကျွန်တော့်အတွက်တော့ အဆင်ပြေ သပေါ့။ ဂိတ်ဝမှာ တရုတ်ရဲအချို့ လက်နက်အပြည့်အစုံနဲ့ ရပ်စောင့်နေကြတယ်။ ကျွန်တော်တို့ နေ့လယ်နှစ်နာရီခွဲလောက်မှာ ကောင်စစ်ဝန်ရုံးထဲကို လမ်းလျှောက် ဝင်လာကြတယ်။ အဲဒီထဲကို ရောက်သွားတဲ့ ခံစားချက်ကို ကျွန်တော် ဘယ်လို ပြောပြရမှန်းတောင် မသိဘူး။ ကျွန်တော့်စိတ်ခံစားမှု တွေက ပြင်းထန်ပြီး ရှုပ်ထွေးနေတယ်။ ကိုယ့်ရဲ့ ဝမ်းသာလုံးဆို့လောက်ဖွယ် ဖြစ်နေတဲ့ ဖြစ်ရပ်က မယုံနိုင်စရာပဲ။ ဒီကိုရောက်လာလို့ စိတ်သက်သာရာ ရနေပေမဲ့ ကျွန်တော့် သားသမီးတွေရဲ့ပုံရိပ်က မျက်လုံးထဲမှာ ခဏခဏ လာပေါ်နေတယ်။ စူးစူးရှရှနာကျင်မှုတစ်ခုက ကျွန်တော့် ရင်ဘတ်ထဲမှာ ပွဲတင်ထပ်နေသလိုပဲ။ ဘယ်တော့မှ ရပ်တန့်မသွားတဲ့ နာကျင်မှုမျိုး။

※

ကျွန်တော် ညသန်းခေါင်အချိန်တွေမှာ လန့်လန့်နိုးလာတတ်တယ်။

ကျွန်တော် လုံခြုံစိတ်ချရတဲ့နေရာကို ရောက်နေပြီဆိုတာ သိတော့သိပါတယ်။ ဒါပေမဲ့ ကျွန်တော် အဖမ်းခံရတဲ့ အိမ်မက်ဆိုးတွေ

မက်နေတုန်းပဲ။ မကြာခဏ ဆိုသလို ချွေးစေးတွေပြန်ပြီး လန့်လန့်နိုးလာတတ်တယ်။ အသံတိုးတိုးလေး တစ်ခုခု ကြားရင်တောင် ကျွန်တော် ကြောက်လန့်မိတယ်။ ကြမ်းပြင်က ကျွီခနဲမြည်တဲ့ အသံမျိုး၊ လေတိုက်လို့ သစ်ရွက်တွေ ပွတ်တိုက်သွားတဲ့ အသံမျိုးကိုတောင် ကျွန်တော် လန့်နေတယ်။ မြောက်ကိုရီးယား လျှို့ဝှက် ရဲတွေ ကျွန်တော့်ကို လာခေါ်သွားမယ်လို့ပဲ စိတ်ထဲ ထင်နေမိတယ်။

ကောင်စစ်ဝန်က ကျွန်တော့်ကို မြင်မြင်ချင်း ပါးစပ်အဟောင်းသားနဲ့ အံ့ဩနေခဲ့တယ်။

"ဘုရားရေ..ခင်ဗျားကို သူတို့ဘယ်လိုများ လုပ်ခဲ့ကြပါလိမ့်။ ခင်ဗျား ကြည့်ရတာ အရိုးခြောက်တစ်ခုလိုပဲ''လို့ သူက အံ့ဩတကြီး ပြောတယ်။ မြောက်ကိုရီးယားမှာ လူတွေငတ်ပြီး သေနေကြတယ်ဆိုတာကို ကျွန်တော် ပြောပြတော့ ကောင်စစ်ဝန်ရဲ့ မိန်းမက မျက်ရည်တွေကျလာခဲ့ပြီး ငိုနေခဲ့တယ်။ သူက ဒီသတင်းတွေကိုကောလာဟလ အဖြစ်သာ ကြားခဲ့ပုံရပါတယ်။ တကယ်ဖြစ်နေတာက ကောလာဟလတွေထက် အများကြီး ပိုဆိုးတယ် ဆိုတာ သူမသိခဲ့ဘူး။

ကျွန်တော့်ကို သူတို့ထားတဲ့အခန်းမျိုး ကျွန်တော့်တစ်သက် တစ်ခါမှ မမြင်ဖူးခဲ့ဘူး။ သက်သောင့်သက်သာ အိပ်လို့ရတဲ့ ခုတင်နှစ်လုံးပါဝင်ပြီး ရေချိုးခန်း အိမ်သာလည်း ပါတယ်။ ကျွန်တော် မြောက်ကိုရီးယားမှာ မသေရုံတစ်မည် ရုန်းကန်နေရတုန်းက ဒီလိုအခန်းမျိုးမှာ နေရဖို့ စိတ်ကူး တောင် မယဉ်ခဲ့ဖူးဘူး။ နေ့ရက်တွေ တစ်နေ့ ပြီးတစ်နေ့ ကုန်ဆုံးလာလေလေ ကျွန်တော့်စိတ်တွေ ပိုပြီးဂနာမငြိမ်ဖြစ်လာလေလေပဲ။ ကျွန်တော် ဒီအခန်းထဲ ရောက်နေတာကို အခုထက် မယုံနိုင်သေးသလို အံ့အားသင့်နေတုန်းပဲ။ စိတ်သက်သာရာရတဲ့စိတ်တွေ ဖုံးလွှမ်းလာတိုင်း ကျွန်တော့်သားသမီးတွေရဲ့ ပုံရိပ်က စိတ်ထဲမှာ အလိုလိုပေါ်လာတယ်။ သူတို့ရဲ့ "အဖေ..အဖေ" လို့ ခေါ်နေတဲ့အသံတွေကို ကြားနေသလိုပဲ။ ငတ်ပြတ်နေတဲ့ သူတို့အကြောင်း စိတ်ထဲတွေးမိတိုင်း ကျွန်တော့်ရှေ့မှာ ရောက်နေတဲ့ အစားအသောက်ကောင်း တွေကို စိတ်လွတ်ကိုယ်လွတ် အရသာခံပြီး မစားရက်ဘူး။ ညတိုင်း အိပ်ရာမဝင်ခင် သူတို့နဲ့အတူ သီချင်းဆိုခဲ့တာကိုလည်း သတိရတယ်။ သူတို့သုံးယောက်လုံးက အဆိုကောင်းတွေချည်းပဲ။ သူတို့ သီချင်းဆိုပြီဆိုရင် သူတို့ရင်ထဲက ခံစားချက်တွေကို အတိုင်းသား မြင်နေရတယ်။ ဝမ်းနည်းစရာ သီချင်းဆိုရင် မျက်ရည်လေးတွေကျပြီး ဆိုကြတာဗျ။ အခုအချိန်ထိအဲဒီအကြောင်းတွေးရင် ကျွန်တော် မျက်ရည်မကျဘဲ မနေနိုင်ဘူး။

အချိန်နှစ်ပတ်ကုန်လွန်သွားခဲ့ပြီ။ မနက်ခင်းတစ်ခုမှာ မုတ်ဆိတ်ရိတ် ရင်း

ကျွန်တော့်မျက်နှာက အသားအရည်တွေ ပုံမှန်အရောင် ပြန်ဖြစ်လာတာကိုသတိထားမိလိုက်တယ်။ ကျွန်တော့်ပါးတွေကလည်း အရင်လိုချိုင့်ဝင်မနေ တော့ဘူး။ ကျွန်တော့်ရဲ့ လုံခြုံရေးအတွက် ကျွန်တော် အခန်းထဲမှာပဲ အမြဲနေ ရတယ်။ ဒီကောင်စစ်ဝန်ရုံးမှာရှိတဲ့ စားဖိုမှူးတွေ၊ အကူဝန်ထမ်းတွေတောင် ကျွန်တော် ဒီအခန်းထဲမှာ ရှိနေတာ မသိကြဘူး။ သူတို့တွေထဲမှာလည်း မြောက်ကိုရီးယား သူလျှိုတွေ ရှိနိုင်တာမို့ ကောင်စစ်ဝန်က ကျွန်တော် ဒီကိုရောက်နေတာ ဘယ်သူ့ကိုမှ အသိမပေးထားဘူး။ တစ်ယောက်ယောက်က တရုတ်အာဏာပိုင်တွေဆီ ကျွန်တော့်အကြောင်း တိုင်တန်းတာမျိုး အချိန်မရွေး ဖြစ်လာနိုင်တယ်လေ။ ဒါကြောင့် ကျွန်တော်တို့ အချင်းချင်းကြားမှာတောင် ကြိုတင်ကာကွယ်တဲ့အနေနဲ့ သီးသန့်အချက်ပေး ပုံစံထားပြီး ဆက်သွယ်ကြတယ်။ တံခါးကို ငါးချက်ခေါက်မှ ကျွန်တော်က တံခါးဖွင့်ပေးရတယ်။ ငါးချက်ခေါက်တာမျိုး မဟုတ်ရင် တံခါးကိုမဖွင့်ရဘူး။ ကောင်စစ်ဝန်ရုံးထဲက ဂျပန်လူမျိုးဝန်ထမ်းတွေကလွဲပြီး ကျွန်တော့်အကြောင်း ဘယ်သူမှ မသိကြ ဘူး။

ကျွန်တော်စားနေရတဲ့ အစားအသောက်တွေက တကယ်တော့ ကောင်စစ်ဝန်ရဲ့ မိန်းမ စားဖို့ ပြင်ဆင်ထားတဲ့ အစားအသောက်တွေ။ ကောင်စစ်ဝန်ရဲ့ မိန်းမက အဲဒီ အစားအစာတွေကို စားချင်ယောင်ဆောင်ပြီး တိတ်တိတ်လေး ကျွန်တော့်ဆီ အမြဲယူလာပေးတယ်။ သူတော့ ဘာတွေ စားလဲ ကျွန်တော် မသိခဲ့ဘူး။ သူလာပို့တဲ့ အစားအသောက်တွေကို အခုအချိန်ထိ မှတ်မိနေဆဲပဲ။ အဲဒီအစားအသောက်တွေက နတ်သုဒ္ဓါ အလားပဲ။ သူများတွေအတွက်တော့ ပုံမှန်အစားအစာ ဖြစ်ချင်ဖြစ်မှာပေါ့။ ဒါပေမဲ့ ကျွန်တော့်အတွက်တော့ ဒီအစားအသောက်တွေဟာ ထူးခြား ကောင်းမွန် လွန်းနေတယ်။ အသီးအရွက်တွေ၊ အသားငါးတွေ အပြည့်ပဲ။ မြောက်ကိုရီး ယားမှာသာ ဒီလို အစားအစာတွေ လာကျွေးရင် ကျွန်တော် အားလုံးကို အငမ်းမရ စားပစ်လိုက်မှာ သေချာတယ်။ ဒါပေမဲ့ ကျွန်တော် စိုးရိမ်စိတ်တွေ လွန်ကဲပြီး ခံတွင်းလည်း ပျက်နေတယ်။

နေ့ဘက်မှာ ပြတင်းပေါက်က လှမ်းကြည့်လိုက်ရင် လမ်းဖြတ်ကူးနေတဲ့ လူတွေကို မြင်နေရတယ်။ အဲဒီလူတွေ အားလုံးဟာ သူလျှိုတွေဖြစ်ပြီး ကျွန်တော့်ပြတင်းပေါက်ကို လှမ်းချောင်းနေကြတာလို့ ကျွန်တော် အမြဲထင်နေတယ်။ တစ်ခါတလေ ခေါင်မိုးပေါ်က ခြေသံ ကြားရသလိုပဲ။ ကျွန်တော် နားကြားမှားတာပဲ ဖြစ်မှာပါ။ ကူဆာကာရီကိုတောင် အဲဒီအကြောင်း ကျွန်တော် ပြောပြဖြစ်ခဲ့တယ်။ ကျွန်တော်ပြောပြီး သိပ်မကြာလိုက်ပါဘူး၊ ကူဆာကာရီက အမိုးပေါ်က လျော့တိလျော့ရဲဖြစ်နေတဲ့နေရာတွေကို ပြုပြင် လိုက်ပြီလို့ ကျွန်တော့်ကို လာအကြောင်းကြားတယ်။ ကျွန်တော့်စိတ်တွေ ငြိမ်အောင်

သူလုပ်ပေးတာပဲ ဖြစ်ပါလိမ့်မယ်။

ကောင်စစ်ဝန်ကလည်း ကျွန်တော့်စိတ်တွေ ငြိမ်သက်လာအောင် အားပေးစကားဆိုတယ်။ "မစိုးရိမ်ပါနဲ့ကွ၊ ငါတို့ မင်းကို ဂျပန်ရောက်အောင် ပြန်ပို့မှာပါ" လို့ သူက ပြောတယ်။ တစ်ခါတလေ ဝန်ထမ်းတွေအားလုံး ပြန်သွားပြီးချိန်ဖြစ်တဲ့ ညကိုးနာရီလောက်ဆိုရင် ကျွန်တော့်ကို လာခေါ်ပြီး အပန်းဖြေခန်းထဲ လိုက်ပို့တယ်။ အဲဒီအပန်းဖြေခန်းထဲမှာ ကာရာအိုကေစက် လည်း ရှိသလို တီဗွီလည်းရှိတယ်။ ကောင်စစ်ဝန်က ရှိုဂီ(ဂျပန်စစ်တုရင်) ခုံလေးကိုင်ပြီး 'လာစမ်းပါကွာ... တစ်ပွဲတစ်လမ်းလောက် အကဲစမ်းရအောင်" လို့ ပြောတယ်။

ကောင်စစ်ဝန်နဲ့ သူ့ဝန်ထမ်းတွေ နေ့ဘက်မှာ ဘာတွေလုပ်ကြလဲတော့ ကျွန်တော်လည်း မသိဘူး။ ကျွန်တော်က အခန်းထဲမှာပဲ အမြဲနေရတာကိုး။ ဒါပေမဲ့ သူတို့ တရုတ်အစိုးရနဲ့ တစ်နည်းတစ်ဖုံ ညှိနှိုင်းနေခဲ့တယ်လို့တော့ ကျွန်တော် ယုံကြည်တယ်။ အဲဒီနောက် သိပ်မကြာခင်မှာပဲ ပေကျင်းမှာရှိတဲ့ ဂျပန်သံရုံးက ပထမအတွင်းဝန် ရောက်လာခဲ့တယ်။ ကောင်စစ်ဝန်တို့ ကျွန်တော့်ကိစ္စကို အာရုံစိုက်ပြီးလုပ်ပေးနေတယ်လို့ တွေးထားတာ မှန်သွားပုံပဲ။

ပထမအတွင်းဝန်က ပညာတတ်ပုံစံပါပဲ။ ကျွန်တော့်အခြေအနေကို သူပိုပြီး နားလည်သဘောပေါက် လာအောင် သူ့ကို မေးခွန်း နည်းနည်း မေးကြည့်ပေမဲ့ သူကတော့ "မစိုးရိမ်နဲ့၊ အားတင်းထား''လို့ပဲ ပြန်ပြောတယ်။ အဲဒီထက်ပိုပြီး ဘာမှမပြောဘူး။

ရက်အနည်းငယ်ကြာတော့ သူ ကျွန်တော့်အခန်းဆီ ရောက်လာပြီး ကျွန်တော့်ကို စာရွက်စာတမ်းတစ်ခုပေးတယ်။ "ကျေးဇူးပြုပြီး ဒီစာရွက်ကို ဖတ်ပြီး လက်မှတ်ထိုးပေးပါ" လို့ သူက ပြောတယ်။

အဲဒီစာရွက်က တကယ်တော့ နိုင်ငံခြားရေး ဝန်ကြီးဌာနကနေ ကျွန်တော့်ဆီကို သီးသန့်ပို့တဲ့ စာတစ်စောင် ဖြစ်ပါတယ်။ အဲဒီစာထဲမှာ "ဂျပန်အစိုးရက ခင်ဗျားကို ကူညီခဲ့တယ်ဆိုတာကို အချိန်အတိုင်းအတာတစ်ခု အထိဘယ်သူ့ကိုမှမပြောပါနဲ့" ဆိုတဲ့ စာသားပါဝင်တယ်။ ကျွန်တော်ကတော့ ဘာမှ ထွေထွေထူးထူး စဉ်းစားမနေဘူး။ လက်မှတ်ချက်ချင်း ထိုးပေးလိုက်တယ်။ အဲဒီနောက် ပထမအတွင်းဝန်က ပေကျင်းကို ပြန်သွားတယ်။

တစ်ပတ်လောက်ကြာတော့ ကျွန်တော့်ကို ကောင်စစ်ဝန်က ခေါ်တွေ့တယ်။ ပြီးတော့ ကျွန်တော့်ကို ဓာတ်ပုံတစ်ပုံ ရိုက်တယ်။ အဲဒီဓာတ်ပုံကို ပတ်စ်ပို့စ်မှာ အသုံးပြုမှာဖြစ်ကြောင်း ရှင်းပြတယ်။

ကျွန်တော့်နောက်ကွယ်မှာ ကျွန်တော်မသိလိုက်ဘဲ တစ်ခုခုဖြစ်နေမှာ

အရမ်းစိုးရိမ်မိတယ်။ ပတ်စ်ပို့စ်ကိစ္စအတွက်တော့ ပျော်တာပေါ့။ တော်တော်ကို အလားအလာကောင်းတဲ့ တိုးတက်မှုပဲလေ။ ဒါပေမဲ့ ညှိနှိုင်းဆွေးနွေးမှုတွေက ဘာလို့ ဒီလောင်တောင် ကြာနေရတာလဲ။ သူတို့ ညှိနှိုင်းဆွေးနွေးရာမှာ အခက်အခဲတစ်ခုခုတော့ ကြုံနေပြီလို့ ကျွန်တော် ထင်မိတယ်။

အဲဒီညမှာ ကျွန်တော် ကောင်စစ်ဝန်နဲ့ ရှိုဂီ ကစားရင်း ဘာလို့ ဒီလောက်တောင် ကြာနေရတာလဲဆိုတာကို မေးကြည့်တယ်။ သူက ကျွန်တော့်ကို ပြင်သစ်ကော့ညက်အရက် တိုက်ထားတော့ ကျွန်တော်လည်း လိုတာထက်ပိုပြီး ရဲတင်းလာကာ သူ့ကို မေးမိတယ်။ ကျွန်တော်လည်း ကျွန်တော့်မိသားစုအတွက် စိုးရိမ်စိတ်တွေများနေပြီး ကျွန်တော့်အနာဂတ် အတွက်လည်း တော်တော်ကို စိတ်ပူနေမိခဲ့ပြီလေ။

"ကျွန်တော် ဘယ်တော့ ဂျပန်ကို ပြန်ရမှာလဲ၊ အခု ကျွန်တော့်ကို လူကြီးမင်း ပြောပြသင့်ပြီထင်တယ်''

သူက ရှိုဂီ ကစားနေရင်း ခဏရပ်သွားပြီး ကျွန်တော့်ကို ကြည့်တယ်။ "တရုတ်အစိုးရက ခင်ဗျားကို ထွက်ခွာခွင့်ဗီဇာ မပေးသေးဘူး၊ ဒါပေမဲ့ ဒါက လုပ်ရိုးလုပ်စဉ် တစ်ခုပါပဲ၊ အားလုံးအဆင်ပြေအောင် ပထမ အတွင်းဝန်က အကောင်းဆုံး ကြိုးစားပေးနေပါတယ်၊ အခြေအနေတွေက မကြာခင် ကျွန်တော်တို့ဘက် ပါလာတော့မှာပါ၊ ဒါကြောင့် မစိုးရိမ်ပါနဲ့၊ စိတ်လျှော့ထားပါ"

ဂျပန်အစိုးရရဲ့သတ်မှတ်ပုံအ အရတော့ မြောက်ကိုရီးယားကို ပြောင်းရွှေ့ သွားပြီး မြောက်ကိုရီးယားနိုင်ငံသားခံယူမှု မလုပ်ခဲ့တဲ့ ကျွန်တော်တို့လိုလူမျိုး တွေဟာ ဂျပန်နိုင်ငံသားဖြစ်နေဆဲပါပဲတဲ့။ ဒါပေမဲ့ မြောဂ သားအစိုးရ မြာက်ကိုရီးယား ကတော့ အဲဒီလို မတွေးပါဘူး။ မြော မြောက်ကိုရီးယားအစိုးရရဲ့ သတ်မှတ်ပုံအရ တော့ မြောက်ကိုရီးယားကို ပြောင်းရွှေ့လာသူအားလုံးဟာ ခုအားလုံးဟာ မြောက်ကိုရီးယား နိုင်ငံသားအလိုလျောက်ဖြစ်ပြီးသားပါတဲ့။ မြောက်ကိုရီးယားတွေရဲ့ရှုထောင့် ကြည့်ရင် ကျွန်တော်ဟာ ဂျပန်အစိုးရရဲ့ ပြန်ပေးဆွဲခြင်းကို ခံနေရတဲ့ မြောက်ကိုရီးယားနိုင်ငံသား တစ်ယောက်လို ဖြစ်နေပါတယ်။

ပထမအတွင်းဝန်နဲ့ နိုင်ငံခြားရေးဝန်ကြီးဌာနကတော့ ကျွန်တော် မာဆာဂျီအီရှီကာဝါဟာ ဂျပန်နိုင်ငံသားတစ်ယောက်ဖြစ်လို့ တရုတ်အစိုးရ အနေနဲ့ ကျွန်တော့်ကို မြောက်ကိုရီးယားပြန်ပို့စရာ ဘာအကြောင်းမှ မရှိကြောင်း ခိုင်ခိုင်မာမာ ပြောဆိုဖိအားပေးနေခဲ့ပါတယ်။ ဒီအချက်က ညှိနှိုင်းဆွေးနွေးရေးမှာ အဓိကကျတဲ့အချက်ဖြစ်နေပါတယ်။ ဆွေးနွေးမှုမှာ အဓိကအချက်က တရုတ်အစိုးရအနေနဲ့ ဆက်ဆံရေးမှာ မျက်နှာမပျက်ဖို့ ဖြစ်ပါတယ်။

မြောက်ကိုရီးယားအစိုးရနဲ့ နောက်ရက်အနည်းငယ်ကြာတော့ ကျွန်တော် ကောင်စစ်ဝန်နဲ့ စကားပြောနေတုန်း ပထမအတွင်းဝန်ဆီက ဖုန်းဝင်လာတယ်။ ကောင်စစ်ဝန်က ဖုန်းကို ကောက်ကိုင်လိုက်ပြီး ဘေးမှာရှိတဲ့ ရေဒီယိုကို အသံချဲ့လိုက်တယ်။ ပြီးတော့ ကျွန်တော့်ဘက် လှည့်ပြီး “ဒီလို လုပ်လိုက်ရင် ငါ့ဖုန်းကို သူတို့ ခိုးနားထောင်လို့ မရတော့ဘူးလေ"လို့ ရှင်းပြတယ်။

ဖုန်းချပြီးနောက်မှာတော့ သူက ကျွန်တော့်ကိစ္စမှာ ပါဝင်ပတ်သက်နေသူအားလုံးကို အစည်းအဝေးခေါ်လိုက်တယ်။

“တရုတ်အစိုးရက ဒီကိစ္စကို မျက်ကွယ်ပြုပေးထားမယ်တဲ့၊ ပိုပြီး တိတိကျကျပြောရရင် မစ္စတာအီရှီကာဝါအနေနဲ့ တရုတ်အစိုးရရဲ့ ခွင့်ပြုချက်မပါဘဲ တရုတ်ကနေ ထွက်နိုင်ခဲ့ရင် တရုတ်အစိုးရအတွက် အဆင်ပြေသွားပြီ၊ ဒါက သတင်းကောင်းပါ၊ သတင်းဆိုးကတော့ အကယ်၍ မစ္စတာအီရှီကာဝါ ကို လျှို့ဝှက်ရဲဖြစ်ဖြစ်၊ သူလျှိုဖြစ်ဖြစ် မြင်လို့ အဖမ်းခံရရင် တရုတ်အစိုးရက ဘာမှ ဝင်လုပ်ပေးမှာ မဟုတ်ပါဘူးတဲ့''

ဆွေးနွေးမှု အပြီးသတ်ဖို့နဲ့ လေယာဉ်စီစဉ်ဖို့ ရက်အနည်းငယ် ထပ်ကြာဦးမယ်လို့ ပထမအတွင်းဝန်က မှန်းထားတယ်။ နောက်ထပ် လေးရက်ကြာရင် ကျွန်တော်တို့ကို ပြန်ဆက်သွယ်မယ်လို့လည်း သူက ပြောတယ်။ အဲဒီအချိန် ကျရင် ကျွန်တော်က လေယာဉ်စီးရမဲ့ တလျန်မြို့ကို ပြောင်းရမယ်။

ဒါပေမဲ့ ဒါကို ကျွန်တော် သဘောမတူနိုင်ဘူး။ ‘‘ပထမအတွင်းဝန်က ကျွန်တော်တို့ကို ဆက်သွယ်ပြီးချိန်မှ ကျွန်တော်က တလျန်မြို့ကိုပြောင်းတယ် ဆိုပါစို့၊ အဲဒီအချိန်မှာ ကျွန်တော်အဖမ်းခံရရင် ကျွန်တော့်ဘဝ ရေစုန်မျောပြီလေ၊ ကျွန်တော်တို့ အခုပဲ တလျန်မြို့ကို ပြောင်းထားသင့်တယ်လို့ ကျွန်တော်ကတော့ ထင်တယ်၊ ပထမအတွင်းဝန် ဆက်သွယ်လာမှာကို အဲဒီကပဲ စောင့်သင့်တယ်" လို့ ကျွန်တော် ပြောလိုက်တယ်။ တရုတ်အစိုးရက ကောင်စစ်ဝန်ရုံးထဲက တယ်လီဖုန်းပြောဆိုမှုတွေကို ခိုးနားထောင်နေတယ်လို့ ကျွန်တော်ကတော့ ထင်တယ်။ ဒီတော့ ကျွန်တော်တို့ ဖုန်းပေါ်မှာ ဘယ်နေ့ ဘယ်မှာ တွေ့ပါမယ်ဆိုပြီး ချိန်းလိုက်တာနဲ့ တရုတ်အစိုးရက သတင်းရပြီး ကျွန်တော့်ကို အလွယ်တကူ ဖမ်းလို့ရတယ်။

ကောင်စစ်ဝန်က ကျွန်တော် အကြံပေးတာကို ခဏစဉ်းစားပြီး နာရီကို တစ်ချက်ကြည့်လိုက်တယ်။ ပြီးတော့ “အိုကေ အဲဒီလို လုပ်ကြတာပေါ့၊ အခု သွားကြရအောင်” လို့ ပြောလိုက်တယ်။ တကယ်တော့ အချိန်က ညသန်းခေါင် ကျော်နေပြီ။

ဝန်ထမ်းတွေအားလုံးလည်း ပြင်ဆင်စရာတွေ ပြင်ဆင်ရင်း အသီးသီး

အလုပ်ရှုပ်နေကြတယ်။

ကောင်စစ်ဝန်ရဲ့မိန်းမက ကျွန်တော်ဝတ်ဖို့ ကောင်စစ်ဝန်ရဲ့ အနောက်တိုင်းဝတ်စုံတစ်စုံကို ပေးတယ်။ တော်တော်ကို အရည်အသွေးကောင်းတဲ့ ဝတ်စုံဗျ။ ဘဝမှာ တစ်ခါမှ ဒါမျိုးမဝတ်ဖူးဘူး။ ကုန်ကုန်ပြောရရင် မြင်ကို မမြင်ဖူးတာဗျာ။ နောက်ပိုင်းမှသိရတာက ကျွန်တော့်ကိုပေးတဲ့ အဝတ်အစား တွေထက် ပိုမိုသားနားတောက်ပြောင်ဈေးကြီးတဲ့ အနောက်တိုင်းဝတ်စုံ အမျိုးမျိုး ရှိနေသေးတယ်ဆိုတာပါပဲ။ ဒါပေမဲ့ အဲဒီအချိန်တုန်းကတော့ ကောင်စစ်ဝန်ရဲ့မိန်းမပေးတဲ့ ဝတ်စုံကိုဝတ်ရတာ ကျွန်တော့်အတွက်တော့ မင်းသားတွေဝတ်တဲ့ အဝတ်အစားကို ဝတ်လိုက်ရသလိုပါပဲ။ ကျွန်တော် အဝတ်လဲပြီးတဲ့အချိန်မှာ ကောင်စစ်ဝန်ရဲ့မိန်းမက အခြား အဝတ်အစားတွေ ထည့်ထားတဲ့အိတ်တစ်လုံးကို ထပ်ပေးတယ်။

ကျွန်တော် သူနဲ့လက်ချင်းတွဲပြီး လှေကားက ဆင်းသွားလိုက်တယ်။ တရုတ်ရဲအချို့က ကျွန်တော်တို့ အစောင့်အအုံကြီး ပတ်လည်မှာ ကင်းလာစောင့်နေတာကြောင့် သူက ကျွန်တော်နဲ့ လင်မယားယောင် ဟန်ဆောင်ပြီး ထွက်လာတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဥယျာဉ်ဘက်ကို ဖြည်းဖြည်းချင်း လျှောက်သွားတယ်။ မသိရင် အရမ်းချစ်ကြတဲ့ လင်မယား ညဘက် လေညင်းခံထွက်နေသလိုပါပဲ။ သူက ကျွန်တော်မသိတဲ့ သီချင်းလေးတစ်ပုဒ်ကိုတောင် တိုးတိုးလေး ညည်းနေပါသေးတယ်။ ပထမတော့ သူ ဘာလို့သီချင်းဆိုနေမှန်း ကျွန်တော် မသိဘူး။ နောက်တော့မှ ကျွန်တော်က ငြိမ်လွန်းနေလို့ သူက သီချင်းဆိုပြီး ယုတ္တိရှိအောင် ဟန်ဆောင်နေတာဖြစ်ကြောင်း ကျွန်တော် သဘောပေါက်သွားတယ်။

ကြယ်တွေတော့ ကောင်းကင်မှာ တစ်လုံးမှ မရှိဘူး။ ညက ငြိမ်သက်လွန်းနေတယ်။ ရှေ့မှာဘာတွေ ဆက်ဖြစ်ဦးမလဲ စဉ်းစားရင်း ကျွန်တော် ပစ္စုပ္ပန်မှာ မပျော်ရွှင်နိုင်ဘူး ဖြစ်နေတယ်။ ဒါပေမဲ့ သူ ဘာလုပ်နေလဲဆိုတာတော့ ကျွန်တော်သိပါတယ်။ သူက ထက်မြက်တဲ့ အမျိုးသမီးတစ်ယောက်ပါ။ ကျွန်တော်ဆိုလိုတာက သူက ရဲတွေအားလုံးကို အရူးလုပ်နေရုံတင်မကဘူး၊ ကျွန်တော့်ကိုပါ စိတ်သက်သောင့်သက်သာရှိအောင် ကူညီပေးနေတာပါ။

ကျွန်တော် သူ့ရဲ့ ကြင်နာတဲ့လုပ်ရပ်ကြောင့် မျက်ရည်ဝဲမိတယ်။

ဥယျာဉ်ထဲမှာ ဒုတိယအကြိမ် ထပ်ကွေ့လိုက်ပြီးနောက် သူက “မစ္စတာ အီရိုကာဝါ၊ ကျေးဇူးပြုပြီး ကားဂိုဒေါင်ဆီ ဆက်သွားလိုက်ပါ။ ဘေးကင်းသောခရီးဖြစ်ပါစေ” လို့ ပြောတယ်။

အဲဒီနောက် သူက ကျွန်တော့်ကို တံခါးပေါက်တစ်ခုအကျော်ကို တွန်းပြီး

ပို့လိုက်တယ်။

သူ ဘာတွေ ပြောနေလဲဆိုတာ ကျွန်တော် နားမလည်နိုင်ဘူး ဖြစ်နေတယ်။ ဒါပေမဲ့ ကျွန်တော် ကားစက်နှိုးသံတွေတော့ ကြားနေရတယ်။ အဲဒီနောက် ကျင်းပေါက်တစ်ပေါက် တူးထားသလို ဖြစ်နေတဲ့ အပေါက် တစ်ခုကို ထောင့်တစ်နေရာမှာ ကျွန်တော် တွေ့လိုက်တယ်။ ကျွန်တော် အဲဒီအပေါက်ထဲ ဆင်းသွားတော့ ဥမင်လိုဏ်ခေါင်း တစ်ခု တွေ့လိုက်တယ်။ လိုဏ်ခေါင်းက လူတစ်ယောက် ဝမ်းလျားမှောက်ပြီး တွားသွားလို့ ရလောက် အောင် ကျယ်တယ်။ ကျွန်တော့်ကို ဘယ်သူမှ ပြောစရာမလိုဘဲ ဒီလိုဏ်ခေါင်း အတိုင်း သွားရမယ် ဆိုတာ သဘောပေါက်လိုက်တယ်။ ကျွန်တော် အဲဒီ လိုဏ်ခေါင်းအတိုင်း ခပ်မြန်မြန် တွားသွားလိုက်တယ်။

ကျွန်တော် လိုဏ်ခေါင်းရဲ့ ဟိုဘက်အခြမ်းရောက်တော့ ကားသုံးစီးက စောင့်နေတယ်။ အဲဒီကားသုံးစီးထဲက တစ်စီးကနေ ခပ်တိုးတိုး ခေါ်နေတဲ့ အသံတစ်ခု ကြားလိုက်တယ်။

ကောင်စစ်ဝန်အသံပဲ။

ကျွန်တော် အဲဒီကားဆီ ပြေးသွားလိုက်ပြီး အထဲဝင်ထိုင်လိုက်တယ်။

တစ်ယောက်ယောက်က တံခါးကို ပိတ်ပေးတယ်။ ပြီးတာနဲ့ ကားသုံးစီးက ချက်ချင်း အစဉ်လိုက် စထွက်ကြတယ်။

တလျန်ကိုသွားတဲ့ လမ်းတစ်လျှောက်မှာ စစ်ဆေးရေးဂိတ်တွေရှိတယ်။ စစ်ဆေးရေးဂိတ် တစ်ခုနားရောက်တိုင်း ကားနောက်ခန်းက ခုံနောက်နားမှာ စောင်အုပ်ပြီး ပုန်းရတယ်။ ကျွန်တော်တို့ ကားထဲမှာပဲ စားသောက်ကြပြီး အပေါ့အပါးသွားတာကလွဲလို့ ကားလုံးဝမရပ်ကြဘူး။ ကျွန်တော်တို့သွားရမဲ့ နေရာက တလျန်မှာ စီးပွားရေးလုပ်ငန်း လုပ်နေကြတဲ့ ဂျပန်ကုမ္ပဏီတွေ အချင်းချင်း ဆက်သွယ်ကြတဲ့ နေရာမျိုးပါ။ ဂျပန်အစိုးရရဲ့ ကွပ်ကဲမှုအောက်မှာ ရှိတဲ့နေရာမို့ ကျွန်တော့်ကို ကာဗာကောင်းကောင်းပေးနိုင်မှာတော့ သေချာတယ်။ နောက်နေ့ညနေမှာပဲ အဲဒီနေရာကို ရောက်သွားတယ်။

ရှန်ယန်းကနေ အဖမ်းမခံရဘဲ ဒီကိုရောက်လာတဲ့အတွက် ကျွန်တော် ဘယ်လောက် စိတ်သက်သာရာ ရသွားလဲဆိုတာ ပြောတောင်မပြောပြတတ် ပါဘူး။

မြေပုံပေါ်ကြည့်မယ်ဆိုရင် တလျန်မြို့ဟာ မြောက်ကိုရီးယားရဲ့ အနောက်ဘက်မှာ တည်ရှိတာကို တွေ့ရပါလိမ့်မယ်။ ဂျပန်ကတော့ တလျန်မြို့ရဲ့ အရှေ့ဘက်မှာ တည်ရှိပါတယ်။ ဒီတော့ အတိအကျပြောရမယ်ဆိုရင်

ကျွန်တော်ရောက်နေတဲ့ နေရာနဲ့ ကျွန်တော်သွားချင်တဲ့ နေရာကြားမှာ ကျွန်တော့်ဘဝတစ်ခုလုံးကိုဖျက်ဆီးခဲ့တဲ့ငရဲတွင်းကြီးက ထင်ထင်ရှားရှားကြီး ခံနေပါသေးတယ်။

ဒါပေမဲ့လည်း တလျှန်မြို့ဟာ ဆိပ်ကမ်းမြို့တစ်မြို့ ဖြစ်လို့ အနည်းဆုံး တော့ ပင်လယ်ပြင်ကိုကြည့်ပြီး ကြီးမားကျယ်ပြန့်တဲ့ မိုးကုပ်စက်ဝိုင်းကြီးကို ကြည့်လို့ရပါသေးတယ်။ ဒါ့အပြင် ပင်လယ်ထဲမှာ သွားလာနေကြတဲ့ သင်္ဘောတွေကိုလည်း မြင်နေရတယ်။ ဒီတော့ ကျွန်တော်ရောက်နေတဲ့ ပထဝီအနေအထားတွေ ဘာတွေ စဉ်းစားမနေတော့ပါဘူး။ တရုတ်အာဏာ ပိုင်တွေက ကျွန်တော့်ကို ထွက်ခွာခွင့်ပြုမှာလား၊ မပြုဘူးလားဆိုတာ မသေချာသေးဘူး။ ဒီတော့ ဒီစင်တာမှာ ပုန်းနေရတုန်း ကျွန်တော် ပင်လယ်ပြင်ကိုပဲ အာရုံစိုက်ထားလိုက်တယ်။ ကျွန်တော်မြင်နေရတဲ့ ပင်လယ်ပြင်ကြီးကို ဖြတ်သွားလိုက်ရင် ဂျပန်ကိုရောက်ပြီဆိုတဲ့ အတွေးက ကျွန်တော့်ကို မျှော်လင့်ချက်ရောင်ခြည်တွေ ပေးနေသလိုပဲ။ ဂျပန်နိုင်ငံဟာ ဒီကမြင်နေရတဲ့ မိုးကုပ်စက်ဝိုင်း တစ်နေရာနားမှာ ရှိမှာပေါ့လေ။

အဆောက်အအုံက တော်တော်လေးအေးတယ်။ အပူပေးစက်ဖွင့်ထား တာတောင် အေးနေတုန်းပဲ။ ဒါကြောင့် ကျွန်တော်တို့အားလုံး အခန်းတစ်ခန်းထဲမှာ စုနေဖို့ ဆုံးဖြတ်လိုက်ကြတယ်။ ကျွန်တော့်အတွက်တော့ ဒီလိုနေရတာ အဆင်ပြေပါတယ်။ လုံခြုံသလို ခံစားရတယ်၊ ပြီးတော့စကားပြောဖော်လည်း ရှိတယ်။ အနာဂတ်မှာ ကျွန်တော်လုပ်ချင်တဲ့ စိတ်ကူးအိပ်မက်တွေအကြောင်း ပြောလို့ရတယ်။ ပြီးတော့ ကျွန်တော့်မိသားစုကို မြောက်ကိုရီးယားကနေ ကယ်ထုတ်မဲ့ အစီအစဉ်အကြောင်း ပြောလို့လည်းရတယ်။

“ကျွန်တော် ဂျပန်ကိုရောက်တာနဲ့ ချက်ချင်း အလုပ်တစ်ခုရချင်တယ် ဗျာ၊ ဘယ်လိုအလုပ်ပဲဖြစ်ဖြစ် ကျွန်တော် ဂရုမစိုက်ဘူး၊ ဘာပဲဖြစ်ဖြစ် လုပ်နိုင်တယ်၊ ပြီးတော့ ကျွန်တော် အလုပ်ကြိုးစားမယ်၊ တစ်သက်လုံးလည်း ကျွန်တော် အလုပ်ကြိုးစားလာခဲ့တာပဲ၊ ကျွန်တော့်မိသားစုကို ဂျပန်ရောက် အောင် ခေါ်ဖို့ ပိုက်ဆံလိုနေလို့ပါ၊ ဒါကြောင့် အခု ကျွန်တော် ဒီနေရာကို ရောက်နေတာ၊ ကျွန်တော် အခုလို စွန့်စားရခြင်း အကြောင်းရင်းက သူတို့ကို ကယ်ထုတ်ဖို့ပါပဲ''

နားထောင်နေတဲ့သူတွေအားလုံး ခေါင်းညိတ်ကြပြီး ကျွန်တော့်ကို ခပ်တိုးတိုး အားပေးနေကြတယ်။

ပထမအတွင်းဝန်က နောက်နေ့မှာ ရောက်လာတယ်။ ကျွန်တော်တို့ တလျှန်မြို့ကို ရောက်နှင့်နေတာကို သူ တော်တော်အံ့ဩသွားတယ်။ သူက ကျွန်တော့်ကိစ္စအတွက် တော်တော်ကို ကြိုးစားပေးထားတာ သေချာတယ်။ ပြီးတော့

ကျွန်တော့်ကိစ္စနဲ့ ပတ်သက်ပြီး အရာရာ သေချာအောင် ပေကျင်းက သံရုံးကို ဖုန်းခေါ်ပြီး အကြိမ်ကြိမ် ပြန်လည်စစ်ဆေးနေတယ်။ သူက အလုပ်ကို သေချာအောင် လုပ်တတ်သူဆိုတာ သေချာလို့ ကျွန်တော် လုံခြုံသလို ခံစားရတယ်။

နောက်နေ့မနက်မှာ သူ ကျွန်တော့်ကို လာတွေ့တော့ တက်ကြွ ဖျတ်လတ်နေတာပဲ။ ကျွန်တော်တို့အားလုံး အတူတူ ဓာတ်ပုံတစ်ပုံလောက် ရိုက်ဖို့ သူက အကြံပြုတယ်။

“နောက်ဆုံးတော့ အားလုံးကို စီစဉ်နိုင်ခဲ့ပြီ၊ ဒါပေမဲ့ ကျွန်တော် ခင်ဗျားကို သတိပေးစရာ တစ်ခုတော့ ရှိတယ်၊ ဒီကိစ္စမှာ တစ်စုံတစ်ခု အမှားအယွင်း ဖြစ်သွားခဲ့သည်ရှိသော် ကျွန်တော်တို့ အားလုံး ခင်ဗျားနဲ့ လုံးဝ မသိဘူးလို့ မှတ်ထားပါ၊ ဒီလိုပြောရတာ စိတ်တော့ မကောင်းပါဘူး၊ ဒါပေမဲ့ လုပ်ကိုလုပ်ရမဲ့ ကိစ္စမို့ပါ၊ ဒါပေမဲ့ မစိုးရိမ်ပါနဲ့၊ ဘာမှအမှားအယွင်းမရှိအောင် လုပ်ထားပါတယ်၊ ဘာမှလည်း အမှားအယွင်း ရှိလာမှာ မဟုတ်ပါဘူး၊ ကျွန်တော် လုံးဝဥဿုံ သေချာအောင် လုပ်ထားပါတယ်၊ ဒီကထွက်ဖို့ ခင်ဗျား အဆင်သင့် ပြင်ထားပေတော့၊ ဒါပေမဲ့ ဒီအဖြစ်အပျက်ကို ကျွန်တော်တို့ လက်ကျန်ဘဝ တစ်လျှောက်လုံး သတိရတိုင်း ပြန်ကြည့်လို့ရအောင် ဓာတ်ပုံ တစ်ပုံလောက် အရင်ဆုံး ရိုက်ရအောင်ဗျာ'' လို့ သူက ပြောတယ်။

အဲဒီတုန်းက ရိုက်ခဲ့တဲ့ ဓာတ်ပုံ ကျွန်တော့်ဆီမှာ အခုထိ ရှိနေသေးတယ်။ အဲဒီဓာတ်ပုံထဲမှာ ကျွန်တော် တော်တော်ကို စိတ်လှုပ်ရှားနေတဲ့ပုံပေါက်တယ်။ ပြီးတော့ မျက်လုံးတွေမှာလည်း အရောင်တွေလက်နေတယ်။ အနာဂတ် အိပ်မက်တွေအကြောင်းတွေးရင်း ပျော်နေခဲ့တာ ထင်ပါတယ်။

နေ့လယ်စာ စားပြီးတော့ ကောင်စစ်ဝန်က ကျွန်တော့်ဆီ လာပြီး လက်ဆွဲနှုတ်ဆက်တယ်။

“ခင်ဗျား အဆင်သင့်ဖြစ်ပြီလား" လို့ သူက မေးတယ်။ ကျွန်တော် ခေါင်းညိတ်ပြလိုက်ပြီး ကြောက်နေတဲ့ပုံမပေါ်အောင် ထိန်းထားလိုက်တယ်။

သူက ကျွန်တော့်ကို တစ်ခုခု လှမ်းပေးတယ်။

“ခင်ဗျား ဂျပန်ကို ရောက်တဲ့အခါ သုံးဖို့ပါ။ ခင်ဗျား လိုအပ်လာနိုင် လို့ပါ"လို့ သူက ပြောတယ်။

သူပေးတာက ဒေါ်လာ(၅၀၀)ပါ။

အဲဒီလောက် ငွေပမာဏများများ ကျွန်တော် တစ်ခါမှ မကိုင်ခဲ့ဖူးပါ ဘူး။ သူ့ရဲ့ ရက်ရောမှုအတွက် ကျွန်တော် တော်တော်လေး အံ့အားသင့် ရတယ်။ ဒါပေမဲ့

ကျေးဇူးတင်ကြောင်း အကြာကြီး ဖော်ပြဖို့ ကျွန်တော့်မှာ အချိန်မရှိတော့ဘူး။ ကျွန်တော် ပိုက်ဆံကို အိတ်ထဲထိုးထည့်လိုက်ပြီး ကျေးဇူး တင်ကြောင်း ခပ်မြန်မြန် ပြောလိုက်တယ်။

"အိုကေ...အားလုံးပဲ၊ အချိန်ရောက်ပြီ၊ သွားကြမယ်ဟေ့ ဆိုတဲ့ အသံကို ကြားလိုက်ရတယ်။

ကျွန်တော်တို့အားလုံး လေဆိပ်ကိုသွားဖို့ စောင့်နေတဲ့ ကားတွေထဲ အသီးသီး နေရာဝင်ယူလိုက်ကြတယ်။ လေဆိပ်ကို ကားနဲ့(၁၅)မိနစ်လောက် မောင်းရဦးမယ်။

※

လေဆိပ်အဆောက်အအုံတွေကို ကျွန်တော် မြင်နေရပြီ။ လေယာဉ် တစ်စင်းမှတော့ မတွေ့သေးဘူး။ ဒါပေမဲ့ လေယာဉ်တစ်စင်း ဆိုက်နေတဲ့ အသံကိုတော့ ကြားနေရတယ်။

ကျွန်တော် ကားတံခါးကို ဖွင့်မယ်လုပ်တော့ ပထမအတွင်းဝန်က ကျွန်တော့်လက်ကို ဖမ်းဆွဲလိုက်တယ်။

"အခုအချိန်က စပြီး စကားတစ်ခွန်းမှ မပြောနဲ့တော့၊ အိုကေလား၊ ကျွန်တော့်နောက်သာလိုက်ခဲ့၊ စကားတစ်ခွန်းတောင် မဟနဲ့နော်'' လို့ သူက ပြောတယ်။

ကျွန်တော်ကားအပြင်ကို ထွက်လိုက်တာနဲ့ ကောင်စစ်ဝန်ရုံးက ဝန်ထမ်းတွေက ကျွန်တော့်ကို ဝန်းရံလိုက်ပြီး လေဆိပ်ထဲခေါ်သွားတယ်။ လူတိုင်းက ခပ်မြန်မြန်လျှောက်နေကြပြီး ဘေးကို ဟိုကြည့်ဒီကြည့် လုံးဝမလုပ် ကြဘူး။

ကျွန်တော်တို့နဲ့ မျက်နှာချင်းဆိုင်ဆုံမိတဲ့ အခြားလူတွေက ကျွန်တော်တို့ အဖွဲ့ကို ငေးကြည့်တာမျိုးတော့ ရှိတယ်။ သူတို့ မျက်စိထဲမှာ ကျွန်တော်တို့ အဖွဲ့ပုံစံက ထူးထူးဆန်းဆန်း ဖြစ်နေလို့ ထင်တယ်။

ပတ်စ်ပို့စစ်တဲ့နေရာတွေ ဘာတွေကို ဖြတ်စရာမလိုဘူး။ လေယာဉ် ထွက်ခွာမဲ့ဂိတ်ပေါက်ကို တန်းသွားရုံပဲ။ ဘယ်သူ့ကိုမှ မပြရသေးပေမဲ့ ကျွန်တော့်မှာ ပတ်စ်ပို့တော့ပါလာတယ်။ ရှန်ယန်းတုန်းက ကောင်စစ်ဝန်က ကျွန်တော့်ပတ်စ်ပို့ပေါ်မှာ တံဆိပ်တုံးထုပေးထားတယ်။ နိုဝင်ဘာ(၁၁)ရက်နေ့ မှာ အသုံးပြုဖို့ ထုပေးထားတာ။ တစ်ကြိမ်ပဲ သုံးလို့ရမယ်။ ပတ်စ်ပို့ထဲမှာ ကျွန်တော်ဟာ ဂျပန်နိုင်ငံ 'နာရီတာ'လေဆိပ်ကို ရောက်ရှိကြောင်း တံဆိပ်ထု ပေးထားတယ်။ ဒါပေမဲ့ ကျွန်တော်ဘယ်ကနေ ထွက်လာလို့ 'နာရီတာ' လေဆိပ်ကို

ရောက်လာတာလဲဆိုတာတော့ မသိဘူး။ ပတ်စ်ပို့ပေါ်မှာလည်း ဘာမှမရေးထားဘူး။

လေယာဉ်ထွက်ခွာမဲ့ ဂိတ်ပေါက်ကို ရောက်တော့ တော်တော်လေး စိတ်သက်သာရာရသွားတယ်။ ဒီခရီးစဉ်တစ်ခုလုံးကို နောက်ကွယ်ကနေ ဇာတ်တိုက်စီစဉ်ပြီးသားဆိုတာတော့ သိသာတယ်။ တရုတ်အစိုးရရဲ့ ထိန်းချုပ်မှုအောက်မှာ အရာအားလုံးက ရှိနေတယ်။ ကျွန်တော် မကြာခင် ဒီကနေ ထွက်ခွင့်ရတော့မယ်။

လေယာဉ်ရပ်ထားတဲ့လေယာဉ်ကွင်းထဲကိုကျွန်တော်တို့လမ်းလျှောက်သွားကြတယ်။ အဲဒီနေ့က တိမ်တွေအုံ့ဆိုင်းနေပြီး ရာသီဥတုကအေးနေတယ်။ ငွေရောင် တောင်ပံကြီးတွေနဲ့ လေယာဉ်ကြီး တစ်စင်းကို ကျွန်တော့်ရှေ့မှာ မျက်ဝါးထင်ထင် မြင်နေရပြီ။

ပထမအတွင်းဝန်နဲ့အတူ ကျွန်တော် လေယာဉ်ပေါ်ကို တက်လိုက်တယ်။ လေယာဉ်တံခါးပေါက် ရောက်တော့ အမျိုးသမီးနှစ်ယောက်က ဆီးကြိုနှုတ်ဆက်တယ်။ လေယာဉ်မယ်တွေလေ အပြုံးလေးတွေချိုလို့။

‘‘ပြန်လည်ကြိုဆိုပါတယ်ရှင်’လို့ နှုတ်ဆက်တယ်။

လေယာဉ်ထဲကို ကျွန်တော် တစ်ချက် ဝေ့ကြည့်လိုက်တယ်။ ကျွန်တော်တို့ကလွဲပြီး ဘယ်သူမှ မရှိဘူး။ ကျွန်တော်တို့အတွက် သီးသန့် စီးလုံးငှားထားတဲ့ လေယာဉ်ပဲ။

ကျွန်တော် နောက်လှည့်ပြီး အားလုံးကို နှုတ်ဆက်လိုက်တယ်။ ကောင်စစ်ဝန်နဲ့ ဝန်ထမ်းတွေအားလုံး ကျွန်တော့်ကို လက်ပြနှုတ်ဆက်နေကြတယ်။ ကျွန်တော် “ကျေးဇူးတင်ပါတယ်”လို့ အော်ပြောလိုက်ချင်ပေမဲ့ ပါးစပ်က ထွက်မလာဘူး။ ဘာလို့လဲဆိုတော့ကျွန်တော် ကလေးတစ်ယောက် လို ငိုကြွေးနေခဲ့တာကိုး။

လေယာဉ်မယ်တွေက ကျွန်တော့်ကို ထိုင်ခုံဆီ ခေါ်သွားပေးတယ်။ ပြီးတော့ ကျွန်တော် ထိုင်ခုံခါးပတ် ပတ်လိုက်တယ်။ လေယာဉ်အင်ဂျင်က အသံစမြည်လာတယ်။ လေယာဉ်က စတင် ရွေ့လျားလာတယ်။ အဲဒီနောက် လေယာဉ်က အရှိန်ယူပြီး လေထဲကို ပြေးတက်သွားတယ်။ လေထဲကို လေယာဉ် တက်သွားတဲ့အချိန်မှာ ကျွန်တော့်အစာအိမ်တစ်ခုလုံး ဖောက်ထိုး ဖြစ်သွားသလိုပဲ။

※

အဲဒီနေ့က ၁၉၉၆ ခုနှစ်၊ အောက်တိုဘာလ (၁၅)ရက်နေ့ ညနေ။ သိပ်မကြာခင်မှာပဲ လေယာဉ်ဟာ တိုကျိုမြေပေါ်မှာ ဆင်းသက်ခဲ့တယ်။ ကျွန်တော်

ဂျပန်ကို ပြန်ရောက်ပြီ။

အိမ်ပြန်ရောက်ဖို့ (၃၆)နှစ် ကြာခဲ့တယ်။ ဒါပေမဲ့ နောက်ဆုံးတော့ ကျွန်တော် အိမ်ကို ပြန်နိုင်ခဲ့ပြီ။

※※※

နိဂုံး

ဒီတော့ ကျွန်တော် နောက်တစ်ကြိမ် ပြန်လည်မွေးဖွားခဲ့ပြန်ပြီပေါ့။ ဒါပေမဲ့ ကျွန်တော် ဘယ်လို ခံစားနေခဲ့ရလဲလို့ ခင်ဗျားမေးရင်တော့ စိတ်ခံစားမှုမျိုးစုံ ရောယှက်နေခဲ့တယ်လို့ပဲ ဖြေရလိမ့်မယ်။ ကျွန်တော်တို့ လေယာဉ် ဆိုက်ခါနီးအချိန်မှာ ပြတင်းပေါက်ကနေ ကြည့်မိတော့ အမိမြေ ဂျပန်နိုင်ငံရဲ့ မြင်ကွင်းကို ယုံတောင်မယုံနိုင်ဘူး။ အရောင် တဖျတ်ဖျတ် လက်နေတဲ့ အလင်းရောင်တွေက စိန်ရွှေရတနာတွေ အလားပဲ။ နောက်ဆုံး တော့ ကျွန်တော် အမိမြေပေါ် ခြေပြန်ချခွင့်ရပြီး မြောက်ကိုရီးယားဆိုတဲ့ ငရဲပြည်ကို စွန့်ခွာနိုင်ခဲ့ပြီ။ ကိုယ့်အနာဂတ်ကို စိတ်ကြိုက် ဖန်တီးနိုင်ခွင့် ရှိခဲ့ပြီ။ ဒီအတွက် ကျွန်တော် အူမြူးနေတာတော့အမှန်ပဲ။ ကျွန်တော့် မိသားစု အတွက် အထောက်အကူဖြစ်မဲ့ အရာတစ်ခုခုကို ကျွန်တော် လက်တွေ့ လုပ်နိုင်တော့မယ်။ ဂျပန်နိုင်ငံရဲ့ တလက်လက် တောက်ပနေတဲ့ အလင်း ရောင်တွေက ကျွန်တော့်ကို မျှော်လင့်ချက်တွေ ပေးနေသလိုပဲ။ ကျွန်တော့် မိသားစုကို မြောက်ကိုရီးယားကနေ ခေါ်ထုတ်နိုင်ဖို့ ဘာမဆို ကျွန်တော်လုပ်ဖို့ အသင့်ရှိနေပြီ။ သူတို့ ဘယ်လို ဒုက္ခတွေ ခံစားနေရမလဲဆိုတာကို တွေးကြည့် ဖို့တောင် အင်မတန်ခဲယဉ်းပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့မိသားစု ဂျပန်မှာ အတူတူ နေခွင့်ရမဲ့ အခိုက်အတန့်လေး အကြောင်းကိုတော့ ကျွန်တော် စိတ်ကူးယဉ်နေမိတယ်။

※

ဒါပေမဲ့ ကျွန်တော့်အိပ်မက်လေးတွေ ထပ်ပြီး ပြိုကွဲပျက်စီးဦးမှာပါပဲ။

အခုတော့ ကျွန်တော့်မှာ ဘာပိုင်ဆိုင်သေးလဲ။ ကျွန်တော့်မှာ ပိုင်ဆိုင်တာဆိုလို့ ခါးသီးမှုတွေပဲ ရှိပါတော့တယ်။ ဘဝရဲ့ ရက်စက်ကြမ်းကြုတ်မှုတွေအပေါ် ရွံရှာစက်ဆုပ်တဲ့ စိတ်တွေပဲ ကျွန်တော့်မှာ ရှိတော့တယ်။

ဂျပန်ကို ပြန်ရောက်တော့ နိုင်ငံခြားရေးဝန်ကြီးဌာနက ကျွန်တော့်ကို တိုကျိုက ဟိုတယ်ပေါင်းစုံမှာ ရက်အနည်းငယ်ထားတယ်။ ပထမအတွင်းဝန် က ကျွန်တော်နဲ့ နှစ်ရက်လောက်နေပေးတယ်။ ဒါပေမဲ့ သူလည်း ပေကျင်းက သူ့အလုပ်ဆီကို ပြန်သွားရတယ်။ သူ့နေရာကို 'မတ်ဆူအီ' လို့ ခေါ်တဲ့ လူတစ်ယောက်က ဆက်ပြီးတာဝန်ယူတယ်။ မတ်ဆူအီက အရှေ့မြောက် အာရှဌာနရဲ့ အာရှနှင့် အဏ္ဏဝါရေးရာဗျူရို လက်ထောက် ညွှန်ကြားရေးမှူး အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူပါ။ သူက ကျွန်တော့်ကို တိုက်ခန်းတစ်ခုဆီ

ပြောင်းရွှေ့ပေးထားတယ်။ အဲဒီနောက် သူ့ကို မတွေ့ရတော့ပြန်ဘူး။ ကျွန်တော်ကတော့ တစ်ယောက်တည်း ကျန်ခဲ့တယ်။ တကယ့်ကို တစ်ယောက်တည်းဆိုမှ တစ်ယောက်တည်းပါ။ ကျွန်တော့်မှာ အဖော်ဆိုလို့ ဘယ်သူမှမရှိဘူး။

တစ်နေ့တော့ မတ်ဆူအီ ကျွန်တော့်ဆီကို ပြန်ရောက်လာတယ်။ သူက မြောက်ကိုရီးယားမှာ စားနပ်ရိက္ခာအခြေအနေ ဘယ်လိုရှိလဲဆိုတာကို ကျွန်တော့်ကို မေးတယ်။ ဒါပေမဲ့ သူက မြောက်ကိုရီးယားမှာရောက်နေတဲ့ အခြားဂျပန်ပြန်တွေအကြောင်း မမေးသလို ကျွန်တော့်မိသားစုအကြောင်း လည်း တစ်စက်မှမမေးဘူး။ ကျွန်တော် ပြောပြချင်ဆုံးအရာက ကျွန်တော့် မိသားစုအကြောင်းပါ။ ကျွန်တော် မြောက်ကိုရီးယားက ထွက်ပြေးလာတယ် ဆိုတာ ကျွန်တော့်အတွက်ပဲ မဟုတ်ဘူးလေ။ ကိုယ်လွတ်ရုန်းဖို့မဟုတ်ဘူး။ ကျွန်တော် ဒီလို ထွက်ပြေးလာရခြင်းအကြောင်းရင်းက ကျွန်တော့်မိသားစုကို မြောက်ကိုရီးယားကနေ ကယ်ထုတ်ဖို့ပဲ။ ကျွန်တော့်မိသားစု မြောက်ကိုရီးယား ကနေ မလွတ်မြောက်နိုင်ရင် ကျွန်တော်အားထုတ်ခဲ့ရတာတွေဟာ အချည်းနှီးပါပဲ။

နောက်တော့ မတ်ဆူအီက ပေကျင်းကိုသွားရပြီး ပထမအတွင်းဝန် နေရာကို တာဝန်ယူရတယ်။ ဒီတော့ ကျွန်တော့်ကို ကြီးကြပ်မဲ့သူ နောက်တစ်ယောက် ထပ်ရပြန်တယ်။ အဲဒီ ကြီးကြပ်သူအသစ်က ကျွန်တော့်ကို ဒေသရပ်ကွက်ရုံးဆီ ခေါ်သွားပြီး နေထိုင်ခွင့် လက်မှတ်တွေ ဘာတွေ ရအောင် လုပ်ပေးတယ်။ ပြီးတော့ ကျွန်တော့်ကို ရိပ်သာစင်တာတစ်ခုဆီ ခေါ်သွားတယ်။

"ဒီနေရာက ခင်ဗျား အခုကစပြီး နေရတော့မဲ့နေရာပဲ" လို့ သူက ကျွန်တော့်ကို ပြောတယ်။

အဲဒီနေရာက ကျန်းမာရေး၊ အလုပ်သမားနှင့်လူမှုဖူလုံရေးဝန်ကြီးဌာန အောက်မှာရှိတဲ့ ပြန်လည်ထူထောင်ရေး စင်တာတစ်ခုပါ။ အဲဒီနေရာဟာ အရက်စွဲနေတဲ့သူတွေ၊ ကိုယ့်ဘာသာ ဝင်ငွေ မရှာနိုင်လောက်အောင် ဖျားနာ နေသူတွေနဲ့ ပြည့်နှက်နေတဲ့နေရာတစ်ခုပါ။ အဲဒီနေရာကို ဟာမာကာဝါလို့ ခေါ်ပြီး တိုကျိုက ရှင်နာဂါဝါမြို့နယ်မှာ တည်ဆောက်ထားတာပါ။

လူယဉ်ကျေးအသုံးအနှုန်းနဲ့ မရိုင်းအောင် ပြောရရင်တော့ ကျွန်တော် တော်တော်လေး စိတ်ရှုပ်ထွေးသွားတယ်လို့ပဲ ပြောရမယ်ထင်တယ်။ ကျွန်တော့်ကို နေမကောင်းတဲ့သူတစ်ယောက်လို ဘာလို့ သဘောထားကြ တာလဲ။ အခန်းကျဉ်းတစ်ခုထဲမှာ လေးယောက် ကျပ်ကျပ်ညပ်ညပ်နေရတယ်။ တစ်ယောက်နဲ့ တစ်ယောက်ကြားမှာ ကန့်လန့်ကာလေးတစ်ခုပဲ ခြားထားတယ်။ ဆေးဖြတ်ထားလို့ တစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်နေတဲ့ ဆေးသမားတွေ၊ တစ်နေ့လုံးတစ်ညလုံး

ပါးစပ်က ပွစိပွစိပြောနေတဲ့ တက်တူး အပြည့်နဲ့လူတွေ၊ အစုံပါပဲ။ သူတို့တွေကိုသနားနေဖို့ကျွန်တော့်ရင်ဘတ်ထဲမှာ နေရာလွတ် ရှိနေသေးရင်တော့ ကျွန်တော် သူတို့ကို သနားမိမှာပါ။ ဒါပေမဲ့ ကျွန်တော် သူတို့ကို မသနားခဲ့ဘူး။ အဲဒီအချိန်မှာ ကျွန်တော်အလုပ်ချင်ဆုံးက အလုပ်တစ်ခုရှာပြီးဝင်ငွေရှာနိုင်ဖို့ပဲ။ အလုပ်တစ်ခုရှာပြီး ဝင်ငွေမရှာနိုင်အောင် ကျွန်တော့်ကို ပိတ်ဆို့တားဆီးနေတဲ့အရာမှန်သမျှကို ကျွန်တော် ဒေါသထွက်တယ်။

အဲဒီနောက် ကံကောင်းတဲ့ဖြစ်ရပ်တစ်ခု ဖြစ်လာခဲ့တယ်။ ရက်အနည်းငယ်ကြာတော့ မီဒီယာတွေက ကျွန်တော့်ကို စပြီး ဆက်သွယ်လာကြတယ်။ သတင်းစာတိုက်က သတင်းထောက်တွေပေါ့။ မိုင်းနီချီသတင်းစာ၊ ယွန်မြူရီ သတင်းစာ၊ ဂျပန်တိုင်းမ်စ် သတင်းစာတွေက သတင်းထောက်တွေလည်း ပါတယ်။ သူတို့ ကျွန်တော့်အကြောင်းကို ဘယ်လိုသိသွားကြလဲတော့ ကျွန်တော်လည်း မပြောတတ်ဘူး။ ကျွန်တော် ဂျပန်ကို ပြန်လာတဲ့ကိစ္စ အကြောင်းသိသူတွေက နိုင်ငံခြားရေးဝန်ကြီးဌာနက လူအနည်းငယ်ရယ်၊ လူဝင်မှုကြီးကြပ်ရေးဗျူရိုက လူအနည်းငယ်ရယ်ပဲ ရှိတာ။ ကျွန်တော် ကြောက်လန့်ပြီး ပထမအတွင်းဝန်ကို ဆက်သွယ်လိုက်တယ်။ သူက ပထမ အတွင်းဝန် ရာထူးတော့ တာဝန် ထမ်းဆောင်မနေတော့ဘူးပေါ့။ အဲဒီအချိန် မှာ သူက အာရှပစိဖိတ်ဗျူရိုမှာ တာဝန်ထမ်းဆောင်နေပြီ။

ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်တဲ့အချိန်မှာ သူလည်း တော်တော် အံ့သြသွားတယ်။

“ဘုရားရေ…ဂျပန်အစိုးရက ခင်ဗျားကို ကယ်ခဲ့တယ်လို့သာ သတင်း ထွက်ရင်တော့ ကျွန်တော်တို့ အားလုံး အလုပ်ပြုတ်ပြီ၊ ကျေးဇူးပြုပြီး ဘယ်မီဒီယာနဲ့မှ စကားမပြောပါနဲ့ဗျာ'' လို့ သူက တောင်းပန်တယ်။

ဝန်ကြီးဌာနက ကျွန်တော့်ကို ကူညီပေးခဲ့တာတွေအတွက် သူတို့ကို ကျေးဇူးတင်ပါတယ်။ ဒါကြောင့် ကျွန်တော် ဘယ်သတင်းထောက်နဲ့မှ စကားမပြောဖို့ ဆုံးဖြတ်လိုက်တယ်။ ဒါပေမဲ့ လွှတ်တော်အမတ်တစ်ယောက်က ကျွန်တော့်ကိုတွေ့ချင်ကြောင်းတောင်းဆိုလာတယ်။ သူက မြောက်ကိုရီးယား ပြန်ပေးဆွဲအရှုပ်တော်ပုံကို စုံစမ်းဖူးတဲ့ လွှတ်တော်ကော်မတီနဲ့ဆက်နွှယ်သူပါ။ အဲဒီတုန်းက ဂျပန်နိုင်ငံသားအချို့ ပြန်ပေးဆွဲခံရပြီး ဆေးခတ်ခံရကာ မြောက်ကိုရီးယားကို ခေါ်ဆောင်သွားခြင်း ခံခဲ့ရတာဖြစ်ပါတယ်။

ကျွန်တော် သူ့ကိုတော့ သွားတွေ့ ကြည့်ဖို့ ဆုံးဖြတ်လိုက်တယ်။ ကျွန်တော့် မိသားစုကို ကယ်တင်ဖို့ သူ တစ်ခုခု လုပ်ပေးနိုင်မလားဆိုတဲ့ မျှော်လင့်ချက်လေးနဲ့ပေါ့။

သူက ပွင့်ပွင့်လင်းလင်းနဲ့ ပျူပျူငှာငှာ ဆက်ဆံတတ်သူတစ်ယောက် ပါ။ "ကျွန်တော် ခင်ဗျားကို တွေ့ချင်နေခဲ့တာ၊ ခင်ဗျားက တကယ့်တုန်လှုပ်ချောက်ချားစရာဘဝကို ဖြတ်သန်းခဲ့သူပဲ" လို့ သူက ပြောတယ်။

သူ ကျွန်တော့်ဆီက ဘာလိုချင်လဲဆိုတာကိုပြောဖို့ ကျွန်တော် စောင့်ကြည့်နေခဲ့တယ်။ ဒါမှမဟုတ် ကျွန်တော့် မိသားစု အကြောင်းများ မေးမလားပေါ့။ ဒါပေမဲ့ သူက 'ကံကောင်းပါစေ''ဆိုတဲ့စကားကလွဲပြီး ဘာမှ များများစားစား မပြောခဲ့ဘူး။

မိနစ်(၃၀)လောက် စကားပြောပြီးချိန်မှာတော့ ကျွန်တော် ပြန်လာခဲ့လိုက်တယ်။

အဲဒီနောက် နောက်ထပ် လွှတ်တော်အမတ်တစ်ယောက်နဲ့ စကားပြောခွင့်ရပြန်တယ်။ ဒါပေမဲ့ သူကလည်း ကျွန်တော် အကူအညီတောင်းတာကို လျစ်လျူရှုခဲ့ပြန်တယ်။ ပိုဆိုးတာက သူ့ပုံကြည့်ရတာ ကျွန်တော်နဲ့ ပတ်သက် ပြီး ဘယ်နေရာမှာမှ ဝင်ပါချင်ပုံ မပေါက်တာပဲ။

သူတို့အားလုံးက အတူတူပါပဲ။ သူတို့ဟာ တကယ်တမ်းတော့ မြောက်ကိုရီးယားအကြောင်း လုံးဝစိတ်ဝင်စားတာ မဟုတ်ဘူးပဲလို့ သိလိုက် ရချိန်မှာ ကျွန်တော် တော်တော်လေး အံ့အားသင့်မိတယ်။ ကျွန်တော့်မိသားစု အကြောင်း သူတို့ကိုပြောပြပေမဲ့ ဘယ်သူကမှ ကူညီဖို့ စိတ်မဝင်စားကြဘူး။

※

တစ်နှစ်ကြာတဲ့အခါမှာ ကျွန်တော် ဟာမာကာဝါကနေ ထွက်လာခဲ့တယ်။ အမှန်က ကျွန်တော် အဲဒီအချိန်ထိ အလုပ်ကိုင်ကောင်းတစ်ခု မရသေး ဘူး။ ကျွန်တော် ရေကုန်ရေခန်း ကြိုးစားခဲ့ပါတယ်။ ဒါပေမဲ့ အလုပ်အကိုင်ကောင်းတစ်ခုရဖို့က မလွယ်ခဲ့ပါဘူး။ အစိုးရထောက်ပံ့ငွေနဲ့ နေနေရပြီး ကျွန်တော့်မိန်းမနဲ့မိသားစုဆီ ပိုက်ဆံတစ်ပြားမှ မပို့နိုင်တဲ့ဘဝကို ကျွန်တော် မုန်းမိတယ်။ ဒါပေမဲ့ ကျွန်တော့်ကို ဘယ်သူက အလုပ်ခန့်ချင်မှာလဲ။ ကျွန်တော့် CVက ဘယ်လိုပုံစံဖြစ်နေမယ်ဆိုတာ ခင်ဗျားပဲစဉ်းစားကြည့်လေ။ ပညာရေးနေရာမှာ ဘာဖြည့်ရမလဲ၊ လုပ်ငန်းအတွေ့အကြုံနေရာမှာရော...။

ကျွန်တော် သန့်ရှင်းရေးကုမ္ပဏီတစ်ခုမှာ အလုပ်ရခဲ့ပါသေးတယ်။ ပထမအတွင်းဝန် အကြံပေးတဲ့အတိုင်း ကျွန်တော့်CVပေါ်မှာ ကျွန်တော်က တောင်ကိုရီးယားက ပြန်လာတဲ့သူတစ်ယောက်ပါလို့ လိမ်ဖြည့်လိုက်တယ်။ ဒါပေမဲ့ ပြဿနာက အမေးအမြန်းထူတဲ့ လူတွေပဲဗျ။ တောင်ကိုရီးယားက ဘယ်လိုမျိုးလဲဟင်... တောင်ကိုရီးယားမှာ နေထိုင်ရတာ ဘယ်လိုမျိုးလဲဟင်...

စသဖြင့် စုံနေတာပါပဲ။ ကျွန်တော်မှ တောင်ကိုရီးယားကို တစ်ခါမှ မရောက် ဖူးတာ။ ဒီတော့ ကျွန်တော်လည်း ဘယ်ဖြေတတ်မလဲ။ နောက်ဆုံးတော့ ကျွန်တော်ဟာ မြောက်ကိုရီယားသူလျှိုတစ်ယောက်ပါဆိုပြီး သတင်းပြန့်သွားတာနဲ့ ကျွန်တော်လည်း အလုပ်က ထွက်လိုက်ရတယ်။

အဲဒီနောက် ကျွန်တော် အလုပ်အင်တာဗျူးအများကြီး ဖြေခဲ့တယ်။ ဒါပေမဲ့ ဘယ်အလုပ်မှ မရခဲ့ဘူး။ စီးပွားရေးအခြေအနေတွေဆိုးနေလို့၊ ကျွန်တော့်အသက်က ကြီးနေလို့၊ ကျွန်တော့်ရဲ့နောက်ကြောင်းရာဇဝင်က မရှင်းလို့၊ စသဖြင့် အကြောင်းပြချက်မျိုးစုံနဲ့ ငြင်းပယ်ခြင်းခံခဲ့ရတယ်။

※

အလုပ်မရှိလို့ စိတ်ညစ်ရတဲ့အပြင် အခြား သောကတစ်ခု ရောက်လာခဲ့ပြန်တယ်။ နိုင်ငံခြားရေးဝန်ကြီးဌာနက ကျွန်တော့်အမေရဲ့ ဆွေမျိုးတွေကို လိုက်စုံစမ်းခဲ့ပေမဲ့ ကျွန်တော့် အမျိုးတွေထဲက ဘယ်သူကမှ ကျွန်တော့်ကို မတွေ့ချင်ကြဘူး။ ကျွန်တော့်ရဲ့ ဝမ်းကွဲအမျိုးတစ်ယောက်ကို ဖုန်းဆက်တော့ သူက ကျွန်တော်နဲ့ တွေ့ချင်တယ်လို့ ပြောတယ်။ ဒုတိယ အကြိမ်လည်း ဖုန်းဆက်ရော သူက သူ့ဆီကို နောက်ဘယ်တော့မှ ဖုန်းထပ်မဆက်ဖို့ ပြောလာတယ်။ ကျွန်တော် သူ့ဆီက ပိုက်ဆံချေးမယ်လို့ ထင်သွားပုံပါပဲ။

အလုပ်မရှိ၊ မိသားစုမရှိ၊ သူငယ်ချင်းမိတ်ဆွေမရှိ။ အရင်လို ငတ်ပြတ် မနေတဲ့အတွက်တော့ ကျွန်တော် ဝမ်းသာတာပေါ့။ ဒါပေမဲ့ တစ်ယောက်တည်း နေရတာ အရမ်းခက်လွန်းတယ်ဗျာ။ ကျွန်တော်တို့မိသားစုဟာ ဂျပန်နိုင်ငံက ထွက်ခွာပြီး မြောက်ကိုရီးယားကို ပြောင်းရွှေ့ဖို့ လှည့်စားခံခဲ့ရတယ်ဆိုတာကို သိနေတဲ့ ဂျပန်အစိုးရကိုယ်တိုင်က ကျွန်တော့်ကို အခုလို လျစ်လျူရှုထားတာ တော်တော် ခံရခက်ပါတယ်။ ဒါပေမဲ့ ဂျပန်အစိုးရကတော့ ကျွန်တော်တို့ မိသားစုဟာ မိမိဆန္ဒအလျောက် ပြောင်းရွှေ့ခဲ့ကြသူတွေ ဖြစ်လို့ သူတို့ရဲ့ ကူညီထောက်ပံ့မှုရဖို့ အကျုံးမဝင်ပါဘူးတဲ့။

တစ်နေ့တော့ ကျွန်တော့်လက်ထဲမှာ ငွေတစ်ပြားမှ မရှိတော့ဘဲ အားကိုးရာမဲ့နေတာကြောင့် ပထမအတွင်းဝန်ကို ဖုန်းဆက်ခဲ့တယ်။

"ကျွန်တော် ခင်ဗျားရဲ့ အကူအညီကို လိုအပ်နေလို့ပါ" လို့ ကျွန်တော် ပြောတော့ ပထမအတွင်းဝန်က "ကျွန်တော် ခင်ဗျားကို မတွေ့နိုင်ဘူးဗျ၊ ကျွန်တော် အရမ်း အလုပ်များနေတယ်၊ ဂျပန်အစိုးရက ခင်ဗျားအတွက် အနစ်နာခံခဲ့ပြီးပြီ၊ ခင်ဗျားအနေနဲ့ ဒါကို နားလည်ဖို့လိုတယ်၊ ခင်ဗျား ကိုယ့်ဘာသာ နေတတ်အောင် နေဖို့လိုတယ်၊ ကိုယ့်ဘာသာကိုယ် ရပ်တည် နိုင်အောင် ကြိုးစားဖို့ ခင်ဗျားဘာသာ နည်းလမ်းရှာရမယ်'' လို့ ပြောတယ်။

“ခင်ဗျား လက်ဗလာနဲ့ တင်းကုပ်တစ်ခုလောက် ဆောက်ဖူးလား”

‘ခင်ဗျားအမေရဲ့အလောင်းကို တောင်စောင်းတစ်ခုဆီ သယ်သွားပြီး ကိုယ်တိုင်မြှုပ်ခဲ့ဖူးလား"

“ခင်ဗျား တောထဲကပေါင်းပင်တွေကို စားပြီး အသက်ဆက်ခဲ့ဖူးလား”

အဲဒီမေးခွန်းတွေ သူ့ကို မေးလိုက်ချင်မိတယ်။

ဒါပေမဲ့ သူ့အမှားလည်း မဟုတ်ပါဘူးလေ။ သူက တကယ်တော့ လူကောင်းတစ်ယောက်ပါ။ ကျွန်တော်ခံစားရတဲ့ ဒုက္ခတွေကို သူနားမလည် တာပဲ ရှိပါတယ်။

※

ပထမဆုံး တောင်ကိုရီးယား-မြောက်ကိုရီးယား ထိပ်သီး အစည်း အဝေးကို၂၀၀၀ ပြည့်နှစ် ဇွန်လမှာ ကျင်းပခဲ့တယ်။ ဂျပန်မီဒီယာတွေကတော့ ဒီအစည်းအဝေးဟာ ‘တောင်-မြောက် ပြန်လည်ပေါင်းစည်းရေး အတွက် တိုးတက်မှုတစ်ခု' လို့ ဆိုကြတယ်။

ဒုံးကျည်တွေအကြောင်း ခဏ မေ့ထားလိုက်ပေါ့။

နှစ်နိုင်ငံရေပိုင်နက်ကျူးကျော်မှုကိစ္စတွေကို ခဏ မေ့ထားလိုက်ပေါ့။ ကင်ဂျုံအီလ်နဲ့ တောင်ကိုရီးယားသမ္မတ ကင်ဒယ်ဂျွန်းတို့ စကားပြော နေတဲ့ ပုံတွေကို ကျွန်တော် တွေ့လိုက်တယ်။ တီဗွီပေါ်မှာ သူတို့သတင်းတွေ ချည်းပဲကိုး။ ဒါပေမဲ့ ကျွန်တော် ဘယ်လိုမှ သည်းခံပြီး ကြည့်လို့မရခဲ့ဘူး။။

မြောက်ကိုရီးယားမှာ အသက်ရှင်ဖို့ ရုန်းကန်နေရတဲ့ ကျွန်တော့် မိသားစုအကြောင်း နေ့တိုင်း တွေးနေမိတယ်။ ပြီးတော့ ကျွန်တော့်မိသားစုလို အရှင်လတ်လတ် ငရဲကျနေတဲ့ အခြားသူတွေအကြောင်းလည်း တွေးမိတယ်။ တဖြည်းဖြည်းနဲ့ ငတ်ပြတ်ပြီး သေနေကြသူတွေအကြောင်းပေါ့။ သူတို့တွေကို မျက်လုံးထဲမြင်ယောင်ပြီး အိပ်မရခဲ့တဲ့ညတွေလည်း အများကြီးပါပဲ။

ကင်ဂျုံအီလ်ရဲ့ ဩဇာအာဏာ သက်ရောက်မှုဟာ အခိုင်မာဆုံး အနေအထားမှာ မရှိခဲ့ပါဘူး။ ကင်အီဆွန်း ကွယ်လွန်ပြီးနောက် ပါတီတွင်းက အဓိက အဖွဲ့ဝင်တွေဟာ သစ္စာခံမှု ပြောင်းလဲသွားပြီး တောင်ကိုရီးယားကို ထွက်ပြေးကုန်ကြတယ်။ ကင်အီဆွန်းနဲ့ နီးစပ်တဲ့ စစ်တပ်က ထိပ်တန်း ခေါင်းဆောင်အချို့လည်း ပျောက်ကွယ်သွားတယ်။ ပြန်လည်ပေါင်းစည်းရေး ဘာညာပြောနေတာတွေဟာ ဗရွတ်ရွတ်တ ဟာသဇာတ် တစ်ခုလိုပဲ ဆိုတာ

ကင်ဂျုံအီလ်က အရင်ကတည်းက သိပြီးသားပါ။ သူ တကယ်ဂရုစိုက်တာက နိုင်ငံတကာစင်မြင့်ဇာတ်ခုံမှာ သူ့ကို လူတွေ သတိထားမိသွားရေးပဲ။ သူ့ကို လူတွေ အရေးလုပ်လာရေးပဲ။

※

'နိုင်ငံတစ်နိုင်ငံကို ဖျက်ဆီးလို့ရချင်ရမယ်၊ ဒါပေမဲ့ အဲဒီ နိုင်ငံထဲက တောင်တွေနဲ့ မြစ်တွေကတော့ အမြဲ ကျန်ရှိနေမှာပဲ' ဆိုတဲ့ အဆိုကို ကျွန်တော်က 'ဘာတွေပဲဖြစ်ဖြစ် ကိုယ်ကြီးပြင်းခဲ့တဲ့ အိမ်လေးရဲ့ရှုခင်းဟာ စိတ်ထဲမှာ ဘယ်တော့မှ ပြောင်းလဲသွားမှာ မဟုတ်ဘူး' လို့ နားလည်ထားခဲ့ တာပါ။ ဒါပေမဲ့ ကျွန်တော်ထင်တာ မှားခဲ့တယ်။ ဒါမှမဟုတ် အဲဒီအဆိုက မှားတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့။ ကျွန်တော့်ရဲ့ မွေးရပ်မြေ မြို့လေးကို ကျွန်တော် သွားလည်ခဲ့တယ်။ ကျွန်တော် ကိုယ်နဲ့ သက်ဆိုင်တဲ့နေရာလေး တစ်ခုရဲ့ အငွေ့အသက်ကို ပြန်ခံစားချင်ခဲ့မိတယ်။ တစ်ချိန်တုန်းက ကိုယ်နဲ့ အရမ်း ရင်းနှီးခဲ့တဲ့ သဘာဝရှုခင်းလေးတွေကို ပြန်မြင်ခွင့်ရရင် ကျွန်တော့် ငယ်ဘဝရဲ့ ပျော်စရာအဖြစ်အပျက်တွေ ခေါင်းထဲပြန်ပေါ်လာပြီး ကျွန်တော့်ရဲ့ နာကျင်မှုတွေကို သက်သာစေမှာပဲလို့ ထင်ခဲ့တယ်။ ဒါပေမဲ့ အဲဒီလို ဖြစ်မလာ ခဲ့ပါဘူး။ မြို့လေးဟာ လုံးဝ မမှတ်မိနိုင်လောက်အောင် ပြောင်းလဲသွားပြီ။ ကျွန်တော် မြင်ချင်ခဲ့တဲ့ သဘာဝရှုခင်းလေးတွေလည်း တစ်ခုမှ မရှိတော့ဘူး။ ကျွန်တော်က ကိုယ့်နိုင်ငံကိုပဲ ဆုံးရှုံးခဲ့ရတာ မဟုတ်ဘူး၊ မွေးရပ်မြေလေးကိုပါ ဆုံးရှုံးခဲ့ရပြီ။ အခုတော့ ကိုယ်နဲ့ဘာမှမသက်ဆိုင်တဲ့နေရာတစ်ခုကို ရောက်နေ ခဲ့ပြန်ပြီပေါ့။

တစ်နည်းအားဖြင့် ကျွန်တော်ဟာ ဒီလောကကြီးထဲမှာ တကယ် မတည်ရှိတဲ့ လူတစ်ယောက်လို ဖြစ်နေတယ်။ နိုင်ငံနှစ်ခုကြားမှာ သောင်မတင် ရေမကျ အနေအထားနဲ့ ဘယ်နိုင်ငံနဲ့မှ မသက်ဆိုင်သလို ဖြစ်နေတယ်။

ဂျပန်အစိုးရကလည်း ကျွန်တော် ဂျပန်ကို ပြန်လာတဲ့အကြောင်း တရားဝင် မကြေညာသေးဘဲ ဖုံးကွယ်ထားတယ်။ ဒီတော့ ကျွန်တော်ဟာ ဂျပန်ကိုတော့ ပြန်ရောက်နေပေမဲ့ ကျွန်တော့်ရဲ့ တည်ရှိခြင်းကို ဂျပန်အစိုးရက အတည်မပြု ထားဘူး ဖြစ်နေတယ်။ ကြည့်ရတာ ကျွန်တော် ကျိန်စာတစ်ခုခု သင့်နေတယ် ထင်ပါရဲ့။

အသက်ရှင်ဖို့ နေ့တိုင်း အစားအစာ လုံလုံလောက်လောက်ရှိနေပေမဲ့ ကျွန်တော့်စိတ်ကို ရိုးရိုးရှင်းရှင်း အရာလေးတွေကတောင် ခြောက်လှန့်နေတယ်။ ဂျပန်မှာ လူတိုင်းစားနိုင်တဲ့ အခြေခံ အစားအစာတစ်ခုခုကို စားနေတဲ့ အခါမျိုးမှာတောင် ကျွန်တော် မြောက်ကိုရီးယားအကြောင်း မစဉ်းစားဘဲ မနေနိုင်ဘူး။ ဥပမာ ဘာဟင်းမှမပါတဲ့ ထမင်းဖြူပဲ ဆိုပါစို့။ အဲဒီထမင်းကို ကြည့်ရင်း

မြောက်ကိုရီးယားမှာ လူတွေ တစ်နေ့ ထမင်းဘယ်နှနပ်လောက် စားနေရမလဲလို့ တွေးမိတယ်။ တစ်နေ့မှာ ထမင်းဘယ်နှနပ်စားရမလဲဆိုတာ တင်မကဘူး၊ ထမင်းစားနိုင်တဲ့နေ့ ဘယ်နှနေ့လောက် ရှိမလဲဆိုတာပါ တွေးမိတယ်။ အဲဒီလိုတွေးလိုက်တိုင်း ကျွန်တော့်နှလုံးသားတွေ နာကျင်ရပြီး ထမင်း ဆက်မစားနိုင်အောင် ဖြစ်မိတယ်။ အဲဒီလိုဖြစ်လာရင် ကျွန်တော် ဘာလုပ်တယ်ထင်လဲ။ ကျွန်တော် ပင်လယ်ကမ်းခြေဆီသွားပြီး လက်ကျန် ထမင်းဟင်းတွေကို ပင်လယ်စင်ရော်ငှက်တွေဆီ လှမ်းပစ်ပေးလိုက်တယ်။ တကယ်တော့ ဒီအစားအစာတွေကို မြောက်ကိုရီးယားမှာရှိနေတဲ့ ကျွန်တော့် မိသားစုကို ကျွေးချင်တာ။ ဒါပေမဲ့ ကျွန်တော် ကျွေးလို့မရဘူး။ ဒါကြောင့် ပင်လယ်စင်ရော်ငှက်တွေထံပဲ အပ်နှံလိုက်တယ်။ ကျွန်တော့် နှလုံးသားထဲ မှာတော့ ဒီငှက်ကလေးတွေဟာ ကျွန်တော့်ဆီက အစားအစာတွေကိုသယ်ပြီး မြောက်ကိုရီးယားက ကျွန်တော့်မိသားစုဆီ သွားပို့ပေးနေတယ်။ အဲဒီနောက် ကျွန်တော် ရှိုက်ကြီးတငင် ငိုကြွေးလေ့ရှိတယ်။

ကျွန်တော့်ဆီရောက်လာတဲ့ စာတစ်စောင်ကတစ်ဆင့် ကျွန်တော့် မိန်းမ ဆုံးသွားပြီဆိုတာ သိလိုက်ရတယ်။ ဟမ်ဂျူးက တောင်ဘေးနေရာ တစ်ခုမှာ သူ့ကို မြှုပ်ခဲ့တယ်လို့ စာထဲမှာပါတယ်။ ကျွန်တော် နောက်ဆုံးရခဲ့တဲ့ စာက မြောင်ဟွာဆီက။ ၂၀၀၅ ခုနှစ် ဆောင်းဦးရာသီမှာ အဲဒီစာကို ကျွန်တော် ရခဲ့တယ်။

သမီးကို ကယ်ပါဦး အဖေ။ သမီး အဖေနဲ့ အတူနေချင်တယ်။ သမီးမှာ ဘာဆိုဘာမှမရှိဘူး။ သမီးမှာ ကလေးနှစ်ယောက်ရှိတယ်။ တစ်ယောက်က အသက်နှစ်နှစ်၊ နောက်တစ်ယောက်က ငါးနှစ်။

ကျွန်တော် ဒီစာကို ရချိန်မှာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားတယ်။ ကျွန်တော့်အလုပ်က ရနေတဲ့ ဝင်ငွေနှုန်းနဲ့ မြောင်ဟွာတို့ဆီ ဘယ်လိုမှ ငွေလှမ်းပို့နိုင်မှာ မဟုတ်ဘူး။ ကျွန်တော် နောက်ထပ် အလုပ်တစ်ခုကို ချက်ချင်း ရှာခဲ့တယ်။ တိုကျိုတာ၀ါနားက နေရာတစ်ခုမှာ သန့်ရှင်းရေးဝန်ထမ်း အဖြစ် အလုပ်ရခဲ့တယ်။ အဲဒီမှာ တစ်လလောက် ကျွန်တော် အလုပ်လုပ်ခဲ့တယ်။ နေ့တိုင်း မနက် ငါးနာရီကနေ ညတစ်နာရီအထိ အလုပ်လုပ်ရတယ်။ အဲဒီက လစာရရချင်း ကျွန်တော် တိုကျိုစာတိုက်ကို သွားပြီး မြောင်ဟွာဆီ ယန်းတစ်သိန်း ပို့ခဲ့တယ်။ နောက်ပိုင်းမှာ ဟိုဆွန်ဆီက စာတစ်စောင်ရမှ မြောင်ဟွာဟာ အစားအစာငတ်ပြတ်ပြီး သေဆုံးသွားခဲ့ပြီဆိုတာ သိလိုက်ရတယ်။ သူဆုံးတဲ့အချိန်မှာ အသက်(၃၀)တောင် မပြည့်သေးဘူး။ ကျွန်တော် ပို့လိုက်တဲ့ပိုက်ဆံက မြောင်ဟွာကို ကယ်တင်ဖို့ နောက်ကျသွားခဲ့တယ်။

ကျွန်တော် ဟိုဆွန်ဆီက နောက်ဆုံးစာရခဲ့တာကတော့ ၁၉၉၈ ခုနှစ်ကပါ။ သူ အဲဒီစာထဲမှာ ရေးထားတာကတော့ ဟိုချောလ်ဟာ သူ့ရဲ့ကလေး

လေးယောက်နဲ့အတူ ကျောက်မီးသွေးတွင်းတွေမှာ အလုပ်ရဖို့ ကြိုးစားနေ တယ်တဲ့။ အဲဒီနောက်ပိုင်း သူတို့ဆီက စာတွေ ရုတ်တရက် ရပ်တန့်သွားခဲ့တယ်။ အဲဒီအချိန်ကနေ ဒီနေ့ ဒီအချိန်ထိ ကျွန်တော် တစ်ခါအိပ်ရင် နာရီအနည်းငယ်ထက် ပိုမအိပ်နိုင်ခဲ့ဘူး။ ကျန်ရှိနေသေးတဲ့ ကျွန်တော့်ရဲ့ ကလေးတွေကို ကယ်တင်နိုင်ဖို့ ကျွန်တော် မျှော်လင့်နေသေးတယ်။ သူတို့ သေလားရှင်လားတောင် မသိရတာဟာ ကျွန်တော့်အတွက်တော့ အင်မတန် ဆိုးတဲ့ ကျိန်စာတစ်ခုပဲ။ ဒါပေမဲ့ သူတို့ အသက်ရှင်နေသေးတယ်လို့ ကျွန်တော် ယုံကြည်တယ်။ အဲဒီလို ယုံကြည်ထားမှလည်း ဖြစ်မှာလေ။ မဟုတ်ရင် ကျွန်တော် အသက်ဆက်ရှင်နိုင်မှာ မဟုတ်တော့ဘူး။

ကျွန်တော်သာ မြောက်ကိုရီးယားမှာ ဆက်နေခဲ့ရင် အခု ဘယ်လိုဖြစ်နေမလဲလို့ မကြာခဏ တွေးမိတယ်။ ကျွန်တော်လည်း အခုနေ ငတ်ပြတ်နေလောက်ပြီ။ ဒါပေမဲ့ အနည်းဆုံးတော့ ကျွန်တော်သေတဲ့အချိန်မှာ မိသားစုဝင် တစ်ယောက်ယောက်ရဲ့ လက်ပေါ်မှာသေနိုင်မှာပဲ။

ကျန်တဲ့မိသားစုဝင်တွေက လည်း ဘေးမှာ ဝန်းရံရှင်းပေါ့။ ကျွန်တော်တို့ နှုတ်ဆက်စကားတွေ ပြောလို့ရ မှာလည်း အသေအချာပဲ။ အခုတော့ အဲဒီလို ဖြစ်နိုင်ခြေရှိသေးလို့လား…။

လူတွေကဘုရားသခင်အကြောင်းပြောကြတယ်။ကျွန်တော်ကတော့ ဘုရားသခင်ကို ကိုယ်တိုင် မမြင်နိုင်ပါဘူး။ ဒါပေမဲ့ ကျွန်တော့်ဘဝမှာ ပျော်ရွှင်စရာဇာတ်သိမ်းလေးတစ်ခု ပိုင်ဆိုင်နိုင်ဖို့တော့ ဘုရားသခင်ဆီမှာ ဆုတောင်းဖြစ်တယ်။

※ ※ ※

Whisper Of Words

https://t.me/TheBookR

www.mm-lib.com